
www.burmeseclassic.com

# မြန်မာပြည် စစ်မြေပြင်

တက္ကသိုလ်နန္ဒမိတ်
မြန်မာပြန်



BURMESE CLASSIC

# DEFEAT INTO VICTORY

WILLIAM SLING

2003.GRAPHIC DESIGN : KYAW MINN MOUNG
ခတ္တိယာစာကြိုင်

www.burmeseclassic.com

www.burmeseclassic.com


စီစဉ်သူ
ညက်ပွင့် (စက်မှု)

| | |
|---|---|
| မျက်နှာဖုံးဒီဇိုင်း | ကိုဇော်မင်းမောင် |
| အဖုံးဓလင် | Best Color |
| အတွင်းဓလင် | ကိုဦး၊ |
| Logo ဒီဇိုင်း | ပန်းချီကိုဇော်သိုက်နှင့် (Q.C) |
| ကွန်ပျူတာ | မောင်မောင်မြတ်မှင့်စေယျာမြေ |
| စာပြင်ဆရာ | မောင်သာယာ |

၂၀၀၃ ခုနှစ်၊ ဩဂုတ်လ တန်ဖိုး (၇၅၀) ကျပ်

ပုံ နှိပ် မှတ် တမ်း

စာမူခွင့်ပြုချက်အမှတ် - ၉၄၀/၂၀၀၂ (၉) အရ
ရွှေထင်းယုန်ပုံနှိပ်တိုက်၊ ဦးသန်းလွင် (၀၅၅၈၇) အမှတ်(၅၀)၊ ရေတွင်းလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ အတွင်းစာသားရိုက်နှိပ်၍၊
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၃၂/၂၀၀၃ (၄) အရ
ဦးတိုးဝင်း၊ နေသာရောင်ပုံနှိပ်တိုက် (၀၂၄၃၁)၊ တိုက်ခွဲအမှတ် (၈၂)ဝဲဘက်၊
(မြေညီထပ်) (၅) ရပ်ကွက်၊ လှည်းတန်းလမ်းနှင့် အမှတ် (၉၆/ခ) (၁၁)လမ်း
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့မှ မျက်နှာဖုံးရိုက်နှိပ်၍၊
ဦးကျော်ဝင်း၊ ယုံကြည်ချက်စာပေ (၀၉၀၁၀)၊ အမှတ်(၁၁၁)၊ (၃၃)လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ . . .
ဒုတိယအကြိမ် အုပ်ရေ (၅၀၀) ထုတ်ဝေသည်။


စေယျာမြေ စာစဉ်-(၁၃)

## တက္ကသိုလ်နန္ဒမိတ်

# မြန်မာပြည်စစ်မြေပြင်

(ဒုတိယအကြိမ်)


စေယျာမြေ
စာပေတိုက်

တိုက်နံပါတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈


www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့စစ်သေနာပတိချုပ်နှင့်မြန်မာ့တပ်မတော်အပေါ်
ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီးတစ်ဦး၏အမြင် . . .
မြန်မာ့တပ်မတော်နှင့်မဟာမိတ်တပ်တို့၏
စစ်ချီစစ်တက်၊ စစ်ဖြူစစ်ညို့ . . . စသော
စစ်ရေးစစ်ရာများ၊ စစ်မှတ်တမ်းများ၊
စစ်အတွေ့အကြုံများ၊ မြန်မာပြည်တွင်ဖြစ်ပွားခဲ့သော
အကြီးမားဆုံးတိုက်ပွဲကြီးများနှင့်ဒုတိယကမ္ဘာစစ်ကာလ
အတွင်းက မြန်မာပြည်သို့ရောက်ရှိခဲ့သော
မဟာမိတ်တပ်များ၏ခေါင်းဆောင် ဖီးမားရှယ်စလင်း၏
မြန်မာပြည်နောက်ခံ အကျော်ကြားဆုံးစစ်ဝတ္ထုကြီး။
မြန်မာ့တပ်မတော်သားတိုင်း . . .
လက်ကိုင်ထားရမည့်စာအုပ်ကောင်းတစ်အုပ်။

မြန်မာ့ယဉ်ကျေးမှုနှင့်မျိုးချစ်စိတ်ဓာတ်ကိုမြတ်နိုးသော

စာပေတိုက်ရဲ့သမိုင်းမှတ်တိုင်တစ်ခု

## မြန်မာပြန်သူ၏အမှာ

ဆယ့်လေးပွိုင့် စာလုံးသေးဖြင့် စာမျက်နှာ (၅၀၀)နီးပါး ရှိသော အင်္ဂလိပ်ဝတ္ထု စာအုပ်တစ်အုပ်ကို သုံးကျပ်တန် မြန်မာဝတ္ထု စာအုပ်တစ်အုပ်အဖြစ်သို့ ဘာသာပြန်ရသော အလုပ်မှာ ခက်ခဲလှပါသည်။

ထို့ထက် ဝတ္ထုမည်ကာမတ္တမျှ မဟုတ်ဘဲ မြန်မာပြည်နှင့်ပတ်သက်သော အကြောင်းအရာ၊ မြန်မာတစ်မျိုးသားလုံး၏ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် အကြောင်းအရာများပါရှိသော Defeat into Victory လိုစာအုပ်မျိုးကို သုံးကျပ်တန် မြန်မာစာအုပ်တစ်အုပ်အဖြစ်သို့ ဘာသာပြန်ရသောအခါ ပို၍ ခက်ခဲလှပေတော့သည်။

စာလုံးသေးများဖြင့် စာမျက်နှာ (၅၀၀)နီးပါးရှိသော မူရင်းစာအုပ်ကို လုံးစေ့ပတ်စေ့ ဘာသာပြန်ရမည်ဆိုလျှင် ယခုလို သုံးကျပ်တန် စာအုပ်မျိုး သုံးလေးအုပ်စာမျှ ထွက်လာစရာ ရှိသည်။ သို့သော် စာဖတ်ပရိသတ်အတွက် အဖိုးနည်း ဝန်ပါ ဖြစ်စေလိုသော ဆန္ဒဖြင့် မူရင်းစာအုပ်တွင် ပါရှိသည့် အကြောင်းအရာများကို ချုံ့တန်သင့်သမျှ ချုံ့ထားသော်လည်း မူရင်းအနှစ်သာရ ပျက်မသွားရအောင် ကြိုးစား၍ တင်ပြထားပါသည်။

မူရင်းစာအုပ်ကို ရေးသားသူသည် စစ်ဗိုလ်ချုပ်ကြီးအဖြစ် မြန်မာပြည်မှ စစ်ရေးရှုံးနိမ့်၍ ဆုတ်ခွာသွားရဖူးသလို အောင်မြင်စွာလည်း ပြန်၍ ဝင်လာနိုင်ခဲ့သူ ဖြစ်၏။ စစ်ရေးရှုံးနိမ့်စဉ်က သူသည် သူ့တပ်များကို ဝိုင်းဝန်းတိုက်ခိုက်ကာ ဒုက္ခပေးခဲ့သော မြန်မာအမျိုးသားတို့၏ ဘီ-အိုင်-အေ (ခေါ်) ဗမာ့လွတ်လပ်ရေးတပ်မတော်မှ တပ်သားများကို Hostile Burmese ဟု ခေါ်ဝေါ်သုံးစွဲခဲ့သလို ဘီ-ဒီ-အေ ခေါ် ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ်သို့ ကူးပြောင်းရောက်ရှိလာသော ဗမာအမျိုးသားတို့၏

www.burmeseclassic.com

www.burmeseclassic.com

တပ်မတော်ကိုလည်း Burma Traitor Army ဗမာ့သစ္စာဖောက် တပ်မတော်ဟု ခေါ်ဝေါ် ရေးသားခဲ့၏။

ဤစာအုပ်ကို ဘာသာပြန်ဆိုရာ၌ ကျွန်တော်သည် မြန်မာစာဖတ်ပရိသတ်များနားလည်နိုင်မည့် အသုံးအနှုန်းများကိုသာ အသုံးပြုထားပါသည်။ ထို့ပြင် မူရင်းစာအုပ်တွင် ပါရှိသော ရခိုင်ပြည်နယ်စစ်မျက်နှာ၊ အင်္ဂလိပ်စစ်ဆင်ရေးမျက်နှာများကိုလည်း အမြွက်မျှသာ တင်ပြနိုင်ခဲ့ပါသည်။

ဤစာအုပ်ကို ဖတ်ရှုပြီးနောက် ကျွန်တော်၏ ချွတ်ချော်ချက်များ၊ လိုအပ်ချက်များကို ဝေဖန်အကြံပေးကြမည်ဆိုလျှင် များစွာ ကျေးဇူးတင်မည် ဖြစ်ပါကြောင်း။

လေးစားစွာဖြင့်
တက္ကသိုလ်နန္ဒမိတ်
(၁၈. ၆. ၁၉၆၅)



## အခန်း (၁)

(၁၉၄၁) ခုနှစ်၊ မတ်လ (၁၃)ရက်နေ့၊

မကွေးမှ ပြည်သို့ လေယာဉ်ဖြင့် လာနေသော အချိန်တွင် မြန်မာပြည်၏ မြို့တော်ရန်ကုန်မှာ ရန်သူဂျပန်များ၏ လက်သို့ ရောက်ခဲ့နေပြီဖြစ်လျက် ရန်ကုန် မန္တလေးလမ်းမှာလည်း ပြတ်တောက်နေသော အင်္ဂလိပ်တပ်များ ပြင်ဦးလွင်သို့ တဖွဲဖွဲ ရောက်လာနေသော အချိန်တည်း။

ကြည့်လေတိုင်း သဲပွင့်ဖြူဖြူများသာလျှင်မင်းမူနေသော အိုင်ရက်စစ်မျက်နှာမှ ရှုစ်ရပ်ခွင်လုံး မင်စိမ်းဖုံးနေသလို စိမ်းစိုသော သစ်တောများရှိရာ မြန်မာပြည်စစ်မြေပြင်သို့ ရုတ်တရက် လာရောက်တာဝန်ယူရသော ကျွန်ုပ်မှာ အစသော် ယောင်တောင်တောင် ကြောင်တက်တက် ဖြစ်နေမိသည်။ မြို့အမည် ရွာအမည်များကို ပြောရခေါ် ရသည်ကပင် တမျိုးဖြစ်နေ၏။ တစ်စုံတစ်ယောက်က မြို့တစ်မြို့ကို ဖော်ထုတ်၍ ပြောလိုက်လျှင်ပင် ထိုမြို့ ထိုဒေသ မည်သည့်အရပ်တွင် ရှိသည်ကို ဗိုးဗိုးဒေါက်ဒေါက် မသိနိုင်ဘဲ ဖြုံးနေ၏။ မြန်မာပြည်သည် ကျွန်ုပ်အဖို့ သူစိမ်းပြင်ပြင် ဖြစ်နေလေသည်။

အမှတ် (၁) မြန်မာပြည်တပ်မကြီးအား ပြန်လည်စုစည်းရန် တာဝန်ပေးအပ်ခြင်း ခံရသော ကျွန်ုပ်သည် အိုင်ရက်မှ အိန္ဒိယ၊ အိန္ဒိယမှ မြန်မာပြည်သို့ လေကြောင်းခရီးဖြင့် ရောက်လာခဲ့ခြင်း ဖြစ်၏။ ဤအချိန်တွင် ဘုရင့်လေတပ်မတော် အုပ်စုဌာနချုပ်မှာ မင်္ဂလာဒုံကို စွန့်လွှတ်ခဲ့ရပြီးနောက် မကွေးတွင် ရောက်နေသည်။ ပြည်တွင် မြန်မာပြည်စစ်မြေပြင်တစ်ခုလုံးအား ကွပ်ကဲလျက်ရှိသော ဗိုလ်ချုပ်ကြီးအလက်ဇန်းဒါးသည် စုဆောင်းမိသမျှသော အင်အားဖြင့် ဒီရေတက်သလို တက်လာသော ရန်သူအား တတ်နိုင်သမျှ တားဆီးရန် အားထုတ်နေသည်။ ကျွန်ုပ်သည် ဗိုလ်ချုပ်ကြီးထံ သတင်းပို့ရန်နှင့် အမိန့်ကို နာခံရန် ပြည်သို့ လာခဲ့ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်ကြီး၏ ဌာနချုပ်တွင် ပြန်လည်စုစည်းရမည့် အမှတ်(၁) တပ်မကြီး၌ ပါဝင်ရမည်ဖြစ်သော တပ်မနှစ်ခုမှ ဦးစီးနှစ်ယောက်ကို အဆင်သင့်ပင် တွေ့ရသည်။ ကံကောင်းထောက်မနေသည်မှာ ဦးစီးများဖြစ်သော ဗိုလ်ချုပ်ကလေး စကော့နှင့် ကိုဝင်သည် ကျွန်ုပ်နှင့် အနှစ်နှစ်ဆယ်တိုင်တိုင် တပ်ရင်းတစ်ရင်းထဲတွင် လက်ပွန်းတတီး နေခဲ့ဖူးသော မိတ်ဟောင်းဆွေဟောင်းများ ဖြစ်နေခြင်းပင်တည်း။

သူစိမ်းပြင်ပြင်ဖြစ်နေသော မြန်မာပြည်တွင် မိမိနှင့် လုပ်ဖော်ကိုင်ဖက် မိတ်ဟောင်းဆွေဟောင်းများကို တွေ့လိုက်ရသဖြင့် ကျွန်ုပ်သည် အားတက်၍ လာမိလေသည်။

**စကော့ ဦးစီးရသော အမှတ် (၁) မြန်မာတပ်မှာ တောင်ငူအနီးတွင် အခြေစိုက်ထားသော ပဲခူးရိုးမနှင့် စစ်တောင်းမြစ်ဝှမ်းမှ တက်လာမည့် ရန်သူများကို ချေမှုန်းရန် တာဝန်ယူထားရသည်။ ကိုဝင် ဦးစီးရသော** အမှတ် (၁၇) အိန္ဒိယတပ်မမှာမူ စစ်တောင်းတံတားတိုက်ပွဲတွင် များစွာအထိနာခဲ့ပြီးနောက် ပြည်မြို့တောင်ဘက် မိုင် (၃၀)အကွာ၌ ပြန်လည်စုစည်းနေရဆဲ ရှိသေးသည်။

ဗိုလ်ချုပ်ကြီးအလက်ဇန်ဒါသည် ကျွန်ုပ်အား အမှတ် (၁)တပ်မကြီး ပြန်လည်စုစည်းရန် တာဝန်ပေးအပ်ပြီးနောက် ထိုနေ့တွင်ပင် အိန္ဒိယသို့ ထွက်ခွာသွားသည်။

မြန်မာပြည်စစ်မြေပြင်ကို ကွပ်ကဲရန် ဗိုလ်ချုပ်တူတန်က တာဝန်ယူရသည်။ ကျွန်ုပ်မှာမူ ပြန်လည်စုစည်းရရှိသော အမှတ် (၁) တပ်မတော်ကြီးဖြင့် ပြည်မြို့မှနေ၍ တက်လာသော ရန်သူကို ခုခံရန်တည်း။

ယခုအချိန်ထိ စုစည်းရရှိထားသော ကျွန်ုပ်၏တပ်မကြီးကို စစ်ဆေးကြည့်လိုက်သောအခါ မြန်မာပြည်စစ်ဌာနချုပ်မှ ကြွင်းကျန်နေသော အရာရှိ အရာခံနှင့် တပ်သားအချို့ကို တွေ့ရ၏၊ စုစုပေါင်းမှ လူခြောက်ဆယ်ထက် မကျော်။

ကျွန်ုပ်၏ တပ်မကြီးဌာနချုပ်ကို ပြည်မြို့ရှိ တရားရုံးဟောင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် ညွှန်ကြားခဲ့ပြီးနောက် ကိုဝင်နှင့်အတူ တောင်ဘက်မိုင်သုံးဆယ်အကွာရှိ အမှတ် (၁၇) အိန္ဒိယတပ်မအား စစ်ဆေးရန် ထွက်လာသောအခါ ပွဲတော်ကြီးတမျှ ဖွေးဖွေးလှုပ်နေသော လူအုပ်ကြီးကို တွေ့ရ၏၊ ကုလားစစ်ပြေး ဒုက္ခသည်များတည်း။

(၁၇)တပ်မမှာ စစ်တောင်းတံတားတိုက်ပွဲ၌ အထိနာခဲ့သည် မှန်သော်လည်း စိတ်ဓာတ်ကြံ့ခိုင်လျက် ရှိသည်ကို တွေ့ရ၏။ နောင်အခါ၌ ဝင်းဂိတ်၏ ခြင်းဖစ်အထူးတပ်ဖွဲ့တွင် လူစွမ်းကောင်း တစ်ဦးအဖြစ် နာမည်ကျော်လာသော အသက်ငယ်ငယ်သာ ရှိသေးသည့် ဗိုလ်မှူးမိုက်ကယ်လ်ဗတ်မှာ (၁၇)တပ်မတော်တွင် ပါဝင်တိုက်ခိုက်ခဲ့သူ ဖြစ်သည်။ သူသည် ရန်သူများ သိမ်းယူထားသော ဟသ်ာတမြို့ကို မြစ်ကြောင်းမှ



နေ၍ ရဲရဲဝံ့ဝံ့တိုက်ခိုက်ကာ ဂျပန်အရာရှိများပါသော မြန်မာ ဘီအိုင်အေ တပ်အား အထိအခိုက် အကျအဆုံးများအောင် လုပ်နိုင်ခဲ့၏။ ထိုနည်းတူ (၁၇)တပ်မမှ အခြားတပ် တစ်တပ်ကလည်း လက်ပံတန်းကို ဝင်ရောက်တိုက်ခိုက်ကာ ရန်သူများကို မောင်းထုတ်နိုင်ခဲ့သည်။

မတ်လ (၂၂)ရက်နေ့တွင် ရန်သူက ပြည်မြို့အား လုပ်ကြံမည့် အရိပ်အယောင်များ တွေ့ရသဖြင့် တောင်ငူတွင် ရှိနေသော အမှတ် (၁) မြန်မာတပ်မကို ဒရင်ဒဘို၊ ကျောက်ပန်းတောင်း၊ အောင်လံဒေသသို့ ချီတက်ရန် အမိန့်ပေးလိုက်သည်။ စစ်ကူရောက်လာသော အမှတ် (၅) တရုတ် တပ်မတော်က ပဲခူးရိုးမနှင့် စစ်တောင်းမြစ်ဝှမ်းကို ကာကွယ်စောင့်ရှောက်သည်။ ပြည်မြို့ တောင်ဘက်ရှိ မိုင်သုံးဆယ်အကွာတွင် နေသော အမှတ် (၁၇) အိန္ဒိယတပ်မတော်ကိုလည်း ပြည်သို့ ချီလာစေပြီး တပ်စုစေသည်။

ရန်သူလေယာဉ်များက ပြည်မြို့ကို ခဏခဏ လာရောက်ဗုံးကြဲတိုက်ခိုက်သော်လည်း အင်အားမများလှ။ ရန်သူ၏ ပဉ္စမံတပ်သားများက အိုးအိမ်များကို ညစဉ်လိုလို မီးတင်ရှို့ကာ ကျွန်ုပ်တို့အား နှောင့်ယှက်ကြသည်။ ပြည်မြို့သည် ပဉ္စမံတပ်သား အင်အားကောင်းသော မြို့တစ်မြို့တည်း။ ဧရာဝတီမြစ်ကိုဖြတ်၍ တောင်ကုတ်တောင်ကြားလမ်းမှ တစ်ဆင့် အိန္ဒိယသို့သွားရန် ရောက်ရှိနေကြသော ကုလားစစ်ပြေးဒုက္ခသည်များ အရေးကလည်း ဤအထဲတွင် တမှောင့်ဖြစ်နေသည်။ ကျောက်ရောဂါ ဝမ်းရောဂါလည်း ပြန့်ပွားလျက် ရှိနေပါသည်။

ကျွန်ုပ်၏ အမှတ် (၁) တပ်မကြီးတွင် ပါဝင်သော တပ်ဖွဲ့ကလေးများက ဟသ်ာတတိုက်ပွဲ၊ လက်ပံတန်းတိုက်ပွဲ စသော တိုက်ပွဲကလေးများကို အနိုင်တိုက်၍ ကျွန်ုပ်တို့ တပ်သားများ၏ စိတ်ဓာတ်ကို မြှင့်နေစဉ် မကွေးတွင်ရှိသော လေတပ်အုပ်စုကလည်း တတ်နိုင်သမျှ အစွမ်းပြနေ၏။

မတ်လ (၂၀)ရက်နေ့တွင် လေကြောင်းကင်းထောက်ချက်အရ မင်္ဂလာဒုံ၌ ရန်သူလေယာဉ်အစင်း (၅၀)ခန့် ရှိနေသည်ကို သိရှိရသည်။ ထို့ကြောင့် မကွေးတွင် ရှိသမျှ လေယာဉ်နှင့် စစ်တွေတွင် အစောင့်ချထားသော လေယာဉ်များပူးပေါင်းကာ ရန်သူလေယာဉ်များကို တိုက်ခိုက်သည်။ ကောင်းကင်တိုက်ပွဲတွင် ရန်သူလေယာဉ် (၁၁)စင်း ပျက်ကျပြီး လေယာဉ်ကွင်းရှိ ရန်သူလေယာဉ် (၁၆)စင်းကို ဖျက်ဆီးနိုင်ခဲ့ကြသည်။ ကျွန်ုပ်တို့ဘက်မှ တစ်စင်းသာ ပျက်ကျခဲ့သည်။

ဤသတင်းကို ကြားရ၍ ဝမ်းသာနေစဉ် မတ်လ (၂၁)ရက်နေ့၌ ရန်သူက အင်အားအများအပြားဖြင့် မကွေးလေယာဉ်ကွင်းကို လာရောက်တိုက်ခိုက်ကြောင်း သတင်းရရှိသည်။ ရန်သူသည် နောက်တစ်ရက်ညနေအထိ ခြောက်ကြိမ်တိုင်တိုင် လေယာဉ်အစင်း (၂၅၀)ကို အသုံးပြု၍ တိုက်စစ်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ် တိုက်ခိုက်ရန်လာစဉ် မကွေးလေယာဉ်ကွင်းပေါ်၌ အင်္ဂလိပ်လေယာဉ် (၁၂)စင်းသာ ရှိနေသည်။ ဤလေယာဉ်များအနက် အချို့က ကောင်းကင်သို့ အချိန်မီ တက်နိုင်ပြီး ရန်သူလေယာဉ်များကို တိုက်ခိုက်နိုင်သည်။ ရန်သူ့ဘက်မှ လေးစင်း ပျက်ကျသွားသည်။ သို့သော် အင်အားချင်းက အဆမတန် ကွာနေရာ . . . မတ်လ (၂၂)ရက်နေ့ နံနက် ကိုးနာရီသို့ ရောက်သောအချိန်၌ အင်္ဂလိပ်ဘက်မှ လေယာဉ်ခြောက်စင်းမျှသာ ကျန်နေတော့၏။ ထို ခြောက်စင်းတွင်လည်း သုံးစင်းသာ ပြန်လှန်ခုခံနိုင်သည့်အခြေ ရှိနေသည်။ မတ်လ (၂၃)ရက် နှင့် (၂၄)ရက်နေ့များတွင် ရန်သူသည် စစ်တွေလေယာဉ်ကွင်းကိုလည်း အင်ကြီးအားကြီးဖြင့် တိုက်ခိုက်ပြန်ရာ မြန်မာပြည်စစ်မြေပြင်ရှိ ကြွင်းကျန်သမျှ လေယာဉ်များမှာ အိန္ဒိယသို့ အပြီးအပိုင် ရွှေ့ပြောင်းသွားရတော့သည်။

ဤအချိန်မှ စ၍ ကျွန်ုပ်၏ တပ်မကြီးသည် လေကြောင်းဖြင့် ကင်းထောက်ခြင်းကို လုံးဝ မလုပ်နိုင်တော့ချေ။ ရန်သူ့ဘက်မှ လေကြောင်းအင်အားမှာ ပြိုင်ဘက်ကင်းလာသည်နှင့်အမျှ ပြည်၊ မိတ္ထီလာ၊ သာစည်၊ ပျဉ်းမနား၊ ပြင်ဦးလွင်၊ လားရှိုး၊ တောင်ကြီး၊ မန္တလေး စသော မြို့များမှာ ရန်သူ့ဗုံးဒဏ်ကြောင့် မီးဟုန်းဟုန်းတောက်၍ လာတော့သည်။ ကျွန်ုပ်တို့ တပ်သားများမှာလည်း တိုက်ကြီး အိမ်ကြီးများတွင် စခန်းမချရဲတော့ဘဲ တောထဲသို့ ဝင်၍နေကြရပြီး ညအချိန်၌သာချီတက်ရတော့၏။ လေကြောင်းမှ ကင်းမထောက်နိုင်သည့်အထဲ မြေပြင်ထောက်လှမ်းရေး အစီအစဉ်ကလည်း ညံ့ဖျင်းလျက်ရှိရာ ကျွန်ုပ်တို့သည် ရန်သူ့အခြေအနေကို ကောင်းစွာ သိခွင့်မရတော့ဘဲ အကန်းလမ်းလျှောက်သလိုသာ ချီတက်နေရသည်။

ကျွန်ုပ်တို့သည် လေတပ်အကူအညီ လုံးဝမရဘဲ ဖြစ်သည့်နည်းဖြင့် ရန်သူကို ခုခံနေကြစဉ်၊ စစ်တောင်းမြစ်ဝှမ်းတွင် ကြံ့ကြံ့ခံနေသော အမှတ် (၂၀၀) တရုတ်တပ်မမှာ ဂျပန်တို့၏ အမှတ် (၅၅)တပ်မ၏ ဖြတ်တောက်ထိုးဖောက်ခြင်းကို ခံနေရပြီဟူသော သတင်းကို ကြားလာရပြန်သည်။ အမှတ် (၅) တရုတ်တပ်မတော်တွင် တပ်မသုံးခု ရှိသည့်အနက် အမှတ် (၂၀၀)တပ်မတော်သည် မတ်လ (၂၄)ရက်နေ့တွင် ဂျပန်တို့၏ ထိုးဖောက်ဖြတ်တောက်ခြင်းကို ခံနေရပြီး၊ အမှတ် (၂၂) တရုတ်တပ်မှ တပ်အချို့မှာ တောင်ငူနှင့် မိုင်ခြောက်ဆယ်အကွာ ပျဉ်းမနားတွင် ရောက်နေလျက် ထိုတပ်မတွင် ပါဝင်သော အခြားတပ်များမှာ လာရှိုးအထိသာ ခရီးပေါက်နိုင်သေးသည်။ တတိယမြောက် တပ်မဖြစ်သော အမှတ် (၉၆) တပ်မမှာ မြန်မာနယ်စပ်အနီး၌သာ ရှိနေသည်။

အမှတ် (၂၀၀) တရုတ်တပ်မသည် ထိုးဖောက်ဝင်ရောက်လာသော ရန်သူကို ပြင်းပြင်းထန်ထန် ခုခံနေစဉ် ပျဉ်းမနားသို့ ရောက်နေသော အမှတ် (၂၂)တပ်မမှ အချို့တပ်များက စစ်ကူပေးနိုင်ရန် အပြင်းချီလာသည်။ အခြေအနေမှာ တထိတ်ထိတ် ခုန်စရာ ဖြစ်နေတော့၏။ မတ်လ (၂၈)ရက်နေ့တွင် ကျွန်ုပ်၏ တပ်မကြီးက ခံစစ်မှ ထိုးစစ်သို့ ပြောင်းလိုက်ရန် အမိန့်ရောက်လာသည်။ ခံစစ်မှ ထိုးစစ်သို့ ပြောင်းလိုက်ခြင်းအားဖြင့် စစ်တောင်းမြစ်ဝှမ်းတွင် ဘတစ်ပြန်ကျားတစ်ပြန် ဖြစ်နေသော တရုတ်တပ်များအား အကူအညီပေးရာ ရောက်မည်ကို ကျွန်ုပ် သိပါ၏။ သို့သော် ကျွန်ုပ်၏တပ်မကြီးမှာ ပြန်လည်စုစည်းနေရသည့် အခြေအနေတွင် ရှိနေပြီး သတင်းထောက်လှမ်းရေးကလည်း ညံ့ဖျင်းလှလေရာ ခံစစ်မှ ထိုးစစ်သို့ ပြောင်းရမည်ကို စိတ်လေးနေမိသည်။

သို့သော် အထက်မှ ပေးသည့် အမိန့်အတိုင်း လိုက်နာရပေတော့မည်ဖြစ်သည်။

ထို့ကြောင့် ကိုဝင် ဦးစီးသော တပ်မအား . . .

(က) ပြည်မြို့တောင်ဘက် မိုင်ခြောက်ဆယ်ခန့် ဝေးသော အုတ်ဖိုသို့ ရထားလမ်းအတိုင်း ချီတက်ရန်၊

(ခ) အုတ်ဖိုမြို့မြောက်ဘက် ဇီးကုန်းတွင် တပ်တစ်ခုခွဲ၍ အရှေ့တောင်ဘက် တောင်ပံနှင့် အုတ်ဖိုအကြားရှိ ဒေသကို စောင့်ရှောက်ထားရန်၊

(ဂ) ပြည်မြို့တောင်ဘက် (၂၃)မိုင်အကွာ ဧရာဝတီမြစ်ကမ်းပေါ်ရှိ ညောင်စာရေးရွာကို အခိုင်အမာပြု၍ အနောက်ဘက်တောင်ပံကို ကာကွယ်ရန်နှင့် ရန်သူများ ဧရာဝတီကို ဖြတ်ကျော်၍ မလာနိုင်အောင် တားဆီးထားရန်၊

(ဃ) အထက်ပါ ညွှန်ကြားချက်အတိုင်း လိုက်နာလုပ်ဆောင်ရာတွင် တွေ့သမျှ ရန်သူကို ချေမှုန်းရင်း ဒေသဆိုင်ရာ အောင်ပွဲကလေးများ ရရှိအောင် တိုက်ခိုက်ရန် အမိန့်ပေးလိုက်၏။

ကိုဝင် တပ်မအား ကျွန်ုပ် ပေးလိုက်သော အမိန့်အတိုင်း လုပ်ဆောင်နိုင်စေရန် ကျွန်ုပ်ပေးနိုင်သော အကူအညီမှာ ကမ်းတက်တပ်သားအချို့၊ ကွန်မန်ဒိုခေါ် တိုက်ခိုက်ရေးတပ်သားအချို့နှင့် မြန်မာနယ်စောင့်တပ်သားအချို့ ပါဝင်သော အဖွဲ့တစ်ဖွဲ့ကို ဧရာဝတီမြစ် အနောက်ဘက်ကမ်းမှနေ၍ ကိုဝင်နှင့် တိုင်ပင်ကာ ကိုဝင် ပေးသမျှ တာဝန်ကို ထမ်းဆောင်ရန်ပင် ဖြစ်၏။

ပြည်မြို့တောင်ဘက် (၂၅)မိုင် အကွာရှိ ထုံးဘိုတွင် ဗျဝန်နှင့် ဘီ-အိုင်-အေ တပ်အချို့ ရောက်နေသည်ဟု သတင်းရထားသည်။ ထုံးဘိုသည် ဧရာဝတီ အနောက်ဘက်ကမ်းတွင် ရှိရာ ကိုဝင်ရှိရာ အရှေ့ဘက်ကမ်းသို့ ဖြတ်ကျော်ကာ နောက်မှနေ၍ ဝင်တိုက်မည့် အန္တရာယ်ကို ကာကွယ်နိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ မြစ်ကို မဖြတ်ကျော်နိုင်သော်လည်း လက်နက်ကိုင်တပ်သားများပါသော တိုက်ရေယာဉ်တစ်စင်းကို ကင်းလှည့်နေစေသည်။

www.burmeseclassic.com

သို့သော် ကျွန်ုပ်တို့ တိုက်ရေယာဉ်ကို အနောက်ဘက်ကမ်းရှိ ရန်သူက အမြောက်၊ စိန်ပြောင်းတို့ဖြင့် လှမ်း၍ ထုနိုင်သည့်အချက်ကို လည်း ထည့်၍ တွက်ရသေးသည်။

ကျွန်ုပ်က **ကိုဝင်အား** ပေးလိုက်သော တာဝန်မှာ လေးနှင့်မြား၊ **ဝန်နှင့်အား မမျှကြောင်းကို** ကျွန်ုပ်သိပါ၏။ သို့သော် ဘာမှ မတတ်နိုင်ပါ။ **ကိုဝင်ကိုယ်တိုင်မှာမူ** ကျွန်ုပ်ပေးသော ညွှန်ကြားချက်အတိုင်း လိုက်နာ **နိုင်အောင် အဖက်ဖက်မှ** စွမ်းဆောင်လုပ်ကိုင်သည်ကို တွေ့ရသည်။

ကျွန်ုပ်က အမိန့်ပေးလိုက်သည့်နေ့တွင်ပင် **ကိုဝင်၏** တပ်တစ် **တပ်က** ပြည်တောင်ဘက် မိုင်သုံးဆယ်ကွာရှိ ပေါင်းတည်ကို ရဲရဲရင့်ရင့် တိုက်ခိုက်ကာ သိမ်းယူလိုက်၏။ သို့သော် ရှေ့သို့ ဆက်လက်ချီတက်ရန် တပ်များ လုံလုံလောက်လောက် မပါသဖြင့် ထိုတပ်အား ပေါင်းတည်မှ ပြန်ဆုတ်လာစေသည်။

ထိုနောက် ကိုဝင်သည် ဗိုလ်မှူးချုပ်အင်စတင့် ဦးစီးသော တိုက်ခိုက်ရေး တပ်ဖွဲ့တစ်ဖွဲ့ကို ပေါင်းတည်အား ပြန်လည်သိမ်းယူပြီးနောက် ရှေ့သို့ ဆက်လက်ချီတက်ရန် စေလွှတ်လိုက်၏။ ထိုတပ်ဖွဲ့ဝင် တင့်ကား၊ အထေးပစ် အမြောက်၊ ခြေကျင်တပ်ရင်း သုံးရင်းနှင့် ဆပ္ပါးမိုင်းနားခေါ် ဝန်ထမ်းတပ်သား တပ်ခွဲတစ်ခွဲစာ ပါရှိသည်။ ကိုဝင်၏ တပ်မမှာ ပြန်လည်စုစည်းနေရသည့် အခြေအနေတွင်ပင် ရှိသေးရာ တပ်ရင်းတစ်ရင်း တွင် တပ်ခွဲနှစ်ခွဲစာသာ လူအင်အား ထည့်ပေးလိုက်နိုင်တော့၏။

ဗိုလ်မှူးချုပ်အင်စတင့်၏ တပ်ဖွဲ့သည် ပေါင်းတည်သို့ ရှေးရှုချီ တက်နေစဉ် ဂျပန်တပ်တစ်တပ်က သူ့နောက်မှလိုက်လာကြောင်း သတင်း ရရှိသည်။ အင်စတင့်သည် နောက်မှ ရန်သူအား ခုခံတိုက်ခိုက်ရန် တပ် အချို့ကို ချန်ထားခဲ့ပြီး ပေါင်းတည်ကို ဝင်ရောက်တိုက်ခိုက်သည်။ ရန်သူ သည် အင်ကြီးအားကြီးဖြင့် ခုခံနေလေသည်။

ကျွန်ုပ်တို့၏ တပ်သည် ပေါင်းတည်မြို့တွင်းသို့ ဝင်ရောက်နိုင်ကာ ရန်သူအများအပြားကို သုတ်သင်နိုင်ခဲ့သော်လည်း မြို့ထဲတွင် ခြေကုပ် မယူနိုင်ဘဲ မြို့ပြင်သို့ တိုက်ထုတ်ခံရသည်။

**အင်စတင့်ထံမှ** ပြည်မြို့ရှိ ကျွန်ုပ်၏ ဌာနချုပ်သို့ စေလွှတ်လိုက် သော ဆက်သွယ်ရေး အရာရှိတစ်ဦးမှာ ပြည်နှင့် ဆယ်မိုင်သာ ကွာသော ရွှေတောင်တွင် ဂျပန်နှင့် ဘီ-အိုင်-အေတပ်များ ပြည့်ကျပ်နေသည်ကို မြင်ခဲ့ရသောကြောင့် တုန်လှုပ်နေသည်။ အခြား ရန်သူတပ်အချို့ကလည်း **အင်စတင့်နောက်ကျောမှနေ၍** ဝိုင်းတိုက်ရန် ချီတက်လာသည့်သတင်းကို ရရှိသည်။ ကိုဝင်သည် အင်စတင့်အား ပြည်သို့ ပြန်၍ ဆုတ်ပါဟု အမိန့် ပေးရတော့၏။ ပြန်ဆုတ်ရာတွင် သက်သာရာ ရနိုင်သမျှရစေရန်လည်း ရွှေတောင်ရှိ ရန်သူများကို ဖိထားရန် အိန္ဒိယ တပ်ရင်းနှစ်ရင်းကို လွှတ် လိုက်သည်။



ရွှေတောင်သည် ပြည်မြို့တောင်ဘက် (၁၁)မိုင်အကွာ မော်တော် ကားလမ်း တစ်ဖက်တစ်ချက်၌ တည်ရှိသော မြို့ဖြစ်သည်။ **အင်စတင့်၏** တပ်သည် ဤလမ်းမှသာ ဖြတ်၍ ဆုတ်ရမည် ဖြစ်၏။ သို့သော် ရွှေတောင် တွင် ရန်သူအင်အားက တောင်းလှချေ၏။

ညနေ ခြောက်နာရီတွင် အင်စတင့်၏ ရှေးဦးချီတပ်က ရွှေတောင် မြို့တောင်ဘက်ရှိ ရန်သူများကို စတင်တိုက်ခိုက်သည်။ စစ်ကူစေလွှတ် လိုက်သော အိန္ဒိယတပ်ရင်းနှစ်ရင်းက မြို့မြောက်ဘက်ကို ဝင်၍စီးသည်။

ရန်သူများက အိုးအိမ်တိုက်တာများ သစ်ပင်ချုံပင်များ အကြားမှ နေ၍ ပြင်းပြင်းထန်ထန် ခုခံပစ်ခတ်သည်။ ကျွန်ုပ်တို့ဘက်မှ ရှေ့သို့ မတက်နိုင်အောင် ဖြစ်နေတော့၏။ ညအချိန်သို့ရောက်လာသောအခါ အင်စတင့်ကိုယ်တိုင် ခေါင်းဆောင်၍ အလုံးအရင်းများစွာဖြင့် ဝက်ခေါင်း ထိုးဖောက်ထွင်းတိုက်ခိုက်သည်။ တောင်ဘက်တွင် ပိတ်ဆို့နေသော ရန်သူများကို ထိုးဖောက်နိုင်ကာ ရှေ့သို့ ရောက်လာသည်။ သို့သော် မြို့ လယ်တွင် ရပ်နေရပြန်၏။ နောက်တစ်နေ့ အရုဏ်တတ်လာချိန်တွင် ရှိသမျှအလုံးအရင်းဖြင့် ဒုတိယအကြိမ် မြို့လယ်မှ အတားအဆီးကို ဖွဲ့နဘဲဖြင့် ထိုးဖောက်သည်။ ရန်သူခံစစ် ပေါက်ချေ၏။

ကျွန်ုပ်တို့ဘက်မှ သယ်ယူပို့ဆောင်ရေးယာဉ်များ ရှေ့သို့ တက် လာနိုင်သည်။ သို့သော် မြို့မြောက်ဘက်တွင် ရန်သူက ပိတ်ဆို့ထားပြန် သည်။ ကျွန်ုပ်၏ ယာဉ်များသည် တစ်စီတတန်းကြီး ရပ်တန့်နေတော့၏။

ယခုအချိန်၌ ရွှေတောင်တစ်မြို့လုံး မီးဟုန်းဟုန်းတောက်နေပြီး ကျွန်ုပ်တို့ ယာဉ်များသို့လည်း ကူးစက်လောင်ကျွမ်းလာသည်။ သည်အထဲ တွင် ရန်သူလေယာဉ်များက ကျွန်ုပ်တို့စစ်ကြောင်းကို အဆက်မပြတ် စက် သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်နေသောကြောင့် ကျွန်ုပ်တို့ စစ်သည်တော် များမှာ မရွေ့ရှားနိုင်သော ပစ်မှတ်သဖွယ် ဖြစ်နေရတော့သည်။

စစ်ကူလာသော အိန္ဒိယတပ်ရင်းနှစ်ရင်းက ရန်သူ့အတားအဆီးကို ဒုတိယအကြိမ် ချီတက် ဖြိုဖျက်နေစဉ် တောင်ဘက်မှ တင့်ကားများက အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာကာ နောက်ဆုံးအတားအဆီးများကို ဖောက်ထွက်သည်၊ ရချေ၏။

တင့်ကားများနောက်မှ မော်တော်ယာဉ်များ၊ သူနာပြုကားများ ပါ လာသည်။ သို့သော် လေကြောင်းမှ တိုက်ခိုက်မှုကြောင့် လည်းကောင်း၊ မီးကူးလောင်ကျွမ်းမှုကြောင့် လည်းကောင်း၊ ရန်သူအတားဆီးများ ကြား တွင် ပိတ်မိနေသောကြောင့်လည်းကောင်း မော်တော်ယာဉ်အတော်များ များကို စွန့်ပစ်ထားခဲ့ရသည်။

မီးဟုန်းဟုန်းတောက်လောင်နေသော ရွှေတောင်မှ ထွက်ပြေးရန် ကြံနေကြသော ဂျပန်နှင့် ဘီအိုင်အေစစ်သား အတော်များများကိုလည်း ချေမှုန်းသုတ်သင်နိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအချိန်တွင် ဧရာဝတီမြစ်တွင် ကင်းလှည့်နေသော တိုက်ခိုက်ရေးအဖွဲ့က ယာဉ်တစ်စင်းသည် အနောက်ဘက်ကမ်းရှိ ပန်းတောင်းကို တက်ရောက်သိမ်းပိုက်နိုင်သည်။ ကင်းထောက်ရန် စေလွှတ်လိုက်သော တိုက်ကင်းအဖွဲ့က ပန်းတောင်းတောင်ဘက် (၁၈)မိုင်အကွာ အထိ ရန်သူမတွေ့ရဟု သတင်းပို့သည်။ ရွာသူရွာသားများက ပျူပျူငှာငှာ ရှိကာ ရန်သူလည်း မရှိဟုသိရသောကြောင့် ကျွန်ုပ်တို့၏ တိုက်ခိုက်ရေးတပ်သည် အစားအစာများ စားသောက်၍ အပန်းဖြေနေကြစဉ် ရွာထဲတွင် ပုန်းလျှိုးနေသော ရန်သူတပ်တစ်တပ်၏ အငိုက်ဝင်စီးခြင်းကို ခံလိုက်ကြရ၏။ ကျွန်ုပ်တို့ဘက်မှ အများအပြားကျဆုံးကာ အနည်းငယ်သာ လွတ်မြောက်လာနိုင်ခဲ့သည်။ နောက်တစ်နေ့ နံနက်တွင် ဒဏ်ရာရနေသော အင်္ဂလိပ်စစ်သား (၁၂)ယောက်အား ဂျပန်တို့က သစ်ပင်တွင် ချည်နှောင်ထားကာ လှုလယ်ကောင်တွင် လှံစွပ်ဖြင့် ထိုးပြသည်။

မြစ်ကို ဖြတ်ကူးရန်အတွက် အနှောင့်အယှက် ကင်းသွားသည်နှင့် တစ်ပြိုင်နက် ရန်သူသည် အလုံးအရင်းဖြင့် အရှေ့ဘက်ကမ်းသို့ ကူးလာသည်။ ရန်သူများတွင် အပြာရောင်ဝတ်စုံများ ဝတ်ဆင်ထားသော ဘီအိုင်အေ စစ်သား အများအပြား ပါဝင်သည်။ ဤစစ်သားများသည် ရွှေတောင်မြို့ထဲတွင်လည်းကောင်း၊ မြို့ပြင်တွင်လည်းကောင်း ကျွန်ုပ်တို့အား သဲသဲမဲမဲ တိုက်ခိုက်ကြ၏။ သေနတ်ပြီးသည်ဟု ယူဆထားကြသောကြောင့်လည်း တိုက်ပွဲအစတွင် အကာအကွယ်မယူဘဲ ဇွတ်တရွတ်ပင် တိုက်ခိုက်ကြသည်။ သို့သော် သူတို့ထင်သလို မဟုတ်သည်ကို လက်တွေ့ တွေ့လာသောအခါ စောစောကလို အတင့်မရဲဝံ့ကြတော့။ မည်သို့ပင်ဖြစ်စေ ဤစစ်သားများကား ကျွန်ုပ်တို့၏တပ် ဆုတ်ခွာရာတွင် များစွာဒုက္ခပေးခဲ့ကြသူများတည်း။

ရွှေတောင်တိုက်ပွဲတွင် နှစ်ဖက်စလုံးမှ အကျအဆုံးကား များပြားလှချေသည်။ ကျွန်ုပ်တို့ဘက်မှ တင့်ကား (၁၀)စီး၊ အမြောက် (၂)လက်၊ မော်တော်ယာဉ် အမြောက်အမြား ဆုံးရှုံးကာ ခြေကျင်တပ်မှ ကျဆုံးသူနှင့် ဒဏ်ရာရသူ လူပေါင်း (၃၅၀)ကျော် ရှိသည်။

ရှင်နည်းရာတွင် အဂ္ဂ လူထွက်ခြင်းပင်တည်း။

ရွှေတောင်တိုက်ပွဲတွင် ဆုံးရှုံးရခြင်းမှာ စိတ်မကောင်းစရာပင်ဖြစ်၏၊ သို့သော် တောင်ငူတိုက်ပွဲနှင့် နှိုင်းစာလျှင်ကား ရွှေတောင်တွင် ဆုံးရှုံးရခြင်းမှာ စာမဖွဲ့လောက်ဟုသာ ဆိုစရာရှိတော့သည်။

ကျွန်ုပ်တို့အင်္ဂလိပ်တပ်သားများကား ရွှေတောင်တွင် အလူးအလဲခံနေရစဉ် တောင်ငူနှင့် စစ်တောင်းမြစ်ဝှမ်းတွင် ကြံ့ကြံ့ခံနေသော အမှတ် (၂၀၀)တရုတ်တပ်မမှာလည်း ကပ်ဆိုးကြီးနှင့် ရင်ဆိုင်တိုးနေရပြန်သည်။

တရုတ်တပ်များသည် တောင်ငူမြို့ထဲသို့ပင် ထိုးဖောက်ဝင်ရောက်နေသော ရန်သူများကို ပြင်းပြင်းထန်ထန် ခုခံနေစဉ် အမှတ်(၅)တရုတ်



တပ်မတော်မှ အရန်တပ် (၂)ခုပ်နှင့် အမှတ် (၂၂) တရုတ်တပ်မသည် ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ အမိန့်ကို အလေးမမူဘဲ တောင်ငူတိုက်ပွဲတွင် စစ်ကူမပေးဘဲ နေခဲ့ကြသည်။ ဤအကြောင်းကြောင့်ပင်လျှင် ကျွန်ုပ်တို့သည် တောင်ငူကို လက်လွှတ်ခဲ့ကြရခြင်း ဖြစ်၏။ မြို့ထဲမှနေ၍ ပြင်းပြင်းထန်ထန် ခုခံနေသော အမှတ် (၂၀၀)တရုတ်တပ်မသည် အခြားတရုတ်တပ်များထံမှ စစ်ကူ မရရှိသောအခါ တပ်လုံးပျောက်သည်အထိတိုက်ရန်၊ ရန်သူ့ထံ လက်နက်ချရန်နှင့် ကိုယ်စီကိုယ်င ကိုယ့်လွတ်လမ်းကို ကိုယ်ရှာဖွေ၍ ထွက်ပြေးရန်သာ ကျန်ရှိတော့သည်။

အမှတ် (၂၀၀) တရုတ်တပ်သည် ပျဉ်းမနားမှ ဆင်းလာသည့် စစ်ကူတပ်များကို စောင့်ဆိုင်းရင်း ပြင်းပြင်းထန်ထန် တွန်းလှန်တိုက်ခဲ့သည်။ သို့သော် စစ်ကူက ရောက်ချိန်တန်သည်ထက် ကျော်ကာ ရောက်မလာသောအခါ၊ မိမိတို့ဘက်တွင် ကျဆုံးသူရော ထိခိုက်ဒဏ်ရာ ရသူပါ လူသုံးထောင်ထက် ကျော်လာသောအခါ ရှိသမျှ မော်တော်ယာဉ်များ၊ အမြောက်များ၊ ရိက္ခာနှင့် ခဲယမ်းများကို တောင်ငူတွင် ပစ်ထားခဲ့ပြီး သေနတ်တစ်လက်၊ ကျည်ဆန် အနည်းငယ်တို့ဖြင့်သာ ကိုယ်လွတ်ရုန်းကြရတော့၏။

တောင်ငူမြို့တိုက်ပွဲတွင် ကျွန်ုပ်တို့ အဆုံးရှုံးကား စစ်တောင်းတံတားတိုက်ပွဲပြီးနောက် အထိအနာဆုံး ကပ်အသင့်ဆုံးသော ဆုံးရှုံးမှုကြီးပင် ဖြစ်တော့၏။ ရန်သူက တောင်ငူကို သိမ်းမိသွားသောအခါ ကျွန်ုပ်တို့အတွက် ပြဿနာပေါ်လာတော့သည်။

*ပြည်ကို ဆက်လက်ထိန်းထားမလား။*

တောင်ငူ ရန်သူ့လက်ထဲ ရောက်သွားခြင်းအားဖြင့် မြန်မာပြည် အရှေ့ဘက်တစ်ခြမ်း ကျွန်ုပ်တို့လက်ထဲမှ လွတ်သွားခြင်း မည်ပေသည်။ ဧရာဝတီကမ်းပါးတစ်လျှောက်တွင် နှစ်မိုင်မျှလောက် ကျယ်ပြန့်သော ပြည်မြို့အား ရန်သူထိုးဖောက် ဝင်ရောက်မလာနိုင်အောင် ကာကွယ်ထားနိုင်သည် ဆိုဦးတော့ ရန်သူအလွယ်တကူ ထိုးဖောက်ဝင်ရောက်လာနိုင်သော ဝင်ပေါက်များက ရှိနေပြန်သည်။ ကျွန်ုပ်တို့ တပ်စွဲထားသော နေရာနှင့် မျက်နှာချင်းဆိုင်ရှိ အနောက်ဘက်ကမ်းတွင် ရန်သူက ကတုတ်ကျင်းများ၊ ဘန်ကာများ တည်ဆောက်နေပေပြီ။ မြို့၏အခြေအနေကလည်း စိတ်ပျက်စရာ ကောင်းလောက်အောင် အပျက်အစီးနှင့် ရောဂါဘယများ ထူပြောနေ၏။

ရန်သူ၏ ဗုံးဒဏ်ကြောင့် တစ်မြို့လုံးရှိ အဆောက်အအုံများမှာ ပြားပြားဝပ်နေကာ ကွက်လပ်မှန်သမျှတွင် စတည်းချနေသော တုလည်း စစ်ပြေးဒုက္ခသည်များအထဲ၌ ကာလဝမ်းကို ကူးစက်ပြန့်ပွားနေသည်။ ကျွန်ုပ်တို့တပ်ထဲမှ ရဲဘော်တချို့ပင် ထိုရောဂါဖြင့် သေဆုံးသွားခဲ့ကြရသည်။

www.burmeseclassic.com

မြစ်ကမ်းပါးပေါ်တွင် စုပုံထားသော စပါးပုံကြီးများက လွဲလျှင် ပြည်မြို့သည် ကျွန်ုပ်တို့အတွက် ဘာမှ တပ်မက်နေစရာဌာန မဟုတ်တော့ချေ။ သည်စပါးပုံကြီးများကို တပ်မက်ကာ ဆက်လက်၍ နေမည်ဆိုပြန်တော့လည်း အန္တရာယ်က အတိုင်းအဆမသိအောင် ကြီးမားလှပြန်၏။

ကျွန်ုပ် ယူဆသလိုပင် တပ်မတော်ဌာနချုပ်က ယူဆဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် မတ်လကုန်ခါနီး၌ ပိုသမျှ ရိက္ခာများကို ထုပ်ပိုး၍ မြန်မာပြည်အထက်ပိုင်းသို့ တပ်ဆုတ်ခဲ့ရန် အမိန့်ရောက်လာသောကြောင့်တည်း။

ကျွန်ုပ်တို့ ဌာနချုပ် ပြည်မှ အောင်လံသို့ ဆုတ်လာခဲ့ပြီးနောက် ဧပြီလ (၁)ရက်နေ့တွင် ဗိုလ်ချုပ်ကြီးဝေဗယ်နှင့် အလက်ဇန်ဒါတို့သည် အခြေအနေကို လေ့လာရန်အတွက် အိန္ဒိယမှ ရောက်ရှိလာကြ၏။ ကျွန်ုပ်တို့သည် စစ်တောင်းတံတား တိုက်ပွဲတွင် အငိုက်ခံရပုံမျိုး ထပ်မံ၍ မခံရအောင် အခြေအနေ အရပ်ရပ်ကို ဆင်ခြင်သုံးသပ်ကြသည်။ စစ်တောင်းတံတားတိုက်ပွဲတွင် ရိက္ခာများ၊ ယာဉ်များ၊ လက်နက်ခဲယမ်းများ အများအပြား ရန်သူလက်သို့ ရောက်ခဲ့ရသည်သာမက အရှေ့ဘက်ကမ်းတွင် အဆက်အသွယ်ပြတ်၍ ကျန်ရစ်ခဲ့သော တပ်ရင်း (၈)ရင်းအနက် အရာရှိနှင့် ရဲဘော် (၄၀၀)ကျော်ကျော်မှာ ထိခိုက်ကျဆုံးခဲ့ရသည်။ ဗိုလ်ချုပ်ကြီးဝေဗယ်က ပြည်မှာ ယခုအခြေအနေအရ ရှေ့တန်းစစ်မျက်နှာဖြစ်လျက်ရှိရာ ကျွန်ုပ်တို့သည် ထပ်မံ၍ တပ်ဆုတ်ထားရန် လိုမည်ဖြစ်ကြောင်း ညွှန်ကြားပါသည်။

ဗိုလ်ချုပ်ကြီးဝေဗယ်က ကျွန်ုပ်တို့သည်. . ရေနံမြေဒေသနှင့် အထက်မြန်မာပြည်အား ကြံ့ကြံ့ခံ၍ ကာကွယ်ရမည် ဖြစ်ရာ ကျွန်ုပ်၏ တပ်များသည် အောင်လံ၊ ကျောက်ပန်းတောင်း၊ သရက်ဒေသတွင် အခိုင်အမာ တပ်စွဲထားရမည်ဟု အမိန့်ပေးပါသည်။

ရန်သူသည် ဧပြီလ (၁)ရက်နေ့တွင်ပင် ပြည်မြို့ကို ဝိုင်းဝန်းလုပ်ကြံသည်။ ကျွန်ုပ်တို့တပ်များက မြို့တွင်းနှင့် မြို့တောင်ဘက်မှ လည်းကောင်း၊ ပြည်အရှေ့ဘက် လေးမိုင်အကွာ မော်ဇာတစ်ဝိုက်မှ လည်းကောင်း၊ ပြည်မြို့မြောက်ဘက် ငါးမိုင်အကွာ တမာကောရွာမှ လည်းကောင်း တိုက်ခိုက်တွန်းလှန်သည်။

ပြည်မြို့တောင်ဘက်မှ ဝင်စီးလာသော ရန်သူကို ကျွန်ုပ်တို့တပ်များက ချေမှုန်းလိုက်နိုင်သည်။ သို့သော် ရန်သူက တောင်ဘက်မှပင် ဒုတိယအကြိမ် ထိုးဖောက်တိုက်ခိုက်လာပြန်သည်။ ဤအကြိမ်တွင် ရန်သူသည် ညအမှောင်ထုကို အဖော်ပြု၍ သဲသဲမဲမဲ ထိုးဖောက်ရာ ကျွန်ုပ်တို့သည် မြို့တွင်းသို့ ဆုတ်ပေးရတော့၏။ ရန်သူ၏ အခြားသော ထိုးဖောက်တိုက်ခိုက်ရေး တပ်များကို ကျွန်ုပ်တို့က တွန်းလှန်ပစ်နိုင်သော်လည်း မြို့၏တောင်ဘက် မျက်နှာတွင် ရန်သူက အနိုင်ရနေသည်။



ပြည်နှင့် အောင်လံအကြားရှိ သစ်တောကြိုးဝိုင်းအတွင်းသို့ ရောက်နေသော ကိုဝင်က အလွန်အင်အားကြီးမားသော ရန်သူတပ်ကြီးတစ်တပ်သည် ပြည်မြို့၏မြောက်ဘက် ဒရင်ဒဘိုမှ ချီတက်ကာ သူ၏တပ်အား ဘယ်ဘက်မှနေ၍ ဝိုင်းရန် ကြိုးစားနေသည်ဟု ခိုင်လုံစွာ သတင်းရရှိကြောင်းဖြင့် ကျွန်ုပ်ထံ သတင်းပို့သည်။ ကျွန်ုပ်မှာ ကြာရှည်လေးမြင့်စွာ စဉ်းစားနေရန် အချိန်မရ။

ကျွန်ုပ်၏ ဌာနချုပ် ရှိနေသော အောင်လံနှင့် ကိုဝင် ရောက်ရှိနေသော ပြည်၊ အောင်လံ သစ်တောကြိုးဝိုင်း အကြားသို့ ရန်သူများ ထွင်းဖောက်ရောက်ရှိလာမည့် အန္တရာယ်ကိုသာ စိုးရိမ်နေမိသည်။

ထို့ကြောင့် တပ်မဟာတစ်ခုအား ဒရင်ဒဘိုကို ခုခံကာကွယ်ထားရန်နှင့် ကိုဝင်၏တပ်များ အောင်လံသို့ ဆုတ်ရန် အမိန့်ပေးလိုက်ရတော့သည်။ ထိုနောက် ကျွန်ုပ်သည် ဗိုလ်ချုပ်ကြီးဝေဗယ်က တာဝန်ပေးထားခဲ့သည့်အတိုင်း ရေနံမြေနှင့် အထက်မြန်မာပြည်အား မည်သို့ကာကွယ်ရမည်ကို စဉ်းစားရတော့၏။ တောင်တွင်းကြီးသို့ ဆင်းလာမည့် ဗိုလ်ချုပ်စတီးဝဲလ် အုပ်ချုပ်သော တရုတ်တပ်များနှင့် ရင်ချင်းအပ် ကျောချင်းကပ် ဖြစ်နေစေရန်လည်း ထည့်သွင်းစဉ်းစားရသည်။

ကျွန်ုပ်ခုခံကာကွယ်ရမည့် စစ်မျက်နှာသည် ရေနံမြေမှ တောင်တွင်းကြီးအထိ ရှည်လျားလေရာ ကျွန်ုပ်တွင် ရှိနေသော အင်အားဖြင့် မမျှတအောင် ဖြစ်နေသည်။ ထို့ကြောင့် စစ်မျက်နှာကို ကျဉ်းနိုင်သမျှ ကျဉ်းအောင် ကြံဆရတော့သည်။

ကျွန်ုပ်သည် အောင်လံတစ်ဖက်ကမ်းတွင်ရှိသော ရေနံတွင်းကို မြေလှန်၍ ဖျက်ဆီးပစ်ခဲ့ပြီးနောက် ဧပြီလ (၈)ရက်နေ့တွင် မကွေးတောင်ဘက်မှနေ၍ တောင်တွင်းကြီးအထိ ရှည်လျားသော စစ်မျက်နှာ၌ အခိုင်အမာ တပ်စွဲလိုက်သည်။ ရန်သူသည် ကျွန်ုပ်တို့နောက်မှ အလုံးအရင်းဖြင့် လိုက်လာခြင်း မရှိသေးသောကြောင့် တိုက်ပွဲအကြီးအကျယ် မဖြစ်သေးဘဲ ရှိနေ၏။ ဗိုလ်ချုပ်ကြီး စတီးဝဲလ် အုပ်ချုပ်ရသော တရုတ်တပ်များလည်း ပျဉ်းမနားသို့ ရောက်နေပေပြီ။ ကျွန်ုပ်၏ တိုက်တွန်းချက်အရ မကွေး၊ တောင်တွင်းကြီး စစ်မျက်နှာတစ်လျှောက်တွင် တရုတ်တပ်တစ်တပ်က တောင်တွင်းကြီးဒေသကို လာရောက်ကာကွယ်ပေးမည်ဟု ဆိုသည်။

တရုတ်တပ်များကို အုပ်ချုပ်ရသော ဗိုလ်ချုပ်ကြီးစတီးဝဲလ်မှာ အသက်ခြောက်ဆယ်ကျော်နေပြီ ဖြစ်သော်လည်း စိတ်ရောကိုယ်ပါ သန်တုန်း မြန်တုန်းပင် ဖြစ်သည်ကို တွေ့ရ၏။ သူသည် တုံးဆိုတိုက်၊ ကျားဆို ကိုက်မှ ကြိုက်သူ ဖြစ်သည်။ ခေါင်းမာသည့်နေရာတွင် လားက အရေးတစ်ရာလောက် လက်မြှောက်အရှုံးပေးရမည့်သူ ဖြစ်သည်။

*သို့သော် တစ်စုံတစ်ခု လုပ်တော့မည်ဟု ကတိပေးပြီးလျှင်ထား မဖြစ်မနေ လုပ်တတ်သူ ဖြစ်၏။*

www.burmeseclassic.com

www.burmeseclassic.com

သူ၏ ခေါင်းမာမှု၊ စိတ်တိုမှုတို့ကြောင့် အမေရိကန်စစ်ဦးစီးအဖွဲ့တွင် သူနှင့် မသင့်မတင့်သူ အတော်များသည်။ သို့ရာတွင် မည်သူမျှ ဇာတ်ချုပ်၍ မရသော တရုတ်စစ်သားများအား နိုင်အောင် ထိန်းနိုင်သည်မှာ သူ၏ အံ့ဩလောက်သော အရည်အချင်းပေတည်း။

တရုတ်တပ်များက တောင်တွင်းကြီးဒေသသို့ လာရောက်အကူအညီပေးမည်ဟု ဆိုသောကြောင့် ကျွန်ုပ်သည် ရန်သူ တက်အလာကို ထိုင်၍ စောင့်နေမည့်အစား ရန်သူရှိရာသို့ သွားရောက်တိုက်ခိုက်ရန် စီစဉ်သည်။

သို့သော် ပျဉ်းမနားတွင် စခန်းချနေသော တရုတ်တပ်မှာ တော်တော်နှင့် တောင်တွင်းကြီးသို့ ရောက်မလာ။ ကျွန်ုပ်သည် ဗိုလ်ချုပ်ကြီး စတီးဝဲလ်နှင့် တွေ့ဆုံ၍ တပ်ကူစေလွှတ်ရန် ပြောကြားခဲ့သည်။ စတီးဝဲလ်က သူ့လက်အောက်ရှိ တရုတ်ဗိုလ်ချုပ်တူအား ကျွန်ုပ်မေတ္တာရပ်ခံသည့်အတိုင်း စစ်ကူစေလွှတ်ပါဟု အမိန့်ပေးထားပြီး ဖြစ်သည်။

ကျွန်ုပ်သည် စစ်ကူလာမည့် တရုတ်တပ်ကို မျှော်ရင်း ကျွန်ုပ်၏ ဌာနချုပ်ကို တောင်တွင်းကြီးတွင်ပင် ဖွင့်ထားကာ လည်ပင်းတရှည်ရှည် ဖြစ်နေမိ၏။

(၂)ရက် ကြာသွား၏။ (၃)ရက် ကြာသွား၏။ စစ်ကူကား ရောက်မလာ။ တပ်နှစ်တပ်ကို ကုတ္တိုဂွနှင့် သစ်ရာကောက်သို့ တိုက်ခိုက်ရန် စေလွှတ်ပြီး ဖြစ်နေသည်။

ကျွန်ုပ်သည် ဗိုလ်ချုပ်တူထံသို့ ကြိုးမဲ့ကြေးနန်းဖြင့် အခါခါ စုံစမ်းမေးမြန်းသည်။ သို့သော် ဝိုးတဝါး အဖြေများကိုသာ ရနေသည်။ နောက်ဆုံးတွင် တရုတ်တပ်အတွက် ဆန် လုံလုံလောက်လောက် မရသေးသည့်အတွက် ကြန့်ကြာနေရပါသည်ဟု ဆိုလာသည်။ ကျွန်ုပ်တို့က သူတို့လိုသော ဆန်များကို ပေးလိုက်သည်။ ဆန်သယ်မည့်သူများသာ ကျွန်ုပ်တို့ထံ ရောက်လာလျက် စစ်ကူမည့် တပ်သားပါမလာ။ နောက်ဆုံးရောက်လာတော့လည်း တောင်တွင်းကြီးဒေသကို ထိန်းသိမ်းထားနိုင်လောက်သည့် တရုတ်တပ်ကြီး မဟုတ်ဘဲ ပြောက်ကျားသဘောမျိုးသာ တိုက်နိုင်သည့် တပ်ဖြစ်နေတော့သည်။

ကျွန်ုပ်ထံ ကုတ္တိုဂွနှင့် သစ်ရာကောက်သို့ စေလွှတ်လိုက်သော တပ်များကို ပြန်၍ ခေါ်ယူလိုက်ရပြီး ကျွန်ုပ်၏ဌာနချုပ်ကိုလည်း တောင်တွင်းကြီးမှ မကွေးသို့ ပြောင်းရွှေ့လာခဲ့၏။ အဘယ်ကြောင့်ဆိုသော် ရန်သူသည် စစ်အတွက် အလွန်အရေးပါအရာရောက်သော ရေနံမြေဒေသကို တိုက်ခိုက်သိမ်းပိုက်ရန် ဟာစူ၍ လာသောကြောင့်ပေတည်း။

ရန်သူက တောင်တွင်းကြီးနှင့် မကွေးကို လေကြောင်းမှ ပြင်းပြင်းထန်ထန် တိုက်ခိုက်သည်။ ကျွန်ုပ်တို့က ရေနံချောင်းမှ ရေနံတွင်းများကို အရေးရှိက အလွယ်တကူ မြေလှန်ဖျက်ဆီးပစ်ရန် အသင့်ပြုလုပ်ထား၏။



ဧပြီလ (၁၀)ရက်နေ့တွင် အရပ်သားများကဲ့သို့ ရုပ်ဖျက်ထားသော ဘီအိုင်အေနှင့် ဂျပန်တပ်သားများသည် ကျွန်ုပ်တို့ စစ်မျက်နှာသို့ ချီတက်လာကြ၏။ မကွေး၊ တောင်တွင်းကြီး နယ်မြေတစ်လျှောက်တွင် အမှန်တကယ်လည်း စစ်ပြေးဒုက္ခသည်များဖြင့် ပြည့်နှက်လျက်ရှိရာ ရန်သူနှင့် စစ်ပြေးဒုက္ခသည်ကို ခွဲခြားရန် အခက်တွေ့နေတော့သည်။

ဧပြီလ (၁၁)ရက်နေ့တွင် အင်အားကောင်းသော ရန်သူများက ကျွန်ုပ်၏ အမှတ် (၁) တပ်မဟာမှ ကင်းခံတပ်များကို စတင်တိုက်ခိုက်ကြ၏။ ထိုနေ့ည တစ်ညလုံးပင် ရန်သူက ကျွန်ုပ်တို့စစ်ကြောင်းကို ထိုးဖောက်နိုင်ရန် ကြိုးစားကြသည်။

သို့သော် မအောင်မြင်။

ရန်သူသည် အမှတ် (၁) တပ်မဟာနှင့် အမှတ် (၄၈)တပ်မဟာများ တပ်စွဲထားသော စစ်မျက်နှာမှ တပ်လန်၍ ပြေးကြရသည်မှာ မှန်၏။ သို့သော် မကွေးမှ တောင်တွင်းကြီးအထိ ကျယ်ပြန့်သော စစ်မျက်နှာ၌ ရန်သူများ ထိုးဖောက်၍ရသော နေရာများလည်း ရှိနေပြန်သည်။

ထိုနေရာများမှ နေ၍ ရန်သူသည် မကွေး၊ တောင်တွင်းကြီး လမ်းကို အမြောက်များဖြင့် ပစ်ခတ်ရုံသာမက လေကြောင်းမှလည်း သဲသဲမဲမဲ ဗုံးကြဲတိုက်ခိုက်လာသည်။

ဧပြီလ (၁၂)ရက်နေ့ကား မြန်မာပြည်သို့ ကျွန်ုပ်ရောက်ရှိလာပြီးနောက် ပထမဆုံး တိုက်ပွဲအကြီးအကျယ် ဖြစ်သောနေ့တည်း။ ကျွန်ုပ်သည် အခြေအနေကို လေ့လာရန် ရောက်ရှိလာသော ဗိုလ်ချုပ်ကြီး အလက်ဇန်ဒါအား ကိုဝင်နှင့် စကော့တို့၏ တပ်မဌာနချုပ်များသို့ ခေါ်သွားကာ တိုက်ပွဲအခြေအနေကို အကဲခတ်ကြ၏။

ကျွန်ုပ်တို့ စကော့၏ ဌာနချုပ်တွင် ရှိနေစဉ် ရန်သူလေယာဉ်များက စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခြင်းကို ခံရသည်။ စကော့၏ ဌာနချုပ်သည် သစ်တောအုပ်ကြီးများ အလယ်တွင် ရှိနေသည့်တိုင်အောင် ရန်သူ့လေယာဉ်အန္တရာယ်မှ မကင်းအောင် ရှိနေရခြင်းမှာ မြန်မာပဉ္စမံတပ်သားတို့၏ သတင်းပေးမှုကြောင့်သာ ဖြစ်နိုင်လေသည်။

တိုက်ပွဲမှာ ဧပြီလ (၁၂)ရက်နေ့ ညတစ်ညလုံး ပြင်းထန်လျက်ရှိသည်။ ရန်သူသည် အမှတ် (၁)နှင့် (၄၈) တပ်မဟာများ တပ်စွဲထားသော နေရာမှ အလုံးအရင်းနှင့် ထိုးဖောက်နိုင်ရန် ကြိုးစားနေကြပြန်သည်။ (၄၈) တပ်မဟာသည် ရန်သူကို တပ်လန်သွားအောင် တိုက်ထုတ်နိုင်သည်။

အမှတ် (၁) တပ်မဟာမှာမူ အချက်ပြဆက်သွယ်ရေးစက်များ မလုံလောက်မှု၊ တယ်လီဖုန်းအဆက်အသွယ်များကို ပဉ္စမံတပ်သားများက ဖြတ်တောက်ခံရမှုတို့ကြောင့် တိုက်ပွဲကို ထိန်းသိမ်းထားနိုင်ရန် အခက်တွေ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရန်သူသည် ကျွန်ုပ်တို့ဘက်မှ ဘားမားရိုင်ဖယ်နှင့် နယ်ခြားစောင့်တပ်သားများ၏ စစ်ဝတ်စုံကို ဝတ်ကာ ရောဝတီမြစ်ကမ်းပါး၌ ကျင်းတူး၍ နေရာယူထားသော ကျွန်ုပ်တို့တပ်များကို အငိုက်ဖမ်းကာ ဝင်စီးကြသည်။ ဤကဲ့သို့ ကျွန်ုပ်တို့ဘက်မှ အလစ်တွင် အထိုးခံနေရခိုက် အင်အားကောင်းသော ရန်သူတပ်များ ထပ်၍ ရောက်လာသည်။

ဤအဖြစ်ကို အဆက်အသွယ်ပြတ်တောက်နေသဖြင့် ကျွန်ုပ်တို့မသိရ။ ဧပြီလ (၁၃)ရက်နေ့ အရုဏ်တက်တွင် ကျွန်ုပ်တို့ဘက်မှ တပ်များမြစ်ကမ်းပါးသို့ စစ်ကူပေးရန် ရောက်သွားသောအခါ ရန်သူ၏ ချုံခိုတိုက်ခိုက်ခြင်းကို ခံရလေတော့သည်။

ဤသို့အားဖြင့် အမှတ် (၁) တပ်မဟာ တပ်ဖွဲ့ထားသော လက်ယာတောင်ပံသည် ကျိုးပေါက်သွားခဲ့ကာ ရန်သူသည် မကွေးဆီသို့ ချီတက်သွားနိုင်သည့် လမ်းပေါက် ရရှိတော့၏။

ကျွန်ုပ်၏ဌာနချုပ်သည် ရေနံချောင်းသို့ ဆုတ်လာခဲ့ရလေသည်။

❖❖❖

## အခန်း (၂)

ရေနံချောင်းမြောက်ဘက်ရှိ ပင်းချောင်းနံဘေးတွင် ကျွန်ုပ်တို့၏ စစ်သည်တော်များသည် ခြေပစ်လက်ပစ် ဖြစ်နေကြသည်။ သစ်ပင်ပုကလေးများ ပေါက်ရောက်နေသည့် တောင်ကုန်းကလေးများ ရှိနေသောကြောင့်လည်း ရန်သူ့လေကြောင်းရန်မှ အတော်အတန်စိတ်ချရသည်။ ကျွန်ုပ်တို့၏ တင့်ကားများ မော်တော်ယာဉ်များကမူ ရေနံချောင်းမြောက်ဘက် (၂၅)မိုင်ကွာရှိ ဂွေးချိုတွင် ချုံ့ယွင်းနေသည့် *စက်ကိရိယာများကို ပြင်ဆင်နေကြ၏။

ဧပြီလ (၁၅)ရက်နေ့၊

ဖောက်ခွဲဖျက်ဆီးရန် အသင့်ဖြစ်နေသော ရေနံချက်စက်ကြီးများ ရေနံတွင်းများကို လိုက်လံကြည့်ရှုပြီး နောက်နေ့နေ့လယ် (၁)နာရီအချိန်တွင် ဖောက်ခွဲဖျက်ဆီးရန် အမိန့်ပေးလိုက်ရသည်။

ရန်သူ့လက်ထဲသို့ ရေနံချက်စက်ရုံကြီးများကို အကောင်းပကတိ ထိုး၍ မအပ်နိုင်ပါ။ သို့သော် ဓာတ်အားပေးစက်ကိုမူ မဖျက်ဆီးဘဲထားရန် ညွှန်ကြားထားသည်။ ကျွန်ုပ်တို့သည် ချောက်တွင်ရှိသော ရေနံတွင်းများမှ ရေနံများ ဆက်လက်ထုတ်ယူနိုင်ရန် စီမံထား၍ ဖြစ်၏။ ချောက်ရှိ ရေနံချက်စက်ရုံကို ရေနံချောင်းမှ ဓာတ်အားပေးလျက် ရှိနေမည်ဖြစ်၏။

ကျွန်ုပ်သည် ရန်သူ့အခြေအနေကို လေကြောင်းမှလည်း ကင်းမထောက်နိုင်၊ မြေပြင်မှာလည်း ဟုတ်တိပတ်တိ စုံစမ်းထောက်လှမ်းခြင်း မလုပ်နိုင်သည့်အလျောက် ရေနံချောင်းမှ ရေနံချက်စက်ရုံများကို ဖောက်ခွဲရန် အလျင်စလို အမိန့်ပေးလိုက်သည်။ ဖောက်ခွဲဖျက်ဆီးရန် အချိန်ရောက်သည်အထိ ရေနံထုတ်လုပ်ရေးကို သွေးအေးအေးဖြင့် ဆက်သွယ်လုပ်နေသော ဖော်စတာ ကြီးမှူးသည့် ရေနံအဖွဲ့သားများ၏ သတ္တိတိုချီးမွမ်းမိသည်။

ကျွန်ုပ်က အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ဖော်စတာ ခလုတ်ကလေးတစ်ခုကို နှိပ်လိုက်၏။ ဓါတ်နန်းသန်းပေါင်းများစွာသော ရေနံရိုင်းများသည် မီးအရှိန်ဖြင့် ကောင်းကင်သို့ ထိုးတက်၍ သွားကြ၏။

www.burmeseclassic.com



မီးညွန့်သည် ပေ (၅၀၀) ခန့်အထိ တက်နေကာ မည်းမည်းမှောင်နေသော မီးခိုးလုံးကြီးများသည် မိုးကောင်းကင် တစ်ခွင်တစ်ပြင်လုံးကို ဖုံးအုပ်၍ ထားကြ၏။ ဂါလန်သန်းပေါင်းများစွာသော ရေနံမိုင်းများကို ဖျက်ဆီးလိုက်ခြင်းနှင့်အတူ ပြည်သူလူထု၏ ခရီးလမ်းပန်းဆက်သွယ်ရေး၊ စက်မှုလက်မှု လုပ်ငန်းများနှင့် တိုက်တာအိမ်ခြေများသည် ဖျက်ဆီးခံလိုက်ရသလို ဖြစ်သွားတော့သည်။ ရှုမြင်ရချက်မှာ စိတ်မသက်မသာ ဖြစ်နေတော့သည်။ ဧပြီလ (၁၆)ရက်နေ့တွင် ကျွန်ုပ်၏ဌာနချုပ်ကို ပင်းချောင်းမှနေ၍ ဝွေးချီသို့ ပြောင်းလာခဲ့၏။ ထိုနေ့ညတွင်ပင် ရုပ်ဖျက်ထားသော ရန်သူများက ပင်းချောင်း၌ ကျွန်ုပ် စခန်းချခဲ့သော နေရာကို ဝင်စီးကြသည်။ နောက်ရန်တပ်အဖြစ် ကျန်ရှိနေသော နယ်ခြားစောင့်တပ်က ရန်သူကို ခုခံတိုက်ခိုက်ရသည်။

ရန်သူသည် ပင်းချောင်းနှင့် ဝွေးချီအကြားတွင် ရှိနေသော ကျွန်ုပ်တို့၏ လေယာဉ်ပစ်အမြောက်စခန်းကိုလည်း ဝင်ရောက်စီးနင်းလာကြ၏။ တစ်ဖက်နှင့်တစ်ဖက် ဘတစ်ပြန်ကျားတစ်ပြန် ဖြစ်နေကြတော့သည်။

ဤ အချိန်တွင်ပင် ရန်သူသည် ပင်းချောင်းတောင်ဘက်မှနေ၍ ရေနံချောင်းကို ထိုးဖောက်ဝင်ရောက်ကာ ဓာတ်အားပေးရုံကို စောင့်နေကြသော ကျွန်ုပ်တို့ တပ်သားများအား တိုက်ခိုက်ကြသည်။ (၁၆)ရက်နေ့ သန်းခေါင်ယံအချိန်တွင် ဤဓာတ်အားပေးစက်ရုံကိုလည်း ဖောက်ခွဲဖျက်ဆီးပစ်လိုက်ရတော့သည်။

ဤသို့အားဖြင့် ရေနံမြေတစ်ခုလုံးသည် အသက်ဝိညာဉ် ကင်းမဲ့ခဲ့ရတော့သည်။

ဧပြီလ (၁၈)ရက်၊ (၁၉) ရက်နေ့များတွင် ကျွန်ုပ်တို့သည် တရုတ်တို့၏ အမှတ် (၃၈) တပ်မနှင့် ပူးပေါင်း၍ ရေနံချောင်းနှင့် ပင်းချောင်းတစ်ဝိုက်ကို တန်ပြန်ထိုးစစ်ဆင်ကြသည်။ ယခင်က ဘားမားရိုင်ဖယ်တပ်သားများအသွင် ရုပ်ဖျက်၍ ပုံမှားရိုက်ခဲ့ကြသော ဂျပန်တို့သည် ယခုအကြိမ်တွင် တရုတ်တပ်သားများကဲ့သို့ ဟန်ဆောင်ကာ ကျွန်ုပ်တို့အား မကြာခဏ ဒုက္ခပေးလျက် ရှိသည်။

ရေနံချောင်းမှာ ကျွန်ုပ်တို့ ဖောက်ခွဲဖျက်ဆီးပစ်ခဲ့ပြီ ဖြစ်၍ အခွံမျှသာ ကျန်တော့သဖြင့် ကျွန်ုပ်တို့အတွက် အသုံးမကျလှသော်လည်း ရေနံချောင်းနှင့် ဆက်နေသည့် ပင်းချောင်းကိုလည်းကောင်း၊ ပင်းချောင်းနှင့် ဝွေးချီဆက်နေသည့် လမ်းကိုလည်းကောင်း ရှင်းလင်းထားရန် လိုအပ်နေသည်။ တောင်ဘက်မှ အထက်မြန်မာပြည်သို့ ဆုတ်ခွာလာသည့် ကျွန်ုပ်တို့တပ်များ အောင်မြင်စွာ ချီတက်လာနိုင်ရန် ဖြစ်၏။

ဤအချက်ကို ကျွန်ုပ်တို့ကဲ့သို့ပင် မြင်နေသော ရန်သူများသည် လေကြောင်းအကူအညီဖြင့် ပြန်လည်စုရုံးနေသော ကျွန်ုပ်တို့တပ်များကို အသက်ရှူပေါက်မရအောင် တိုက်ခိုက်ကြသည်။

ပင်းချောင်းကို ဖြတ်၍ အရှေ့စူးစူးသို့ တက်နိုင်မည်ဟု ခန့်မှန်းထားသော စကော့ဦးစီးသည့် တပ်သည် ပင်းချောင်းထဲတွင် သဲမြေများကိုသာ တွေ့နေရသည့်အတွက် တပ်တွင်ပါလာသော တင့်ကားများမှာ ညွန်ကျွံကာ ရှေ့သို့တိုးမရအောင် ဖြစ်နေတော့သည်။ တင့်ကားတစ်စီး၏ နောက်တွင် ကပ်၍ပါလာသော လူနာတင်သည့် သူနာပြုကားများမှာလည်း ညွန်ထဲတွင် နစ်နေတော့၏။ ကျွန်ုပ်သည် ယာဉ်များကို စွန့်ပစ်ထားခဲ့ရန် အမိန့်ပေးလိုက်ရတော့၏။ ရန်သူသည် သူနာပြုကားများပေါ်တွင် ပါလာသော ကျွန်ုပ်တို့ဘက်မှ လူနာများအား လှံစွပ်ဖြင့် ထိုးသတ်ထားကြောင်း နောက်မှ သိရှိရ၏။

တရုတ်တပ်သည် ပင်းချောင်း မြောက်ဘက်ကမ်းရှိ ရန်သူများကို တပ်လန်သွားအောင် တိုက်ထုတ်ပစ်နိုင်သည်။ သို့သော် ချောင်းကူးစခန်းကိုကား မသိမ်းပိုက်နိုင်။ ခိုင်ခံ့စွာ တည်ဆောက်ထားသော ရန်သူ့စခန်းကို တင့်ကားများဖြင့် ထိုးဖျက်ရန်မှာလည်း ကျွံနေသော သဲများကြောင့် အခက်တွေ့နေရသည်။

ရေနံချောင်းတွင် တွေ့နေသော ကျွန်ုပ်တို့၏ အမှတ် (၁)တပ်မမှာလည်း ရေတစ်ပေါက်ပင် မရနိုင်သောကြောင့် များစွာ စိတ်ပန်းလျက်ရှိသည်။ အပူချိန်က (၁၁၄)ဒီဂရီ ရှိနေရာတွင် မီးဟုန်းဟုန်းတောက်လောင်နေသော စက်ရုံများ တိုက်တာအိမ်ခြေများကြောင့်လည်းကောင်း အမြောက်ဒဏ် ဗုံးဒဏ်ကြောင့်လည်းကောင်း စစ်သည်တော်များမှာ အရှင်လတ်လတ် ငရဲတွင်းသို့ ဆင်းနေရသကဲ့သို့ ဖြစ်နေလေသည်။ သည်အထဲတွင် ကျွန်ုပ်တို့ဘက်မှ အမြောက်တပ်တွင် ကျည်ဆန်က တဖြည်းဖြည်း လျော့နည်းလာကာ နောက်ထပ်၍ ရနိုင်စရာလည်း မရှိသည့် အခြေအနေမျိုးသို့ ရောက်နေသည်။ ပင်းချောင်းတစ်ဝိုက်ရှိ တောင်ကုန်းများပေါ်တွင် ကျွန်ုပ်တို့နှင့် ရန်သူများသည် လှံစွပ်တိုက်ပွဲများ ဖြစ်သည်အထိ တစ်ဖက်နှင့်တစ်ဖက် အသက်ချင်း ဖလှယ်၍ တိုက်နေကြရ၏။ ပင်းချောင်းကို ဖြတ်ကာ တောင်ဘက်ကမ်းသို့ ရောက်လာနိုင်သော ကျွန်ုပ်တို့တပ်သားအချို့ကိုလည်း ရန်သူ လက်ဖြောင့်တပ်သားများက စိမ်ပြေနပြေ ဇိမ်ခံ(?)နေကြ၏။

ရေနံချောင်းတွင် ကျွန်ုပ်တို့တပ်များ သဲသဲမဲမဲ တိုက်ပွဲဝင်နေစဉ် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တပ်စွဲထားသော အမှတ် (၆)တရုတ်တပ်မတော်မှာလည်း ရန်သူတို့၏ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခြင်းကို ခံနေရသည်။ အမှန်စင်စစ် ရေနံချောင်းနှင့် မော်ချီတိုက်ပွဲမှာ ဂျပန်တို့၏ မြန်မာပြည်သိမ်းပိုက်ရေး အစီအစဉ်၌ အပြီးသတ် တိုက်ပွဲကြီးနှစ်ခုသာ ဖြစ်လေသည်။

အမှတ် (၅) တရုတ်တပ်မတော်မှာ တောင်ငူမှ မောင်းထုတ်ခြင်း ခံနေရသည့်အချိန်တွင် အမှတ် (၆) တရုတ်တပ်မတော်သည် ရန်တုန်

www.burmeseclassic.com

မန္တလေးရထားလမ်းနှင့် စစ်တောင်းမြစ်အကြားရှိ တောင်ကုန်းများတွင် နေရာယူနေဆဲ ဖြစ်သည်။ နယ်မြေဒေသမှာ တောထူ၍ လမ်းပန်းအဆက်အသွယ်လည်း ခက်သည်။ အနောက်မှ အရှေ့သို့ ပြေးနေသော တောင်ငူ မော်ချီလမ်း။ တောင်မှမြောက်သို့ ရှေးရှုနေသော မော်ချီ၊ ဘောလ်ခဲ၊ လွိုင်ကော်လမ်း။ သည်လမ်းနှစ်လမ်းသာ သည်နယ်မြေဒေသတွင် ရှိသည်။

လွိုင်ကော်မှနေ၍ မော်ချီရောက်သည်အထိ အမှတ် (၅၅)တရုတ်တပ်မသည် တပ်ကို ထူထူချထားသည်။ သို့သော် အမှတ် (၆) တပ်မတော်တွင် ပါဝင်သော အမှတ် (၄၉)တပ်မမှာ လွိုင်ကော် မော်ချီမြောက်ဘက်ဒေသတွင် ရှိနေလျက် အမှတ် (၉၃)တပ်မမှာ ခရီးလှမ်းသော ကျိုင်းတုံတွင် ရှိနေသည်။

ဧပြီလ ဆန်းလာသည်နှင့် တစ်ပြိုင်နက် အမှတ် (၅၆)ဂျပန်တပ်မတွင် ပါဝင်သော တပ်မဟာတစ်ခုလောက် အင်အားရှိသော တပ်တစ်တပ်သည် မော်ချီသို့ ရှေးရှုတက်လာခဲ့၏။ အင်္ဂလိပ်စစ်ဗိုလ်များ ခေါင်းဆောင်သည့် ကရင်ပြောက်ကျားများက ဤဂျပန်တပ်ကို လမ်းမှနေ၍ နှောင့်နှေးအောင် ဒုက္ခပေးနေသည်။

သို့သော် ရန်သူက ဤကရင်ပြောက်ကျားတပ်နှင့် အမှတ် (၅၅) တရုတ်တပ်ကို ချေမှုန်းကာ မော်ချီကို သိမ်းပိုက်လိုက်နိုင်သည်။ မော်ချီတား အဖိုးတန်လှသော ဝုဖရန်သတ္တုတွင်းများ ရှိရာဒေသတည်း။

အမှတ် (၅၅) တရုတ်ထပ်မသည် ဘောလ်ခဲ ကမာဖြူဒေသသို့ ဆုတ်ကာ အချက်အချာနေရာများတွင် အခိုင်အခံ့ တပ်စခန်းတည်ပြီးနောက် စစ်ကူများ ပို့ပေးရန် တောင်းဆိုလိုက်၏။ အမှတ် (၉၃) တပ်မမှ တပ်တစ်တပ်အား လွိုင်ကော်သို့ အပြင်းချီတက် အကူအညီပေးရန် ဌာနချုပ်မှ အမိန့်ပေးလိုက်သည်။

သို့သော် ခရီးလမ်းပန်း မကောင်းသောကြောင့်လည်းကောင်း၊ တရုတ်များ၏ဖင့်နွှဲလေးကန်မှုကြောင့်လည်းကောင်း စစ်ကူတပ်များသည် အချိန်မီ ရောက်မလာနိုင်ဘဲ ဖြစ်နေ၏။ ထို့ကြောင့် အမှတ် (၅၅)တပ်မသည် နောက်သို့ ထပ်၍ ဆုတ်ရပြန်လေသည်။

ဧပြီလ (၁၆)ရက်နေ့တွင် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားပြီးနောက် တရုတ်တပ်သည် ဘောလ်ခဲသို့ ဆုတ်ရသည်။ နောက်တစ်နေ့တွင် ရန်သူတ ဘောလ်ခဲအနောက်ဘက်မှနေ၍ လမ်းကို ဖြတ်တောက်ပစ်လိုက်၏။ ဤသို့အားဖြင့် အမှတ် (၅၅)တပ်မမှ တပ်အများအပြားမှာ ရန်သူ၏ ဝိုင်းဝန်းခြင်းကို ခံနေရတော့သည်။

တရုတ်တို့သည် ဧပြီလ (၁၈)ရက်နေ့အထိ ထွက်ပေါက်ရရန် အပြင်းအထန် တန်ပြန်တိုက်ခိုက်ကြသည်။ သို့သော် မအောင်မြင်ခဲ့ချေ။ ချတ်ချင်းဆိုသလိုပင် အမှတ် (၅၅)တပ်မနှင့် အဆက်အသွယ်ပြုလုပ်ထားသော တယ်လီဖုန်းနှင့် ဝိုင်ယာလက်စ်များ ပြတ်တောက်သွားသည်။



တရုတ်တပ်သည် ရန်သူ၏ ချေမှုန်းခြင်းကို ခံနေရပြီတည်း။

ဧပြီလ (၁၈)ရက်နေ့ နံနက်တွင် ဂျပန်သံချပ်ကာ ကားတပ်သည် လွိုင်ကော်တောင်ဘက်မှ ကိုးမိုင်ခန့်သာ ကွာသောနေရာသို့ ရောက်လာကြ၏။ အမှတ် (၆) တရုတ်တပ်မတော်သည် နောက်ရန်တပ်အချို့ကို ချန်ကာ လွိုင်ကော်မှ ဆုတ်ခွာသွားသည်။ လွိုင်လင်, ကျိုင်းတုံလမ်းမကြီးကို ဖြတ်တောက်ပစ်လိုက်၏။ အမှတ် (၆) တရုတ်တပ်မတော်သည် လမ်းများ၊ တံတားများကိုပင် ဖောက်ခွဲဖျက်ဆီးရန် မတတ်နိုင်တော့ဘဲ တကွဲတပြားစီ ပြေးကြရတော့သည်။

ရေနံချောင်းနှင့် မော်ချီတွင် အခြေမလှတော့ကြောင်းကို သိထားသော ကျွန်ုပ်တို့သည် ဧပြီလ (၁၉)ရက်နေ့၌ စည်းဝေး၍ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။ *ဗိုလ်ချုပ်ကြီး အလက်ဇန်ဒါ၊ ဗိုလ်ချုပ်ကြီးစတီးဝဲလ်နှင့် ကျွန်ုပ် ပါဝင်သည်။* အမှတ် (၆) တရုတ်တပ်မတော်သည် အခိုက်အတန့်အားဖြင့် ဆုတ်ပေးနေရသော်လည်း ရေရှည်တွင် ရန်သူတို့အား ပြန်လည်ခုခံတိုက်ခိုက် နိုင်သည့် နယ်မြေတွင် ရှိနေသောကြောင့် စိုးရိမ်စရာ မရှိလှဟု တွက်ဆမိကြသည်။ အမှတ် (၅) တပ်မတော်မှာမူ တောင်ငူကို စွန့်လွှတ်လိုက်ရပြီး နောက် ပျဉ်းမနားမှနေ၍ ရန်သူအား ထောင်ချောက်ဆင်၍ ဖမ်းရန် စိုင်းပြင်းနေသည်။

ကျွန်ုပ်တို့ဘက်မှ အရာရှိအရာခံ အကြပ်တပ်သားများ၏ အသိုင်းအဝိုင်းတွင်မူ အထက်မြန်မာပြည်အား ကာကွယ်ထိန်းသိမ်းမည်ဟူသောမူကို စွန့်လွှတ်၍ အိန္ဒိယသို့ ပြောင်းရွှေ့ကာ ပြန်လည်စုရုံးခြင်း ပြုလုပ်သည်က ပို၍ကောင်းသည်ဟူသော သတင်းများ ပျံ့နှံ့နေသည်။ ကျွန်ုပ်တို့ကဲ့သို့သော အထက်တန်းအရာရှိကြီးများလောကတွင် မြန်မာပြည်အားဖြစ်သည့်နည်းဖြင့် ဆက်လက်ထိန်းသိမ်းထားရန် ဟူသောမူကို ဆုပ်ကိုင်ထားကြသည်။

ယခုအချိန်တွင် ရန်သူတို့၏ အမှတ် (၃၃)တပ်မသည် ရေနံချောင်းတွင် ထီးထီးကြီး ရှိနေသည်။ ကျွန်ုပ်တို့က သွားရောက်တိုက်ခိုက်နိုင်ပါက ရန်သူသည် လွယ်လွယ်နှင့် စစ်ကူမရနိုင်သော အခြေအနေတွင် ရှိနေ၏။ ရန်သူ၏ အမှတ် (၃၃)တပ်မကို တပ်လုံးပျောက်သည်အထိ ချေမှုန်းနိုင်ရန်အတွက် ဗိုလ်ချုပ်ကြီးစတီးဝဲလ်ထံမှ တရုတ်တပ်မနှစ်တပ်ကိုပါ ခေတ္တ စစ်ကူပေးရန် ကျွန်ုပ်က တောင်းဆိုသည်။ စတီးဝဲလ်သည် ထိုးစစ်ဆင်ရမည်ဆိုလျှင် အချိန်မဖွဲ့ ထောက်ခံသဘောတူသူတည်း။

သို့သော် ကျွန်ုပ်၏ အစီအစဉ်မှာ အကောင်အထည် မဖော်နိုင်ခဲ့။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ် စစ်ကူယူမည်ဟု မှန်းထားခဲ့သော အမှတ် (၆) တရုတ်တပ်မတော်မှာ ဧပြီလ (၂၁)ရက်နေ့တွင် အပိုင်းပိုင်းအစတစ်ဖြစ်အောင် ရန်သူတို့၏ ဖြတ်တောက်ခြင်းကို ခံလိုက်ရသောကြောင့်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com

ရန်သူသည် ခြေကျင်တပ်ဖွဲ့ငယ်ကလေးများ၊ ယန္တရားတပ်များဖြင့် အကူအညီပေးကာ အံချက်အချာကျသော လမ်းကြောင်းများပေါ်၌ လျင်မြန်စွာ လှုပ်ရှားလျက် ရှိသည်။ ဧပြီလ (၂၁)ရက်နေ့တွင် ရန်သူက ဟိုပုန်းကို သိမ်းသည်။ (၂၂)ရက်နေ့တွင် တရုတ်များအား လွိုင်လင်ဘက်သို့ မောင်းထုတ်လိုက်သည်။ မကြာမီပင် လွိုင်လင်သည် လေကြောင်းမှတိုက်ခိုက်ခြင်းကို ပြင်းပြင်းထန်ထန် ခံရပြီးနောက် ရန်သူ့လက်ထဲသို့ ကျရောက်သွားသည်။ **အမှတ် (၆) တရုတ်တပ်မကြီး၏ ဗိုလ်ချုပ်ကြီးဖြစ်သူ ခန်မှာ ကြွင်းကျန်ရစ်သော** တပ်သား (၃၀၀)ခန့်ဖြင့် လားရှိုးလမ်းမကြီးပေါ်တွင် အခြေမဲ့အနေမဲ့အဖြစ်သို့ ရောက်နေရတော့၏။

**မျောက်သစ်ကိုင်းလွတ် သကဲ့သို့တည်း။**

ကျိုင်းတုံတွင် ရှိနေသော အမှတ် (၉၃)တရုတ်တပ်မသည် လွိုင်လင်ကို ထိန်းသိမ်းထားနိုင်ရန် မြောက်ဘက်မှ ဆင်းလာသည်။ သို့သော် လွိုင်လင်နှင့် မိုင်(၂၀)အကွာသို့ အရောက်တွင် ဂျပန်က လွိုင်လင်ကို သိမ်းလိုက်ပြီဟူသော သတင်းကို ကြားရသောအခါ ဆက်၍တိုက်မည့်အစား နောက်သို့ ပြန်လှည့်သွားသည်။ လားရှိုးလမ်းမပေါ်တွင် မျောက်သစ်ကိုင်းလွတ်ဖြစ်နေသော ဗိုလ်ချုပ်ကြီးခန်သည် တောကြိုတောင်ကြားကို ဖြတ်၍ ကျိုင်းတုံသို့ ကူးလာသည်။ အမှတ် (၄၉)၊ (၉၃)နှင့် (၅၆)တပ်မများမှ ကြွင်းကျန်နေသော လူသူကို စုပြီးနောက် ကျိုင်းတုံမှနေ၍ တရုတ်ပြည်ထဲသို့ ဝင်သွားကြသည်။ ဂျပန်စစ်ဗိုလ်များ ကြီးမှူးသော ယိုးဒယားတပ်က ကျိုင်းတုံကို အလွယ်တကူပင် ဝင်ရောက်သိမ်းပိုက်သည်။

လားရှိုးလမ်းမကြီးသည် ရန်သူအတွက် အလိုလိုပွင့်သွားပေပြီ။

ဤကဲ့သို့ တပ်ဆိုးမျိုးနှင့် ရင်ဆိုင်တိုးနေသည်ကို ရိုးတိုးရိပ်တိတ်ပင် မသိသေးသော ကျွန်ုပ်တို့က ရေနံချောင်းကိုသာ ပြန်လည်ထိုးစစ်ဆင်ရန် မဲနေကြသည်။ ဗိုလ်ချုပ်ကြီးစတီးဝဲလ်က အမှတ် (၅) တရုတ်တပ်မတော်မှ အမှတ် (၂၀၀) တပ်မတော်ကို လော်ရီကားများဖြင့် မိတ္ထီလာမှတစ်ဆင့် ကျောက်ပန်းတောင်းသို့ ပို့လိုက်သည်။ ကျွန်ုပ်မှာ ရေနံချောင်းတွင် အကြောင်းပြရတော့မည်ဟု ကျေနပ်နေမိသည်။

ကျောက်ပန်းတောင်းသို့ ရောက်လာသော တရုတ်တပ်များ၏ နေရေးထိုင်ရေးကို စီစဉ်ပေးပြီးနောက် ကျွန်ုပ်၏ဌာနချုပ်သို့ ပြန်လာကာ ညစာ စားသည်။ ထိုနောက် ရေနံချောင်းတိုက်ပွဲ အစီအစဉ်ကို အချောတိုင်သည်။

ထိုစဉ် အရာရှိတစ်ယောက် ကျွန်ုပ်ရှေ့မှောက်သို့ ရောက်လာကာ ကျောက်ပန်းတောင်းသို့ ရောက်လာသော တရုတ်တပ်သည် ရှမ်းပြည်နယ်သို့ ချီတက်ရန် အထုပ်အပိုးပြင်နေပြီဟု သတင်းလာပို့သည်။ သည်တော့မှပင် အမှတ် (၆) တရုတ်တပ်မတော်ကြီး၏ ကံကြမ္မာကို နားမချမ်းသာစရာ ကြားသိရတော့သည်။



ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် ရန်သူ့လက်သို့ ကျရောက်သွားသော ဟိုပုန်း၊ လွိုင်လင်မြို့များကို ပြန်လည်တိုက်ခိုက်ရန် ရှိသမျှ တပ်များကို ရှမ်းပြည်နယ်သို့ ပို့နေရလေပြီ။ ရန်သူသည် အမှတ် (၆) တရုတ်တပ်မတော်အား လွိုင်လင်မှ မောင်းထုတ်စဉ် လွိုင်လင်အနောက်ဘက်ရှိ တောင်ကြီးမြို့ကိုလည်း တစ်ပါတည်း သိမ်းယူခဲ့သည်။

တောင်ကြီးသည် လွိုင်လင် သာစည် လမ်းမကြီးပေါ်တွင် တည်ရှိရာ၊ အကယ်၍သာ ရန်သူသည် သာစည်ကို သိမ်းယူလိုက်မည်ဆိုပါက ပျဉ်းမနားတစ်ဝိုက်တွင် ရှိနေသော အမှတ် (၅)တရုတ်တပ်မတော် နောက်ကျောသို့ အလွယ်တကူပင် ရောက်လာကာ အမှတ် (၆)တရုတ်တပ်မတော်ကို အပိုင်းပိုင်းအတစ်တစ်ဖြစ်အောင် ဖြတ်တောက်နိုင်သလို အမှတ် (၅) တပ်မတော်ကိုလည်း ဖြတ်တောက်ပစ်နိုင်ပေတော့မည်။

အမှတ် (၂၀၀) တပ်မနှင့် အမှတ် (၂၂)တပ်မမှ တပ်တစ်တပ်ကို စုရုံးကာ ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည် သူကိုယ်တိုင် ခေါင်းဆောင်၍ တောင်ကြီးကို ဧပြီလ (၂၃)ရက်နေ့တွင် ပြန်လည်တိုက်ခိုက်သည်။ (၂၄) ရက်နေ့တွင် တောင်ကြီးကို ပြန်လည်ရရှိသည်။ ဖင့်နွဲ့နေသော တရုတ်တပ်များအား ငွေဖြင့် လာဘ်ထိုးကာ ဟိုပုန်းသို့ ဆက်၍ ချီတက်စေသည်။ ရန်သူဘက်မှ (၅၀၀)ခန့် ထိခိုက်ကျဆုံးပြီးနောက် ဟိုပုန်းကို (၂၅)ရက်နေ့တွင် သိမ်းပိုက်မိသည်။

ထို့နောက် လွိုင်လင်ကို ဆက်၍ သိမ်းနိုင်ပြန်သည်။

ချီးကျူးလောက်သော အောင်ပွဲများပေတည်း။

ဤအချိန်တွင်ပင် ရှေ့တန်းစစ်မျက်နှာသို့ ရောက်နေသော ဗိုလ်ချုပ်ကြီး စတီးဝဲလ်မှာ ဌာနချုပ်တွင် အရေးကြီးသော ကိစ္စရပ်များ ရှိနေသဖြင့် တရုတ်များချည်းထားကာ ပြန်ခဲ့ရသည်။ တရုတ်တပ်သည် လွိုင်လင် လားရှိုးလမ်းအတိုင်း ချီတက်နေလေသည်။

လားရှိုးနှင့် ပတ်ဝန်းကျင်ရှိ နယ်မြေဒေသအား ထိန်းသိမ်းထားရန် စေလွှတ်လိုက်သော ဗိုလ်ချုပ်ကြီးချန် ဦးစီးသော တရုတ်တပ်မတော်ကြီးသည် ဧပြီလ(၂၆)ရက်၊ (၂၉)ရက်အတွင်း လားရှိုးသို့ ရောက်လာပြီးနောက် တောင်ဘက်သို့ အနည်းငယ် ဆက်လက်ချီတက်သည်။ သို့သော် ရန်သူ့စစ်ကြောင်း တစ်ကြောင်းဖြင့် ရင်ဆိုင်တိုးနေသဖြင့် လားရှိုးသို့ ပြန်လာကာ တပ်စွဲထားသည်။

ဤအချိန်တွင်ပင် ရန်သူ၏ ခြေမှုန်းခြင်းကို ခံလိုက်ရသော အမှတ် (၅)တရုတ်တပ်မတော်မှ ကြွင်းကျန်နေသော မော်တော်ယာဉ်များနှင့် သံချပ်ကာ ကားများသည် တရုတ်ပြည်ထဲသို့ သွားရန်အတွက် လားရှိုးသို့ တဖွဲဖွဲ ရောက်လာကြသည်။ လားရှိုးတွင် တပ်စွဲနေသော ဗိုလ်ချုပ်ကြီးချန်သည် တက်လာသော ရန်သူအား ဆီးကြိုခုခံရမည့်အစား လားရှိုးတွင်ရှိသမျှ ရိက္ခာနှင့် ခဲယမ်းများကိုသာ ဖောက်ခွဲဖျက်ဆီးပစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့တိုင် ရန်သူလက်ထဲသို့ အရေးကြီးသော ရိက္ခာနှင့် ခဲယမ်း အများအပြား ရောက်ရှိသွားသေးသည်။

ဧပြီလ (၂၉)ရက်နေ့တွင် ရန်သူက လားရှိုးကို တိုက်ခိုက်သည်။ အလွန် ကြီးကျယ်သည်ဟု ဆိုသော တိုက်ပွဲကြီးကို တိုက်ခိုက်ပြီးနောက် ဗိုလ်ချုပ်ကြီးချန်သည် တရုတ်ပြည်ထဲသို့ ဆုတ်သွားသည်။ ရန်သူဘက်မှ အင်အားမှာ အပေါ့စားတင့်ကား (၃၀)ပါသော တပ်တစ်တပ်၊ သံချပ်ကာ ကားအချို့၊ အမြောက် (၁၂)လက်နှင့် လော်ရီကားများဖြင့် လိုက်ပါလာသော တပ်ရင်းနှစ်ရင်းစာ ခြေကျင်တပ်သားများသာ ဖြစ်၏။

ရန်သူသည် လားရှိုးကို သိမ်းပိုက်ပြီးနောက် ဗန်းမော်ကို ဆက်လက် သိမ်းယူရန် ချီတက်လာသည်။ အစောင့်အနေ ကောင်းစွာချထားခြင်း မရှိသော ရွှေလီတံတားကို အကောင်းပကတိအတိုင်း ရန်သူများက သိမ်းပိုက်မိသည်။ သို့ဖြင့် မေလ (၄)ရက်နေ့တွင် ဗန်းမော်သည် ရန်သူ့လက်ထဲသို့ ရောက်သွားပြီးနောက် (၈)ရက်နေ့တွင် မြစ်ကြီးနားသည်လည်း ရန်သူ့အတွက် အောင်မြေ ဖြစ်လာရပြန်သည်။

လားရှိုး၊ ဗန်းမော်နှင့် မြစ်ကြီးနားမြို့များ ရန်သူ့လက်သို့ ကျလုဆဲဆဲတွင် ဌာနချုပ်မှ ကျွန်ုပ်ထံသို့ ညွှန်ကြားချက်များ ရောက်လာသည်။ ဧပြီလ(၂၈)ရက်နေ့တွင် ပေးပို့လိုက်သော ညွှန်ကြားချက်များတည်း။

ထိုညွှန်ကြားချက်တွင် ....

(၁) အမှတ်-၁ ဗမာ့လက်နက်ကိုင် တပ်မသည် ဆီမီးခုံ ကူးတို့ဆိပ်မှ ဖြတ်ကျော်၍ မုံရွာသို့ ချီတက်ရန်၊ အမှတ်-၁၃ တပ်မဟာက ချင်းတွင်းအနောက်ဘက်ကမ်းသို့ ကူးပြီးနောက် မုံရွာကို တောင်ဘက်နှင့် အနောက်တောင်ဘက်မှ ရန်သူများ ဝင်ရောက်တိုက်ခိုက်ခြင်း မပြုနိုင်အောင် ထိန်းသိမ်းထားရန်။

(၂) အမှတ်-၁ ဗမာ့လက်နက်ကိုင် တပ်မဟာက မုံရွာမှ ကလေးဝသို့ ရေကြောင်းမှ ချီတက်ရန်။

(၃) ရွှေဝတီ အနောက်ဘက်ကမ်းတွင် ရှိနေသော အမှတ်-၂ ဗမာ့လက်နက်ကိုင် တပ်မဟာသည် ပေါက်နှင့် ထီးလင်းမှ တစ်ဆင့် မြစ်သာမြစ်ဝှမ်းသို့ ဆင်း၍ တပ်စွဲထားရန်နှင့် ယင်းလမ်းကြောင်းအား ရန်သူ့လက် မရောက်အောင် ထိန်းသိမ်းထားရန်။ ကလေးဝ အနောက်ဘက်တွင်ရှိနေသော အမှတ်-၁ ဗမာ့လက်နက်ကိုင် တပ်မဟာမှ တပ်များနှင့် အဆက်အသွယ်လုပ်ထားရန်။

(၄) အမှတ်-၁၇ တပ်မ (အမှတ်-၆၃၊ ဂုပ်မဟာ မပါ) သည် ရွှေဝတီမြစ်ကို ဖြတ်ကူး၍ မြင်းမူနှင့် အာလာကပ္ပမှနေပြီး မြောက်ဘက်ကမ်းကို ထိန်းထားရန်။

(၅) အမှတ်-၆၃ တပ်မဟာသည် မြင်းမူမှ မုံရွာသို့ သွားသောလမ်းကို စောင့်ရှောက်ထားရန်။



(၆) အမှတ်-၃၈ တရုတ်တပ်မနှင့် အမှတ်-၇ သံချပ်ကာ တပ်မဟာက စစ်ကိုင်းနှင့် အုန်းတောမှနေ၍ ဧရာဝတီကို ထိန်းသိမ်းထားရန်ဖြစ်၏။ အင်းဝတံတားမှာ ဧရာဝတီမြစ်ကို ဖြတ်ကူးရန်အတွက် အကောင်းဆုံးနှင့် အလွယ်ကူဆုံး နေရာဖြစ်လေရာ လားရှိုးသို့ တက်မည့် အမှတ် (၅) တရုတ်တပ်မတော်နှင့် အမှတ် (၇) သံချပ်ကာ တပ်မဟာကို အင်းဝတံတားမှ ဖြတ်ကူးရန် ခွင့်ပြုထား၏။

အမှတ် (၁၇) တပ်မသည် အမှတ် (၅) တရုတ်တပ်မတော်ကြီး အင်းဝတံတားကို ဖြတ်ကျော်ပြီးသည်အထိ ပတ်ဝန်းကျင်ဒေသများကို စောင့်ရှောက်နေရမည်ဖြစ်ရာ ထိုတပ်မဟာသည်လည်း တံတားကို ဖောက်ခွဲဖျက်ဆီးခြင်း မပြုမီ ဤတံတားမှ နေ၍ ဧရာဝတီကို ဖြတ်ကူးရမည်သာ ဖြစ်၏။ ဆုတ်ခွာရန် အစီအစဉ်များ ပြုလုပ်နေသော ကျွန်ုပ်တို့အား ရန်သူများက ကျောက်ဆည်ကို လာရောက်တိုက်ခိုက်ခြင်းဖြင့် ကျွန်ုပ်တို့အဆုတ်တွင် တပ်လုံးပြုတ်စေမည်ဟူသော သန္နိဋ္ဌာန်ချထားကြောင်း ထင်ရှား၏။

ကျောက်ဆည်မြို့တွင် အခိုင်အခံ့ တပ်စွဲထားသော ဗိုလ်ချုပ်ကင်မရွန် ဦးစီးသည့် အမှတ် (၄၈)တပ်မဟာက ထိုးစစ်ဆင်လာသော ရန်သူကို မြို့ပြင်မှနေ၍ ဆီးကြိုတိုက်ခိုက်သည်။ ကျောက်ဆည်တစ်မြို့လုံးမှာ ကုလားစစ်ပြေး ဒုက္ခသည်များ၊ တရုတ်တပ်ကြွင်းတပ်ကျန်များ၊ မြန်မာအမျိုးသား လူဆိုး ဓားပြများဖြင့် တရားမရှိ ဓားမရှိ ဖြစ်နေတော့သည်။ ရန်သူက လေကြောင်းမှ နေ၍ ဗုံးကြဲထားသည်မှာလည်း တစ်မြို့လုံး ပြာပုံ ဖြစ်နေသည်။

ရန်သူသည် ကျောက်ဆည်ကို သုံးညတိုင်တိုင် ဆက်၍ဆက်၍ တိုက်သည်။ တိုက်တိုင်း ကျွန်ုပ်တို့တပ်များ၏ လက်ချက်ကြောင့် တပ်လန်၍ သွားရသည်သာ ဖြစ်၏။ ဧပြီလ (၃၀)ရက်နေ့တွင် ဂျပန် အမှတ်(၁၈) တပ်မတော်သည် ဘယ်တောင်ပံ ညာတောင်ပံ ဖြန့်၍ အလုံးအရင်းဖြင့် တိုက်စစ်ဆင်လာမည့် လက္ခဏာကို တွေ့ရသည်။ ထိုနေ့ ညနေ သုံးနာရီခွဲတွင် ပထမထိုးစစ် စတင်သည်။ ကျွန်ုပ်တို့က တွန်းလှန်နိုင်ခဲ့သေးသည်။ ညနေ (၅)နာရီတွင် ရန်သူ့လေယာဉ်များက နိမ့်နိမ့်ကလေး ပျံဝဲ၍ ဗုံးကြဲတိုက်ခိုက်သည်။ ည (၇)နာရီတွင် ကင်မရွန်၏ တပ်မဟာအား အင်းဝတံတားကို ဖြတ်ကျော်၍ မြင်းမူသို့ ဆုတ်ခွာစေသည်။ တပ်ရင်းတစ်ရင်းနှင့် တင့်ကား အချို့ကား နောက်ရန်တပ်အဖြစ် ချန်ထားခဲ့၏။

ဤအချိန်တွင် တရုတ် အမှတ်(၅)တပ်မတော်ကြီးက အင်းဝတံတားကို ဘေးမသီ ရန်မခဘဲ ကူးဖြတ်ပြီးနေပြီ ဖြစ်လေသည်။

ဧပြီလ (၂၇)ရက်နေ့ညတွင် ကျွန်ုပ်သည် ကျွန်ုပ်၏ဌာနချုပ်ရှိရာ စစ်ကိုင်းသို့ ပြန်လာခဲ့သည်။ မန္တလေးတွင် ကျွန်ုပ်တို့၏ ရိက္ခာများ၊ ခဲယမ်းများ အစုလိုက် အပုံလိုက် ရှိနေသည်ကို တွေ့ရသည်။ သက်ငယ်တဲများ၊ ရှက်ဖျင်တဲများကိုလည်း အများအပြား တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် စစ်သားဟူ၍ကား များများစားစား မတွေ့ရတော့။ အုပ်ချုပ်ရေးဘက်မှ အရာရှိ အနည်းငယ်နှင့် ရဲဘော်အချို့သာ ကျန်နေတော့သည်။

မြန်မာပြည်အား စွန့်လွှတ်၍ အိန္ဒိယသို့ ပြောင်းရွှေ့တော့မည်ဟူသော သတင်းက နေရာအနှံ့ ပျံ့လျက်ရှိရာ အိန္ဒိယသို့ အသက်နှင့်ကိုယ် ဖိုးစားမကွဲဘဲ ရောက်လိုသော ဆန္ဒက နောက်ပိုင်းတွင် မည်ကဲ့သို့ဖြစ်ဖြစ်ဟူသော စိတ်မျိုးကို ပေါက်ဖွားလာစေသည်။ အိန္ဒိယသို့ မိဘဆွေမျိုးများထံ ခွဲ၍ လိုက်လိုသော မြန်မာစစ်သားအချို့မှာလည်း တပ်မှ တဖြောက်ဖြောက် ပျောက်ကွယ်ကြသည်။ အချို့သော တစ်ပြေမှာမှာ လူစု၍ အပြေ ထိုက်နေကြတော့၏။

ကျွန်ုပ်သည် မန္တလေးတွင် စုပုံနေသော ရိက္ခာနှင့် ခဲယမ်းများအနက်မှ ရိုင်ဖယ်များ၊ စက်သေနတ်များ၊ ခဲယမ်းများ၊ ဆေးဝါးများနှင့် စစ်ဖိနပ်များကို ရထားတွဲကလေး နှစ်တွဲဖြင့် မြန်မာပြည်အထက်ပိုင်းသို့ တင်ပို့ပေးလိုက်နိုင်သည်။

ရွာဝတီတောင်ဘက်ကမ်းမှနေ၍ အင်းဝတံတားကြီးကို ထိန်းသိမ်းလျက်ရှိသော ကျွန်ုပ်၏တပ်မကြီးသည် မြောက်ဘက်ကမ်းသို့ စနစ်တကျ ဖြတ်ကျော်သွားစေသည်။ တစ်စီးလျှင် (၁၃)တန်မျှလေးသော တင့်ကားများသာ ဖြတ်ကျော်ရန် ကျန်တော့သည်။ တံတားကြီးပေါ်ရှိ ရထားလမ်းမှာ တစ်ဖက်တစ်ချက်တွင် အများဆုံး (၆)တန်သာ အလေးဇော် ခံနိုင်ပေရာ ကျွန်ုပ်၏တင့်ကားများ ဖြတ်ကျော်ရန်အတွက် များစွာ စိုးရိမ်စရာ ဖြစ်နေလေသည်။

ကျွန်ုပ်သည် တောင်ဘက်ကမ်းထိပ်တွင် စီတန်းလျက်ရှိသော တင့်ကားများအား တစ်ကြိမ်လျှင် တစ်စင်းသာ တံတားပေါ်မှ ဖြတ်ကျော်စေသည်။ ပြောင်မြောက်လှသော ဗြိတိသျှဗိသုကာကျော်များ၏ လက်ရာဖြစ်သည့် အင်းဝတံတားကြီးသည် (၁၃)တန်မျှ အချိန်စီးသော ကျွန်ုပ်၏ တင့်ကားဇော်ကို ကောင်းစွာ ခံနိုင်စွမ်းရှိသည်ကို တွေ့ရ၏။

တင့်ကားအားလုံး တံတားကို ဖြတ်ကျော်ပြီးသည့်အချိန်တွင် တံတားပေါ်၌ အစောင့်ချထားသော အမှတ် (၆၃)တပ်မဟာမှ ရဲဘော်များကိုလည်း တပ်ရုပ်ရန် အမိန့်ပေးလိုက်သည်။ ထို့နောက် ည (၁၂)နာရီ ထိုးရန် (၁)မိနစ်သာ လိုတော့သော ဧပြီလ (၃၀)ရက်နေ့တွင် အင်းဝ တံတားကြီးကို ဖောက်ခွဲဖျက်ဆီးပစ်လိုက်၏။ တံတားကြီး၏အလယ်ယက်မကြီးများကား မြစ်ထဲသို့ ထိုးကျပျောက်ကွယ်သွားကြသည်။

မြန်မာပြည်အား ကျွန်ုပ်တို့က လက်လွှတ်လိုက်ရချေပြီဟူသော အမှတ်လက္ခဏာပါတည်း။

❦❦❦

## အခန်း (၇)

မိုင် (၉၀၀)ခရီးကို အောင်မြင်စွာ ဆုတ်ခွာလာပြီးနောက် အင်ဖာသို့ ရောက်လာပြန်တော့လည်း ကျွန်ုပ်တို့ ဒုက္ခမှာ အဆုံးမသတ်သေး။

အိန္ဒိယရှိ စစ်ဌာနချုပ်မှာ အရာရှိများ မကြာခဏ အပြောင်းအလဲရှိနေသောကြောင့် တစ်ကြောင်း၊ အိန္ဒိယပြည်၏ နိုင်ငံရေးအခြေအနေက အင်္ဂလိပ်တို့နှင့် အဆင်မပြေဖြစ်နေသောကြောင့် တစ်ကြောင်း၊ ကာလကတ္တားနှင့် အင်ဖာအကြားတွင် ခရီးသွားလာမှု မလွယ်ကူသည် တစ်ကြောင်းတို့ကြောင့် တောအတန်တန် တောင်အဆင့်ဆင့် ချောင်းအသွယ်သွယ်ကို ဒုက္ခအဆင်းရဲကြီးခံကာ ဖြတ်ကျော်လာခဲ့ရသော ကျွန်ုပ်တို့အား ကြည်ကြည်ဖြူဖြူ ပြုစုစောင့်ရှောက်ခံမည့်သူပင် မရှိသလောက် ဖြစ်နေလေသည်။

အင်ဖာသို့ ရောက်လာသည့်တိုင်အောင် မိုးပေါက်များ တဖြောက်ဖြောက် ကျနေသော သစ်ပင်များအောက်၌ စောင်ပင်လွှမ်းခြုံရန် မရှိဘဲ အိပ်စက်နားနေရသော စစ်သည်ရဲမက်များကို ကြည့်ကာ ကျွန်ုပ်သည် များစွာ စိတ်မကောင်းဖြစ်နေမိလေသည်။

စစ်သည် ရဲမက်တော်တိုင်းလိုပင် မြန်မာပြည် စစ်မျက်နှာ၌ တွေ့ခဲ့ရသော အနိဋ္ဌာရုံများ၏ ခြောက်လှန့်မှုနှင့် လမ်းခရီးတစ်လျှောက် အစားဆင်းရဲ အနေဆင်းရဲမှုတို့ကြောင့် စာခြောက်ရုပ်ကလေးများလို ဖြစ်နေကြ၏။ ကျားကို ခလုတ်၊ သစ်ငုတ်ကို သင်ဖြူး၊ ဆူးကို မွေ့ယာပမာ သဘောထားနိုင်ခဲ့ကြသူများမှာ စစ်နှင့်လွှတ်ရာ အင်ဖာသို့ ရောက်လာလျှင် အစားကောင်းကောင်းကျွေး၍ အနားကောင်းကောင်း ပေးတော့မည်ဟု အားတင်းခဲ့ကြ၏။ ယခုမူ မျှော်လင့်ခဲ့သည်နှင့် ဆန့်ကျင်ဘက် ဖြစ်နေလေတော့သည်။

မြန်မာပြည်တိုက်ပွဲတွင် ကျွန်ုပ်တို့ဘက်မှ ကျဆုံးသူ ထိခိုက်ဒဏ်ရာရသူနှင့် ပျောက်ဆုံးနေသူပေါင်း (၁၃၀၀၀)ခန့် ရှိခဲ့သည်။ ရန်သူဘက်တွင်မူ ကျွန်ုပ်တို့၏ သုံးပုံတစ်ပုံလောက်သာ ကျဆုံးဒဏ်ရာခဲ့သည်။

www.burmeseclassic.com

ကျွန်ုပ်ဦးစီးသော မြန်မာ့လက်နက်ကိုင်တပ်မကြီးတွင် အမြောက် အကြီး အငယ်ပေါင်း (၁၅၀)ရှိသည့်အနက် (၇၄)လက်သာ ချင်းတွင်း မြစ်ကမ်းပါးသို့ ရောက်လာနိုင်သည်။ ဤ (၇၄)လက် အနက်တွင်လည်း အမြောက် (၂၀)လက်သာ အင်ဖာသို့ ပါလာနိုင်တော့၏။ ကျွန်ုပ်၏ တပ်မကြီးတွင် ရှိခဲ့သော မော်တော်လော်ရီနှင့် ဂျစ်ကားများအနက် လော်ရီအစီး (၅၀)နှင့် ဂျစ်ကားအစီး (၃၀)သာ အိန္ဒိယသို့ ရောက်လာနိုင်တော့သည်။

ကျွန်ုပ်သည် ကြွင်းကျန်နေသမျှသော လက်နက် လူသူနှင့် မော်တော်ကားများကို မေလ (၂၀)ရက်နေ့တွင် အမှတ်(၄)တပ်မကြီးသို့ လွှဲပြောင်းပေးလိုက်ပြီးနောက် ကာလကတ္တားသို့ ထွက်လာခဲ့သည်။ ထို့နောက် ကျွန်ုပ်၏ ဌာနချုပ်အဖွဲ့ဝင်များရှိရာ ရန်ချီသို့ ခရီးဆက်ခဲ့၏။

ကျွန်ုပ်သည် ရက်သတ္တနှစ်ပတ် ခွင့်ယူ၍ ဆင်းမလားတွင် နေထိုင်လျက်ရှိသော ကျွန်ုပ်၏မိသားစုထံသို့ သွားရန် စီစဉ်နေစဉ် ကာလကတ္တားသို့သွား၍ အသစ်ဖွဲ့စည်းလိုက်သော အမှတ် (၁၅) အိန္ဒိယတပ်မကြီးအား အုပ်ချုပ်ရမည်ဟု အမိန့်ရောက်လာသည်။

ဤတပ်မကြီးသည် အရှေ့အိန္ဒိယ တပ်မတော်၏ လက်အောက်တွင် ရှိလျက်၊ ယင်းတပ်မတော်သည် အိန္ဒိယပြည် အရှေ့ဘက်ခြမ်း၏ ပြည်တွင်းလုံခြုံရေးနှင့် ပြည်ပအန္တရာယ်ကို ကာကွယ်သည့်တာဝန်ကို ထမ်းဆောင်နေရ၏။ အချက်အချာကျသော မီးရထားလမ်းမကြီးများ၊ ပြည်နယ်အစိုးရများ၊ အရေးကြီးသော ရိက္ခာလမ်းကြောင်းများကို စောင့်ရှောက်နေရသည်။ ပြည်ပအနေအားဖြင့် အိန္ဒိယ မြန်မာ့နယ်စပ်နှင့် ဘင်္ဂလား ဩရိသကမ်းခြေတွင် ဂျပန်များ အန္တရာယ် မပေးနိုင်အောင် ကာကွယ်နေရသည်။ အမှတ် (၄) တပ်မကြီးကမူ အင်ဖာတွင် အခြေစိုက်ထားလျက် အိန္ဒိယ၏ အရှေ့မြောက်ဘက် နယ်စပ်ကို စောင့်ကြပ်လျက်ရှိသည်။ အိန္ဒိယ၏ အရှေ့တောင်ဘက်တွင်မူ အစောင့်အရှောက် ကင်းမဲ့နေသည်။ မိုင် (၁၀၀)ခန့်ပင် ကျယ်မည်ဟု ထင်ရ၏။ သို့သော် တောထူထပ်သော တောင်မြင့်ကြီးများနှင့် ရေစီးသန်သော ချောင်းငယ်များက ကြားမှ တားဆီးလျက် ရှိနေသဖြင့် ယခုကဲ့သို့ မိုးရာသီတွင် ဂျပန်များ မည်သည့်နည်းနှင့်မျှ ထိုဒေသကို ဖြတ်ကျော်၍ ချီတက်လာနိုင်မည် မဟုတ်ဟု တွက်ရသည်။

အိန္ဒိယကမ်းခြေတစ်ခုလုံးကို ကာကွယ်ရန်အတွက် ရေတပ်နှင့် လေတပ်အင်အားကလည်း လွန်စွာ နည်းပါးနေသည်။ ကျွန်ုပ်သည် အမှတ် (၁၅) အိန္ဒိယတပ်မကြီး၏ တာဝန်ကို လက်ခံပြီးလျှင် ပြီးချင်း ကျွန်ုပ်၏စစ်ဦးစီးမှူးနှင့် ကျွန်ုပ်ထမ်းဆောင်ရမည့် တာဝန်သုံးရပ်ကို ဆွေးနွေးစီစဉ်သည်။ ကျွန်ုပ်၏ ပထမတာဝန်မှာ အိန္ဒိယအရှေ့တောင်ပိုင်းနှင့် နယ်စပ်ချင်းကပ်နေသော ရခိုင်ကမ်းရိုးတန်း မြောက်ပိုင်းမှနေ၍ ရန်သူများ အိန္ဒိယပြည်ထဲသို့ ချီတက်မလာနိုင်အောင် ဟန့်တားရန် ဖြစ်သည်။



ရန်သူသည် ကျွန်ုပ်တို့ကဲ့သို့ပင် မိုးတွင်း၌ ချီတက်လှုပ်ရှားလိုဟန် မရှိသည့်လက္ခဏာကို တွေ့ရသည်။ ထို့ကြောင့် ပထမတာဝန်ကို လတ်တလောလော ဆောင်ရွက်ရန် မလိုသေးဟု ဆုံးဖြတ်လိုက်သည်။ ဒုတိယတာဝန်မှာ အိန္ဒိယပြည် အရှေ့ဘက်ခြမ်း၏ ပြည်တွင်းလုံခြုံရေးကို ထိန်းသိမ်းရန် ဖြစ်၏။ အိန္ဒိယ၏ ပြည်တွင်းရေးအခြေအနေမှာ သာယာအေးချမ်းသည်ဟု မဆိုနိုင်ချေ။

အိန္ဒိယပြည်၌ ဩဇာအာဏာ အကြီးဆုံးပါတီဖြစ်သောကွန်ဂရက်ပါတီသည် အင်္ဂလိပ်ဆန့်ကျင်ရေးကို တက်ကြွစွာ လှုံ့ဆော်လျက် ရှိသည်။ အိန္ဒိယပြည်သူပြည်သားများအား မဟာမိတ်တို့ကို အကူအညီ မပေးရန် စည်းရုံးလျက် ရှိနေသည်သာမက အိန္ဒိယလူငယ်များအား စစ်ထဲသို့ မဝင်ကြရန်၊ စစ်တပ်ထဲသို့ ရောက်နေပြီဖြစ်သော စစ်ပါရီများအား တပ်တွင်းပုန်ကန်မှုများ ပြုလုပ်ရန် လျှို့ဝှက်စွာ သွေးဆောင်နေသည်။

ကွန်ဂရက်ပါတီမှ ခေါင်းဆောင်အများစုသည် ဂျပန်ကို အမျှော်ကြီးမျှော် နေကြသည်။ ဂျပန်တို့သည် အလုံးအရင်းဖြင့် အိန္ဒိယပြည်ထဲသို့ ဝင်ရောက်လာပြီးနောက် အိန္ဒိယပြည်အား လွတ်လပ်ရေးပေးကာ ချက်ချင်းပင် ပြန်၍ ထွက်ခွာသွားကြမည်ဟု ထင်နေကြ၏။ ထိုခေါင်းဆောင်များသည် တရုတ်ပြည်တွင် ဂျပန်က မည်သို့ မည်ပုံ လုပ်ကိုင်နေသည်ကို ထည့်သွင်းစဉ်းစားဟန် မတူ။

ကွန်ဂရက်ပြီးနောက် ဒုတိယ ဩဇာအာဏာ အကြီးဆုံးပါတီဖြစ်သော မွတ်စလင်လိဂ် ကမူ ကွန်ဂရက်လောက် အင်္ဂလိပ်ဆန့်ကျင်ရေးကို မြင်းပြင်းထန်ထန် မပြုလုပ်သော်လည်း မဟာမိတ်တို့အား စစ်ရေးအကူအညီပေးရန် ငြင်းဆန်လျက် ရှိသည်။

ကွန်ဂရက်နှင့် မွတ်စလင်လိဂ်တို့၏ လှုံ့ဆော်စည်းရုံးချက်သည် လက်ငင်းအားဖြင့် ကျွန်ုပ်တို့၏ စစ်သားစုဆောင်းရေးနှင့် ဥပဒေထိန်းသိမ်းရေးတို့ကို ထိခိုက်ခြင်း မရှိသော်လည်း လူထုအတွင်းတွင်မူ ကောလာဟလသတင်းများ ပျံ့နေကာ တစ်နေ့နေ့တွင် ဆူပူပေါက်ကွဲလာတော့မည်ဟု ခန့်မှန်းရလေသည်။

ကျွန်ုပ်၏တတိယတာဝန်မှာ ပင်လယ်မှနေ၍ ရေတပ်ဖြင့် ချီတက်လာမည့် ရန်သူအား တားဆီးရန် ဖြစ်၏။ သို့သော် ကျွန်ုပ်တို့တွင် ရေတပ်သော်လည်းကောင်း၊ လေတပ်သော်လည်းကောင်း အသင့်စီစဉ်ပြီးသား မရှိ။ ကျွန်ုပ်တို့နှင့်အနီးဆုံး ရေတပ်မှာ အရှေ့အာဖရိကတွင် ရှိနေသည်။ သို့တိုင်အောင် ရန်သူရေတပ်အင်အားနှင့် မနှိုင်းယှဉ်သာအောင် နည်းပါးလျက် ရှိသည်။

ထို့အတူ ကျွန်ုပ်တို့ဘက်မှ ရရှိနိုင်မည့် လေတပ်အင်အားမှာလည်း ရန်သူနှင့် မည်သည့်နည်းနှင့်မျှ ဘက်မပြိုင်နိုင်အောင် ဖြစ်နေသည်။ ရန်သူသည် ရေတပ်ဖြင့် ဟူဂလီမြစ်ဝသို့ ထိုးဝင်ကာ ကာလကတ္တားအား

www.burmeseclassic.com

www.burmeseclassic.com

တိုက်ခိုက်ခဲ့လျှင် သို့မဟုတ် ဂင်္ဂါနှင့် ဗြဟ္မပုတ္တရမြစ်တို့ ပင်လယ်ထဲသို့ စီးဝင်ရာ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သော ဆန်ဒါဘန်ကို ရေတစ်ပိုင်း ကုန်းတစ်ပိုင်းစစ်ဆင်ကာ ကာလကတ္တားအား နောက်မှနေ၍ တိုက်ခိုက်ခဲ့လျှင် အာသံရှိ ကျွန်းပ်တို့တပ်များနှင့် ဘင်္ဂလားရှိ ကျွန်ုပ်တို့တပ်များ အဆက်အသွယ်ပြတ်၍ သွားနိုင်ပေသည်။

ကျွန်ုပ်တို့နှင့် လက်လှမ်းမီရာတွင် ရေတပ်သော်လည်းကောင်း၊ လေတပ်သော်လည်းကောင်း လွယ်လင့်တကူ မရှိသောကြောင့် ရန်သူကသာ အထက်တွင် ပြဆိုခဲ့သည့်နည်းအတိုင်း ထိုးစစ်ဆင်လာခဲ့သော် ကျွန်ုပ်တို့သည် ကျောက်ရုပ်လို ငုတ်တုတ်ကြီးခံဖို့သာ ရှိသည်။

ဤကဲ့သို့ အခြေအနေ ဆိုးနေချိန်တွင် ကျွန်ုပ်တို့၏ ထောက်လှမ်းစုံစမ်းရေး စနစ်မှာလည်း လွန်စွာ ညံ့ဖျင်းနေသည်။ ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေး၊ တယ်လီဖုန်း ဆက်သွယ်ရေးနှင့် ကြေးနန်းဆက်သွယ်ရေးမှာလည်း နှံချာလှသည်။

ကျွန်ုပ်သည် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးဌာနမှ သင်္ဘောများ၊ မော်တော်များကို သိမ်းယူကာ ယခင်က ရေတပ်တွင် အမှုထမ်းဆောင်ဖူးသော စစ်သားဟောင်းကြီးများနှင့် အပျော်တမ်း ရွက်လှေစီးသူများအား မာလိန်အဖြစ် ခန့်အပ်၍ ကိုယ့်ရေတပ်ကို ကိုယ် ဖန်တီးရတော့သည်။

တစ်နာရီလျှင် စက်ကုန်ဖွင့်ပါမှ (၈)မိုင်မျှသာ သွားနိုင်၍ အကြီးဆုံးလက်နက်အဖြစ် နှစ်ပေါင်ဒါ အမြောက်သာ တပ်ဆင်နိုင်သော မြစ်တွင်းသွား သင်္ဘောများသည် ပင်လယ်သို့ ထွက်၍ အိန္ဒိယ၏ အရှေ့ဘက်ကမ်းခြေကို ကာကွယ်ကြသည်။

ရန်သူဘက်မှ ရေငုပ်သင်္ဘောမှာ ရေပြင်ပေါ်တွင် တစ်နာရီလျှင် (၁၈)မိုင် ပြေးနိုင်သည်။ လေးလက်မ အမြောက်လည်း ပါသည်။ သို့သော် ကျွန်ုပ်၏ရေတပ်က မီးခိုးတလူလူဖြင့် အုပ်စုဖွဲ့၍ ပင်လယ်ကမ်းခြေတစ်လျှောက်တွင် လှုပ်ရှားနေသောအခါ ရန်သူသည် ကျွန်ုပ်၏ ရေတပ်ကို အထင်ကြီးသွားပုံ ရလေသည်။ ကျွန်ုပ်တွေးတော စိုးရိမ်သကဲ့သို့ ဟူ ဂလီ မြစ်ဝသို့သော်လည်းကောင်း၊ ဆန်ဒါဘန် မြစ်ဝကျွန်းပေါ်ဒေသသို့သော်လည်းကောင်း ရန်သူများ လာရောက်တိုက်ခိုက်ခြင်း မရှိ။

ကျွန်ုပ်၏ ဌာနချုပ်အား ကာလကတ္တားမှ ဟူဂလီမြစ်ကမ်းပေါ်ရှိ ဘာရက်ပို သို့ ပြောင်းရွှေ့လာသောအခါ မြန်မာပြည်စစ်မျက်နှာနှင့် အိန္ဒိယအရှေ့ပိုင်းတွင် အသုံးပြုရန် လေတပ်အုပ်စုကလေးတစ်ခုလည်း ရရှိလာသည်။ လေတပ် လက်ထောက် ဗိုလ်ချုပ်ဖြစ်သူ ဝီလီသည် ကျွန်ုပ်နှင့် စိတ်တူသဘောတူ ဖြစ်သည်။ သူ၏ လုံ့လဥဿာဟကြောင့် မဟာမိတ်ဘက်မှ လေတပ်အင်အားသည် နောက်ပိုင်းတွင် ရန်သူထက် သာ၍ လာခဲ့လေသည်။



ကျွန်ုပ်သည် အိန္ဒိယအရှေ့ဘက်ပိုင်းတွင် ရှိသမျှသော အလုပ်ရုံ စက်ရုံ မှန်သမျှအား စက်ပစ္စည်းများ စစ်အသုံးအဆောင်များ ထုတ်လုပ်သော စက်ရုံများအဖြစ်သို့ ပြောင်းလဲလိုက်သည်။ သင်္ဘောကျင်းမှန်သမျှကိုလည်း နှစ်ဆယ့်လေးနာရီ အလုပ် လုပ်စေသည်။

ဤသို့အားဖြင့် ဤ စက်ရုံအလုပ်ရုံနှင့်သင်္ဘောကျင်းများမှ ထွက်လာသော စစ်အသုံးအဆောင်နှင့် သင်္ဘောငယ်များမှာ မြန်မာပြည်မှ စစ်မျက်နှာတွင်သာမက အာရှအရှေ့တောင်ပိုင်း တစ်ခုလုံးတွင်ပါ အသုံးပြုနိုင်အောင် တိုးတက်များပြားခဲ့သည်။

(၁၉၄၂)ခုနှစ်၊ ဇူလိုင်လသို့ ရောက်လာသောအခါ အိန္ဒိယအရှေ့ပိုင်း တပ်မတော်အား အုပ်ချုပ်ရန် ဗိုလ်ချုပ်အသစ်တစ်ဦး ရောက်လာသည်။ သူ့အမည်ကား အာဝင်ဖြစ်သည်။ ဗိုလ်ချုပ်ကြီးအာဝင်က စီစဉ်ထားသော ရခိုင်ပြည်နယ် ထိုးစစ်ကို သူကိုယ်တိုင် ဦးစီးချင်သည်။

ထို့ကြောင့် ကျွန်ုပ်က ရန်ချီသို့ ပြောင်းရွှေ့၍ အမှတ် (၁၅) တပ်မကြီးမှ တပ်သားသစ်များအား သင်တန်းပေးသည့် တာဝန်ကိုယူပါဟု မေတ္တာရပ်ခံသည်။

ရန်ချီသို့ ပြောင်းရွှေ့ရန် စီစဉ်နေစဉ် ယခင်အခါက တစ်စုံတစ်ခု ဆွေးနွေးဖြစ်နေခဲ့သော နိုင်ငံရေးဆူပူမှုသည် ပုန်ကန်မှုအဖြစ် အုံကြွ၍ ပေါက်ကွဲလာခဲ့၏။

ဘင်္ဂလားနှင့် ဘီဟာနယ်တွင် လက်နက်စွဲကိုင်၍ ပုန်ကန်ထကြွနေကြလေပြီ။

အိန္ဒိယခေါင်းဆောင်ကြီးဖြစ်သူ ဂန္ဒီက အိန္ဒိယ တစ်ပြည်လုံးတွင် တရားဥပဒေ ဆန့်ကျင်ရေး ဆန္ဒပြပွဲများ ပြုလုပ်ကြရန် ကြေညာချက်ထုတ်ပြန်လိုက်သည်။ အင်္ဂလိပ်တို့အား အိန္ဒိယမှ မောင်းထုတ်ပစ်ရန် ရည်ရွယ်ချက်ဖြင့် ကြေညာလိုက်ခြင်းပင်တည်း။

ဂန္ဒီနှင့်တကွ ကွန်ဂရက်ခေါင်းဆောင်ကြီးများအား အစိုးရက ဖမ်းဆီး၍ ထောင်သွင်းကာ အကျဉ်းချထားလိုက်သည်။ ကွန်ဂရက်ခေါင်းဆောင်ငယ်များသည် ***ဂန္ဒီကြီး၏ "သေသည်အထိ ဆန္ဒပြရမည်"ဟူသော ကြွေးကြော်ချက်ကို အစွဲပြုကာ အကောက်မှားတာ ယတ်နတ်တိုင်၍ ပုန်ကန်ထကြွကာ ဆန္ဒပြကြတော့၏။***

ကာလကတ္တားတွင် ကျောင်းသားနှင့် အလုပ်သမားများ ပူးပေါင်း၍ ဆန္ဒပြရာမှ အစိုးရနှင့် အဓိကရုဏ်းဖြစ်လာတော့သည်။ အစိုးရပိုင် ဓာတ်ရထားများအား ဆန္ဒပြသမားများက တားဆီးတော မီးရှို့ပစ်လိုက်ကြလေသည်။

အစိုးရ၏ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ တပ္ပိမော်တော်ဆိုင်ကယ်များကို တိုက်ခိုက်လုယက်ကြသည်။ ကြေးနန်းကြိုးများ တယ်လီဖုန်းကြိုးများကို ဖြတ်တောက်ပစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အခြေအနေမှာ ထိန်း၍ သိမ်း၍မှ ရပါတော့မည်လားဟု စိုးရိမ်နေရပါသည်။ သို့သော် ကျွန်ုပ်တို့သည် မုဆိုးမအား ခဲနှင့် ဝိုင်း၍ပေါက်ကြသောအခါ ငြိမ်၍ခံနေသလို ဘာမှ မလှုပ်ဘဲ ငြိမ်ခံမနေသည်ကို သိလာကြသောအခါ ဆန္ဒပြသမားများသည် သူတို့၏သေနင်္ဂဗျူဟာကို ပြောင်း၍ပစ်လိုက်ကြတော့၏။ မကြာမီမှာပင် ကာလကတ္တားမှ အဓိကရုဏ်းမှာ ငြိမ်သက်သွားလေသည်။

ဘီဟာနယ်တွင်မူ ဆန္ဒပြသမားများသည် တုတ်၊ ဓားနှင့် လေးမြားများအပြင် သေနတ်များကိုပင် ကိုင်ဆောင်ကာ တစ်နယ်လုံးရှိ မီးရထားများ၊ ဘူတာရုံများကို လုယက်ဖျက်ဆီးကြသည်။ မီးရထားသံလမ်းများကို ဖျက်ကာ ဘူတာရုံများကို မီးတင်ရှို့သည်။ ကြေးနန်းပို့သည့် စက်များကို ရိုက်ချိုးကြသည်။ မီးရထားထဲတွင် ပါလာသော မျက်နှာဖြူများအား တွဲထဲမှဆွဲထုတ်၍ အပိုင်းပိုင်းခုတ်ထစ်ကြသည်။

မြန်မာနယ်စပ်သို့ ပေးပို့နေကျ ရိက္ခာများမှာ ရက်ပေါင်းအတန်ကြာအောင် မပို့ရဘဲ နှောင့်နှေးနေတော့၏။ ဘီဟာနယ်၏ မြို့တော်ဖြစ်သော ပတ္တနား မြို့ကြီးများဖြစ်သော ဂါယာနှင့် ကာလကတ္တားတွင် ကျိုးနှင့်ဖုတ်ဖုတ် ဖြစ်နေသည်။ ဂါတ်တဲတွင် ရှိနေသော ပုလိပ်များမှာ ဂါတ်တဲသို့ဝင်၍ ရိုက်ခြင်းကို ခံနေရ၏။ မင်းမရှိသော တိုင်းပြည်လို ဖြစ်နေလေတော့သည်။

ဘင်္ဂလားနှင့် ဘီဟာနယ်မှ ပုန်ကန်မှုများမှာ ဂျပန်၏ ထိုးစစ်နှင့်များ ဇာတ်တိုက်၍ ထားလေသလားဟုပင် ကျွန်ုပ်တို့ တွေးထင်လာတော့သည်။ ကျွန်ုပ်တို့သည် အခြေအနေကို ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် မီးရထားများကို ပြန်၍ ထွက်နိုင်အောင် ကြိုးစားရ၏။ ဤကဲ့သို့ ဘင်္ဂလားနှင့် ဘီဟာတစ်နယ်လုံး အသွားအလာ ပြတ်တောက်နေသည့် အချိန်တွင် ဂျပန်များ စစ်ချီ၍ မလာခြင်းကို ထောက်၍ ကွန်ဂရက်နှင့် ဂျပန်များအဆက်အသွယ်မရှိဟုပင် ယူဆရတော့မည်။

ဘင်္ဂလားတွင် ဆယ့်လေးငါးရက်အတွင်း အခြေအနေ ငြိမ်သက်သွားသော်လည်း ဘီဟာနယ်တွင်မူ ဆူပူဆဲပင် ရှိသည်။ သြဂုတ်လသို့ ရောက်လာသောအခါ အခြေအနေမှာ အတော်ပင် ကောင်းမွန်လာပြီဖြစ်၍ ကျွန်ုပ်သည် ဗိုလ်ချုပ်ကြီးဖောဝဲနှင့် မူလ စီစဉ်ထားသည့်အတိုင်း ရန်ချီသို့ သင်တန်းပေးရန် ထွက်လာခဲ့လေသည်။

❖❖❖

# အခန်း (၄)

အမှတ် (၁၅) တပ်မကြီးအား တိုက်ရည်ခိုက်ရည် ရှိသော တပ်ကြီးအဖြစ် သင်တန်းပေးပြီးနောက် ရခိုင်ပြည်နယ်အား ပြန်လည်ထိုးစစ်ဆင်တာဝန်ယူရသောအချိန်၌ ရခိုင်ပြည်နယ်မှာ ရခိုင်နှင့် မူဂျာဟစ်အဓိကရုဏ်းကြောင့် ကျိုးလန့်တစားနေရသောအချိန် ဖြစ်၏။

ရခိုင်တွင် ဂျပန်တို့၏ လှုပ်ရှားသွားလာမှုကို ကျွန်ုပ်တို့က ကောင်းစွာ စုံစမ်းထောက်လှမ်း၍ မရနိုင် ဖြစ်နေသည်။ ထို့ကြောင့် ဗီ တပ်ဖွဲ့ကို ရခိုင်ပြည်နယ်တွင် စ၍ တည်ထောင်ရတော့သည်။ နယ်မြေကျွမ်းကျင်သည့် အင်္ဂလိပ်အရာရှိတချို့အား ရခိုင်ပြည်နယ်ထဲသို့ စေလွှတ်ကာ ယုံကြည်စိတ်ချရသူများကို စု၍ ရန်သူတို့၏ လှုပ်ရှားမှုကို စုံစမ်းထောက်လှမ်းခိုင်းသည်။

ကျွန်ုပ်တို့နည်းတူ ဂျပန်တို့ကလည်း စုံစမ်းထောက်လှမ်းရေးအဖွဲ့များဖွဲ့၍ ကျွန်ုပ်တို့၏ လှုပ်ရှားမှုကို စုံစမ်းထောက်လှမ်း၏။ သို့သော် ကျွန်ုပ်တို့၏ အရာရှိများက ရန်သူများနှင့် ဉာဏ်ရည်တူနေစေကာမူ ပေါင်းသင်းဆက်ဆံရေးနှင့် ငွေရေးကြေးရေး ကောင်းမွန်နေသဖြင့် ရန်သူထက်ပို၍ ထောက်လှမ်းနိုင်ကြသည်။

ကျွန်ုပ်တို့၏ ရှေ့တန်းအကျဆုံး ကင်းစခန်းမှာ ကောက်ဘဇား ဖြစ်၏။ (၁၉၄၂)ခုနှစ်၊ ဇူလိုင်လတွင် ရခိုင်အမျိုးသားများအား လက်နက်ထုတ်ပေး၍ ဂျပန်အား အနှောင့်အယှက်ပေးရန် စီစဉ်ကြသေးသည်။ သို့သော် စောလွန်းသည်ဟူသော အကြောင်းပြချက်ဖြင့် ထိုအစီအစဉ်မှာ ပျက်သွားခဲ့သည်။

ကောက်ဘဇားတွင် တာဝန်ယူထားသူများမှာ စစ်သားများမဟုတ်ဘဲ လက်နက်ကိုင်ပုလိပ်များသာ ဖြစ်နေ၏။ စစ်တကောင်းတွင်မှ လွှိုက် ဦးစီးသော ကျွန်ုပ်တို့၏ တပ်တစ်တပ် ရှိနေသည်။ ဇူလိုင်လအတွင်းတွင် အိန္ဒိယစစ်ဌာနချုပ်က ရခိုင်ပြည်နယ်ထိုးစစ်ကို စစ်ဆင်ရေးပြီဟု သဘောရသည်။

www.burmeseclassic.com

မေယုကျွန်းဆွယ်မှ ရန်သူများကို မောင်းထုတ်ကာ စစ်တွေကို သိမ်းယူရန် ဖြစ်၏။

ထိုအချိန်က မြန်မာပြည်တွင် ဂျပန်တပ်မ လေးခုသာ ရှိသေးသည်။ တပ်မ လေးခုအနက် တပ်မတစ်ခုက မြန်မာပြည် အရှေ့မြောက်ဘက်ဖျားတွင် တပ်စွဲကာ ယူနန်မှ တရုတ်တပ်များ ဆင်းမလာနိုင်အောင် ကာကွယ်နေသည်။ တပ်မ နှစ်ခုမှာ အာသံစစ်မျက်နှာနှင့် မြန်မာပြည် အလယ်ပိုင်းတွင် တာဝန်ယူနေသည်။ စတုတ္ထတပ်မဖြစ်သော အမှတ်(၅၅)တပ်မမှာ မြန်မာပြည်အလယ်ပိုင်းကို ကာကွယ်လျက် ရှိသည်။ ရခိုင်ပြည်နယ်တွင် ဤတပ်မမှ ဖွဲ့ယူထားသော တပ်အချို့နှင့် အခြား တပ်မများမှ စုဆောင်းထားသော တပ်ဖွဲ့တစ်ခုသာ ရှိသည်။

အင်အားမှာ တပ်ရင်း လေးရင်းစာထက် မပို။

ကျွန်ုပ်တို့ဘက်မှ အင်အားမှာ ရန်သူထက် များစွာ သာလျက်ရှိသဖြင့် မြန်မာပြည်ထိုးစစ်ကို ရခိုင်တိုက်ပွဲဖြင့် နိဒါန်းပျိုးလိုက်လျှင် ကျွန်ုပ်တို့ဘက်မှ အကျိုးများနိုင်စရာရှိသည်။ သို့သော် ရခိုင်ပြည်နယ်၏ နယ်မြေအနေအထားက ကျွန်ုပ်တို့အား ဒုက္ခပေးလျက် ရှိနေပြန်သည်။ မေယုကျွန်းဆွယ်သည် မိုင်(၉၀)ခန့်ရှည်၍ မြောက်ဘက်တွင် မိုင်(၂၀)ခန့်ကျယ်သည်။ ကျွန်းဆွယ်၏ အလယ်တွင် ပေ(၂၀၀၀)ခန့်မြင့်မားကာ ဓားသွားကို ထောင်ထားသလို မတ်စောက်၍ ချွန်ထက်နေသော မေယုတောင်တန်းကြီးသည် အလျားလိုက် တည်ရှိနေသည်။ တောင်တန်းကြီး၏ တစ်ဖက်တွင် ကျဉ်းမြောင်းသော ဝင်လယ်ကမ်းခြေရှိကာ အခြားတစ်ဖက်တွင် မေယုမြစ်ကြီး ရှိသည်။ မြစ်နှင့်တောင်တန်းကြားတွင် ချောင်းငယ်မြောင်းငယ်ဝေါင်းမြောက်မြားစွာ ရှိနေလေသည်။ ခံစစ်အတွက် နေရာကောင်းသလောက် ထိုးစစ်အတွက် အခက်တွေ့နေသော နယ်မြေအနေအထားတည်း။

ရခိုင်ပြည်နယ်ထိုးစစ်မှာ စစ်တွေကို သိမ်းယူရန်သာ ဖြစ်သည်။ ကျွန်ုပ်တို့ဘက်မှ အင်အားသာနေသောကြောင့်လည်း နိုင်မည်ဟု တွက်နေကြ၏။ စစ်တွေမှာ နယ်မြေအကျယ်အဝန်းအရ ဘာမှ တန်ဖိုးမရှိသော်လည်း စိတ်ဓာတ်အရမူ များစွာ တန်ဖိုးရှိနေသည်။ မြန်မာပြည်မှ ဒရောသောပါး ပြေးလာခဲ့ရသော ကျွန်ုပ်တို့သည် စစ်တွေကို သိမ်းယူနိုင်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ မဟာမိတ်များအပေါ်တွင် မျက်နှာပန်းလှရုံသာမက ကျွန်ုပ်တို့ဘက်မှ စစ်သည်တော်များ၏ စိတ်ဓာတ်ကိုလည်း မြှင့်တင်ပေးနိုင်မည် ဖြစ်၏။ ဤထိုးစစ်ကို အိန္ဒိယအရှေ့ပိုင်း တပ်မတော်ကပင် တာဝန်ယူ၍ တိုက်ခိုက်မည်ဟု စီစဉ်လာသဖြင့် ကျွန်ုပ်သည် ဩဂုတ်လတွင် ရန်ချီသို့ ပြန်သွားကာ အကြည့်သမားအဖြစ်သာ စောင့်၍ ကြည့်နေခဲ့၏။ အိန္ဒိယ အရှေ့ပိုင်း တပ်မတော်ဌာနချုပ်သည် မိမိတို့၏ အင်အားသာသော အဖြစ်ကို ချက်ကောင်းယူ၍ မေယုကျွန်းဆွယ်ထိုးမြေပြင်မှပင် ထင်ထင်ရှားရှား တက်၍တိုက်မည်ဟု ဆုံးဖြတ်လိုက်၏။



ရာသီဥတု ဆိုးဝါးသောကြောင့် လည်းကောင်း၊ ရိက္ခာနှင့် ခဲယမ်းများ စုဆောင်းရာတွင် ကြန့်ကြာနေသောကြောင့် လည်းကောင်း ရခိုင်ပြည်နယ်ထိုးစစ်ကို ဒီဇင်ဘာလ အလယ်လောက်တွင်မှ စတင်နိုင်တော့သည်။ တပ်ဦးအဖြစ် တာဝန်ယူရသော အမှတ် (၁၄) တပ်မသည် ပင်လယ်ကမ်းခြေနှင့် မေယုမြစ်ကမ်းခြေမှနေ၍ မေယုကျွန်းပေါ်သို့ စတင်တက်သောအခါ ကုလားတန်မြစ်ဝှမ်းမှ စစ်ကူတပ်က အသင့်ပြင်ထားသည်။ မေယုတောင်တန်းမှာမူ ထရံကဲ့သို့ မတ်စောက်ကာ ဓားသွားကဲ့သို့ ချွန်ထက်သဖြင့် မည်သူမျှ တက်ရောက်နိုင်မည် မဟုတ်ဟု ယူဆကာ လွှတ်ထားသည်။ ထို့ကြောင့် တောင်တန်းတစ်ဖက်တစ်ချက်မှ ချီတက်ရသော တပ်မတော်များမှာ တစ်တပ်နှင့်တစ်တပ် ခရီးကွာကာ အင်အားနည်းသွားတော့သည်။

သို့သော် ထိုးစစ်၏ အစနိဒါန်းမှာ အောင်မြင်မှုရနေ၏။ နတ်မြစ်ဝတွင် ရှိသော သင်္ဘောဆိပ်မြို့ကလေး ဖြစ်သည့် မောင်းတောကို ကျွန်ုပ်တို့ဘက်မှ သိမ်းပိုက်ရရှိသည်။ ထိုနောက် ဘူးသီးတောင်ကိုလည်း ပြင်းပြင်းထန်ထန် တိုက်ခိုက်ရခြင်း မရှိဘဲ သိမ်းယူနိုင်သည်။ မောင်းတောနှင့် ဘူးသီးတောင်ကို ဆက်သွယ်ထားသော ဥမင်လမ်းကြောင်းသည်လည်း ကျွန်ုပ်တို့လက်ထဲသို့ ရောက်ရှိလာသည်။

(၁၉၄၂)ခုနှစ် ကုန်လုဆဲဆဲအချိန်တွင် လွိုက် ဦးစီးသော အမှတ်(၁၄)တပ်မှ တပ်မတော်သားများသည် မေယုတောင်တန်း၏ ညာဘက်သို့ ရောက်ရှိနေကာ မေယုကျွန်းဆွယ်ထိပ်မှ ဆယ်မိုင်ခန့်သာ ကွာဝေးသော ဒုန်းပိုက်သို့ တဖြည်းဖြည်း ချဉ်းကပ်လာနေကြ၏။ တိုက်ကင်းအဖွဲ့တစ်ဖွဲ့မှာမူ စစ်တွေကျွန်းနှင့် မေယုကျွန်းဆွယ်ကြားတွင် ခြားနေသည့် ရေလက်ကြားကလေးသို့ပင် ရောက်လာနိုင်သည်။

သို့သော် ဇန်နဝါရီလ (၆)ရက်နေ့သို့ ရောက်လာသောအချိန်၌ကား စစ်ကူရောက်လာသော ဂျပန်တပ်များသည် ဒုန်းပိုက်နှင့် ရသေ့တောင်တွင် ကျင်းများ အခိုင်အခံ့တူးကာ လွိုက်၏ထိုးစစ်ကို ပြင်းပြင်းထန်ထန် ခုခံလာကြတော့၏။ လွိုက်၏ လက်ဝဲတောင်ပံက ရသေ့တောင်ကို စွန့်စွန့်စားစား တိုက်သည်။ သို့သော် တပ်လန်၍ ကျလာ၏။ ဒုန်းပိုက်ကို တိုက်သော လက်ယာတောင်ပံမှာလည်း အထိနာလာသည်။

ဒုန်းပိုက်တွင်ရှိသော ရန်သူ့အင်အားမှာ တပ်ရင်းတစ်ရင်းစာထက် မပို။ သို့သော် အနေအထား ကောင်းမွန်မှုကြောင့် လွိုက်၏ တပ်သားများက ထိုးဖောက်၍ မရနိုင်ဘဲ ဖြစ်နေ၏။ စစ်မျက်နှာမှာ ပင်လယ်နှင့် တောင်အကြားတွင် ဖြစ်နေ၍ ကျဉ်းမြောင်းနေသည့်အထဲတွင် ရန်သူ့ဂိုဏ်ဘန်ကာများကလည်း ပစ်ခတ်ထိုးဖောက်၍ မရနိုင်၊ မမြင်နိုင်အောင် ပုံဖျက်၍ ထားကြသဖြင့် လွိုက်၏ တပ်မတော်သားများတာရှေ့သို့ စွန့်စား၍ တက်လိုက်တိုင်း တပုန်းပုန်း ကျဆုံးနေရတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် ဤအချိန်မှစ၍ ခိုင်ခံ့ကောင်းမွန်လှသော ဂျပန် ဘန်ကာများကို စစ်ပြီးသည်အထိ ရင်ဆိုင်ကြရတော့သည်။ အချက်အချာ နေရာကောင်းကောင်းတွင် ကျင်းကို နက်နက်တူးကာ အပေါ်မှ သစ်တုံး ကြီးများ ဖုံးထားပြီး ထိုသစ်တုံးများပေါ်တွင် မြေကြီးကို ထု လေးပေ ငါးပေ ခန့် မြင့်အောင် ထပ်၍ ဖုံးထားသည်။ ထိုနောက် ကိုက်ငါးဆယ်ခန့်အထိ ကပ်လာသည့်တိုင် ရုတ်တရက် မမြင်နိုင်အောင် သစ်ကိုင်းသစ်ရွက်များ ဖြင့် ဖုံးဝှက်ထားသည်။ ဘန်ကာတစ်ခုလျှင် ငါးယောက်မှ အယောက်နှစ် ဆယ်အထိ အလျဉ်းသင့်သလို ချထားကာ အပေါ့စားနှင့် အလတ်စားသေ နတ်များကို လှိုင်လှိုင်ကြီး ပေးထားသည်။ ဘန်ကာများမှာ မြေပြင်ပစ် အမြောက်နှင့် ဖောက်ခွဲသည့်တိုင် မပြိုဘဲ ရပ်တည်နိုင်ပြီး အလတ်စားဗုံး တစ်လုံး တိုက်ရိုက်ကျလာသည်ကိုပင် ခံနိုင်စွမ်းရှိသည်။ ဘန်ကာများကို တစ်ခုနှင့်တစ်ခု အကူအညီပေးနိုင်အောင် ဖိုခနောက်ဆိုင် တည်ထားလေ့ ရှိသည်။ ထို့ကြောင့် ဘန်ကာတစ်ခုအား တိုက်ခိုက်သည့် အဖွဲ့တစ်ဖွဲ့ သည် အခြားဘန်ကာနှစ်ခုမှ ပစ်ခတ်ခြင်း မခံရဘဲ မည်ကဲ့သို့မျှ တိုက်၍ မရအောင် ဖြစ်ရတော့သည်။

ဒုန်းပိုက်နှင့် ရသေ့တောင်တွင် လှိုက်၏တပ် အထိနာနေသည့် သတင်းမှာ အိန္ဒိယ အရှေ့ပိုင်းတပ်မတော်အတွင်းတွင် ပျံ့နှံ့လာလေ၏။ ထိုစစ်အစက မြူမှုန်ကြွကြွဖြစ်နေသော စစ်သည်တော်များမှာလည်း ဤ သတင်းကြောင့် စိတ်တင်း၍ မရနိုင်လောက်အောင်ပင် ဖြစ်လာကြ၏။ အထိနာနေသူများအား သွေးသစ်လောင်းပေးနိုင်ရေးအတွက် အိန္ဒိယတပ် မဟာလေးခုနှင့် ဗြိတိသျှတပ်မဟာတစ်ခုကို စစ်ကူပို့ပေးသည်။ ယခု အချိန်တွင် အမှတ် (၁၄)တပ်မ၌ ပထမရှိပြီး တပ်မဟာများနှင့်ပေါင်းသော် တပ်မဟာပေါင်း ကိုးခုပင် ရှိလာသည်။ တပ်မဟာကိုးခုနှင့် ဝိုင်း၍တိုက် ခြင်းမှာ ကျွန်ုပ်တွေ့ဖူးသမျှ အကြီးအကျယ်ဆုံး တိုက်ခိုက်မှုပင် ဖြစ်တော့ သည်။

ရန်သူတို့၏ ဘန်ကာများကို ချေမှုန်းနိုင်ရန်အတွက် တင့်ကား တပ်ဖွဲ့တစ်ဖွဲ့ကို အမှတ်(၁၅)တပ်မကြီးမှ ပို့ပေးရမည်ဟု အိန္ဒိယ အရှေ့ ပိုင်း တပ်မတော်ဌာနချုပ်က ဆိုလာပြန်၏။ တင့်ကားတပ်မဟာမှူးနှင့် ကျွန်ုပ်တို့က မဖြစ်စလောက်သော တင့်ကားတပ်ဖွဲ့ကို ပေးပို့ခြင်းအားဖြင့် အကျိုးရှိနိုင်မည် မဟုတ်ကြောင်းကို အကြောင်းပြ၍ ကန့်ကွက်ကြသည်။ သို့သော် အထက်မှ ပေးသော အမိန့်ဖြစ်၍ မည်သို့မျှ မလွန်ဆန်နိုင်။

ဒုန်းပိုက်ကို တင့်ကားအကူအညီဖြင့် တတိယအကြိမ်မြောက် တိုက်ခိုက်ပြန်သည်။ သို့သော် လက်တစ်ဆုပ်စာမျှရှိသော တင့်ကားတပ် မှာ တိုက်ပွဲဖြစ်၍ မကြာမီပင် ကျွမ်းထိုးမှောက်ခုံ ဖြစ်ကုန်ကြတော့၏။ စတုတ္ထအကြိမ်မြောက် တိုက်ပွဲကို တင့်ကားများ မပါဘဲ ရှေ့မှ ရင်ဆိုင် တိုက်နည်းမျိုးဖြင့်ပင် တိုက်ပြန်သည်။



သတ္တိရှိကြောင်းကို ပြလိုသော ပန်ချာပီတပ်များက သူရဲကောင်း ဆန်ဆန် ဘန်ကာများကို ဝင်စီးသည်။ ခေတ္တမျှသာ ဘန်ကာများရှိရာ ဒေသကို ထိုးဖောက်နိုင်ကာ ချက်ချင်းလိုပင် အကျအဆုံးများစွာဖြင့် ပြန်၍ ဆုတ်လာရသည်။

မတ်လ ဒုတိယအပတ်တွင် ကာလကတ္တားတွင် ရှိနေသော အိန္ဒိယ အရှေ့ပိုင်း တပ်မတော်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီးအာဝင်က ကျွန်ုပ်အား ရန်ချီမှဆင့်ခေါ်ကာ ရခိုင်တွင် ရှိနေသော လှိုက်၏ တပ်များအား သွား ရောက်လေ့လာပါဟု အမိန့်ပေးသည်။ ကျွန်ုပ်က လှိုက်၏ လက်အောက် တွင် တပ်မဟာများ အများအပြားရှိနေရာ တပ်မကြီးတစ်ခုကို အုပ်ချုပ် ရသော ကျွန်ုပ်အား ရခိုင်စစ်မျက်နှာသို့ သွား၍ စီမံခန့်ခွဲရန် စေခိုင်းခြင်း ဖြစ်ပါသလားဟု မေးလိုက်၏။ ဗိုလ်ချုပ်ကြီးက ကျွန်ုပ်အား ရခိုင်သို့ စေလွှတ်ခြင်းမှာ လှိုက်၏ လက်အောက်ရှိ တပ်များ၏ အခြေအနေကို အကဲခတ်ရန်သာ ဖြစ်ပေသည်။ အကဲခတ်၍ ရသမျှကို သူ့ထံပြန်၍ အစီရင်ခံရန်သာ ဖြစ်သည်။ စစ်နှင့်ပတ်သက်၍ စီမံခန့်ခွဲရန် မလိုဟု ရှင်းလင်းပြောပြသည်။

လှိုက် ဌာနချုပ်ရှိရာ မောင်းတောအနီးသို့ ကျွန်ုပ်ရောက်လာပြီး နောက် ရှေ့တန်းစခန်းများသို့ သွားရောက်လေ့လာသည်။ ကျွန်ုပ်တွေ့ရ သမျှမှာ ပေးထားသော တပ်မဟာများ များပြားလွန်းသဖြင့် တပ်တစ်ခု၏ ဌာနချုပ်က စီမံခန့်ခွဲရန် ခက်ခဲနေခြင်းများနှင့် တပ်မတော်သားများ၏ စိတ်ဓာတ်ကျဆင်းနေခြင်းပင် ဖြစ်၏။

ကျွန်ုပ် ရခိုင်စစ်မျက်နှာတွင် ရှိနေစဉ်မှာပင် လှိုက်အား နောက် တစ်ကြိမ် ဒုန်းပိုက်ကို တိုက်ခိုက်ရန် အမိန့်ရောက်လာသည်။ ယခုအကြိမ် တွင်လည်း ယခင်တိုက်ပွဲများမှာကဲ့သို့ ရှေ့မှ ရင်ဆိုင်တိုက်ရသည့် သေနင်္ ဗျူဟာကို သုံးလေဦးမည်လားဟု စိုးရိမ်နေစဉ် လှိုက်က ဤသေနင်္ဗျူဟာ အပြင် အခြားနည်းလမ်း မရှိပါဟု ကျွန်ုပ်အား ပြောလာသည်။ ကျွန်ုပ်မှာ စစ်ရေးတွင် ဘာမှ ဝင်မစွက်ရဟူသော အထက်မှ အမိန့်တော်ကြီးကြောင့် ခပ်မဆိတ်ပင် နေလိုက်တော့မည်ဟု စိတ်ကူးမိသော်လည်း ကျွန်ုပ်၏ ကိုယ်ချင်းစာတရားကြောင့် မေယုတောင်တန်းပေါ်မှ တက်၍ တိုက်လျှင် မရနိုင်ပါလောဟု မေးလိုက်မိသည်။

ကျွန်ုပ်တို့သည် (၁၉၄၂)ခုနှစ် မြန်မာပြည်တိုက်ပွဲ၌ တောမှန်လျှင် တက်၍မရ ဟူသော ဆောင်ပုဒ်ကို အားကိုးကာ တောဟူသမျှ တောင် ဟူသမျှ ရှောင်ခဲ့ကြ၏။ ဤအမှားများကို နောက်ထပ် မမှားမိဖို့ လိုလေ သည်။ လှိုက်က ကင်းထောက်အဖွဲ့များကို အကြိမ်ကြိမ်စေလွှတ်၍ မေယုတောင်တန်း ကျောရိုးပေါ်သို့ တက်ရန် လမ်းရှာစေခဲ့ကြောင်း၊ သို့သော် တက်နိုင်သည့်နေရာဟူ၍ တစ်ခုမျှ မတွေ့ရကြောင်း သူ၏တပ် မဟာမှူးများနှင့် ဆွေးနွေးကြည့်သော အခါတွင်လည်း တပ်မဟာမှူးများ

www.burmeseclassic.com

www.burmeseclassic.com

အားလုံးကဝင် မေယုကျောရိုးပေါ်မှ တက်၍ တိုက်ရန်မှာ ဘယ်လိုမှ မဖြစ်နိုင် ကြောင်း သဘောတူကြသည်ဟု ပြောပြရှာသည်။

ကျွန်ုပ်သည် ရခိုင်စစ်မျက်နှာမှ ကာလကတ္တားသို့ ပြန်လာခဲ့ပြီး ဗိုလ်ချုပ်ကြီးအာဝင်ထံ ဝင်၍ ကျွန်ုပ် တွေ့ခဲ့မြင်ခဲ့ရသမျှနှင့် ကျွန်ုပ်၏ အယူအဆကို အစီရင်ခံသည်။ ဗိုလ်ချုပ်ကြီးအာဝင်သည် မေယုကျောရိုး ပေါ်မှ တက်၍ တိုက်ရေးမှာ မဖြစ်နိုင်ဟု သူ့နှုတ်မှ ထုတ်ဖော်၍ ပြောခြင်း မပြုသော်လည်း သူ ပြောသမျှ ဆက်စပ်၍ကြည့်လိုက်သောအခါ သူသည် လည်း လွိုက်ကဲ့သို့ပင် ရှေ့မှနေ၍ တိုက်သည့် သေနင်္ဗျူဟာကိုသာ ထောက်ခံကြောင်း ၁ပ်စုမိသည်။

ရခိုင်စစ်မျက်နှာနှင့်ပတ်သက်၍ ကျွန်ုပ်မှာ ဘာမှ လုပ်စရာမရှိ တော့သည့်အတွက် ဆင်းမလားတွင် ရှိနေသည့် ကျွန်ုပ်၏ဇနီးနှင့် သမီးထံ သွားရန် ခွင့် (၁၀)ရက် တောင်းခံရာ ဗိုလ်ချုပ်ကြီးက အသာတကြည်ပင် ခွင့်ပြုသည်။ မတ်လ (၁၈)ရက်နေ့တွင် ဒေလီ၌ ပြုလုပ်သော ကြည်းတပ်နှင့် လေတပ်တို့ တစ်ခုနှင့်တစ်ခု မည်သို့အကူအညီ ပေးနိုင်ကြောင်း ပြသသည့် လေ့ကျင့်ပွဲသို့ ကျွန်ုပ် တက်ရောက် ကြည့်ရှုနေစဉ် ဒုန်းပိုက်တိုက်ပွဲသည် နောက်ဆုံးအကြိမ်အဖြစ် တိုက်ခိုက်နေလေသည်။

လွိုက်သည် စစ်ရှင်လျက်ရှိသော အမှတ် (၆) တပ်မဟာကို ရှေ့တန်းတင်ကာ ဒုန်းပိုက်ကို သဲသဲမဲမဲတိုက်သည်။ အမှတ် (၆)တပ်မဟာမှ စစ်သည်ရဲမက်တော်တို့သည် ဂျပန်များ၏ ဘန်ကာပေါ်သို့ပင် ရောက်လာနိုင်ကြ၏။ သို့သော် ခက်နေသည်မှာ ဘန်ကာအား ဘယ်လိုမှ ဖောက်ခွဲဖျက်ဆီး၍ မရနိုင်ခြင်းပေတည်း။

၎င်းတိုက်ပွဲတွင် စစ်သည်ရဲမက်တို့၏ သူရသတ္တိမှာ ပြောင်မြောက်လှပါပေသည်။ သို့ရာတွင် တိုက်ပွဲကိုကား အနိုင်တိုက်၍ မရနိုင်ခဲ့။ ၎င်းအကြိမ်သည် ဒုန်းပိုက်တိုက်ပွဲ၏ အန္တိမဈာပနသာ ဖြစ်နေလေသည်တကား။ လွိုက် ဘက်မှ ထိုးစစ် ရပ်သွားသောအခါ ရန်သူ၏ ထိုးစစ်က တစ်စခန်းထလာပြန်သည်။ မြန်မာပြည်အလယ်ပိုင်းမှ စစ်ကူရောက်လာသော ဂျပန်တပ်များသည် ကုလားတန်မြစ်ဝှမ်းရှိ လွိုက်၏တပ်များကို ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ကြသည်။ ဗိုလ်မှူးကြီးတနာဘာရှိ ဦးစီးသော တပ်ဖွဲ့ကလည်း မေယုမြစ်ဝှမ်းသို့ ဆင်းကာ ရသေ့တောင်ကို တိုက်နေသည့် လွိုက်၏အမှတ်(၁၅)တပ်မဟာကို နောက်မှနေ၍ ချေမှုန်းသည်။ စစ်သည်ရဲမက်တော်တို့ အကွဲကွဲအပြားပြား ဖြစ်ရချေ၏။ လွိုက်၏ နေရာတွင် လူသစ်တစ်ယောက် ရောက်လာလေသည်။

ဧပြီလ (၅)ရက်နေ့။

ဆင်းမလားမှ ရန်ချီသို့ ကျွန်ုပ်၏ ဇနီးကိုပါ ခေါ်၍လာခဲ့သော ကျွန်ုပ်သည် ဂါရာဘူတာရုံတွင် ထိုး၍ ရပ်ထားသော မီးရထားတွဲပေါ်တွင် အိပ်မောကျနေ၏။



အချိန်က နံနက် (၄)နာရီ။

တစ်စုံတစ်ယောက်က ကျွန်ုပ်၏ ရထားတံခါးကို လာ၍ခေါက်သည်။ ကျွန်ုပ်သည် အိပ်မှုန်စုံမွှားဖြင့် ရထားတံခါးကို လှပ်၍ကြည့်လိုက်လေ၏။

မီးရထားအရာရှိတစ်ယောက်က ကျွန်ုပ်အား ရန်ချီရှိ ဌာနချုပ်မှ စကားပြောလိုသဖြင့် အလျင်အမြန် ခေါ်ပေးရန် အကြောင်းကြားကြောင်း၊ ကျွန်ုပ်အတွက် ရထားကို အချိန်ပို၍ ရပ်ထားမည်ဖြစ်ကြောင်း ပြောပြသည်။

ကျွန်ုပ်သည် ညအိပ်ဝတ်စုံဖြင့်ပင် ရုံပိုင်ကြီး၏ ရုံးခန်းသို့ လိုက်သွားကာ တယ်လီဖုန်းကို ကောက်၍ကိုင်လိုက်၏။

"သစ်သား ကြွက်ရုပ်တွေ တိုက်နေပြီ"

ရန်ချီဌာနချုပ်မှ တိုနီစကော့၏ အသံက အားရဝမ်းသာပေါ်ထွက်လာသည်။

"သစ်သား ကြွက်ရုပ်တွေ တိုက်နေပြီ"ဟူသော စကားဝှက်မှာ ကျွန်ုပ်တို့ အမှတ် (၁၅) တပ်မကြီး ပြောင်းရွှေ့ရေးအမိန့် ရောက်လာပြီဟု ဆိုလိုက်ခြင်းပင် ဖြစ်၏။ ကျွန်ုပ်တို့၏ အမှတ် (၁၅)တပ်မကြီး ဌာနချုပ်သည် ရခိုင်စစ်မျက်နှာသို့ ပြောင်းရွှေ့ရတော့မည် ဖြစ်၏။

ကျွန်ုပ်သည် ယခုရောက်နေသော ဂါရာမှ ကာလကတ္တားသို့ တိုက်ရိုက်လိုက်သွားကာ ကျွန်ုပ်၏ ဇနီးမှာမူ ရန်ချီလမ်းခွဲသို့ အရောက်တွင် ဆင်းနေခဲ့ရမည် ဖြစ်သည်။ ကျွန်ုပ်၏ဇနီးအား တစ်ယောက်ယောက်ထလာရောက်ခေါ်ယူရမည်ဟု ဆိုသည်။ စကော့မှာမူ ယနေ့ နံနက်လေယာဉ်ဖြင့် ဌာနချုပ်အဖွဲ့သားများကို ခေါ်ကာ စစ်တကောင်းသို့ သွားနှင့်မည်ဖြစ်သည်။

ကျွန်ုပ်သည် နံနက် စောစောစီးစီးတွင် ချစ်လှစွာသော ဇနီးအား လမ်းတစ်ဝက်တွင်ပင် နှုတ်ဆက်ကာ ကာလကတ္တားသို့ ခရီးဆက်ခဲ့သည်။ ကျွန်ုပ်နှင့် ကျွန်ုပ်၏ဇနီးတို့သည် လွန်ခဲ့သည့် အနှစ် (၂၀)အတွင်း ယခုကဲ့သို့ ရုတ်တရက် ခွဲခွာရခြင်းမျိုးကိုမူ အကြိမ်ကြိမ် ကြုံဖူးခဲ့ကြသည်။ သို့သော် ၎င်းတစ်ကြိမ်တွင် ခွဲရခွာရခြင်းမျိုးလောက် စိတ်မသက်သာစရာ အကြိမ်မျိုး တစ်ခါမျှ ကြုံခဲ့ဖူးခြင်း မရှိခဲ့။

ကာလကတ္တားသို့ နေမြင့်မှ ရောက်သွားပြီးနောက် ဗိုလ်ချုပ်ကြီးအာဝင်ထံ ဝင်၍ သတင်းပို့ရသည်။ ရခိုင်စစ်မျက်နှာမှ အခြေအနေမှာ အတော်ပင် ဆိုးရွားနေကြောင်း သိရသည်။ သို့သော် မည်မျှလောက်အထိ ဆိုးနေကြောင်းကိုကား မသိရ။ ကျွန်ုပ်၏ တာဝန်မှာ ကျွန်ုပ်၏ဌာနချုပ်ကို စစ်တကောင်းတွင် အမြန်ဆုံးဖွင့်လှစ်ရန် ဖြစ်၏။ သို့သော် ဗိုလ်ချုပ်ကြီး အာဝင်ထံမှ အမိန့်မရသေးသမျှ တိုက်ပွဲနှင့်ပတ်သက်သော သေနင်္ဗျူဟာကို ကိုင်ရန် အမိန့်ချမှတ်သည့်တိုင် အုပ်ချုပ်ရေးတို့အရပ်ရပ်ကို

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်ကြီးအောဝင်၏ တပ်မတော်ဌာနချုပ်ကသာ တိုက်ရိုက်ကိုင်ထားရမည်ဟု ဆိုသည်။ စစ်ရေးနှင့်အုပ်ချုပ်ရေးကို တခြားစီခွဲ၍ ကိုင်ရမည်ကို ကျွန်ုပ်က မလိုလားပေ။ သို့သော် တပ်မတော် ဦးစီးချုပ်က ထပ်တလဲလဲ အမိန့်ပေးနေသောအခါ ကျွန်ုပ်သည် မည်သို့မျှဖီဆန်ရန် မတတ်နိုင်တော့။ ထိုညတွင် ဇုန်းပိုက် တိုက်ပွဲ၌ နှပ်ပစ်ခံရသော လှိုက်နှင့်အတူ ညစာ စားရင်း သူ့ထံမှ ထင်မြင်ချက်များကို မေးမြန်းကြည့်သည်။

(၆)ရက်နေ့ နံနက်တွင် ကျွန်ုပ်သည် စစ်တကောင်းသို့ လေယာဉ်ဖြင့် ထွက်လာခဲ့ပြီး လှိုက်နေရာသို့ ရောက်နေသော ဗိုလ်ချုပ်ကလေး လိုမတ်နှင့် တွေ့ရသည်။ *စိတ်ပျက်စရာ ကောင်းလောက်အောင် အခြေအနေ ဆိုးရွားနေသော ရခိုင်စစ်မျက်နှာတွင် ခေါင်းအေးအေး ထားနိုင်သော "လိုမတ်"ကို တွေ့ရသဖြင့် သူ့ကို ချက်ချင်းပင် သဘောကျသွားမိသည်။*

သူသည် ကျွန်ုပ်လိုပင် ရခိုင်စစ်မျက်နှာသို့ ရုတ်တရက်ရောက်လာရသူ ဖြစ်ရာ သူ၏တပ်မှူးများနာမည်ကိုပင် သိစရှိသေးသည်။ ဤသို့ နယ်မြေအခြေအနေနှင့် လူများ၏အမည်ကိုပင် စမ်းတဝါးဝါး ဖြစ်နေသည့်အချိန်တွင် ဂျပန်များက ရဲရင့်သန်မာသူ လူအနည်းငယ်ကိုသာ ရွေးချယ်၍ မေယုမြစ်ကို ဖြတ်ကူးကာ အမှတ် (၄၇)တပ်မဟာ၏ တောင်ပံကို တိုက်ခိုက်လာသည်။

ရန်သူကို ပြန်၍ လိုက်လံတိုက်ခိုက်သော (၄၇)တပ်မဟာသည် ရန်သူ၏ ထပ်မံချေမှုန်းခြင်းကို ခံရကာ အငတ်ငတ် အပြတ်ပြတ်နှင့် တောထဲမှ ပြန်လာခဲ့ရ၏။ ပါသမျှလက်နက်ကိုလည်း ရန်သူက ရလိုက်သည်။ ကျဆုံးသူ ဦးရေမှာလည်း များလှသည်။ (၄၇)တပ်မဟာသည် တပ်လုံးပြုတ်သည်အထိ ခံလိုက်ရခြင်းပင် ဖြစ်တော့၏။

အောင်ပွဲရနေသော ရန်သူသည် ကျွန်ုပ်တို့က မတက်နိုင် မကျော်နိုင်ဟု မှတ်ယူနေသော မေယုကျောရိုးပေါ်မှ တစ်ယောက်နောက် တစ်ယောက်စီကာ တက်လာကြပြီး အမှတ် (၆)တပ်မဟာ၏ နောက်ပိုင်းကို ဝင်ရောက်စီးနင်းကြသည်။ တပ်မဟာဌာနချုပ် အဖွဲ့ဝင်အများအပြားပင် ရန်သူ၏ သုတ်သင်ခြင်းကို ခံရပြီး တပ်မဟာမှူးဖြစ်သူ ဗိုလ်မှူးချုပ် ကာဗန်ဒစ်ကိုလည်း ရန်သူများ ဖမ်းမိသွားသည်။ ရဲမက်စစ်သည်တို့သည် အရောရော အထွေးထွေးကို တိုက်ခိုက်ကြရတော့၏။ ကျွန်ုပ်တို့သည် စစ်မြေပြင်ပေါ်၌ မည်သည့်အခါကမျှ ဤမျှလောက် စိတ်ညစ်ညူးခြင်းမျိုးကို မတွေ့ခဲ့ဖူးပါ။

ကျွန်ုပ်တွင် စစ်ဆင်ရေးနှင့်ပတ်သက်၍ မည်သည့်အထောက်အထားမျှ မရှိသေး။ ရှိသည့်တိုင်အောင်လည်း တိုက်ခိုင်းစရာ တပ်ဟူ၍ မည်မည်ရရ မရှိ။ ဖရိုဖရဲ အကွဲကွဲ အပြားပြား ကစဥ့်ကလျားဖြစ်နေသော စစ်သည်ရဲမက်တို့ကိုသာ တွေ့ရသည်။


www.burmeseclassic.com

အမှန်အားဖြင့်ဆိုလျှင် ကျွန်ုပ်အား ရခိုင်စစ်မျက်နှာသို့ စေလွှတ်လိုက်ခြင်းမှာ တပ်ပျက်တွင် ဗိုလ်လုပ်ခိုင်းခြင်းပင် ဖြစ်တော့သည်။

လိုမက်အတွက် ဆိုလျှင်လည်း မည်သည့် ဗိုလ်မှူး၊ တပ်မှူးမျှ မကြုံဖူးဘူးသော အဖြစ်မျိုးနှင့် တိုးနေရ၏။ စစ်မျက်နှာတစ်ခုသို့ ရောက်လျှင်ရောက်ချင်း ဤကဲ့သို့ ဆိုးရွားသော ဆုံးရှုံးမှုမျိုးနှင့် မည်သည့်တပ်မှူးမျှ တိုးဖူးခြင်း ရှိမည်မထင်။ သို့သော် လိုမက်၏အမူအရာမှာ အေးဆေးတည်ငြိမ်လှသည်။ ဟန်လုပ်၍ အေးဆေးတည်ငြိမ်ခြင်းမျိုးကား မဟုတ်။ သူသည် တွေ့သမျှ စစ်သည်တော်တိုင်းအား အားပေးစကားပြောသည်။ စိတ်တက်ကြွလာအောင် လှုံ့ဆော်သည်။ ကစဥ့်ကလျားဖြစ်နေသော စစ်သည်ရဲမက်များကို ပြန်၍စုစည်းကာ မိမိတပ် ခိုင်အောင် ဖွဲ့စည်းသည်။ ပင်ပန်းနွမ်းနယ်နေသော ရုံးအဖွဲ့သားများအစား အမှတ် (၂၆)တပ်မမှ ရုံးအဖွဲ့သားများ ရောက်လာသောအခါ လိုမက်သည် ရဲမက်စစ်သည်တော်များ ပြန်လည်စုစည်းရေးကို ထိုအဖွဲ့သားများအား လွှဲကာ သူကိုယ်တိုင်မူကား စစ်မြေပြင်မှ တပ်မှူးတစ်ယောက်၏ လုပ်ငန်းကို ဆက်၍ လုပ်နိုင်တော့သည်။

ရှေ့တန်းစစ်မျက်နှာတွင် အခြေအနေ အတော်အသင့်ကောင်းမွန်လာချိန်တွင် ကျွန်ုပ်သည် စစ်တကောင်းရှိ ဌာနချုပ်သို့ ပြန်၍လာခဲ့၏။ ဧပြီလ (၁၄)ရက်နေ့တွင် ဗိုလ်ချုပ်ကြီးအာဝင်က ကျွန်ုပ်အား စစ်ရေး အာဏာများကို လွှဲအပ်သည်။ ကျွန်ုပ်သည် စစ်တကောင်းတွင် ရှိနေသော အမှတ် (၂၂၄)လေတပ်မှ လေတပ်ဗိုလ်ချုပ်ဂရေးနှင့် တိုင်ပင်ကာ ကြည်းတပ်နှင့်လေတပ်တို့ ပူးပေါင်းစစ်ဆင်နည်းကို လက်တွေ့အသုံးချကြည့်ရန် ဆုံးဖြတ်လိုက်၏။

ကျွန်ုပ်သည် ရှေ့တန်းစစ်မျက်နှာသို့ နှစ်ရက်သုံးရက်လျှင် တစ်ကြိမ်ကျစီ သွားရောက်စစ်ဆေးလျက်ရှိရာ နောက်ဆုံးဖြစ်ပေါ်နေသော အခြေအနေများကို အမှန်အတိုင်း သိနေတော့သည်။ လိုမတ်သည် မေယုတောင်တန်း တစ်ဖက်တစ်ချက်တွင် တပ်ချထားရုံမက မေယုကျောပေါ်တွင်လည်း တပ်စွဲထားသည်။ ထိုနောက် အောင်ပွဲဖြင့် ယစ်မူးနေသော ရန်သူအား ထောင်ချောက်ဆင်၍ ဖမ်းရန် စီစဉ်တော့သည်။ သူ့အစီအစဉ်ကို ကျွန်ုပ်ကလည်း သဘောကျသည်။

ထို့ကြောင့် သူ့အား ဆက်လုပ်ရန် ခွင့်ပြုလိုက်၏။

ထောင်ချောက်၏ တစ်ဖက်မျက်နှာစာနှင့်တူသော တောင်တန်းပေါ်တွင် တပ်ရင်းနှစ်ရင်းကို နေရာယူခိုင်းသည်။ ထောင်ချောက်၏ အခြား တစ်ဖက်မှာ မေယုမြစ် ဖြစ်သည်။ ကမ်းရိုးတန်းအတိုင်း နောက်ထပ်တပ်ရင်းနှစ်ရင်းကို တပ်စွဲခိုင်းလိုက်သည်။ ထောင်ချောက်၏ အောက်ခံမှာ မောင်းတော ဘူးသီးတောင်တန်း၏ တောင်ဘက်တွင်ရှိသော တောင်ကုန်းများပင် ဖြစ်သည်။

www.burmeseclassic.com

ဤအောက်ခံတွင်လည်း တပ်ရင်းနှစ်ရင်းပင် ချထားလိုက်သည်။ ထောင်ချောက်၏ အံဖုံးမှာ အမည်နှင့်လိုက်လျောစွာ လှုပ်ရှားနေရမည် ဖြစ်ပေရာ တပ်မဟာတစ်ခုလုံးနီးပါးမျှ တည်ရှိနေသော တပ်တစ်တပ်ကို ထောင်ချောက်၏ အခြားတစ်ဖက်ဖြစ်သော မေယုမျက်နှာစာနောက်ဘက်တွင် လျှို့ဝှက်နေစေပြီး အချက်ပြလိုက်က အံဖုံးကို ရုတ်တရက် ပိတ်ပစ်လိုက်ရန် ဖြစ်၏။ ကျွန်ုပ်တို့၏ ထောင်ချောက်မှာ ဗိသုကာပညာ အတိုင်း အတာအရ အလွန် စေ့စပ်သေချာလှသော ထောင်ချောက်ပင် ဖြစ်ပါ၏။

သို့သော် စစ်ပန်းနေသော စစ်သည်ရဲမက်တို့အား ကျွန်ုပ်တို့ လိုချင်သော ပုံစံကေးအတိုင်း ထောင်ချောက်ဆင်ခိုင်းသောအခါ အခက်တွေ့ရတော့၏။ များစွာသော စစ်သည်ရဲမက်တို့မှာ အကြိမ်ကြိမ်ရှုံးနိမ့်ခဲ့ရသော တိုက်ပွဲများကြောင့် တုန်လှုပ်ချောက်ချားနေသည်။ သည်အထဲတွင် သစ်ပင်ကြို သစ်ပင်ကြား၊ ချောင်ကြိုချောင်ကြား၌ ငြိမ်ငြိမ်ကလေး နေရာယူခိုင်းသောအခါ စိုးရိမ်စိတ် ထိတ်လန့်စိတ်များက ပို၍ လာပြန်တော့၏။

လေးလလုံးလုံး တစ်ရှုံးတည်း ရှုံးနေသည့်ဒဏ်ကို ခံလာခဲ့ရသော စစ်သည်ရဲမက်တော်တို့မှာ ကျန်းမာရေးအရသော် လည်းကောင်း၊ စိတ်ဓာတ်အရသော်လည်းကောင်း များစွာ ကျဆင်းလျက် ရှိသည်။ ဤစစ်သည် ရဲမက်တော်တို့အား အနားများများ ပေး၍ အစားဝဝကျွေးရန် သင့်တော်နေသောအချိန်တွင် ကျွန်ုပ်တို့က ဆက်၍ တိုက်ခိုင်းနေပြန်သည်။

ရန်သူသည် ကျွန်ုပ်တို့ ထင်သည့်အတိုင်းပင် ထောင်ချောက်အတွင်းသို့ ဝင်လာသည်။ ဝင်လျှင်ဝင်ချင်း ကျွန်ုပ်တို့ဘက်မှ ဖိ၍တိုက်သည်ကို ခံလာရသော ရန်သူသည် ထောင်ချောက်မျက်နှာစာ နှစ်ဖက်မှနေ၍ ထောင်ချောက်အလယ်ကောင်ကို တိုးဝင်ကာ ထောင်ချောက်အောက်ခံရှိရာသို့ ချီတက်လာ၏။ ဤအချိန်အထိ ကျွန်ုပ်တို့အစီအစဉ်မှာ ဟန်နေဆဲပင်၊ အံဖုံးကို ဖြန်းခနဲ ပိတ်လိုက်ရန်သာ လိုတော့၏။

လိုမတ်က "အဖုံးကို ဖြန်းခနဲ ပိတ်လိုက်တော့"ဟု အချက်ပေးလိုက်သည့်အချိန်တွင်ပင် ထောင်ချောက်၏ အောက်ခံသည် ရန်သူ၏ တိုးဝင်ခြင်းဒဏ်ကို ကြံ့ကြံ့မခံနိုင်ဘဲ ပွင့်ဖဲ၍ ထွက်သွားကာ ကျွန်ုပ်တို့၏ အစီအစဉ်သည်လည်း ပြိုပျက်၍ သွားရတော့၏။

ထောင်ချောက်၏ အောက်ခံဖြစ်သော နမ်မောင်းတော၊ ဘူးသီးတောင်လမ်း တောင်ဘက်ရှိ တောင်ကုန်းများပေါ်တွင် နေရာယူထားသော တပ်ရင်းနှစ်ရင်းသည် ရန်သူများ စုပြုံ၍အလာတွင် တပ်ရင်း တစ်ရင်းပြီး တစ်ရင်း တပ်လန်၍ ကျသွားခဲ့သည်။ ကျွန်ုပ်တို့မှာ ခဲလေသမျှ သဲရေကျ ဖြစ်ရတော့သည်။

သည်ထက် ပို၍ဆိုးသည်ကား ထောင်ချောက်အောက်ခံ ပွင့်ထွက်သွားလျှင် သွားချင်း ရန်သူတို့သည် ရခိုင်စစ်မျက်နှာ၏ အသက်သွေးကြော



နှင့်တူသော မောင်းတော ဘူးသီးတောင်လမ်းကို မိုးနေသည့် အမှတ် (၅၅၁)တောင်ကုန်းကို သိမ်းယူသွားခြင်းပင် ဖြစ်၏။

ကျွန်ုပ်တို့ဘက်မှ အစီအစဉ်ပျက်ပြယ်သွားသည်နှင့် တစ်ပြိုင်နက် ရဲမက်တော်တို့သည် အထွေထွေအရောရော တိုက်ကြရပေတော့သည်။ ဤတိုက်ပွဲတွင် ရန်သူ့လက်ထဲ ရောက်သွားသော တောင်ကုန်းအား ပြန်၍ မသိမ်းပိုက်နိုင်ခြင်းမှာ အဆိုးဆုံးပင် ဖြစ်တော့သည်။

ရန်သူက မောင်းတော ဘူးသီးတောင်လမ်းမကြီးကို သိမ်းယူလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့၏ တပ်များကို ဘူးသီးတောင်တွင် ဆက်လက်တပ်စွဲထားရန် မဖြစ်နိုင်တော့။ ဘူးသီးတောင်တွင် ရှိနေသော တပ်များသည် မိမိတို့၏ မော်တော်ယာဉ်များကို ဖျက်ဆီးပစ်လိုက်ပြီးနောက် တောများ တောင်များကိုဖြတ်ကာ မောင်းတောသို့ ဆုတ်ခဲ့ရသည်။

ဘူးသီးတောင်ကို လက်လွှတ်လိုက်ရပြီးနောက် မောင်းတောတွင် ဆက်လက်တပ်စွဲနေရမည့် အရေးမှာ ပို၍ စိုးရိမ်စရာကောင်းလှသည်။ စစ်သည်ရဲမက်တော်တို့မှာလည်း များစွာ ပင်ပန်းနေချေပြီ။ မိုးကလည်း ကျလုပြီ။ ကျွန်ုပ်သည် ဗိုလ်ချုပ်ကြီးအာဝင်၏ ခွင့်ပြုချက်အရ ကျွန်ုပ်တို့ တပ်များအား မောင်းတောမှ ဆုတ်လာခဲ့ကာ ဘော်လီဘဇားတွင် တပ်ချ၍ ထားလိုက်၏။

မိုးကျလာပြီဖြစ်၍ ရန်သူသည် ကျွန်ုပ်တို့နောက်သို့ ဆက်၍ လိုက်မလာတော့ဘဲ အနိုင်ဖြင့် ပိုင်းလိုက်သည့် မောင်းတော ဘူးသီးတောင်လမ်းမကြီးကိုသာ ဆက်၍ ထိန်းသိမ်းရင်း အောင်ပွဲခံနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ရခိုင်စစ်မျက်နှာတွင် အရှုံးကြီးရှုံးခဲ့ရသဖြင့် စိတ်နှလုံးညှိုးနေသော ကျွန်ုပ်တို့အား တစ်ယောက်နှင့်တစ်ယောက် စရိုက်ချင်း တောင်နှင့်မြောက်လို ဆန့်ကျင်ဘက် ဖြစ်နေသော လူနှစ်ယောက်က သွယ်ဝိုက်၍လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း စိတ်သက်သာရအောင် အကူအညီ ပေးလာကြသည်။

သွယ်ဝိုက်၍ အကူအညီပေးသူမှာ ဗိုလ်မှူးချုပ်ဝင်းဂိတ် ဖြစ်၍ တိုက်ရိုက်အကူအညီပေးသူမှာ ဗိုလ်ချုပ်ကြီးဆာဝျော့ဂျ်စ်ဖတ် ဖြစ်၏။ ကျွန်ုပ်တို့သည် ဝင်းဂိတ်အား အရှေ့အာဖရိကတွင် အီတလီစစ်တပ်အား တိုက်ခိုက်နေရစဉ်ကပင် တွေ့ဆုံသိရှိခဲ့သည်။ ဝင်းဂိတ်က အဘိဆီနီယားသို့ ကျူးကျော်ဝင်ရောက်လာသော အီတလီတို့အား အဘိဆီနီယားမျိုးချစ်များနှင့် လက်တွဲ၍ ပြောက်ကျားစနစ်ဖြင့် တိုက်နေစဉ် ကျွန်ုပ်ကလည်း အိန္ဒိယစစ်သားများပါဝင်သော ခြေကျင် တပ်မဟာတစ်ခုဖြင့် အီတလီတို့အား တိုက်ခဲ့သည်။

ယခုအချိန်တွင် ကျွန်ုပ်သည် ရခိုင်စစ်မျက်နှာမှ စစ်ရှုံး၍ ပြန်လာခဲ့ရသလို ဝင်းဂိတ်မှာလည်း ဂျပန်အုပ်စိုးထားသော မြန်မာပြည်အထက်ပိုင်း အတွင်းသို့ မိုင် (၂၀၀)ခန့်မျှ ချဉ်းနင်းဝင်ရောက်ခဲ့ပြီးနောက် သူနှင့်ပါသွားသော လူ (၃၀၀၀)အနက် (၁၀၀၀)နီးပါးခန့် ကျဆုံးဒဏ်ရာရ၍ ကျန်ရစ်ခဲ့ကာ အိန္ဒိယသို့ လူစုကွဲ၍ ပြန်လည်ဆိုက်ရောက်လာသော အချိန်ဖြစ်၏။

ကျွန်ုပ်၏ ရခိုင်တိုက်ပွဲသည် လည်းကောင်း၊ ဝင်းဂိတ်၏ ခရီးဝေးဖောက်ထွင်းတိုက်ခိုက်ရေးသည် လည်းကောင်း စစ်ဆင်ရေးတစ်ခုတည်း အနေဖြင့် ကြည့်ပါမူ အရှုံးချည်းသက်သက်ဖြစ်သည်ဟု ဆိုနိုင်သော်လည်း စိတ်ဓာတ်အရမူကား ကျွန်ုပ်တို့ မဟာမိတ်များဘက်မှ အောင်ပွဲ၏အရိပ်လက္ခဏာကို စိတ်ဖြာ၍ ပြလိုက်သော လင်းရောင်ခြည်ပင် ဖြစ်သည်ဟု မှတ်တမ်းတင်ရမည် ဖြစ်၏။



www.burmeseclassic.com

ကျွန်ုပ်တို့ သတင်းစာများ၏ လိမ္မာပါးနပ်မှုနှင့် တာဝန်သိတတ်မှုကြောင့် ကျွန်ုပ်တို့၏ အမိနိုင်ငံဖြစ်သော အင်္ဂလန်ကျွန်းမှ ပြည်သူပြည်သားများသည် လည်းကောင်း၊ ကျွန်ုပ်တို့၏ မဟာမိတ်နိုင်ငံများမှ ပြည်သူလူထုသည် လည်းကောင်း ကျွန်ုပ်၏ ရခိုင်တိုက်ပွဲနှင့် ဝင်းဂိတ်၏ ခရီးဝေးဖောက်ထွင်း တိုက်ခိုက်ရေးကို အသားပေး၍ ပြောဆိုလာကာ စိတ်ဓာတ်များ တက်ကြွလာသည်။ "တောကျွမ်းသည်ဟု" နာမည်ကြီးနေသော ဂျပန်တို့အား "တောကြောက်သည်ဟု" နာမည်ပျက်နေသော ကျွန်ုပ်တို့က ရန်သူ့မြေပေါ်တွင်ပင် ထင်ထင်ရှားရှား တက်၍ တိုက်နိုင်ခဲ့သည်မှာ စစ်ဖြစ်ကတည်းက အရှုံးသတင်းသာ ကြားနေခဲ့ရသော မဟာမိတ်နိုင်ငံသူနိုင်ငံသားများအဖို့ အားတက်ရွှင်လန်းဖွယ် မင်္ဂလာသတင်း ဖြစ်နေပေတော့သည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်၏ ရခိုင်တိုက်ပွဲနှင့် ဝင်းဂိတ်၏ ခရီးဝေးဖောက်ထွင်းတိုက်ခိုက်ရေးကား ကျရေနှင့်သာ အမြဲတိုးနေရသော မဟာမိတ် ဘက်တော်သားများအဖို့ ရေစစ်စစ်ခန်းနေရာမှ တက်ရေလှည့်ရန် ပလုံစီလိုက်သော အသံပင် ဖြစ်ပါသတည်း။ ဤပလုံစီသံနှင့်အတူ ကျွန်ုပ်တို့၏ အိန္ဒိယအရှေ့ပိုင်းတပ်မတော်သို့ ဦးစီးချုပ်အသစ်တစ်ဦး ရောက်လာလေသည်၊ ဆာဂျော့ဂျ်စ်ဖတ်ပင် ဖြစ်ပါ၏။

*သူတား စစ်အခြေခံ သဘောတရားများကို နားလည်သူတည်း၊ စစ်သားဆိုသည်မှာ တိုက်ပွဲမဝင်ခင် လေ့ကျင့်ထားရသူ ဖြစ်၏၊ မချို့တတ်မီ အစာဝအောင် ကျွေးထားရသူ ဖြစ်၏၊ စစ်မပန်းမီ အနားပေးထားရသူ ဖြစ်၏၊ ဤကား စစ်၏အခြေခံ သဘောတရားပင်တည်း၊* ဗိုလ်ချုပ်ကြီးဂျစ်ဖတ်သည် ရခိုင်စစ်မျက်နှာသို့ လာရောက်စစ်ဆေးပြီးနောက် စစ်ပန်းနေသော စစ်သည်ရဲမက်တို့အား ရန်ချီသို့ ပို့၍ အနားယူစေသည်။ အသစ်ရောက်လာသော စစ်သည်တော်များအတွက် ရေလုံသည့် တဲများနှင့် ရိက္ခာသိုလှောင်ရန် ဂိုဒေါင်ဆောက်လုပ်စေသည်။ ရှေ့တန်းသို့ ရောက်နေသော ရဲဘော်များအတွက် တတ်နိုင်သမျှ အကောင်းဆုံး နေထိုင်စားသောက်နိုင်အောင် စီစဉ်ပေးသည်။ ရဲမက်စစ်သည်တော်တို့၏ စိတ်ဓာတ်သည် ပြန်၍တက်ကြွလာလေသည်။

ဗိုလ်ချုပ်ကြီးဂျစ်ဖတ်နှင့် ကျွန်ုပ်တို့က မိုးအကုန်တွင် ဆင်နွှဲမည့် ရခိုင်ပြည်နယ် ထိုးစစ်အတွက် အစီအစဉ်များ ဆွေးနွေးရေးဆွဲနေစဉ် ကျွန်ုပ်တို့၏ စစ်သည်တော်များက တောတွင်းတိုက်ခိုက်နည်း သင်တန်းများသို့ တက်ရောက်ကာ အပြင်းအထန် လေ့ကျင့်နေကြ၏။

ရခိုင်ပြည်နယ် ထိုးစစ်ဆင်နွှဲရာ၌ ရေကြောင်းမှလည်း တက်ရောက်နိုင်ရန် ကမ်းတက်သင်္ဘောအချို့ကို အိန္ဒိယစစ်ဌာနချုပ်တွင် တောင်းကြည့်သည်။ ဆန်ဖရန်ဘန် မြစ်ဝကျွန်းပေါ်ဒေသတွင် ကျွန်ုပ်တို့ ဖွဲ့စည်းခဲ့သော ရေတပ်မှာ ယခုအချိန်တွင် မြစ်တွင်းသယ်ယူပို့ဆောင်ရေး

www.burmeseclassic.com

အတွက်သာ အသုံးပြုနေသဖြင့် ကျွန်ုပ်တို့ အလိုရှိသော သင်္ဘောများကို မရနိုင် ဖြစ်နေ၏။ ရခိုင်ပြည်နယ် စစ်မျက်နှာမှာ များစွာ ကျဉ်းမြောင်းလှရာ ကမ်းတက်သင်္ဘော မရနိုင်ပါက ကျွန်ုပ်တို့သည် ယခင် ထိုးစစ်အတိုင်းပင် ရန်သူနှင့် တည့်တည့်ကြီး ရင်ဆိုင်၍ တက်ရပေတော့မည်။

ကျွန်ုပ်သည် ဤတက်နည်းမျိုးဖြင့် တက်သည်ကို လုံးဝမနှစ်မြို့နိုင်သဖြင့် အခြားနည်းလမ်းများကို ရှာဖွေကြည့်မိသည်။ သို့သော် နယ်မြေအနေအထား ခွင့်မပြုသည့်အပြင် ကျွန်ုပ်တို့အလိုရှိသော ကမ်းတက်သင်္ဘောများ မရနိုင်သဖြင့် တစ်မျိုးကြံစည်ရတော့၏။

ရခိုင်စစ်မျက်နှာတွင် တိုက်ခိုက်ရန် အကျဉ်းကျပ်ဆုံးနေရာမှာ ဘယ်ဘက်တောင်ပံပင် ဖြစ်၏။ ထို့ကြောင့် ရခိုင်ထိုးစစ်တွင် ပါဝင်ဆင်နွှဲမည့် အမှတ်(၅)နှင့် (၇)တပ်များအပြင် အမှတ် (၈၁) အနောက် အာဖရိကတပ်မအား အထူးတပ်ဖွဲ့အဖြစ် ကုလားတန်မြစ်အတိုင်း အောက်သို့စုန်၍ စစ်ကူပေးပါရန် တောင်းဆိုရသည်။

ဗိုလ်ချုပ်ကြီးဂစ်ဖတ်က ကျွန်ုပ်တောင်းဆိုသည့်အတိုင်း လိုက်လျောသည်။ သို့သော် အမှတ် (၈၁) အနောက်အာဖရိကတပ်မတွင် တပ်မဟာတစ်ခုစာ လူများလျော့၍ရမည်ဟု ဆိုသည်။ ဤတပ်ဖွဲ့အား လေကြောင်းမှနေ၍ ရိက္ခာထောက်ပံ့ရန်လည်း သဘောတူသည်။

မိုးကုန်လုသည်နှင့်တစ်ပြိုင်နက် အမှတ်(၅)နှင့် (၇) တပ်မနှစ်ခုက ရခိုင်ပြည်နယ်သို့ ရောက်လာကာ ရှေ့တန်းစစ်မျက်နှာတွင် တပ်စွဲလိုက်ကြ၏။ ယခင်က ရှေ့တန်းတွင် တာဝန်ယူနေရသော အမှတ်(၂၆) တပ်မကို စစ်တကောင်းသို့ ပို့၍ အနားယူစေခိုင်းလိုက်သည်။ အမှတ်(၈၁) အနောက်အာဖရိကတပ်မက ကုလားတန်မြစ်အတွင်း စုန်၍ချီတက်လာသည်။ အောက်တိုဘာလ ဆန်းသည်ဆိုလျှင်ပင် ကျွန်ုပ်၏အမှတ်(၁၅)တပ်မကြီး ဌာနချုပ်က ဘော်လီဘဇား တောင်ဘက်ရှိ တောထဲတွင် ဖွင့်လှစ်ပြီးသား ဖြစ်နေလေသည်။

ကျွန်ုပ်သည် ရခိုင်စစ်မျက်နှာရှိ တပ်ဖွဲ့စခန်းများအား လိုက်လံစစ်ဆေးကြည့်ရှုနေစဉ် ကာလကတ္တားသို့ အမြန်လာရောက်ရန် အမိန့်ထွက်လာသည်။ ဗိုလ်ချုပ်ကြီးဂစ်ဖတ်၏ စစ်ဆင်ရေးမှူးချုပ်အဖြစ် ကျွန်ုပ်အား ရာထူးတိုးတက်ခန့်ထားလိုက်ခြင်းပင်တည်း။

ကျွန်ုပ်၏နေရာကို ဗိုလ်ချုပ်ကလေး ဆာ-ဖိလစ်ခရစ္စတီဆင်က ဆက်ခံရသည်။ ဘာရက်ပိုဌာနချုပ် အိန္ဒိယအရှေ့ပိုင်းတပ်မတော်၏ စစ်ဆင်ရေးမှူးချုပ်အလုပ်ကို ကျွန်ုပ် လက်ခံရသောအချိန်၌ မဟာမိတ်ထိပ်တန်းအရာရှိများ လောကတွင် ဖွဲ့စည်းပုံများ ပြောင်းလဲလျက်ရှိသည်။

(၁၉၄၃)ခု၊ ဩဂုတ်သမှစ၍ အင်္ဂလိပ်နှင့် အမေရိကန်အစိုးရတို့က အာရှအရှေ့တောင်ပိုင်းဆိုင်ရာ စစ်ဌာနချုပ်ကို ဖွဲ့စည်းခဲ့သည်။ ဤဌာနချုပ်က မြန်မာ၊ သီဟိုဠ်၊ မလေး၊ ဒတ်ချ်၊ အရှေ့အိန္ဒိယကျွန်းစု၊



ယိုးဒယားနှင့် အင်ဒိုချိုင်းနားရှိ မဟာမိတ်တပ်မှန်သမျှကို ကြီးကိုင်အုပ်ချုပ်ရသည်။

အာရှအရှေ့တောင်ပိုင်း စစ်ဌာနချုပ်ကြီး၏ အကြီးအကဲကား ရေကြောင်း ဗိုလ်ချုပ်ကြီးလူဝီမောင့်ဘက်တန် ဖြစ်၏။ သူ့လက်အောက်တွင် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များ၏ စစ်ဦးစီးချုပ် သုံးဦးရှိသည်။ ကျွန်ုပ်တို့၏ ဗိုလ်ချုပ်ကြီးဖြစ်သူ ဆာဂစ်ဖတ်မှာ ကြည်းတပ်များဆိုင်ရာ စစ်ဦးစီးချုပ် ရာထူးကို အပ်နှင်းခြင်းခံရရာ ကျွန်ုပ်သည်လည်း အသစ်ဖွဲ့စည်းလိုက်သော အမှတ် (၁၄)တပ်မတော်၌ စစ်ဦးစီးချုပ် ဖြစ်လာတော့သည်။

ရာထူးအသစ်နှင့် တပ်မတော်အသစ်တစ်ခုကို လက်ခံရလျှင်ရချင်း ကျွန်ုပ်တွေ့ရသော ပြဿနာမှာ ရိက္ခာပြဿနာ ဖြစ်၏။ ကျွန်ုပ်၏ အမှတ် (၁၄)တပ်မတော်သည် ဖို့ဟာဖ် အလွန်တွင် ရှိသော တရုတ်နယ်စပ်မှနေ၍ ဘင်္ဂလားပင်လယ်အော်သို့ ရောက်သည့်တိုင်အောင် ရှည်လျားကျယ်ပြန့်သော စစ်မျက်နှာကို တာဝန်ယူထားရရာ ဤဒေသတစ်လျှောက် တွင်ဖြန့်ကျဲနေသော တပ်များသို့ ရိက္ခာမှန်မှန် ပို့နိုင်ဖို့အရေးမှာ ပြဿနာကြီးတစ်ရပ် ဖြစ်လာရတော့၏။

အိန္ဒိယနှင့် မြန်မာပြည်နယ်စပ်ချင်း ထိကပ်နေသည့် အရှေ့မြောက် အရပ်ဒေသမှာ တစ်နှစ်လျှင် မိုး(၆)လ ရွာသွန်းကာ ဆိုးရွားသော ရောဂါဘယများ ထူပြောသည့် ဒေသ ဖြစ်၏။ ချောင်းအတန်တန်၊ တောအထပ်ထပ်၊ တောင်အဆင့်ဆင့်ကလည်း ကြားတွင် ခံ၍နေသေး၏။ အချို့ဒေသများမှာ လူသူပင် မရောက်ပေါက်ဖူးသဖြင့် မြေပုံပင် ရေးဆွဲထားခြင်း မရှိသော နေရာများ ဖြစ်၏။ ဤတောများ၊ တောင်များ၊ ချောင်းများကို ကျော်၍ ရိက္ခာပို့ရမည့်အလုပ်မှာ စစ်တိုက်ရသည်ထက်ပင် ခက်ခဲနေလေသည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ် ဦးစီးသော တရုတ်တပ်များက လီဒိုလမ်းကို ဖောက်လုပ်လျက်ရှိသော်လည်း ယခုအချိန်တွင် ရွံ့ဗွက်နှင့် ကျောက်တုံးကျောက်ခဲများ ဘဝတွင်သာ ရှိနေသေးသည်။ ရိက္ခာများ စုဆောင်းရရှိနိုင်သော ကာလကတ္တားမှ အာသံပြည် လီဒိုအထိ မိုင်ပေါင်း (၈၀၀)ခန့်ကွာလှမ်းသည်။ ဤခရီးအကြားတွင် ရထားလမ်း ရှိသည်ဆိုသော်လည်း မြစ်ကူးချောင်းခြားများ ရှိနေသည့်ပြင် ရထားလမ်းကလည်း ကောင်းမွန်ခြင်း မရှိသောကြောင့် ရိက္ခာများ ပို့ချင်သလောက် မပို့နိုင်။

စစ်မဖြစ်မီက ဤလမ်းမှနေ၍ အာသံရှိ လက်ဖက်စိုက်ပျိုးရေးအလုပ်သမားများထံသို့ တစ်နေ့လျှင် ရိက္ခာတန်ချိန် (၆၀၀)သာ ပို့နေခဲ့ရာ ကျွန်ုပ်က အမှတ် (၁၄)တပ်မတော်ကို ကိုင်လိုက်ရသည်နှင့် တစ်ပြိုင်နက် တစ်နေ့လျှင် ရိက္ခာတန်ချိန် (၂၈၀၀)ကို လီဒိုအရောက် ပို့ပေးရသည်။ သည့်အထဲတွင် ရထားတွဲများက လုံလုံလောက်လောက် မရှိနိုင်သလို မီးရထားအလုပ်သမား အများအပြားလည်း လိုအပ်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် အင်ဖာတွင် တပ်စွဲနေသော ဗြိတိသျှတပ်များ၊ လီဒိုတွင် လမ်းဖောက်နေသော တရုတ်တပ်များနှင့် ယူနန်ရှိ တရုတ်တပ်များထံသို့ နေ့စဉ်မပြတ် ရိက္ခာပို့နေရာ ရိက္ခာတန်ချိန် တစ်နေ့ထက်တစ်နေ့ ပို၍လာအောင် ကြိုးစားနေရ၏။

အမေရိကန်က တပ်ရင်းခြောက်ရင်းစာမျှရှိသော မီးရထားအမှုထမ်းများကို ကျွန်ုပ်တို့အား ပေးရုံမက ရထားတွဲများလည်း အမေရိကန်မှ ယူလာသည်။ ထို့ကြောင့် (၁၉၄၄)နှစ်ဦးပိုင်းတွင် ကျွန်ုပ်တို့သည် တစ်နေ့လျှင် ရိက္ခာတန်ချိန် (၄၄၀၀)အထိ ပေးပို့နိုင်ခဲ့၏။ (၁၉၄၅)ခုနှစ် ဇန်နဝါရီလသို့ ရောက်သောအခါမူကား တစ်နေ့လျှင် တန်ချိန် (၇၃၀၀)အထိ ပို့လာနိုင်တော့၏။

ရခိုင်စစ်မျက်နှာသို့မူ ကာလကတ္တားမှ စစ်တကောင်းတောင်ဘက်မိုင် (၃၀)အကွာရှိ ဒိုဟာဇရီ အထိ မီးရထားရှိနေခြင်းကြောင့် ရိက္ခာပို့ရသည်မှာ မခက်လှဟု ဆိုနိုင်သည်။ သို့တိုင်အောင် စစ်မျက်နှာသို့ရောက်သည်အထိ ပို့ရန်ကား မလွယ်ကူလှပေ၏။ ထို့ကြောင့် (၁၉၄၃)ခုနှစ်မှစ၍ ရထားလမ်းဆုံးရာ မြို့များနှင့် စစ်တပ်များရှိရာ ဒေသအကြားတွင် ခရီးခက်ခဲမှု မရှိစေရန် လမ်းများ စတင်ဖောက်လုပ်ခဲ့၏။

လီဒိုမှ တရုတ်စစ်မျက်နှာသို့ လည်းကောင်း၊ ဒိုင်မာပူမှ အရှေ့ပိုင်း စစ်မျက်နှာသို့ လည်းကောင်း၊ ဒိုဟာဇရီမှ ရခိုင်စစ်မျက်နှာသို့ လည်းကောင်း၊ အင်ဖာမှ တီးတိန်သို့လည်းကောင်း လမ်းများဖောက်လုပ်ခဲ့သည်။ ဤလမ်းများ မပြီးစီးသေးသည့် (၁၉၄၃)ခုနှစ်ကမူ ကျွန်ုပ်မှာ တပ်မတော်အတွက် ရိက္ခာပို့ဆောင်ရေးကို ပူပန်ရသည်နှင့်အမျှ ရိက္ခာရရှိရေးကိုလည်း လုံးပန်းနေရသည်။ ကျွန်ုပ်တို့သည် လူငါးသိန်းကျော်ကို နေ့စဉ်နေ့တိုင်း ထမင်းကျွေးသည့် တာဝန်ကို ယူထားရရာ ဤမျှ များပြားသော လူများအတွက် အချို့သော ရိက္ခာအမျိုးအစားများမှာ ဝယ်၍မရနိုင်အောင် ဖြစ်ခဲ့ရသည်။

စစ်မြေပြင်တွင် ရှိနေသော စစ်သားတစ်ယောက်သည် တစ်ပတ်လျှင် နှစ်ခါမျှ အသားကို မစားရလေလျှင် စစ်တိုက်နိုင်သည့် ကာယအားဉာဏအား မရှိတော့ချေ။ ထို့ကြောင့် ရှေ့တန်းစစ်မျက်နှာများသို့ အမဲသားငါးများ ပို့နိုင်ရန် အရေးကြီးနေသည်။ ဤအချိန်တွင်ပင် ရှားလိုက်သည့် အမဲသားငါးကလည်း မာတ်စာအဖြစ် စားရန်ပင် ရှာမရအောင် ဖြစ်နေ၏။ သိုးကိုလည်း ဝယ်မရ၊ ဆိတ်ကိုလည်း ဝယ်မရ။ ကျွဲများနှင့် နွားများတာမူ အတော်အသင့် ရှိနေကြပါ၏။ သို့သော် ထိုကျွဲနှင့် နွားများကို မထိရဲ-

စစ်တပ်အတွက် ရိက္ခာကို ထိုကျွဲနှင့် နွားများဖြင့် တစ်ဖက်တွင် ဖြေရှင်း၍ ရနိုင်သော်လည်း အခြားတစ်ဖက်တွင် လယ်လုပ်ရန် ကျွဲနွားများ မရှိသဖြင့် အငတ်ဘေးနှင့် ပြေးတွေ့ရမည့် အန္တရာယ်က ရှိနေပြန်သည်။ စစ်သည်တော်များအတွက် စည်သွပ်အမဲသားဘူးများကို ပေးနေ



သည် မှန်သော်လည်း မည်သူမျှ ထိုစည်သွပ် အမဲသားဘူးကို ကြာကြာ မစားနိုင်ကြ။ အမဲသားကဲ့သို့ပင် အခက်အခဲ တွေ့ရသော ရိက္ခာမှာ ဟင်းသီးဟင်းရွက်များ ဖြစ်၏။ ဘင်္ဂလားနှင့် အာသံမှာ ဟင်းသီးဟင်းရွက်များ အများအပြား ထွက်ရာဒေသ ဖြစ်၏။ သို့သော် ထိုဒေသများမှ ရထားတွဲများဖြင့် ပို့လိုက်သော ဟင်းသီးဟင်းရွက်များမှာ ရထားလမ်းဆုံးရာ မြို့များသို့ ရောက်သည့်အချိန်တွင် အပုပ်ရှိန်ကြောင့် ပုပ်ကုန်တော့သည်။

အမဲသားလည်း မစားရ၊ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များကိုလည်း မစားရသဖြင့် အားဖြစ်စေသည့် ထောပတ်နှင့် နွားနို့များ စားသောက်ရပါသလားဟုမေးလျှင် အဖြေပေးရန် များစွာ ခက်နေသေးသည်။ အမေရိကမှ သင်္ဘောဖြင့် တင်ပို့ပေးလိုက်သော နွားနို့များမှာ ဂွတ်ဟုပ်အငူကို ပတ်၍ လာခဲ့ရသဖြင့် အိန္ဒိယသို့ ရောက်လာသည့်အချိန်တွင် စားသုံးရန် မသင့်လျော်သည့် အဖြစ်သို့ ရောက်ရတော့၏။ ထို့ကြောင့် များစွာသော စစ်သည်ရဲမက်တို့၏ အစားအစာ ချို့တဲ့လာသောအခါ ထိုစစ်သား၏ ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ရသည့် အခြေအနေသို့ ရောက်ခဲ့ရလေသည်။

စစ်သားတစ်ယောက်အတွက် အစားအသောက် ချို့တဲ့လာသောအခါ ထိုစစ်သား၏ ကျန်းမာရေးအခြေအနေသည်လည်း ချို့ယွင်းလာကာ ထိုကဲ့သို့သော စစ်သားမျိုး အမြောက်အများပါဝင်သည့် စစ်တပ်ကြီးတစ်တပ်၏ စွမ်းရည်သတ္တိသည်လည်း အလိုအလျောက် လျော့ပါး၍ လာရတော့သည်။ ရိက္ခာပြဿနာသည် ဆင်နွှဲတော့မည့် ထိုးစစ်များကိုပင် ထိခိုက်လာဖွယ်ရာ ရှိလာသည်။

ထို့ကြောင့် အိန္ဒိယစစ်ဌာနချုပ်မှ ဗိုလ်ချုပ်ကြီးဝေဗယ် နေရာကို ဆက်ခံသော ဗိုလ်ချုပ်ကြီးအော်ချင်လက် ကျွန်ုပ်ဌာနချုပ်သို့ လှည့်လည်စစ်ဆေးရန် ရောက်လာသောအခါ ရိက္ခာပြဿနာကို ဦးစားပေး၍ တင်ပြလိုက်ရ၏။

(၁၉၃၃)ခုနှစ်၊ နိုဝင်ဘာလ (၃)ရက်နေ့တွင် ရိက္ခာပြဿနာကို ဒေလီရှိ အိန္ဒိယစစ်ဌာနချုပ်တွင် အသေးစိတ် ဆွေးနွေးကြသည်။ ဗိုလ်ချုပ်ကြီးအော်ချင်လက်၏ ဆော်ဩချက်ကြောင့် မြို့ပြအုပ်ချုပ်ရေးနှင့် စစ်အုပ်ချုပ်ရေးပိုင်းက ရိက္ခာပြဿနာကို ပို၍ အလေးပေးလာကာ (၁၉၄၄) ခုနှစ်သို့ ရောက်သောအခါတွင်ကား ကျွန်ုပ်တို့၏ တပ်ဖွဲ့အသီးသီးသည် သင့်လျော်သော အစားအစာများကို လုံလုံလောက်လောက် ရစပြုလာလေသည်။

ကျွန်ုပ်၏ အမှတ် (၁၄) တပ်မကြီး စတင်မွေးဖွားလာသည်မှစ၍ အောင်ပွဲအဆင့်ဆင့်ရလာကာ ရန်သူအပေါ်တွင် အနိုင်နှင့်ချည်းနိုင်သည်မှာ ဗိုလ်ချုပ်ကြီးအော်ချင်လက်၏ အစွမ်းကုန် အားပေးကူညီထောက်ပံ့မှုကြောင့် ဖြစ်သည်ကို မှတ်တမ်းတင်ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်ကြီးကြွေဖြစ်သည့် နိုဘာဂ္ဂရသို့ ဆွေမျိုးများပါ

မိုက္ကာပြုသနာနှင့် တန်းတူဦးစားပေး၍ ဖြေရှင်းရသောကိစ္စမှာ လက်နက်နှင့် ခဲယမ်းမလုံလောက်မှုပင် ဖြစ်သည်။ ကျွန်ုပ်တို့တွင် ခဲယမ်းတို့သာ မလုံလောက်သည်သာ မဟုတ်၊ ထိုခဲယမ်းများ ထည့်၍ ပစ်ရသော လက်နက်များပါ မလုံမလောက် ဖြစ်နေသည်။ လက်နက်နှင့်ခဲယမ်းများမှာ အိန္ဒိယတွင် ဖုံးပေါလအော ရနိုင်သည်မှာ မှန်၏။ သို့သော် ရှေ့တန်းစစ်မျက်နှာသို့ ရောက်အောင်ပို့ရန်မှာ မိုင် (၁၀၀၀)ခန့် ခရီးကွာနေသေးသည်။ ဤကိစ္စကို ကျွန်ုပ်၏လက်အောက်အရာရှိဖြစ်သူ ဆနဲလ်လင်းအား လုံးဝတာဝန်ပေး၍ ဖြေရှင်းခိုင်းရသည်။

ထို့နောက် စစ်သည်ရဲမက်အများအပြားတွင် ဖြစ်ပွားတတ်သော ငှက်ဖျားရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အရေပြားရောဂါနှင့် အူရောင်ငန်းဖျားရောဂါများကို ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်အရာရှိကြီးများနှင့် ပူးပေါင်း၍ ကာကွယ်ရန် ကြိုးစားရပြန်သည်။ ဗိုလ်ချုပ်ကြီးလူဝီမောင့်ဘက်တန်သည် အာရှအရှေ့တောင်ပိုင်းတွင် ဖြစ်ပွားတတ်သော ဤလိုရောဂါများကို ကြိုတင်ကာကွယ်ရန်အတွက် ဥရောပတိုက်မှ သုတေသန အရာရှိများကို ခေါ်ယူကာ အိန္ဒိယတွင် ဆေးဝါးအသစ်များ စမ်းသပ်ထုတ်လုပ်စေသည်။

ဆာဖိုနာမိုက်၊ ပင်နီဆလင်၊ မက်ဖာကရိန်၊ ဒီဒီတီဆေးမှုန့် စသည်တို့မှာ ကျွန်ုပ်တို့ မျှော်လင့်သည်ထက် အချိန်များစွာ နောက်ကျမှ ပေါ်ထွက်လာသော ဆေးဝါးများ ဖြစ်ကြသော်လည်း အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သဖြင့် သုတေသနအရာရှိများနှင့် ဤဆေးဝါး ထုတ်လုပ်ရေးကို ဆောင်ရွက်ကြိုးပမ်းခဲ့သူများအား များစွာကျေးဇူးတင်ထိုက်ပေသည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ အမှတ် (၁၄)တပ်မတော်အတွက် လိုအပ်သော အစားအာဟာရ၊ လက်နက်ခဲယမ်းနှင့် ဆေးဝါးများ ရရှိနိုင်ရန် အောက်ခြေမှစ၍ စီစဉ်လုပ်ကိုင်ရင်း တစ်ဖက်တွင် စစ်သည်ရဲမက်တို့၏ စိတ်ဓာတ်ကြံ့ခိုင်ရေး၊ မိမိအစွမ်းသတ္တိကို မိမိယုံကြည်ရေး၊ မိမိတို့၏ခေါင်းဆောင်များအပေါ်တွင် ယုံကြည်ရေးစိတ်ဓာတ်ကိုလည်း လှုံ့ဆော်ပေးနေရသည်။

ဤသို့ဖြင့် ကျွန်ုပ်၏ တပ်မတော်သည် စိတ်ဓာတ်အားဖြင့်သော်လည်းကောင်း တောင့်တင်းခိုင်မာလာသော တပ်မတော်တစ်ခုအဖြစ်သို့ ရောက်လာပြီဟု ယုံကြည်လာရာမှ ကျွန်ုပ်၏ ယုံကြည်ထားသည့်အတိုင်း မည်မျှ ခိုင်မာတောင့်တင်းသည်ဆိုသည်ကို တိုက်ပွဲတည်းဟူသော မီးပေါ်တွင် တင်၍ စမ်းသပ်ရမည့်အချိန်သို့ ရောက်လာခဲ့ပေပြီ။

❖❖❖

# အခန်း (၆)

(၁၉၄၃)ခုနှစ်၊ နိုဝင်ဘာလအတွင်း နယူးဒေလီတွင် ကျင်းပပြုလုပ်ခဲ့သော အာရှအရှေ့တောင်ပိုင်းဆိုင်ရာ စစ်ဌာနချုပ် အစည်းအဝေးကြီးက (၁၉၄၄)ခု နှစ်ဦးပိုင်းတွင် ဆင်နွှဲရမည့် ထိုးစစ်ကြီး၏ အစီအစဉ်များကို အောက်ပါအတိုင်း ချမှတ်ပေးခဲ့၏။

(၁) အန်ဒမန်ကျွန်းစုအား အမှတ် (၁၃)တပ်မကြီးက ကုန်းတစ်ပိုင်း ရေတစ်ပိုင်း စစ်ဆင်ရေးဖြင့် တက်ရောက်သိမ်းယူရန်၊

(၂) ရခိုင်စစ်မျက်နှာမှ မေယုကျွန်းဆွယ်အား အမှတ် (၁၅)တပ်မကြီးက ကုန်းတစ်ပိုင်း ရေတစ်ပိုင်း စစ်ဆင်ရေးကို နိဒါန်းပျိုးသည့် အနေဖြင့် တက်ရောက်သိမ်းပိုက်ပြီးနောက် စစ်တွေကို ဆက်လက်သိမ်းယူရန်၊

(၃) မြန်မာပြည်အလယ်ပိုင်း စစ်မျက်နှာတွင် တာဝန်ပေးအပ်ခြင်းခံရသော အမှတ် (၄)တပ်မကြီးက ချင်းတွင်းကို ဖြတ်ကျော်၍ ချီတက်ကာ လီဒိုမှ မြစ်ကြီးနားသို့ ချီတက်နေသော ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ တရုတ်တပ်များကို တိုက်ခိုက်နေသည့် ပင်မဂျပန်တပ်ဖွဲ့ကြီးအား စစ်မြှူပေးရန်၊

(၄) ဗိုလ်ချုပ်ကြီးစတီးဝဲလ်အုပ်ချုပ်သော တရုတ်တပ်များသည် လီဒိုမှ မြစ်ကြီးနားသို့ ချီတက်လာကာ လီဒိုလမ်းမကြီးကို တရုတ်မြန်မာလမ်းမကြီးနှင့် ဆက်မိအောင် ဆောင်ရွက်ရန်၊

(၅) ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ ချီတက်မှု တိုးတက်လျင်မြန်စေရန်အတွက် စတီးဝဲလ်၏တပ်များကို တိုက်ခိုက်နေသော ဂျပန်တပ်များအား ဝင်းဂိတ်၏ ခြင်းဇစ်အထူးတပ်ဖွဲ့က နောက်ကျောမှနေ၍ ဝင်ရောက်တိုက်ခိုက်ရန်၊

(၆) အိန္ဒိယလေထီးတပ်မဟာက အင်းတော်ဒေသတွင် သက်ဆင်းပြီးနောက် စတီးဝဲလ်၏ ချီတက်မှုကို ကူညီရန်နှင့် ယူနန်မှ ဆင်းလာသည့် တရုတ်တပ်များအား ကူရန်၊

www.burmeseclassic.com

www.burmeseclassic.com

(၇) ယူနန်တရုတ်တပ်များက လားရှိုးနှင့် ဗန်းမော်ဒေသတွင် ထိုးစစ်ဆင်ရန်။

အာရှ အရှေ့တောင်ပိုင်းဆိုင်ရာ စစ်ဌာနချုပ်အစည်းအဝေးကြီးက ဆုံးဖြတ်ခဲ့သော အထက်ပါ အစီအစဉ် (၇)ချက်ကို (၁၉၄၃)ခုနှစ်၊ နိုဝင်ဘာလကုန်ခါနီးတွင် ကိုင်ရို၌ ကျင်းပခဲ့သော မဟာမိတ်စစ်အာဏာပိုင်များ ကွန်ဖရင့်ကြီးက အတည်ပြုသဘောတူခဲ့၏။

သို့သော် ထိုကွန်ဖရင့်ကြီး ပြီးဆုံးပြီးနောက် တစ်ပတ်အကြာတွင် ကျင်းပပြုလုပ်သော တီဟီရန် ကွန်ဖရင့်ကြီး၌ မာရှယ်စတာလင်က အင်္ဂလိပ်အမေရိကန်တပ်များသည် ဂျာမဏီအား နှိမ်နင်းရေးကို ဦးစားပေး၍ စစ်ဆင်မှုများ ပြုလုပ်မည်ဆိုပါက ဆိုဗီယက် ရုရှသည် ဂျပန်အား ရန်သူအဖြစ် စစ်ကြေညာမည်ဖြစ်ကြောင်းကို အဆိုတင်သွင်းလာသောအခါ ထိုးစစ်ဆင်နွှဲရန် အစီအစဉ် (၇)ရပ်မှာ ပြောင်းလဲမှုများ ဖြစ်လာရတော့သည်။

အင်္ဂလိပ်နှင့် အမေရိကန် စစ်ခေါင်းဆောင်ကြီးများ ဖြစ်သော ချာချီနှင့် ရုစဗဲ့တို့က မာရှယ်စတာလင်၏ အဆိုကို လက်ခံသဘောတူကြသည်။ ထို့ကြောင့် အဓိကနှင့် အင်အားအကြီးဆုံးဖြစ်သော ဂျာမဏီကို ဦးစွာနှိမ်နင်းရန်အတွက် အာရှအရှေ့တောင်ပိုင်း စစ်ဌာနချုပ်ကို ထိုးစစ်ဆင်နွှဲရန် ပေးအပ်ထားသည့် ရေတစ်ပိုင်း ကုန်းတစ်ပိုင်း စစ်ဆင်ရေး လက်နက်၊ လူသူနှင့် တိုက်ရေယာဉ်များနက် ထက်ဝက်ကျော်ကျော်ကို ဥရောပသို့ ပြန်လည်ပေးပို့လိုက်ရသည်။

သို့ဖြစ်ရာ အစီအစဉ် (၇)ရပ်အနက် အန်ဒမန်ကျွန်းစုအား ရေတစ်ပိုင်း ကုန်းတစ်ပိုင်း စစ်ဆင်ရေးဖြင့် တက်ရောက်သိမ်းပိုက်ရန် အစီအစဉ်ကို ပယ်ဖျက်လိုက်ရကာ ရခိုင်ပြည်နယ်တွင်သာ ထိုးစစ်ဆင်တော့မည်ဟု ပြင်ဆင်လိုက်ရသည်။

အန်ဒမန်ကျွန်းစု ထိုးစစ်ကို ဖျက်သိမ်းလိုက်ကြောင်း တရုတ်စစ်သူကြီး ချန်ကေရှိတ်သိလာရသောအခါ သူ၏ ယူနန်တရုတ်တပ်မကြီးအား လားရှိုးနှင့် ဗန်းမော်ဒေသတို့သို့ ထိုးစစ်ဆင်ရန် စေလွှတ်နိုင်တော့မည် မဟုတ်ကြောင်းဖြင့် အာရှအရှေ့တောင်ပိုင်း စစ်ဌာနချုပ်သို့ သတင်းပို့လာတော့သည်။ ချန်ကေရှိတ်နှင့်လူဝီမောင့်ဘက်တန်တို့ သဘောတူထားခဲ့သော အချက်တစ်ချက်မှာ မဟာမိတ်တပ်များက အာရှအရှေ့တောင်ပိုင်းတွင် ရေတစ်ပိုင်းကုန်းတစ်ပိုင်း စစ်ဆင်ရေးဖြင့် ဂျပန်တို့အား နှိမ်နင်းမည်ဆိုပါက ချန်ကေရှိတ်သည် သူ၏ ယူနန်တရုတ်တပ်ကြီးအား မြန်မာပြည်ထဲသို့ ဆင်း၍ လားရှိုးဗန်းမော်ဒေသတွင် ထိုးစစ်ဆင်ပေးမည်ဟူသော အချက်ပင် ဖြစ်၏။ ယခုမူ ပေါ်ပေါက်လာသောအခြေအနေအရ မဟာမိတ်တို့ဘက်မှ ချန်ကေရှိတ်၏ဆန္ဒကို မလိုက်လျောနိုင်သောအခါ အခြားတစ်ဖက်ကလည်း သူ့အကြောင်းပြချက်နှင့်သူ ခေါင်းမာနေပြန်သည်။



ထို့ကြောင့် မူလအစီအစဉ် (၇)ရပ်အနက် နောက်ဆုံးအစီအစဉ် ပျက်သွားပြန်သောအခါ အိန္ဒိယလေထီးတပ်များ အင်းတော်တွင် ဆင်းရန်၊ စတီးဝဲလ်နှင့် ယူနန်တရုတ်တပ်ကြီးအား ကူညီရန်ဆိုသော အမှတ်(၆) အစီအစဉ်သည်လည်း အလိုအလျောက် ပျက်ပြယ်သွားရပြန်သည်။ ယူနန်တရုတ်တပ်မကြီးက လားရှိုး ဗန်းမော်ဒေသတွင် လာရောက်ထိုးစစ်ဆင်ခြင်းမရှိတဲ့ အိန္ဒိယလေထီးတပ်မတော်အား အင်းတော်တွင် ဆင်းသက်စေခြင်းမှာ သေမင်းခံတွင်းသို့ ရိုက်၍ သွင်းလိုက်သလိုသာ ရှိနေပေတော့သည်။

ချန်ကေရှိတ်က ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ ရေတစ်ပိုင်း ကုန်းတစ် ပိုင်း စစ်ဆင်ရေးဖြင့် ချီတက်တိုက်ခိုက်မှုမှာ တကယ့်ပွဲကြီးပွဲကောင်းဟု လက်ခံရန် ငြင်းဆန်မြဲ ငြင်းဆန်နေသည့်အတွက် ကျွန်ုပ်တို့ဘက်တွင် ကျန်ရှိနေသေးသော ကမ်းတက်သင်္ဘောအချို့ကို အင်္ဂလန်နှင့် မြေထဲပင်လယ်သို့ ပေးလိုက်ရပြန်သည်။

သို့ဖြင့် မူလက ရှိခဲ့သော အစီအစဉ် (၇)ရပ်မှာ ပျက်သည့်အစီအစဉ်က ပျက်၊ ပြင်သည့်အစီအစဉ်က ပြင်ဖြင့် နောက်ဆုံးတွင် မပြောင်းနေသော အချက်လေးချက်သာ ကျန်နေတော့သည်။

(၁) အမှတ် (၁၅)တပ်မကြီးက ရခိုင်ပြည်နယ်အား ကြည်းကြောင်းဖြင့် ဝင်ရောက်တိုက်ခိုက်ရန်၊
(၂) စတီးဝဲလ်၏ တရုတ်တပ်များက မြစ်ကြီးနားသို့ ချီတက်ရန်၊
(၃) ဝင်းဂိတ်၏ ခရီးဝေးဖောက်ထွင်း ချီတက်တိုက်ခိုက်ရေး တပ်ဖွဲ့တစတီးဝဲလ်အား စစ်ကူပေးရန်၊
(၄) အာသံတွင် အခြေစိုက်ထားသော အမှတ် (၄)တပ်မကြီးက ချင်းတွင်းသို့ တပ်ဖြန့်ထားရန်။

ဤစစ်ဆင်မှု လေးရပ်စလုံးမှာ ကျွန်ုပ်နှင့် တိုက်ရိုက်သက်ဆိုင်တာ စစ်ဆင်မှုအားလုံး၏ အရှုံးအနိုင်မှာလည်း ကျွန်ုပ်၏ အဓိကတာဝန်ဖြစ်နေသည်။

အဘယ်ကြောင့်ဆိုသော် အမှတ် (၁၅)တပ်မကြီးကို အုပ်ချုပ်ရသော ခရစ္စတီဆန်သည် လည်းကောင်း၊ ဗိုလ်ချုပ်ကြီး စတီးဝဲလ်သည် လည်းကောင်း၊ ဝင်းဂိတ်သည် လည်းကောင်း၊ အမှတ် (၄) တပ်မကြီးမှ ဗိုလ်ချုပ်ကြီးစကွန်းသည် လည်းကောင်း အာရှအရှေ့တောင်ပိုင်းဆိုင်ရာ စစ်သေနာပတိကြီးလူဝီမောင့်ဘက်တန်၏ အစီအစဉ်အရ ကျွန်ုပ်၏ ကွပ်ကဲမှုကို လိုက်နာကြရသောကြောင့်တည်း။

ကျွန်ုပ်၏စစ်ဆင်မှုလေးရပ်ကို သဘောတရားမှနေ၍ လက်တွေ့သို့ ဖော်အုံ့မှုမှုအချိန်၌ မြန်မာပြည်၏ စစ်မျက်နှာတွင် ကျွန်ုပ်နှင့်ဆိုင်ရမည့်သူမှာကား မြန်မာ့စစ်နယ်မြေတစ်ခုလုံးကို ဦးစီးအုပ်ချုပ်နေသော ဗိုလ်ချုပ်ကြီးကဝါဘီ ဖြစ်ကြောင်း သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ဂျပန်တို့၏ အစီအစဉ်ကို ရိပ်မိတန်သလောက် ရိပ်မိသော်လည်း အခြားစစ်မျက်နှာများကို တာဝန်ယူနေရသော ဗိုလ်ချုပ်ကြီးများလောက်ကား ရန်သူတို့၏ အစီအစဉ်ကို အတွင်းကျကျ သိခွင့်မရခဲ့ချေ။

တဝါဘီသည် မြန်မာပြည် ကြည်းတပ်နှင့် လေတပ် မှန်သမျှကို ချုပ်ကိုင်ထားသူမှန်း သိရှိရသော်လည်း သူ ဘာလုပ်မည်ဆိုသည်ကိုကား ကျွန်ုပ် မသိရှိနိုင်။ သူ ပြုလုပ်ခဲ့သော စစ်ဆင်ရေးများကို အကဲခတ်ရခြင်းအားဖြင့် ကဝါဘီသည် ကျွန်ုပ်ရင်ဆိုင်ခဲ့ဖူးသော အခြားဂျပန်စစ်ဗိုလ်ချုပ်များကဲ့သို့ပင် မိမိတပ်ကို မိမိ စိတ်ချကာ ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသားဖြင့် တိုက်ခိုက်မည့် စစ်သူကြီးတစ်ယောက်ဟု ယူဆမိသည်။

ကျွန်ုပ်သည် ကဝါဘီ၏ ဓာတ်ပုံဟုဆိုသော ပုံတစ်ပုံကို ရရှိထားရာ ထိုဓာတ်ပုံကို ကျွန်ုပ်၏စားပွဲရှေ့တွင် ချိတ်ဆွဲထားပြီး ဂျပန်စစ်သူကြီးတစ်ဦး၏ မျက်နှာနေ မျက်နှာထားကို လေ့လာမိသည်။ ကဝါဘီ၏ခေါင်းသည် ကျည်ဆန်ကဲ့သို့ ချွန်ထွက်နေပြီး သွားက အတန်ငယ်ခေါသည်။ မျက်နှာပေါ်တွင် ထူထဲသော မျက်မှန်တစ်လက် တပ်ထားသည်။ ဘေးတစ်ဖက်တစ်ချက်သို့ ကား၍ ကော့ထောင်ကာ ထွက်နေသော နှုတ်ခမ်းမွေးမှာ စစ်သူကြီးဟူသော မာန်ပါအောင် တမင်မွေး၍ ထားသည်ဟုပင် ထင်ရ၏။

ကျွန်ုပ်နှင့် အနိုင်ကြ၍ ပြိုင်ပွဲဝင်ရမည့် ဂျပန်ဗိုလ်ချုပ်ကြီးတဝါဘီမှာ ကျွန်ုပ်ထက် မည်သည့်အချက်တွင် စွမ်းသည်ကို ကျွန်ုပ်မသိရသော်လည်း ရုပ်ချင်းတမူ သူ့ထက် ကျွန်ုပ်က သာနေလေသည်။

❖❖❖

## အခန်း (၇)

ရခိုင်ပြည်နယ်ထိုးစစ်တွင် ရေတစ်ပိုင်း ကုန်းတစ်ပိုင်း စစ်ဆင်ရေး မပြုလုပ်နိုင်တော့သည့်အလျောက် ကြည်းကြောင်းမှပင် တက်ရောက်ရန် ဆုံးဖြတ်လိုက်ရ၏။

ယခုထိုးစစ်တွင် (၁၉၄၃)ခုနှစ်ကကဲ့သို့ ကျဉ်းမြောင်းသော စစ်မျက်နှာသို့ အင်အားများပြားသော တပ်များကို ရုတ်တရက် တစ်ပြိုင်နက်တည်း မပို့ပေးသေးဘဲ ကန့်သတ်ထားသည့် အရှေ့အတွက်သာ မေယုကျွန်းဆွယ်သို့ ပထမပို့ပေးမည်ဟု စီစဉ်ထားသည်။

ရှေ့ပြေးချီတပ်များက သင်္ဘောဆိပ်မြို့ကလေးဖြစ်သော မောင်းတောကို သိမ်းယူပြီးနောက် နောက်ထပ်ရောက်လာသော တပ်များဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အသက်သွေးကြောသဖွယ် အရေးပါအရာရောက်သော မောင်းတော ဘူးသီးတောင်လမ်းကို သိမ်းယူရန် ဖြစ်၏။

ကျွန်ုပ်တို့က သင်္ဘောဆိပ်မြို့ကလေးဖြစ်သော မောင်းတောကို သိမ်းပိုက်လိုက်ခြင်းအားဖြင့် ရခိုင်စစ်မျက်နှာရှေ့တန်းတွင် တိုက်ခိုက်မည့် တပ်သားများအတွက် ရိက္ခာနှင့်ခဲယမ်းကို သင်္ဘောဖြင့် အလွယ်တကူ ထောက်ပံ့နိုင်မည် ဖြစ်လေသည်။

ယခု ထိုးစစ်တွင် ကျွန်ုပ်တို့သည် မေယုတောင်တန်း တစ်ဖက်တစ်ချက်တွင်ရှိသော ပင်လယ်ကမ်းခြေနှင့် မြစ်ကမ်းခြေတို့မှ တက်ရောက်ရုံသာမက မေယုတောင်တန်းကျောရိုးပေါ်မှလည်း ခက်ခက်ခဲခဲ ချီတက်ရန် ပြင်ဆင်ထားသည်။ အမှတ်(၈၁) အနောက်အာဖရိက တပ်မအား ထုလားတန်မြစ်အတိုင်း ချီတက်စေခြင်းဖြင့်လည်း ရန်သူ၏ ခြမ်းတက်လာခြင်း တောင်ပံကို ကာကွယ်နိုင်မည် ဖြစ်လေသည်။

ဒီဇင်ဘာလအတွင်းတွင် အမှတ် (၁၅) တပ်မကြီးမှာ ထိုးစစ်အတွက် အစစအရာရာ ပြင်ဆင်ပြီး ဖြစ်နေသည်။ ထို့ကြောင့် (၁၉၄၄) ခုနှစ်နှစ်ဆန်းလာသည်နှင့် တစ်ပြိုင်နက် ဘော်လီဘာဇားတွင် တစ်မိုး

www.burmeseclassic.com

တွင်းလုံး တပ်စွဲထားသော အမှတ် (၂၆)တပ်မအား စစ်တကောင်းတွင် အပန်းဖြေနားနေစေပြီးနောက် အမှတ် (၁၅)တပ်မကြီးတွင် ပါဝင်သော အမှတ် (၇) အိန္ဒိယတပ်နှင့် အမှတ် (၅) အိန္ဒိယတပ်မတို့ကို ဘော်လီ တစ်ဝိုက်တွင် အခြေစိုက်ထားလိုက်၏။

ဤအချိန်၌ တိုက်ပွဲတစ်ခါမျှ မတိုးဖူးသေးသော်လည်း တောတွင်းတိုက်ခိုက်နည်းများကို ကျင့်သားရနေသော အမှတ် (၈၁) အနောက်အာဖရိကတပ်မသည် ကုလားတန်မြစ်ဝှမ်းအတိုင်း စုန်၍ ချီတက်လာတော့သည်။

အာဖရိက တပ်မသည် အာဖရိကနည်းဖြင့် (၇၅)မိုင် ရှည်သော ဒလက်မဲလမ်းကို ချီတက်ရင်း ဖောက်လာခဲ့၏။ ကုလားတန်ကမ်းခြေပေါ်တွင်လည်း အပေါ့စားလေယာဉ်ငယ်ကလေးများ ဆင်းသက်နိုင်သည့် လေယာဉ်ပြေးလမ်းကြောင်းများကို ဖောက်လုပ်နေသည်။

ရန်သူသည် ဇန်နဝါရီလ (၂၀)ရက်နေ့သို့ ရောက်မှ အာဖရိကတပ်မကို လာ၍ လက်တည့်စမ်းလေသည်။

ဂျပန်နှင့် ပထမဆုံးတွေ့ဆုံ တိုက်ပွဲတွင် အာဖရိကတို့က ရန်သူစခန်းတစ်ခုကိုပင် တက်ရောက်သိမ်းပိုက်နိုင်သည်အထိ ပဏာမ အောင်ပွဲရခဲ့၏။

ထို့နောက် တပ်မသည် ကြုံကြားကြုံကြားတွေ့ရသော ရန်သူတိုက်ကင်းအဖွဲ့ငယ်များကို ချေမှုန်းရင်း ကုလားတန်မြစ်အတိုင်း တရွေ့ရွေ့စုန်ကာ ပလက်ဝနှင့် ကျောက်တော်ဆီသို့ ချီတက်လာခဲ့သည်။

နယ်မြေအနေအထား၏ ဆိုးရွားမှုကြောင့် အာဖရိကတပ်အား တင့်ကားများဖြင့် တိုက်ခွင့်မပေးနိုင်သော်လည်း အဓိက ထိုးစစ်ကြောင်းအဖြစ် ချီတက်လာရသော တပ်ဖွဲ့ကိုမူ ယခုအကြိမ်၌ လုံလောက်သော သံချပ်ကာ ယန္တရားတပ်ဖြင့် အကူအညီပေးမည်ဟု ကျွန်ုပ်က ပိုင်းဖြတ်ထားခဲ့သည်။

ထို့ကြောင့် အယူအဆ အဟောင်းကြီးဖြစ်သော ရခိုင်ပြည်နယ်လို ချောင်းငယ်မြောင်းငယ် ပေါများသည့် ဒေသမျိုးတွင် တင့်ကားများသည် များစွာ မသုံးမဝင်လှ ဟူသောစွဲလမ်းချက်ကို ဘေးဖယ်ကာ အိန္ဒိယသံချပ်ကာယန္တရားတပ်မကြီးမှ အရာရှိတစ်ဦးဖြစ်သူ ပါစီအား နိုဝင်ဘာလတွင် သံချပ်ကာယန္တရားတပ် တစ်တပ်သည် အပိုပစ္စည်းများ၊ မောင်းသူများ၊ ပြင်ဆင်သူများဖြင့် အသင့်ဖြစ်နေရမည်ဟု ညွှန်ကြားထားလိုက်၏။

ဇန်နဝါရီလဆန်းတွင် ရခိုင်ပြည်နယ် စစ်ဆင်ရေးစသည်နှင့် တစ်ပြိုင်နက် ကမ်းတက်ရေယာဉ်နှင့် ဖောင်များ အနည်းငယ်စီသာ ရှိနေသည့် တိုင်အောင် ခိုင်ခံ့ခြင်းမရှိသော တံတားများ၊ ဒီရေအတက်အကျရှိသော ချောင်းငယ်များ၊ ရွံ့ဗွက်အိုင်များနှင့် သဲနုန်းများကို ဖြတ်ကျော်ကာ သံချပ်ကာ ယန္တရားတပ် တစ်တပ်က ရခိုင်စစ်မျက်နှာသို့ ရောက်လာသည်။



သို့သော် ခက်နေသည်ကား ရနိုင်မည်ဟု မထင်ခဲ့သော သံချပ်ကာယန္တရားတပ်မှာ ဗိုလ်မှူးပါစီ၏ အစွမ်းကြောင့် ရလာခဲ့ပြီးဖြစ်သော်လည်း လေကြောင်းဖြင့် ရိက္ခာပို့ပေးရန်အတွက် လွယ်လွယ်ကူကူ ရနိုင်မည်ဟု မျှော်လင့်ထားသော လေထီးများမှာ ကျွန်ုပ်တို့ အလိုရှိသလောက် လုံလုံလောက်လောက် မရနိုင်ဘဲ ဖြစ်နေ၏။ ကျွန်ုပ်သည် အမှတ် (၈၁) အာဖရိကတပ်အား လေကြောင်းဖြင့် ရိက္ခာထောက်ရန် စီစဉ်ပြီးဖြစ်ရာ လေထီးများကို ရနိုင်သမျှ ရအောင် ကြိုးပမ်းရတော့သည်။

အင်္ဂလန်မှ လိုအပ်သော လေထီးများကို မှာယူရန်မှာလည်း ကျွန်ုပ်တို့ အမှတ် (၁၄)တပ်မတော်သည် ပစ္စည်းရယူသည့် စာရင်းတွင် အောက်ဆုံးမှ ပါရှိနေသဖြင့် ကျွန်ုပ်တို့ လိုချင်သည့်အချိန်တွင် ရနိုင်မည် မဟုတ်သည်မှာ သေချာသည်။ ထို့ကြောင့် ဆနဲလင်းနှင့် လေကြောင်းရိက္ခာထောက်ပံ့ရေးဌာနမှ အရာရှိများနှင့် တိုင်ပင်ကာ ဂုန်နီအိတ်စက်ရုံများအား ဂုန်လျှော်ဖြင့်ပင် လေထီးများ ပြုလုပ်ပေးရန် မေတ္တာရပ်ခံရသည်။ နမူနာ ပြုလုပ်လာသော ဂုန်လျှော်လေထီးများကို အကြိမ်ကြိမ်လက်တွေ့စမ်းသပ်ပြီးနောက် ကျွန်ုပ်တို့ အလိုရှိသည့် အရေအတွက်ကို ထုတ်လုပ်ပေးရန် အမိန့်ပေးလိုက်၏။

ဂုန်လျှော်လေထီးများမှာ လူများဆင်းသက်ရန်နှင့် ကြိုးမဲ့ကြေးနန်းစက်လို အလွယ်တကူ ထိခိုက် ပျက်စီးတတ်သော ပစ္စည်းများကို ချပေးရာတွင် စိတ်မချရသော်လည်း ရိက္ခာချပေးရာတွင်မူ စိတ်ချရသည်။ လေထီးကို အင်္ဂလိပ်လို ပါရာချူ ဟုခေါ်ရာ ယခု ဂုန်လျှော်ဖြင့် ပြုလုပ်ရသော လေထီးကို ကျွန်ုပ်တို့က ပါရီဂျူ ဟု ပြောင်း၍ ခေါ်လိုက်ကြလေသည်။

အင်္ဂလန်တွင် လုပ်သော ပါရာချူမှာ ပေါင် (၂၀)ခန့် ကုန်ကျရာ အိန္ဒိယတွင် ဂုန်လျှော်ဖြင့် ပြုလုပ်သော လေထီးမှာ တစ်စင်းလျှင် တစ်ပေါင်မျှသာ ကုန်ကျသည်။ သို့ဖြင့် ကျွန်ုပ်သည် အမိအင်္ဂလန်နိုင်ငံမှ အခွန်ထမ်း တိုင်းသူပြည်သားတို့၏ ငွေကို သန်းနှင့်ချီ၍ သက်သာအောင် လုပ်ဆောင်ပေးခဲ့ခြင်းလည်း မည်လေသည်။

သို့သော် ပါရာချူ များအတွက် ငွေများရှင်းလင်းပေးချေရမည့် အချိန်သို့ ရောက်သောအခါ ကျွန်ုပ်မှာ "ဘာကြောင့် လေထီးများကို သက်ဆိုင်ရာဌာနများမှ မှာယူခြင်း မပြုပါသလဲ"ဟု အထက်မှ ပြစ်တင်ဝေဖန်ခြင်းကို ခံရပါတော့သည်။

ရခိုင်ပြည်နယ်ထိုးစစ်ကို မစတင်မီ စစ်ဘက်ဝှံဝမ်းထောက်လှမ်းရေးဌာနမှ သတင်းပို့ချက်အရ ရန်သူ့အင်အားမှာ အမှတ်(၅၅)တပ်မအပြင် အပိုတပ်ရင်းနှစ်ရင်းရှိသည်ဟု သိရသည်။ တပ်မတာနှစ်ခုသော စစ်တွေမြို့၏ ရှေ့ဘက်မျက်နှာစာတွင် နေရာယူထားပြီး တပ်မဟာတစ်ခုက မြို့ထဲနှင့် ပတ်ဝန်းကျင်တွင် တပ်စွဲထားသည်။ ကုလားတန်မြစ်ဝှမ်းမှ စုန်ဆင်းလာသော အာဖရိကတပ်ကို ဟန့်တားရန်အတွက်

www.burmeseclassic.com

www.burmeseclassic.com

မြင်းတပ်သားများ ပါဝင်သော တပ်ခွဲတစ်ခုကိုလည်း စေလွှတ်ထားသည်ဟု သတင်းရထားသည်။

သို့သော် ကျွန်ုပ်တို့ ထိုးစစ်စတင်လိုက်သောအခါတွင်ကား အမှတ် (၅၅)တပ်မ၏ နောက်ကွယ်တွင် အခြားတပ်မတစ်ခုလည်း ရှိနေကြောင်းကို တွေ့လာရ၏၊ အမှတ် (၅၄)တပ်မတည်း။ ထိုတပ်မသည် ပြည်မြို့တွင် အခိုက်အတန့်အားဖြင့် ဌာနချုပ်ဖွင့်လှစ်ထားကာ တပ်ဖွဲ့များအား ရခိုင်ပြည်နယ် မြောက်ပိုင်းသို့ ပေးပို့နေလေသည်။

ကျွန်ုပ်၏ အမှတ် (၁၄)တပ်မတော်မှာ ဖွဲ့စည်းပြီးစ အသစ်ကျပ်ချွတ်တပ်မတော်ဖြစ်ပေရာ ပထမဦးစွာ ရင်ဆိုင်ရသော ရခိုင်ပြည်နယ် ထိုးစစ်၌ ရှေးဦးတိုက်ပွဲတွင် ကျွန်ုပ်တို့ဘက်မှ အောင်ပွဲရရန် များစွာ အရေးကြီးနေလေသည်။ ထို့ကြောင့် ရန်သူအင်အားထက် တပ်မတစ်ခုကဲကာ အရန်တပ်အဖြစ် ခေါ်ယူထားလိုက်သည်။

ရန်သူသည် မောင်းတော ဘူးသီးတောင်လမ်းရှိ ဥမင်နှစ်ခုတွင်လည်းကောင်း၊ ဤလမ်းကြီးကို ထိန်း၍ထားနိုင်သော အရှေ့ဘက်ရှိ လက်ဝဲခတ်တောင်တန်း၏ တစ်ဖက်တစ်ချက်တို့တွင် လည်းကောင်း၊ အနောက်ဘက်ရှိ ရာဇသီလ်တွင်လည်းကောင်း၊ ပေ (၂၀)မှ (၃၀)ပေအထိ နက်သော ကျင်းကြီးများကို ဥမင်သဖွယ် ကျယ်ဝန်းစွာ တူးကာ စားခန်း၊ အိပ်ခန်း၊ ရိက္ခာသိုလှောင်ခန်း၊ လက်နက်သိုလှောင်ခန်းများ အပြည့်အစုံထားလျက် ကျွန်ုပ်တို့ တက်အလာကို စောင့်နေလေသည်။

လက်ဝဲခတ် တစ်ဖက်တစ်ချက်တွင်ရှိသော ရန်သူတို့၏ ဥမင်ခံတပ်နှစ်ခုကို တိုက်ခိုက်ရန်အတွက် မေယုတောင်တန်း၏ တစ်ဖက်တွင် ရှိနေသော အမှတ် (၇)တပ်မသို့ အဝေးပစ်အမြောက်များနှင့် တင့်ကားများ ပို့ပေးရန် လိုနေသည်။

မေယုတောင်တန်း တစ်ဖက်တစ်ချက်ကို ဆက်သွယ်ထားသော (၁၆)မိုင်ရှည်သည့် မောင်းတော-ဘူးသီးတောင် လမ်းမှာ ရန်သူလက်ထဲတွင် ရှိနေ၏။ ကျွန်ုပ်တို့ဘက်မှ မော်တော်ယာဉ်များ မည်သည့်နည်းနှင့်မျှ သွား၍မရ။ သို့သော် ကျွန်ုပ်တို့အတွက် ကံကောင်းထောက်မနေသည်ကား မောင်းတော ဘူးသီးတောင်လမ်းမကြီး၏ မြောက်ဘက် ငါးမိုင်ခန့်အကွာတွင် မေယုတောင်တန်း တစ်ဖက်တစ်ချက်ကို ဖြတ်၍ သွားနိုင်သော ငကျည်ဒေါက် တောင်ကြား ရှိနေခြင်းပင်တည်း။

တောင်ကြားလမ်းမှာ ကွေ့ကွေ့ကောက်ကောက် ဖြစ်နေသော လူသွားလမ်းကလေးမျှသာ ဖြစ်သည်။ သို့သော် ဤတောင်ကြားသို့ ပထမဆုံး ရောက်လာခဲ့သော အမှတ် (၇)တပ်မကို ဦးစီးသည့် မက်ဆာဗေးသည် မေယုတောင်တန်းတစ်ဖက်သို့ ဖြတ်ကျော်ရန် ငကျည်ဒေါက် ထက် ပိုမိုကောင်းမွန်သော လမ်းတစ်လမ်းကို သူ၏ တပ်မဟာမှူးတစ်ဦးဖြစ်သူ ရောဘတ်အား ရှာခိုင်းသည်။

ဤတွင်လမ်းကောင်းတစ်ခုကို လိုက်လံရှာဖွေခဲ့သော ရောဘတ်သည် ဤဒေသ၌ ငကျည်ဒေါက်လောက် ကောင်းမွန်သောလမ်း မရှိကြောင်းကို သိရှိလာကာ ငကျည်ဒေါက်တောင်ကြားလမ်းအား ပို၍အင်အားတောင့်တင်းသော တပ်ဖွဲ့ဖြင့် တပ်စွဲထားခဲ့၏။ ဤတောင်ကြားလမ်း၏ အရေးပါလှပုံကို နောက်မှ ရိပ်မိသော ရန်သူသည် တစ်ညလုံးလုံး လာ၍တိုက်ကြသည်။ တောင်ကြားလမ်း၌ တပ်စွဲနေသော ရောဘတ်၏ တပ်မဟာမှ ပန်ချာပီတပ်ဖွဲ့သည် ရန်သူတို့အား တပ်လန်၍သွားအောင် တိုက်ထုတ်နိုင်ခဲ့ကြ၏။

အကယ်၍သာ တပ်မဟာမှူး ရောဘတ်သည် ဤတောင်ကြားလမ်း၏ အရေးပါပုံကို ဂရုမစိုက်မိခဲ့သော် ငကျည်ဒေါက် တိုက်ပွဲမှ အဖြစ်အပျက်များသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစရာ ရှိတော့သည်။ အမှတ် (၇)တပ်မမှ အင်ဂျင်နီယာများသည် မြေတူးစက် သုံးလုံးမျှဖြင့် ငကျည်ဒေါက် တောင်ကြားတွင် မော်တော်ကားသွားနိုင်သည်အထိ ခက်ခက်ခဲခဲ ဖောက်လုပ်ခဲ့ကြရ၏။ မကြာမီပင် တင့်ကားများ၊ အဝေးပစ် အမြောက်များ၊ မော်တော်ယာဉ်များသည် အမှတ် (၇)တပ်မ အခြေစိုက်ထားရာ မေယုတောင်တန်းတစ်ဖက်သို့ ရောက်လာလေသည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့တွင် မေယုတောင်တန်းအရှေ့ဘက်တွင် ရှိနေသော အမှတ် (၇) တပ်မနှင့် အနောက်ဘက်တွင် ရှိနေသော အမှတ် (၅) တပ်မနှစ်ခုကို ဆက်သွယ်နိုင်ကာ ငကျည်ဒေါက်လမ်းသည် ပွင့်သွားခဲ့ရတော့သည်။

(၁၉၄၃)ခုနှစ်၏ နောက်ဆုံးနေ့ဖြစ်သော ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် ကျွန်ုပ်တို့၏ မြေပြင်ပစ် အမြောက်ကြီးများက ရာဇသီလ်ကို စ၍ တိုက်ခိုက်သည်။ ဂျပန်တို့သည် မြင်းခွာသဏ္ဌာန်ရှိသော တောင်တစ်လုံးကို ဝန်းရံပတ်လျက်ရှိသော တောင်ကုန်းများတွင် နေရာယူထားသည်။ တောင်ကုန်းများမှာ မမြင့်မားလှသော်လည်း ထရံကို ထောင်၍ထားသလို မတ်စောက်လှသည်၊ ကျွန်ုပ်တို့က လိပ်ကုန်းဟု အမည်ပေးထားသည်။

ရန်သူတို့၏ လိပ်ကုန်းခံတပ်သို့ မရောက်မီ ခံတပ်အပြင်ဘက်ရှိ ရန်သူ့စခန်းကလေးများကို ရှင်းလင်းတိုက်ခိုက်ရသည်မှာပင် ခုနစ်ရက်တိတိ ကြာသည်။ ရှစ်ရက်မြောက်သည့်နေ့တွင် ကျွန်ုပ်တို့တပ်များသည် လိပ်ကုန်းကို ဟန်ပြလောက်သာ တိုက်နေရင်း မောင်းတောသို့ လှစ်ခနဲ ချီတက်ကာ သိမ်းယူလိုက်၏။ ထိုနောက် အပျက်စီးကြီး ပျက်စီးနေသော မောင်းတောသင်္ဘောကျင်းကို ပြုပြင်ကာ ရိက္ခာနှင့် ခဲယမ်းများတင်ဆောင်လာသော ကျွန်ုပ်တို့၏သင်္ဘောများကို ဆိုက်ကပ်စေသည်၊ မောင်းတောကို ကောင်းစွာ ထိန်းထားနိုင်သောအခါ အမှတ် (၅) တပ်မကို ဦးစီးနေသော ဘရစ်က လိပ်ကုန်းခံတပ်ကို ဖြိုရန်စီစဉ်ရတော့၏။ သို့သော် ရန်သူတို့က စနစ်တကျနှင့် ခိုင်ခိုင်မာမာ တည်ဆောက်ကာ အချက်အချာနေရာတွင် တပ်စွဲထားခြင်း ဖြစ်သောကြောင့် ဖြိုရသည်မှာ မလွယ်လှ။

www.burmeseclassic.com

ပထမ သုံးရက်ဆက်၍ တိုက်လိုက်သောအခါ လိပ်ကုန်းပေါ်ရှိ သစ်ပင်များ ပြောင်သလင်းခါသွားသလို ကျွန်ုပ်တို့ဘက်မှ ရဲဘော်အတော်များများလည်း မသာဖြစ်သွားရသည်။ သို့တိုင်အောင် ဥမင်တမျှ နက်သော ကျင်းများကို တောင်ခေါင်းထဲတွင် အဆင့်ဆင့်လုပ်ကာ ဘန်ကာတစ်ခုနှင့် တစ်ခု သေနတ်တစ်ကမ်း လက်ပစ်ဗုံး တစ်လှမ်းစီ အကွာတွင် ဗိုခနောက်ဆိုင်၊ မျက်စောင်းထိုး၊ ဓားလွယ်ခုတ် အနေအထားများဖြင့် နေရာယူထားကြရာ ဘယ်လိုမှ တိုက်မရအောင် ဖြစ်နေတော့၏။

ကျွန်ုပ်တို့၏ စစ်သည်ရဲမက်တို့သည် ကာပစ်ပစ်ပေးနေသော အမြောက်များ၊ တင့်ကားများ၏ အကူအညီတို့ဖြင့် ရန်သူ့ကန်ကာများအနီးသို့ ရောက်လာနိုင်ကြပါ၏။ သို့သော် ဘန်ကာကိုကား ထိုးဖောက်ခြင်း မပြုနိုင်။ တင့်ကားများ၊ အမြောက်များမှာ ကျွန်ုပ်တို့ ဘက်တော်သားများ ရန်သူ့ဘန်ကာအနီးသို့ ရောက်သွားချိန်တွင် ဘယ်လိုမှ ပစ်၍ မဖြစ်တော့၊ ပစ်လိုက်လျှင်လည်း ကိုယ့်လူကို ကိုယ်ပစ်သတ်နေသကဲ့သို့သာ ရှိပေတော့မည်။

ထို့ကြောင့် တင့်ကားတပ်သားများထဲ လက်ဖြောင့်တပ်သားများနှင့် စက်သေနတ်သမား လက်ဖြောင့်တပ်သားများကို ရွေးထုတ်၍ တစ်မျိုးကြံစည်ရတော့၏။ ဤလက်ဖြောင့်တပ်သားများသည် ကျွန်ုပ်တို့၏ ခြေကျင်တပ်သားများ ရန်သူ့ဘန်ကာအဝသို့ ရောက်သည့်အထိ ပစ်ပေးနေရန်ဖြစ်၏။ ရန်သူ့ဘန်ကာကိုလည်း ထိမှန်နေအောင် ကျွန်ုပ်တို့၏ ခြေကျင်တပ်သားများလည်း ဘေးကင်းအောင် ပစ်ပေးရမည် ဖြစ်သည်။ သည်လိုအလုပ်မျိုးကို နှလုံးမခုန် လက်မတုန်သူများသာ လုပ်နိုင်မည်ကို ကျွန်ုပ်သိသည်။ ကျွန်ုပ်တို့တွင် ဤကဲ့သို့သော လူစွမ်းကောင်းများ ရှိနေလေသည်။

အမှတ် (၁၄)တပ်မတော်၏ မြန်မာပြည်တိုက်ပွဲစဉ်တစ်လျှောက်လုံးတွင် ဤနည်းဖြင့်ပင် ရန်သူတို့၏ ဘန်ကာခံတပ်များကို ဖြိုခဲ့ရသည်။ အမှတ် (၅)တပ်မတော်က လိပ်ကုန်းကို တဖိဖိနှင့် တတိတိ ဖြိုချနေစဉ် အမှတ် (၁၅)တပ်မတော်ကြီးကို ဦးစီးရသော ဗိုလ်ချုပ်ကြီးခရစ်စတီဆန်သည် မေယုတောင်တန်း အရှေ့ဘက်တွင် ရှိနေသော အမှတ် (၇)တပ်မအား မောင်းတော၊ ဘူးသီးတောင်လမ်းကို အစွမ်းကုန် တိုက်စေသည်။

အမှတ် (၇)တပ်မသည် ရန်သူ၏ တန်ပြန် ထိုးစစ်ကိုသော်လည်းကောင်း၊ ဥမင်နှစ်ခုမှနေ၍ ပစ်လွှတ်နေသော ရန်သူတို့၏ (၁၅၅)မီလီမီတာ အမြောက်ကြီးများ၏ ဒဏ်ကိုသော်လည်းကောင်း အနည်းငယ်မျှ မဖြုဘဲ တောင်ကုန်းကိုသာ အရအမိ ဖက်တွယ်၍ နေခဲ့၏။ ဤတပ်ရင်းကား တောင်ရိုးနေ စကော့အမျိုးသားများ ပါဝင်ဖွဲ့စည်းထားသော တပ်ရင်းတည်း။

လက်ဝဲဒဏ်ကို တိုက်နိုင်ရန်အတွက် ပထမဦးစွာ ဘူးသီးတောင်သည် ကျွန်ုပ်တို့လက်ဝယ် ရှိနေရမည်ဖြစ်၏။



ထို့ကြောင့် အမှတ် (၅)တပ်မမှတပ်မဟာတစ်ခုအား ကျေညဲဒေါက်မှနေ၍ အမှတ် (၇) တပ်မ၏ လက်ယာတောင်ပံ နေရာတွင် အစားဝင်ရန် စေလွှတ်လိုက်သည်။ ဤသို့အားဖြင့် အမှတ် (၇)တပ်မကို ဦးစီးသော မတ်ဆာဗေးသည် ရန်သူအား ထိုးနှက်ရန် တပ်မဟာတစ်ခု အပိုရလာတော့၏။

ဘူးသီးတောင်ကို ချီတက်တိုက်ခိုက်ရန် ထွက်ခွာသွားသော ရှေ့ဦးချီတပ်မဟာ၏ နောက်တွင် အလတ်စား မြေပြင်ပစ် အမြောက်တပ်ကို ထည့်ပေးလိုက်သည်။ တင့်ကားကိုကား အနည်းငယ်သာ လိုက်ပါချီတက်စေပြီး ကျန်သမျှ တင့်ကားတပ်ကို ရာဇဘိလ်တွင် ပုံဖျက်၍ လျှို့ထားလိုက်သည်။ ရန်သူက ကျွန်ုပ်တို့၏ သံချပ်ကာယန္တရားတပ်သည် မေယုတောင်တန်းအနောက်ဘက်၌ပင် ရှိနေသည်ဟု အထင်မှားစေရန်တည်း။

ကျေညဲဒေါက်တောင်ကြားလမ်းနှင့် ကုလားပန်းဇင်မြစ်ဝှမ်းတို့ဆုံရာအရပ်တွင် နာမည်ကျော် နေရာချထားရေးစခန်းကို ဖွင့်လှစ်လိုက်၏။ ဤစခန်းတွင် ကုလားပန်းဇင်မြစ်ဝှမ်းရှိ စစ်သည်ရဲမက်တို့၏ နေရေးထိုင်ရေး စားသောက်ရေးအတွက် ရိပ်သာများကိုလည်းကောင်း၊ ရိက္ခာဂိုဒေါင်များ၊ ခဲယမ်းလက်နက်တိုက်များ၊ ယာဉ်ရပ်နား ပြုပြင်ရေးဌာနနှင့် ဆေးရုံတစ်ရုံကိုလည်းကောင်း တည်ဆောက်ပေးနေသည်။

ခရစ်စတီဆန်ဦးစီးသော အမှတ် (၁၅)တပ်မကြီးက စနစ်တကျနှင့် အချက်ကျကျ ထိုးစစ်ဆင်လာသောအခါ ဂျပန်တို့သည် မျှော်လင့်မထားပါလာသည့်အကျင့်အတိုင်း ခံစစ်ဖြင့်ပင် ကျွန်ုပ်တို့အား အနိုင်ရနေသည်ကို အားမရနိုင်ဘဲ တန်ပြန်ထိုးစစ်ဆင်ရန် လက်ယား၍ လာကြ၏။

ရန်သူသည် မောင်းတော-ဘူးသီးတောင်လမ်းမပေါ်တွင် ရှိနေသည့် ဥမင်ခံတပ် (၂)ကို ကျွန်ုပ်တို့က မသိမ်းပိုက်နိုင်မီပင် တန်ပြန်ထိုးစစ်ဆင်လိမ့်မည်ဟု ခရစ်စတီဆန်နှင့် ကျွန်ုပ်တို့က တွက်ထားခဲ့ကြ၏။

*ကျွန်ုပ်တို့ တွက်ထားသည့်အတိုင်းလည်း မှန်နေလေသည်။*

ကျွန်ုပ်သည် ဂျပန်စစ်သားတို့၏ စိတ်နေသဘောထားကို စစ်တက္ကသိုလ်တွင် စာမေးပွဲစစ်ဆေးသူအဖြစ် ဆောင်ရွက်ခဲ့စဉ်က ရုရှ-ဂျပန်စစ်ပွဲကြီးနှင့် ပတ်သက်ကာ အတော်အတန် လေ့လာတီးခေါက်မိခဲ့သည်။ ရုရှ-ဂျပန်စစ်ပွဲကြီးတွင် ရုရှတို့ဘက်မှ မည်သည့်တိုက်ပွဲတို့၌ အနိုင်ရသည်ကို မတွေ့ရ။ ရုရှတို့သည် မိမိတို့ဘက်တွင် အရန်ထားသော တပ်များ ရှိနေစေကာမူ ထိုအရန်တပ်ကို တိုက်ပွဲအတွင်းသို့ ခေါ်ယူခြင်း မရှိဘဲ အရှုံးကိုသာ ပေး၍ ခံတိုက်ခဲ့သည်ကို တွေ့ရသည်။ ဂျပန်တို့ဘက်မှ ထိုသို့မဟုတ်ဘဲ ရှိသမျှအင်အားကို အကုန်ထုတ်သုံးကာ အနိုင်ရအောင် ချည်းတိုက်ခဲ့သည်။ အခါပေါင်း အတော်များများပင် ဂျပန်တို့သည် မိမိတို့ စုဆောင်းထားရသော အရန်တပ်ကို တိုက်ပွဲအနိုင်ရရန်အတွက် တစ်ချက်တည်းနှင့် အောလိုက်သည်ကို လေ့လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်လည်း နိုင်ချင်ကြွက် ဖြစ်နေသော ဂျပန်တို့သည် ရခိုင်ပြည်နယ်စစ်မျက်နှာတွင်လည်း မကြာမတင်ပင် ပြန်လည်ထိုးစစ်ဆင်တော့မည်ဟု တွက်ထားခဲ့ခြင်း ဖြစ် လေသည်။

ကျွန်ုပ်တို့ တွက်ထားခဲ့သည့်အတိုင်းပင် ဂျပန်သည် တန်ပြန်ထိုးစစ်ဆင်လာသည်။ သို့သော် ရခိုင်စစ်မျက်နှာ တစ်ခုတည်းအတွက် ဝကွက်၍ ဆင်ခြင်းမဟုတ်ဘဲ မြန်မာပြည်စစ်မျက်နှာတစ်ခုလုံးနှင့် သက်ဆိုင်သော အထွေထွေ တန်ပြန်ထိုးစစ်ကြီးကို ဆင်နွှဲလာခြင်း ဖြစ်သည်။ မြှ၍ဆိုရသော် အာရှအရှေ့တောင်ပိုင်း စစ်ဒေသတွင် ဂျပန်သည် ထိုးစစ်ကြီးတစ်ခုကို ထပ်၍ ဆင်နွှဲလာခြင်းပင်တည်း။

တီဟီရန် ကွန်ဖရင့်ကြီး၏ ဆုံးဖြတ်ချက်အရ အဓိကနှင့်အင်အားအကြီးဆုံး ရန်သူဖြစ်သော ဂျာမဏီအား ပထမနှိမ်နင်းရန် စီစဉ်ခဲ့သည့်အတိုင်း အာရှအရှေ့တောင်ပိုင်းတွင် ဆင်နွှဲမည့် စစ်ဆင်ရေးကြီး ခုနစ်ရပ်အတွက် စုဆောင်းရရှိထားသော စစ်လက်နက် အသုံးအဆောင်နှင့် ကမ်းတက်သင်္ဘောများကို ဥရောပသို့ ပေးလိုက်ရသည်။

ဤအတောအတွင်းတွင် ကျွန်ုပ်တို့၏ ယှဉ်ပြိုင်ဘက်ဖြစ်သော ရန်သူက သူ၏အင်အားကို မြန်မာပြည်တွင် အကြီးအကျယ် တိုးချဲ့နေသည်။ (၁၉၄၃)ခုနှစ် ကုန်ဆုံးပြီးနောက် (၁၉၄၄)ခုနှစ်၊ ဇန်နဝါရီလအတွင်းသို့ ရောက်လာသောအခါ ရန်သူ့အင်အားမှာ အံ့သြစရာကောင်းလောက်အောင် တိုးတက်လာခဲ့သည်။

ရန်ကုန်တွင် ဌာနချုပ် ဖွင့်လှစ်ထားသော ဗိုလ်ချုပ်ကြီးကဝါဘီ၏ လက်အောက်တွင် တပ်မ (၄)တပ်ရှိနေသည်။ (၅၄)၊ (၅၅)၊ (၁၅)တပ်မနှင့် အမှတ် (၅) လေတပ် တပ်မတို့တည်း။ (၅၄)တပ်မသည် ရခိုင်နှင့်ရခိုင်သို့ လာရာလမ်းတွင် ရှိနေသည်။ (၅၅)တပ်မသည်လည်း ကုလားတန်မြစ်ဝှမ်းတွင် တပ်ဖွဲ့ထားသော တပ်ခွဲတစ်ခုနှင့်အတူ ရခိုင်စစ်မျက်နှာထဲသို့ ရောက်နေသည်။ အမှတ် (၁၅)တပ်မသည် ယိုးဒယားမှ မြန်မာပြည်ထဲသို့ ဝင်လာနေသည်။ အမှတ် (၅) လေတပ် တပ်မမှာ ရန်ကုန်နှင့် အခြားလေတပ်စခန်းများတွင် ရှိနေသည်။

ဤကား ကဝါဘီ၏ တပ်မ (၄)တပ် နေရာယူထားပုံတည်း။

ကဝါဘီ၏ မြန်မာပြည် စစ်ဒေသဆိုင်ရာ တပ်ကြီးအပြင် မြင်ဦးလွင်၌ ဌာနချုပ်ဖွင့်ထားသော ဗိုလ်ချုပ်မတ်တာဂူချိ ဦးစီးသည့် အမှတ် (၁၅)တပ်မတော်သည်လည်း မြန်မာပြည်တွင် ရှိနေပြန်သည်။ မတ်တာဂူချိ၏ လက်အောက်တွင်လည်း တပ်မ (၄)တပ် ရှိနေသည်။ (၅၆)တပ်မသည် ယူနန်မှ ဆင်းလာသော ချန်ကေရှိတ်၏ တရုတ်တပ်ကြီးနှင့် ရင်ဆိုင်လျက် ရှိသည်။

အမှတ် (၁၈)တပ်မသည် စတီးဝဲလ်၏ တရုတ်တပ်များကို မြစ်ကြီးနားမှနေ၍ ဆီးကြိုတိုက်ခိုက်နေသည်။ အမှတ် (၃၁)တပ်မသည် ဝန်းသိုမှနေ၍ လည်းကောင်း၊ အမှတ် (၃၃)တပ်မသည် ကလေးဝမှနေ၍ လည်းကောင်း အာသံမှ ကျွန်ုပ်တို့၏ အမှတ် (၄)တပ်မကြီးကို ရင်ဆိုင်လျက် ရှိသည်။



ရန်သူတို့၏ ဒုတိယအချီ ထိုးစစ်ဆင်လာပုံကို နိုင်ငံတကာရေးရာဆိုင်ရာ သေနင်္ဗျူဟာမျက်စိဖြင့် ကြည့်လိုက်မည်ဆိုပါက မဟာမိတ်တို့က နည်းပရိယာယ်တိုက်ပွဲတွင် ရန်သူအား အပြီးအသတ်နိုင်လိုက်ပြီဟု ဆိုနိုင်လေသည်။ အဘယ်ကြောင့်ဆိုသော် မဟာမိတ် စစ်ခေါင်းဆောင်ကြီးများ၏ စုပေါင်းညွှန်ကြားချက်အတိုင်း ကျွန်ုပ်တို့သည် ရန်သူတို့၏ တပ်မများကို ပစ္စဖိတ်စစ်မျက်နှာသို့ စစ်ကူသွားစေမည့်အစား မြန်မာပြည်စစ်မျက်နှာသို့ စစ်မြူ၍ ခေါ်လာနိုင်ခြင်းကြောင့်ပင်တည်း။

ကျွန်ုပ်နှင့် တိုက်ရိုက်သက်ဆိုင်နေသော မြန်မာပြည်စစ်မျက်နှာသို့ ပြန်၍ ကြည့်လိုက်သောအခါ ကျွန်ုပ်တစ်ဦးတည်းကသာ ထိုးစစ်ဆင်နေခြင်း မဟုတ်ဘဲ ကျွန်ုပ်နှင့် ယှဉ်ပြိုင်ဘက်ဖြစ်သူ ဗိုလ်ချုပ်ကြီးကဝါဘီကလည်း ပြန်၍ ထိုးစစ်ဆင်လာသည်ကို တွေ့ရမည် ဖြစ်၏။

ကဝါဘီသည် ကျွန်ုပ်လေ့လာခဲ့ဖူးသော ဂျပန်စစ်သူကြီးများ၏ ဗီဇအတိုင်း ကျွန်ုပ်က တစ်ချက်ထိုးလျှင် သူက ပြန်၍ တစ်ချက်ထိုးရုံနှင့် ကျေနပ်မည့်သူမဟုတ်မှန်း ကျွန်ုပ်သတိထားမိသည်။ သူသည် သူများက တစ်ချက်ထိုးလျှင် နှစ်ချက်ပြန်၍ ထိုးရမှ ကျေနပ်သူတည်း။

ကျွန်ုပ်က အမှတ် (၁၅)တပ်မကြီးဖြင့် ရခိုင်သို့ ထိုးစစ်ချီလာသည်။ ကဝါဘီက တပ်မသုံးတပ်အပြင် လေတပ်မ တစ်တပ်ဖြင့် ပြန်လည်ထိုးစစ်ဆင်သည်။

သို့သော် သူ့ကို ကြည့်ရသည်မှာ ကျေနပ်ပုံမရ။ သူသည် အာသံတွင် အခြေစိုက်ထားသော ကျွန်ုပ်တို့၏ အမှတ် (၄)တပ်မကြီးကိုပါ ထပ်၍ ထိုးစစ်ဆင်ချင်သည်။ ကျွန်ုပ်က တစ်ချက်ထိုးခဲ့သည့်အတွက် သူက နှစ်ချက် ပြန်ထိုးပေတော့မည်။

ဤကဲ့သို့ ထိုးတော့မည့်အကြောင်းကိုလည်း ရခိုင်စစ်မျက်နှာမှ ကြားသိလာရသော သတင်းများက ခိုင်လုံစွာ လှစ်ဟ၍ ပြနေကြ၏။ ရန်သူ့ထံမှ ဖမ်းဆီးရမိသော စာရွက်စာတမ်းများအရ အိန္ဒိယပြည်မှ လျှို့ဝှက်စွာ ထွက်ခွာလာခဲ့သော ကွန်ဂရက် ခေါင်းဆောင်တစ်ဦးဖြစ်သူ ဆူဘတ်ချန်ဒရာဘို့စ်သည် ဂျပန်လက်အောက်တွင်အလေးရောတ် အိန္ဒိယအစိုးရအဖွဲ့ဟု အမည်ပေးထားသော အဖွဲ့ကို ဖွဲ့ကာ အိန္ဒိယအရပ်သားများနှင့် သုံ့ပန်းများကို စုဆောင်း၍ အိန္ဒိယအမျိုးသားတပ်မတော်ဟု ကင်ပွန်းတပ်လျက် ရခိုင်စစ်မျက်နှာသို့ ခေါ်ယူလာခဲ့သည်ဟု သိရသည်။

ဂျပန်စစ်အာဏာပိုင်များသည် ဤသစ္စာဖောက်များအား အိန္ဒိယပြည်ထဲသို့ ခိုး၍သွင်းကာ အိန္ဒိယအမျိုးသားတို့အား ကျွန်ုပ်တို့အစိုးရကို ပုန်ကန်တော်လှန်ရန် သွေးထိုးခိုင်းမည်မှာ သေချာလှသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် ရခိုင်ပြည်နယ် စစ်ဆင်မှုကို သီးသီးသန့်သန့် တာဝန်ယူ အုပ်ချုပ်ရန်အတွက်လည်း ဗိုလ်ချုပ်ဆတူရှိုင် ဦးစီးသော အမှတ် (၂၈) တပ်မတော်ဌာနချုပ်ကို ဖွဲ့စည်းနေကြောင်း သတင်းရရှိသည်။ ဇန်နဝါရီလ (၄)ရက်နေ့တွင် နေ့စဉ် ဆက်၍ ထိုးနေရသော အင်မီတင် ဝမ်းကိုက်ပျောက်ဆေးကို (၉)ကြိမ်မြောက်ထိုးပြီးနောက် ကျွန်ုပ်တို့အတွက် အသစ်အဆန်း ဖြစ်နေသော လောင်မီးလက်နက် လေ့ကျင့်ခန်းကို စခန်းနှင့် အတန်ကွာသော လက်နက်လေ့ကျင့်ရေးကွင်းသို့ သွားရောက်၍ ကြည့်ရှုနေစဉ် မော်တော်ဆိုင်ကယ်စီး သတင်းပို့ရဲဘော်တစ်ယောက်က ကြိုးမဲ့ကြေးနန်းဖြင့် ရောက်လာသော သတင်းတစ်ရပ်ကို လာပို့သည်။

ရန်သူသည် တောတောင်များအကြားမှ ရုတ်တရက် ထွက်လာကာ တောင်တဇေးကို သိမ်းလိုက်ပြီဟူသော သတင်းဆိုးပင်တည်း။ တောင်ဘဇေးသည် အမှတ် (၇)တပ်မ၏နောက်ဘက် ငါးမိုင်ခြောက်မိုင်ခန့်သာ ကွာဝေးသောနေရာတွင် တည်ရှိနေပါလျက် ရန်သူက ရုတ်တရက် ဝင်၍ စီးသွားခြင်းမှာ ကျွန်ုပ်တို့အတွက် အထိနာလှသည်။

ကျွန်ုပ်သည် ရန်သူတို့၏ ရုတ်တရက် ချောင်တခင် တိုက်ခိုက်မှုများကို အစကပင် များစွာ စိုးရိမ်ခဲ့သည့်အလျောက် တပ်မှူး ဗိုလ်မှူးအပေါင်းတို့အား ရန်သူ့လှုပ်ရှားမှုကို အမြဲသတိထားရန် ညွှန်ကြားခဲ့သည်။ ဤသို့ တဖွဖွ သတိပေးနေသည့်ကြားမှ ကတုံးပေါ်တွင် ထိပ်ကွက်ခြင်းခံလိုက်ရသောအခါ ကျွန်ုပ်သည် မခံချိနိုင်အောင် ဒေါသဖြစ်သွားမိသည်။

ကျွန်ုပ်သည် ဌာနချုပ်သို့ ပြန်လာကာ ခရစ္စတီဆန်ထံ တယ်လီဖုန်းဆက်၍ မေးသည်။ တောင်ဘဇေး၏ တောင်ဘက်တစ်နေရာတွင် ဓတ်ဆာဗေး၏ အရန်တပ်မဟာတစ်ခုသည် ရန်သူများနှင့် သဲသဲမဲမဲ တိုက်ပွဲဖြစ်နေသည်ဟူသော သတင်းမှအပ အခြားဘာမှ မသိရ။ ရန်သူသည် ကျေညီဒေါက် တောင်ကြားလမ်းနှင့် နေရာချထားရေးစခန်းမှ နှစ်မိုင်သုံးမိုင် ကွာနေရာမှ အမှတ် (၇)တပ်မကို ကွေ့ပတ်ကာ တောင်ဘဇေးအား လာရောက်တိုက်ခိုက်ခြင်းပင် ဖြစ်၏။

ဤတိုက်ပွဲမှာ ရန်သူတို့၏ တကယ့်ထိုးဖောက်ရေး တိုက်ပွဲပင် ဖြစ်သည်။ စံနမူနာ ယူလောက်သော ထိုးဖောက်ရေးတိုက်ပွဲတည်း။ ကျွန်ုပ်သည် စစ်တကောင်းရှိ လိုမတ်ထံ တယ်လီဖုန်းဆက်ကာ သူ၏အမှတ် (၂၆)တပ်မအား အမိန့်ရောက်လာသည်နှင့် တစ်ပြိုင်နက် ရှေ့တန်းစစ်မျက်နှာသို့ ချက်ချင်းထွက်ခွာနိုင်ရန် အသင့်ပြင်ထားပါဟု ညွှန်ကြားလိုက်သည်။ ထိုနောက် ကာလကတ္တားမှ အမှတ် (၃၆) ဗြိတိသျှတပ်မအား စစ်တကောင်းသို့ ချီတက်ရန် အမိန့်ပေးလိုက်၏။

ဇန်နဝါရီလ (၅)ရက်နေ့တွင် လိုမတ်၏ တပ်မသည် ဘော်လီဘဇားသို့ ရောက်ရှိလာပြီး ဖိစတင်း၏ အမှတ် (၃၆)တပ်မသည် ကာလကတ္တားမှ စစ်တကောင်းသို့ ရောက်ရှိလာသည်။



နောက်တစ်နေ့တွင် အမှတ် (၇) တပ်မအား လေယာဉ်ဖြင့် ရိက္ခာချပေးစေသည်။ (၈)ရက်နေ့သို့ ရောက်သောအခါ အခြေအနေမှာ အတော်အသင့်ကောင်းမွန်လာသည်။ ရန်သူသည် ဗိုလ်ချုပ်ကြီးခရစ္စတီဆန်ရှိနေသော ဘော်လီဘဇားကိုပင် ညအချိန်များ၌ အလစ်ဝင်တိုက်ရန် ကြိုးစားခဲ့သည်ဟု သိရသည်။ ရန်သူများထံမှ ဖမ်းဆီးရမိသော စာရွက်စာတမ်းများနှင့် မြေပုံများအရ ရန်သူသည် အမှတ် (၁၅)တပ်မကြီးအား ချေမှုန်းကာ စစ်တကောင်းအား တိုက်ခိုက်သိမ်းယူရန် စီစဉ်ထားသည်ကို တွေ့ရ၏။

စစ်တကောင်းအား သိမ်းယူရန် ရည်ရွယ်ချက်မှာ အိန္ဒိယအား တိုက်ခိုက်ရန် နိဒါန်းပျိုးလိုက်ခြင်းပင်တည်း။ ရန်သူသည် အမှတ် (၅၅) တပ်မအား ထပ်၍ အင်အားဖြည့်ပေးပြီးနောက် အိန္ဒိယအမျိုးသားတပ်မတော်မှ တပ်ဆွယ်များကိုလည်း ပူးပေါင်းထည့်သွင်းကာ တိုက်ခိုက်ရေးတပ်ဖွဲ့ သုံးဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

(၁၉၄၃)ခုနှစ်၊ ရခိုင်ပြည်နယ်တိုက်ပွဲတွင် လှို့က်၏ စစ်သည်တော်များအား အကြောက်ကြီး ကြောက်အောင် အလန့်ကြီးလန့်သွားအောင် နှိပ်လွှတ်ခဲ့သော ဗိုလ်မှူးကြီးတာနဟာရှိ ဦးစီးသည်အမှတ် (၁၁၂)တပ်ဖွဲ့ကို ပင်တိုင်ထားကာ လူသူအင်အား (၇၀၀၀) ပါရှိသော တိုက်ခိုက်ရေးတပ်ဖွဲ့ အမှတ် (၁)။

ဤတပ်ဖွဲ့၏ တာဝန်မှာ လက်ဝဲဘက်တွင် တပ်စွဲလျက် ရှိသော ကျွန်ုပ်တို့၏ အမှတ် (၇)တပ်မနှင့် လက်ယာဘက်တွင် အခြေစိုက်ထားသော ကျွန်ုပ်တို့၏ အမှတ် (၈၁) အနောက်အာဖရိကတပ်မကြီးမှ နေ၍ တောလမ်းတောင်လမ်းအားဖြင့် လျှို့ဝှက်သိပ်သည်းစွာ ချီတက်လာပြီးနောက် . . .

(၁) တောင်ဘဇေးအား အရှေ့ဘက်မှနေ၍ ဝင်ရောက်တိုက်ခိုက် သိမ်းယူရန်။

(၂) ထို့နောက် တောင်ဘက်သို့ ဆင်းကာ နေရာချထားရေးစခန်းအား ဝင်စီးရန်။

(၃) ကျေညီးဒေါက်တောင်ကြားလမ်းကို ဖြတ်တောက်လိုက်ရန်နှင့်၊

(၄) ဤသို့ ပြုလုပ်လိုက်ခြင်းဖြင့် အမှတ် (၇)တပ်မအား အခြားတပ်များနှင့် အဆက်အသွယ်ပြတ်ကာ အထီးကျန်နေအောင် ပြုလုပ်ရန် ဖြစ်၏။

ဗိုလ်မှူးကြီးကူဘို ခေါင်းဆောင်သော တပ်ရင်းတစ်ရင်းစာ လူအင်အားပါရှိသော အမှတ် (၂) တိုက်ခိုက်ရေးအဖွဲ့။ ဤတပ်ဖွဲ့သည် တာနဟာရှိထက်ပင် ကျယ်ပြန့်စွာ လှုပ်ရှားရမည် ဖြစ်သည်။ တပ်ဖွဲ့အမှတ်(၂) သည် ဂိုဗိဘဇားသို့ သွားရာလမ်းကို ပိတ်ဆို့ထားပြီးနောက် အနောက်ဘက်စူးစူးသို့ ဆက်လက်ချီတက်ကာ မောင်းတောသို့သွားသည့် လမ်းမ

www.burmeseclassic.com

ကြီးကို ဘော်လီဘာဇားတောင်ဘက်မှနေ၍ ဖြတ်တောက်ရမည် ဖြစ်သည်။ ဤသို့ ပြုလုပ်လိုက်ခြင်းဖြင့် ကျွန်ုပ်တို့၏ အမှတ် (၅)တပ်မသည်လည်း အခြားတပ်များနှင့် အဆက်အသွယ် ပြတ်ကာ အထီးတည်းကျန် နေပေတော့မည် ဖြစ်၏။ အမှတ် (၃) တိုက်ခိုက်ရေးတပ်ဖွဲ့သည် တောင်ဘက် မှနေ၍ ကျွန်ုပ်တို့၏ အမှတ် (၇)နှင့် အမှတ် (၅)တပ်မအား ဆင့်၍ဆင့်၍ တိုက်ပွဲဝင်နေရန် ဖြစ်သည်။

ဤတပ်ဖွဲ့သုံးဖွဲ့၏ လှုပ်ရှားမှုမှန်သမျှကို နောက်မှနေ၍ ကွပ်ကဲ ညွှန်ကြားပေးမည့်သူကား အမှတ် (၅၅)တပ်မ၏ ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ် ဆာကူရိုင်တိုဟူဘရှိပင် ဖြစ်သည်။ ရခိုင်ပြည်နယ်တန်ပြန်ထိုးစစ်ကို ချုပ်ကိုင်ထားသူမှာ ဗိုလ်ချုပ်ဟာနယာ ဟုသိရ၏။

ဤတိုက်ခိုက်ရေးအဖွဲ့ ဖွဲ့စည်းလိုက်ခြင်းနှင့် တိုက်ပွဲအစီအစဉ်များ ဤသို့ စီစဉ်လိုက်ခြင်းမှာ အခြားတပ်များနှင့် အဆက်အသွယ်ပြတ်ကာ အထီးတည်းကျန်နေသော ကျွန်ုပ်တို့၏ တပ်မများသည် ရိက္ခာပြတ်သည်နှင့်တစ်ပြိုင်နက် (၁၉၄၃)ခုနှစ်က ကဲ့သို့ပင် အဆက်အသွယ် ရနိုင်မည့် နေရာများသို့ ဖောက်၍ ထွက်ပြေးကြမည်ဟု ယူဆထားသောကြောင့်ပင် ဖြစ်သည်။

ဧကျည်းဒေါက် တောင်ကြားမှ ဖြတ်ဖောက်ကာ လုံခြုံရာသို့ ရောက်ရန် ကြိုးစားမည်ဖြစ်သော အမှတ် (၇)တပ်မသည် ဤတောင်ကြားတွင်ပင် ချေမှုန်းခြင်းကို ခံရမည်။ အမှတ် (၇)တပ်မကို ချေမှုန်းပြီးသော အခါ ရှိသမျှ တပ်ဖွဲ့များသည် နတ်မြစ်မှနေ၍ လုံခြုံရာသို့ ဖောက်ထွက်ပြေးရန် ကြိုးစားနေသော အမှတ် (၅)တပ်မကို ချေမှုန်းလိုက်နိုင်မည် ဖြစ်သည်။

အမှတ် (၇)နှင့် အမှတ် (၅)တပ်မများကို ချေမှုန်းနိုင်ခဲ့သော ဗိုလ်ချုပ်ဆာကူရိုင်တိုဟူဘရှိ၏ တပ်ဖွဲ့များသည် တတိယအောင်ပွဲအဖြစ် စစ်တကောင်းကို ရယူသိမ်းပိုက်နိုင်တော့မည်။ အိန္ဒိယ၏ တံခါးဝမြို့တစ်ခု ဖြစ်သော စစ်တကောင်းသို့ ရောက်သည်ဆိုလျှင်ပင် တပ်ဖွဲ့များနှင့်အတူ ပါလာသည့် အိန္ဒိယအမျိုးသားတပ်သားများသည် ပြည်သူလူထုကြီးအား ဗြိတိသျှအစိုးရအား လက်နက်စွဲကိုင်၍ ပြန်လည်တိုက်ခိုက်လာအောင် စွမ်းဆောင်နိုင်ပေတော့မည်။ သည်အခါတွင် ဘင်္ဂလားတစ်ပြည်လုံးသည် ဂျပန်တပ်မတော်ကြီး ဝင်ရောက်လာရန်အတွက် တံခါးဖွင့်ပြီးသား ဖြစ်နေပေတော့သည်။

ဘင်္ဂလားတစ်ပြည်လုံးကို သိမ်းကျုံးပိုင်ဆိုင်လာပြီဆိုလျှင် အိန္ဒိယပြည်၏ မြို့တော်ဖြစ်သော ဒေလီသည်လည်း ဂျပန်တို့၏ ခြေဖဝါးအောက်သို့ ရောက်ရပေတော့မည်။

"ဒေလီသို့ ချီတက်လော့"မြန်မာပြည်စစ်မျက်နှာတွင် ဂျပန်တို့၏ ကြွေးကြော်သံသည် ဟိန်း၍ ဟိန်း၍ ပေါ်ထွက်လာလေသည်။



ရခိုင်ပြည်နယ်တန်ပြန်ထိုးစစ်၌ ဂျပန်စစ်သူကြီးတို့သည် မိမိလက်ထဲသို့ မရောက်သေးသော အောင်ပွဲကို မိမိလက်ထဲသို့ ရောက်လေပြီးသော အောင်ပွဲကဲ့သို့ သဘောထားကာ ကျွန်ုပ်တို့၏ တပ်များအား (၁၀)ရက်တည်းနှင့် အပြီးအပိုင်ချေမှုန်းတိုက်ခိုက်ရန် အချိန်ဇယားများပင် တိတိကျကျ ရေးဆွဲခဲ့ကြလေသည်။

သယ်ယူပို့ဆောင်ရေးနှင့် ရိက္ခာပြဿနာကိုလည်း လွယ်လွယ်ကူကူပင် ကြိုတင်၍ ဖြေရှင်းထားကြသည်။ ကျွန်ုပ်ထံမှ တိုက်ခိုက်ရရှိမည့် ရိက္ခာကို စား၍ ကျွန်ုပ်တို့ ပစ်ပြေးခဲ့ကြမည့် မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ရန်တည်း။

ဂျပန်စစ်သူကြီးများသည် ဤရခိုင်ပြည်နယ် တန်ပြန်ထိုးစစ်၌ မြေကြီးလက်ခတ်မလွဲ အောင်ပွဲရမည်ဟု ပိုင်ပိုင်နိုင်နိုင် ယုံကြည်လျက် ရှိကြလေရာ အမြောက်တပ်မှ အမြောက်တပ်ဖွဲ့သား အချို့ကို ပစ်စရာ အမြောက်လုံးများ မပါဘဲ လက်ချည်းခါ ယူလာခဲ့သည်။ ကျွန်ုပ်တို့ထံမှ ရရှိသော အမြောက်များဖြင့် ကျွန်ုပ်တို့အား ဒေလီရောက်သည်အထိ တိုက်ခိုက်ရန်တည်း။

ဂျပန်အသံလွှင့်ဌာနသို့လည်း တိုက်ပွဲအချိန်ဇယားကို တိုက်ပွဲမဖြစ်မီကပင် ကြိုတင်၍ ပေးထားဟန် တူသည်။ အဘယ်ကြောင့်ဆိုသော် တိုက်ပွဲဖြစ်နေသော ပထမ(၁၀)ရက်အတွင်း ရေဒီယိုများကို ဖွင့်လိုက်လျှင် ဂျပန်အသံမှနေ၍ တိုက်ပွဲအချိန်ဇယားအတိုင်း သတင်းများကို ကြေညာနေသည်ကို တွေ့ရသောကြောင့်တည်း။ ဆာကူရိုင်၏ စစ်ဆင်မှုမှာ စီစဉ်ထားသည့် အချိန်ဇယားအတိုင်း ပထမအစတွင် အဆင်ပြေလျက်ရှိသည်။

အမှတ် (၁) တိုက်ခိုက်ရေးတပ်ဖွဲ့ ခေါင်းဆောင် တာနာဟာရှိသည် ရွာခံမုဆိုးများ၏ လမ်းပြမှုဖြင့် ကျွန်ုပ်တို့၏ ကင်းစခန်းများ၊ တိုက်ကင်းများကို သုတ်သင်ကာ ကျွန်ုပ်တို့၏ အမှတ် (၇)တပ်နှင့် အမှတ် (၈၁) အာဖရိကတပ်မ အကြားမှ ချီတက်လာနိုင်ခဲ့ပြီးနောက် ဖေဖော်ဝါရီလ (၄)ရက်နေ့ နံနက်စောစောအချိန်တွင် တောင်ဘဇားကို ဝင်စီးကာ မြို့ထဲတွင် ရှိနေသော အုပ်ချုပ်ရေးအဖွဲ့မှ ရဲဘော်အချို့ကို မောင်းထုတ်ပစ်လိုက်နိုင်သည်။ သို့သော် နောက်မှ လိုက်ပါလာသော ရိက္ခာထောက်စစ်ကြောင်းမှာမူ တာနာဟာရှိလောက် ကံမကောင်းရှာ။

အမှတ် (၇)တပ်မသည် ရန်သူ့ရိက္ခာထောက် စစ်ကြောင်းတွင် ခေါင့်ရှောက်လိုက်ပါလာသော တပ်သားများကို ချေမှုန်းပစ်လိုက်သော အခါ တာနာဟာရှိထံပို့မည့် ဆန်အိတ်အမြောက်အမြားနှင့်အတူ ခဲယမ်းများနှင့် ပစ္စည်းကိရိယာ အပြည့်အစုံ တပ်ဆင်ပါရှိသော သူနာပြုကား တစ်စီးကိုပါ ဖမ်းဆီးရရှိလိုက်တော့သည်။

ထို့ကြောင့် နဂိုကပင် ညံ့ဖျင်းနေသော ရန်သူတို့၏ ရိက္ခာပို့ဆောင်ရေးအစီအစဉ်မှာ ပို၍ ဆိုးရွားလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

တောင်ဘဝေးအား လက်ဖျစ်တစ်တွတ်အတွင်း သိမ်းယူနိုင်ခဲ့သော တာနာဟာရှီသည် ချက်ချင်းဆိုသလိုပင် ကျွန်ုပ်တို့၏ အမှတ် (၇)တပ်မ နောက်ပိုင်းကို ဝင်၍တိုက်ခိုက်သည်။ ဤတိုက်ပွဲသည်လည်း ဒေလီသို့ ချီတတ်လော့ ဟူသော မဟာအစီအစဉ်တွင် မစင်တစ်ပဲသား ဝင်၍ ကျသွားသလို ဖြစ်လာရချေသည်။

ဤတိုက်ပွဲ မတိုင်မီ ရက်အနည်းငယ်ခန့်က အမှတ် (၇) တပ်မ သည် ဘူးသီးတောင်နှင့် လက်ဝဲဒက်အား တိုက်ခိုက်ရန် ပြင်ဆင်လျက် ရှိရာ အမှတ် (၇)တပ်စွဲထားသော နေရာသို့ အမှတ် (၅)တပ်မမှ အမှတ် (၉) တပ်မဟာကို ကျေညဒေါက်တောင်ကြားလမ်းမှ ဖြတ်၍ စစ်ကူပို့ ထားခဲ့သည်။ ဤတပ်မဟာသည် အမှတ် (၇)တပ်မမှ အစောင့်အနေ ချန်ထားခဲ့မည့် အမှတ် (၈၉) တပ်မဟာနှင့်လည်းကောင်း၊ အမှတ် (၂၅) တင့်ကား တပ်မဟာနှင့်လည်းကောင်း ပူးပေါင်း၍ အမှတ် (၇)တပ်မ တပ်စွဲထားခဲ့သော နေရာကို တာဝန်ယူ စောင့်ရှောက်ရမည် ဖြစ်၏။

သည်အချိန်တွင် တာနာဟာရှီက ဝင်၍တိုက်ခြင်း ဖြစ်သည်။

မေယုတောင်တန်း၏ အရှေ့ဘက်တွင် တင့်ကားတပ်များ ရှိမည် မဟုတ်ဟု ယူဆခဲ့သော တာနာဟာရှီသည် တင့်ကားတပ်၏ ပြန်လည် တိုက်ခိုက်ခြင်းကို ခံနေရတော့၏။ သို့သော် စေတစ်လုံးကို ပခုံးထမ်း၍ မဖြစ်လျှင် မနေ၊ မနိုင်လျှင် မနေဟု စိတ်တုံးတုံးချထားသော တာနာ ဟာရှီသည် ဖေဖော်ဝါရီလ (၆)ရက်နေ့ အရုဏ်တက်အချိန်တွင် အမှတ် (၇)တပ်မ၏ ဦးစီးချုပ်ဖြစ်သော ဗိုလ်ချုပ်မက်ဆာဗေး၏ ဌာနချုပ်ကို မီးကုန်ယမ်းကုန် ဝင်၍ တိုက်တော့သည်။

စစ်ဦးတွင် ဘီလူးပါသည့်နှယ် ကြမ်းကြမ်းရမ်းရမ်းကြီး တိုက်လာ သော ရန်သူတိုက်စစ်ကို မက်ဆာဗေးဌာနချုပ်တပ်သားများက လက် တစ်ကမ်း တိုက်ပွဲဖြစ်လာသည်အထိ ခုခံကြသည်။ လှိုင်းလုံးကြီးများပမာ အတန်းလိုက် အတန်းလိုက် တက်လာသော ရန်သူကို ဌာနချုပ်ရှိ စာရေး များ၊ အော်ဒလီများ၊ ကြေးနန်းအချက်ပြသမားများနှင့် အရာရှိများက ညာသံပေး၍ တွန်းလှန်ပစ်လိုက်ကြ၏။ သို့သော် ကြာကြာတော့ မတွန်း လှန်နိုင်။

ရန်သူက မော်တာများဖြင့် ဌာနချုပ်တစ်ခုလုံးကို ပိုက်စိပ်တိုက်၍ ထုလာသောအခါ ဗိုလ်ချုပ်မက်ဆာဗေးသည် သူ၏ ဌာနချုပ်အဖွဲ့သား အားလုံးအား အစုကလေးများဖွဲ့၍ ရန်သူကို ဖောက်ထွက်ကာ နေရာ ချထားရေးစခန်းသို့ ဆုတ်ခွာရန် အမိန့်ပေးရတော့သည်။

ဌာနချုပ်ရှိ စာရွက်စာတမ်းများ၊ လျှို့ဝှက်သင်္ကေတ စာအုပ်များ နှင့် ကြိုးမဲ့ကြေးနန်း စက်များကို ဖျက်ဆီးပစ်ကြပြီးနောက် ဗိုလ်ချုပ်မက် ဆာဗေးကိုယ်တိုင် ခေါင်းဆောင်သော အဖွဲ့ငယ်များသည် ရန်သူကို ဖောက်၍ ထွက်ကြရ၏။



ထိခိုက်ကျဆုံးသူများကား များပြားလှချေသည်။

သို့သော် မက်ဆာဗေးနှင့် သူ၏အဖွဲ့ကား နေရာချထားရေးစခန်း သို့ ကောင်းစွာ ရောက်လာနိုင်ကြ၏။

ထို့ကြောင့် ထိုနေ့ညနေတွင်ပင် အမှတ် (၇) တပ်မဌာနချုပ်ကို ပြန်ဖွင့်ကာ ကင်းတာဝန်ကို ယူနေရသော အပြင်မှ တပ်ရင်းနှစ်ရင်းအား နေရာချထားရေးစခန်း အတွင်းသို့ ခေါ်ယူ၍ အားဖြည့်လိုက်ကြသည်။ တာနာဟာရှီသည် ဤ နေရာချထားရေးစခန်းကိုလည်း ဝိုင်း၍ တိုက်ခိုက် ပြန်သည်။

သည်ကဲ့သို့သော အခြေအနေမျိုးနှင့် ကြုံလျှင် အသုံးပြုရန် သို ထားသော အမှတ် (၅)တပ်မမှ စစ်ကူချောက်နေသည့် အမှတ် (၉)တပ် မဟာနှင့် အမှတ် (၇) တပ်မမှ အမှတ် (၈၉)တပ်မဟာ၊ အမှတ် (၂၅) တင့်ကားတပ်မဟာတို့က ဆာကူရိုင်၏တပ်အား ရှေ့မှဆီး၍လည်းကောင်း၊ တာနာဟာရှီတပ်အား နောက်မှနေ၍လည်းကောင်း တိုက်ခိုက်ကြ၏။

ဖေဖော်ဝါရီလ (၇)ရက်နေ့တွင် အမှတ် (၇)တပ်မမှ ကျေည ဒေါက်တောင်ကြားလမ်းဆီသို့ တိုက်ကင်းထွက်ခွာသွားသော အဖွဲ့တစ် ဖွဲ့သည် ရန်သူ၏ ချုံခိုတိုက်ခိုက်ခြင်းကို ခံရသဖြင့် တောင်ကြားလမ်းမှ ပြန်၍ လှည့်လာခဲ့ရသည်။

ဖေဖော်ဝါရီလ (၈)ရက်နေ့တွင် မေယုတောင်တန်းအနောက်ဘက် တွင် တပ်စွဲထားသော အမှတ် (၅)တပ်မမှ တိုက်ကင်းအဖွဲ့တစ်ဖွဲ့သည် လည်း ကျေညဒေါက်တောင်ကြားလမ်းတွင် ရန်သူများ အခိုင်အမာ နေရာယူထားကြသည်ကို တွေ့ရ၏။ ဆာကူရိုင်၏တပ်နှင့် တာနာဟာရှီ ၏တပ်များသည် (၈)ရက်နေ့တွင် လက်ချင်းဆက်မိကြကာ အမှတ် (၇) တပ်မအား ဝိုင်းထားလိုက်ကြလေပြီ။

အမှတ် (၇)တပ်မကို တာနာဟာရှီက တိုက်ခိုက်နေစဉ် အမှတ် (၂) တိုက်ခိုက်ရေး တပ်ဖွဲ့ခေါင်းဆောင်ဖြစ်သော ကူဘိုက ဗိုပီဘုဇေးတို တက်ရောက်သိမ်းပိုက်လိုက်ပြီးနောက် တပ်တစ်တပ်အား တောင်ဘက်မှ ဆက်သွယ်ထားသောလမ်းကို ပိတ်ဆို့ရန် ချန်ထားခဲ့ကာ မေယုတောင် တန်းကို ဖြတ်ကျော်ရန်အတွက် အနောက်စူးစူးသို့ အပြင်းချီတက်လာ သည်။ မေယုတောင်တန်းသည် ကူဘို ဖြတ်ကျော်ရမည့် နေရာတွင် ပေ (၁၀၀၀)လောက် မြင့်ကာ ထရံကို ထောင်ထားသလို မတ်စောက်နေသည်။ လမ်းဟူ၍ကား လုံးဝ မရှိချေ။

ကူဘို၏ တပ်သားများသည် ပုရွက်ဆိတ်ကလေးများလို တောင် နံရံကို တွယ်၍ ကပ်၍ တက်ကြသည်။ မော်တာနှင့် စက်သေနတ်များကို ကိုယ်နှင့်မကွာ သယ်လာကြသည်။ ဓားသွားကဲ့သို့ ချွန်ထက်နေသော တောင်ထိပ်ပေါ်သို့ ရောက်လာပြီးနောက် မတ်စောက်သော တောင်ကို တဖြည်းဖြည်း ဆင်းကြရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

တောင်အောက်ခြေတွင်ကား ဘော်လီ မောင်းတောလမ်းမကြီး သည် ဖြူနေလေသည်။ ကူဘိုသည် ဆာကူရိုင်၏ တပ်အချို့နှင့် ပေါင်းကာ အမှတ် (၅)တပ်မကိုလည်း ဝိုင်းထားလိုက်နိုင်သည်။

ဤအချိန်တွင် တိုကျိုရေဒီယိုမှ နာမည်အသံရှင် တိုကျိုနှင်းဆီက မြန်မာပြည်စစ်မျက်နှာတွင် ကျွန်ုပ်တို့၏ ထိုးစစ်မှာ သနားစရာဇာတ်သိမ်း ရှာလေပြီဟု ညတုတု ခရာတာတာနှင့် စာစာစာအသံလွှင့်နေလေသည်။ တိုကျိုနှင်းဆီက ဇာတ်သိမ်းရှာလေပြီဟု အသံလွှင့်နေသော်လည်း အမှန်မှာ ယခုမှ အပျိုတော်ထွက်ခါစပင် ရှိသေးသည်။

အမှတ် (၁၅)တပ်မကြီးလက်အောက်တွင် ထည့်သွင်းထားခဲ့သော လိုမတ်၏ အမှတ်(၂၆)တပ်မမှ ရွေ့ပြေးချီတပ်မဟာသည် ဝိုပီတောင် ကြားလမ်းကို ဖြတ်ကျော်ကာ ကုလားပန်းဇင်မြစ်ဝှမ်းအတွင်းသို့ ဆင်းလာပြီးနောက် တောင်ဘဇားကို ပြန်၍ သိမ်းယူလိုက်နိုင်သည်။ ထို့နောက် ဆာကူရိုင်၏ တပ်ကို နောက်မှနေ၍ ဖိတိုက်တော့သည်။

ထိုနေ့တွင်ပင် မီစတင်း အုပ်ချုပ်သော အမှတ် (၃၆)တပ်မသည် လိုမတ် စောင့်ရှောက်နေရသော ဘော်လီဒေသကို တာဝန်ယူလိုက်သဖြင့် လိုမတ်၏ (၂၆)တပ်မသည် ရွေ့ပြေးချီ တပ်မဟာနောက်သို့ ချီတက်လာသည်။

အမှတ် (၅)တပ်မ၏ ဦးစီးချုပ်ဖြစ်သူ ဘရစ်သည် သူ့တပ်မတွင် တပ်မဟာ (၃)ခု ရှိခဲ့သည့်အနက် တပ်မဟာ နှစ်တပ်သာ ကျန်တော့သော်လည်း ဆာကူရိုင်နှင့် ကူဘိုတပ်များ၏ တိုက်ခိုက်မှုကို ခုခံနေရင်းတပင် အချို့သော တပ်ဖွဲ့များအား ကျေညီဓါက် တောင်ကြားလမ်းကို ဖွင့်နိုင်ရန် လုံးပန်းနေသည်။

ဤအချိန်တွင်ပင် အမှတ် (၁၅)တပ်မကြီးနှင့် အမှတ် (၅)တပ်မမှ ကြွင်းကျန်နေသောတပ်သားများကို စုစည်းကာ ဘော်လီဘဇား တောင်ဘက်တွင် ကူဘို ချထားခဲ့သော တပ်ကို သွားရောက်တိုက်ခိုက်ကြသည်။

ဆာကူရိုင်သည် ကျွန်ုပ်တို့၏ အမှတ် (၇)တပ်မအား အပြီးဇာပိုင် ချေမှုန်းသုတ်သင်ရန် ဆုံးဖြတ်ထားရာ စစ်ကူများ ရောက်လာသည်နှင့် တစ်ပြိုင်နက် နေရာချထားပေးရေးစခန်းနှင့် ကျွန်ုပ်တို့၏ အမှတ် (၈၉) တပ်မဟာနှင့် အမှတ် (၉)တပ်မဟာကို ဖိ၍တိုက်ကြတော့၏။ တိုက်ပွဲမှာ နေရာတကာတွင် ပြင်းထန်နေကာ တိုက်ပွဲအားလုံးမှာလည်း လက်တစ်ကမ်းတိုက်ပွဲချည်းသာ ဖြစ်ကြသည်။

ကျွန်ုပ်တို့၏ နေရာချထားပေးရေးစခန်းမှာ အနားပတ်ပတ်လည်ရှိ တောင်ပေါ်များကနေ၍ ပစ်ခတ်တိုက်ခိုက်နေခြင်းကို ခံနေရသည်က တစ်ကြောင်း၊ စခန်းထဲတွင် သိုလှောင်ထားသော ဓာတ်ဆီကန်များ၊ ခဲယမ်းလက်နက်များ ရှိနေသည်က တစ်ကြောင်း၊ ဆိုက်ကပ်ရပ်နားထားသော မော်တော်ယာဉ်များက ဒါဇင်နှင့်ချီ၍ ရှိနေကာ၊ ဝန်တင်လားများကလည်း ရာနှင့်ချီ၍ လှန်ထားသည်က တစ်ကြောင်း၊ အိန္ဒိယသား အလုပ်သမားများနှင့် အုပ်ချုပ်ရေးအဖွဲ့များမှ ရုံးတပ်ဖွဲ့သား အများအပြားရှိနေသည်က တစ်ကြောင်းတို့ကြောင့် မိုးရွာသလို ဖြိုင်ဖြိုင်ကြီး ကျရောက်ပေါက်ကွဲနေသော မော်တာဗုံးများ၊ အမြောက်ကျည်ဆန်များ အောက်တွင် ကမ္ဘာပျက် မီးကြီးလောင်ကျွမ်းသလို ဖြစ်နေတော့သည်။ သို့တိုင် ရန်သူ့လက်သို့ မည်သူမျှ လက်နက်မချဘဲ ကြံ့ကြံ့ခံလျက်ပင် ရှိနေသေးသည်။

လက်နက်ချ အရှုံးပေးခြင်းထက် မိမိတို့ရပ်တည်နေသည့် နေရာတွင်ပင် ရန်သူကို တိုက်ခိုက်ရင်းနှင့် သေရခြင်းက မြတ်သည်ဟု စစ်သည်ရဲမက်အားလုံးက ယူဆထားကြသည်။ ဤတိုက်ပွဲတွင် ကျွန်ုပ်တို့ဘက်မှ စစ်သည်တော်အချို့ မည်ကဲ့သို့ သေဆုံးကြရသည်ဆိုသည်မှာ ညစ်ထေးလေပြီးဖြစ်သော ဂျပန်တပ်မတော်၏ ဒမ်ကွန်းတွင် စွန်းထင်နေမည်ဖြစ်သော အမည်းကွက်ကြီးသာ ဖြစ်နေပေတော့သည်။

လရောင်ကင်းမဲ့သော ညအမှောင်ထုတွင် တပ်ခွဲ နှစ်ခွဲသုံးခွဲစာလောက်ရှိသော ဂျပန်စစ်သားများသည် နေရာချထားရေးစခန်းကို ညာသံပေး၍ ထိုးဖောက်ဝင်ရောက်လာကြကာ စခန်းအတွင်းရှိ ပင်မသူနာပြု ဌာနထဲမှ တုံးလုံးပက်လက်ဖြစ်နေသော လူနာများ၊ ခွဲစိပ်ခန်းတွင် သတ်ဆိုင်ရာလူနာများအား ခွဲစိပ်ကုသလျက်ပင် ရှိသော ဆရာဝန်များကို သေွးအေးအေးဖြင့် သတ်ပစ်ကြသည်။

ထိုနောက် တိုက်ပွဲတွင် ဒဏ်ရာရရှိသော ဂျပန်စစ်သားများကို သူနာပြုစခန်းရှိ အိန္ဒိယအမျိုးသား အော်ဒလီများအား ထမ်း၍ အပို့ခိုင်းသည်။ ထိုနောက် ဤအော်ဒလီများကိုလည်း သတ်ပစ်လိုက်ကြသည်။ နောက်တစ်နေ့ နံနက်တွင် ကျွန်ုပ်တို့က နေရာချထားရေးစခန်း အား ပြန်လည်သိမ်းပိုက်မိသောအခါ ထမ်းစင်ပေါ်မှ လိမ့်ချကာ တောထဲသို့ သွားရောက်ပုန်းအောင်းနေသဖြင့် အသက်မသေ ကြွင်းကျန်နေသော လူနာအနည်းငယ်ခန့်ကိုသာ အသက်ရှင်လျက် တွေ့ရတော့သည်။

အမှတ် (၇) တပ်မဦးစီးချုပ် မက်ဆာဗေးသည် ယခုအချိန်၌ မိမိ၏တပ်မဟာမှူးများအား အထူးတိုက်ခိုက်ရေးတပ်ဖွဲ့များ ဖွဲ့စည်းစေပြီး ရန်သူ၏ ရိက္ခာပို့ဆောင်ရေး လမ်းကြောင်းများကို ပြင်းပြင်းထန်ထန် လိုက်၍ တိုက်စေသည်။ မိမိတို့အစွမ်းကို အယုံကြီးယုံခဲ့ကြသော ဂျပန်စစ်သူကြီးများမှာ သူတို့ရေးဆွဲခဲ့သော အချိန်ဇယားနှင့် တကယ့်တိုက်ပွဲ၏ အချိန်ဇယားမှာ သူတို့ ထင်ခဲ့သလို မဟုတ်ဘဲ ကွဲပြား၍ လာနေသည်ကို တွေ့ရတော့၏။

သူတို့ ရေးဆွဲခဲ့သော အချိန်ဇယားအတိုင်းပင် ရခိုင်ပြည်နယ် ပြန်လည်ထိုးစစ်မှာ ဆယ်ရက်တင်းတင်း ပြည့်ခဲ့ပြီ။ သို့သော် ယခုအချိန်ထိ ရန်သူသည် ကျွန်ုပ်တို့၏ အထေပစ်အမြောက်များကိုသော် လည်းကောင်း ရိက္ခာများကိုသော်လည်းကောင်း တစ်ခုမျှ သိမ်းယူရရှိခြင်း မရှိသေး

www.burmeseclassic.com

www.burmeseclassic.com

ပို၍ဆိုးသည်ကား ကျွန်ုပ်တို့တပ်များသည် (၁၉၄၃)ခုနှစ်က ယို့ထတ်၏တပ်များ ကြောက်လန့်တကြားနှင့် ထွက်ပြေးသွားသလို ပြေးမည့် လတွေဏာများကို မပြဘဲနေခြင်း ဖြစ်၏။ ဗိုလ်ချုပ်ကြီးဆာကူရိုင်သည် စစ်ကူများ၊ ရိက္ခာများနှင့် ခဲယမ်းမီးကျောက်များကို မိမိ၏တပ်များရှိရာသို့ အရောက် ပို့နိုင်ရန် အစွမ်းကုန် ကြိုးစားသည်။ သို့သော် သူ့ရိက္ခာပို့ စစ်ကြောင်းများကို ကျွန်ုပ်တို့၏ တိုက်ခိုက်ရေးအဖွဲ့များက တောထဲတောင် ထဲတွင် ချုံခို၍တိုက်ခိုက်ကြသောကြောင့် လည်းကောင်း၊ ရေကြောင်းမှ လှေများ၊ သမ္ဗာန်များ၊ မော်တော်များဖြင့် ရိက္ခာနှင့် ခဲယမ်းများပို့ရန် လာကြသော ဆာကူရိုင်၏အဖွဲ့များကို ကျွန်ုပ်တို့ တိုက်လေယာဉ်များက ထိရောက်စွာ လိုက်လံနှစ်မြုပ်နိုင်သောကြောင့် လည်းကောင်း၊ ရှေ့တန်း စစ်မျက်နှာသို့ ရောက်နေသော ရန်သူ့တပ်များကို ကျွန်ုပ်တို့၏ တိုက်ရေယာဉ်များက နောက်ပိုင်းမှနေ၍ ဝင်ရောက်တိုက်ခိုက်နေကြသောကြောင့် လည်းကောင်း ရှေ့တန်းရှိ တပ်ဖွဲ့များဆီသို့ ရိက္ခာလည်း မရောက်၊ ခဲယမ်း လည်း မလာရုံသာမက စစ်ကူပါ ပေါ်၍မလာဘဲ ဖြစ်နေလေသည်။

ကုလားတန်မြစ်အတိုင်း စုန်၍ ချီတက်လာသော အမှတ် (၈၁) အနောက်အာဖရိက တပ်မသည် ယခုအချိန်၌ ကျောက်တော်ကိုပါ ဖြိမ်းခြောက်လျက် ရှိရုံမက ဂျပန်တို့၏ လက်ယာတောင်ပံကို နောက်မှ နေ၍ ဒုက္ခပေးနိုင်သည့်နေရာသို့ပင် ချဉ်းကပ်နိုင်လုနီးနီး ဖြစ်နေသည်။ ချီတက်လာ၍သော အနောက်အာဖရိက တပ်မသည် ရန်သူ၏ လက်ယာ တောင်ပံကို နောက်မှနေ၍ တိုက်ခိုက်လာပါက လက်ယာတောင်ပံတစ်ခု တည်းကိုသာ ထိခိုက်နိုင်သည် မဟုတ်ဘဲ ရခိုင်စစ်မျက်နှာတစ်ခုလုံးရှိ ရန်သူ့တပ်အားလုံးကိုပင် ထိခိုက်လာနိုင်တော့မည် ဖြစ်၏။ ဤကဲ့သို့ အခြေအနေ ဆိုးနေသည့်အချိန်တွင် ရခိုင်စစ်မျက်နှာတစ်ခုလုံးကို ကြီး ကိုင်နေသော ဗိုလ်ချုပ်ဟာယာနာသည် ကုလားတန်ရှိ ဂျပန်တပ်ဖွဲ့များ ထံသို့ စစ်ကူပို့ပေးရေးကို ပယ်ချလျက် ရှိသည်။

ဖေဖော်ဝါရီလ ပထမပတ်မှ စတင်ခဲ့သော ဂျပန်တို့၏ တန်ပြန် ထိုးစစ်မှာ ဖေဖော်ဝါရီလတတိယအပတ်သို့ပင် ရောက်ရှိနေပေပြီ။ ကုလား တန်ရှိ ဂျပန်တပ်ဖွဲ့များ၏အင်အားမှာ ကျွန်ုပ်တို့၏အနောက်အာဖရိက တပ်မနှင့်နှိုင်းစာလိုက်လျှင် အလွန်အင်အားနည်းလျက် ရှိသည်။ ကုလား တန်ရှိ ဂျပန်တပ်က အနောက်အာဖရိက တပ်မ၏ ဖိ၍တိုက်ခြင်းကို ငုတ်တုတ်ကြီးခံနေရစဉ် ဆာကူရိုင်၏ တပ်များမှာလည်း ကျွန်ုပ်တို့၏ လက်ချက်ကြောင့် အလူးအလဲခံနေရသည်။

သို့သော် မည်သူမျှ ဟာယာနာထံမှ စစ်ကူ မရ။

ရန်သူ့ဘက်မှ ရဲမက်စစ်သည်များမှာ ရိက္ခာပြတ်သည့် အန္တရာယ် နှင့် တွေ့ကြုံရတော့သည်။ ဤအချိန်တွင် ရခိုင်စစ်မျက်နှာကို ကြီးကိုင် နေသော ဟာယာနာသည် သူ၏တပ်မများထံသို့ စစ်ကူပို့ရန် သို့မဟုတ်



တပ်ဆုတ်ရန် အမိန့်ပေးသင့်ပါလျက် ဖရိုဖရဲဖြစ်နေသော တပ်များကို ဆက်၍သာ တိုက်ရန် အမိန့်ပေးနေတော့သည်။

ဤအချိန်တွင်ပင် စစ်တကောင်း၌ တပ်ချ၍ထားသော မိစတင်း၏ အမှတ် (၁၆) တပ်မ (တပ်မဟာ နှစ်ခုသာ ပါသည်။)အား ရခိုင်ပြည်နယ် စစ်မျက်နှာသို့ ချီတက်တိုက်ခိုက်ရန် အမိန့်ပေးလိုက်၏။ ဆာကူရိုင်နှင့် တာနာဟာရှိတို့၏ တပ်များအား ကျွန်ုပ်တို့၏ အမှတ် (၅)နှင့် အမှတ်(၇) တပ်မများက လည်းကောင်း၊ အမှတ် (၁၆)တပ်မနှင့် အမှတ် (၂၆) တပ်မ များကလည်းကောင်း ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ရေးအစီအမံမှာ အောင်ပွဲ ဆီသို့ တန်းတန်းမတ်မတ်နှင့် တည်တည်ငြိမ်ငြိမ်ပင် ရှေးရှုလျက် ရှိတော့ သည်။

သို့သော် ကျွန်ုပ်တို့ဘက်မှ သယ်ယူပို့ဆောင်ရေး ယာဉ်များမှာ ကျွန်ုပ်တို့ လိုသည်ထက် များစွာလျော့နည်း၍ ရနေသည်။ တပ်မလေးခု စလုံးသို့ လေကြောင်းဖြင့် ရိက္ခာထောက်ပံ့ရေးမှာ အခက်အခဲတွေ့နေ သည်။ ဤအချိန်တွင် ဝင်းဂိတ်၏ခံတပ်ဖြင့် စစ်ဆင်ရေးကို အကောင် အထည်ဖော်ရန် သတ်မှတ်ထားသော နေ့ရက်ကလည်း နီးလာပြီဖြစ်၍ ကျွန်ုပ်တို့၏ လေယာဉ်များမှာ လေ့ကျင့်ခန်းလည်း ဆင်းနေရသေးသည်။ ဝင်းဂိတ်၏တပ်များ မိုးကောင်း၊ ဗန်းမော်၊ အင်းတော် တြိဂံအတွင်းသို့ ဆင်းသက်ရေး၊ ထိုတပ်များကို ရိက္ခာနှင့်ခဲယမ်းများ ထောက်ပံ့ရေးအတွက် လည်း လေယာဉ်များ များစွာ လိုအပ်နေသည်။

ကျွန်ုပ်တို့သည် တရုတ်ပြည်သို့ ရိက္ခာနှင့် ခဲယမ်းများ ပို့နေရသော အမေရိကန်လေတပ်မှ လေယာဉ်အချို့ကို သုံးပတ်မျှ ငှားရမ်းရရှိခဲ့လေ သည်။ ရခိုင်ပြည်နယ်ထိုးစစ်အစတွင် ရန်သူသည် ကျွန်ုပ်တို့ထက် လေ ကြောင်းအင်အားသာလွန်နိုင်ရန်အတွက် ကျွန်ုပ်တို့၏လေတပ်ကို အပျက် အစီးများအောင် ကြိုးစားခဲ့၏။ မြန်မာပြည် တိုက်ပွဲစဉ်တစ်လျှောက်လုံး တွင် အကြီးကျယ်ဆုံးသော လေတပ်တိုက်ပွဲမှာ ရခိုင်ပြည်နယ်မိုးကောင်း ကင်ထက်တွင် ဖြစ်ပွားခဲ့လေသည်။

ဤတိုက်ပွဲတွင် ကျွန်ုပ်တို့က အပြတ်အသတ်ပင် အရေးသာခဲ့ တော့၏။ ဖေဖော်ဝါရီလ တတိယအပတ်တွင် သူ့အရှုံးကို သူမြင်လာသော ဟာယာနာက သူ့တပ်ဖွဲ့များအား တပ်ဆုတ်ရန် အမိန့်ပေးလာတော့သည်။

သို့သော် နောက်ကျခဲ့ချေပြီ။

တူနှင့်တူသော အမှတ် (၅)နှင့် (၇)တပ်မ၊ ပေနှင့် တူသော အမှတ် (၁၆)နှင့်(၂၆)တပ်မတို့အကြားတွင် ဆာကူရိုင်၏တပ်ဖွဲ့များသည် ဖွတ် ဖွတ်ကြေအောင် အထုခံနေရပေပြီ။ မေယုတောင်တန်းပေါ်ရှိ ကျောက်ဂူ များ၊ ကျောက်တောင်စွယ်များတွင် ခိုအောင်းလျက်ရှိသော တူဆိုင်တွဲ များမှာလည်း အမဲလိုက်သလို အလိုက်ခံရကာ ပြုတ်ပြုတ်ပြုန်းသည်အထိ ချေမှုန်းခြင်း ခံရပေပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဆာတူနိုင်ကြီးကြပ်၍ တာနာဟာရှိ ခေါင်းဆောင်သော၊ တိုက်ခိုက်ရေးတပ်ဖွဲ့ အမှတ် (၁)တွင် ပါဝင်သော လူအင်အား (၇၀၀၀)အနက် ရန်သူအလောင်းပေါင်း (၅၀၀၀)ကျော်ကို ရေတွက်ရရှိသည်။

ဇေယ်သို့ ချီတက်လော့ဟူသော မဟာအစီအစဉ်သည်လည်း အိုးခြမ်းကွဲ ကွဲသကဲ့သို့ ကွဲပျက်ခဲ့ရပေပြီ။

တောကျွမ်းသည်ဟု ကျော်ကြားနေသော ရန်သူကို
တောကြောက်သည်ဟု နာမည်ပျက်နေသော . . .
ကျွန်ုပ်တို့ ဗြိတိသျှတပ်များက
ရခိုင်ပြည်နယ်စစ်မျက်နှာတွင် အနိုင်ရခဲ့လေပြီ။

## အခန်း (၈)

ရခိုင်ပြည်နယ်စစ်မျက်နှာတွင် ဗိုလ်ချုပ်ကြီးခရစ်စတီဆန် ဦးစီးကြီးကြပ်သည့်အမှတ်(၁၅)တပ်မကြီးက မဟာမိတ်တို့ဘက်တော်သားများ အောင်ပွဲရရှိရေးအတွက် ထိုးစစ်ကြီးကို ဆင်နွှဲနေသည့်အချိန်တွင်ပင် ဗိုလ်ချုပ်ကြီးစတီးဝဲလ် ခေါင်းဆောင်သော အမေရိကန်နှင့် တရုတ်တပ်များက မြစ်ကြီးနားသို့ ရှေးရှုချီတက်တိုက်ခိုက်နေစဉ် ဗိုလ်ချုပ်ဝင်းဂိတ်၏ ခရီးဝေးဖောက်ထွင်းချီတက်တိုက်ခိုက်ရေးတပ်ဖွဲ့များကလည်း မိုးကောင်း အင်းတော်၊ ဗန်းမော်ဒေသတွင် ခံတပ်ဖြင့်စစ်ဆင်ရေးကို အကောင်အထည်ဖော်နေသည်။

အာသံပြည် လီဒိုမှ မြစ်ကြီးနား မိုးကောင်းသို့အရောက် ဖောက်လုပ်လာခဲ့သော လီဒိုလမ်းသည် ဒီဇင်ဘာလ (၂၇)ရက်နေ့၌ လီဒိုမှ (၁၀၃)မိုင် ဝေးသော ရှင်ဘွေယန်သို့ ခရီးပေါက်လာခဲ့ပြီးနောက် ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ (၆၁)နှစ်မြောက် မွေးနေ့ဖြစ်သော မတ်လ (၁၉)ရက်နေ့တွင်မူ ဗိုလ်ချုပ်ကြီး၏ တပ်များသည် မိုးကောင်းမြစ်ဝှမ်း အစသို့ ထိုးဖောက်ဝင်ရောက်လာခဲ့နိုင်ပြီ ဖြစ်၏။

လူပေါင်း (၉၀၀၀)နှင့် တိရစ္ဆာန် (၁၁၀၀)ပါရှိသော ဝင်းဂိတ်၏ ခရီးဝေးဖောက်ထွင်း တိုက်ခိုက်ရေး ခြင်းဖစ်တပ်များမှာလည်း လေကြောင်းဖြင့် မြန်မာပြည်အတွင်းသို့ သက်ဆင်းကာ မန္တလေး-မြစ်ကြီးနား ရထားလမ်းမြို့ဖြစ်သော အင်းတော်ကို ဗဟိုပြုလျက် ဝစ်တယ်ယေး၊ ဘရော့ဒ်ဝေး၊ ချောင်ရင်ဂီ စသော ခံတပ်များကို တည်ဆောက်နေပေပြီ။

ခြင်းဖစ်တပ်ဖွဲ့ တစ်ခုဖြစ်သော ဗိုလ်မှူးချုပ်ဖာဂတ်ဆင်ခေါင်းဆောင်သည့် အမှတ် (၁၆) တပ်မဟာသည် ခက်ခဲလှသော မိုင် (၄၅၀) ခရီးကို လူ (၄၀၀၀)၊ လား (၆၀၀)ဖြင့် လီဒိုမှနေ၍ အင်းတော်အရှေ့မြောက်ဘက် မန်းတုံးရွာတစ်ဝိုက်သို့ ခြေကျင်ချီတက်လာကာ အဘာဒင် ခံတပ်ကို တည်ဆောက်သည်။

www.burmeseclassic.com

စုစုပေါင်း စစ်သည်ရဲမက် (၁၂၀၀၀)ပါရှိသော ခြင်းဒစ်တပ်ဖွဲ့သည် မတ်လ ဒုတိယအပတ်လောက်တွင် ခံတပ်ဖြင့် စစ်ဆင်ရေးကို ပြုလုပ်နိုင်ခဲ့ကြ၏။ ရန်သူသည် ဝင်းဂိတ်၏ တပ်များအား ချက်ချင်းဆိုသလိုပင် မြန်မာပြည်အတွင်းမှ မောင်းထုတ်နိုင်ရန် ကြိုးစားကြလိမ့်မည်ဟု ကျွန်ုပ်တို့ ထင်ခဲ့သော်လည်း ရန်သူတို့၏ လက်တုံ့ပြန်မှုမှာ အတော်ပင် နှေးကွေးနေသည်ကို တွေ့ရ၏။

ဤအချိန်၌ ရန်သူသည် အိန္ဒိယပြည်၏ အရှေ့မြောက်ဘက်တံခါးဝဖြစ်သော **အင်ဖာ**ကို တိုက်ခိုက်၍ မဟာမိတ်တို့အား ထိုးစစ်ကြီးဆင်နွှဲနိုင်ရန် တာစူလျက်ရှိသည်။ မြန်မာ့စစ်နယ်မြေဒေသမှူး ဖြစ်သူ **ဗိုလ်ချုပ်ကြီးကဝါဘီ**သည် **အင်ဖာ**တိုက်ပွဲအတွက် မိမိ၏တပ်များကို မြန်မာပြည်အရှေ့ဘက် နယ်စပ်တွင် စုရုံးနေသည်။

**တဝါဘီ**က ဝင်းဂိတ်၏ တပ်များအား လက်တုံ့ပြန်ရန် နှောင့်နှေးနေခြင်းမှာ ဝင်းဂိတ်သည် (၁၉၄၃)ခုနှစ်က ဝင်လာသကဲ့သို့ ပစ်ပစ်ပြေးပြေးခေတ္တမျှဒုက္ခပေးရန် ဝင်ရောက်လာသည်ဟု ယူဆဟန်ရှိသည့်အတွက် တစ်ကြောင်း၊ အင်ဖာအားတိုက်ရန် စုရုံးနေသည့် တပ်များအား ခေါင်းကွဲမသွားစေလိုသည်က တစ်ကြောင်းတို့ကြောင့် ဖြစ်သည်ဟု ထင်ရ၏။

ကင်းထောက်ရန်လာသော ရန်သူလေယာဉ်များကို ကျွန်ုပ်တို့၏ ခံတပ်များမှနေ၍ လေယာဉ်ပစ်အမြောက်ဖြင့် ပစ်ခွင်းခြင်းကို ခံရရုံသာမက ခံတပ်အတွင်းရှိ လေယာဉ်ပြေးလမ်းကြောင်းများပေါ်မှ ကျွန်ုပ်တို့၏ **စပစ်ဖိုင်းယား**တိုက်လေယာဉ်များ၏ တက်ရောက်တိုက်ခိုက်ခြင်းကို ခံရသောအခါ အလွန် အံ့ဩသွားကြတော့သည်။ ဤခံတပ်များမှ တိုက်ခိုက်မှုကြောင့် မြန်မာပြည်တွင်ရှိသော ရန်သူ့လေတပ် ထက်ဝက်ခန့်မှာ ပျက်စီးသွားခဲ့ရသည်။

**ဘရော့ဒ်ဝေး**ခံတပ်ကို အခိုင်အမာပြုထားသော အမှတ် (၇၇)တပ်မဟာမှ **ဗိုလ်မှူးချုပ်မိုက်ကဲလ်ဗတ်**သည် မတ်လ (၁၆)ရက်နေ့တွင် **ဘရော့ဒ်ဝေး** အနောက်ဘက် မိုင် (၂၀)ခန့်အကွာ မော်လမြိုင်မြို့အနီးရှိ ဂျပန်မြို့စောင့်တပ်ကို သွားရောက်တိုက်ခိုက် ချေမှုန်းလိုက်ပြီးနောက် လေယာဉ်ပြေးလမ်းကြောင်း တစ်ခုပါ ပါရှိသော **မြို့ပြူတော်**ခံတပ်ကို ထပ်၍ တည်ဆောက်လိုက်၏။

**ဝင်းဂိတ်၏ ခြင်းဒစ်တပ်ဖွဲ့**များသည် ခံတပ်**အသီးသီး**ကို တည်ဆောက်ပြီးနောက် သူတို့၏ ပထမတာဝန်ဖြစ်သော **စတီးဝဲလ်**အား တိုက်နေသည့် ရန်သူတို့၏ ဆက်သွယ်ရေးလမ်းကြောင်းများကို (၁၀)ရက်အတွင်း ဖြတ်တောက်ပစ်နိုင်ကြသည်။

ရန်သူသည် ကျွန်ုပ်တို့ဘက်မှ ဤမျှအထိ တက်၍ ကျယ်ခြင်းတို့ လျစ်လျူရှုမနေနိုင်တော့ဘဲ **ဗိုလ်ချုပ်တဝါနို** လက်အောက်ရှိ လူ(၆၀၀၀)ပါသော တပ်တစ်တပ်အား တိုက်ခိုက်ရန် စေလွှတ်လိုက်၏။


www.burmeseclassic.com

ဤတပ်မှာ ခြင်းဒစ်များနှင့်ရာလျှင် အလွန်နုံဖျင်းသော တပ်ဖြစ်၏။ တပ်ကို ကွပ်ကဲသူ **ကဝါနို**ကလည်း ကျန်းမာရေးချို့သူ ဖြစ်သည်။

**ကဝါနို**သည် မကြာမီပင် နာမကျန်းဖြစ်ကာ သေဆုံးသွားသောအခါ **ဗိုလ်ချုပ်တာကီဒါ** ခေါင်းဆောင်သော တပ်ဖွဲ့တစ်ဖွဲ့ ရောက်လာသည်။ **တာကီဒါ**သည် **မြို့ပြူတော်**ခံတပ်ကို သိမ်းယူ၍ အမှတ် (၇၇)တပ်မဟာအား ချေမှုန်းရန်အတွက် နေ့ရောညပါ ပြင်းပြင်းထန်ထန် တိုက်ခိုက်သည်။ **မြို့ပြူ**တော်တစ်ဝိုက်တွင် လက်တစ်ကမ်း တိုက်ပွဲများဖြစ်ပွားကာ သွေးချောင်းစီးနေလေသည်။

ဗြိတိသျှနှင့် ဂေါ်ရခါးစစ်သားများသည် အကြိမ်ကြိမ် ဆင့်၍ဆင့်၍ တိုက်လာသော ရန်သူများကို အကြိမ်တိုင်း အကြိမ်တိုင်းပင် တွန်းလှန်ပစ်နိုင်သည်။ ဤတိုက်ပွဲများတွင် စစ်သည်ရဲမက်တို့သည် **ဗစ်တိုရိုးယား ကရော့စ်ခေါ် သူရတံဆိပ်**နှစ်ခုပင် ရလေအောင် အစွမ်းသတ္တိပြနိုင်ခဲ့ကြလေသည်။

**ချောင်ရင်ဂီ**ခံတပ်မှ စစ်ကြောင်းတစ်ကြောင်းသည် တရုတ်နယ်စပ်ရှိ အရှေ့ဘက်သို့ ချီတက်သွားပြီးနောက် မြောက်ဘက်သို့ **တစ်ဖန်**လှည့်တက်ကာ ဗန်းမော်မြစ်ကြီးနားလမ်းကို ဖြတ်တောက်ပစ်သည်။ **ဗိုလ်မှူးချုပ်လင်တက်နီ**၏ စစ်ကြောင်းက အင်းတော် အနောက်ဘက်သို့ ချီတက်ကာ ရန်သူ့ဆက်သွယ်ရေး လမ်းကြောင်းများကို တိုက်ခိုက်သည်။

သို့သော် ဤချီတက်တိုက်ခိုက်မှုများမှာ အာသံ မဏိပူရရှိ ရန်သူတို့၏ အဆက်အသွယ်ကို အကြီးအကျယ် ဒုက္ခပေးနိုင်ခြင်း မရှိ။ ရန်သူ့ခြေကျင်တပ်ရင်းနှစ်ရင်းနှစ်ခုနှင့် အမြောက်တပ်ရင်းတစ်ခုလောက်ကို အာသံ-မဏိပူရ စစ်မျက်နှာသို့ နှစ်လခန့် နောက်ကျမှ ရောက်လာအောင်သာ တားဆီးနိုင်ခဲ့သည်။

ရန်သူသည် အာသံ-မဏိပူရ ထိုးစစ်ကြီးကို မီးကုန်ယမ်းကုန် ဆင်နွှဲလာသောအခါ ကျွန်ုပ်မှာ ဝင်းဂိတ်၏ တပ်များထံသို့ **နောက်ထပ်စစ်ကူပို့ပေးရေး**ကို အလေးမပေးနိုင်တော့သလို ဖြစ်လာခဲ့၏။ **ရန်သူသည် မဏိပူရပြည်၏** မြို့တော်ဖြစ်သော **အင်ဖာ**သို့ သဲကြီးမဲကြီးဖြင့် **ချီတက်**တိုက်ခိုက်လျက် ရှိရာ ကျွန်ုပ်တို့ အမှတ် (၄)တပ်မကြီးသည် **အသေအလဲ**ခုခံနေရချိန် ဖြစ်၏။

**ဝင်းဂိတ်၏တပ်ဖွဲ့များအား ဗိုလ်ချုပ်ကြီးစတီးဝဲလ်ကို အကူအညီ**ပေးနေရာမှ အမှတ် (၄)တပ်မကြီးအား ကူညီရန် ပြန်ခေါ်သင့် မသင့်ဆိုသည်မှာ ပြဿနာ ဖြစ်လာတော့သည်။ သို့သော် ကျွန်ုပ်က **စတီးဝဲလ်အား** မြစ်ကြီးနားတိုက်ပွဲတွင် ဝင်းဂိတ်၏တပ်များက **တောင်ဘက်မှနေ၍** ကူမည်ဟု ကတိပေးထားပြီးဖြစ်ရာ ကျွန်ုပ်သည် **အခြေအနေအရ အစီ**အစဉ်ကို ပြောင်းသင့်ပါလျက် ဂျပန်စစ်သူကြီးတို့သို့ပင် **တစ်ခုပြီးတစ်ခု**ဆိုလျှင် မလွှတ်တမ်းဆုပ်ကိုင်ထားချင်သည့် အကျင့်ကို **ပြုမှုမိ**ခဲ့သည်။

www.burmeseclassic.com

အင်ဖာသည် ရန်သူနှင့် ကျွန်ုပ်တို့၏ အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးမည့်တိုက်ပွဲဖြစ်ရာ ကျွန်ုပ်သည် အဝေးရှိနေသောရန်သူထက် အနားတွင်တပ်နေသော ရန်သူအား ရှိသမျှအင်အားကို စုဆောင်း၍ ဝသမားဆုံးတိုက်ခိုက်ရန်မှာ လမ်းအမှန်ဆုံးပင် ဖြစ်သည်။

ဝင်းဂိတ်ထံသို့ နောက်ထပ်စစ်ကူများ ပို့ရန်ဆုံးဖြတ်ပြီး၍ မကြာမီပင် ခြင်းစစ်တပ်ဖွဲ့ဝင်များအတွက် ဝမ်းနည်းကြေကွဲစရာကောင်းသော ဆုံးရှုံးမှုတစ်ခု ပေါ်ပေါက်လာတော့သည်။ အင်ဖာမှနေ၍ မစ်ချယ်ပုံးကြွ လေယာဉ်ဖြင့် ဌာနချုပ်အသစ်ရှိရာ လာလာဂတ်ဆီသို့ ပြန်လာသော ဝင်းဂိတ်သည် လေယာဉ်ပျက်ကျ၍ သေဆုံးခဲ့ရလေသည်။

ကြီးပမ်းမှုကြီးတစ်ခု၏ အစတွင် ရုတ်တရက် ကွယ်လွန်သွားခဲ့သော ဝင်းဂိတ်အတွက် သူနှင့် သဘောချင်း မတိုက်ဆိုင်ခဲ့သောသူများပင် သူ့အတွက် နှမြောမိကြသည်။

ဝင်းဂိတ်၏ရာထူးကို ဗိုလ်ချုပ်လင်တက်နီက ဆက်ခံသည်။

အဘာဖင်ခံတပ်မှ အမှတ် (၁၆) တပ်မဟာသည် အမှတ် (၁၄) တပ်မဟာမှ အချို့သောတပ်များဖြင့် ရန်သူ၏ ရိက္ခာနှင့်ခဲယမ်းသိုလှောင်ရေး စခန်းဖြစ်သော အင်းတော်ကို သိမ်းနိုင်ရန် လုံးပန်းသည်။ ရန်သူ့မြို့စောင့်တပ်မှာ အင်အားများပြားလှခြင်း မရှိသော်လည်း ကောင်းစွာ နေရာယူထားကြသဖြင့် ဖာဂတ်ဆင်သည် လက်လျှော့လိုက်ရ၏။

အမှတ် (၁၆)တပ်မဟာကို အနားပေးရန်အတွက် အိန္ဒိယသို့ ပြန်ခေါ်ယူပြီးနောက် ဗိုလ်ချုပ်လင်တက်နီသည် ကျန်သော ခံတပ်ရှိတပ်များနှင့် တပ်မဟာသုံးခုဖြင့် စတီးဝဲလ်၏တပ်များအား ရင်ဆိုင်လျက်ရှိသော ရန်သူ အမှတ် (၁၈)တပ်မ၏ ဆက်သွယ်ရေးလမ်းကြောင်းများကို ထိရောက်စွာ ဖြတ်တောက်ပစ်နိုင်သည်။

မေလတွင် မြို့ဖြူတော်ခံတပ်မှ တပ်ဖွဲ့သည် တောတောင်များကို ဖြတ်ကျော်ကာ ရန်သူ့စခန်းများကို တိုက်ခိုက်ပြီးနောက် ဟိုပင် မြောက်ဘက်တွင် တပ်နေသည့်နေရာ၌ ဘလက်ပူးဟု အမည်တွင်သော ခံတပ်တစ်ခုကို တည်ဆောက်နိုင်သည်။

မြောက်ဘက်မှ လီဒိုလမ်းအတိုင်း ချီတက်လာသော စတီးဝဲလ်သည် ဗိုလ်ချုပ်မာရိုး၏ မရောဒါးတပ်ဖွဲ့အား မြောက်ကျားနည်းစနစ်ဖြင့် လျှပ်တစ်ပြက်စစ်ဆင်ရေးများကို ပြုလုပ်၍ လည်းကောင်း၊ တရုတ်တပ်များအား ရင်ဆိုင်တိုက်ပွဲကြီးများကို တိုက်ခိုက်စေ၍ လည်းကောင်း၊ မိုးကောင်းမြစ်ဝှမ်း အစတွင်ရှိသော ရွာစုဇတ်ကိုလည်းကောင်း သိမ်းယူလိုက်သည်။

ဤအချိန်တွင်ပင် ဂျပန်တို့က အင်ဖာနှင့် ကိုဟီးမားသို့ တက်ရောက်လျက် တိုက်ခိုက်နေသောကြောင့် အာသံနှင့် မဏိပူရ စစ်မျက်နှာမှ အခြေအနေမှာ ဆိုးရွားလျက် ရှိသည်။



ကျွန်ုပ်သည် ဗိုလ်ချုပ်ကြီးစတီးဝဲလ်အား စစ်ကူရောက်လာသော တရုတ်တပ်များဖြင့် မြစ်ကြီးနားသို့ ဆက်လက်ချီတက်စေသည်။ ဗြိတိသျှအရာရှိများအုပ်ချုပ်သော အားမားရိုင်ဖယ်နှင့် ကချင်ပြောက်ကျားတပ်ဖွဲ့က ဖို့ဗ်ဟတ်မှ တောင်ဘက်သို့ဆင်းကာ ဆွမ်ပရာဘွမ်ကို သိမ်းယူလိုက်နိုင်သည်။ စတီးဝဲလ်၏ ပင်မတရုတ်တပ်ကြီးက ကာမိုင်းကို ဖိ၍ တိုက်ခိုက်နေစဉ် မရောဒါးနှင့် တရုတ်စစ်သားများ ပါဝင်သော တိုက်ခိုက်ရေးတပ်ဖွဲ့တစ်ဖွဲ့သည် ကြမ်းတမ်းခက်ခဲလှသော ကန္တာရကို မိုင်တစ်ရာခန့်မျှ ချီတက်ရပြီးနောက် မြစ်ကြီးနားမြို့နှင့် (၄၈)နာရီခန့် ခရီးမျှသာ ကွာသောနေရာသို့ ရောက်လာခဲ့သည်။

မြစ်ကြီးနားနှင့် (၄၈)နာရီ ခရီးသာ ကွာသောနေရာသို့ မေလ (၁၅)ရက်နေ့တွင် ရောက်လာသည့် ဗိုလ်ချုပ်မာရိုးခေါင်းဆောင်သည့် တပ်ဖွဲ့က စတီးဝဲလ်၏တရုတ်တပ်များ မြစ်ကြီးနားမြို့ လေယာဉ်ကွင်းသို့ အင်ကြီးအားကြီးဖြင့် ဆင်းသက်လာရန် သတင်းပို့လိုက်၏။ မေလ (၁၇) ရက်နေ့တွင် မာရိုးသည် မြစ်ကြီးနားလေယာဉ်ကွင်းကို စောင့်ကြပ်နေသည့်ရန်သူများအား မောင်းထုတ်လိုက်နိုင်သည်။ ထိုနေ့ နေ့လယ်မှစ၍ တရုတ်တပ်များ လေယာဉ်ကွင်းပေါ်သို့ တဖွဲဖွဲရောက်လာတော့သည်။

မာရိုးခေါင်းဆောင်သော တပ်ဖွဲ့က မြစ်ကြီးနား လေယာဉ်ကွင်းကို သိမ်းပိုက်လိုက်သည့်အချိန်တွင် မြစ်ကြီးနားရှိ ရန်သူ့မြို့စောင့်တပ်မှာ အင်အားနည်းပါးလျက် ရှိ၏။ သို့သော် ဤအကြောင်းကို မသိရသည်က တစ်ကြောင်း၊ တပ်ဖွဲ့သားများမှာ ကြမ်းတမ်းသော ခရီးကို ဖြတ်ကျော်၍ ချီတက်ခဲ့ရသည်က တစ်ကြောင်းတို့ကြောင့် လေယာဉ်ကွင်းကို သိမ်းပိုက်နိုင်ခြင်းကိုပင် ကျေနပ်နေကြ၏။

ရန်သူသည် ချက်ချင်းပင် စစ်ကူများ ခေါ်ယူလိုက်သည်။

ဗိုလ်ချုပ်မာရိုးမှာ မြစ်ကြီးနားလေယာဉ်ကွင်းကို ရရှိပြီးသည့်အချိန်တွင် နာမကျန်း ဖြစ်လာသောကြောင့် အိန္ဒိယသို့ ပြန်ပို့လိုက်ရလေသည်။ မြစ်ကြီးနားမြို့တွင်းရှိ ရန်သူ့အင်အားမှာ အများဆုံး (၃၅၀၀) ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ မြစ်ကြီးနားကို ဝိုင်းထားသော တရုတ်တပ်မှာမူ လူပေါင်း (၃၀၀၀၀)ကျော်ခန့် ရှိနေ၏။ သို့သော် ရှုပ်ရှုပ်ချွံချွံ ခေါင်းဆောင်မည့် စစ်ခေါင်းဆောင်ကောင်း ကင်းမဲ့နေသောကြောင့် လူများ၍ ပွဲမစည် ဖြစ်နေလေသည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏တပ်များက မြစ်ကြီးနားကို ဝိုင်းဝန်းလုပ်ကြံနေစဉ် ဗိုလ်ချုပ်လင်တက်နီ၏ ပင်မတပ်ဖွဲ့က မြစ်ကြီးနားသို့ သွားမည့် ကားလမ်းနှင့် ရထားလမ်းကို ဘလက်ပူးခံတပ် မှနေ၍ သဲသဲမဲမဲ တိုက်ခိုက်နေပြီး အမှတ် (၁၁၁) တပ်မဟာမှ တပ်ခွဲအချို့နှင့် ကချင်ဓားတပ်များ ပါဝင်သော မော်ရစ်တပ်ဖွဲ့က ဗန်းမော်လမ်းအတိုင်း မြောက်ဘက်သို့ ချီတက်တိုက်ခိုက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်တွင် မြစ်ကြီးနားတိုက်ပွဲမှာ လွန်စွာအရေးကြီးလျက် ရှိရာ ထွန်းပ်သည် စစ်ဆင်ရေးကို လွယ်လင့်တကူ ပြုလုပ်နိုင်စေရန် အတွက် ဗိုလ်ချုပ်လင်တတ်နီ ဦးစီးသော ခြင်းစစ်တပ်ဖွဲ့အား ဗိုလ်ချုပ်ကြီး စတီးဝဲလ်၏ အမိန့်ကို နာခံ၍ တိုက်ခိုက်ရန် ညွှန်ကြားလိုက်သည်။

သို့ဖြင့် ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ လက်အောက်တွင် အမေရိကန် တပ်မဟာတစ်ခု၊ တရုတ်တပ်မငါးခု၊ ခြင်းစစ်တပ်မဟာသုံးခုနှင့် ခံတပ် များမှ တပ်ဖွဲ့များလည်း ရှိနေရာ စုစုပေါင်းအင်အားမှာ တပ်မကြီးတစ်ခု ထက်သာလွန်ကာ တပ်မတော်ကြီးတစ်ခုနီးပါး ရှိနေတော့သည်။

ရန်သူ့ဘက်တွင် ရှိနေသော အင်အားမှာ အမှတ် (၁၈)တပ်မ၊ အမှတ် (၅၆) တပ်မမှ တပ်အချို့ ဆွဲလွဲခေါ်ယူထားသော ဆေးရုံမှ ဆင်းစ လူနာများနှင့် အခြားတပ်ဖွဲ့အချို့သာ ရှိသည်။ နှစ်နှစ်တိုင်တိုင် တက်ကြွ လှုပ်ရှားမှု ကင်းမဲ့နေခဲ့သော ယူနန်စစ်မျက်နှာသည်လည်း ယခုအချိန်တွင် ပြန်လည်အသက်ဝင်လာသည်။

မဟာမိတ်တို့၏ မေတ္တာရပ်ခံချက်ကို နောက်ဆုံးတွင် လိုက်လျော ခဲ့သော တရုတ်စစ်သူကြီးချန်ကေရှိတ်သည် ဧပြီလ ဒုတိယအပတ်တွင် သူ၏ ယူနန်တရုတ်တပ်မကြီးအား သံလွင်စစ်မျက်နှာတွင် ထိုးစစ်ဆင်ရန် အမိန့်ပေးလိုက်လေပြီ။

မေလ (၁၀)ရက်နေ့ညတွင် လူပေါင်း (၄၀၀၀၀)ခန့်ပါဝင်သော တရုတ်တပ်ကြီးသည် မြောက်ဘက်တွင်ရှိသော ဖိမော်နှင့် တောင်ဘက် တွင်ရှိသော ကွမ်းလုံအကြားမှ သံလွင်မြစ်ကို သုံးနေရာမှ ဖြတ်ကူးကြ သည်။ မိုင်ပေါင်း (၂၀၀)နီးပါး ကျယ်ပြန့်သော စစ်မျက်နှာတွင် စတုတ္ထ မြစ်ကူးစခန်းမှ ဖြတ်ကူးရာ၌ ဆုံးရှုံးမှုများကို တွေ့ရ၏။

ရက်အနည်းငယ်အတွင်းတွင် လူပေါင်း (၇၂၀၀၀)ပါဝင်သော ဗိုလ်ချုပ်ကြီးဝေလီဟန် အုပ်ချုပ်သည့် တရုတ်တပ်များသည် သံလွင်မြစ် အနောက်ဘက်ကမ်းသို့ တက်လာနိုင်ခဲ့ကြ၏။ ၎င်းတပ်ကြီးအား တောင် ပေါက်ဝများမှ နေ၍ ခုခံတိုက်ခိုက်နေသူများက လူအင်အား (၁၂၀၀၀) ခန့်သာ ရှိသော အမှတ် (၅၆) ဂျပန်တပ်မတစ်ခုသာ ဖြစ်လေသည်။

ဗိုလ်ချုပ်ကြီးဝေလီဟန်သည် ဂျပန်ခြေကျင်တပ်ရင်း တစ်ရင်းနှင့် အမြောက်တပ်တစ်တပ်ကို လာမန်းနှင့် ပိုင်ခဒေသတွင် တပ်လုံးပျောက် ချေမှုန်းလိုက်ပြီးနောက် တောင်ဘက်သို့ ဆက်လက်၍ ဆင်းလာကာ စင်တင်ဘာလ (၂၁)ရက်နေ့တွင် တန်ချုန်းကို သိမ်းယူလိုက်သည်။

စတုတ္ထမြစ်ကူးတံတားဖြစ်သော ကွမ်းလုံမှ ဂျပန်တပ်များသည် တောင်ဘက်သို့ ဆုတ်ခွာရတော့သည်။ အမှတ် (၅၆)တပ်မ၏ ဗိုလ်ချုပ် ဖြစ်သူ မတ်ဆုယာမသည် တရုတ်တပ်မ ခြောက်ခုအား လန်လင်းမှ နေ၍ တားဆီးကာ အသေအလဲ ခုခံကြသည်။ ဇွန်လကုန်ခါနီးမှ စတင်ခဲ့သော လန်လင်းတိုက်ပွဲသည် ဩဂုတ်လကုန်အထိ နှစ်လမျှပင် ကြာခဲ့လေသည်။



ဂျပန်စစ်ဗိုလ်ချုပ်ကြီးမတ်ဆုယာမသည် ၎င်းခံစစ်ကို ကျွမ်းကျင် လိမ္မာစွာဖြင့် တိုက်ခိုက်နိုင်ခဲ့သည်။ တရုတ်များက ထွက်ပေါက်မရှိအောင် ဝိုင်းဝန်းပိတ်ဆို့၍ လာလေတိုင်း မတ်ဆုယာမသည် တောင်ဘက်သို့ သွားရာ ဝမ်လင်းလမ်းကို ဖြစ်သည့်နည်းဖြင့် ပွင့်နေစေခဲ့၏။

တရုတ်တပ်မကြီး ခြောက်ခုအား တပ်မတစ်ခု၏ အင်အားထက် ပင်လျော့နည်းသော စစ်သည်ရဲမက်တို့ဖြင့် နှစ်လကြာသည့်တိုင်အောင် ခံစစ်ပြု၍ နေနိုင်ခြင်းမှာ ချီးကျူးစရာပင် ဖြစ်၏။ ၎င်းတိုက်ပွဲတွင် မတ်ဆု ယာမသည် လမ်းလျှောက်[illegible]ဖိုးကြီးကို ခလုတ်တိုက်မိသည့် လူလို က်ကောင်းသည့် အချက်နှင့်လည်း ဆုံခဲ့ရသည်။

ဌာနချုပ်မှ တရုတ်အရာရှိကြီး သုံးဦးကို တင်ဆောင်လာသော သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းသည် ဂျပန်များရှိသော တန်ချုန်း လေယာဉ်ပျံကွင်းကို မိမိတို့ဘက်မှ လေယာဉ်ကွင်းဟု ထင်မှတ်မှားကာ ဆင်းသက်လာခဲ့သည်။

ဌာနချုပ်အရာရှိကြီး သုံးဦးနှင့်တကွ တရုတ်ထိုးစစ်ကြီးများ တစ် ခုလုံး၏ အစီအစဉ် အသေးစိတ်များ ပါလာရုံမက တပ်မတော်တစ်ခုလုံး အတွက်အသစ်ပြဋ္ဌာန်းလိုက်သော စကားဝှက်စာအုပ်လည်း ပါလာသည်။ မတ်ဆုယာမသည် ယူနန် စစ်မျက်နှာတွင် လည်းကောင်း၊ မြန်မာပြည် စစ်မျက်နှာတွင်လည်းကောင်း အတော်ဆုံး အတိအကျဆုံးသော စုံစမ်း ထောက်လှမ်းရေးပုဂ္ဂိုလ်ကြီး ဖြစ်နေခဲ့တော့၏။

မတ်ဆုယာမသည် စစ်ကူများကို အလျင်စလို ဆင့်ခေါ်ကာ ဩဂုတ်လတွင် တရုတ်တို့ကို တန်ပြန်ထိုးစစ်ဆင်ခဲ့သည်။ ခေါင်းဆောင် မှုနှင့် လေ့ကျင့်မှုတွင် ညံ့နေသည်သာမက နောက်လိုက်များကပါ ညံ့နေ သော တရုတ်တပ်မကြီးသည် မတ်ဆုယာမ၏ လက်ချက်ဖြင့် များစွာ အထိနာခဲ့သည်။ ရောဂါကြောင့် သေသူများကလည်း မနည်းလှချေ။

တရုတ်ဗိုလ်ချုပ်ကြီးဝေလီဟန်သည် မိမိဘက်တွင် အကျအဆုံး များနေသော်လည်း တရုတ်ပြည်မှ စစ်ကူ မရနိုင်သဖြင့် အကျပ်အတည်း တွေ့လာသည်။ အမေရိကန်ထံမှ အကူအညီရသော တိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်များမှာလည်း တောင်မြင့်ကြီးများနှင့် ဆိုးရွားလာသော ရာသီဥတုကြောင့် တန်ဖိုးမဲ့သလို ဖြစ်နေသည်။

သို့သော်လည်း မြန်မာပြည်မြောက်ပိုင်းတွင် ဆင်နွှဲလာသော ယူနန်တရုတ်တပ်တို့၏ ထိုးစစ်ကား ဂျပန်တို့အတွက် အန္တရာယ်ဝင် ဖြစ် နေလေသည်။ မေလအကုန်လောက်တွင်ပင် မြန်မာပြည်မြောက်ပိုင်းရှိ ဂျပန်တို့၏ အခြေအနေမှာ စိုးရိမ်စရာ အခြေအနေသို့ ရောက်လာသည်။

စတီးဝဲလ်အား ခုခံတိုက်ခိုက်နေသော ဂျပန်တို့၏ အမှတ် (၁၈) တပ်မမှာ ကွဲအက်တော့မည့် အရိပ်အယောင် ပေါ်လာကာ စတီးဝဲလ်၏ တပ်များက ကာမိုင်းသို့ ချဉ်းကပ်လာနေကြပြီ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

အင်အားကြီးလှသော တရုတ်တပ်ကြီးက မြစ်ကြီးနားကို ဝိုင်းမိနေပြီးလျှင် ဆွပ်ပရာဘွမ်မှ ဆင်းလာသော တချင်လဲမီးတပ်ဖွဲ့ကလည်း မြစ်ကြီးနားသို့ ချဉ်းကပ်လာနိုင်ကာ မောရစ်ဆင်တစ်ဖွဲ့ကလည်း ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှနေ၍ ရန်သူတပ်များကို တိုက်ခိုက်နေခဲ့သည်။ မောာမိတ်တပ်များလက်သို့ မြစ်ကြီးနား ကျတော့မည်မှာ သေချာနေပေပြီ။ တိုပင်နှင့်တပ်လျက်ရှိသော ဘလက်ဖူးလ်ခံတပ်မှ ဗိုလ်ချုပ်လင်တက်နီ၏ တပ်မတော်တစ်ခုသည် ရက်သတ္တသုံးပတ်တိုင်အောင် လာရောက်တိုက်ခိုက်လာသော ရန်သူများကို ကြံကြံ[redacted]ကြီးနားနှင့် ဆက်သွယ်လျက်ရှိသည့် ရန်သူဆက်သွယ်ရေး လမ်းကြောင်းများကို ဤအချိန်တွင် သဲသဲမဲမဲ တိုက်ခိုက်လျက် ရှိသည်။

ဂျပန်တို့သည် အမြောက်အကြီးစားနှင့် အလတ်စားများကို သုံးကာ ဘလက်ဖူးလ်ခံတပ်ကို ဖြိုနေကြ၏။ ခြင်းဒစ်တပ်မဟာအား ကျွန်ုပ်တို့က စစ်ကူမပေးနိုင်သော်လည်း လေယာဉ်ပစ်အမြောက်ကြီးများကို လေယာဉ်ပျံ ဝဲနေနိုင်လောက်သည့် ဒီဂရီအမြင့်သို့ ချိန်ထားကြသည်။ သည်အထဲတွင် ရာသီဥတုက ဆိုးရွားလာသောအခါ ချပေးနေကျ ရိက္ခာတိုပင် ချပေးရန် ခက်လာပြန်တော့၏။

မေလ (၂၅)ရက်ခနေ့တွင်မှ ခြင်းဒစ်တပ်မဟာသည် ထိခိုက်ဒဏ်ရာရနေသော မိမိတို့ရဲဘော်များကို ထမ်းဆောင်၍ အင်းတော်ကြီးသို့ ထွက်ခွာသွားကြသည်။ ဗြိတိသျှလေတပ်မှ လေယာဉ်ပျံနှစ်စင်းသည် (၁၅)မိုင်ရှည်၍ (၅)မိုင်ကျယ်သော အင်းတော်ကြီးကန်အတွင်း ဆင်းသက်ကာ ခြင်းဒစ်တပ်မဟာမှ ထိခိုက်ဒဏ်ရာရသူ လူနာပေါင်း (၆၀၀)ခန့်ကို အိန္ဒိယသို့ သယ်ယူသွားနိုင်ခဲ့၏။

ဇွန်လ(၁၆)ရက်နေ့တွင် အမှတ်(၂၂) တရုတ်တပ်မက ကာမိုင်းကို သိမ်းမိသည်။ ဇွန်လ (၂၀)ရက်နေ့တွင် ဗိုလ်ချုပ်လင်တက်နီ၏ ခြင်းဒစ်တပ်ဖွဲ့မှ မိုက်ကဲလ်ဗက်ခေါင်းဆောင်သော အမှတ် (၇၇)တပ် မဟာက တရုတ်တပ်မ အမှတ် (၃၈)ထက် စောစီးစွာ မိုးကောင်းကို ဝင်၍ စီးနိုင်ခဲ့သည်။

ဤအချိန်တွင်ပင် အင်ဖာစစ်မျက်နှာ၌ ဂျပန်တို့၏ကံကြမ္မာသည် မဟန်သာအောင် ဖြစ်လာတော့၏။ ဂျပန်စစ်သူကြီးကဝါဘီသည် ရနိုင်သမျှသော စစ်ကူများကို ပို့၍ ဆုတ်စစ်ကို အစပြုလာသည်။ ယူနန်စစ်မျက်နှာနှင့် မြန်မာပြည်အထက်ပိုင်း စစ်မျက်နှာ နှစ်ခုတွင် ကဝါဘီ၏ တပ်များသည် ဘယ်လိုမှ အဖတ်ဆယ်၍ မရအောင် ပြိုကွဲနေပြီ ဖြစ်၏။ မြောက်ဘက်မှ တောင်ဘက်သို့ ချီတက်လာသော မဟာမိတ်တပ်များကို ဟန့်တားခြင်း မပြုနိုင်တော့ဘဲ နှောင့်နှေးရုံသာ ဒုက္ခပေးနိုင်တော့သည်။

ယခုအချိန်တွင် ဗိုလ်ချုပ်ကြီးစတီးဝဲလ် လက်အောက်၌ တပ်မပေါင်း (၇)ခုပင် ရှိနေပြီး ကာမိုင်းကိုလည်း သိမ်းပိုက်ပြီးဖြစ်ရာ အာရှအရှေ့တောင်ပိုင်း စစ်ဌာနချုပ်တွင် မြန်မာပြည်တိုက်ပွဲ မစမီကပင် စီစဉ်ထားသည့်အတိုင်း ကျွန်ုပ်၏ အမှတ် (၁၄)တပ်မတော် လက်အောက်တွင် အမှုထမ်းနေသော စတီးဝဲလ်အား သီးခြားတပ်ဖွဲ့ကြီးတစ်ခုအဖြစ် အသိအမှတ်ပြုလိုက်လေတော့သည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏တပ်များသည် မြစ်ကြီးနားအား နှစ်လခွဲကြာသည့်အထိ ဝိုင်းဝန်းတိုက်ခိုက်ရပြီးနောက် ဩဂုတ်လ (၃)ရက်နေ့တွင် သိမ်းယူရရှိသည်။ မြစ်ကြီးနားတွင် ခံစစ်ပြုနေသော ရန်သူ ဗိုလ်ချုပ်မိဇုကာမိသည် ကြွင်းကျန်နေသော တပ်သားများအား ဖောက်ထွက်ရန် အမိန့်ပေးပြီးနောက် မိမိကိုယ်ကို မိမိ အဆုံးစီရင်သွားခဲ့လေသည်။

❦❦❦


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အင်ဖာ နှင့် ကိုဟီးမားတိုက်ပွဲများသည် အာရှအရှေ့တောင်ပိုင်းတွင် ဂျပန်တို့၏ အောင်ပွဲကို အကဲတင်လိုက်သော တိုက်ပွဲများဖြစ်ရမည်ဟု ဂျပန်စစ်သူကြီးများဖြစ်သော တေရာဉချီ နှင့် ကဝါဘီ တို့က ဆုံးဖြတ်ထားကြသလို ကျွန်ုပ်တို့ကလည်း ဤအောင်ပွဲသည် ကျွန်ုပ်တို့ အဖို့သာ ဖြစ်ရမည်ဟု ယုံကြည်သတ်မှတ်ထားသည်။

အင်ဖာ (ကိုဟီးမား)တိုက်ပွဲသည် ဖက်ဆစ်နှင့် ဖက်ဆစ်ဆန့်ကျင်သူများ၏ အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးခဲ့သော တိုက်ပွဲပေတည်း။ ပစ္စိဖိတ်စစ်မျက်နှာတွင် နေ့စဉ်နှင့်အမျှ တိုးတက်များပြားလာသော ရေတပ်သင်္ဘောများ၊ ကုန်းသင်္ဘောများ၏ ဆုံးရှုံးမှုဒဏ်က ဂျပန်စစ်အာဏာပိုင်များအား မျက်ကလဲဆန်ပျာ ဖြစ်လာစေသည်။

မိမိတို့ အနိုင်ရရှိထားသော နယ်မြေဒေသ စက်ဝန်းမှာ ကျယ်ဝန်းလှသည်နှင့်အမျှ ထိုစက်ဝန်းအတွင်းရှိ မိမိတို့၏ အောင်နိုင်မှုကို ဆက်လက်ထိန်းသိမ်းရန် တာဝန်မှာ လွန်စွာ ကြီးလေးလှသည်။ ပစ္စိဖိတ်စစ်မျက်နှာတွင် ယခုအတိုင်းသာ နေ့စဉ်နှင့်အမျှ မိမိတို့ဘက်မှ ရေတပ်သင်္ဘောများ၊ ကုန်သင်္ဘောများ တစ်ပျက်တည်းပျက်၊ တစ်မြုပ်တည်းမြုပ်နေမည်ဆိုလျှင် မိမိတို့ လည်ပင်းကို အညှစ်ခံရသူကဲ့သို့ တဖြည်းဖြည်း အသက်ရှူကျပ်ကာ မတ်တတ်မှ လဲရတော့မည့် အဖြစ်မျိုးနှင့် ကြုံရပေတော့မည်။

ဂျပန်စစ်အာဏာပိုင်တို့သည်လည်း အသက်ရှူချောင်ရန်အတွက် မြန်မာပြည်ဘက်သို့ စောင်း၍ ကြည့်ကြကုန်၏။ ရောင်ခြည်နှင့်တူသော မျှော်လင့်ချက်သည် မြန်မာပြည်မှ လက်ခနဲ ပေါ်ထွက်၍လာသည်ဟု ထင်မိကြလေသည်။ မြန်မာပြည်ကိုသာ ထိုးစစ်ဆင်လိုက်ရလျှင် မိမိတို့ လိုချင်သမျှအားလုံး သိမ်းကျုံး၍ရတော့မည်ဟု တွက်မိကြသည်။



မြန်မာပြည်ကိုသာ သိမ်းပိုက်ရရှိလိုက်လျှင် မြန်မာပြည်ရှိ ဗြိတိသျှတပ်များသည် ပြုတ်ပြုတ်ပြန်း၍ သွားမည်သာမက ဗြိတိသျှအစိုးရအား တော်လှန်ရန် အချိန်တန်နေပြီဖြစ်သော အိန္ဒိယသည် မိမိတို့မဆွတ်မီကပင် ညွတ်၍ ပါလာပေတော့မည်။ အထီးကျန်သော တရုတ်တို့ကိုမူ သီးခြားစစ်ပြေငြိမ်း စာချုပ်ချုပ်၍ သိမ်းသွင်းထားလိုက်မည်။ ဤသည်ကား ဂျပန်စစ်အာဏာပိုင်များ၏ အတွေးတည်း။

သူတို့တွေးသည့်အတိုင်းလည်း အရေးက လှခဲ့သည်။ ကမ္ဘာနှင့်ချီ၍ တိုက်နေရသော စစ်ပွဲကြီးတွင် မြန်မာပြည်တိုက်ပွဲသည် လမ်းသွားရင်း ဟန်လွှဲသည့်တိုက်ပွဲမဟုတ်ဘဲ တကယ့်အဓိက တိုက်ပွဲကြီးကို မဏ္ဍိုင်ပြုမည့် တိုက်ပွဲသာ ဖြစ်စေရမည်။ မိမိတို့သည် မြန်မာပြည်ကို မဏ္ဍိုင်ပြု၍ တောများ တောင်များ ထူထပ်သော အာသံနှင့်မဏိပူရကို တက်၍ တိုက်မည်။ လူအရောက်အပေါက်နည်းလှသော ပစ္စန္တရစ်သာသာမျှသာ ရှိသော ဤတော ဤတောင် ဤဒေသမှ တိုက်ပွဲသည် ကမ္ဘာကို တုန်ဟည်းသွားစေမည့် တိုက်ပွဲသာ ဖြစ်စေရမည်။ ဤကား ဂျပန်စစ်အာဏာပိုင်များက သူတို့၏ စစ်သူကြီးများအား ခြွေခဲ့သည့် မိန့်ခွန်းတည်း။

သူတို့၏ မိန့်ခွန်းအတိုင်းပင် အင်ဖာတိုက်ပွဲသည် ကမ္ဘာ့စစ်လမ်းကြောင်းကြီးကို အပြောင်းကြီး ပြောင်းစေခဲ့လေသည်။ မြန်မာပြည်၏ စစ်အာဏာပိုင်ဖြစ်သော ဗိုလ်ချုပ်ကြီးကဝါဘီသည် ဂျပန်အင်ပါယာကြီး၏ စစ်အာဏာပိုင်များ၏ ညွှန်ကြားချက်တို့ကို အားတက်သရောထောက်ခံသူပီပီ အာသံနှင့် မဏိပူရကို ဖြတ်၍ အိန္ဒိယပြည် ဒေလီမြို့ရှိ ရွှေနန်းကို သိမ်းမြန်းစိုးစံနိုင်ရန် ရှိသမျှ ဉာဏ်အားကိုယ်အားကို အစွမ်းကုန် စိုက်ထုတ်၍ ကြိုးပမ်းခဲ့၏။

ကဝါဘီအဖို့ ရခိုင်ပြည်နယ် ပြန်လည်ထိုးစစ်မှာ အသေးအဖွဲတိုက်ပွဲမျှသာ ဖြစ်သည်။ ကျွန်ုပ်တို့ တပ်များအား အဓိက စစ်ပွဲကြီးနှင့် ရင်မဆိုင်ရမီ ခြေကုန်လက်ပန်းကျစေရန် ဖန်တီးလိုက်ခြင်းသာ ဖြစ်သည်။ မြောက်ဘက်စစ်မျက်နှာတွင် ယူနန်တရုတ်တပ်နှင့် လီဒိုတရုတ်တပ်ကို နည်းနိုင်သမျှသော အင်အားကို သုံး၍ ဟန့်တားထားမည်ဟု စိတ်ကူးထားသည်။ အကယ်၍ မြောက်ဘက်စစ်မျက်နှာတွင် အရှုံးပေါ်စေကာမူ အလယ်စစ်မျက်နှာမှ ကြီးကျယ်သော အောင်နိုင်မှုဖြင့် အလွယ်တကူပင် ဖာထေးနိုင်မည်။ ဤကား ကဝါဘီ၏ တွက်ကိန်းတည်း။

ကဝါဘီ တွက်ကိန်းချထားသလို ကျွန်ုပ်တို့ကလည်း အစီအစဉ်များကို ဆွေးနွေးရေးဆွဲထားသည်။ အာသံ မဏိပူရ စစ်မျက်နှာတွင် စစ်ခေါင်းဆောင်အဖြစ် တာဝန်ယူလျက်ရှိသော ဗိုလ်ချုပ်စတွန်းသည် သူ၏ အမှတ် (၄)တပ်မကြီးနှင့် ထိုးစစ်ပြုလာအံ့သော ရန်သူကို စနစ်တကျ ယှဉ်ပြိုင်တိုက်ခိုက်၍ နောက်ဆုံးတွင် အောင်ပွဲဖြင့် အပြီးသတ်ရန် ဆုံးဝန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယ လက်နက်ကိုင်တပ်မ သုံးခုပါဝင်သော စတွန်း၏ အမှတ်(၇)တပ်မကြီးကို (၁၉၄၄)ခု နှစ်စသည့်အချိန်ကပင် ကလော်ချောင်းမှ နေ၍ (၁၉၄၂)ခုနှစ်က ကျွန်ုပ်တို့ ဆုတ်လာခဲ့ရသော ချင်းတွင်း အရှေ့ဘက်တမ်းသို့ လည်းကောင်း၊ ချင်းတောင်ဒေသသို့ လည်းကောင်း အင်ဖာ တောင်ဘက် မိုင် (၁၅၀)ခန့်အထိရောက်အောင် တဖြည်းဖြည်း တစ်ဖြန့် လျက် ရှိသည်။

ဤကဲ့သို့ စက်ဝိုင်းခြမ်းသဏ္ဌာန် ဖြန့်ထားသော တောတောင်ထူထပ်လှသော ဒေသတွင် လိုအပ်သော လမ်းများဖောက်လုပ်ကာ ရိက္ခာများ စုဆောင်းလျက် ချင်းတွင်းကို ကျော်၍ ကန့်သတ်ထားသော အကဲစမ်းပွဲကလေးများကို ပွဲမဝင်ခင်ပြင်ပက ကျင်းပခဲ့ကြ၏။

အင်ဖာမှာ အိန္ဒိယ နှင့် မြန်မာပြည်အကြားတွင် မိုးသို့ထောင်ထွက်နေသော တောင်များ တောများအလယ်တွင် ထီးထီးကြီးရှိနေသော တစ်ခုတည်းသော မြေပြန့်လွင်ပြင် ဖြစ်သည်။ မိုင် (၄၀)ခန့်ရှည်လျား၍ မိုင် (၂၀)ခန့် ကျယ်ဝန်းသည်။ အင်ဖာ၏ တည်နေပုံ အနေအထားမှာ အနောက်ဘက်တွင် ဗြဟ္မပုတ္တရမြစ်ဝှမ်း၊ အရှေ့ဘက်တွင် မြန်မာပြည် အလယ်ပိုင်းတို့ကို ဗဟိုပြုလျက် ရှိသည်ဖြစ်ပေရာ မြန်မာပြည်သို့ လည်းကောင်း၊ အိန္ဒိယပြည်သို့ လည်းကောင်း စစ်ကြီးချီလိုပါက အင်ဖာလွင်ပြင်သည် စစ်တပ်များ စုရုံးရန် အချက်အချာ အကျဆုံးနေရာ ဖြစ်နေလေတော့သည်။

ကျွန်ုပ်တို့သည် (၁၉၄၂)ခုနှစ်တွင် မြန်မာပြည်မှ ဆုတ်ခွာလာရပြီးနောက် မြန်မာပြည်သို့ ပြန်၍ စစ်ကြီးချီနိုင်ရန်အတွက် အင်ဖာတွင် လက်နက်၊ လူသူများကို စုရုံး၍ နေခဲ့၏။ စတုရန်းမိုင်ပေါင်း (၆၀၀)ခန့် ကျယ်သော အင်ဖာလွင်ပြင်ရှိ ရွာငယ်များနှင့် တောင်ဘက်(၂၅)မိုင် အကွာရှိပုလဲတွင် ကျွန်ုပ်တို့ စစ်သည်ရဲမက်တော်တို့ နေထိုင်သည့် တဲတန်းလျားများ၊ ဆေးရုံများ၊ ရိက္ခာနှင့် ခဲယမ်း သိုလှောင်ရာ ဌာနချုပ်များနှင့် စက်မှုလက်မှု ပြင်ဆင်ရေးဌာနများဖြင့် စည်ကားလျက်ရှိနေပြီး ယခင်က နွံ့ဗွက်အတိ ဖြစ်နေသော လမ်းသေးလမ်းမြွာများမှာလည်း ကျောက်သားခင်းသော လမ်းကျယ်ကြီးများအဖြစ် ပေါ်ထွန်းလာခဲ့၏။

ဤဌာနများနှင့် အဆောက်အအုံများ၊ ကျွန်ုပ်တို့၏ ရုံးများကို ရန်သူ့လေကြောင်းရန်မှ လုံခြုံသည့်နေရာတွင် တည်ထားနိုင်ခဲ့သော်လည်း ကျွန်ုပ်တို့သည် ရန်သူက ကြည်းကြောင်းမှ လာရောက်တိုက်ခိုက်ခဲ့လျှင် ဟူသော အချက်ကိုကား ထည့်၍ မတွက်ခဲ့ကြချေ။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဌာနနှင့်အဆောက်အအုံများမှာ ရန်သူက တောင်မြင့်ကြီးများပေါ်မှလာ၍ တိုက်လျှင် အနီးမှကပ်၍ မောင်းဖြုတ်ခံရမည့် အန္တရာယ်ရှိနေလေသည်။ အိန္ဒိယအလုပ်သမားများကလည်း ခြောက်သောင်း ခုနစ်သောင်းခန့် ရှိနေလေရာ အရေးကြုံလာ၍ ကျွန်ုပ်တို့က ခံစစ်သို့ပြောင်းရမည်ဆိုလျှင်



ဤအလုပ်သမားများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရေးမှာ ပြဿနာတစ်ရပ် ဖြစ်လာပေဦးမည်။ ကျွန်ုပ်တို့၏ ဆက်သွယ်ရေး လမ်းကြောင်းမှာလည်း မီးရထားလမ်းဆုံမြို့ဖြစ်သော ဒိုင်မာပူ မှနေ၍ ကိုဟီးမားနှင့် အင်ဖာသို့ ကျွန်ုပ်တို့အင်ဂျင်နီယာများက ဖောက်လုပ်ပေးသော လမ်းသာ အသင့်ရှိနေပြီး မဏိပူရမြစ်နှင့် ကလော်ချောင်းသို့ ရောက်နိုင်သည့်လမ်းများကို ဖောက်လုပ်ဆဲ ဖြစ်နေသည်။ ဤလမ်းများသည် ဖြန့်၍ထားသော ရန်သူ့စစ်မျက်နှာများနှင့် မျဉ်းပြိုင်ပြေးလျက် တည်ရှိနေခြင်းကပင်လျှင် အကယ်၍ ရန်သူက တိုက်စစ်ဆင်လာပါက ကျွန်ုပ်တို့အတွက် အခက်တွေ့အောင် ဖန်တီးထားသည့် အနေအထားမျိုး ဖြစ်နေသည်။

အမှတ်(၄)တပ်မကြီးတွင် လက်ယာဘက် တောင်ပံဖြစ်သော ချင်းတောင်ဒေသ တီးတိန်တစ်လျှောက်တွင် တပ်စွဲနေပြီး အမှတ် (၂၀) တပ်မက လက်ဝဲဘက်တောင်ပံဖြစ်သော ပုလဲ-တမူးဒေသတစ်ဝိုက်တွင် နေရာယူထားလေသည်။ ကျန်တပ်မဖြစ်သော အမှတ်(၂၃)တပ်မကိုမူ တိုက်ခိုက်ရေးတပ်အဖြစ် အင်ဖာတွင်ပင် တပ်စွဲထားသည်။

အမှတ်(၄)တပ်မကြီးသည် မိုင်ပေါင်း (၂၅၀)ခန့် ကျယ်ဝန်းသော စစ်မျက်နှာကြီးကို တတ်နိုင်သမျှ ကာကွယ်ထားသည့်တိုင် လက်ယာနှင့် လက်ဝဲတောင်ပံကြားတွင် မိုင်(၈၀)ခန့် ရန်သူများ ဝင်နိုင်ရန် နေရာလပ်နေသည်။ ဤ မိုင် (၈၀) ခရီးမှာ တောများတောင်များ ထူထပ်လှသည်မှာ မှန်ပါ၏။ ရန်သူများ ဖောက်ထွင်းဝင်ရောက်ရန် ခက်ခဲသည်မှာလည်း မှန်ပါ၏။ သို့သော် သည်လို ခက်ခဲသည့်နေရာမျိုးသည် ရန်သူ့အတွက် ထိုးစစ်ဆင်၍ ဝင်လာရန် အကောင်းဆုံးနေရာမျိုး ဖြစ်နေတတ်ချေသည်။

(၁၉၄၄)ခုနှစ်သို့ ကူးလာသည်နှင့်တစ်ပြိုင်နက် ရန်သူ့ဘက်မှ စစ်ကူတပ်များ တစ်တပ်ပြီးတစ်တပ် ရောက်လာခြင်းကို ထောက်၍ရန်သူသည် ကျွန်ုပ်တို့အား အင်ဖာ နှင့် ကိုဟီးမား စစ်မျက်နှာတွင် ထိုးစစ်ကြီးဆင်တော့မည်ကို ကျွန်ုပ်တို့ သိလာရသည်။ ကျွန်ုပ်တို့ဘက်မှ လေတပ်အင်အား ပို၍ကောင်းလာသော်လည်း ညအချိန်တွင်သာ လှုပ်ရှားချီတတ်လေ့ရှိသော ရန်သူ့နည်းပရိယာယ်ကြောင့် ရန်သူ့လှုပ်ရှားမှုကို ထိရောက်စွာ မဟန့်တားဆီးနိုင်ဘဲ ဖြစ်နေသည်။ ချင်းတွင်းမြစ်တစ်လျှောက်တွင် ရန်သူ့တပ်အသစ်တစ်ခု ရောက်လာကြောင်းကို ဖမ်းဆီးရမိသော စာရွက်စာတမ်းများနှင့် မြေပုံများမှ သိရှိရသည်။

ရန်သူသည် မြန်မာပြည်အလယ်ပိုင်းမှနေ၍ ချင်းတွင်းသို့ ရောက်နိုင်သည့် လမ်းများကို ပြုပြင်တိုးချဲ့နေခြင်းမှာ တုမ္မလင်းနှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိသော ဥရုမြစ်အောက်ဘက်အရပ်များ၌ သစ်တုံးများကို ဖောင်ဖွဲ့၍ ပုံဖျက်ထားခြင်း၊ ဥရုနှင့် သောင်ဒွတ်တွင် ကျွဲနွားများကို စုနှင့်ချီ၍ အစုလိုက် အအုပ်လိုက် စုဆောင်းထားခြင်းများက မကြာမီ ဆင်နွှဲလာတော့မည့် ရန်သူ့ထိုးစစ်၏ အရိပ်လက္ခဏာကို ပြနေပြီ၏။

www.burmeseclassic.com

www.burmeseclassic.com

ရန်သူသည် ဆင်များကိုပင် ဝန်တင်တိရစ္ဆာန်အဖြစ် စုဆောင်းနေကြောင်း သတင်းထွက်လာသည်။

ကျွန်ုပ်နှင့် အမှတ်(၄)တပ်မကြီး၏ ဗိုလ်ချုပ်ဖြစ်သူ စကွန်းတို့သည် အရပ်ရပ်မှ ရရှိသော သတင်းများကို စုပေါင်းကာ ဤသို့ တွက်ချက်မိကြသည်။

ရန်သူသည် ထိုးစစ်၏ ပမာဏကို အမှတ် (၁၅)၊ (၃၁)၊ (၃၃) တပ်မသုံးခုအပြင် အိန္ဒိယအမျိုးသားတပ်မ တင့်ကားတပ်နှင့် အခြားတပ်များထို အဖော်ပြု၍ ဆင်နွှဲမည်။ အမျိုးအမည် မခွဲခြားနိုင်သော တပ်မတစ်ခုကလည်း နောက်ကွယ်တွင် စစ်ကူပေးရန် အသင့်ရှိနေသည်။

ရန်သူသည် ပထမအဆင့်အနေဖြင့် အင်ဖာကို သိမ်းယူမည်။ ဒုတိယအနေဖြင့် ဗြဟ္မပုတ္တရမြစ်ဝှမ်းဆီသို့ ထိုးဖောက်ဝင်ရောက်ကာ မြောက်ဘက်စစ်မျက်နှာသို့ ရောက်ရှိနိုင်သည့် ဆက်သွယ်ရေးလမ်းကြောင်းများကိုလည်းကောင်း၊ တရုတ်ပြည်သို့ ရိက္ခာနှင့်ခဲယမ်းများကို လေကြောင်းမှ ပို့နေခြင်းကိုလည်းကောင်း နှောင့်ယှက်ဖျက်ဆီးမည်။ ရန်သူသည် သူတို့၏ လုပ်ရိုးလုပ်စဉ်အတိုင်း ရှေ့တန်းတွင် ရှိနေသော ကျွန်ုပ်တို့၏တပ်များသို့ ဝိုင်းမိလေအောင် ကြိုးစားပြီးနောက် တစ်ခုစီ အမှည့်ခြွေ ခြွေရန် ဆက်လက်ဆောင်ရွက်မည်။

ရန်သူသည် အင်အားဖြည့်တင်းထားသော တပ်ကူများစွာဖြင့် တီးတိန်-အင်ဖာလမ်းမပေါ်တွင် ရှိသော ကျွန်ုပ်တို့၏ အမှတ် (၁၇)တပ်မကိုလည်းကောင်း၊ ပုလဲ-တမူး လမ်းပေါ်တွင်ရှိသော အမှတ် (၂၀)တပ်မကိုလည်းကောင်း နောက်မှနေ၍ ဝိုင်းရန် ကြိုးစားနေစဉ် တပ်မနှစ်စုခန့် အင်အားရှိ ရန်သူ့စစ်ကြောင်းများက ဟုမ္မလင်းနှင့်သောင်ဒွတ်အနီးမှ ချင်းတွင်းကို ဖြတ်ကျော်ကာ ဥခရယ် မှတစ်ဆင့် အင်ဖာသို့ ချီတက်လာကြမည်ဖြစ်ပြီး တပ်ရင်းသုံးရင်းစာခန့် အင်အားရှိသော ရန်သူ့တပ်ဖွဲ့တပ်သည် အင်ဖာ-ဗိုင်မာပူလမ်းကို ဖြတ်တောက်ရန် လည်းကောင်း၊ ဗိုင်မာပူရှိ ကျွန်ုပ်တို့၏ အခြေခံစခန်းများကို ဖျက်ဆီးရန် လည်းကောင်း တိုဟီးမားသို့ အပြင်းချီလာမည် ဖြစ်သည်။

ကျွန်ုပ်နှင့် စကွန်းတို့က ရန်သူ့ထိုးစစ်ကြီးသည် မတ်လ (၁၅)ရက်နေ့လောက်တွင် စတင်တော့မည်ဟု ခန့်မှန်းကြ၏။ ခန့်မှန်းချက်အတိုင်း မှန်သည်ကိုလည်း နောင်အခါတွင် တွေ့ကြရသည်။ ခက်နေသည်မှာ ချီတက်လာသော ရန်သူ့ထိုးစစ်ကြီးကို မည်သို့မည်ပုံ ခံမည်ဟူသော သေနင်္ဗျူဟာ ပြဿနာတည်း။

ကျွန်ုပ်တို့က ကျွန်ုပ်တို့၏ တပ်များကို ချထားပုံမှာ မြန်မာပြည် ထိုးစစ်ကြီးကို ရည်စူး၍ ချထားသော ပုံစံဖြစ်သည်။ ယခုမူ ကျွန်ုပ်တို့က ခံစစ်သို့ ပြောင်းလာရမည် ရှိသောအခါ ချထားသော တပ်များ၏အနေအထားမှာ မှားလေတော့သည်။



ရှေ့တန်းသို့ ရောက်နေသော တီးတိန်-အင်ဖာလမ်းမှ အမှတ် (၁၇) တပ်မနှင့် ပုလဲ-တမူး လမ်းပေါ်ရှိ အမှတ် (၂၀)တပ်မတို့ကို ဤအတိုင်းထားပါချေက ရန်သူသည် အလွယ်တကူပင် စားသွားနိုင်သည့် အခြေအနေတွင် ရှိနေသည်။ ရခိုင်စစ်မျက်နှာမှာကဲ့သို့ ကြံ့ကြံ့ခံနေဟု အမိန့်ပေးကာ လေကြောင်းမှ ရိက္ခာထောက်ပံ့ရန်လည်း မလွယ်၊ စစ်ကူပို့ရန်လည်း ခက်ခဲနေသည်။ ထို့ကြောင့် ရန်သူ၏ ထိုးစစ်ကြီးကို ခံရန်အတွက် အကောင်းဆုံးသောလမ်းကို စိစစ်ရွေးချယ်ကြရတော့၏။

(၁) ရန်သူ့ထိုးစစ်ကို ဟန့်တားသည့်အနေဖြင့် ကျွန်ုပ်တို့က ချင်းတွင်းမြစ်ကို ကျော်၍ ရန်သူကို ဦးစွာထိုးစစ်ဆင်ရန်။

(၂) တီးတိန်မှ တက်လာမည့် ရန်သူ့အမှတ် (၃၃)တပ်ကို ချေမှုန်း၍ ကြွင်းကျန်သမျှသော တပ်များဖြင့် ချင်းတွင်းအား ဖြတ်ကူးမည့် ရန်သူကို ကမ်းနှစ်ဖက်မှနေ၍ အပြုတ်တိုက်ရန်။

(၃) အမှတ် (၄)တပ်မကြီးတွင် ရှိသမျှ အင်အားကို အင်ဖာလွင်ပြင်တွင်ပင် စုစည်း၍ နေစေပြီး တက်လာသော ရန်သူကို အင်ဖာမှ ပင်တိုက်ကာ ကျွန်ုပ်တို့နှင့် ရန်သူတို့၏ အရှုံးအနိုင်ကို အပြီးသတ် အဆုံးအဖြတ်ပေးမည့် တိုက်ပွဲကြီးအဖြစ်သို့ရောက်အောင် တိုက်ခိုက်ရန်။

ဤလမ်း သုံးသွယ်တွင် . . .

ကျွန်ုပ်တို့က နောက်ဆုံးလမ်းကို ရွေးချယ်လိုက်သည်။

ကျွန်ုပ်ရှိရာ ရှေ့တန်းစစ်မျက်နှာသို့ အကဲခတ်ရန် ရောက်ရှိလာကြသော အထက်တန်းစစ်အရာရှိကြီး အားလုံးလိုလိုပင် ***"ချင်းတွင်းကို ဖြတ်ပြီး တပ်မနှစ်တပ်နဲ့ တိုက်ပါတော့လား"***ဟု ကျွန်ုပ်အား **အကြံပေး**သွားတတ်ကြသည်။ သူတို့သည် ကျွန်ုပ်၏ တွန့်ဆုတ်တွန့်ဆုတ်**ဖြစ်နေမှုကို** ကြည့်ကာ ***"တယ်လည်း ထိုးစစ်ဆင်ရမှာ ကြောက်တဲ့လူ"***ဟု **စိတ်ထဲမှ** မှတ်ချက် ချသွားကောင်းချသွားကြမည် ဖြစ်၏။ ကျွန်ုပ်အဖို့မှာမူ သူတို့ပြောသလို ချင်းတွင်းမြစ်ကိုဖြတ်၍ တပ်မ(၂)တပ်ဖြင့် **ထိုးစစ်မဆင်လိုပါ။** အပျော်တမ်း ကျားသမားများအတွက် ရန်သူကို ကိုယ်က **ဦးစွာအုပ်စား**ရန်ကိုသာ အာရုံစိုက်လေ့ရှိသည်မှာ မမှာတာပင် ဖြစ်ပါသည်။ ***သို့သော် ဝါရင့်သော ကျားသမားကား သူများကို ဦးစွာ အုပ်စားရန်အတွက် မိမိဘက်မှ ကျားများ တပ်လုံအောင် ပထမ ဂရုစိုက်ကြသည်သာ ဖြစ်၏။***

ကျွန်ုပ်သာ သူတို့ အကြံပေးသည့်အတိုင်း **ချင်းတွင်းအရှေ့ဘက်**ကမ်းသို့ကူး၍ တပ်မနှစ်ခုဖြင့် ရန်သူထက် **ဦးအောင် တန်ပြန်ထိုးစစ်**ဆင်နိုင်ခဲ့လျှင် ကျွန်ုပ် ပထမဦးဆုံးတွေ့ရမည့် **အခက်အခဲတွင် ကျွန်ုပ်၏** ကျောဘက်တွင် ဖြတ်ကူးရန် မလွယ်ကူလှသော **ချင်းတွင်းမြစ်ကြီး ရှိနေ**ခြင်းနှင့် ရှေ့တန်းသို့ ရောက်နေသော တပ်များအတွက် **ရိက္ခာခဲယမ်းများ** ပို့နိုင်ရန် မိုင်(၁၂၀)ခန့်ရှည်သော ကြမ်းတမ်းခက်ခဲသည့် **ဆက်သွယ်ရေး**

www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်းကြီးတစ်ခုက တားဆီးနေသည့် ဒုတိယ အခက်အခဲပင် ဖြစ်လေသည်။

စစ်ကူ၊ ရိက္ခာနှင့် ခဲယမ်းများ ပို့ရန် ခက်ခဲသည့် အကြားမှ ကျွန်ုပ်သည် ချင်းတွင်းအရှေ့ဘက်ကမ်းတွင် ရန်သူကို နိုင်အောင် တိုက်ခိုက်စေသော ထိုအနိုင်ကား ကျွန်ုပ်တို့နှင့် ရန်သူတို့၏ အရှုံးအနိုင်ကို အပြီးသတ် အဆုံးအဖြတ်ပေးနိုင်မည့် တိုက်ပွဲကြီးကား မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်။ ကျွန်ုပ် လိုလားတောင့်တနေသည်မှာ အပြီးသတ် အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးနိုင်မည့် တိုက်ပွဲမျိုးတည်း။

စိတ်ဓာတ်ရော လက်နက်ရော လူသူပါ အင်အား ဖလွှန်ကောင်းနေသော ရန်သူအား အပြီးသတ်ချေမှုန်းရေး တိုက်ပွဲကြီးဆင်နွှဲရာ၌ ကျွန်ုပ်အတွက်ရှိအင်အားမှာ ရန်သူထက် သာလွန်ရမည်မှာ မမှာတာပင်ဖြစ်သည်။ ထို့ကြောင့်ပင် ကျွန်ုပ်သည် တတိယလမ်းစဉ်ကို ရွေးချယ်ကာ ရန်သူ၏ အမှတ် (၁၅) တပ်မတော်ကြီးအား အင်ဖာလွင်ပြင်တွင်ပင် အပြီးသတ် ချေမှုန်းတော့မည်ဟု ဆုံးဖြတ်လိုက်၏။

ရန်သူသည် ကျွန်ုပ်တို့အပေါ်တွင် အောင်ပွဲယူလိုပါက မိုးမကျမီ အင်ဖာလွင်ပြင်ကို ကျွန်ုပ်တို့လက်ထဲမှ သိမ်းယူနိုင်ရမည် ဖြစ်၏။ မိုးကျလာသည့်တိုင်အောင် သူတို့၏ ရည်မှန်းချက် မပြည့်စုံသေးပါက သူတို့၏ ရိက္ခာနှင့် ခဲယမ်းထောက်ပံ့ရေးသည် အကြီးအကျယ် လျော့နည်းလာရတော့မည် ဖြစ်၏။

ကျွန်ုပ်တွင် မိုးတွင်း ဆင်းသက်လာနိုင်သည့် လေယာဉ်ပြေးလမ်းကြောင်းမှာ အင်ဖာနှင့် ပုလဲတွင်သာရှိရာ ချင်းတွင်းအရှေ့ဘက်ကမ်း၌ မိုးရာသီ လေယာဉ်ပြေး လမ်းကြောင်းတည်ဆောက်ရန်လည်း အချိန်ကနှင့်မပေး။ ထို့ကြောင့် အင်ဖာလွင်ပြင်ကိုသာ အမှီပြု၍ ရန်သတ္တုရပြုလာမည့်ရန်သူကို ချေမှုန်းရန် စဉ်းစားဆုံးဖြတ်ရခြင်းလည်း ဖြစ်သည်။

ကျွန်ုပ်သည် အမှတ် (၄) တပ်မကြီးအား အင်ဖာလွင်ပြင်တွင် စုစည်း၍ ခံစစ်ကိုပြုရန် မူအားဖြင့် ဆုံးဖြတ်ထားသော်လည်း တိုက်ပွဲစလျှင်စချင်း ကျွန်ုပ်တို့တပ်များအား ရှေ့တန်းမှနေ၍ နောက်သို့ချက်ချင်းဆုတ်လာခဲ့ရန် ခေါ်ယူလိုက်ပါမူ ကျွန်ုပ်တို့ စစ်သည်ရဲမက်တော်တို့၏ စိတ်ဓာတ်ကို ထိခိုက်လာနိုင်သည့် အဖြစ်ကိုလည်း တစ်ဖက်မှ သတိပြုထားသည်။ တပ်မှူး၊ ဗိုလ်မှူးများသာမက စစ်သည်ရဲမက်များပင် ကျွန်ုပ်၏ နောက်ဆုတ်သည့်မှုကို ကလူကျီစယ်စရာ သေနင်္ဂဗျူဟာအဖြစ် ထင်မှတ်လာမည်ကိုလည်း တားဆီးရန် လိုသည်။

ရှေ့တန်းသို့ရောက်ရှိနေသော အမှတ်(၁၇,၂၀) တပ်မမှ တပ်မှူး ဗိုလ်မှူးအပေါင်းနှင့်စစ်သည်ရဲမက်အားလုံးကပင် ချီတက်လာသော ရန်သူကို ယခုရှိနေသည့် နေရာများမှ ကြံ့ကြံ့ခံနိုင်ရုံသာမက ပြန်၍ပင် မောင်းထုတ်နိုင်မည်ဟု ရဲရဲဝံ့ဝံ့နှင့်ရိုးရိုးသားသားပင် ယုံကြည်နေကြသည်။



ကျွန်ုပ်နှင့် စကွန်းသည် ဖေဖော်ဝါရီလ တစ်လလုံးတွင် ခံစစ်အတွက် လိုလေးသေးမရှိအောင် စီစဉ်ပြုလုပ်ကြ၏။ ရှေ့တန်းစစ်မျက်နှာအထိ ပြန့်ကျဲနေသော အိန္ဒိယအလုပ်သမားများကို ဘေးကင်းရာသို့ ပို့ထားလိုက်သည်။ ရွာစဉ်အလိုက် တပ်စွဲထားသော တပ်ဖွဲ့ကလေးများကို စုစည်း၍ အင်အားကောင်းသော ခံကတုတ်များ၊ ဘန်ကာများ၊ သံဆူးကြိုးဝိုင်းများဖြင့် ခံတပ်များ တည်ဆောက်စေပြီး ရိက္ခာနှင့် ခဲယမ်းကို ခံတပ်ထဲတွင်ပင် သိုလှောင်ထားစေသည်။ ရုံးအဖွဲ့များမှ စစ်သားများကို အပြင်းအထန် လေ့ကျင့်ခန်းပေး၍ တိုက်ရည်ခိုက်ရည်တက်လာစေသည်။

ကျွန်ုပ်သည် ရခိုင်မှ အမှတ် (၅)တပ်မအား အခြားတပ်မတစ်ခုဖြင့်အစားထိုးကာ ဒီမာပူနှင့် အင်ဖာတွင် တပ်စွဲခိုင်းသည်။ ထို့နောက် ရခိုင်တွင်ပင် ရှိနေသော အမှတ် (၇)တပ်မကိုလည်း အင်ဖာသို့ ခေါ်ယူလိုက်သည်။

တပ်ရင်းနှစ်ရင်းစာမျှ အင်အားရှိသော အိန္ဒိယလေထီးတပ်မဟာမှ စစ်သားများနှင့် အမှတ် (၂) ဗြိတိသျှတပ်မတစ်ခုက အရေးရှိကချက်ချင်း ခေါ်ယူအသုံးပြုနိုင်အောင်လည်း စီစဉ်ထားသည်။

ရှေ့တန်းကျလွန်းသော အမှတ် (၁၇)နှင့် အမှတ် (၂၀)တပ်မနှစ်ခုအား ရန်သူက စားမသွားနိုင်စေရန်အတွက် ရန်သူထိုးစစ်ကြီး ဆိုက်ရောက်လာသည်နှင့် တစ်ပြိုင်နက် အမှတ် (၁၇)တပ်မသည် အင်ဖာတောင်ဘက် မိုင် (၄၀)အကွာတွင် တပ်မဟာတစ်တပ်စာကို ချန်ထားခဲ့ပြီးနောက် အင်ဖာသို့ လျင်လျင်မြန်မြန် တပ်စုလာရန်၊ တဘော်တောင်ကြားသို့ ရောက်နေသော အမှတ် (၂၀)တပ်မက မိုးရဲဒေသသို့ ပြောင်းရွှေ့တပ်စုကာ ထိုမှတစ်ဆင့် ရှန်နမ်တောင်တန်းကို အစွမ်းကုန် ကာကွယ်ထားရန် စီစဉ်ထားသည်။

အမှတ်(၂၃)အိန္ဒိယတပ်မက ဥခရယ်တွင် တပ်မဟာ တစ်တပ်ကို ချန်ထားခဲ့ပြီးနောက် အမှတ်(၁၇)တပ်မ၊ အိန္ဒိယလေထီး တပ်မဟာ အမှတ်(၂၅၄)၊ အိန္ဒိယတင့်ကားတပ်များနှင့် ပူးပေါင်း၍ အမှတ် (၄) တပ်မကြီး၏ အရန်တပ်ဖွဲ့အဖြစ် အင်ဖာတွင် စုရုံးထားရန် အမိန့်ပေးထားသည်။

ဤသို့ဖြင့် ရန်သူသည် အင်ဖာလွင်ပြင်ကြီး၏ အစွန်အဖျားအနားဒေသအထိသာ တက်လာခွင့်ရပြီး ရှေ့သို့ဆက်၍ ချီတက်လာသည်နှင့် တစ်ပြိုင်နက် လှည့်လည်လှုပ်ရှားနေသော ကျွန်ုပ်တို့၏ အမြောက်ဘပ်၊ တင့်ကားတပ်နှင့် လေယာဉ်တပ်တို့၏ တိုက်ခိုက်ခြင်းကိုသာမက ကျွန်ုပ်တို့၏ ကတုတ်ကျင်း ခံတပ်များမှလည်း ချေမှုန်းခြင်းကို ခံရမည်မှာ သေချာလှသည်။

ကျွန်ုပ်နှင့် စကွန်းတို့၏ အစီအစဉ်မှာ ပြန်၍ စီစဉ်လိုက်သည့် အခါတိုင်း အမှတ်တိုး၍ ရနေသော အဖြေ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် အရေးကြီးသည်ကား ကျွန်ုပ်တို့ စီစဉ်ထားသည့် အတိုင်း ကျွန်ုပ်တို့၏တပ်များကို မည်သည့်အချိန်တွင် အင်ဖာ၌ စုစည်းစေရမည် ဟူသော ပြဿနာဖြစ်၏။

**တိုက်ပွဲတွင် အစီအစဉ်ကို မိုးပျံအောင်ကောင်းနေစေကာမူ အချိန် မတိုက်လျှင်ကား ထိုအစီအစဉ်သည် အလူးအလဲခံရမည့် အစီအစဉ်သာ ဖြစ်လာတော့သည်။ အချိန်စောလျှင်သော်လည်းကောင်း၊ နောက်ကျလျှင် သော်လည်းကောင်း အစီအစဉ်သည် မည်သည့်အခါမျှ အောင်မြင်သည် ဟူ၍ မရှိ။**

**အင်ဖာတိုက်ပွဲ**တွင်လည်း ရှေ့တန်းသို့ ရောက်နေသော အမှတ် (၁၇) နှင့် အမှတ် (၂၀) ဘပ်မနှစ်ခုကို မည်သည့်အချိန်တွင် အင်ဖာသို့ ပြန်လည်စုစည်းစေရမည်ဟူသော ပြဿနာက အဓိက အရေးကြီးနေလေ သည်။

ရန်သူ့ဘက်မှ အမှန်တကယ် စစ်ကြီးမရောက်လေဘဲ အချိန် စော၍ ဆုတ်မိနေချေက လူအများ၏ တံတွေးခွက်တွင် ပက်လက်မျော ရော ရှိသည်။ ရန်သူ့ဘက်မှ စစ်ကြီးရောက်ပြီးနောက်မှ ဆုတ်မိပြန်ပါ တလည်း ရန်သူ့ ခံတွင်းထဲသို့ ထိုတပ်မနှစ်ခုအား အတင်းထိုး၍ ကျွေးသလို ဖြစ်နေပေတော့မည်။

ထို့ကြောင့် တပ်မကြီးကို ကြီးကြပ်ရသော ဗိုလ်ချုပ်ကြီးစကွန်း သည်သာ တပ်ဆုတ်ရန်အတွက် အချိန်ကို ဆုံးဖြတ်သူ၊ ဆုတ်ရန် အမိန့် ပေးသူ ဖြစ်စေခြင်းသည် အကောင်းဆုံးဟု ကျွန်ုပ်က ဆုံးဖြတ်မိသည်။ **ဤသည်ကား အင်ဖာတိုက်ပွဲတွင် မှားယွင်းသောကျွန်ုပ်၏ ဆုံးဖြတ်ချက်တည်း။**

ရုတ်တရက်ကြည့်လိုက်လျှင် စကွန်းသည် အမှတ် (၄)တပ်မကြီး တို ကိုယ်တွေ့လက်တွေ့ ကွပ်ကဲအုပ်ချုပ်သူဖြစ်၍ သူ့တပ်ကို သူဆုံးဖြတ် ချက်အတိုင်း အင်ဖာသို့ စုစည်းရန် အမိန့်ပေးခြင်းမှာ သဘာဝကျသလို ဖြစ်နေ၏။

သို့ရာတွင် ကျွန်ုပ်မှာမူ စကွန်းထက် ထောက်လှမ်းရေးသတင်း များကို ကြို၍သိနိုင်သောအခွင့်အရေးရှိနေခြင်း၊ စစ်ဌာနချုပ်နှင့်ကျွန်ုပ်မှာ ဝိုး၍ အဆက်အသွယ် လုပ်နေရခြင်းတို့ကြောင့် ရန်သူ့စစ်ကြီး ချီလာပြီ ဆိုလျှင် ကျွန်ုပ်ကသာ တပ်ဆုတ်ရန် အချိန်ကို အမိန့်ထုတ်သင့်သူ ဖြစ် သည်။

စကွန်းအား ဤတာဝန်ကို ပေးအပ်လိုက်ခြင်းမှာ မတရားကျ သည်သာမက မလိမ္မာရာလည်း ကျနေတော့သည်။

စစ်မြေပြင်တွင် တပ်တစ်တပ်ကို ကိုယ်တိုင်ကိုယ်ကျ ကွပ်ကဲနေ ရသော တပ်မှူးတစ်ဦးအဖို့ ချီလာသော ရန်သူနှင့် တစ်ချီတစ်ပွဲလောက်မျှ မနွဲလိုက်ရဘဲနှင့် တပ်ဆုတ်လိုစိတ် မရှိ။ သည်အချက်ကိုလည်း ကျွန်ုပ် သိရှိ တွေ့ထိဖူးပြီ ဖြစ်၏။



သည်အလေ့ သည်အကြံအတိုင်းဆိုလျှင်မူ စကွန်းသည် ရန်သူနှင့် တစ်ချီတစ်ပွဲလောက် အကဲစမ်းနေလိုက်ခြင်းဖြင့် တပ်ဆုတ်ရန် အချိန်ကို နောက်ကျသွားစေနိုင်သော အန္တရာယ်လည်း ရှိနေပေသည်။

ကျွန်ုပ်သည် ဖြစ်ပေါ်လာနိုင်မည့် အရေးအခင်းများကို ကျော်နင်း နိုင်ရန် ပြင်ဆင်ရင်းဖြင့် လာလတ္တံ့သော တိုက်ပွဲကြီးကို မျှော်နေမိသည်။

တက်လာသော ရန်သူကို လန်သွားအောင် ပြန်၍ တိုက်ရုံသာ မကဘဲ ကျွန်ုပ်တို့၏စစ်မြေပြင်ဖြစ်သော အင်ဖာလွင်ပြင်တွင်ပင် မြေမစွမ်း လက်မသန်တော့သည့် ဒုက္ခတကြီးလို ဖြစ်သွားအောင် နှလွှတ်လိုက်ရန် သန္နိဋ္ဌာန်ချထားပြီးပေပြီ။

❦❦❦

www.burmeseclassic.com

## အခန်း (၁၁)

တိုက်ပွဲဆိုသည်မှာ စစ်သူကြီးတစ်ဦး၏ ကြိုတင်စီစဉ်ထားသော သေနင်္ဗျူဟာနှင့် နည်းပရိယာယ်အတိုင်း အံဝင်ခွင်ကျ ဖြစ်လာရိုး ထုံးစံမရှိ ဖြစ်လာသည့်တိုင်အောင် အံဝင်ခွင်ကျ မဟုတ်ဘဲ စီစဉ်ထားသည့်ဘောင်အတွင်းသို့ ချဉ်းကပ်ရောက်လာခြင်းသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တစ်ဖက်မှ ရန်သူသည်လည်း သည်ဘက်မှ စစ်သူကြီးကဲ့သို့ပင် သူ့အစီအစဉ်နှင့်သူ ရှိနေသောကြောင့်တည်း။

အင်ဖာတိုက်ပွဲမှာ ကျွန်ုပ်၏အစီအစဉ်အတိုင်း ဖြစ်လာသော တိုက်ပွဲတည်း။ တိုက်ပွဲရာဇဝင်တွင် ရှားမှရှားသော တိုက်ပွဲဟု ဆိုအပ်ပေသည်။ သဲသဲမဲမဲနှင့် ရက်ရက်စက်စက် ရက်ရှည်ဆွဲကာ တိုက်ရသော အင်ဖာတိုက်ပွဲကြီးအကြောင်းကို ခရေစေ့တွင်းကျ ပြောပြရန်ကား လွယ်ကူသော ကိစ္စ မဟုတ်ပါချေ။ တောအထပ်ထပ် တောင်အထပ်ထပ်တွင် အမည်ဖော်ပြရန်ပင် မတတ်နိုင်သော နေရာများ၌ ဘတစ်ပြန် ကျွဲတစ်ပြန်တိုက်ရသော တိုက်ပွဲတည်း။

ရန်သူသည် တီးတိန်မြို့ မြောက်ဘက် မိုင် (၂၀)ခန့်အကွာတွင် ရှိသော မဏိပူရမြစ်ကူးတံတားကို (၁၉၄၄)ခုနှစ်၊ မတ်လ (၆)ရက်နေ့၌ ထပ်တလဲလဲ လာရောက်တိုက်ခိုက်ခြင်းဖြင့် ထိုးစစ်ကြီး၏ပဏာမကို ဖွင့်လိုက်သည်။ မတ်လဆန်းမှစ၍ ရန်သူ့တိုက်ကင်းများနှင့် သတ္တိချင်း ပြိုင်လာခဲ့သော ကိုဝင် ဦးစီးသည့် အမှတ် (၁၇)တပ်မသည် မြစ်ကူးတံတားကြီးအား တပ်ရင်းတစ်ရင်း စစ်ကူဖြည့်ပေးရင်း ရန်သူကို တွန်းလှန်သည်။

မဏိပူရ မြစ်ကူးတံတားကို သိမ်းယူရန် အားခဲလာသော ရန်သူ့အင်အားသည် တစ်နေ့ထက်တစ်နေ့ ပို၍ များပြားလာသည်။ တပ်မဟာတစ်ခုစာမျှ လက်နက်လူသူ များပြားသော ရန်သူ့အမှတ် (၃၃)တပ်မမှ အမှတ် (၂၁၄)တပ်ဖွဲ့တည်း။ ရန်သူသည် တီးတိန်မြို့ မြောက်ဘက် မိုင် (၂၀)အကွာတွင် ရှိသော ကျွန်ုပ်တို့၏ တုန်းဇန်နယ်မြေကို သိမ်းယူရန် သန္နိဋ္ဌာန်ချထားပြီးပေပြီ။ ထိုးစစ်ကြီး၏ အရိပ်လက္ခဏာပင်တည်း။

မတ်လ(၁၃)ရက်နေ့တွင် ကိုဝင်သည် မြစ်ကူးတံတားသို့ တပ်မဟာတစ်တပ်ကို ထပ်၍ပို့ကာ အခြေအနေလုံခြုံစိတ်ချရအောင် စီစဉ်သည်။



ဤရက်များအတွင်းတွင် အခြားဂျပန်စစ်ကြောင်း တစ်ကြောင်းဖြစ်သော အမှတ် (၂၁၅)တပ်ဖွဲ့သည် ကိုဝင် တပ်စွဲထားသော နေရာနှင့် မိုင်အတန်ကွာသော တောင်ဘက်အရပ်မှ နေ၍ မဏိပူရမြစ်ကို ဖြတ်ကူးသည်။ ထို့နောက် တောများတောင်များကို ကျော်နင်း၍ မြောက်ဘက်သို့ ချီတက်သည်။

မတ်လ (၁၃)ရက်နေ့တွင် တီးတိန်မြောက်ဘက် မိုင် (၆၀)အကွာရှိ မိုင်တိုင် (၁၀၉)၌ တာဝန်ကျနေသော အင်ဂျင်နီယာတစ်ဦးက သူ့စခန်းနှင့်မိုင်အနည်းငယ်သာကွာသော အနောက်ဘက် တောထဲ၌ ဂျပန်တပ်တစ်တပ် ရောက်နေကြောင်း ကိုဝင်ထံသို့ သတင်းပို့သည်။

ထို အင်ဂျင်နီယာနှင့် အတူရှိနေသူ လူ (၅၀၀၀)ကျော်ကား လမ်းအလုပ်သမားများသာ ဖြစ်သည်။ သူတို့သည် အင်ဖာသို့ အပြန်ခရီးတွင် မိုင်တိုင် (၁၀၉)၌ ခေတ္တရပ်နားနေကြခြင်း ဖြစ်၏။

ဤကဲ့သို့ ထိတ်လန့်ဖွယ် သတင်းများကို ကြားသိလာရသော ဗိုလ်ချုပ်ကြီးစကွန်းသည် တီးတိန်ရှိ အမှတ် (၁၇)တပ်မအား အင်ဖာသို့ ဆုတ်လာရန် မတ်လ (၁၃)ရက်နေ့တွင် အမိန့်ပေးလိုက်သည်။

မတ်လ (၁၄)ရက်နေ့တွင် ပုရွက်ဆိတ်အတန်းကြီးကဲ့သို့ ရှည်လျားလှသော လူတန်းကြီးသည် တောများတောင်များကို တရွေ့ရွေ့ဖြတ်၍ အင်ဖာသို့ ဆုတ်လာလေသည်။ ကိုဝင်၏ အမှတ် (၁၇)တပ်မတည်း။ စစ်သားမှန်သမျှ ခြေကျင်ချီတက်ရန် အမိန့်ပေးထားသည့်တိုင် ရိက္ခာ၊ ခဲယမ်းနှင့် လူနာများကို သယ်ဆောင်ရန်အတွက် မော်တော်လော်ရီပေါင်း (၂၅၀၀)နှင့် ဝန်တင်တိရစ္ဆာန် (၃၅၀၀)ကို အသုံးပြုရသေးသည်။

ပထမနေ့တွင် ကိုဝင်၏ တပ်မသည် မိုင် (၂၀)ခရီး ပေါက်သည်။ ဖြတ်ကျော်လာခဲ့သော တံတားများ၊ လမ်းများကို ဖောက်ခွဲဖျက်ဆီးတာမိုင်းဗုံးများ ထောင်ထားခဲ့သည်။ ရန်သူသည် တပ်မနောက်မှ သတိကြီးစွာထား၍ လိုက်လာရင်း တပ်မ၏ရှေ့မှ ကြို၍တိုက်နိုင်ရန်နှင့် တပ်မ၏အလယ်ကို ဖောက်၍တိုက်ရန် ကြိုးစားလာသည်။

(၁၇)တပ်မသည် နှစ်နေရာတွင် ရန်သူတို့၏ ထိုးဖောက်တိုက်ခိုက်ခြင်းကို ခံခဲ့ရ၏။ ထိုနှစ်နေရာကား တုန်းဇန်နှင့် မိုင်တိုင် (၁၀၉)တွင် ဖြစ်လေသည်။ အင်ဖာ-တီးတိန်လမ်းက ရန်သူတို့၏ ခြိမ်းခြောက်ခြင်းတို့ခံနေရစဉ် ချင်းတွင်းမှ အင်ဖာသို့ ရောက်နိုင်သောလမ်းကိုလည်း ရန်သူတို့၏ အမှတ် (၁၅)နှင့် (၃၁)တပ်မတို့က သိမ်းယူရန် ကြိုးစားလေသည်။ မတ်လ(၁၅)ရက်နေ့ညတွင် အင်ဖာအား သိမ်းယူရန် အထူးတာဝန်ပေးခြင်းခံရသော အမှတ်(၁၅)တပ်မသည် သောင်ဒွတ်အနီးမှ စစ်ကြောင်းသုံးကြောင်းခွဲကာ ချင်းတွင်းကို ဖြတ်ကူးလာသည်။ အမှတ် (၃၁)တပ်မတာစစ်ကြောင်းရှစ်ကြောင်းဖြင့် ဖြန့်ကာ မတ်လ (၁၅)ရက်နေ့ ညတွင်ပင်ဟုမ္မလင်း အထက်ဘက်မှ ဖြတ်ကူးသည်။

www.burmeseclassic.com

အမှတ် (၁၅)တပ်မမှ စစ်ကြောင်းများသည် မြို့သစ်၊ သံဂဟတ်၊ **လမ်းတန်လမ်းမကြီး**အတိုင်း ချီတက်လာရန်နှင့် အင်ဖာအား မြောက်ဘက်**မှနေ၍** ဝိုင်းရန် ဖြစ်၏။ ပေါ့ပါးလျှင်မြန်စွာ ချီတက်လာသော စစ်ကြောင်းသုံးကြောင်းအနက် တစ်ကြောင်းသည် မြို့သစ်အနီးတွင် တပ်စွဲထားသော ကျွန်ုပ်တို့၏ အမှတ် (၂၀)တပ်မမှ တောင်ပံတစ်ခုကို ဖိ၍တိုက်ပြီး အခြား**စစ်ကြောင်းနှစ်ကြောင်းက ဥခရယ်သို့** ချဉ်းကပ်၍ လုပ်ကြံသည်။

**အင်ဖာနှင့် မိုင် (၅၀)ခန့်သာ ကွာသောနေရာ၌** တိုက်ပွဲပြင်းပြင်းထန်ထန် ဖြစ်နေပေပြီ။ မတ်လ (၁၇)ရက်နေ့ပင်တည်း။ ရန်သူ့အမှတ် (၃၁) တပ်မမှ ပင်မစစ်ကြောင်းဟုထင်ရသော အမှတ် (၅၈)တပ်ဖွဲ့သည် **ဥခရယ်အားသိမ်းယူရန်၊ ထို့နောက် ကိုဟီးမားသို့** ဆက်လက်ချီတက်ရန်၊ **ဤအချိန်တွင်ပင်** အခြားစစ်ကြောင်းတစ်ကြောင်းဖြစ်သော အမှတ် (၆၀) တပ်ဖွဲ့က အနောက်ဘူးဘူးသို့ ချီတက်၍ **အင်ဖာ**ကို တိုက်ရန်၊ ကျန်စစ်ကြောင်းများက **အင်ဖာ** မြောက်ဘက်တွင် ရှိသော **ကိုဟီးမား၊ အင်ဖာ** လမ်းမကြီးကို ဖြတ်တောက်ရန်၊ **ဆိုမရာတောင်တန်းများပေါ်မှ** ကျော်၍ **ကိုဟီးမားအရှေ့တောင်ဘက်တွင်ရှိ ဂျက်စမီ**ကိုလည်း တိုက်ခိုက်ရန်။ **ထို့နောက်** လက်ချောင်းများကဲ့သို့ ဖြန့်၍တက်လာသော စစ်ကြောင်းများသည် **ကိုဟီးမားသို့** ချဉ်းကပ်မိသည်နှင့်တစ်ပြိုင်နက် လက်သီးကဲ့သို့ ကျစ်ကျစ်ပါအောင် စုသွားကာ အင်္ဂလိပ်တို့အား **ကိုဟီးမားစစ်မြေပြင်**တွင် မှုန့်မှုန့်ညက်ညက်ကြေအောင် ချေမှုန်းတော့မည် ဖြစ်၏။

တောတောင်ထူထပ်သည့် ဒေသဖြစ်၍ ရန်သူ့အင်အားကို အတိအကျ သိရှိရန် မတတ်နိုင်သော်လည်း ဗိုလ်ချုပ်ကြီး**စကွန်း**၏ ခန့်မှန်း**ချက်မှာ** အတော်ပင် နီးစပ်လှသည်။ ရန်သူ့စစ်တပ်ကြီးက ကျွန်ုပ်တို့မျှော်မှန်းထားသည့်အတိုင်း တန်းတန်းမတ်မတ် ချီတက်လာရုံမက ကျွန်ုပ်**တို့၏** တံခါးပေါက်ကိုပင် ဖနောင့်ဖြင့် ပေါက်နေပေပြီ။ သို့သော် တပ်မှူး၊ ဗိုလ်မှူးတို့၏ အမူအရာမှာ ပျာပျာသလဲ မဟုတ်ဘဲ လေးဆေးတည်ငြိမ်လျက်ရှိသည်ကို ကျွန်ုပ် သတိပြုမိ၏။

အမှတ် (၄)တပ်မ**ကြီးအား** ကိုယ်တိုင်ကိုယ်ကျ ခေါင်းဆောင်၍ တိုက်နေရသော **စကွန်းမှာ** ရောက်လာမစဲ တသဲသဲဖြစ်နေသော သတင်း**များကြောင့်** မည်သည့်သတင်းကို အတည်ပြုရမည်ကိုပင် **မဝေခွဲတတ်နိုင်အောင်** ဖြစ်နေသည်။ ဤကား တိုက်ပွဲတိုင်းတွင် တွေ့ရတတ်သော **အဖြစ်မျိုးတည်း**။

သို့သော် အတည်ပြုရလောက်အောင် သေချာနေသော သတင်း**နှစ်ရပ်**ကား အမှတ် (၁၇)တပ်မသည် ရန်သူ၏ ဖြတ်တောက်ထိုးဖောက်ခြင်းကို ခံနေရပြီဟူသော သတင်းနှင့် **အင်ဖာ**အား အရှေ့ဘက်မှဖိ၍ တိုက်လာသော ရန်သူ့အင်အားသည် တစ်ချိန်ထက် တစ်ချိန် ပို၍အားကောင်းလာသည်ဟူသော သတင်းပေတည်း။



အမှတ် (၄)တပ်မကြီးအား ခေါင်းဆောင်နေရသော ဗိုလ်**ချုပ်ကြီး****စကွန်း**အဖို့ သေရေးရှင်ရေးတမျှ အရေးကြီးသော ဆုံးဖြတ်ချက်ကို ချရန်အချိန်ရောက်လာတော့သည်။ အရန်တပ်အဖြစ် လျှို့ဝှက်သိပ်သည်းစွာထားရှိခဲ့သော အမှတ် (၂၃)တပ်မအား ရန်သူများ **အင်ဖာ**သို့ ရောက်လာမှထုတ်၍တိုက်သင့်သည် သို့မဟုတ် ဖြတ်တောက်ဝိုင်းဝန်းခြင်း ခံနေရသောအမှတ် (၁၇)တပ်မအား ကူညီရန် လွှတ်သင့်သည်ဟူသော ဆုံးဖြတ်ချက်တည်း၊ နှစ်ခုအနက် တစ်ခုခုကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ရပေတော့မည်။

**စကွန်း**သည် ခေါင်းကို အေးအေးထားကာ ပြဿနာနှစ်ရပ်ကို အဖက်ဖက်မှနေ၍ ချိန်ထိုးနှိုင်းဆကြည့်သည်။ သူသည် စောစောကပင် ကျွန်ုပ်နှင့် စီစဉ်ထားခဲ့သည့်အတိုင်း တပ်မှန်သမျှ **အင်ဖာတွင်သာ စုစည်း**ထားမည်ဟု ဆုံးဖြတ်လိုက်ပြီးနောက် အမှတ် (၂၃)တပ်မမှ တပ်မဟာနှစ်ခုကိုသာ အမှတ်(၁၇)တပ်မအား သွား၍ကူညီရန် စေလွှတ်လိုက်၏။ ဆံချည်တစ်မျှင်မျှ အမှားမခံနိုင်သော ဆုံးဖြတ်ချက်မျိုးပါတည်း။

မတ်လ (၁၉)ရက်နေ့တွင် ရန်သူ့တပ်မ အမှတ် (၃၁)မှ တပ်ဖွဲ့အချို့ သည် ဥခရယ်ကို ပြင်းပြင်းထန်ထန် လာရောက်တိုက်ခိုက်သည်။ ဥခရယ်တွင် ကတုတ်ကျင်းများ တူး၍ စောင့်နေသော အိန္ဒိယလေထီးတပ်မဟာနှင့် အမှတ်(၂၃)တပ်မမှ တပ်ရင်းတစ်ရင်းသည် **ရန်သူကို** နှစ်ရက်တိုင်တိုင် အသေအလဲ ခုခံသည်။ သို့သော် ရန်သူက **အင်အား**ကောင်းလှသဖြင့် လေထီးတပ်မဟာသည် နောက်သို့ ဆုတ်ပေးလိုက်**ရ၏**။

ဥခရယ်သည် ရန်သူ့လက်သို့ ကျရောက်တော့သည်။ **အထိအရှ**များနေသော ဤတပ်ဖွဲ့မှ တပ်ရင်းသုံးရင်းသည် ဥခရယ်တောင်ဘက်ကိုးမိုင်ကွာ **သံဂဟတ်**မှနေ၍ ရန်သူကို ခုခံပြန်သည်။ မတ်လ (၂၁)**ရက်**နေ့မှ (၂၅)ရက်တိုင်အောင် ရန်သူသည် အဝေးပစ်အမြောက်**ကြီးများကို**အကူအညီယူ၍ ပြင်းထန်သော ညတိုက်ပွဲများကိုဆင်ရင်း **သံဂဟတ်ကို**သိမ်းယူနိုင်ရန် ကြိုးစားသည်။

နွေလယ်ဘက်တွင် ရန်သူ့လက်ဖြောင့် တပ်သားများ၏ **လက်ချက်ကြောင့်သော်လည်းကောင်း၊** ရန်သူ့အမြောက် ကျည်ဆန်များ**ကြောင့်သော်လည်းကောင်း** တပ်ရင်းသုံးရင်းမှ စစ်သည်ရဲမက်များမှာ တဖြုတ်ဖြုတ်**အသက်ပျောက်နေကြရ၏**။

ရန်သူသည် သူတို့နှင့်အတူပါလာသော အိန္ဒိယ**အမျိုးသားတပ်**မတော်မှ ကုလားစစ်သားများကို တိုက်ရိုက်တိုက်ခိုက်ရသည့် **တိုက်ပွဲကြီး**များတွင် ထည့်၍ မသုံးသော်လည်း ကျွန်ုပ်တို့၏ **အိန္ဒိယအမျိုးသားစစ်သား**များနှင့် ထင်ယောင်ထင်မှား ဖြစ်စေရန်သော်လည်းကောင်း၊ **စိတ်ဓာတ်**ကျဆင်းအောင် ပြုလုပ်ရာတွင်သော်လည်းကောင်း ထည့်သွင်းအသုံးပြုကြကာ ရှုပ်ရှုပ်ထွေးထွေး ဖြစ်လာသော အခြေအနေပေါ်မှ **အမြတ်ထုတ်**နိုင်ရန် ကြံစည်ပြုလုပ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မတ်လ (၂၆)ရက်နေ့တွင် ရန်သူသည် သံဂဟတ်ရှိ ကျွန်ုပ်တို့ တပ်များအား အပြီးသတ်ချေမှုန်းရေး တိုက်ပွဲကြီးကို နေ့လယ်ဘက်တွင် ဆင်နွဲလာသည်။ လုံ့စွပ်တိုက်ပွဲ လက်တစ်ကမ်းတိုက်ပွဲများတွင် ရန်သူဘက်မှရော ကျွန်ုပ်တို့ဘက်မှပါ ကျဆုံးသူများမှာ အလောင်းချင်းထပ်နေတော့သည်။ ကျွန်ုပ်တို့ တပ်ဖွဲ့သည် အချက်အချာကျသော နေရာကို ဆက်လက်ထိန်းသိမ်းထားနိုင်သော်လည်း ရေလှောင်ကန်နှစ်ခုအနက် တစ်ခုကို လက်လွှတ်လိုက်ရသည်။ ကျွန်ုပ်တို့၏ လေတပ်သည် အောက်မှ ရန်သူ့အမြောက်များ၏ အန္တရာယ်ကို မမှုဘဲ ကျွန်ုပ်တို့၏ ခြေကျင်တပ်များဖြင့် နီးကပ်စွာ ပူးပေါင်းတိုက်ခိုက်သည်။ လေယာဉ်မှ ချပေးသော ရေအိတ်များမှာ ကျွန်ုပ်တို့တပ်ဖွဲ့မှ စိုးမိုးထိန်းသိမ်းထားနိုင်သော နေရာက ကျဉ်းမြောင်းနေ၍ လိုရာသို့ မရောက်ဘဲ ဖြစ်နေသည်။

ရေမှာ ပြဿနာ ဖြစ်လာတော့၏။

တစ်ခုတည်းသာ ကျန်တော့သော ရေလှောင်ကန်တွင်လည်း ရေမရှိတော့။ စစ်ပန်းလျက်ရှိသော စစ်သည်ရဲမက်တို့သည် ရေကလေးတစ်ပေါက်ကိုမျှ မသောက်ရဘဲ မည်ကဲ့သို့ ဆက်၍ တိုက်နိုင်ပါတော့မည်နည်း။ ထို့ကြောင့် မတ်လ (၂၆)ရက်နေ့ညတွင် တပ်ရင်းသုံးရင်းအနက် အသက်မသေ ကြွင်းကျန်နေသော စစ်သည်ရဲမက်တို့အား ရန်သူကို ဖောက်ထွက်၍ အင်ဖာသို့ ဆုတ်လာရန် အမိန့်ပေးလိုက်ရတော့သည်။

စက္ကန့်တိုင်း မိနစ်တိုင်း အလွန် အရေးကြီးနေသော အချိန်အခါတွင် ဤတပ်ဖွဲ့ငယ်ကလေးနှင့် ကျွန်ုပ်တို့၏လေတပ်က ရန်သူအား (၁၀) ရက်တိုင်တိုင် ရှေ့သို့ဆက်လက် ချီတက်ခြင်း မပြုနိုင်အောင် ဟန့်တားထားနိုင်ခဲ့သည်မှာ များစွာ ချီးကျူးဖွယ် ကောင်းတော့၏။

ဥခရုယ်နှင့် သံဂဟတ်တွင် သဲသဲမဲမဲ တိုက်ပွဲဖြစ်နေစဉ် အနောက်တောင်ဘက် (၁၀)မိုင်ကွာ ဥခရုယ်လမ်းပေါ်တွင် ရှိသော လစ်တန်၌လည်း တိုက်ပွဲကြီးများ ဖြစ်ပွားနေသည်။ ရခိုင်မှ ရောက်ရှိလာသော အမှတ်(၅)တပ်မမှ တပ်ရင်းတစ်ရင်းနှင့် အိန္ဒိယ လေထီးတပ်မဟာ၏ တပ်ဖွဲ့ကလေးတစ်ဖွဲ့သည် လစ်တန်မှနေ၍ ရန်သူ့ချီတက်မှုကို ဆီးကြိုတိုက်ခိုက်သည်။

ရန်သူသည် ကျွန်ုပ်တို့ထက် အလွန် အင်အားကောင်းသော တပ်များဖြင့် လစ်တန်ကို မတ်လ(၂၄)ရက်နေ့ညတွင် ဝိုင်းဝန်းတိုက်ခိုက်သည်။ ကျွန်ုပ်တို့ဘက်မှ အင်အား အလွန်နည်းပါးနေသည့်တိုင် ရန်သူသည် လစ်တန်ကို မသိမ်းနိုင်ဘဲ ဖြစ်နေသည်။ (၂၅)ရက်နေ့တွင် ရန်သူသည် လစ်တန်၏ နောက်ကျောမှနေ၍ အင်ဖာသို့ သွားသည့်လမ်းကို ဖြတ်တောက်ရန် ကြိုးပမ်းလာသည်။

ကျွန်ုပ်တို့ဘက်မှ ဤသို့ အလူးအလဲခံနေရစဉ် ရခိုင်မှ လေယာဉ်များဖြင့် ရောက်ရှိလာသော အမှတ်(၅)တပ်မမှ စစ်သည်ရဲမက်တို့သည် လေယာဉ်ပေါ်မှ ဆင်းလျှင်ဆင်းချင်း တိုက်ပွဲဆီသို့ တန်း၍ ဝင်ကြရတော့၏။

အမှတ် (၁၂၃)တပ်မဟာသည် လစ်တန်-အင်ဖာလမ်းကို လစ်တန်မှနေ၍ မြောက်ဘက် (၆)မိုင်ခန့်အထိ ရှင်းလင်းတိုက်ခိုက်သည်။ မတ်လ (၂၈)ရက်နေ့တွင် စစ်ပန်းလျက်ရှိသော လစ်တန်မှ တပ်ဖွဲ့ကို ပြန်လည်ခေါ်ယူပြီး အမှတ် (၅)တပ်မှ အမှတ် (၉)တပ်မဟာကို အစားထိုးလိုက်သည်။

ဥခရုယ်မှ အင်ဖာသို့ တောက်လျှောက်ကြီး တက်လာသော ရန်သူသည် ပြင်းထန်သော ခုခံမှုနှင့်ရင်ဆိုင်ရတော့၏။ အမှတ် (၉)တပ်မဟာနှင့် အမှတ် (၁၂၃)တပ်မဟာတို့သည် (၇)ရက်လုံးလုံး သဲသဲမဲမဲ တိုက်ခိုက်သည်။ ဥခရုယ်-အင်ဖာလမ်းသည် သွေးချောင်းစီးနေလေသည်။

ရန်သူသည် ဥခရုယ်-အင်ဖာလမ်းမှ တောက်လျှောက်ကြီးတက်၍မရနိုင်မှန်းကို သိလာသောအခါ ဥခရုယ်မှနေ၍ ကိုဟီးမား-အင်ဖာလမ်းအတိုင်း ထိုးဖောက်၍တက်ရန် ကြိုးပမ်းလာပြန်သည်။ မတ်လ (၃၀)ရက်နေ့တွင် ရန်သူသည် အင်ဖာမြောက်ဘက် မိုင် (၃၀) အကွာတွင်ရှိသော တံတားတစ်ခုကို ဖောက်ခွဲဖျက်ဆီးပစ်လိုက်ပြီးနောက် ခံတပ်အခိုင်အမာ ဆောက်၍ ခြေကုပ်ယူထားနိုင်သည်။

အနောက်ဘက်သို့ ပေါက်ရောက်နိုင်သော ဆီလ်ချာလမ်းမှ အပ အင်ဖာသည် ကြည်းကြောင်းအားဖြင့် အဖြတ်အတောက် ခံနေရပေပြီ။ ဤကဲ့သို့ တိုက်ပွဲများ အဆင့်ဆင့်ဖြစ်ပွားနေစဉ်အတွင်း ဝှက်ဖဲအဖြစ်ထားရှိသော အမှတ် (၂၃) အိန္ဒိယတပ်မသည် အဝိုင်းခံနေရသော အမှတ် (၁၇) တပ်မရှိရာ တီးတိန်လမ်းအတိုင်း စ၍ တိုက်ပွဲဝင်လာလေသည်။ (၂၃)အိန္ဒိယတပ်မကို ဦးစီးသော ဗိုလ်ချုပ်ကလေးရောဘတ်ကား အိုင်ရတ်စစ်မြေပြင်၌ ကျွန်ုပ် အားအကိုးရဆုံးသော သူရဲကောင်းတစ်ဦး ဖြစ်ခဲ့၏။ ယခုလည်း သူသည် အလူးအလဲခံစားနေရသော အခြေအနေကို ပြောင်းပြန်လှန်ပစ်ရန် စစ်ထွက်လာခဲ့ပေပြီ။

ရောဘတ်၏ တပ်မမှ ရှေ့ပြေးချီ အမှတ် (၃၇) တပ်မဟာသည် အပေါ်စီးတင့်ကားကလေးများကို အသုံးပြုကာ တီးတိန်လမ်းအတိုင်း လျင်မြန်စွာ ချီတက်လာခဲ့ပြီးနောက် မိုင်တိုင် (၁၀၀)တွင် ကျွန်ုပ်တို့ဘက်မှ တပ်ဖွဲ့ငယ်တစ်ခုက ကျားနာခံနေသော ရန်သူ့တပ်များကို မောင်းထုတ်လိုက်နိုင်သည်။

သို့သော် ကျွန်ုပ်တို့က စစ်ပန်းနေသော စစ်သည် ရဲမက်တော်တို့ နေရာတွင် လူစားမပေးပို့နိုင်မီ ရန်သူသည် တောင်ကြိုတောင်ကြားမှ ဖောက်ထွင်းချီတက်လာကာ မိုင်တိုင် (၁၀၉)အနောက်ဘက်သို့ ရောက်လာပြီးနောက် တီးတိန်လမ်းတစ်လျှောက်တွင် အခိုင်အမာ ကပ်ခွဲလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ရှေ့ပြေးချီ အမှတ် (၃၇) တပ်မဟာသည် ရှေ့သို့ ဆက်လက် မချီတက်နိုင်တော့ဘဲ အင်ဖာဘက်သို့သာ ပြန်၍ဦးလှည့်ကာ အင်ဖာလမ်းကိုသာ ရှင်းလင်း တိုက်ခိုက်ရတော့၏။ အမှတ် (၃၃) တပ်မမှ ဒုတိယတပ်မဟာတစ်ခုသည် တောင်ဘက်စူးစူးသို့ ချီတက်ရင်း အမှတ် (၃၇)တပ်မဟာကို အကူအညီပေးရလေသည်။

ယခုအချိန်၌ တီးတိန်လမ်းတစ်လျှောက်တွင် အခြေအနေများ ရှုပ်ထွေးနေကာ ရန်သူ့အလောင်းများနှင့် ကျွန်ုပ်တို့ဘက်မှ အလောင်းများမှာ တစ်ခုပေါ်တွင် တစ်ခုထပ်လျက် ရှိနေတော့၏။

မိုင်တိုင် (၁၀၉)မှ အခြေအနေကလည်း စိုးရိမ်ထိတ်လန့်စရာ ဖြစ်လာသည်။

ကျဉ်းမြောင်းသော စစ်မျက်နှာတွင် စစ်မတိုက်တတ်သော အလုပ်သမား (၅၀၀၀)ကျော်ကို အလယ်က ထား၍ ခံစစ်ပြုနေရသော အမှတ် (၁၇)တပ်မမှ တပ်ဖွဲ့များမှာ ရှေ့လည်း မတိုးသာ နောက်လည်း မဆုတ်သာ ဖြစ်နေရတော့သည်။

မတ်လ (၁၆)ရက်နေ့ညတွင် အလုပ်သမားများအား တောလမ်း တောင်လမ်းများမှနေ၍ ရန်သူ့စခန်းများကို ပန်းဝိုက်ကာ ရှေ့ဘက်၏ အမှတ်(၂၃)တပ်မရှိရာသို့ ကျွမ်းကျင်စွာ ခေါ်ထုတ်လာနိုင်သည်။ အနည်းငယ်မျှသာရှိသော ကျွန်ုပ်တို့၏ တပ်ဖွဲ့ကလေးများသည် မိုင်တိုင် (၁၀၉)၌ နောက်ထပ် နှစ်ရက်ဆက်၍ ကြံ့ကြံ့ခံနေပြီးမှ ဝိုင်းထားသော ရန်သူကို ဖောက်၍ ထွက်လာခဲ့ကြ၏။

ရန်သူသည် ကျွန်ုပ်တို့ တပ်ဖွဲ့ကလေးများက စွန့်ပစ်ထားခဲ့သော ရိက္ခာနှင့် မော်တော်လော်ရီအချို့ကို ရရှိသွားတော့သည်။ တောင်ဘက်မှ အင်ဖာဆီသို့ တဖြည်းဖြည်းတက်လာသော အမှတ် (၁၇)တပ်မအား ထွက်ပေါက်ဟူ၍ မရှိနိုင်လေအောင် ရန်သူသည် တီးတိန်-အင်ဖာလမ်း တစ်လျှောက် တပ်စွဲထားလိုက်၏။

မိုင်တိုင် (၁၀၉) ရန်သူ့လက်သို့ ကျသွားသည်ကို သိရသည်နှင့် တစ်ပြိုင်နက် အမှတ် (၁၇)တပ်မကို ဦးစီးရသော ကိုဝင်သည် စစ်သည် ရဲမက်တော်တို့အား လမ်းတစ်ဖက်တစ်ချက်ရှိ ကျောက်တောင်မြင့်ကြီးများ ပေါ်မှ ချီတက်စေကာ ပင်မစစ်ကြောင်းကြီးကိုမူကား တီးတိန်-အင်ဖာ လမ်းအတိုင်း ဖိ၍တက်စေသည်။

ကိုဝင်၏ လက်ယာကြောင်း ချီတက်သည့် တောင်ထိပ်ပေါ်တွင် တပ်စွဲထားသော ရန်သူ့စခန်းများကို ခက်ခက်ခဲခဲ ချေမှုန်းနေစဉ် အမှတ် (၄၈)တပ်မဟာသည် ကျွန်ုပ်တို့၏ လေတပ်အကူအညီဖြင့် မိုင်တိုင် (၁၀၉)နောက်ဘက် တစ်မိုင်ကွာတွင် အခိုင်အခံ့ တပ်စွဲထားသော ရန်သူ့ ခံတပ်ကို အလောင်းချင်းထပ်အောင် တိုက်ခိုက်ရင်း ထွက်ပေါက်ရရှိလေအောင် ကြိုးပမ်းသည်။



မတ်လ (၂၀)ရက်၊ (၂၂)ရက်များတွင် သွေးချောင်းစီးမျှ တိုက်ခိုက်ရပြီးနောက် ရန်သူ့ခံတပ်နှင့် ကတုတ်ကျင်းများကို ချေမှုန်းပစ်နိုင်သည်။ ဤခံတပ်မှ ဆုတ်ခွာသွားရသော ရန်သူများမှာ ကျွန်ုပ်တို့၏ အနောက်ဘက်တောင်ပံမှ တပ်ဖွဲ့များ၏ ရက်ရက်စက်စက် သုတ်သင်ခြင်းကို ခံရတော့သည်။ တောများ တောင်များအတွင်းသို့ ကိုယ့်အစုနှင့်ကိုယ် ဝင်ရောက်ပုန်းအောင်းနေသော ရန်သူများမှာလည်း ကျွန်ုပ်တို့ လေတပ်မတော်၏ လိုက်လံချေမှုန်းခြင်းကို ခံနေရတော့သည်။

မတ်လ (၂၅)ရက်နေ့တွင် အဝိုင်းခံနေရသော အမှတ် (၁၇)တပ်မသည် ရန်သူ့လက်သို့ ရောက်သွားသော မော်တော်လော်ရီများ၊ ရိက္ခာများကိုပါ ယူဆောင်ကာ အင်ဖာသို့ ဆက်လက်ချီတက်လာနိုင်လေသည်။ နောက်မှ လိုက်လာသော ရန်သူများကို အမှတ် (၂၃)တပ်မမှ တပ်မဟာနှစ်ခုက တာဝန်ယူလိုက်သောအခါ အမှတ် (၁၇)တပ်မသည် အင်ဖာသို့ ဧပြီလ (၅)ရက်နေ့အရောက် ချီတက်လာခဲ့သည်။

ရန်သူက အမှတ် (၁၇)တပ်မအား ထပ်မံဝိုင်းဝန်းထားရန် အကြံအစည်ကား သွေးစီးချောင်းထဲတွင် နစ်မြော၍သွားခဲ့ပေပြီ။ ပုရွက်ဆိတ်တန်းကြီးလို တရွေ့ရွေ့ တဖြည်းဖြည်း ချီတက်လာခဲ့ရသော အမှတ် (၁၇) တပ်မအား ရန်သူ့လေတပ်က ခရီးစဉ်တစ်လျှောက်လုံးတွင် တစ်ကြိမ်သာ ကြီးကြီးကျယ်ကျယ် တိုက်ခိုက်သည်ကို တွေ့ရ၏။ သို့တိုင်အောင် ကျွန်ုပ်တို့ဘက်တွင် အကျအဆုံးနှင့် အပျောက်အရှ မများလှ။ အမှတ် (၁၇) တပ်မ အောင်မြင်စွာဆုတ်ခွာလာခဲ့ခြင်းနှင့် အင်ဖာတိုက်ပွဲ၌ ဆက်လက် ပါဝင်ဆင်နွှဲနိုင်ခြင်းမှာ ကျွန်ုပ်တို့၏ အမှတ် (၂၂၁)လေတပ်၏ စွမ်းဆောင်ချက်ကြောင့် ဖြစ်ကြောင်းကို မှတ်တမ်းတင်ရမည် ဖြစ်ပေသည်။

တမူးဒေသနှင့် ကဘော်ချောင်းအဝတွင် တပ်စွဲထားခဲ့သော အမှတ် (၂၀)တပ်မမှာမူ အမှတ်(၁၇)တပ်မလောက် ဒုက္ခသုက္ခ တွေ့ရခြင်း မရှိဘဲ အင်ဖာတွင် ပြန်လည် စုရုံးနိုင်ခဲ့လေသည်။ ဗိုလ်ချုပ်ကလေး ယာမာမိုတို ဦးစီးသော တပ်ရင်းငါးရင်းနှင့် ဗမာ့သစ္စာဖောက်တပ်မတော် (Burma Traitor Army)၊ အိန္ဒိယအမျိုးသားတပ်မတော်များမှ တပ်ဖွဲ့အချို့ ပါဝင်သည့်တပ်ကြီးသည် စစ်ကြောင်းနှစ်ကြောင်းခွဲ၍ ကဘော်ချောင်းမှ ချီတက်လာသည်။

ရန်သူ့ထိုးစစ်ကြီး စတင်သည့် တစ်ပတ်အတွင်း အမှတ် (၁၇) တပ်မကလည်း အဆက်အသွယ် ဖြတ်တောက်ခြင်းခံနေရစဉ် တိုထားသော အခြေအနေမှာ အင်ဖာထက်ပင် ဆိုးရွားမည့် အသွင်အကြောင်းပေါ်ပေါက်လာသည်။

ရန်သူသည် ကျွန်ုပ် ထင်ထားသည်ထက် ပို၍ လျင်မြန်စွာ ချီတက်လာနိုင်ရုံမက ပို၍လည်း အင်အားကောင်းသော တပ်အရေအတွက်ဖြင့် ချီလာနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရန်သူသည် အမှတ် (၃၃)တပ်မမှ တပ်အတော်များများကို ခေါ်ယူကာ တိုဟီးမားနှင့် ဒိုင်မာပူကို အင်ကြီး အားကြီးဖြင့် ဖိ၍ တိုက်ရန် ချည်ထုံးလာခြင်းပင် ဖြစ်၏။

ကျွန်ုပ်၏ ခန့်မှန်းချက်မှာ တောအထပ်ထပ်၊ တောင်အဆင့်ဆင့်၊ ချောင်းအသွယ်သွယ်ကို အပန်းတကြီး ဖြတ်ကျော်လာရမည်ဖြစ်ရာ ကျွန်ုပ်တို့၏တပ်မဟာ တစ်တပ်စာလောက်သာ လူသူအင်အား ပါရှိနိုင်မည်ဟု မှန်းဆထားခဲ့၏။ ဤတွင် ရန်သူကိုအထင်သေးမိကာ အင်ဖာတိုက်ပွဲတွင် ဒုတိယမှို့ ကျွန်ုပ်အတွက် မှားခြင်းဖြစ်၏။ ဤမျှ ခက်ခဲရှည်လျားသော ခရီးကြီးကို ဤမျှ ကြီးမားသောအင်အားဖြင့် တိုဟီးမားပတ်ဝန်းကျင်သို့ အရောက် ချီတက်လာနိုင်ခြင်းမှာ ရန်သူ၏ ဆင်းရဲပင်ပန်းခံနိုင်မှုကို ပြသ လိုက်ခြင်းပင် ဖြစ်၏။

ကျွန်ုပ်သည် ဤအမှားအတွက် အဆများစွာသော တန်ဖိုးကို ပေးလျော်ခဲ့ရလေသည်။ တိုဟီးမားသို့ ချီတက်လာမည့် ရန်သူ့အင်အားကို လျှော့၍တွက်ခဲ့သောကြောင့် ပြင်ဆင်မှုကိုလည်း လျှော့၍လုပ်ခဲ့မိသည်။ တိုဟီးမားတွင် မဖြစ်စလောက်သော မြို့စောင့်တပ်တစ်ခုကို ချထားခဲ့သဖြင့် တော်ပါသေးသည်ဟု ဆိုလိုက ဆိုနိုင်သော်လည်း ဒိုင်မာပူလို ရထားလမ်းဆုံရာ အခြေစိုက်စခန်း၌ တိုက်ခိုက်ရေးတပ်သားဟူ၍ တစ်ဦး တစ်ယောက်မျှ ချထားခြင်း မရှိသည်မှာ အလွန်အရုပ်ဆိုးလှသည်။

ရန်သူ့လက်သို့ တိုဟီးမားကျရောက်သွားခြင်းကို အောင့်အည်း သီးခံနိုင်မည် ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏ အသက်ရှူပေါက်ဖြစ်သော ဒိုင်မာပူကိုမူ မည်သည့်နည်းနှင့်မျှ အကျမခံနိုင်။ ကျွန်ုပ်တို့အတွက် စစ်ကူတပ်များ အမြန်ရောက်လာမှသာ သက်သာခွင့် ရပေတော့မည်။

စောစောက အင်ဖာတွင် ဝှက်ဖဲအဖြစ် ထားခဲ့ရသော အမှတ် (၂၃)အိန္ဒိယတပ်မမှာ အရန်တပ်အဖြစ် အင်ဖာတွင်ပင် စုစည်းထားရန် မဖြစ်နိုင်တော့ဘဲ အပိုင်းခံနေရသော အမှတ် (၁၇)တပ်မအတွက် ထုတ်၍ သုံးခဲ့ရသည်။ ယခုလို တိုဟီးမားနှင့် ဒိုင်မာပူတွင် အရေးကြုံလာသောအခါ အားကိုးစရာ အရန်တပ် လက်မဲ့ဖြစ်ခဲ့ရသည်။

ကျွန်ုပ် တိုက်တွန်း တောင်းဆိုချက်ဖြင့် ရခိုင်မှ အမှတ် (၅)တပ်မ ရောက်လာသည်။ သို့သော် လေယာဉ်အခက်အခဲကြောင့် လိုချင်သည့် အချိန်ထက် အတန်နောက်ကျမှ ရောက်လာနိုင်သည်။ ထိုနောက် ရခိုင်မှပင် အမှတ် (၇)တပ်မတော်ကို တတ်နိုင်သမျှ အာသံသို့ အမြန်ဆုံးပို့ပေးရန် ဆော်ဩရပြန်၏။

ကျွန်ုပ်သည် တပ်မဟာတစ်ခုအား ဘီရှန်ပူ-ဆီလ်ချာလမ်းကို စောင့်ထိန်းထားရန် စေလွှတ်သည်။ ဤလမ်းသည် အင်ဖာလွင်ပြင်အား အနောက်ဘက်မှ ဝင်နိုင်သော လမ်းတည်း။ ကျွန်ုပ်သည် အာရှအရှေ့ တောင်ပိုင်းဆိုင်ရာ စစ်ဌာနချုပ်၌ ကြည်းတပ်များကို အုပ်ချုပ်ရသော



ဗိုလ်ချုပ်ကြီးဂရစ်ဖစ်ထံမှ အိန္ဒိယတွင်ပင် ရှိနေသေးသော ဝင်းဂိတ်အမှတ် (၂၃) ခရီးဝေးဖောက်ထွင်းတိုက်ခိုက်ရေး တပ်မဟာကို လည်းကောင်း၊ အမှတ် (၅) တပ်မအား အစားထိုးရန်အတွက် အသစ်ဖွဲ့စည်းလိုက်သော အမှတ် (၂၅) အိန္ဒိယတပ်မကို ရခိုင်သို့ စေလွှတ်ပေးရန် လည်းကောင်း၊ အိန္ဒိယတွင် အရန်တပ်အဖြစ်ထားရှိသော အမှတ် (၃၃) တပ်မကြီး ဌာနချုပ်အဖွဲ့နှင့် အမှတ်(၂)ဗြိတိသျှတပ်မကို လည်းကောင်း ကျွန်ုပ်၏ အာသံနှင့်မဏိပူရ စစ်မျက်နှာသို့ ပေးပို့ပါရန် မေတ္တာရပ်ခံလိုက်သည်။

ဗိုလ်ချုပ်ကြီးဂရစ်ဖစ်သည် ချက်ချင်းပင် ကျွန်ုပ်၏ မေတ္တာရပ်ခံချက်ကို လိုက်လျောရန် အမိန့်ထုတ်ဆင့်ပေးလေသည်။ အင်ဖာနှင့် တိုဟီးမားသို့ စစ်ကူတပ်များ တဖွဲဖွဲရောက်လာသည်နှင့်အမျှ စစ်မြေပြင်တွင်ရှိနေသော အလုပ်သမားများကို ထောင်နှင့်ချီ၍ ပြည်မကြီးသို့ ပြန်လည်ပို့နေရသည်။ စစ်ကူတပ်များ ရောက်ရှိလာသည့်တိုင် ရိက္ခာ ပြဿနာနှင့် သယ်ယူပို့ဆောင်ရေး ပြဿနာတွင် အခက်အခဲ ပိုမလာ စေရန် ဖြစ်၏။ ထွက်သွားသော အလုပ်သမားနှင့် ဝင်လာသော စစ်သားမှာ တစ်ပတ်လျှင် အရေအတွက် ထပ်တူထပ်မျှလောက် ဖြစ်နေရာ ကျွန်ုပ်တို့သည် ရိက္ခာကို တိုး၍ မှာရန် မလိုဘဲ နဂိုအတိုင်းပင် မြေပြစ်လျက် ရှိနေတော့သည်။

ဗိုလ်ချုပ်ကြီးဂရစ်ဖစ်ထံမှ စစ်ကူရမည်ဟု ကတိရထားသည့်တိုင် ကျွန်ုပ်မှာ ရင်မအေးနိုင်။ အချိန်သည် တိုက်ပွဲတစ်ခုလုံး၏အဆုံးအဖြတ်ကို နောက်ဆုံးပေးသော တရားသူကြီးဖြစ်ရာ ကျွန်ုပ်ထံ ရောက်လာမည့် စစ်ကူများသည် ကျွန်ုပ် လိုချင်သည့်အချိန်တွင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာနိုင်ပါမည်လားဟု တွေး၍ ပူရ၏။ ဤအတွင်း ကျွန်ုပ်၏ တပ်မှူး၊ ဗိုလ်မှူးအပေါင်းနှင့် တပ်သားအားလုံးကို စစ်ကူရောက်လာသည် အထိ ကြံ့ကြံ့ခံ၍ တိုက်ကြရန် ဆော်ဩနေရသည်။

စစ်ကူများ ရောက်မလာမီ တိုဟီးမားအခြေအနေက များစွာ စိုးရိမ်စရာရှိလာရာ လက်နက်ကိုင်ပုလိပ်များ၊ အာသံလက်နက်ကိုင် စစ်သားဟောင်းများပါဝင်သော အာသံတပ်ဖွဲ့တစ်ခုကို တိုဟီးမား အရှေ့ဘက် မိုင် (၃၀)ခန့်အကွာရှိ လမ်းပေါက်တွင် ချထားလိုက်၏။

ဤအာသံအဖွဲ့သည် စစ်ဦးတွင် ဘီးလူးပါလာသလို တိုက်ခိုက်လာသော ရန်သူ၏ အမှတ် (၃၁)တပ်မမှ ရှေ့ပြေးချီတပ်များကို အစွမ်းကုန်ခုခံသည်၊ ဤတပ်ဖွဲ့သည် ရန်သူထက် အင်အားလျော့နည်းရုံသာမက တိုက်ရည်ခိုက်ရည်ပါ ညံ့လျက်နေစေကာမူ ကိုယ့်မြေကိုယ့်ဒေသတွင် တိုက်ရသော တိုက်ပွဲဖြစ်သောကြောင့် အကျအဆုံးများနေသည့် ကြားထဲမှ တစ်နေရာမှတစ်နေရာသို့ ပြောင်းကာ ခုခံမြဲ ဆက်လက်ခုခံသည်။ ဤတပ်ဖွဲ့၏စွမ်းဆောင်မှုကား ကျွန်ုပ်တို့အတွက် တန်ဖိုးမဖြတ်နိုင်လောက် အောင်ပင် ကျေးဇူးကြီးပါဘိသည်။

www.burmeseclassic.com

www.burmeseclassic.com



**အာသံတစ်ဖွဲ့**က ရန်သူရှေ့ပြေးချီ တပ်များကို အသေအလဲ ခုခံနေစဉ် ကျွန်ုပ်တို့က ကိုဟီးမားတောင်တန်းအား ခံတပ်ကြီးအဖြစ် အလျှင်အမြန် ဆောက်လုပ်နေရသည်။ ဤခံတပ်ကြီးမှ နေ၍ ရန်သူကို **နိုင်မာပူ**သို့ ချီတက်မည့် လမ်းကို ပိတ်ဆို့ရန်တည်း။ **ကိုဟီးမားမြို့** စောင့်တပ်မှူးဖြစ်သူ ဗိုလ်မှူးကြီးရစ်ချတ်သည် ဆောက်လုပ်ဆဲ ခံတပ်ကြီးမှနေ၍ ရန်သူကို ခုခံတိုက်ခိုက်ရန် ရနိုင်သမျှသော လူသူလက်နက်များ စုဆောင်းခေါ်ယူလာသည်၊ နာလန်ထလာပြီးစ စစ်သား (၅၀၀)။

ဤစစ်သား (၅၀၀)ကိုပင် တပ်စိတ်၊ တပ်စုနှင့် တပ်ခွဲများ ဖွဲ့ပေးပြီး လက်နက်များ ထုတ်ပေးကာ အတိုက်ခိုင်းရတော့သည်။ အုပ်ချုပ်ရေး အဖွဲ့များမှ အမှုထမ်း မှန်သမျှကိုလည်း အတင်းအကျပ် ခေါ်လာပြီး ကလောင်အစား သေနတ်အကိုင်ခိုင်းရတော့သည်။

စုစုပေါင်း လက်နက်ကိုင်သူ လူ (၁၀၀၀)ခန့် ရ၏။

ကတုတ်ကျင်းတူးသူ တူး၊ သံဆူးကြိုး ကာသူကာ၊ မိုင်းဗုံးမြှုပ်သူ မြှုပ်၊ သူနာပြုစခန်း ဆောက်သူဆောက်ဖြင့် ကိုဟီးမား တောင်တန်း ခံတပ်ကြီးတွင် အလုပ်ရှုပ်နေကြစဉ် စစ်သည်ရဲမက် (၁၅၀၀၀)ပါဝင်သော ရန်သူတပ်မကြီးမှ တိုက်ကင်းများက ခံတပ်ကြီးအနီးသို့ ချဉ်းကပ်လာနိုင်တော့၏။

**အင်ဖာ**အား ရန်သူက ကြည်းကြောင်း ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်လုဆဲဆဲအချိန်တွင် **ကိုဟီးမားတိုက်ပွဲ**ကလည်း အလွန် စိုးရိမ်နေရသည့် အခြေသို့ ရောက်ရှိလာပြန်သောအခါ **ဗိုလ်ချုပ်ကြီးစတွန်း**တစ်ဦးတည်းဖြင့် သီးခြားတိုက်ပွဲလက္ခဏာကို ဆောင်နေသော ကိုဟီးမားတိုက်ပွဲကို စနစ်တကျ ခေါင်းဆောင်မှုပေးရန် ခက်ခဲနေလိမ့်မည်ဟု တွက်မိကာ ကျွန်ုပ်သည် ဒိုင်မာပူသို့ လေယာဉ်ဖြင့် လာခဲ့သည်။

ကျွန်ုပ်သည် **အာသံအခြေစိုက်** စခန်းကို အုပ်ချုပ်နေရသော ဗိုလ်**ချုပ်တလေး ရန်ကင်း**အား **ဒိုင်မာပူ-ကိုဟီးမား-ဇော့ဟတ်** စစ်နယ်မြေတွင် တိုက်ခိုက်ရေးတာဝန်များကို ထမ်းဆောင်ရန် အမိန့်ပေးလိုက်၏။ အခြေစိုက်စခန်းတွင် မှူးတာဝန်များကို အေးချမ်းစွာ လုပ်နေရသော **ရန်ကင်း**အဖို့ ရုတ်တရက် ချက်ချင်းတိုက်ခိုက်ရေးတာဝန်များကို ယူလိုက်ရသောအခါ ယောင်တောင်တောင် ကြောင်တက်တက် ဖြစ်နေသည်မှာ အမှန်ပင် ဖြစ်၏။ သို့သော် မတတ်နိုင်တော့ပြီ။ အမှတ် (၃၃)တပ်မကြီး စစ်ကူ ရောက်လာသည့်အချိန်ထိ တာဝန်ယူပေးပါဟု ပြောရတော့သည်။

ရုံးခန်းထဲမှ စစ်မြေပြင်သို့ ကသုတ်ကရက်နှင့် ရုတ်တရက် ရောက်လာရသော **ရန်ကင်း**အဖို့ ရင်ဆိုင်ရမည့် ရန်သူကလည်း သူ့လက်အောက်တွင် ရှိနေသောတပ်များနှင့် မနှိုင်းယှဉ်သာအောင် အကွာကြီး ကွာလှသည်။



ကိုဟီးမား အရှေ့ဘက် မိုင် (၃၀)အကွာတွင် **အာသံတစ်ဖွဲ့**၊ ကိုဟီးမားတွင် နာလန်ထစ စစ်သား(၅၀၀)၊ တစ်ခါမျှ တိုက်ပွဲမဝင်ဖူးသေးသည့် နီပေါတပ်တစ်တပ်နှင့် မြန်မာ့လက်နက်ကိုင်တပ်မှ တပ်ခွဲနှစ်ခွဲ၊ **ရန်ကင်း**၏ လက်အောက်တွင် တကယ့်တိုက်ပွဲဝင်နိုင်သည့် အင်အားမှာ ဗမာ့လက်နက်ကိုင် တပ်ရင်းတစ်ရင်းစာမျှသာ ဖြစ်သည်။

ဤမျှသော အင်အားဖြင့် လက်နက်လူသူနှင့် တိုက်ရည်ခိုက်ရည် အပြည့်အဝ ရှိသော ရန်သူ့တပ်မတစ်ခုကို မည်သို့ရင်ဆိုင်နိုင်ပါမည်နည်း။ မည်သို့ပင်ဖြစ်စေ စုမိသမျှသော လူသူ၊ ရရှိသမျှသော လက်နက်ဖြင့် ရန်သူအား **ရန်ကင်း**နှင့်တကွ သူ၏တပ်မှူး၊ ဗိုလ်မှူးအပေါင်းတို့က ရင်ဆိုင်ပုံမှာ ချီးကျူး၍ မကုန်စရာပင် ဖြစ်ပါ၏။

ကိုဟီးမားတွင် လက်နက်လူသူ ရှားပါးသည်ထက် ကျွန်ုပ်တို့၏ အသက်ချုပေါက်ကြီးဖြစ်သော **ဒိုင်မာပူအခြေစိုက်စခန်း**တွင် ကြုံရပုံမှာ ပြော၍မျှ မယုံနိုင်စရာ ဖြစ်တော့သည်။ ဒိုင်မာပူစခန်းအား အုပ်ချုပ်နေသည့်တပ်မဟာမှူးအား ကျွန်ုပ်က မေးသည်။

"တစ်နေ့ တစ်နေ့ လူပေါင်း ဘယ်နှစ်သောင်းလောက် ရိက္ခာ ထောက်နေရသလဲ"

"လေးသောင်းငါးထောင်လောက် ရှိပါတယ် ဗိုလ်ချုပ်ကြီး"

"ဒီအထဲက သေနတ်ကိုင်ပြီး တိုက်နိုင်မယ့်လူ ဘယ်နှစ်ယောက်လောက် ရနိုင်မလဲ"

တပ်မဟာမှူးသည် ရှက်ပြုံးပြုံးလိုက်ရင်း . . .

"သေနတ်ကိုင်တတ်တဲ့ လူငါးရာလောက်တော့ ရနိုင်ပါတယ် ခင်ဗျာ"ဟု အဖြေပေးလိုက်လေသည်။

ကျွန်ုပ်သည် ဒိုင်မာပူစခန်းသို့ သွားရောက်စစ်ဆေးသောအခါ ဗိုဓါင်မှူးများ၊ စာရေးများ၏ ညွှန်ကြားချက်အတိုင်း အလုပ်သမားများတတူးထားသော ဘန်ကာများ၊ လက်နက်ကျင်းများကို တွေ့ရ၏။ မတ်လကုန်သည့်နေ့တွင် ရခိုင်စစ်မျက်နှာ၌ ကျန်ရှိနေသေးသော အမှတ် (၅) တပ်မမှ တပ်များအနက် နောက်ဆုံးတပ်မဟာဖြစ်သော အမှတ် (၁၆၁) သည် **အင်ဖာ**သို့ ရောက်လာလေသည်။ ဤအခါလောက် ရောက်လာသည့်စစ်ကူတပ်ကို နှစ်နှစ်ကာကာ ကြိုဆိုမိခြင်း ဘယ်အခါမှ မရှိဖူးခဲ့။

ဤအချိန်တွင်ပင် ကိုဟီးမားနှင့် (၁၀)မိုင်၊ (၁၅)မိုင်၊ မိုင် (၂၀) အတွင်းသို့ ရောက်နေလျက် ရန်သူ့ချီတက်မှုကို ထိထိရောက်ရောက် တန့်တားရန် ကျွန်ုပ်ဘက်တွင် အားအင်နည်းပါးလာပြီဟူသော သတင်းဝင် ဖြစ်သည်။ ရှေ့အစွန်ဆုံးသို့ ရောက်နေသော **အာသံတစ်ဖွဲ့**ကို အခြေအနေ မပျက်ဘဲ ကိုဟီးမားမြို့တွင်းသို့ ခေါ်ယူကာ ရှိသမျှတပ်များဖြင့် ပူးပေါင်း၍ ကာကွယ်ခိုင်းသည့်တိုင် ကိုဟီးမားလုံခြုံရေးကို စိတ်မချနိုင်သည့်အခြေသို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့အဖို့ လက်ငင်းဆုံးဖြတ်ရမည့် ပြဿနာမှာ . . .

တိုဟီးမားကို စွန့်လွှတ်၍ အသက်ရှူပေါက်ဖြစ်သော ဖိုင်မာပူကို အသေအလဲ ခုခံထိန်းသိမ်းထားရန်။ သို့မဟုတ် ကိုဟီးမားအား နောက်ထပ်ရောက်လာသည့် အမှတ် (၁၆၁)တပ်မဟာဖြင့် ကိုဟီးမားတောင်တန်းခံတပ် မှနေ၍ ဆက်လက်ခုခံထားပြီး အမှတ် (၂) ဗြိတိသျှတပ်မ စစ်ကူရောက်လာသည်အထိ စောင့်ဆိုင်းရန် ဖြစ်၏။

ကျွန်ုပ်နှင့် ဗိုလ်ချုပ်ကလေးရန်ကင်းတို့သည် ကိုဟီးမားတောင်တန်းခံတပ်မှ နေ၍ ဆက်လက်ခုခံထားပြီး အမှတ် (၂) ဗြိတိသျှတပ်မစစ်ကူရောက်လာသည်အထိ စောင့်ဆိုင်းရန် ဖြစ်၏။ ကျွန်ုပ်နှင့် ဗိုလ်ချုပ်ကလေးရန်ကင်းတို့သည် ကိုဟီးမားတောင်တန်းခံတပ်မှပင် စစ်ကူရောက်လာသည်အထိ ခုခံနေရန် ဆုံးဖြတ်လိုက်ပြီးသည့်နောက် အမှတ် (၁၆၁) တပ်မဟာအား လေမုန်တိုင်းတိုက်သကဲ့သို့ အပြင်းထန်ချီတက်လာသော ရန်သူ့တပ်မကို ခံတပ်အနီးသို့ ချဉ်းကပ်မလာနိုင်အောင် ခေတ္တခဏမျှ ဟန့်တားထားနိုင်ရန် တာဝန်ပေးလိုက်သည်။

ထို့နောက် တပ်မှူး၊ ဗိုလ်မှူးတို့အား စုဝေးစေကာ လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို ဆွေးနွေးပြီးနောက် အောက်ပါတာဝန်သုံးရပ်ကို သက်ဆိုင်ရာ တပ်မှူးများအား သတ်မှတ်ပေးလိုက်၏။

(၁) ဒိုင်မာပူတာတွယ်ရေးကို ပြင်ဆင်ထားရန်နှင့် လာရောက်တိုက်ခိုက်ပါက ကြံ့ကြံ့ခံ၍ ထိန်းသိမ်းထားရန်။

(၂) တိုဟီးမားတွင် အင်အားထပ်ဖြည့်၍ လေ့ခွက်ချည်းကျန်သည့်တိုင် အလံမလှဲဘဲ ခုခံတိုက်ခိုက်ရန်။

(၃) လမ်းခုလတ်တွင် ရောက်နေသော စစ်ကူတပ် အများအပြားအတွက် နေရာချထားရေး၊ စားသောက်ရေးနှင့် တိုက်ပွဲတွင် ချက်ချင်း ပါဝင်တိုက်ခိုက်နိုင်ရေးအတွက် အမြန်ဆုံးပြင်ဆင်ထားရန်။

တပ်မှူးများ စုပေါင်း၍ ဆွေးနွေးလိုက်ခြင်းဖြင့် ကျွန်ုပ်တို့ကိုယ်ထဲစိတ်ထဲတွင် ယုံကြည်ချက်များ ပြင်းထန်လာသည့် လက္ခဏာကို တွေ့ရ၏။ အမှတ် (၁၆၁)မှ တပ်မဟာတပ်မှူးဖြစ်သူ ဝါရန်သည် ကျွန်ုပ်နှင့် မတ်လ (၂၉)ရက်နေ့တွင် ဒိုင်မာပူ၌ ဆွေးနွေးပြီး သူ့တပ်မဟာကို ကိုဟီးမားသို့ ချီတက်စေသည်။ မတ်လ(၃၀)ရက်နေ့၌ သူ့တပ်မဟာ တပ်ရင်းတစ်ရင်းသည် ကိုဟီးမားတောင်ဘက် မိုင် (၂၀)အထိ ချီတက်တိုက်ခိုက်နေပြီးလျှင် ကျန်တပ်များက အာသံတပ်ဖွဲ့အား ကိုဟီးမားသို့ ဆုတ်လာနိုင်ရေးအတွက် အကာအကွယ်ပေးနေပေပြီ။

ဤအချိန်တွင် ကျွန်ုပ်သည် ဒိုင်မာပူမှ ထွက်လာခဲ့ပြီး ဗိုလ်ချုပ်ကလေးရန်တင်းအား သူ၏အဓိကတာဝန်မှာ ဒိုင်မာပူကျမသွားအောင် ကာကွယ်ရန်ဖြစ်သည်ဟု ထပ်မံ၍ စာဖြင့် ညွှန်ကြားလိုက်၏။



ဤကဲ့သို့ ညွှန်ကြားလိုက်သည့် အခိုက်အတန့်တွင်ပင် "ရန်သူသည် ဒိုင်မာပူအား ဝင်စီးနိုင်လောက်သည့်ခရိုသို့ ရောက်လာပြီ"ဟူသော သတင်းက ပေါ်ထွက်လာ၏။ ကျွန်ုပ်၏ထပ်မံညွှန်ကြားချက်ကို ရရှိထားသည့်ရန်ကင်းသည် ဒိုင်မာပူအတွက် များစွာစိုးရိမ်ကာ ကိုဟီးမားတောင်ဘက်တွင် တိုက်ပွဲဝင်နေသော ဝါရန်၏တပ်မဟာအား မတ်လ(၃၁) ရက်နေ့ ညနေ နီချူဂတ်တောင်ကြားဆီသို့ အရောက်ချီတက် တပ်စွဲပြီးဖြစ်နေစေရမည်ဟု အမိန့်ပေးလိုက်တော့သည်။

နီချူဂတ်တောင်ကြားလမ်းကား ဒိုင်မာပူ အရှေ့တောင်ဘက် (၈)မိုင်သာ ကွာဝေးသော လမ်းတည်း။ ဝါရန်သည် ကိုဟီးမားရှေ့တန်းစစ်မျက်နှာပြင်မှ အပြင်းဆုတ်ခွာကာ နီချူဂတ်သို့ ချီတက်လာရသည်။ သို့သော် ရန်ကင်း ရရှိထားသော သတင်းမှာ သတင်းမှန် မဟုတ်ဘဲ ကောလာဟလသာ ဖြစ်နေသည်ကို တွေ့ရ၏။ ကိုဟီးမား၏ ရှေ့တန်းစစ်မျက်နှာမှ ဝါရန်၏ တပ်မဟာကို ဆုတ်ခွာလာခဲ့ခြင်းဖြင့် ရန်သူ့အဖို့ တက်လမ်းသာသွားတော့၏။

ဤကား ကံဆိုးကြုံချင်သဖြင့် ဆုံလာရသော အဖြစ်အပျက်တည်း။ အကယ်၍သာ ဝါရန်၏တပ်မဟာကို ကိုဟီးမားရှေ့တန်းစစ်မျက်နှာတွင် ဆက်လက်တပ်စွဲရန်ထားနိုင်ခဲ့လျှင် ဝါရန်သည် ရန်သူ(၃၁)တပ်မတော်၏ ချီတက်မှုကို ရက်အတန်ကြာအောင် ဟန့်တားထားနိုင်မည် ဖြစ်တာ ကိုဟီးမားတိုက်ပွဲ၏ စစ်သမိုင်းစဉ်သည်လည်း တစ်မျိုးတစ်ဖုံ ထူးခြားပြောင်းလဲခဲ့မည်သာ ဖြစ်သည်။

ဝါရန်၏ အမှတ်(၁၆၁)တပ်မဟာကို ရှေ့တန်းစစ်မျက်နှာမှ ရုတ်သိမ်းလိုက်လျှင် ကိုဟီးမားမြို့ကို ကာကွယ်နေသော တပ်များအတွက် ပို၍ အခက်တွေ့လာတော့သည်။ ဝါရန်၏တပ်များ အကာအကွယ်ဖြင့် မြို့တွင်းသို့ ဆုတ်နေသော အာသံတပ်ဖွဲ့မှာလည်း တိုးလိုးတစ်လစ် ဖြစ်တာ ပို၍ အထိနာလာတော့၏။

အာသံတပ်ဖွဲ့မှ စစ်သည်တော်များသည် အကျအဆုံးများနေလျက်နှင့်ပင် ဆက်လက်ခုခံရင်း လူ (၂၀၀)ခန့်ပါသော တပ်တစ်တပ်တ ကိုဟီးမားမြို့တွင်းသို့ ရောက်ရှိလာနိုင်ကာ မြို့စောင့်တပ်နှင့် ပူးပေါင်းလိုက်နိုင်ပြီး ကျန်အဖွဲ့သားများက ရန်သူ့ဝိုင်းဝန်း တိုက်ခိုက်မှုတို့ ရှောင်ကွင်းရင်း ဝါရန်တပ်မဟာနှင့် ဆက်မိသွားသည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ကွပ်ကဲရသော တိုက်ပွဲများ စပြီတု ဆိုသည်နှင့်တစ်ပြိုင်နက် သောကထွေထွေဖြင့် စိတ်မငြိမ်သည့် ဝေဒနာတို့ ခံရ၏ ဖြစ်၏။ သို့သော် မည်သည့်တိုက်ပွဲမျှ ကိုဟီးမားလောက် ကျွန်ုပ်အား ဦးနှောက်ခြောက်စေသော တိုက်ပွဲ မရှိပါချေ။

သို့သော် ကျွန်ုပ်အတွက် ကံကောင်းထောက်မသည်မှာ ကိုဟီးမားစစ်မျက်နှာတွင် ကျွန်ုပ်နှင့်ရင်ဆိုင်ရသော အမှတ်(၂၁)တပ်မ၏

www.burmeseclassic.com

www.burmeseclassic.com

ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ် "ဆာတို"မှာ ကျွန်ုပ်နှင့် ပခုံးချင်းယှဉ်ရလေသော ဂျပန်စစ်သူကြီးများအနက် ကျွန်ုပ်နှင့် "တန်းမဆိုင်"ဆုံးသော စစ်သူကြီး တစ်ယောက် ဖြစ်သည်ကို တွေ့ရသောကြောင့်တည်း။

ထို့ကြောင့် "ကိုဟီးမား"တိုက်ပွဲအစတွင် ဦးနှောက်ခြောက်ခဲ့ရသလောက် နောက်ပိုင်းတွင် ခေါင်းအေးအေး ထားနိုင်ခဲ့၏။ မည်သည့် ရန်သူစစ်သူကြီးမဆို ကိုဟီးမား စစ်မျက်နှာတွင် ကျင့်သုံးသင့်သည့် သေနင်္ဗျူဟာမှာ မိမိနှင့်အတူပါလာသော တပ်မမှ အချို့သောတပ်ဖွဲ့တို့အား "ကိုဟီးမား"ကို စွယ်ယောင်ပြ တိုက်နေစေပြီးနောက် "ဒိုင်မာပူ"ကိုသာ အလုံးအရင်းကြီးစွာဖြင့် တိုက်ရန်ဖြစ်သည်။ ဤသို့သော သေနင်္ဗျူဟာကို ကျင့်သုံးခဲ့သည် ရှိသော် မည်သည့်စစ်သူကြီးမဆို "ဒိုင်မာပူ"ကို တစ်နည်းနည်းဖြင့် သိမ်းယူနိုင်မည် မုချဖြစ်သည်။ "ဒိုင်မာပူ"သာ ရန်သူ့လက်သို့ ကျသွားခဲ့လျှင် အရင်းလဲက အဖျားထင်းဖြစ်ဟူသော စကားအတိုင်း "ကိုဟီးမား"သည်လည်း အလိုအလျောက်ပင် ရန်သူ့လက်ထဲသို့ ရောက်လာတော့မည် ဖြစ်သည်။

"ကိုဟီးမား"စစ်မျက်နှာတွင် ကျွန်ုပ်နှင့် ယှဉ်ပြိုင်ရသော ဂျပန်စစ်သူကြီး "ဆာတို"မှာမူ ဤအချက်ကို မမြင်ဘဲ အမေမှာလျှင် မှာသည့်အတိုင်း 'ကိုဟီးမား"ကိုသာ တစ်တိုက်တည်း ဆင့်ကာဆင့်ကာ တိုက်နေတော့သည်။ "ဆာတို"အား အထက်မှ ပေးလိုက်သောအမိန့်မှာ "ကိုဟီးမား"ကို သိမ်းယူရန်၊ အခိုင်အလုံ တပ်စွဲထားရန် ဖြစ်၏။ "ဆာတို"သည် "ကိုဟီးမား"ကို မသိမ်းဘဲနှင့်လည်း ကျွန်ုပ်တို့အား အကြီးအကျယ် အထိနာအောင် လုပ်နိုင်သည့် နည်းလမ်းများ ရှိနေသည်ကို ခေါင်းထဲတွင်ပင် ထည့်၍ စဉ်းစားခဲ့မိပုံ မပေါ်။

"ဆာတို"သည် "ကိုဟီးမား"ကို တိုက်ခိုက်ရန် တပ်ဖွဲ့အချို့ကို ချန်ထားခဲ့ပြီးနောက် "ဝါရန်"၏ တပ်မဟာ တပ်စွဲထားသော "နီရှူဂတ်" တောင်ကြားလမ်း အရှေ့ဘက်သို့ တောလမ်းတောင်လမ်းအတိုင်း ချီတက်လာပြီးနောက် ကျွန်ုပ်တို့၏ အဓိကအရေးပါသော ရထားလမ်းကို အလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့သော် . . .

ကျွန်ုပ်သည် "ဆာတို"ကိုယ်စား စိတ်ကူးဖြင့် စစ်ဆင်မိသည်။ သို့သော် "ဆာတို"ကား "ကိုဟီးမား"ကိုသာ ဆက်၍ တိုက်နေချေတော့၏။ ကျွန်ုပ်သည် "ကိုဟီးမား"သို့ တက်လာနိုင်မည့် ရန်သူ့အင်အားကို လျှော့၍ တွက်ခဲ့မိ၏။ ထိုသို့ မှားယွင်းတွက်ခဲ့မှုကြောင့် ကျွန်ုပ်သည် ထိုအမှားကို ခါးကျိုးလုမတတ် ကုန်း၍ ခံခဲ့ရသည်။ ယခုမူ ကျွန်ုပ်မှားသည်ထက် ပို၍ မိုက်သော "ဆာတို"ကို တွေ့နေရသည့်အတွက် ကျွန်ုပ်အဖို့ အသက်ရှူချောင်လာရတော့သည်။

"ကိုဟီးမား"တိုက်ပွဲနောက်ပိုင်းတွင် အချို့သော လေတပ်မတော် အရာရှိများက "ဆာတို"၏ ဌာနချုပ်အား လေကြောင်းမှ တိုက်ခိုက်ချေ



မှုန်းရန် စီစဉ်သည်ကိုပင် ကျွန်ုပ်က ကန့်ကွက်ခဲ့သည်။ လေတပ်မတော် အရာရှိများသည် ကျွန်ုပ်ကို ပါးစပ်အဟောင်းသားနှင့် ကြည့်နေကြလေသည်။

"ကျုပ်ကို ကူပြီးတိုက်ပေးတဲ့ စစ်သူကြီးတွေထဲမှာ 'ဆာတို'ဟာ ကျုပ်အတွက် အကူအညီအရဆုံး စစ်သူကြီးတစ်ယောက်ပဲ"

ကျွန်ုပ်သည် လေတပ် အရာရှိများအား ဖြစ်ပေါ်သော အခြေအနေကို အထက်စကားဖြင့် ပလ္လင်ခံ၍ ရှင်းလင်းပြခဲ့ရလေသည်။ မတ်လ (၂၃)ရက်နေ့တွင် အမှတ် (၃၃)တပ်မကြီးကို ဦးစီးသော ဗိုလ်ချုပ်မွန်တေဂူစတော့ဖို့သည် ဌာနချုပ် အဖွဲ့သားအချို့နှင့်အတူ ကျွန်ုပ်၏ ဌာနချုပ်ရှိရာ "ကိုဟီးမား"သို့ ဆိုက်ရောက်လာသည်။

ဧပြီလ (၃)ရက်နေ့တွင် အာသံ-မီးရထားလမ်းပေါ်ရှိ "ဂျော်ဟတ်"၌ စတော့ဖို့၏ အမှတ် (၃၃)ဌာနချုပ်ကို ဖွင့်ခိုင်းလိုက်သည်။ "ဒိုင်မာပူ"နှင့် (၆၅)မိုင်ကွာသော နေရာတည်း။ နောက်နေ့တွင် "ရန်ကင်း"ထံမှ တိုက်ခိုက်ရေးတာဝန်များကို စတော့ဖို့က လွှဲယူလိုက်၏။

ဤအတွင်း "ကိုဟီးမား"အခြေအနေမှာ ပို၍ ဆိုးလာသည်။ စတော့ဖို့သည် "နီရှူဂတ်" တောင်ကြားလမ်းမှ "ဝါရန်"၏ တပ်မဟာကို ဧပြီလ (၄)ရက်နေ့တွင်ပင် "ကိုဟီးမား"သို့ ချီလာရန် အမိန့်ပေးလိုက်သည်။ (၄)ရက်နေ့ညတွင် ရန်သူက ကျွန်ုပ်တို့၏ တပ်စခန်းအချို့ကို ဝင်ရောက်ဖျက်ဆီးပစ်နိုင်သည်။

(၅)ရက်နေ့ ညနေတွင် "ဝါရန်"၏ ရှေ့ပြေးတပ်ရင်း တစ်ရင်း ရောက်လာပြီး၊ ကျန်တပ်များကမူ ခပ်လှမ်းလှမ်းမှ ကျင်းတူး၍ စောင့်နေ၏။ (၆)ရက်နေ့ နံနက်တွင် ရန်သူက မြို့ကိုဝိုင်း၍ သဲသဲမဲမဲ တိုက်ခိုက်ပြန်သည်။ "ဝါရန်"၏ တပ်မဟာသည် "ကိုဟီးမားတောင်တန်း"ကို ရန်သူ့လက်ထဲမှ ပြန်၍ ရယူရန် မတတ်နိုင်ဘဲ ဖြစ်နေလေသည်။

ဧပြီလ (၂)ရက်နေ့တွင် အိန္ဒိယတောင်ပိုင်းမှ လေ့ကျင့်မှုပြီးဆုံးလာသော အမှတ် (၂) ဗြိတိသျှတပ်မမှ ရှေ့ပြေးချီ တပ်အချို့ "ဒိုင်မာပူ"သို့ ရောက်လာသည်။ ကျန်တပ်များမှာ လမ်းခုလတ်တွင် ရှိနေသည်။

ထို့နောက် တင့်ကားတပ် တစ်တပ်နှင့် အမှတ် (၂၆၀)အိန္ဒိယ ယန္တရားတပ် မဟာတစ်ခုလည်း ကျွန်ုပ်တို့ထံသို့ စစ်ကူရောက်လာလေသည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ ဌာနချုပ်ဖြစ်သော "ကိုမီလာ"မှ "ဒိုင်မာပူ"နှင့် "အင်ဖာ"သို့ လွမ်းအိမ်ကလေးကဲ့သို့ လျင်မြန်စွာ အခေါက်ခေါက် အခါခါ သွားလာရင်း ကျွန်ုပ်တို့အတွက် လင်းရောင်ခြည်ကလေး တလက်လက် ပေါ်ထွက်လာသည်ကို မေးမှုန်စွာ မြင်လာရသည်။

ရှေ့အဖို့ ကျွန်ုပ်တို့သည် ပြင်းထန်သော တိုက်ပွဲကြီးများကို ဆက်လက်ရင်ဆိုင်ရဦးမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

စစ်မျက်နှာတိုင်းတွင် ကျွန်ုပ်တို့၏ တပ်များသည် မိမိတို့ထက် အဆများစွာ သာလွန်သော ရန်သူကို တွေ့နေရစေကာမူ အနိုင်မခံ အရှုံးမပေးသော စိတ်ဖြင့် တိုက်နေဆဲပင် ရှိသည်။

သို့တိုင်အောင် ကျွန်ုပ်တို့ဘက်မှ မည်သည့်အရေးကြီးသည့် မြို့ကိုမျှ ရန်သူ့လက်သို့ မကျသေး။

စစ်ကူတပ်များသည် ကျွန်ုပ်တို့ဆီသို့ မှန်မှန်ရောက်လာနေပေပြီ။

✤✤✤

## အခန်း (၁၁)

ကျွန်ုပ်၏အမှတ် (၁၄)တပ်မတော်ဌာနချုပ်တွင် ကျွန်ုပ်တို့သည် ကိုဟီးမားနှင့် အင်ဖာစစ်မျက်နှာမှ ခွေးပြေး ဝက်ပြေး ထွက်ပြေးရသော ရန်သူအား မည်ကဲ့သို့ လိုက်လံတိုက်ခိုက်၍ မြန်မာပြည်တိုက်ပွဲအား မည်သည့်နည်းဖြင့် အပြီးသတ်စေမည်ဆိုသည့် အချက်များကိုပင် စဉ်းစားနေရပေပြီ။

မြန်မာပြည်တိုက်ပွဲစဉ်တွင် ပထမဆုံး အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးခဲ့သော အင်ဖာတိုက်ပွဲသည် (၁၉၄၄)ခုနှစ် မတ်လမှ ဇွန်လသို့ ရောက်သည်အထိ (၄)လတိုင်တိုင် သဲသဲမဲမဲ တိုက်ခိုက်ရပြီးနောက် ကျွန်ုပ်တို့ဘက်မှ အောင်လံကို လွှင့်ထူနိုင်သော အခြေသို့ ရောက်လာခဲ့ပေပြီ။

ရခိုင်စစ်မျက်နှာတွင်လည်းကောင်း၊ ယူနန်စစ်မျက်နှာတွင်လည်းကောင်း၊ အင်ဖာစစ်မျက်နှာတွင်လည်းကောင်း အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရလေသော မြန်မာပြည်စစ်ဒေသဆိုင်ရာ ဂျပန်စစ်သူကြီး တဝါဘီသည် ရမိတွေ့ရှိသမျှသော စစ်သည်ရဲမက်တို့ကို စုရုံး၍ ကျွန်ုပ်၏အမှတ် (၁၄) တပ်မတော်ကြီး မြန်မာပြည်အတွင်းသို့ ဝင်ရောက်တိုက်လာမည့် ရန်ကို ကြိုတင်၍ စီမံကာကွယ်လေသည်။

ယခုအချိန်၌ ကျွန်ုပ်တို့သည် ဗိုင်မာပူနှင့် အင်ဖာအကြားရှိ ဆက်သွယ်ရေးလမ်းကြောင်းဟူသမျှတို့ကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး အင်ဖာ-ယုဝ-ထမန်သီ ဒေသတွင် ကြွင်းကျန်နေသေးသော ရန်သူတစ်ရှဲ ယဲကလေးများကို ရှင်းလင်းသုတ်သင်နေကာ ယုဝ-ထမန်သီဒေသမှ နေ၍ ချင်းတွင်းကို ကျော်ဖြတ်တိုက်ခိုက်ရန် ပြင်ဆင်လျက် ရှိသည်။

ကျွန်ုပ်တို့တပ်များသည် ဇူလိုင်လအတွင်း၌ တမူးကို သိမ်းယူပြီး နောက် တမူးတောင်ဘက် မိုင် (၃၀)အကွာမှ ထင်းစင်းတို့ ဖြတ်လျှော့ဝင်စီးလိုက်သည်။

စက်တင်ဘာလ (၁၁)ရက်နေ့တွင် ချင်းတွင်းမြစ်ပေါ်ရှိ သော ဆိပ်ကမ်းမြို့ကလေးဖြစ်သော မော်လိုက်ကို တိုက်ခိုက်သိမ်းယူရန် ချီတက်သွားသော ကျွန်ုပ်တို့၏ တပ်ရင်းတစ်ရင်းသည် နယ်မြေအနေအထား

www.burmeseclassic.com

www.burmeseclassic.com

ခတ်ခဲမှုနှင့် [redacted] အသေအလဲခုခံမှုကြောင့် ရက်သတ္တသုံးပတ်ကြာသည့်တိုင် မြို့ကလေးကို သိမ်းမယူနိုင် ဖြစ်နေခဲ့၏။

ထိုတပ်ရင်းသည် အကြိတ်အနယ်တိုက်ရသော တိုက်ပွဲကလေးပေါင်းများစွာနှင့် အဆင့်ဆင့် တိုက်ရပြီးနောက် နိုဝင်ဘာလ (၁၀)ရက်နေ့တွင်မှ မော်လိုက်ကို သိမ်းယူနိုင်ခဲ့သည်။ မော်လိုက်တွင် တိုက်ပွဲပြင်းထန်နေစဉ် အာသံတပ်ဖွဲ့မှ အမှတ်(၁)တပ်ရင်းသည် ချင်းတွင်းကို အလစ်တွင် ဖြတ်ကူးပြီးနောက် မော်လိုက်နှင့် မျက်နှာချင်းဆိုင်ရှိ ချင်းတွင်းအရှေ့ဘက်ကမ်းတွင် ခြေကုပ်စခန်း တည်ဆောက်လိုက်၏။

မော်လိုက်မှနေ၍ ချင်းတွင်းအနောက်ဘက်ကမ်းအတိုင်း တောင်ဘက်သို့ ချီတက်လာသော အရှေ့အာဖရိကတပ်သည် ကလေးဝကို သိမ်းယူရန် ခြိမ်းခြောက်လာလေသည်။ ဤအတွင်း ကဘော်ချောင်းအတိုင်း လေတပ်အကူအညီဖြင့် ချီတက်လာသော ပင်မစစ်ကြောင်းတစ်ကြောင်းသည် နိုဝင်ဘာလ(၂)ရက်နေ့၌ ကလေးမြို့နှင့် (၁၂)မိုင်ကွာသို့ ရောက်ရှိလာသည်။ ရန်သူသည် ကလေးမြို့မှနေ၍ အကြီးအကျယ် ခုခံရန် ပြင်ဆင်ထားသည်ကို တွေ့ရသည်။

ပင်မစစ်ကြောင်းမှ တပ်မဟာတစ်ခုက ကလေးမြို့ကို စွယ်ယောင်ပြ၍ တိုက်နေစဉ် ဒုတိယတပ်မဟာတစ်ခုက ကလေးမြို့ကို တွင်းဝိုက်၍ ချီတက်လာပြီးနောက် မြို့နှင့်ငါးမိုင်ကွာ နေရာတွင် တပ်စွဲလိုက်သည်။

ဒုတိယတပ်မဟာသည် ဤနေရာမှနေ၍ မြို့ထဲသို့ အမြောက်ဆံများပစ်သွင်းတိုက်ခိုက်ပြီးနောက် နောက်တစ်နေ့တွင် ကလေးမြို့နှင့်ဖို့ဝိုက်ခံတပ်မြို့ကလေးတို့၏ ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်ပစ်ရန် တိုက်ကင်းအဖွဲ့များကို စေလွှတ်လိုက်သည်။ ဤတိုက်ကင်းအဖွဲ့များမှ အဖွဲ့တစ်ဖွဲ့သည် ကင်းလှည့်ထွက်ရင်း အမှတ် (၅) အိန္ဒိယတပ်မမှ ကင်းအဖွဲ့တစ်ခုနှင့် သွား၍ ဆုံမိသည်။ တိုက်ကင်းအဖွဲ့နှစ်ဖွဲ့သည် အတူတကွပင် ကလေးမြို့သို့ ဝင်နိုင်ခဲ့လေသည်။

ဇူလိုင်လ (၁၈)ရက်နေ့တွင် အမှတ် (၅) အိန္ဒိယတပ်မသည် တီးတိန်လမ်းအတိုင်း စနစ်တကျ ဆုတ်ခွာနေသော ဂျပန်အမှတ် (၃၃) တပ်မအား လိုက်လံတိုက်ခိုက်ရင်း ဇူလိုင်လ (၃၁)ရက်နေ့တွင် အင်ဖာတောင်ဘက် (၄၂)မိုင်သို့ ရောက်လာသည်။ သြဂုတ်လ (၂၃)ရက်နေ့တွင် မိုင်တိုင်အမှတ် (၈၅)အထိ ခရီးပေါက်လာ၏။

တပ်မသည် မိုးရာသီ စစ်ဆင်ရေး အခက်အခဲများကြောင့်လည်းကောင်း၊ လမ်းတွင် ရန်သူကို ချေမှုန်းရင်း ချီတက်ရသောကြောင့်လည်းကောင်း ပျှမ်းမျှခြင်းအားဖြင့် တစ်နေ့မှ နှစ်မိုင်သာ ခရီးရောက်နိုင်သည်။ ဆုတ်ခွာလေသော ရန်သူဘက်တွင် ကျွန်ုပ်တို့၏ တိုက်ခိုက်မှုနှင့် ငှက်ဖျားရောဂါ၊ ဝမ်းကိုက်ရောဂါများကြောင့် ကျဆုံးသူဦးရေ များပြားလှသည်။



ကျွန်ုပ်တို့ဘက်တွင် တိုက်ခိုက်မှုများကြောင့် ကျဆုံးသူ နည်းပါးသလောက် ငှက်ဖျားနှင့် ဝမ်းရောဂါကြောင့် သေဆုံးသူ အလွန်များပြားလှသည်။ (၂၆)ရက်တိုင်တိုင် ချီတက်လာခဲ့သော တပ်မဟာတစ်ခုသည် ရန်သူ့လက်ချက်ကြောင့် လူ (၉)ယောက်သာသေ၍ (၈၅)ယောက်သာ ဒဏ်ရာရခဲ့သော်လည်း ငှက်ဖျားနှင့် ဝမ်းကိုက်ရောဂါကြောင့်မူ လူပေါင်း (၅၀၀)ကျော် ပျက်စီးခဲ့ရလေသည်။

အမှတ် (၅) အိန္ဒိယတပ်မသည် စက်တင်ဘာလ (၁၆)ရက်နေ့တွင် ကိုက် (၁၀၀)ခန့် ကျယ်၍ တစ်နာရီလျှင် (၁၂)မိုင်နှုန်း စီးဆင်းနေသည့် မဏိပူရမြစ်ကို ဖြတ်ကူးကြ၏။ ဤတိုက်ပွဲတွင် ရန်သူ့အလောင်း (၉၀)ကို ရေတွက်ရရှိပြီး (၁၅၅)မီလီမီတာ အမြောက်ကြီးများကိုလည်း သိမ်းဆီးရမိလိုက်သည်။

တပ်မတစ်ခုလုံး မဏိပူရမြစ် သည်ဘက်လမ်းသို့ ရောက်လာရန်ကြိုးစားနေစဉ် ရှေ့ပြေးချီ တပ်မဟာ (၁၂၃)သည် ခရီးလမ်းပန်း ခက်ခဲနေသည့်ကြားကပင် တပ်ဖြန့်၍ ချီတက်သွားပြီးနောက် အောက်တိုဘာလ (၁)ရက်နေ့တွင် တီးတိန်မြို့အရှေ့ဘက် ခရီးအတန်ကွာသို့ ရောက်လာသည်။ ရန်သူ၏ အမှတ် (၃၃)တပ်မမှ တပ်အချို့သည် တီးတိန်မြို့ကို အုပ်စိုးထားမှု ရှိရုံမက တီးတိန်သို့ ရောက်နိုင်သော အဓိကလမ်းမကြီးကိုလည်း စိုးမိုးထားသည်။ ရန်သူသည် ကျွန်ုပ်တို့၏ တိုက်စစ်ကို တန်ပြန်တိုက်စစ်ဆင်၍ လည်းကောင်း၊ ခံစစ်ချည်းပြု၍ လည်းကောင်း ခုခံသည်။

သို့သော် ကြာရှည် မခုခံနိုင်။

ကျွန်ုပ်တို့သည် ချောကလက် လှေကားထစ်စခန်းဟု နာမည်ကျော်နေသော တီးတိန်ကို ရန်သူ့လက်ထဲမှ အောက်တိုဘာလ (၁၇)ရက်နေ့တွင် သိမ်းယူရရှိလိုက်လေသည်။ တီးတိန်လမ်းတွင် (၇)မိုင်ခရီးရောက်တိုင်း ပေ(၃၀၀၀)မြင့်သောတောင်ကို ကျော်ရလျက် လမ်းတစ်လျှောက်လုံးတွင် ဆံထိုးကဲ့သို့ ကွေ့ကောက်သော လမ်းကွေ့ပေါင်း (၃၈) ခုတို့တွေ့ရပြီး၊ (၁၂) မိုင်လျှင် မတ်စောက်သော တောင်ဆင်းတောင်တက်တစ်ခုစီ ရှိနေသည်။ လမ်းအောက်ခံသည် ကျောက်သားဖြစ်သော်လည်း အပေါ်တွင် မြေလွှာထုက ဖုံးနေသောကြောင့် မိုးတွင်းတွင် ရွှံ့ဗွက်များတခြေဆစ်မြုပ်အောင် ထူနေသည်။ ခဏခဏ ပြို၍ ကျတတ်သဖြင့်လည်းလမ်းမှာ မကြာခဏ ပိတ်ဆို့နေတတ်သည်။ ဤလမ်းမှ ချီတက်ခဲ့ရသော ကျွန်ုပ်တို့၏ စစ်သည်ရဲမက်တော်တိုင်း ချောကလက် လှေကားထစ်ကို မေ့၍ ရနိုင်ကြမည် မဟုတ်ချေ။

တီးတိန်ကို သိမ်းယူရရှိပြီးနောက် ရန်သူများ ဖွဲ့နဘဲ ကြီးစွာပြင်ခုခံနေသော သေမင်းထောင့်ချိုးခံတပ်နှင့် တနေဗီထောင်တုန်းကို တိုက်ခိုက်ရပြန်သည်။ သေမင်းထောင့်ချိုးခံတပ်မှာ အလွန်မြင့်သော ကျောက်ကမ်းပါးရုံကြီးကို ထွင်းဖောက်တည်ဆောက်ထားသော ခံတပ်ဖြစ်လျှက်

www.burmeseclassic.com

www.burmeseclassic.com

...နေရာမှ မပေရှုစထောင်မြှင့်ပြီး ...

သွားလမ်းကို အုပ်မိုးနေသည်။

ရန်သူသည် ဤခံတပ်နှစ်ခုမှနေ၍ ကျွန်ုပ်တို့အား ချေမှုန်းပေတော့မည်။ အမှတ်(၅) အိန္ဒိယတပ်မကို ယခုအချိန်တွင် ဦးစီးနေသော ဗိုလ်ချုပ် **ဝါရန်**သည် ထုထည်ကြီးမားလှသော ရန်သူ့ခံတပ်ကြီးနှစ်ခုကို ရှေ့မှ နေ၍ ရင်ဆိုင်မတိုက်ဘဲ ပတ်လည်စစ်ခံ၍ တိုက်ရန်ကြံစည်သည်။

အမှတ် (၁၆၁) တပ်မဟာအား ညာဘက်မှ ဝန်းဝိုက်၍ ချီတက်လာစေပြီး ဖို့ဝိုက်တောင်ဘက် (၂)မိုင်ကွာမှနေ၍ လမ်းဆုံကို ချီတက်စေပြီး တပ်ရင်းတစ်ရင်းကိုမူ ဘယ်ဘက်မှ ဝိုက်၍ ချီတက်ကာ ဖို့ဝိုက်အရှေ့ဘက် (၁၀)မိုင်ကွာလောက်မှ ကလေးမြို့လမ်းကို တိုက်စေသည်။ အမှတ် (၁၆၀) တပ်မဟာသည် **ဖို့ဝိုက်-တလေးမြို့လမ်းဆုံ**အထိ ချောမောစွာ ရောက်သွားသော်လည်း ဘယ်ဘက်မှ ဝိုက်၍ ချီတက်လာသော တပ်ရင်းမှာ **တနေဗီ**တောင်ကုန်း အရှေ့ဘက် (၁၂)မိုင်အကွာရှိ တောတောင်များကို ရန်သူနှင့် ရင်ဆိုင်နေရကာ ရည်မှန်းရာပစ်မှတ်များဆီသို့ မရောက်နိုင်ဘဲ ဖြစ်နေတော့သည်။

ကျ အချိန်တွင် **ဝါရန်**သည် ကျန်နေသော တပ်များအား တင့်ကားတပ် အကူအညီဖြင့် ရှေ့မှတက်၍ တိုက်စေသည်။ တပ်ဦးချီ အမှတ် (၉) တပ်မဟာသည် တပ်ရင်းတစ်ရင်းကို **တနေဗီတောင်ကုန်း**၏ တောင်ဘက်တွင် ရှိသောလမ်းကို ဖြတ်တောက်၍ အခိုင်အမာ နေရာယူထားစေသည်။ အင်္ဂလိပ်နှင့် အမေရိကန်လေယာဉ်များက ခံတပ်ကြီးနှစ်ခုပေါ်သို့ ဗုံးများ စိမ်ပြေနပြေကြဲကာ တအိအိပြိုကျလာအောင် တိုက်ခိုက်နေသလို မြေပြင်မှ အဝေးပစ် အမြောက်များနှင့် စိန်ပြောင်းများကလည်း ခံတပ်တွင်းရှိ ရန်သူများကို ခေါင်းမဖော်နိုင်အောင် ပစ်ခတ်ပေးသည်။

ရက်ပေါင်းအတန်ကြာအောင် တိုက်ခိုက်ရပြီးနောက် ရန်သူ့ ခုခံမှုအားနည်းလာသည်ကို တွေ့ရ၏။ ခံတပ်များမှ ဆုတ်ခွာထွက်ပြေးလာသူ အချို့မှာ အမှတ် (၉)တပ်မဟာမှ စေလွှတ်ထားသော တပ်ရင်း၏ ချေမှုန်းသုတ်သင်ခြင်းကို ခံရတော့သည်။

နိုဝင်ဘာလ (၄)ရက်နေ့တွင် **ဝါရန်တပ်မ**သည် **တနေဗီတောင်ကုန်း**ကို သိမ်းယူနိုင်ကာ သေမင်းထောင်ချောက်ခံတပ်ကိုလည်း ဖျက်ဆီးပစ်နိုင်ခဲ့ပြီ ဖြစ်၏။ ဤခံတပ်နှစ်ခုမှ ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားနေသော ရန်သူများမှာ ကျွန်ုပ်တို့၏ စစ်သည်ရဲမက်တော်တို့ လက်ချက်ဖြင့်လည်းကောင်း၊ တင့်ကားများ၏ ဒဏ်ချက်ဖြင့်လည်းကောင်း အတုံးအရုံး ကျဆုံးကုန်ကြတော့သည်။

နိုဝင်ဘာလ (၈)ရက်နေ့တွင် ဖို့ဝိုက်ကို ကျွန်ုပ်တို့က သိမ်းပိုက်နိုင်ပြီး (၁၃)ရက်နေ့တွင် လူသူကင်းမဲ့နေသော ကလေးမြို့တွင်းသို့ ကျွန်ုပ်တို့ တိုက်ကင်းအဖွဲ့များ ဝင်ရောက်နိုင်ကြ၏။



အမှတ်(၅)အိန္ဒိယတပ်မတော်သည် အင်ဖာမှနေ၍ **ကလေးမြို့**အထိ ရန်သူအထပ်ထပ်နှင့် ခဲကတ်သော လမ်းခရီးကို အောင်မြင်စွာ ချီတက်တိုက်ခိုက်နိုင်ခဲ့ပေပြီ။ ဤတပ်မ တစ်ခုတည်းက တိုက်ခိုက်သုတ်သင်ခြင်းခံရသော ရန်သူအရေအတွက်မှာ မြင်မြင်ထင်ထင် တွေ့ရှိ မှတ်သားချက်အရပင် (၁၃၁၆)ဦး ဖြစ်သည်။ သုံ့ပန်း (၅၃)ဦး ဖမ်းဆီးရမိခဲ့သည်။

တပ်မဘက်မှ (၈၈)ဦး ကျဆုံး၍ (၂၉၃)ဦး ဒဏ်ရာရကာ (၂၂)ဦး ပျောက်ဆုံးခဲ့သည်။ ဤကား **အင်ဖာမှ ကလေးမြို့**အထိ တိုက်ပွဲအရှုံးအနိုင် စာရင်းများသာတည်း။ အောက်တိုဘာလ (၁၈)ရက်နှင့် (၁၉)ရက်နေ့များတွင် လူရှေ့တပ်မဟာက ချင်းတောင်ရှိ **ဖလမ်း**နှင့် **ဟားခါး**ကို သိမ်းမိသည်။ ဤတပ်မဟာသည် မြစ်သာမြစ်ဝှမ်းအတိုင်း ဆက်လက်ချီတက်ကာ မြစ်သာမြစ်ဝှမ်းတွင် ဂျပန်တို့၏ နောက်ဆုံးခြေကုပ်စခန်းဖြစ်သော ဂန့်ဂေါမှ ရန်သူများကို မောင်းထုတ်နိုင်ရန် လုံးပန်းနေသည်။

ဤလူရှေ့တပ်မဟာသည် ချောင်းများ၊ မြောင်းများ၊ တောများ၊ တောင်များ၊ ရွှံ့ဗွက်များဖြင့် အလွန် အသွားရအလာရ ခက်သော မိုင် (၂၀၀)ခန့်ကျယ်သည့် ဒေသတွင် ရန်သူ့နောက်ရန်တပ်များကိုလည်းကောင်း၊ တောင်ပံမှ တပ်များကိုလည်းကောင်း ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်ကာ အစွမ်းပြနိုင်၏။

အမှတ် (၅) အိန္ဒိယတပ်မနှင့် လူရှေ့တပ်မဟာတို့က **တီးတိန်**လမ်းတစ်လျှောက်တွင် လက်သံပြောင်နေကြစဉ် အမှတ် (၁၁)**အရှေ့အာဖရိက** တပ်မကလည်း ချင်းတွင်းကို ဖြတ်ကာ ကလေးဝတွင် **ခြေကုပ်စခန်း**ဖွင့်နိုင်အောင် ကြိုးပမ်းလျက်ရှိသည်။

**ကလေးဝ**သို့ သွားရာလမ်းသည် ကလေးမြို့အရှေ့ဘက် (၅)မိုင်အကွာရှိ **မြစ်သာမြစ်**၏ တောင်ကြပ်ကြားဆီသို့ ဦးတည်လျက်ရှိသည်။ ရန်သူသည် ဤတောင်ကြပ်ကြားထိပ်မှနေ၍ များစွာ ဒုက္ခပေးနေလေသည်။ တပ်မသည် ရန်သူ့စခန်းများ နောက်ကျောဘက်တွင် နေရာယူရန် ကြိုးစားသည်။ ရန်သူက တန်ပြန်တိုက်စစ်များကို အဆင့်ဆင့် ဆင်နေသို့ကြားကပင် ရမိသောနေရာကို လက်လွှတ်မခံဘဲ ဇွဲနဘဲဖြင့် ရပ်တည်၏။ တပ်မသည် ပင်အပ်စိုက်သလို တိုက်ရိုက်မှန်အောင် တိုက်ခိုက်သော လေတပ်အကူအညီဖြင့် **မြစ်သာမြစ်ကျဉ်းအတိုင်း** တရွေ့ရွေ့တက်သည်။

ရန်သူသည် ခေါင်းမာစွာပင် ခုခံနေသေးသည်။

ဒီဇင်ဘာလ (၂)ရက်နေ့တွင် ကျွန်ုပ်တို့၏ ဗုံးဒဏ်ကြောင့် ပြာပုံနှင့်ကျက်အစီးများသာ ဖြစ်နေသည့် ကလေးဝမြို့တွင်းသို့ အမှတ် (၁၁)

www.burmeseclassic.com

ချီ တက်လာကာ၊ နိုဝင်ဘာလ (၂၄)ရက်နေ့တွင် ချင်းတွင်းကို ဖြတ်ကူး ပြီးနောက် တလေးဝနှင့် မျက်နှာချင်းဆိုင်ရှိ ချင်းတွင်းအရှေ့ဘက်ကမ်းမှ ရန်သူများကို သုတ်သင်ပစ်လိုက်သည်။

ဒီဇင်ဘာလ (၃)ရက်နေ့ ညတွင် အမှတ် (၁၁) တပ်မမှ တပ်မဟာ နှစ်ခုသည် ချင်းတွင်းကို ဖြတ်ကူးကာ အရှေ့ဘက်ကမ်းတွင် ရှိနေသော ခြေကုပ်စခန်းကို တိုးချဲ့လိုက်နိုင်သည်။ နောက်တစ်နေ့ညတွင် ရန်သူက အပြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်သည့်တိုင် ကျန်တပ်များက ဆက်လက်၍ ကူးကာ ပျဉ်ချိုင်သို့ သွားရာလမ်းကို အုပ်စိုးထားနိုင်တော့သည်။

ရန်သူသည် ကျွန်ုပ်တို့တပ်များကို အကြိတ်အနယ် တိုက်ခိုက်ကြ ပါ၏။ သို့သော် ကျွန်ုပ်တို့၏ လေတပ်မှ ပုံးကြဲတိုက်ခိုက်သည့်ဒဏ်ကြောင့် အချို့သော စခန်းများကို ကျွန်ုပ်တို့ခြေကျင်တပ်သားများ မရောက်မီပင် စွန့်လွှတ်သွားကြသည်ကို တွေ့ရသည်။

ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် ကျွန်ုပ်တို့၏ အင်ဂျင်နီယာများက ပေပေါင်း (၁၁၅၄)ရှည်သော ဘေလီတံတားအစ်ခုကို ထိုနေ့တစ်ရက် တည်းနှင့်အပြီး ချင်းတွင်းမြစ်တွင် တည်ဆောက်လိုက်သည်။ ဘေလီ တံတားမှာ ရေမျက်နှာပြင်နှင့်အညီ ရေထဲတွင် ပေါ်လောပေါ် နေသော တံတားမျိုးတည်း။ ဤတံတားမှ ယက်မများကို မြစ်သာမြစ်ထဲတွင် အိန္ဒိယ ဝန်ထမ်းတပ်သားများက လှို့ဝှက်စွာ ဆက်စပ်တည်ဆောက်ပြီးနောက် ချင်းတွင်းမြစ်တွင်းသို့ မျှောယူလာခဲ့ခြင်း ဖြစ်သည်။

ရန်သူသည် ဤတံတားအား လေကြောင်းမှ လာရောက်တိုက်ခိုက် သော်လည်း ထိရောက်အောင်မြင်ခဲ့ခြင်း မရှိချေ။ ချင်းတွင်းအရှေ့ဘက် ကမ်းတွင် မိမိရရခြေကုပ်ယူနိုင်ပြီဖြစ်သော အမှတ် (၁၁) အရှေ့အာဖရိက တပ်မသည် ဒီဇင်ဘာလ (၁၃)ရက်နေ့၌ ရန်သူ့အခြေခံစခန်း ဖြစ်သော ရွှေကျင်ကို သိမ်းယူနိုင်ခဲ့၏။

ကျွန်ုပ်သည် ရွှေကျင်ရှိ ကျွန်ုပ်တို့တပ်များအား လှည့်လည်စစ်ဆေး ရင်း (၁၉၄၂)ခုနှစ် မြန်မာပြည်မှ ကျွန်ုပ်တို့ ဆုတ်ခွာရစဉ်က ထားပစ်ခဲ့ ရသော တင့်ကားများ၊ အမြောက်များကို သံချေးတက်လျက် တွေ့ရသည်။ ထိုစဉ်က ကျွန်ုပ်တို့ဆုံးရှုံးခဲ့ရသမျှကို အင်ဖာတိုက်ပွဲဖြင့် ထေ၍ရနိုင်ပေပြီ။

ဒေလီသို့ ချီတက်လော့ဟူသော ကြွေးကြော်သံကို ဇော်ဟစ်ရင်း အိန္ဒိယပြည်ကြီး တစ်ခုလုံးအား ဖက်ဆစ်ဖနောင့်အောက်တွင် ပြားပြား မှောက်နေအောင် ကြိုးပမ်းခဲ့သော ရန်သူများအား ကျွန်ုပ်တို့က အင်ဖာ လွင်ပြင်ပေါ်မှ ချင်းတွင်းအရှေ့ဘက်ကမ်း အလွန်အထိ မောင်းချနိုင်ခဲ့ ပေပြီ။ စ,ထားခဲ့သော မြန်မာပြည်ထိုးစစ်ကြီးကို ဆက်လက်ဆင်နွှဲရန်သာ ကျန်တော့သည်။

## အခန်း (၁၂)

ဆယ်လမျှ ဆက်၍ တိုက်ခဲ့လာခဲ့ရသော မြန်မာပြည်**စစ်မျက်နှာ** တစ်လျှောက်တွင် အင်ဖာတိုက်ပွဲသည် (၁၉၄၄)ခုနှစ် မတ်လမှ **နှင်လ** အထိ (၄)လတိတိ ကြာခဲ့၏။ မြန်မာပြည်တိုက်ပွဲစဉ်တွင် **အကြီးအကျယ်** ဆုံးသော တိုက်ပွဲပင် ဖြစ်တော့၏။

ဤတိုက်ပွဲကြီးကြောင့် ဂျပန်တို့သည် သူတို့၏စစ်သမိုင်း**အစီအစဉ်** တွင် တစ်ခါဖူးမျှ မကြုံခဲ့ရဖူးသောဆုံးရှုံးမှုကြီးကို ဆုံးရှုံးခဲ့ရ၏။ **ဂျပန်အမှတ်** (၁၅)တပ်မတော်တွင် ပါဝင်တိုက်ခိုက်ခဲ့သော အမှတ် (၁၅)၊ (၁၈)၊ (၃၁)၊ (၃၃)နှင့်(၅၅)တပ်မများမှာ **တိုက်ခိုက်ရေးတပ်မများ** အဖြစ်မှ ခြေမသန် လက်မစွမ်းတော့သည့် ဒုက္ခိတ,တပ်များဘဝသို့ ရောက်သွားခဲ့ရပြီး **ပြန်၍** နာလန်ထနိုင်အောင် အတော်ပင်ဆေးကုခဲ့ရ၏။

အခြားတပ်မ နှစ်ခု၊ သီးသန့် တပ်မဟာတစ်ခုနှင့် ဆက်သွယ်ရေး လမ်းကြောင်းတွင် ပါဝင်ခဲ့သော တပ်ဖွဲ့များမှာလည်း များစွာပင် **အထိနာ** ခဲ့ရသည်။ **ရခိုင်နှင့် အင်ဖာ၊ တိုဟီးမား** စစ်မျက်နှာတွင် ဂျပန်တို့ဘက်မှ လူပေါင်း(၅၀၀၀၀) တိုက်ပွဲတွင်ကျဆုံးခဲ့သည်။ဤ**ကားစစ်မြေပြင်ပေါ်** တွင် ရေတွက်ရရှိသည့် ရန်သူ့အလောင်းများ၏ စာရင်းမျှသာ ဖြစ်သေးသည်။ ဖျား၍သေသူ၊ နာ၍သေသူ၊ အမောဆို့၍ သေသူ၊ အစာငတ်၍ **သေဆုံးသူ** များလည်း ဒုနှင့်ဒေး။

ထိုကဲ့သို့ သေဆုံးသူများ၏စာရင်းကို တိုက်ပွဲတွင် **ကျဆုံးသူများ၏** စာရင်းထက် ထက်ဝက်မျှပင် နည်း၍ထားဦးတော့ **ရန်သူ့ဘက်မှ အလူး** အဆုံးမှာ(၇၅၀၀၀)ပင် ရှိနေပေပြီ။

မြန်မာပြည်မြောက်ဘက်တွင် တိုက်ခိုက်နေသော **ဗိုလ်ချုပ်ကြီး** စတီးဝဲလ်၏ တရုတ်တပ်များလက်ချက် ဖြင့် ကျဆုံးနေသော **ရန်သူ့စာရင်း** မှာလည်း (၁၅၀၀၀)ခန့် ရှိပြန်ရာ ကျွန်ုပ်၏ အမှတ်(၁၄)တပ်မတော်သည် ရန်သူ (၉၀၀၀၀)ကို ချေမှုန်းသုတ်သင်နိုင်ခဲ့ပြီ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်အရှေ့မြောက်ဘက်တွင် ယူနန်တရုတ်တပ်များ၏ တိုက်ခိုက်မှုကြောင့် ရန်သူ (၄၀၀၀)မှ(၅၀၀၀)အထိ ကျဆုံးခဲ့ရသည်လည်း ရှိသေးသည်။ ကျွန်ုပ်တို့ဘက်မှ ရန်သူကိုးသောင်းကို ထောင်းထောင်းကြေအောင် သုတ်သင်နိုင်ခဲ့စေကာမူ ကျွန်ုပ်တို့ လက်ရဖမ်းဆီးရမိသော သုံ့ပန်းတား (၆၀၀)မျှသာ ဖြစ်သည်။ ဤ(၆၀၀)အနက် (၁၅၀)ခန့်ကသာ ထူထူထောင်ထောင်ရှိလျက် ကျန်သုံ့ပန်းများမှာ တကြီးအကျယ် ဒဏ်ရာရနေသူများ၊ အမောဆို့၍ သေလုမြောပါး ဖြစ်နေသူများသာ ဖြစ်သည်။ ရန်သူဘက်တွင် လူအသေအပျောက်က ကြောက်ခမန်းလိလိပင် များပြားသလို လက်နက်ပစ္စည်းပျောက်ဆုံးရသည်မှာလည်း ကြီးကျယ်လှသည်။

အင်ဖာတိုက်ပွဲတွင် ပါလာသမျှသော တင့်ကားနှင့် မော်တော်ကားအားလုံးလိုလိုမှာ ကျွန်ုပ်တို့က သိမ်းယူရရှိ၍သော်လည်းကောင်း၊ ဖျက်ဆီးပစ်ခတ်ခြင်း ခံရ၍သော်လည်းကောင်း တစ်စင်းမျှ ရန်သူနှင့် ပြန်မပါလာ။ ရန်သူ့အမြောက်များအနက် အလက်(၂၅၀)ကျော်ခန့်ကိုသာ ကျွန်ုပ်တို့က သိမ်းဆည်းရမိသည်။ ကျန်အမြောက်များမှာ ရန်သူများတို့က ကိုယ်တိုင်မြစ်ထဲသို့ တွန်းချ၍သော်လည်းကောင်း၊ မြေကြီးထဲတွင် မြှုပ်ပစ်၍သော်လည်းကောင်း ပျောက်ဆုံးခဲ့ရသည်။

ရန်သူ့ဘက်မှ လူအသေအပျောက်နှင့် လက်နက်ပစ္စည်းဆုံးရှုံးမှုကို ပြန်၍ အစားထိုးလျှင် ရနိုင်ပါ၏။ သို့သော် အချိန်ကို စောင့်ရပေဦးမည်။ ကျွန်ုပ်သည် ရန်သူ့ဘက်မှ လူနှင့်လက်နက်ပစ္စည်းများ ပြန်၍အစားထိုးရန် အချိန်မရမီ ကျွန်ုပ်၏ မြန်မာပြည်ထိုးစစ်ကို ဆက်လက်ဆင်နွှဲရပေဦးမည်။ ရန်သူ(၉၀၀၀၀)ကျော်ခန့်ကို ထောင်းထောင်းကြေအောင် သုတ်သင်နိုင်ခဲ့သော ကျွန်ုပ်တို့၏ အသေအပျောက်မှာလည်း နည်းသည်ဟု မဆိုနိုင်ပါ။ ကျဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူ (၄၀၀၀)ရှိခဲ့သည်။ ဤလူများအနက် ထိခိုက်ဒဏ်ရာရသူ ရာခိုင်နှုန်းများစွာမှာ ပြန်၍ ကျန်းမာကာ ပြန်၍တိုက်နိုင်သည့် အခွင့်အလမ်းများ ရှိခဲ့၏။

သို့သော် ရန်သူဘက်တွင်ကား ဤအခွင့်အရေးကို ရေးရေးပင် မတွေ့ခဲ့ရချေ။ ရန်သူထက် ကျွန်ုပ်တို့ဘက်တွင် အခြားသာသော အချက်ကား လက်နက်ပစ္စည်းများ ဆုံးရှုံးမှုမရှိခြင်းပင် ဖြစ်၏။ အင်ဖာတိုက်ပွဲတွင် အနိုင်ဖြင့် ပိုင်းနိုင်လောက်သည့်အခြေကို မြင်ကတည်းက အာရှအရှေ့တောင်ပိုင်းဆိုင်ရာစစ်ဌာနချုပ်က မြန်မာပြည်ထိုးစစ်အတွက် အစီအစဉ်များကို ရေးဆွဲညှိနှိုင်းနေခဲ့သည်။

မြန်မာပြည်ထိုးစစ်ကို ကက်ပီတယ်လ်စစ်ဆင်ရေးဟု လျှို့ဝှက်စွာ အမည်ပေးကာ အောက်ပါအစီအစဉ်များကို ရေးဆွဲခဲ့၏။

(၁) အမှတ် (၁၄)တပ်မတော်က ချင်းတွင်းကို ဖြတ်ကျော်ပြီးနောက် အမှတ်(၂၂) ဘုရင့်လေတပ်မတော်၏ အကူအညီဖြင့် ချင်းတွင်းနှင့် ဧရာဝတီကြားရှိ နယ်မြေများကို ပြန်လည်သိမ်းယူရန်၊



ထိုသို့ သိမ်းယူရာတွင် မန္တလေးမြို့ကို အဓိက ထားရန်။

(၂) လီဗိုတရုတ်တပ်နှင့် ယူနန်တရုတ်တပ်တို့က အမေရိကန် လေတပ်အကူအညီဖြင့် သပိတ်ကျင်း၊ မိုးကုတ်၊ လားရှိုး မျဉ်းကြောင်းပေါ်သို့ ရောက်သည်အထိ တိုက်ခိုက်၍ အမှတ်(၁၄) တပ်မတော်၏ ချီတက်မှုကို ကူပေးရန်။

(၃) အမှတ် (၁၅)တပ်မကြီးက ဘုရင့်လေတပ်မတော် အကူအညီဖြင့် ရခိုင်ပြည်နယ်တွင် ကန့်သတ်ထားချက်အတိုင်း လှုပ်ရှားချီတက်ရန်နှင့် ရှေ့တန်းစခန်းများ၊ လေယာဉ်ကွင်းများကို ကာကွယ်ပေးရန်။

(၄) အထက်ပါစစ်ဆင်ရေးများ အချိန်ကောင်းနေစဉ် ရန်ကုန်ကို လေကြောင်းနှင့် ရေကြောင်းမှနေ၍ ဇရယ်ကူလာစစ်ဆင်ရေးဖြင့် (၁၉၄၅)ခုနှစ် မိုးမကျမီ သိမ်းယူရန်။

ကျွန်ုပ်သည် ချင်းတွင်းကို ကျော်၍ မြန်မာပြည်ထိုးစစ်ကြီးဆင်နွှဲရန်အတွက် ကျွန်ုပ်၏တပ်များအား ချင်းတွင်းမြစ်တွင် ခြေကုပ်စခန်းများယူထားရန် အောက်တိုဘာလအတွင်းကပင် ညွှန်ကြားခဲ့၏၊ နိုဝင်ဘာလသို့ ရောက်ရှိလာသောအခါ ချင်းတွင်းမြစ်ကမ်းရှိ စစ်တောင်း၊ မော်လိုက်နှင့် တလေးဝတို့တွင် ကျွန်ုပ်တို့၏ ခြေကုပ်စခန်းများ ရှိနေခဲ့ပေပြီ။

ကျွန်ုပ်သည် ချင်းတွင်းမြစ်ကမ်းရှိ ခြေကုပ်စခန်းများသို့လည်းကောင်း၊ အိန္ဒိယပြည်တွင်းရှိ လေ့ကျင့်ရေးစခန်းများကိုလည်းကောင်း၊ ခေါက်တုံ့ခေါက်ပြန်သွားရင်း ထိုးစစ်ကြီး၏ အသေးစိတ်အစီအစဉ်ကို ပို၍ သေချာတိကျအောင် အချောကိုင်နေခဲ့၏။

အင်ဖာတိုက်ပွဲတွင် ကျွန်ုပ်တို့က ရန်သူအား ကျွန်ုပ်တို့နယ်မြေပေါ်သို့ တက်လာအောင် အခွင့်အရေးပေးကာ ကျွန်ုပ်တို့နယ်မြေပေါ်၌ပင် ချေမှုန်းနိုင်ခဲ့၏။ ယခုမူ ကျွန်ုပ်တို့က ရန်သူ့နယ်မြေသို့ ချီတက်ကာ ရန်သူတို့အား ချေမှုန်းရပေတော့မည်။

ကျွန်ုပ်သည် ရန်သူ့အခြေအနေနှင့် ကျွန်ုပ်တို့အခြေအနေကို ယှဉ်၍ ကြည့်မိတိုင်း သည်တစ်ပွဲတွင်လည်း ကျွန်ုပ်တို့က အနိုင်နှင့် ပြီးနိုင်မည်ဟု ယုံကြည်နေမိသည်။ ကျွန်ုပ်တို့၏ စစ်သည်ရဲမက်တို့ကိုလည်း မြန်မာပြည်အလယ်ပိုင်းသို့ ချီတက်၍ မန္တလေးမြို့ကို သိမ်းယူစေည်ဟု ညွှန်ကြားထားသည်။

အမှန်စင်စစ်အားဖြင့် မြန်မာပြည်အလယ်ပိုင်းကို သိမ်းပိုက်လျှင် သော်လည်းကောင်း၊ မန္တလေးကဲ့သို့ ထင်ရှားကျော်ကြားသည့် မြို့ကို သိမ်းယူရန်သော်လည်းကောင်း ပထမအရေးအကြီးဆုံးအချက်မှာ ရန်သူ့တပ်တော်အား ချေမှုန်းပစ်ရန်ပင် ဖြစ်သည်။ ရန်သူကိုသာ ဒုတိယအကြိမ်၌ ချေမှုန်းပစ်နိုင်မည်ဆိုလျှင် မန္တလေးသာမက မြန်မာပြည်တစ်ပြည်လုံးရှိ မြို့အားလုံး ကျွန်ုပ်တို့လက်အောက်သို့ ရောက်လာရတော့မည်သာ ဖြစ်၏။

www.burmeseclassic.com

ထို့ကြောင့် ကျွန်ုပ်၏ရည်ရွယ်ချက်မှာ ရန်သူအား အင်ဖာကဲ့သို့ တိုက်ပွဲကြီးမျိုးဆင်၍ အစောနိုင်ဆုံး ချေမှုန်းပစ်လိုက်ရန်ပင် ဖြစ်သည်။

ကျွန်ုပ်ကဲ့သို့ပင် အာရှအရှေ့တောင်ပိုင်းဆိုင်ရာ ကြည်းတပ်များ၏ ဗိုလ်ချုပ်ကြီးဖြစ်သူ ဂရစ်ဖစ်ကလည်း ယုံကြည်ထားသည်။ မြန်မာပြည် အလယ်ပိုင်း စစ်မျက်နှာတွင် စူးစူးစိုက်စိုက်နှင့် မီးကုန်ယမ်းကုန် ထိုးစစ်ဆင်နိုင်ရန်အတွက် ရခိုင်စစ်မျက်နှာတွင် ယူထားရသောတာဝန်ကို လည်းကောင်း၊ ကျယ်ပြန့်လှသော ဆက်သွယ်ရေးလမ်းကြောင်းဆိုင်ရာ တပ်ဖွဲ့များကို အုပ်ချုပ်နေရသော တာဝန်ကိုလည်းကောင်း ဗိုလ်ချုပ်ကြီးဂရစ်ဖစ်သည် ကျွန်ုပ်ထံမှ အခြားပုဂ္ဂိုလ်တစ်ဦးဆီသို့ လွှဲပြောင်းပေးလိုက်သည်။ ကျွန်ုပ်သည် စတီးဝဲလ်၏ သီဗိုတရုတ်တပ်များအား ကွပ်ကဲသည့် တာဝန်ကိုလည်း အတန်ကြာကပင် လွှဲပြောင်းပေးထားပြီးဖြစ်ရာ ကျွန်ုပ်သည် လာလတ္တံ့သော ထိုးစစ်ကြီးအတွက် လွတ်လွတ်ကျွတ်ကျွတ် စီမံခန့်ခွဲလာနိုင်တော့၏။

ထိုးစစ်ကြီးအတွက် တပ်များအား ပြန်လည်လေ့ကျင့်ရေး၊ ရိက္ခာ၊ သယ်ယူပို့ဆောင်ရေး၊ လေတပ်အကူအညီ၊ ဆေးဝါးအစီအစဉ်၊ လမ်းပန်းနှင့် တံတားဆောက်လုပ်ရေး၊ ဆက်သွယ်ရေး၊ စစ်ကူရရှိရေးနှင့် တပ်များ ပြန်လည်ဖွဲ့စည်းရေး စသော ပြဿနာများကို ဖြေရှင်းပေးနေရသည်နှင့် အမှု ဤပြဿနာများ၏ ခေါင်ချုပ်ဖြစ်သော အမေးပုစ္ဆာသုံးပုဒ်ကိုလည်း ရှေ့တန်းသို့ ထုတ်၍ စဉ်းစားဝေဖန်ရသည်။

(၁) *ရန်သူ၏ အထက်မြက်ဆုံးသော တပ်များကို မည်သည့်နေရာတွင် မည်သည့်နည်းဖြင့် ကျွန်ုပ်တို့ဘက်မှ အနိုင်ရအောင်တိုက်မည်။*

(၂) *တိုက်ပွဲတွင် ကျွန်ုပ်တို့ဘက်မှ လက်နက်လူသူအင်အား မည်မျှအထိ ရှိမည်၊ မည်မျှအထိ ရိက္ခာနှင့် ခဲယမ်းထောက်ပံ့နိုင်မည်။*

(၃) *ရန်သူ့အင်အား မည်မျှအထိ ရှိနိုင်မည်။*

ရန်သူအား ကျွန်ုပ်တိုက်ခိုက်လိုသော နေရာနှင့် တိုက်လိုသော နည်းမှာ ရန်သူထက် ကျွန်ုပ်တို့က အင်အားသာလျက်ရှိသော ကျွန်ုပ်တို့၏ လေတပ်နှင့် တင့်ကားများကို အစွမ်းကုန် အသုံးချနိုင်သော စစ်မြေ ပြင် ဖြစ်သည်။

ချင်းတွင်းနှင့် ဧရာဝတီကြားတွင် ပြန့်ကားလျက်ရှိသော ရွှေဘိုလွင်ပြင်တည်း။ ရွှေဘိုသည် မန္တလေးမြို့ အနောက်မြောက်ဘက်တွင် ကပ်လျက် တည်ရှိနေသောကြောင့်လည်း ကျွန်ုပ် ရွေးချယ်လိုက်သော စစ်မြေပြင်မှာ သဘာဝကျလှသည်။

ရွှေဘိုလွင်ပြင်မှာ အများအားဖြင့် ပြန့်ပြူးလျက် အချို့နေရာများ တွင်သာ လှိုင်းထသကဲ့သို့ မို့မောက်သော ခင်တန်းကလေးများ ရှိကာ နယ်မြေတစ်ခွင်တစ်ပြင်လုံးမှာ လယ်ကွင်းပြင်များ၊ ချုံပုတ်ကလေးများ၊ ကျေးရွာအုပ်စုများ၊ လှည်းလမ်းကြောင်းများ၊ မော်တော်ကားလမ်းများဖြင့်



ရောထွေးယှက်တင်နေသဖြင့် ကျွန်ုပ်တို့အတွက် အကွက်ဆိုက်သော စစ်မြေပြင် ဖြစ်နေလေသည်။

သို့သော် ခက်နေသည်မှာ ရန်သူက ကျွန်ုပ်တို့ ရွေးချယ်လိုက်သော စစ်မြေပြင်တွင် လာတိုက်, မတိုက် မသိနိုင်ခြင်းပင်တည်း။ ကျွန်ုပ်၏ အတွေ့အကြုံအရသော်လည်းကောင်း၊ ဂျပန်စစ်သူကြီးများပြုမူတတ်သော အလေ့အလာအရသော်လည်းကောင်း ရန်သူသည် ကျွန်ုပ်တို့အား ရွှေဘိုလွင်ပြင်သို့ လာ၍ တိုက်လိမ့်မည်ဟု တွက်ဆမိသည်။

မြန်မာပြည်ဆိုင်ရာ စစ်အာဏာပိုင်အဖွဲ့အစည်းတွင် အပြောင်းအလဲများရှိခဲ့သည်ကို ကျွန်ုပ် သိရှိပြီး ဖြစ်သည်။ သို့တိုင်အောင် နောက်မှ တက်လာသော သူသည်လည်း ရှေ့မှ တက်သွားသော သူကဲ့သို့ပင် ဒီပုတ်ထဲက ဒီပဲ ဖြစ်ရမည်ဟု ယူဆထားသည်။

မြန်မာပြည်စစ်နယ်မြေဒေသဆိုင်ရာ အာဏာပိုင်ဖြစ်ခဲ့သူ ဗိုလ်ချုပ်ကြီးကဝါဘီသည် အင်ဖာတိုက်ပွဲတွင် မရှုမလှ အရေးနိမ့်ခဲ့သဖြင့် ဂျပန်သို့ အရှက်တကွဲ ပြန်ခေါ်ခြင်း ခံရကာ သူ့နေရာတွင် ကီမူရာ ဆိုသူ ဗိုလ်ချုပ်ကြီးတစ်ဦး ရောက်ရှိလာခဲ့သည်။

ကျွန်ုပ်သည် ကီမူရာအကြောင်းကို ကောင်းစွာသိရှိခြင်း မရှိသော်လည်း သူ့အား လူတော်တစ်ယောက်ဟု ဂျပန်ထိုးစစ်အာဏာပိုင်များက ယူဆထားကြောင်းကိုကား ကြားသိခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ ကီမူရာသည်လည်း ရှေးက နှောင်တော်နောင်တော်များအတိုင်း တစ်ပုံစံတည်းပင် ဖြစ်လိမ့်မည်ဟု ထင်မှတ်ထားခဲ့၏။ ကီမူရာသည် ကျွန်ုပ်အား ရွှေဘိုလွင်ပြင်တွင် လာ၍ တိုက်ပေတော့မည်။

သူသည် ကျွန်ုပ်နောက်တွင် ရှိနေသော ချင်းတွင်းတိုသာ မြင်၍ သူ့နောက်တွင် ရှိနေသော ဧရာဝတီကို သတိမပြုဘဲ ဖြစ်နေပေလိမ့်မည်။ အများသူငါက လူတော်တစ်ယောက်ဟု ဝိုင်းဝန်းချီးမြှောက်ခြင်းကိုခံရကာ မြန်မာပြည်စစ်မျက်နှာသို့ ယခုမှ အသစ်စက်စက် ရောက်ရှိလာသော ကီမူရာလို ဗိုလ်ချုပ်ကြီးတစ်ယောက်က သူ၏ ပိုင်နက်ဖြစ်သော မြန်မာပြည်အလယ်ပိုင်းစစ်မျက်နှာတွင် လာ၍စွာလာသော ကျွန်ုပ်အား အဘယ်ကြောင့် လာ၍မတိုက်ဘဲ လက်ပိုက်၍ ကြည့်နေပါမည်နည်း။

မန္တလေးလို မြို့ကြီးတစ်မြို့ ကျွန်ုပ်တို့လက်ထဲသို့ ကျသွားမည့် အရေးတွင် ကီမူရာလို ဂျပန်စစ်သူကြီးတစ်ဦးသည် မည်ထဲ့သို့ အေးအေး၍ နေနိုင်ပါမည်နည်း။ သူသည် ကျွန်ုပ်တို့အား ချင်းတွင်းမှာနေ၍ပင် ဆီးကြိုခုခံကောင်း ခုခံပေလိမ့်မည်၊ ကျွန်ုပ်တို့ ရယူထားသော ခြေကုပ်စခန်းသုံးခုကိုလည်း မြစ်ထဲသို့ မောင်းချပစ်ပေတော့မည်။

သို့သော် သူ့တွင် ဤကဲ့သို့ စိတ်ရောကိုယ်ပါ လုပ်နိုင်ရန် အားအင် ချည့်နေသေးသည်။ မည်ကဲ့သို့ပင်ဖြစ်စေ ကီမူရာသည် ရှိသမျှအင်အား ဖြင့် ကျွန်ုပ်တို့အား မန္တလေးမြောက်ဘက်မှနေ၍ ခံစစ်ပြုပေတော့မည်။

www.burmeseclassic.com

ထို့ကြောင့် ဂျပန်တို့အဖို့ ရနိုင်သမျှသော တပ်များနှင့် တင့်ကားများကို ရွှေဘိုလွင်ပြင်သို့ အမြန်ဆုံးချီတက်စေရန်သာ လိုတော့သည်။ ချင်းတွင်းမြစ်ကို ဖြတ်ကူးရန်အတွက်လည်း ခြေကုပ်စခန်းသုံးခု ရှိနေပြီဖြစ်သည်။ အခက်အခဲမှာ ချင်းတွင်းကို ဖြတ်ကျော်ရာတွင် တွေ့ရမည့် ဒုက္ခထက်၊ ချင်းတွင်းအရှေ့ဘက်ကမ်းသို့ ရောက်နေသော တပ်များအား နောက်မှနေ၍ ရိက္ခာနှင့်လက်နက်များပို့ဆောင်ရာတွင် တွေ့ရမည့် အခက်အခဲ ဖြစ်သည်။

ဂျပန်သည် မြန်မာပြည်အလယ်ပိုင်း ထိုးစစ်ကြီးအတွက် ခြေကျင်တပ်မ ခုနစ်ခုနီးပါးနှင့် တင့်ကားတပ်မဟာ နှစ်ခုအပြင် လိုအပ်လာပါက အခြားတပ်မ တစ်ခုနှစ်ခုကို ဗိုလ်ချုပ်ကြီးဂရစ်ဖစ်ထံမှ ထပ်၍ရနိုင်သည်။ သို့သော် ဤမျှ များပြားသော တပ်များအား ချင်းတွင်းအရှေ့ဘက်ကမ်း အရောက် အင်ဖာမှနေ၍ ရိက္ခာထောက်ပေးနိုင်လောက်သည့် အင်အားမရှိ။ အစွမ်းကုန် ရိက္ခာထောက်နိုင်သည်မှာ တပ်မလေးခုနှင့် တပ်မတစ်ခု၏သုံးပုံနှစ်ပုံ (စုစုပေါင်းတပ်မ ငါးခုနီးပါး)သာ ဖြစ်သည်။

ဂျပန်တို့တပ်များသည် ရထားလမ်းဆုံရာ ဌာနမှ မိုင် (၄၀၀)ခန့် ကွာနေမည်ဖြစ်ကာ ထို (၄၀၀)အနက် မိုင် (၂၅၀)ခန့်မှာ မြေလမ်းသာ ဖြစ်လျက် မိုးတွင်းတွင် အသုံးမပြုနိုင်သောလမ်း ဖြစ်နေ၏။ လေကြောင်းမှနေ၍ ရိက္ခာထောက်ပံ့ရန်မှာလည်း လေယာဉ်လုံလောက်စွာ မရနိုင်။ တိုမီလာနှင့် စစ်တကောင်းရှိ လေယာဉ်ကွင်းများသည်ပင်လျှင် မိုင် (၂၅၀)ကျော် ကွာလှမ်းနေသည်။ အင်ဖာတွင် လေယာဉ်ကွင်း ရှိနေသည်မှန်သော်လည်း အိန္ဒိယပြည်မှ မီးရထားက အင်ဖာသို့ ရောက်သည် မဟုတ်။

ထို့ကြောင့် မည်ကဲ့သို့ပင် စီမံကိန်းချချ၊ အစွမ်းကုန် ရိက္ခာထောက်နိုင်သည်မှာ တပ်မငါးခုနီးပါးနှင့် တင့်ကားတပ်မဟာ နှစ်ခုသာ ဖြစ်သည်။ ဤမျှသော လက်နက်လူသူဖြင့် ဂျပန်တို့သည် အဘယ်မျှအင်အားရှိသော ရန်သူကို ရင်ဆိုင်ရပါမည်နည်း။ ဂျပန်တို့ သိရသလောက် (၁၉၄၄)ခု ဒီဇင်ဘာလတွင် ရန်သူဘက်မှ ရှိနေသော အင်အားမှာ ခြေကျင်တပ်မ ဆယ်ခု၊ တင့်ကား တပ်ဖွဲ့တစ်ခု၊ သီးသန့်တပ်မဟာနှစ်ခု။ ဆက်သွယ်ရေး လမ်းကြောင်းဆိုင်ရာ တပ်သားပေါင်း (၁၀၀၀၀၀)။ အိန္ဒိယ အမျိုးသား တပ်မနှစ်ခု [တစ်ခုလျှင် လူ (၆၀၀၀)စီ]၊ မြန်မာအမျိုးသား တပ်မတော် (တပ်ရင်းခုနစ်ရင်း)။

ရန်သူဘက်တွင် ခြေကျင်တပ်မ ဆယ်ခုရှိသည်ဆိုသော်လည်း အချို့သော တပ်များတွင် လူအင်အား အပြည့်အဝ မရှိဘဲ ဖြစ်နေသည်။ သို့သော် ရန်သူသည် တစ်လလျှင် လူ (၇၀၀၀)ခန့် ယိုးဒယားနှင့် အင်ဒိုချိုင်းနားမှ ခေါ်သွင်းနေသည်။ ဆက်သွယ်ရေးလမ်းကြောင်းမှ တပ်သားတစ်သိန်းမှာ ခြေကျင် တပ်မများမှ စစ်သားများလို တိုက်ရည်ခိုက်ရည်



မပြည့်ဝလှသည့်တိုင် ဂျပန်လူမျိုးတို့၏ စိတ်ဓာတ်အရ သေသည်အထိ တိုက်မည့်အစားမျိုးသာ ဖြစ်သည်။

အိန္ဒိယအမျိုးသားတပ်မတော်မှ တပ်မနှစ်ခုမှာမူ စာရင်းပင် မတို့လောက်။ မြန်မာ့အမျိုးသား တပ်မတော်မှာလည်း (၁၉၄၂)ခုနှစ်က အတွေ့အကြုံအရ အနှောင့်အယှက် ပေးနိုင်ရုံထက် နည်းနည်းသာ သာမည်။ သို့သော် ဤတပ်ကို ပြည်တွင်းကာကွယ်ရေးအတွက် သုံးမည်ဟု ခန့်မှန်းရသည်။

ရန်သူဘက်မှ အင်အားကို ဇယားချကြည့်လိုက်သောအခါတွင် ကြီးမားသော အန္တရာယ်ကြီး ဖြစ်နေသည်ကို တွေ့ရ၏။ သို့သော် ဤအင်အားများအားလုံး ဂျပန်၏ အမှတ် (၁၄)တပ်မတော်ကို ရင်ဆိုင်တိုက်ခိုက်နိုင်မည်ကား မဟုတ်ပါချေ။ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်မှ တက်လာသော လီဒိုတရုတ်တပ်နှင့် ယူနန်တရုတ်တပ်များကို ကာကွယ်ရန်အတွက် ရန်သူသည် တပ်မနှစ်ခုခန့် စေလွှတ်ရန် လိုအပ်သည်။ ရခိုင်မှ ဂျပန်တို့၏ အမှတ် (၁၅)တပ်မကြီးကို တွန်းလှန်ရန်အတွက် ရန်သူတပ်မတစ်ခုနှင့် တပ်မတစ်ခု၏ သုံးပုံတစ်ပုံခန့် လိုမည်။ ရန်ကုန်အား ဂျပန်တို့က ရေတစ်ပိုင်း ကုန်းတစ်ပိုင်း စစ်ဆင်ရေးဖြင့် တိုက်ခိုက်ရန် ပြင်ဆင်နေခြင်းကို ကာကွယ်ရန်လည်း တပ်မတစ်ခုနှင့် တပ်မတစ်ခု၏ သုံးပုံတစ်ပုံခန့် လိုပေဦးမည်။

ဤသို့အားဖြင့် ဂျပန်၏ အမှတ် (၁၄)တပ်မတော်ကို ရင်ဆိုင်မည့် ရန်သူအင်အားမှာ တပ်မငါးခုနှင့် သုံးပုံတစ်ပုံအပြင် သီးသန့်တပ်မဟာ တစ်ခု၊ တင့်ကားတပ်ဖွဲ့ တစ်ခု၊ ဆက်သွယ်ရေး လမ်းကြောင်းများဆိုင်ရာ တပ်သားလေးသောင်းခန့်နှင့် အိန္ဒိယအမျိုးသား တပ်မနှစ်တပ် ရှိနေလေသည်။ ရန်သူသည် မန္တလေးဒေသတွင် အရေးတော်ပေါ်လာပါက မြန်မာပြည်အတွင်းရှိနေသည့် အခြားတပ်များမှ စစ်ကူခေါ်ယူနိုင်မည် ဖြစ်သော်လည်း ဂျပန်ပြည်မှ စစ်ကူကိုကား မည်သည့်နည်းနှင့်မျှ ခေါ်ယူ၍ မဖြစ်နိုင်သည့် အခြေအနေ ဖြစ်ပေါ်နေသည်။

မြန်မာပြည်အလယ်ပိုင်း ထိုးစစ်နှင့်ပတ်သက်၍ ဂျပန်စိတ်အဝဆုံးမှာ လေကြောင်းအကူအညီ ရရှိနိုင်ရေးပင် ဖြစ်၏။ ဂျပန်၏တပ်များအတွက် ရိက္ခာများကို ကုန်းလမ်းမှလည်းကောင်း၊ ရေလမ်းမှလည်းကောင်း လှိုင်လှိုင်ကြီး ရရှိနေသည့်တိုင် လေကြောင်းမှ နေ၍ တစ်နေ့လျှင် တန်ချိန်ပေါင်း ထောင်ချီ၍ ပေးပို့နေရဦးမည် ဖြစ်၏။ ထို့ကြောင့် ဂျပန်တို့သည် လေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် ရရှိနိုင်မည့် လေယာဉ်အရေအတွက်ကို အခြေခံထား၍ စစ်ဆင်ရေး စီမံကိန်းကို ရေးဆွဲခဲ့ရလေသည်။

ဂျပန်သည် တောများတောင်များ အတွင်း၌သာ တိုက်ပွဲဆင်ခဲ့ဖူးသော ရဲမက်စစ်သည်တော်တို့အား မြေပြန့်လွင်ပြင်တွင် တင့်ကားများ လေတပ်အကူအညီများဖြင့် တိုက်ခိုက်နည်းကို လေ့ကျင့်ပေးနေစဉ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့၏ အာရှအရှေ့တောင်ပိုင်းဆိုင်ရာ စစ်ဌာနချုပ်တွင် ရာထူးအပြောင်းအလဲများ ပေါ်ပေါက်လျက်ရှိသည်။

ထိုဒိုတရုတ်တပ်များကို ဦးစီးခဲ့သော အမေရိကန်ဗိုလ်ချုပ်ကြီး စတီးဝဲလ်မှာ အောက်တိုဘာလ အလယ်လောက်တွင် အမေရိကန်သို့ ပြန်ခေါ်ယူခြင်း ခံရသည်။ သူသည် တရုတ်စစ်သူကြီးချန်ကေရှိတ်၏ မြန်မာပြည်စစ်ဒေသဆိုင်ရာ စစ်ဦးစီးမှူးအဖြစ် ဆောင်ရွက်နေသော်လည်း ချန်ကေရှိတ်ကို တစ်ချက်မျှ ကျေနပ်သူ မဟုတ်။

ချန်ကေရှိတ်သည် အမေရိကန်မှ ရသော ချေးငွေများကို ဂျပန်တို့အား တိုက်ရာတွင် မသုံးဘဲ ကိုယ်ကျိုးအတွက်သာ သုံးခဲ့သည်ဟု လူပုံအလယ်တွင် အမြဲအပြစ်တင်ပြောဆိုကာ ချန်ကေရှိတ်အား စစ်ရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း အားကိုးယုံကြည်ရသူ မဟုတ်ဟု ပြောင်ပြောင်တင်းတင်း ဝေဖန်ခဲ့သူ ဖြစ်၏။ ထို့ကြောင့်လည်း ချန်ကေရှိတ်သည် စတီးဝဲလ်အား ပြန်လည်ခေါ်ယူရန် အမေရိကန်အစိုးရအား တိုက်တွန်းခဲ့ခြင်း ဖြစ်၏။

စတီးဝဲလ်သည် အပြောပက်စက်သလို အလုပ်လည်း ရက်စက်သူဖြစ်၏၊ မည်သူမျှ မောင်း၍ မရခဲ့သော တရုတ်စစ်ကားများကို အာသံပြည် လီဒိုလမ်းအတိုင်း မောင်းကာ မြန်မာပြည်အား မြောက်ဘက်မှ ဝင်ရောက်တိုက်ခိုက်နိုင်ခဲ့သူမှာ စတီးဝဲလ်သာ ဖြစ်သည်။ အာရှအရှေ့တောင်ပိုင်းဆိုင်ရာ စစ်သေနာပတိကြီး လူဝီမောင့်ဘက်တန်နှင့် ဝါရှင်တန်မှ ဩဇာအာဏာကြီးသူများက စတီးဝဲလ်အား လီဒိုတရုတ်တပ်ကို ဆက်လက်အုပ်ချုပ်ရန် အထူးတိုက်တွန်းသည့်တိုင် အမေရိကန် စစ်အာဏာပိုင်များက ပြန်၍ ခေါ်ယူသွားခဲ့၏။

ကျွန်ုပ်သည် ဗိုလ်ချုပ်ကြီးစတီးဝဲလ်အတွက် များစွာ ကရုဏာသက်မိလေသည်၊ အမေရိကန် စစ်အာဏာပိုင်တို့သည် စတီးဝဲလ်တစ်ဦးတည်း ဒိုင်ခံ၍ လုပ်ခဲ့သောအလုပ်ကို ဗိုလ်ချုပ်သုံးဦး ခန့်ထား၍ လုပ်စေရလေသည်၊ လီဒိုတရုတ်တပ်များကို ဆက်လက်ဦးစီးရသူမှာ စတီးဝဲလ်၏ လက်အောက်အရာရှိဖြစ်သူ ဗိုလ်ချုပ်ကလေးစူလတန် ဖြစ်သည်။ စူလတန်မှာ အစကပင် ခင်မင်ကျွမ်းဝင်ခဲ့သူဖြစ်၍ ကျွန်ုပ်အတွက် သက်သာရာရပေတော့သည်၊

မြန်မာပြည်စစ်မျက်နှာမှ ဗိုလ်ချုပ်ကြီးစတီးဝဲလ် ပျောက်ကွယ်သွားသည့်နည်းတူ အမေရိကန် ခေါင်းဆောင်သော တရုတ်တပ်ကြီးက မြောက်ဘက်မှနေ၍ တောင်ဘက်ပင်လယ်ဝအထိ ချီတက်မည့် အကြံအစည်သည်လည်း ပျောက်ကွယ်သွားခဲ့လေသည်။

ဗိုလ်ချုပ်ကြီးစတီးဝဲလ်နှင့်အတူ မြန်မာပြည်စစ်မျက်နှာမှ ပြောင်းရွှေ့သွားရသူမှာ အင်ဖာတိုက်ပွဲ ၌ ကျွန်ုပ်အား အဘက်ဘက်မှ ကူညီစောင်မခဲ့သော ကြည်းတပ်များဆိုင်ရာ ဗိုလ်ချုပ်ကြီးဂရစ်ဖစ်ပင် ဖြစ်၏။



ဂရစ်ဖစ်၏နေရာကို ဗိုလ်ချုပ်ကလေး ဆာ-အော်လီဗာလီစ်က ဆက်ခံလေသည်။

(၁၉၄၄)ခု၊ အောက်တိုဘာလ (၁)ရက်နေ့တွင် အမှတ် (၄)နှင့် အမှတ် (၃၃)တပ်မကြီးအား ချင်းတွင်းကို ဖြတ်ကျော်ရန် အမိန့်ပေးလိုက်ပြီးနောက် ကျွန်ုပ်၏ဌာနချုပ်ကိုလည်း ကိုမိလာမှ အင်ဖာသို့ ရွှေ့ပြောင်းလာခဲ့၏။

အင်ဖာတိုက်ပွဲတွင် ရန်သူ၏ ထိုးစစ်ကို ကြံ့ကြံ့ခံနိုင်ခဲ့သော အမှတ် (၄)တပ်မကြီး၏ ဦးစီးချုပ်ဖြစ်သူ စကွန်းမှာ ရာထူးတိုးတက် ပြောင်းရွှေ့သွားသဖြင့် သူ့နေရာတွင် အမှတ်(၇)တပ်မမှ မက်ဆာဗေး ရောက်ရှိလာသည်။ ကျွန်ုပ်သည် အမှတ်(၄)တပ်မကြီးအား စစ်တောင်းခြေကုပ်စခန်းမှ ချင်းတွင်းမြစ်ကို ဖြတ်ကျော်ပြီးနောက် ရွှေဘိုလွင်ပြင်သို့ ထိုးဖောက်ဝင်ရောက်ကာ ရေဦးနှင့်ရွှေဘိုဒေသတွင်ရှိသော ရန်သူ့လေယာဉ်ကွင်းများကို စီးထားရန် အမိန့်ပေးထားသည်။

အမှတ်(၃၃)တပ်မကြီးသည် ကလေးဝမြို့ ခြေကုပ်စခန်းမှ နေ၍ ချင်းတွင်းကို ဖြတ်ကူး၍ ရေဦး၊ ရွှေဘိုဒေသသို့ အမှတ် (၄)တပ်မကြီးထက် စောစွာရောက်လျှင် အမှတ်(၄)တပ်မမှ တိုက်ခိုက်ရေးအဖွဲ့သားများအား ရေဦး၊ ရွှေဘိုလေယာဉ်ကွင်းများကို သိမ်းယူရန် လေကြောင်းဖြင့် ပို့ပေးမည်ဟု ညွှန်ကြားထားသည်။

ဤတပ်မကြီးနှစ်ခု ဆုံမိသည့်အချိန်တွင် အမှတ် (၂၅)တင့်ကားတပ်မအား အမှတ် (၄) တပ်မကြီးဆီသို့ ပို့ပေးလိုက်ရန် ဖြစ်၏။ လူရှေ့တပ်မဟာနှင့် အမှတ် (၂၈)အရှေ့အာဖရိက တပ်မဟာတို့ကမူ ချင်းတွင်းအနောက်ဘက်ကမ်းအတိုင်း တောင်ဘက်သို့ ချီတက်ကာ ဂန့်ဂေါကို သိမ်းယူ၍ အမှတ် (၃၃)လမ်းမကြီး၏ လက်ယာတောင်ပံနှင့် ခြေကုပ်စခန်းများနှင့်ဆက်သွယ်နေသည့် လမ်းမကြီးများကို ကာကွယ်ထိန်းသိမ်းထားရန် ဖြစ်သည်။

ဤသို့ အဘက်ဘက်မှ စီစဉ်ညွှန်ကြားထားပြီးနောက် (၁၉၄၄)ခု ဒီဇင်ဘာလ (၃)ရက်နေ့တွင် ကျွန်ုပ်တို့၏ မြန်မာပြည်ထိုးစစ်ကြီးကို စတင်လိုက်၏။ (၃၃)တပ်မကြီး၏ ရှေ့ပြေးချီ အမှတ် (၂၀)တပ်မမှ တပ်မတော်တစ်ခုက ကလေးဝအထက် မိုင် (၃၀)အကွာရှိ မော်လိုက်ခြေကုပ်စခန်းမှ ချင်းတွင်းကို ဖြတ်ကူးနေစဉ် အမှတ် (၁၁)အရှေ့ အာဖရိက တပ်မသည် စီးမိထားသော ကလေးဝ ခြေကုပ်စခန်းကို ပို၍ တိုးချဲ့နိုင်ရန်အတွက် သဲသဲမဲမဲ တိုက်နေရဆဲပင် ရှိသေးသည်။ ဒီဇင်ဘာလ (၁၈)ရက်နေ့တွင်သာလျှင် အမှတ် (၂၀)တပ်မတစ်ခုလုံး ကလေးဝ ခြေကုပ်စခန်းမှ ဖြတ်ကူးနိုင်တော့သည်။

နောက်တစ်နေ့တွင် အမှတ်(၂)တပ်မသည် ဤခြေကုပ်စခန်းတွင် ဖြတ်ကူးကာ ဖျဉ်ချိုင်သို့ ချီတက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ပြိုင်တည်းပင် အမှတ်(၄)တပ်မကြီးမှ ရှေ့ပြေးချီအမှတ် (၁၉) တပ်မသည် စစ်တောင်းမြေကုပ်စခန်းမှ ဖြတ်ကူးကာ အရှေ့ဘက် မိုင် (၆၀)ခန့်ကွာဝေးသော ပင်လယ်ဘူးကို သိမ်းယူရန် ချီတက်သွားသည်။ ချင်းတွင်းကို ဖြတ်ကျော်နေသော ကျွန်ုပ်တို့တပ်များအား ဆီးကြိုတိုက်ခိုက်နေသည့် ရန်သူ့အင်အားမှာ တပ်မလေးတပ်ဖြစ်လျက် အင်းတော်မှ ထပ်ဆင့်တိုက်ခိုက်နေသော တပ်မှာ အမှတ် (၅၃)တပ်မ ဖြစ်သည်။

ဤတပ်မသည် မြောက်ဘက်မှ ဝင်လာသော လီဗိုတရုတ်တပ်များတွင် ပါဝင်သည့် အမှတ် (၃၆) ဗြိတိသျှတပ်မကို တိုက်နေခြင်း ဖြစ်၏။ ရန်သူ၏အမှတ် (၁၅)တပ်မသည် အင်းတော်တောင်ဘက်မှနေ၍ လည်းကောင်း၊ အမှတ် (၃၁) တပ်မသည် ရွှေဘိုမှ နေ၍လည်းကောင်း၊ အမှတ်(၃၃)တပ်မသည် ကလေးဝမှနေ၍ လည်းကောင်း ကျွန်ုပ်တို့ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသည်။

ရန်သူ၏ အမှတ် (၁၅)၊ (၃၁)နှင့်(၃၃)တပ်မများမှာ အင်ဖာတိုက်ပွဲ၌ ခြေမစွမ်း လက်မသန် ဖြစ်ခဲ့ရသည်အထိ ချေမှုန်းခြင်းခံခဲ့ရသော်လည်း ရန်သူသည် တပ်မသုံးခုကို အင်အားပြည့်ဖြိုးလာရန် အစွမ်းကုန်ကြိုးစားနေသည်။ ကျွန်ုပ်တို့ဘက်မှ ထောက်လှမ်းစုံစမ်းချက်အရ အမှတ် (၁၅) တပ်မတွင် လူအင်အား (၅၀၀၀)မှ (၆၀၀၀)၊ (၃၁)တပ်မတွင် (၁၁၀၀၀)၊ (၃၃)တပ်မတွင် (၆၀၀၀)ကျော်ခန့်သာ ရှိတော့လျက် ဆက်သွယ်ရေး တပ်သားများ၊ ရုံးအမှုထမ်းများပါ ထည့်ပေါင်းမှ စုစုပေါင်း (၂၅၀၀၀)ခန့် ရှိမည်ဟု ခန့်မှန်းရသည်။ ဤစာရင်းတွင် လီဗိုတရုတ်တပ်မှ ဗြိတိသျှ (၃၆)တပ်မကို ရင်ဆိုင်နေသော ရန်သူ့ (၅၃)တပ်မကို ထည့်သွင်းရေတွက်ခြင်းမရှိ။

အတိုချုပ်၍ ဆိုရလျှင် ကျွန်ုပ်တို့၏တပ်များ ချင်းတွင်းအရှေ့ဘက် ကမ်းသို့ တက်ရောက်၍ ဆက်လက်ချီတက်ရန် လုံးပန်းနေစဉ် ရန်သူ့ တပ်သား (၂၅၀၀၀)က ကျွန်ုပ်တို့အား ဆီးကြိုတိုက်ခိုက်နေခြင်းပင် ဖြစ်၏။ သို့သော် ရန်သူသည် ကျွန်ုပ်တို့ထင်သလောက် သဲကြီးမဲကြီးတိုက်လာခြင်း မရှိသောအခါ ချင်းတွင်းမြစ်ကူးတိုက်ပွဲတွင် အသာချီထားပြီး ဇီးဖြူတောင် တန်းကို ဖြတ်သန်း၍သွားသည့် တောင်ကြပ်ကြားများသို့ အရောက်တွင်မှ ရှိသမျှ တစ်ခါတည်း ဩလိုက်လေမလားဟု စိုးရိမ်နေမိ၏။

ဇီးဖြူတောင်တန်းသည် ချင်းတွင်းအရှေ့ဘက် (၂၅)မိုင်ခန့်အကွာ တွင် ချင်းတွင်းနှင့် မျဉ်းပြိုင်ပြေးလျက် တည်ရှိသည်။ တောင်တန်းသည် အချို့နေရာတွင် ပေ (၂၀၀၀)ခန့် မြင့်လျက်၊ အချို့နေရာတွင် (၂၅၀၀)ခန့် မြင့်သည်။ ဤတောင်တန်းသည် ရန်သူ့နယ်မြေသို့ ထင်ထင်ရှားရှားကြီး ကြေညာနေသော အမှတ်အသားပါတကား။ အမှတ် (၄) တပ်မကြီး၏ ရှေ့ပြေးချီတပ်ဖြစ်သော အမှတ် (၁၉)တပ်မသည် အုံဩဖွယ်ကောင်း လောက်အောင် လျင်မြန်စွာ ချီတက်နေသည်။



တပ်မမှ တပ်မဟာနှစ်ခုသည် မြောက်ဘက်ကျသောလမ်းအတိုင်း ချီတက်နေစဉ် တတိယ တပ်မဟာတစ်ခုက တောင်ဘက်မှနေ၍ မျဉ်းပြိုင် လမ်းအတိုင်း ချီနေသည်။ ဤလမ်းနှစ်သွယ်သည် တောင်ဘက်သို့ ချိုးကာ ရွှေဘိုဆီသို့ ဦးတည်၍ သွားရာ၌ ဇီးဖြူတောင်တန်းမှ တောင်ကြပ်ကြား များကို ဖြတ်၍ သွားသည့် လမ်းချည်း ဖြစ်သည်။

ဤတပ်မ ရှေ့မှ တကယ်ပင် ခေါင်းဆောင်၍ ချီတက်နေသူကား **နပိုလီယန်ဖာဝယ်စားဟု သူ့တပ်သားများက ဘွဲ့ပေးထားသော ပီတာရီးစ်** ပင်ဖြစ်၏၊ သူသည်အရပ်ပုသလောက် ခရီးရှည်ရှည် ချီတက်နိုင်သူတည်း။

**ရီးစ်**၏ဌာနချုပ်သည် ဒီဇင်ဘာလ (၁၂)ရက်နေ့တွင် စစ်တောင်း အရှေ့မြောက်ဘက် (၄၅)မိုင် အကွာသို့ ရောက်နေပြီး (၁၆)ရက်နေ့တွင် ထိုနေရာမှ မိုင် (၄၀)ဝေးသော ဘန်းမောက်ကို သိမ်းယူပြီးသား ဖြစ်တော့၏။ ထိုနေ့တွင်ပင် **အင်းတော်**သို့ တိုက်ကင်းထွက်လာခဲ့သော **ရီးစ်**၏ တပ်ဖွဲ့တစ်ဖွဲ့သည် အမှတ် (၃၆) ဗြိတိသျှတပ်မမှ စေလွှတ်လိုက်သည့် တိုက်ကင်းအဖွဲ့တစ်ဖွဲ့နှင့် အင်းတော်တွင် ဆုံမိကြသည်။ အိန္ဒိယ သမုဒ္ဒရာ စစ်မျက်နှာနှင့် တရုတ်စစ်မျက်နှာတို့ ပထမဆုံးအကြိမ် ဆက်စပ်တွေ့ဆုံမိခြင်းပင်တည်း။

ဒီဇင်ဘာလ (၁၆)ရက်နေ့တွင် **ရီးစ်**၏တပ်မမှ တောင်ဘက် ကြောင်းချီ စစ်ကြောင်းသည် ပင်လယ်ဘူးကို သိမ်းပိုက်လိုက်နိုင်သည်။ ယခုအချိန်တွင် **ရီးစ်**၏ အမှတ် (၁၉) တပ်မသည် အလွန် **အန္တရာယ်ကြီး** လှသော **ဇီးဖြူတောင်တန်း**ကိုပင် ကောင်းစွာ လွန်မြောက်**လာနိုင်ခဲ့ပြီ** ဖြစ်၏။ ဇီးဖြူတောင်တန်းတွင် ရန်သူ့နောက်ရန်တပ်များ၏ တိုက်**ခိုက်မှုတို့ ရီးစ်**၏ ရဲဘော်များက လေနှင့် မှုတ်ထုတ်လိုက်သလို လွင့်စဉ်သွား**အောင်** ပြန်လည်တိုက်ခိုက်နိုင်ခဲ့ကြ၏။

ကျွန်ုပ်သည် ဂျပန်စစ်သူကြီး **ကိမူရာ**အား ဒိပုတ်ထဲမှ ဒိပဲဟု ယူဆကာ **ရွှေဘိုလွင်ပြင်**တွင် စစ်ကြီးထိုးရန် ပြင်ဆင်ခဲ့ခြင်းမှာ ရေလိုက် လွှဲခြင်းသာ ဖြစ်လေသလား။ ဟုတ်ပါ၏။ ကျွန်ုပ် ရေလိုက်လွှဲခဲ့ပေပြီ။ အကယ်၍သာ **ကိမူရာ**သည် ကျွန်ုပ်၏ထိုးစစ်ကို **ရွှေဘိုလွင်ပြင်**မှ **ခံစစ်** ပြုရန် ကြံရွယ်ထားလျှင် ကျွန်ုပ်၏တပ်များအား **ဇီးဖြူတောင်တန်းမှနေ၍** ရှုပ်ရှုပ်ချုံချုံ တွန်းလှန်တိုက်ခိုက်ရမည် ဖြစ်၏။

ယခုမူကား မင်းတိုင်းကြေမျှသာ။

ထိုးစစ်ကြီး စတင်ဆင်နွှဲသည့် ဒီဇင်ဘာလဆန်းမှစ၍ **ကျွန်ုပ်ထံ** ရောက်လာသော သတင်းများကလည်း ရန်သူသည် **ချင်းတွင်းမြစ်ကမ်း** တစ်လျှောက်တွင် ဒိုးစိုက်သလို အခြေစိုက်လာရာမှ **ရွှေသို့တတ်လာသည့်** အစား ဧရာဝတီရှိရာ အနောက်ဘက်သို့သာ လှုပ်ရှားလျက် ရှိသည်ဟု ဖော်ပြထားကြသည်။ လေကြောင်း ကင်းထောက်အဖွဲ့များကလည်း ဤအတိုင်း အတည်ပြု၍ သတင်းပို့ခဲ့ကြ၏။

www.burmeseclassic.com

ဝိုးမြှုတောင်တန်းရှိ တောင်ကြပ်ကြားများတွင် ရိုးစ်၏တပ်က သိမ်းဆည်းရမိသော ရန်သူ့စခန်းများ၏ အခြေအနေကို လေ့လာလိုက်သောအခါ၌လည်း ရန်သူသည် ကျွန်ုပ်တို့အား ဤနေရာတွင် အကြိတ်အနယ်တိုက်ရန်မဟုတ်ဘဲ ကျွန်ုပ်တို့၏ချီတက်မှုကို နှေးကွေးစေလောက်ရုံသာ ရည်ရွယ်ထားကြောင်း တွေ့ရပြန်သည်။

ရန်သူသည် ကျွန်ုပ်တို့၏ အင်ကြီးအားကြီးနှင့် အလျင်အမြန် ချီတက်လာနိုင်မှုကို အံ့အားသင့်သွား၍သော်လည်းကောင်း၊ ကျွန်ုပ်က ဂျပန်စစ်သူကြီးဖြစ်သူ ကီမူရာအပေါ်တွင် လူကဲခတ်မှားသွား၍သော်လည်းကောင်း ရန်သူသည် ကျွန်ုပ်တို့၏ ထိုးစစ်ကို ရွှေဘိုလွင်ပြင်မှနေ၍ ခံစစ်ပြုမည်မဟုတ်သည်မှာ သေချာနေပေပြီ။

ဤအချိန်တွင် ကျွန်ုပ်က ကျွန်ုပ်၏တပ်မှူးငယ်များအား တဖွဖွ ပေးခဲ့သော ဩဝါဒအတိုင်း ကျွန်ုပ်က ပြန်၍ လုပ်ရန်လိုလာလေသည်။

*စစ်တွင် အရေးအကြီးဆုံးမှာ အစီအစဉ်ပင် ဖြစ်သည်၊ အစီအစဉ်ကောင်းလျှင် စစ်ပွဲတစ်ဝက်ကိုပင် မတိုက်ခင်က အောင်နေပေပြီ၊ သို့သော် အစီအစဉ်အတိုင်း အခါခပ်သိမ်း ဖြစ်မလာ၊ ထိုအချိန်မျိုးတွင် မူလ အစီအစဉ်အတိုင်း ဇွတ်တိုး၍ လုပ်ကိုင်လိုသည့် ဉာဉ်ကို ပယ်ဖျောက်ထတ်ရန် လိုသည်၊ ရုတ်တရက်ပေါ် ပေါက်လာသော အခြေအနေနှင့်ကိုက်ညီအောင် မိမိ၏ အစီအစဉ်ကို တိုးတန်တိုး၊ ဆုတ်တန်ဆုတ် ပြုလုပ်ရန် လိုပေသည်၊ ဤတား ကျွန်ုပ်၏ လက်သုံးဩဝါဒတည်း၊*

ကျွန်ုပ် မျှော်လင့်ခဲ့သည့်အတိုင်း ရန်သူက ရွှေဘိုလွင်ပြင်တွင် ခံစစ်ပြုရန် ဆန္ဒမရှိကြောင်းကို တွေ့လာရသောအခါ ကျွန်ုပ်၏တပ်များအား ချင်းတွင်းနှင့် ဧရာဝတီကြားတွင် ဖြန့်ကြ၍ ချထားခြင်းဖြင့် မည်သို့မျှ အကျိုးရှိလာမည် မဟုတ်တော့။ ရွှေဘိုလွင်ပြင်တွင် အခြေခံခဲ့သော ကျွန်ုပ်၏ အစီအစဉ်မှာ ပျက်သွားခဲ့ပေပြီ။

သို့သော် ဂျပန်စစ်တပ်ကြီးအား စိစိညက်ညက်ဖြစ်အောင် ချေမှုန်းမည်ဟူသော ကျွန်ုပ်၏ ရည်ရွယ်ချက်ကား မပျက်။ ရွှေဘိုလွင်ပြင်တွင် အခြေခံခဲ့သော အစီအစဉ်က ကျွန်ုပ် မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာသောအခါ ကျွန်ုပ်ရည်ရွယ်ချက်ကို တစ်ဖက်တစ်လမ်းမှ အောင်ပန်းပွင့်စေမည့် အစီအစဉ်ကို ကြံစည်ရတော့၏။ ကျွန်ုပ်အတွက် တိုးသာဆုတ်သာဖြစ်အောင် ကံကောင်းနေသေးသည်မှာ အမှတ် (၄)တပ်မကြီးမှ တပ်မတစ်ခုတည်းသာ ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းကို လွန်၍ ရှေ့သို့ ရောက်နေခြင်းပင်တည်း။

ကျွန်ုပ်သည် အစီအစဉ်သစ်ကို မြန်မြန်ထက်ထက်ပင် လုပ်ရပေတော့မည်။ ကျွန်ုပ်သည် ရန်သူ့အနေအထားနှင့် ရည်ရွယ်ချက်ကို ဇေ့ငုရှာဖွေ၍ ပြန်လည်သုံးသပ်ရပြန်လေသည်။ ဗိုလ်ချုပ်ကြီးကီမူရာသည် တဝါဘီ၏ နေရာတွင် ရောက်လာပြီးနောက် ဆယ့်ငါးရက်ခန့်အကြာတွင်


www.burmeseclassic.com

မြန်မာပြည်အလယ်ပိုင်း ကာကွယ်ရေးအတွက် အစီအစဉ်သစ်များ ပြုလုပ်ခဲ့သည်။ တပ်မကြီး အင်အားလောက်သာရှိသော တပ်မတော်များကိုလည်း တာဝန်အသီးသီး ခွဲဝေပေးခဲ့သည်။

အမှတ် (၂၈)တပ်မတော်ကို ဦးစီးရသော ဗိုလ်ချုပ်ဆာကူရိုင်သည် ရခိုင်နှင့် ရေနံမြေဒေသအထိ ရောက်သော ဧရာဝတီမြစ်ဝှမ်းကို ကာကွယ်ရသည်။ ဤတပ်မတော်တွင် အမှတ် (၅၄)၊ (၅၅) တပ်မနှစ်ခုနှင့် အသစ်ဖွဲ့စည်းလိုက်သော အမှတ် (၇၂)သီးသန့် တပ်မဟာတစ်ခု ပါဝင်သည်။ အမှတ် (၁၅)တပ်မတော်ကို ဦးစီးရသော ကတမူယာသည် မြန်မာပြည်အလယ်ပိုင်းကို တာဝန်ယူရသည်။ ဤတပ်မတော်တွင် အမှတ် (၁၅)၊ (၃၁)၊ (၃၃)တပ်မသုံးခုနှင့် အမှတ် (၂၄)သီးသန့် တပ်မဟာတစ်ခု ပါဝင်သည်။

ကတမူယာမှာ ယခင်က အမှတ် (၅၄)တပ်မ၏ ဦးစီးဖြစ်ခဲ့ပြီး ရာထူးမှ နုတ်ပယ်ခြင်းခံရသော မတ်တာဂူချီ၏ နေရာတွင် ဆက်ခံရသူဖြစ်သည်။ အမှတ် (၃၃)တပ်မတော်ကို ဦးစီးရသော ဗိုလ်ချုပ်ကြီးဟွန်းဒါးသည် မြောက်ဘက်မှ လီဒို-တရုတ်တပ်နှင့် ယူနန်တရုတ်တပ်များကို တိုက်ခိုက်ရန် တာဝန်ယူရသည်။ ဤတပ်မတော်တွင် အမှတ် (၁၈)နှင့် (၅၆)တပ်မ နှစ်ခုအပြင် (၅၃)နှင့် အမှတ် (၂)တပ်မမှ တပ်ဖွဲ့အချို့လည်း ပါဝင်သည်။ အမှတ် (၄၉)တပ်မကိုမူ အရန်တပ်အဖြစ် အောက်မြန်မာပြည်, ပဲခူးအနီးတွင် ချထားလျက် ရှိသည်။

ဂျပန်ဗိုလ်ချုပ်ကြီးကီမူရာသည် အင်ဖာတိုက်ပွဲတွင် အထိနာခဲ့သော တပ်မတော်သုံးခုအား ရွှေဘိုလွင်ပြင်တွင် ကျွန်ုပ်တို့နှင့်ရင်ဆိုင်ပေးခြင်းအားဖြင့် ပို၍အထိနာမည်ကို စိုးရိမ်ခဲ့သည်။ ထို့ကြောင့် ချင်းတွင်းနှင့်ဧရာဝတီကြားတွင် ချထားခဲ့သော မိမိတို့၏တပ်များအား ဧရာဝတီအရှေ့ဘက်ကမ်းဆီသို့ တဖြည်းဖြည်း ဆုတ်လာရန် အမိန့်ပေးထားပြီး ကျွန်ုပ်တို့က ဧရာဝတီကိုဖြတ်ကာ ထိုးစစ်ဆင်လာသည့်အချိန်တွင် ဧရာဝတီ မြစ်ကမ်းတိုက်ပွဲကြီးကို ဆင်နွှဲရန် စီစဉ်ခဲ့လေသည်။

ကျွန်ုပ်တို့၏ အင်ဖာတိုက်ပွဲကို တန်ပြန်ရန် အကြံတည်း။

ကီမူရာသည် ဤ ဧရာဝတီမြစ်ကမ်းတိုက်ပွဲကြီးကို အသင့်ပြင်သည့်အနေဖြင့် အမှတ် (၃၃)တပ်မတော်မှ အမှတ်(၂)တပ်မကို မိတ္ထီလာမြို့သို့ ပြန်၍ပို့ပေးကာ အမှတ်(၅၃)တပ်မအား မြန်မာပြည်အလယ်ပိုင်း ကာကွယ်ရေးတာဝန်ကို ယူထားရသော အမှတ်(၁၅)တပ်မတော်သို့ ပြောင်းပေးထားခဲ့၏။

ထိုနောက် အမှတ် (၂၄)သီးသန့်တပ်မဟာကို မော်လမြိုင်သို့ စေလွှတ်ခဲ့သည်။ အမှတ် (၂) တပ်မနှင့် သီးသန့်တပ်မဟာတို့ကို ပဲခူးတွင် အရန်တပ်အဖြစ်ထားသော အမှတ် (၄၉)တပ်မနှင့် ပူးပေါင်းစေလိုက်သည်။ သို့သော် နောက်ပိုင်းတွင် အမှတ် (၂)တပ်မအား ဂျပန်စစ်သူကြီး

www.burmeseclassic.com

မာရှယ်တာရာအုချိကို အင်ဒိုချိုင်းနားသို့ ပေးပို့ရမည်ဟု အမိန့်ပေးခဲ့၏။ ကျွန်ုပ်တို့က ရောဝတီမြစ်ကိုဖြတ်ကူး၍ ထိုးစစ်ကြီးဆင်နေသည့် အချိန်တွင် အမှတ် (၂)တပ်မမှာ အင်ဒိုချိုင်းနားသို့သွားရာ လမ်းတစ်ဝက်သို့ပင် ရောက်ရှိနေပေပြီ။ မာရှယ်တာရာအုချိသည် သူပေးခဲ့သော အမိန့်အတွက် သူ့ကိုယ်သူ ကျိန်ဆဲမိပေလိမ့်မည်။

ရန်သူက ကျွန်ုပ်၏ ထိုးစစ်ကြီးအား ရောဝတီတစ်ဖက်ကမ်းသို့ အရောက်ခေါ်ယူလာသည့်အတွက် ကျွန်ုပ်မှာ ဝို၍ခက်လာတော့သည်။ မူလအစီအစဉ်တိုင်းဆိုလျှင် ရန်သူအား ချင်းတွင်းနှင့် ရောဝတီအကြားတွင် ရှေးဦးစွာ ချေမှုန်းပြီးမှ ရောဝတီမြစ်ကို ဖြတ်ကူးရန် ဖြစ်၏။ ယခုမူ ရောဝတီကို ရှေးဦးစွာ ဖြတ်ကျော်ပြီးမှ ရန်သူကို ချေမှုန်းရတော့မည်။

ကျွန်ုပ်သည် အခြေအနေသစ်နှင့် ကိုက်ညီသော အစီအစဉ်ကို ပြန်၍ ညှိနှိုင်းရေးဆွဲရတော့၏။ ကျွန်ုပ်၏ ဌာနချုပ်အဖွဲ့သားများသည် အစီအစဉ်သစ်အတွက် အသေးစိတ် အချက်အလက်များကို နေ့မအား ညမအား ကြိုးစားတွက်ချက်ပေးကြသည်။ ထို့ကြောင့်လည်း တိုတောင်းလှသော အချိန်အတွင်းတွင် အစီအစဉ်သစ်ကို ရေးဆွဲပြီးခဲ့သည်။

ကျွန်ုပ်သည် ပင်မတိုက်ခိုက်ရေးတပ်အဖြစ် အမှတ် (၃၃)တပ်မကြီးအား မဏ္ဍိုင်ပြုကာ နဝိုလီယမ်အငယ်စား ပီတာရီးစ်၏ အမှတ် (၁၉)တပ်မအား (၃၃)တပ်မကြီးနှင့် တွဲဖက်လျက် ရောဝတီမြစ်ကြီးကို မန္တလေးမြို့မြောက်ဘက်နှင့် အနောက်ဘက်မှနေ၍ အတင်းဖြတ်ကူးရန် ဆုံးဖြတ်လိုက်သည်။ ဤသေနင်္ဗျူဟာမှာ ဂျပန်စစ်သူကြီးကိမူရာ၏ တပ်များအား လှုပ်ရှားရာ မန္တလေးဒေသတစ်ဝိုက်သို့ အများဆုံး လိုက်ပါလာအောင် စစ်မြူလိုက်သော သေနင်္ဗျူဟာပင် ဖြစ်သည်။

ဤအချိန်တွင်ပင် အမှတ် (၄)တပ်မကြီးသည် တောင်ဘက်မှနေ၍ ဂန့်ဂေါမြစ်ဝှမ်းအတိုင်း အထက်သို့ ဆန်၍ လျှို့ဝှက်စွာ ချီတက်သွားပြီးနောက် ပခုက္ကူမြို့ကို ရုတ်တရက်ဝင်စီးကာ မြစ်ကူးခြေကုပ်စခန်းပြုလုပ်ပြီးနောက် ချက်ချင်းဆိုသလိုပင် ရောဝတီမြစ်ကို ကျော်ဖြတ်လျက် မိတ္ထီလာကို တင့်ကားများ၊ လေတပ်ဖြင့် ရောက်ရှိလာသော တပ်များဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်ရန် ညွှန်ကြားထားသည်။

မိတ္ထီလာမှာ မန္တလေး ရထားလမ်းခွဲဖြစ်သော သာစည်မှ (၁၂)မိုင်မျှသာ ကွာပြီး၊ ဂျပန်တို့၏ အမှတ် (၁၅)တပ်မတော်နှင့် အမှတ် (၃၃)တပ်မတော်တို့ကို ရုံးစိုက်ရာ အဓိကမြို့ ဖြစ်သည်။ ရိက္ခာများ၊ ခဲယမ်းများ၊ ထောက်ပံ့ရာ အချက်အချာ ဌာနကြီးလည်း ဖြစ်သည်။

ဆေးရုံများ၊ လေယာဉ်ကွင်းများလည်း မိတ္ထီလာတစ်ဝိုက်တွင် အများပြား [illegible] နောက်တောင်ဘက်မှလာသော ရထားလမ်းနှင့် မော်တော်ကားလမ်းများသည် မိတ္ထီလာနှင့်သာစည်တွင်ဆုံ၍ အထက်မြန်မာပြည်ဘက်သို့ လက်ချောင်းများ



သဖွယ် ခက်လက်ဖြာထွက်လျက်ရှိသည်။ မိတ္ထီလာသည် ဤလက်ချောင်းများဆုံရာ လက်ကောက်ဝတ်နှင့် တူနေလေသည်။

ကျွန်ုပ်တို့ကသာ မိတ္ထီလာ လက်ကောက်ဝတ်ကို ချေမှုန်းဖြတ်တောက်ပစ်နိုင်လျှင် လက်ချောင်းများနှင့်တူသော အထက်ဘက်သို့ သွားရာလမ်းများသည် အလိုလိုလှုပ်ရှားမှုမဲ့လာကာ လက်တစ်ခုလုံးမှာလည်း ဘာမှ အသုံးမကျတော့သည့် အဖြစ်သို့ ရောက်လာရပေတော့မည်။ ထိုအခါ သံလွင်-ရောဝတီ စက်ဝိုင်းခြမ်းပေါ်တွင် ရှိနေသည့် ရန်သူ့တပ်မတော်များသည်လည်း စစ်ညှိုး၍လာတော့မည် ဖြစ်၏။

ဂျပန်စစ်သူကြီးဖြစ်သူ ကိမူရာက ရောဝတီမြစ်ကမ်းတစ်လျှောက်နှင့် မန္တလေးပတ်ဝန်းကျင် တစ်ဝိုက်တွင် အာရုံစူးစိုက်နေစဉ် ကျွန်ုပ်တို့က လက်ကောက်ဝတ်နှင့်တူသော မိတ္ထီလာကို အငိုက်ဝင်စီးလိုက်နိုင်လျှင် ကိမူရာသည် အသက်သွေးကြောဖြစ်သော ဆက်သွယ်ရေးလမ်းကြောင်းများကို ရှင်းလင်းရန်အတွက် ရောဝတီနှင့် မန္တလေး ပတ်ဝန်းကျင်မှ တပ်များအနက် အင်အားအများအပြားကို ရောဝတီ-သံလွင်စက်ဝိုင်းခြမ်းပေါ်သို့ အရေးတကြီး ပို့ဆောင်ပေးရပေတော့မည်။

ထိုအခါ ကျွန်ုပ်အလိုရှိသည့်အတိုင်း ထိုးစစ်ကြီးကို ဂယနအာဆင်နွှဲနိုင်ရုံမက ရန်သူ့တပ်မတော်များကို ပေခုံပေါ်တွင် တင်၍ တူဖြင့်ထုသလို စိစိညက်ညက်ကျေအောင် ထုနိုင်ရန် အခွင့်အလမ်းသာလှပေတော့မည်။

ပေနှင့်တူသောအမှတ် (၄)တပ်မကြီးက မိတ္ထီလာတွင်ရှိနေကာ တူနှင့်တူသော အမှတ် (၃၃)တပ်မကြီးက မြောက်ဘက်မှနေ၍ အားကုန်လွှဲလျက် ထုနေပြီး အလယ်တွင် ရန်သူ့တပ်များက ရှိနေပေတော့၏။

ကျွန်ုပ်သည် အမှတ် (၄)တပ်မကြီးတွင် အမှတ် (၇) နှင့် (၁၇) တပ်မနှစ်ခု၊ အမှတ် (၂၅) ရှာမင်းတင့်ကား တပ်မဟာတစ်ခု၊ လူရွှေ့တပ်မဟာတစ်ခုနှင့် အမှတ် (၂၈) အရှေ့အာဖရိက တပ်မဟာတစ်ခုတို့ကို ပါဝင်စေပြီး၊ အမှတ် (၃၃)တပ်မကြီးတွင် အမှတ် (၂)၊ (၁၉)နှင့် (၂၀) တပ်မသုံးခု၊ အမှတ် (၂၄၅) လီဂရန့်နှင့် စတူးရတ်တင့်ကား၊ တပ်မဟာတစ်ခု၊ အမှတ် (၂၆၈) တပ်မဟာတစ်ခုတို့ကို ပါဝင်စေသည်။ ယန္တရားတပ်ဆင်ကာ ပြန်လည်ဖွဲ့စည်းနေသော အမှတ် (၅)တပ်မကိုမူ အရန်တပ်အဖြစ် သတ်မှတ်ထားလိုက်၏။

ထိုးစစ်ကြီးတစ်ခုလုံး အောင်မြင်စေရန်အတွက် ပခုက္ကူသို့ ချီတက်ကာ မိတ္ထီလာသို့ဆင်း၍ စီးမည့် အမှတ် (၄)တပ်မကြီး ချီတက်မှုကို လည်းကောင်း၊ အင်အားကိုလည်းကောင်း အထူးလျှို့ဝှက်ထားရန် လိုသည်ဟု ယူဆကြသည့်အတိုင်း အမှတ် (၄)တပ်မကြီး၏ ဦးစီးချုပ်ဖြစ်သူ မက်ဆာဗေး၊ အမှတ် (၃၃)တပ်မကြီး၏ ဦးစီးချုပ်ဖြစ်သူ စတော့ဖို့ဒ် တို့နှင့် တို့သည် နည်းပရိယာယ်ဆင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုနည်းပရိယာယ်ကား ရွှေဘိုလွင်ပြင်ဆီသို့ ရှေးရှုချီတက်လက်စရှိသော အမှတ် (၄)တပ်မကြီးအား တပ်မကြီးတစ်ခုလုံး ရွှေဘိုလွင်ပြင်ဆီသို့ အလုံးအရင်းဖြင့် ချီတက်နေဆဲပင် ဖြစ်သည်ဟု ထင်နေအောင်ပြုလုပ်ရန်နှင့် ဂန့်ဂေါမြစ်ဝှမ်းအတိုင်း တကယ်ပင်ချီတက်နေသော အမှတ် (၄)တပ်မကြီးအား သာမညတပ်ဖွဲ့ကလေးတစ်ခု စွယ်ယောင်ပြ၍ ချီတက်နေသည်နှင့် တူအောင်ကျင့်သုံးရန်ပင် ဖြစ်သည်။

ဤနည်းပရိယာယ် အောင်မြင်စေရန်အတွက် တမူးတွင် ယခင်က အခြေစိုက်ထားခဲ့သော အမှတ် (၄)တပ်မကြီး ဌာနချုပ်နေရာ၌ ဌာနချုပ်အတုအယောင်တစ်ခုကို ဆက်လက်ဖွင့်ထားရန် ညွှန်ကြားလိုက်သည်။ ဤဌာနချုပ်အတုသည် ဌာနချုပ်အစစ် အသုံးပြုခဲ့သော ကြိုးမဲ့ကြိုးနန်းသင်္ကေတ အဆက်အသွယ်များအတိုင်း အခြားတပ်များနှင့် ဟန်မပျက်ဆက်လက် ဆက်သွယ်နေရန် ဖြစ်၏။ ဤအချိန်တွင် ဂန့်ဂေါမြစ်ဝှမ်းအတိုင်း လျှပ်ရှားချီတက်နေသော တကယ့် အမှတ် (၄)တပ်မကြီးအစစ်က အသံတိတ်နေရန် ဖြစ်သည်။ အမှတ် (၃၃)တပ်မကြီးမှ အမှတ် (၁၉)တပ်မသို့ ပေးပို့သည့် သတင်းမှန်သမျှ ဌာနချုပ်အတုမှ တစ်ဆင့် ဖြတ်သန်းသွားစေရမည် ဖြစ်သည်။ သို့မှလည်း အမှတ် (၄)တပ်မကြီးသည် အမှတ် (၃၃)တပ်မကြီး၏ ဝဲဘက်မှနေ၍ ဆက်လက်ချီတက်နေသည်ဆိုခြင်းကို ယုတ္တိရှိစေမည် ဖြစ်သည်။

ဂန့်ဂေါ မြစ်ဝှမ်းအတိုင်း လျှို့ဝှက်စွာ ချီတက်နေသော အမှတ်(၄)တပ်မကြီးသည် အလွန်စိုးရိမ်ရသည့် အန္တရာယ်နှင့် ရင်ဆိုင်ရသဖြင့် သတင်းမပို့လျှင် မဖြစ်သည့်အခြေသို့ ရောက်လာသည့်တိုင် ကလေးဝမှ အိန္ဒိယသို့ အနားယူရန် ပြန်လာနေသည့် အမှတ် (၁၁) အရှေ့ အာဖရိကတပ်မဌာနချုပ်နှင့်သာ ဆက်သွယ်ရန် တိတိကျကျ ညွှန်ကြားထားသည်။

ကြိုးမဲ့ကြေးနန်းဌာနမှ အရာရှိအချင်းချင်း၊ ရဲဘော်အချင်းချင်းနှင့် ဌာနချုပ်အရာရှိများနှင့် အော်ပရေတာများ၊ ကြိုးမဲ့ကြေးနန်းဖြင့် စကားပြောသည့်အခါတိုင်း အမှတ် (၄)တပ်မကြီး ရွှေဘိုလွင်ပြင်သို့ ဆက်လက်ချီတက်နေသည်ဟု ရန်သူက ပို၍ ယုံကြည်လာအောင် အပြန်အလှန်ပြောဆိုကြရန် အကွက်ဆင်ထားသည်။ သက်ဆိုင်ရာ အသံလွှင့်ဌာနများမှ သတင်းကြေညာရာတွင်လည်း ကျွန်ုပ်တို့၏လုပ်ဇာတ်ကို ရန်သူတို့က အဟုတ်မှတ်စေရန် ဇာတ်တိုက်ထားသည်။

တပ်မကြီးနှစ်ခုစလုံး ရွှေဘိုလွင်ပြင်သို့ ရှေးရှုချီတက်နေကြောင်း ယုတ္တိရှိစေရန်အတွက်လည်း ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း အသွားအလာများကို အမျိုးမျိုး ထွင်ထားရသည်။ ကြိုးမဲ့ကြေးနန်း ဆက်သွယ်ပြင်ဆင်မှု အတုမှာ တပ်မဟာကြီးများကို ဦးစီးရသူများနှင့် တပ်မများကို အုပ်ချုပ်ရသူများအကြားတွင် အကြီးအကျယ် အနှောင့်အယှက်ဖြစ်နေခဲ့သည်။



သို့သော်လည်း ဤဒုက္ခကိုသည်းခံ၍ စည်းကမ်းနှင့်တာဝန်ရှိရှိဆောင်ရွက်ခဲ့ကြသဖြင့် ကျွန်ုပ်တို့သည် ရန်သူတို့ကို လုံးဝ လှည့်စားနိုင်ခဲ့ကြလေသည်။

ဤကဲ့သို့ ကျွန်ုပ်၏အစီစဉ်အသစ်က အကွက်ဝင်နေစဉ် ကျွန်ုပ်တို့အား လေကြောင်းမှ ရိက္ခာတေင့်ရန် ပေးထားသော လေယာဉ်များအနက် အမေရိကန် ဒါကိုတာ လေယာဉ်အုပ်စုသုံးခုကို ဒီဇင်ဘာလ (၁၀)ရက်နေ့ အရုဏ်တက်ချိန်တွင် ကျွန်ုပ်အား အသိမပေးဘဲ တရုတ်ပြည်သို့ ရွှေ့ပြောင်းသွားကြသဖြင့် အခက်တွေ့ရပြန်တော့သည်။

လေယာဉ်အုပ်စု သုံးခုတွင် လေယာဉ်အစင်းပေါင်း (၇၅)စင်း ပါဝင်လေရာ ကျွန်ုပ်တို့အဖို့ ရှင်နည်းရာ *အဂ္ဂလူထွက်* ဖြစ်ရတော့သည်။ ကျွန်ုပ်၏ဌာနချုပ်အဖွဲ့ဝင်များသည် လက်ကျန်လေယာဉ်များဖြင့် ကျွန်ုပ်တို့တပ်များအား မည်သို့ရိက္ခာနှင့် ခဲယမ်းထောက်ပံ့ရမည်ကို အသေးစိတ် စီမံကိန်းရေးဆွဲရပြန်တော့သည်။

ကျွန်ုပ်အား ပေးထားသော လေယာဉ် (၇၅)စင်းကို ကျွန်ုပ်အားအသိမပေးဘဲ တရုတ်ပြည်သို့ ရွှေ့ပြောင်းပေးလိုက်ခြင်းမှာ အင်္ဂလိပ်နှင့် အမေရိကန် စစ်အာဏာပိုင်များ ပါဝင်သော အထက်ပိုင်းဌာနချုပ်တွင် ဗရုတ်သုက္ခဖြစ်နေကြောင်းကို ဖော်ပြလိုက်သော သာဓကပင် ဖြစ်တော့သည်။ အမေရိကန် ဒါကိုတာ လေယာဉ် (၇၅)စင်းသည် ကျွန်ုပ်၏အမှတ် (၁၄)တပ်မတော်အတွက် ပို့ဆောင်ရန် လေယာဉ်ပေါ်တွင် အသင့်တင်ထားပြီး ဖြစ်သော ရိက္ခာထုတ်များကို အင်ဖာလေယာဉ်ကွင်းပေါ်တွင် ပစ်ချထားပြီးနောက် တရုတ်ပြည်သို့ ထွက်ခွာသွားကြခြင်း ဖြစ်သည်။

လေကြောင်းမှ ရိက္ခာနှင့် ခဲယမ်းမည်မျှ ပို့ဆောင်ပေးနိုင်မည်ကို အခြေခံ၍ တွက်ချက်ထားခဲ့သော ကျွန်ုပ်တို့၏ အစီအစဉ်အသစ်မှာ လေယာဉ် (၇၅)စင်း ကိစ္စကြောင့် ကျွမ်းထိုးမှောက်ခုန်များ ဖြစ်ကုန်တာ စစ်ဆင်ရေးကိုပင် ရပ်တန့်ထားရတော့မလို ဖြစ်လာတော့၏။

ကျွန်ုပ်၏အဖွဲ့သားများနှင့် အမှတ် (၄)၊ အမှတ် (၃၃)တပ်မကြီးမှ ဌာနချုပ်အဖွဲ့သားများသည် လက်ကျန်လေယာဉ်များဖြင့် ထပ်၍ စီမံကိန်းအသေးစိတ်ရေးဆွဲရပြန်တော့၏။ ကျွန်ုပ်သည် ဤအမှုထမ်းများအတွက် များစွာ ကရုဏာသက်မိသည်။ ကျွန်ုပ်၏အဖွဲ့သားများသည် မြန်မာပြည်စစ်မျက်နှာများမှ သယ်ယူပို့ဆောင်ရေး အခေါက်ရေများကို လျှော့ချကာ အမှတ်(၄)နှင့်အမှတ်(၃၃)တပ်မတော်ကြီးအတွက် ခေါက်ရေ ပို၍ ပေးခဲ့ရလေသည်။ ကျွန်ုပ်၏ အမှတ် (၁၄)တပ်မတော်အတွက် လေယာဉ်များ လျော့နည်းမသွားသည့်တိုင် အမှတ်(၄)တပ်မကြီးအား တမူးမှ[illegible] (၃၂၈)မိုင်ကွာခရီးကို မိုးရွာလျှင် နွံဗွက်၊ နေပူလျှင်ဖုန်ထူသော [illegible] ချီတက်ရေးသည် လည်းကောင်း၊ ရောဝတီအား ဖြတ်ကူးရေးသည် လည်းကောင်း မူလကပင် ကြီးကျယ်သော ပြဿနာများ ဖြစ်နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်ုပ်တို့၏ တပ်မျှား ဗိုလ်မှူးအပေါင်းနှင့် စစ်သည်ရဲမက်အပေါင်းတို့၏စွမ်းဆောင်ချက်ကြောင့် ကျွန်ုပ်တို့၏ထိုးစစ်ကြီးကို ကျွန်ုပ်၏ အစီအစဉ်အတိုင်း ဆင်နွှဲနိုင်ခဲ့သည်။ ချင်းတွင်းကို ဖြတ်ကူးရာတွင် လှေနှင့်ဖောင်များ အများအပြားရအောင် ကြိုးစားပေးခဲ့သော ဆင်တပ်ခွဲများတို့ အုပ်ချုပ်သည့် ဖိုးဆင်(Elephant Bill) နှင့် စကားနည်းသလောက် သစ်လုံးကြီးများကို လှေအဖြစ်သို့ ရောက်အောင်လုပ်ရာတွင် မြန်ဆန်လှသော ကျွန်ုပ်တပ်မှအင်ဂျင်နီယာချုပ် ဘီးလ်ဟတ်စတတ်တို့၏ ဆောင်ရွက်မှုကိုလည်း မှတ်တမ်းတင်ရမည် ဖြစ်သည်။

ကျွန်ုပ်၏တပ်များသည် လေကြောင်းဖြင့် တိုက်ရိုက်ပေးပို့သော ရိက္ခာများကို ရနေသည့်တိုင် တောတောင်လျှိုမြောင်များကို ဖြတ်၍လာရသော လမ်းခရီးမှ အစားအစာနှင့် ရေကြောင်းမှ လှေဖြင့် တင်လာသော အသုံးအဆောင်များကိုလည်း ရရန်လိုနေသည်။

ထို့ကြောင့်ပင် ရထားလမ်းဆုံရာ ဒိုင်မာပူမှ အင်ဖာကို ဖြတ်လျက် တမူးသို့ ရောက်သည့် မိုင်(၂၆၀)ရှိသော ဆယ့်နှစ်ရာသီသုံး လမ်းကိုလည်းကောင်း၊ နွေရာသီတွင်သာ သွားလာနိုင်သော တမူးမှ ကလေးဝအထိ (၁၁၂)မိုင်ရှည်လမ်းကို ကတ္တရာပြားများခင်း၍နွေရောမိုးပါသွားနိုင်အောင် မွမ်းမြင့်၍လည်းကောင်း၊ ချင်းတွင်းကို ဘေလီတံတားဖြင့် ဖြတ်ကူးကာ ရွှေဘိုသို့ ဆယ့်နှစ်ရာသီသုံးလမ်း ရွှေဘိုမှတစ်ဆင့် မန္တလေးလမ်းနှင့် အမှတ်(၃၃)တပ်မကြီးရှိရာ မိုင် (၁၉၀)ရှည်သည့် အလွန်ကြမ်းတမ်းသော လမ်းကိုလည်းကောင်း၊ ကလေးဝမှ မြင်းခြံအထိ မိုင် (၂၀၀)ရှည်သော ခရီးတို့ ရေကြောင်းမှ ကျွန်ုပ်တို့ဆောက်လုပ်ထားသော လှေလောင်းများဖြင့် လာကာ အမှတ်(၄)တပ်မကြီးရှိရာသို့ ရောက်သည့်လမ်းကို လည်းကောင်း၊ မြင်းခြံမှ မိတ္ထီလာသို့ ကားတစ်တန်၊ ရထားတစ်တန်ဖြင့် (၇၉)မိုင်ရှည်သောလမ်းကိုလည်းကောင်း အသုံးပြုခဲ့ရလေသည်။

ဤကဲ့သို့ ခက်ခဲကြမ်းတမ်းသော လမ်းခရီးကို ပင်ပင်ပန်းပန်း ကျော်ဖြတ်လာခဲ့ရပြီးနောက် ရန်သူများ စောင့်ရှောက်ကာဆီးထားသော ဧရာဝတီမြစ်ကြီးကို ဟီးတိုက်၍ ဖြတ်ကူးကာ တိုက်ပွဲကြီးတစ်ခုနှင့် ရင်ဆိုင်ရသောအလုပ်မှာ လွယ်ကူလှသည်တော့ မဟုတ်။ သို့သော် ***"ခက်တာကို ချက်ချင်းလုပ်မယ်၊ မဖြစ်နိုင်တာဆိုတာကို နည်းနည်းအချိန်ယူပြီး လုပ်မယ်"*** ဟူသော ကျွန်ုပ်တို့ အမှတ် (၁၄)တပ်မတော်၏ ဆောင်ပုဒ်အတိုင်း ကျွန်ုပ်တို့သည် ဧရာဝတီမြစ်ကြီးသို့ ချီတက်လာခဲ့ပေပြီ။

အမှတ် (၄)တပ်မကြီးမှ အမှတ် (၃၃)တပ်မကြီးသို့ ရွှေ့ပြောင်းရောက်ရှိလာသော နပိုလီယမ် အငယ်စား ပီတာရီးစ်၏ အမှတ် (၁၉) တပ်မသည် တောတောင်လျှိုမြောင်များကို ဖြတ်သန်းချီတက်လာပြီးနောက် ဒီဇင်ဘာလ (၁၉)ရက်နေ့တွင် ဝန်းသိုကို တိုက်ခိုက်သိမ်းယူကာ



တောင်ဘက်သို့ ဆင်းလာခဲ့ပြီး (၂၃)ရက်နေ့တွင် ဝန်းသိုမှ (၂၅)မိုင်ကွာသို့ ရောက်လာသည်။ မိုင် (၂၀၀)နီးပါး ရှည်သော ခရီးကို မော်တော်လော်ရီများသွား၍ရအောင် ထွင်းရင်း ရက်(၂၀)တည်းနှင့် ချီတက်လာနိုင်သော ရီးစ်၏တပ်မမှာ ချီးကျူးစရာကောင်းလှသည်။

ဤအချိန်တွင်ပင် အမှတ် (၄) တပ်မကြီးမှ ရွှေ့ပြောင်းချီ အမှတ် (၂၆)တပ်မဟာသည် ချင်းတွင်းကို စစ်တောင်းတောင်ဘက်မှ ဖြတ်ကူးကာ တောလမ်းတောင်လမ်းဖြင့် ချီတက်လာပြီး ရေနံထွက်သော အင်းတော် (မန္တလေး၊ မြစ်ကြီးနားလမ်းမှ အင်းတော် မဟုတ်)ကို သိမ်းယူလိုက်သည်။ ထိုနောက် တောင်များကို ဖြတ်လျက် ရွှေဘိုလွင်ပြင်တောင်ဘက်တွင် စီးဝင်နေသော မူးမြစ်သို့ ရောက်လာသည်။

ဒီဇင်ဘာလ (၂၆)ရက်နေ့တွင် အမှတ် (၂၆)တပ်မဟာအား ကျွန်ုပ်အစီအစဉ်သစ်အတိုင်း အမှတ်(၃၃)တပ်မကြီးသို့ တာဝန်လွှဲပြောင်းပေးလိုက်သည်။ ဤတပ်မဟာနှင့် အမှတ် (၁၉)တပ်မတို့သည် ယခုအချိန်မှစ၍ အမှတ် (၃၃)တပ်မကြီး၏ အမိန့်ကို နာခံကာ အမှတ် (၁၄) တပ်မတော်ကြီး၏စစ်မျက်နှာမြောက်ပိုင်း၌ တိုက်ခိုက်ရေးတာဝန် မှန်သမျှကို ထမ်းဆောင်ရတော့မည် ဖြစ်၏။

အမှတ် (၁၉) တပ်မက ဝန်းသိုတောင်ဘက်သို့ အပြင်းချီနေစဉ် အမှတ် (၂၀)နှင့် အမှတ် (၂)တပ်မများက မော်လိုက်နှင့် ကလေးဝမှ ဆက်၍ ချီတက်လာသည်။ ရန်သူ့တပ်များသည် ကျွန်ုပ်တို့တပ်များ ရောက်မလာမီ ရွှေကျင်ခရီးလမ်းကို မိုင်းဗုံးထောင်၊ သစ်ပင်များ လှဲကာ ဆုတ်ခွာသွားနှင့်ကြသည်။

ဒီဇင်ဘာလ (၂၃)ရက်နေ့တွင် အမှတ် (၂)တပ်မမှ ရွှေပြေးချီတပ်သည် ပျဉ်ချိုင်သို့ ရောက်လာသည်။ ရန်သူသည် ပျဉ်ချိုင်မှနေ၍ ခုခံခြင်း မရှိသော်လည်း၊ ရွာအရှေ့ဘက် မိုင်အတော်ကွာမှနေ၍ လမ်းကိုပိတ်ဆို့ကာ နောက်တစ်နေ့တွင် တိုက်ခိုက်သည်။ ဒီဇင်ဘာလ (၂၂)ရက်နေ့တွင် အမှတ် (၂၀)တပ်မမှ ဂေါ်ရခါးတပ်ရင်းတစ်ရင်းသည် ရန်သူ့နောက်ကျောဘက်သို့ ရောက်လာကာ လမ်းကို ထပ်၍ ပိတ်ဆို့ပြီး ရန်သူကို ချေမှုန်းသည်။ ပျဉ်ချိုင်အရှေ့ဘက်တိုက်ပွဲသည် ငါးရက်တိုင်တိုင် တိုးတက်ယူရလောက်အောင် ပြင်းထန်လေသည်။

**ရန်သူ၏ ပထမဆုံးအကြိမ် ယဲ့ယဲ့မဲ့မဲ့ ခုခံပွဲတည်း။**

ယန္တရားတပ် အနည်းငယ်ပါသော ကျွန်ုပ်တို့၏ စစ်ကြောင်းတစ်ကြောင်းသည် ပျဉ်ချိုင်အရှေ့ဘက်မှနေ၍ တာဘိုးရေတာတာဆည်အပြင်းချီတက်လာကာ ရေကာတာကို ဖောက်ခွဲဖျက်ဆီးရန် စောင့်နေသည့် ရန်သူ့အဖွဲ့တစ်ဖွဲ့ကို မောင်းထုတ်ပစ်လိုက်နိုင်သည်။

ရန်သူသည် ကျွန်ုပ်တို့ လျင်မြန်စွာချီတက်မှုကို ကိုယ်လေယာဉ်များဖြင့် လာရောက်နှောင့်ယှက်ကြသည်၊ သို့သော် အရာ မရောက်လှ။

www.burmeseclassic.com

www.burmeseclassic.com

အမှတ် (၂) တပ်မမှ ရှေ့ပြေးချီတပ်သည် ရေဦးနှင့် ရေဦးတွင်ရှိသော လေယာဉ်ကွင်းများကို (၁၉၄၅)ခုနှစ်၊ ဇန်နဝါရီလ (၂)ရက်နေ့တွင် သိမ်းယူကာ နောက်တစ်နေ့ နေ့လယ်နှင့် ညဘက်၌ မူးမြစ်ကို ဖြတ်ကူးကာ (၅)ရက်နေ့တွင် လေတပ်အကူအညီဖြင့် ခိုင်ခံ့သော မြစ်ကူးခြေကုပ်စခန်းကို တည်ဆောက်လိုက်သည်။ ကာဘိုအနီးသို့ ရောက်လာသည့် အမှတ် (၁၉)တပ်မနှင့်လည်း အဆက်အသွယ် ရလာ၏။

အမှတ်(၂)နှင့် (၁၉)တပ်မ နှစ်ခုတို့က ရွှေဘိုသို့ သူ့ထက်ဦးအောင် ချီတက်နေစဉ် ပြန်လည်အင်အား ဖြည့်ထားသော ရန်သူ့ (၁၅) တပ်မသည် ကျွန်ုပ်တို့၏ချီတက်မှုကို ထပ်မံဟန့်တားခြင်း မရှိတော့ဘဲ ရာဝတီမြစ်ကမ်းသို့ အလုံးအရင်းဖြင့် ဆုတ်နေလေသည်။ အမှတ် (၃၁) ရန်သူ့တပ်မမှ တပ်ဖွဲ့တစ်ခုသည် (၁၅)တပ်မ၏ ဆုတ်ခွာရေးလမ်းကြောင်းကို အကာအကွယ်ပေးနေရင်း ကျွန်ုပ်တို့တပ်များအား တန့်တလှုမှုနေ၍ ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်သည်။

ဗိတာရိုးစ်၏ အမှတ် (၁၉)တပ်မသည် တန့်ဘလူမှ ရန်သူကို ဇန်နဝါရီလ (၂)ရက်နေ့တွင် တိုက်ခိုက်ဖောက်ထွက်ပြီး မိုင် (၅၀)ခရီးကို ခတ်ခက်ခဲခဲ ချီတက်ကာ ဇန်နဝါရီလ (၇)ရက်နေ့၌ ရွှေဘိုမြို့သို့ ချဉ်းကပ်မိ၏။ (၈)ရက်နေ့တွင် မြို့အရှေ့တောင်ဘက်၌ ကတုတ်ကျင်းများ အဆင့်ဆင့် တည်ဆောက်တပ်စွဲလာပြီးနောက် ရန်သူ့မြို့စောင့်တပ်ကို တစ်နေ့လုံး တိုက်ခိုက်သည်။ (၉)ရက်နေ့သို့ ရောက်လာသောအခါ အမှတ် (၂) တပ်မမှ တပ်များသည် ရန်သူ့အဖွဲ့ငယ်အား တိုက်ခိုက်ရှင်းလင်းရင်း ရွှေဘိုမြို့ အရှေ့မြောက်ဘက် အဝင်ဝသို့ ရောက်လာသည်။

မြို့ထဲတွင် ရန်သူ တစ်ယောက်မျှ မရှိတော့။

ရန်သူများသည် (၉)ရက်နေ့ နံနက်ကပင် မြို့ကို စွန့်လွှတ်၍ ဆုတ်ခွာပြေးကြသည်။ သို့သော် မြို့တောင်ဘက်တွင် အမှတ် (၁၉)တပ်မမှ တပ်ရင်းတစ်ရင်းက ဆုတ်ခွာလာသော ရန်သူများကို ကြားဖြတ်တိုက်ခိုက်ကာ ရက်ရက်စက်စက် သုတ်သင်လိုက်သည်။ ဖျဉ်ချိုင်အရှေ့ဘက် တိုက်ပွဲ၌ ငါးရက်တိုင်တိုင် တိုက်ခဲ့သော အမှတ် (၂၀)တပ်မမှ ဂေါ်ရခါး တပ်မဟာသည် တောင်ဘက်ရှုရှုသို့ တောလမ်းများအတိုင်း ချီတက်လာပြီးနောက် ရန်သူတို့၏ ဆက်သွယ်ရေးလမ်းကြောင်းတွင် အချက်အချာနေရာတစ်ခုဖြစ်သော ဘုတလင်ကို ဝိုင်းထားလိုက်၏။

ရန်သူသည် ခံကတုတ်ကျင်းများ တည်ဆောက်ကာ အခိုင်အမာ တပ်စွဲနေသည်။ မြို့ထဲတွင် ရန်သူ့အင်အား (၁၀၀)ခန့်သာ ရှိသော်လည်း နေရာယူထားပုံက ခိုင်လုံလှသည့်အပြင် အသက်ကို အသက်မမှတ်ဘဲ ရဲရဲဝံ့ဝံ့တိုက်ခိုက်ကြသောကြောင့် ကျွန်ုပ်တို့ဘက်မှ ရဲမက် (၆၀)ကျော် ထိခိုက်ကျဆုံးပြီးမှ မြို့ကို သိမ်းမိသည်။ ရန်သူဘက်ကမူ လူ (၁၀)ယောက် (၁၂)ယောက်ခန့်သာ လွတ်ထွက်နိုင်တော့သည်။



ဤအချိန်တွင် နောက်မှ ချီတက်လာသော အမှတ် (၂၀)တပ်မသည် အလုံးအရင်းဖြင့် ရောက်ရှိလာပြီး ဘုတလင်တောင်ဘက် မိုင် (၂၀) ခန့်သာ ကွာတော့သော မုံရွာသို့ ချီတက်ချဉ်းကပ်ကြတော့၏။

အမှတ်(၃၃)တပ်မကြီးက ရွှေဘိုလွင်ပြင်ရှိ ရန်သူများကို ရှင်းလင်း၍ ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင် ခြေကုပ်စခန်းများတည်ဆောက်ရန်အတွက် အင်ကြီးအားကြီးဖြင့် ချီတက်နေစဉ် မက်ဆာဗေး ဦးစီးသော အမှတ် (၄)တပ်မကြီးက မိတ္ထီလာတွင် အနိုင်အရှုံးကို ဆုံးဖြတ်မည့် တိုက်ပွဲကြီးကိုဆင်နွှဲနိုင်ရန် ပခုက္ကူသို့ ခရီးရှည်ချီတက်လျက် ရှိသည်။

ကျွန်ုပ်သည် မြစ်သာမြစ်ဝှမ်းသို့ ရောက်နေသော လူရှေ့တပ်မဟာကိုလည်းကောင်း၊ အမှတ် (၂၈) အရှေ့အာဖရိက တပ်မဟာကိုလည်းကောင်း၊ မက်ဆာဗေးဦးစီးသော အမှတ်(၄) တပ်မကြီးသို့ လွှဲပြောင်းပေးထားပြီး ဖြစ်သည်။ လူရှေ့တပ်မဟာသည် ဂျပန်များနှင့် ကာလကြာရှည်ကြာ ညောင်းစွာပင် တိုက်ခိုက်လာခဲ့သော တပ်ဖြစ်၍ တစ်ကြောင်း၊ အမှတ် (၂၈) အရှေ့အာဖရိကတပ်မဟာကို ကလေးဝမှအိန္ဒိယသို့ အနားယူရန် ရွှေ့ပြောင်းသွားသော အမှတ် (၁၁) အရှေ့အာဖရိကတပ်မနှင့် ယှဉ်မှားနိုင်သောကြောင့် တစ်ကြောင်း၊ ဤတပ်မဟာနှစ်ခုအား အမှတ် (၄)တပ်မကြီး၏ ရှေ့ပြေးချီတပ်အဖြစ် ဂန့်ဂေါမြစ်ဝှမ်းအတိုင်း ချီတက်ရန် တာဝန်ပေးထားသည်။

ဤတပ်မဟာနှစ်ခုကို ကြည့်၍ ဂန့်ဂေါမြစ်ဝှမ်း၌ လှုပ်ရှားနေသော တပ်များမှာ အမှတ် (၃၃)တပ်မကြီးမှ ယခင်တပ်မဟာများသာ ဖြစ်သည်ဟု ရန်သူက ယုံကြည်နေရမည်သာ ဖြစ်သည်။ မက်ဆာဗေးသည် ရန်သူ့သဘောထားကို အကဲခတ်လိုက်ပြီးနောက် လူရှေ့တပ်မဟာအား ဂန့်ဂေါကို သိမ်းရန်နှင့် အမှတ်(၂၈) အရှေ့အာဖရိက တပ်မဟာက နောက်မှထပ်ကြပ်မကွာ ချီတက်လိုက်ပါရန် အမိန့်ပေးလိုက်၏။

ဤတပ်မဟာနှစ်ခု၏ နောက်တွင်မူ ရနိုင်သမျှသော လမ်းဖောက်လုပ်ရေး ကိရိယာတန်ဆာပလာ အစုတ်အနုတ်ကလေးများဖြင့် ဤလမ်းအတိုင်း ဆက်လက်ချီတက်လာမည့် အမှတ် (၇)တပ်မအတွက် လမ်းထွင်မည့် တပ်ဖွဲ့တစ်ခုကို လိုက်ပါစေသည်။

ဇန်နဝါရီလ (၆)ရက်နေ့တွင် အမှတ် (၇)တပ်မမှ တပ်အများအပြားသည် ကလေးဝ တောင်ဘက် ဆယ်မိုင်ကွာရှိ တောကြီးထဲသို့ ရောက်ရှိနေပြီး ဂန့်ဂေါမြစ်ဝှမ်းအတိုင်း မော်တော်လော်ရီနှင့် တင့်ကားများ ပါ ချီတက်နိုင်အောင် လမ်းများ စတင်ဖောက်လုပ်နေကြတော့သည်။

ဤတပ်မသည် တမူးမှနေ၍ ကလေးဝသို့ ရောက်သည်အထိ မိုင် (၁၀၀)ခန့်ကို ခြေကျင်ချီတက်ခဲ့ရသေးသည်။ တပ်မဟာနှစ်ခုနှင့် (၇) တပ်မတို့ချီတက်နေစဉ် အမှတ် (၄)တပ်မကြီးမှ ဌာနချုပ်အဖွဲ့သားများ၏ လုပ်ငန်းကျွမ်းကျင်ပုံမှာ ဂုဏ်ယူစရာကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com

မူလအစီအစဉ်မှာ အမှတ်(၁၄)တပ်မတော်ကြီး၏ လက်ဝဲဘက်မှ ချီတက်ရန် ဖြစ်သော်လည်း ရုတ်တရက် ပြောင်းလဲလိုက်ရသော အစီအစဉ်အသစ်ကြောင့် လက်ယာတောင်ပံသို့ ရောက်လာရုံမက ဂန့်ဂေါ မြစ်ဝှမ်းအတိုင်း မိုင်(၃၀၀)ခန့် ရှည်လျားသော တောတောင်လျှိုမြောင် ထူထပ်သော ခရီးတွင် တပ်မကြီးတစ်ခုလုံး ဖြတ်ကျော်ချီတက်သွားနိုင်အောင် လမ်းထွင်သည့်အလုပ်ကိုပါ လုပ်ရသေးသည်။ ဌာနချုပ်အဖွဲ့သားများသာအတွက် ဤအချက် အစီအစဉ်ညှိဖျင်းပါက ဤတပ်မကြီးတစ်ခုလုံး၏ ချီတက်ရေး၊ ရိက္ခာထောက်ရေးကို များစွာ ထိခိုက်နိုင်ပြီး မိတ္ထီလာတွင် အရှုံးအနိုင်တိုက်ပွဲကြီး ဆင်နွှဲရန် အစီအစဉ်ကိုပါ ထိခိုက်လာမည် ဖြစ်၏။

လမ်းမှာ ဆယ့်နှစ်ရာသီ သုံးလမ်းဟုသာ ဆိုသော်လည်း အလွန်ကြမ်းတမ်းလှသည်။ သုံးတန်လော်ရီပင် ခက်ခက်ခဲခဲ သွားနေရသော လမ်းပေါ်၌ တန် (၅၀)လေးသော တင့်ကားများကို တင်လိုက်သောအခါ ဆင့်ခေါင်း ခွေးမချီနိုင်သလို ဖြစ်လာရတော့၏။

စစ်သည် ရဲမက်တော်တို့သည် လမ်းချဲ့ခြင်း၊ မြေဖို့ခြင်း၊ နင်းကြမ်းဆောက်ခြင်း အလုပ်ဖြင့် ပင်ပန်းနွမ်းနယ် နေကြရတော့သည်။ လမ်းကွေ့ လမ်းကောက်နှင့် တောင်ကမ်းပါးရံကို ဖြတ်၍ ကပ်၍ သွားရသောနေရာများ၌ ရှေ့တိုးလိုက် နောက်ငင်လိုက်ဖြစ်နေသော တင့်ကားများကို စစ်သည်ရဲမက်တော်တို့က လူအားဖြင့် ဝိုင်း၍ တွန်းလိုက် မ,လိုက် လုပ်နေပုံမှာ စိမ်းပြေနပြေ ထမင်းလုံးတစ္ဆေ အချောက်ခံနေရသည်နှင့်သာ တူနေတော့၏။ ကျွန်ုပ်တို့ထံမှ လေယာဉ်(၇၅)စင်း တရုတ်ပြည်သို့ ယူသွားသည့်ဒဏ်ကို ယခုမှ လှလှကြီး ခံနေရသည်။ ချီလေသော တပ်မှန်သမျှ မျှော်လင့်ထားသည်ထက် ကြီးကျယ်သော ဒုက္ခနှင့်သာ ရင်ဆိုင်ကြရတော့၏။

ကျွန်ုပ်တို့သည် လေကြောင်းသယ်ယူပို့ဆောင်ရေးဘက်တွင် ဒုက္ခတွေ့ရစေကာမူ၊ အမေရိကန်နှင့် ဗြိတိသျှ လေတပ်မတော်မှ တိုက်ခိုက်ရေးဘက်တွင် အကူအညီပေးချက်မှာကား အားရကျေနပ်ဖွယ်ကောင်းလှသည်။ တပ်ဖွဲ့တိုင်းကပင် အမှတ် (၄)တပ်မကြီး၏ လျှို့ဝှက်စွာ ချီတက်နိုင်ရေးမှာ ထိုးစစ်ကြီးတွင် အခရာဖြစ်ကြောင်း သိနေကြရာ လေတပ်ဖွဲ့ကလည်း တပ်မ ချီတက်ရာ အနီးပတ်ဝန်းကျင်သို့ ရန်သူကင်းထောက်လေယာဉ်များ ရောက်မလာနိုင်အောင် စေ့စေ့စပ်စပ် အကာအကွယ်ပေးနိုင်၏။ ဂန့်ဂေါမြစ်ဝှမ်းအတိုင်း ပခုက္ကူဆီသို့ ချီတက်နေသော တင့်ကားတစ်စီးကို ရန်သူကင်းထောက် လေယာဉ်တစ်စင်းက မြင်သွားရုံမျှဖြင့် ကျွန်ုပ်တို့ အစီအစဉ်သစ်ကြီး တစ်ခုလုံး ဗျက်သုဉ်းသွားတော့မည်မှာ သေချာလှသည်။ ဤကဲ့သို့ အတတ်နိုင်ဆုံး လျှို့ဝှက်မှုကို ကျင့်သုံးကာ ချီတက်နေရစဉ် ဂန့်ဂေါမှာ ထင်သလောက် လွယ်လွယ်နှင့် တိုက်၍ မရဘဲ ဖြစ်နေပြန်သည်။



ရှိသမျှ အင်အားကို ထုတ်၍ သုံးလိုက်ပြန်ပါကလည်း ရန်သူက ရိပ်မိသွားမည်ကို ကြောက်ရသည်။

လက်နက်အပေါ့စားကလေးများကိုသာ ကိုင်ဆောင်ထားသော လူရွေးတပ်မဟာက ရှုပ်ရှုပ်ချုံချုံ တိုက်သည်။ သို့သော် ရန်သူက အသင့်ပြင်ထားသော ဘန်ကာစခန်းများမှ ခေါင်းမာမာဖြင့် ပြန်၍ ခုခံသောအခါ ဂန့်ဂေါမှာ ဘယ်သူမျှ တိုက်၍ မရနိုင်သော သံမြို့တော်လို ဖြစ်လာရတော့သည်။ ထစ်နေသော ဂန့်ဂေါပြဿနာကို လျှော်ကြီးလှုပ်သည့်နည်းဖြင့် ဖြေရှင်းရန် ဆုံးဖြတ်လိုက်ပြီး လေတပ်မတော်သို့ အကြောင်းကြားလိုက်၏။

လေတပ်မတော်သည် ရန်သူထက် လေကြောင်းတွင် များစွာအင်အားသာသည့် အဖြစ်ကို စနစ်တကျ ဖော်ထုတ်ပြသရင်း မြန်မာပြည်စစ်မျက်နှာတွင် အပြင်းထန်ဆုံး လေကြောင်းတိုက်ခိုက်မှုတစ်ခုဟု တတင်ရအောင် ဗုံးမိုးရွာချသည်။ စက်သေနတ်ဖြင့် ပစ်သည်။ ဂန့်ဂေါတစ်မြို့လုံး လျှောင်ကြီး ဆက်ကာဆက်ကာ လှုပ်နေသကဲ့သို့တည်း။

လေတပ်မတော်က ကြွင်းကျန်ရစ်နေသော ရန်သူများအား ခေါင်းမဖော်နိုင်လောက်အောင် နှိမ်ထားစဉ် လူရွေးတပ်မဟာမှ တပ်ဖွဲ့တလေးများက မြို့ကို နေရာတိုင်းမှ ဝင်စီးသည်။ ဂန့်ဂေါတစ်မြို့လုံးကို လေတပ်တသိမ်း၍ လူရွေးတပ်မဟာက ယူလိုက်နိုင်ပေပြီ။

ကျွန်ုပ်သည် စစ်ပန်းနေသည်နှင့်အမျှ အောင်ပွဲရခဲ့ပြီဖြစ်သော လူရွေးတပ်မဟာအား အိန္ဒိယပြည်သို့ ပြန်၍ အနားယူရန်ခွင့်ပေးလိုက်သည်။ အမှတ်(၂၈) အရှေ့အာဖရိက တပ်မဟာက ဂန့်ဂေါမြို့ထဲသို့ နောက်မှ ကပ်၍ ဝင်လာလေသည်။

ဇန်နဝါရီလ ဒုတိယပတ်တွင်းသို့ ရောက်လာသောအခါ အမှတ်(၁၄)တပ်မတော်မှ တပ်မများသည် မြောက်ဘက်ဝန်းသို့မှ တောင်ဘက်ပခုက္ကူအထိ မိုင် (၂၀၀)ရှည်လျားသော ဧရာဝတီမြစ်ကမ်း စစ်မျက်နှာသို့ ထိုးဖောက်ရောက်ရှိခဲ့ပေပြီ။ အမှတ် (၁၉)တပ်မဆိုလျှင် တကယ်ပင် ဧရာဝတီမြစ်ကမ်းပေါ်တွင် ခြေချမိပေပြီ။

*ရန်သူကမူ ကျွန်ုပ်တို့ ရုတ်တရက် အစီအစဉ် ပြောင်းလိုက်သည်ကိုလည်း မသိ၊ ပခုက္ကူအထိ လျှို့ဝှက်ချီတက်လာသည့်ကိုလည်း ရိပ်မိလိုက်ဘဲ ကျွန်ုပ်တို့အား မန္တလေးပတ်ဝန်းကျင်တွင်သာ လိုက်၍ ရှာနေမည်ဟု ထင်ရသည်၊ တိုက်ပွဲမှန်သမျှတွင် ဇာတ်အဆန်ဆုံးသော ထိုတိုက်ပွဲကို ဆင်နွှဲရန်အတွက် ဧရာဝတီကမ်းနဖူးတွင် ဇာတ်စင်ဆောက်ပြီးပြီ၊ တပြအသုံးတော်ခံမည့် ဇာတ်အဖွဲ့သားများလည်း အဆင်သင့်ရောက်နေပေပြီ၊ ဆိုင်းကလည်း လေးကင်းတီးနေပေပြီ။*

ပြည်ဖုံးကားကြီးကို ဖွင့်လိုက်ရန်သာ လိုတော့၏။

❦❦❦

www.burmeseclassic.com



## အခန်း (၁၃)

မြန်မာပြည်၏ အဓိကလမ်းမကြီးဖြစ်သော ဧရာဝတီမြစ်သည် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းလျက်ရှိပြီး အကျယ်အဝန်းနှင့် ရေစီးနှုန်းမှာ ရာသီကိုလိုက်၍ ပြောင်းလဲနေသည်။

ဇန်နဝါရီလဖြစ်သော ဆောင်းရာသီတွင် ရေနည်း၍ အစီးလည်း နှေးသည်။ သို့တိုင်အောင် ဧရာဝတီကား သဘာဝ အတားအဆီးကြီးများ အနက် အကြီးကျယ်ဆုံးသော အတားအဆီးအဖြစ် ကျွန်ုပ်တို့ရှေ့တွင် ရှိနေလေသည်။

ဧရာဝတီသည် ချင်းတွင်းနှင့်ဆုံသည့်နေရာ၌ ကိုက်(၄၀၀၀)ကျော် ကျယ်၍ ကမ်းပါးပြေသည့်ဒေသ၌ ကိုက် (၂၀၀၀)ခန့် ကျယ်တတ်ကာ ကမ်းပါးစောက်သည့်နေရာများတွင်မူ ကိုက် (၅၀၀)ခန့်သာ ကျဉ်းတတ်၏။ အမှတ် (၃၃) တပ်မကြီး၏ ရှေ့ပြေးချီတပ်ဖြစ်သော ဗီတာရိုးစ်၏ အမှတ် (၁၉)တပ်မ ခြေချမိသည့် သပိတ်ကျင်းနှင့် ခပ်လှမ်းလှမ်းတွင် ရှိသော နေရာတွင် မြစ်ဧရာဝတီသည် ကိုက်(၅၀၀)ခန့်သာ တစ်ဖက်နှင့်တစ်ဖက် ကွာနေလေသည်။

သို့သော် ကမ်းနှစ်ဖက်စလုံးတွင် ရန်သူများစောင့်နေသည်ကို တွေ့ရ၏။ ဇန်နဝါရီလ (၁၄)ရက်နေ့ညတွင် ဗီတာရိုးစ်၏ အမှတ် (၁၉) တပ်မသည် သပိတ်ကျင်း တောင်ဘက် မိုင် (၂၀)အကွာ ကျောက်မြောင်း တစ်ဝိုက်မှနေ၍ ဧရာဝတီကို စတင်ဖြတ်ကူးသည်။ ဤနေရာတွင် ရန်သူ တစ်ယောက်မျှ မတွေ့ရ။

(၁၄)ရက်နေ့ည ဖြတ်ကူးသွားသော တပ်ရင်းတစ်ရင်းသည် အရှေ့ ဘက်ကမ်း၌ နောက်တစ်နေ့ ညဘက်သို့ ရောက်လာသည်အထိ တောထဲ တွင် ပုန်းခိုနေကာ နောက်ထပ် တပ်ရင်းတစ်ရင်းရောက်လာမှ ခြေကုပ် စခန်းယူရန် ကင်းဖြန့်၍ ချလိုက်သည်။ ရန်သူတိုက်ကင်းများနှင့် သွား၍ တိုးနေတော့၏။

တတိယ တပ်ရင်းတစ်ရင်း အရှေ့ဘက်ကမ်းသို့ ရောက်လာသည့် ဇန်နဝါရီလ (၁၇)ရက်နေ့တွင်မူ ရန်သူသည် မြစ်ကမ်းတစ်လျှောက်တွင် ဖြန့်ကျဲ၍ ချထားရသော တပ်များကို အလျင်စလို ပြန်စုကာ ကျွန်ုပ်တို့ တပ်များကို ပြင်းပြင်းထန်ထန် လာရောက်တိုက်ခိုက်တော့သည်။

ဇန်နဝါရီလ (၁၉)ရက်နေ့တွင် အမှတ် (၆၄)တပ်မဟာတစ်ခုလုံး ပင် ကျောက်မြောင်း ခြေကုပ်စခန်းသို့ ရောက်ရှိနေပြီး ရန်သူက ပြင်းပြင်း ထန်ထန် တိုက်ခိုက်နေသည့်အကြားမှပင် ခြေကုပ်စခန်းကို တဖြည်းဖြည်း တိုးချဲ့လျက် ရှိသည်။ ဇန်နဝါရီလ (၂၀)ရက်နေ့ညသို့ ရောက်လာသော အခါ ရန်သူသည် ကျွန်ုပ်တို့တပ်များအား အဝေးပစ်အမြောက်ကြီးများဖြင့် အကြိမ်ပေါင်းများစွာ ပစ်ခတ်ပြီးနောက် လက်တစ်ကမ်းတိုက်ပွဲများ ဖြစ် သည်အထိ ဆင့်ကာဆင့်ကာ လာရောက်တိုက်ခိုက်သည်။

သို့သော် ကျွန်ုပ်တို့တပ်များက မြန်၍ တွန်းလှန်ပစ်နိုင်ကြ၏။

အမှတ် (၆၄)တပ်မဟာသည် ရန်သူက ပင်လယ်လှိုင်းကြီးများ ပြင်းထန်စွာပုတ်လာသလို တိုက်နေသည့်ကြားမှ ရန်သူတပ်ကို ထိုးဖောက် ထွက်ကာ သစ်ပင်ချုံပုတ်များ ဖုံးအုပ်နေသော ပေ (၈၀၀)ခန့်မြင့်သည့် ကျောက်တောင်တစ်ခုနှင့် ကမ်းပါးမှ ထိုးထွက်နေသည့် ကျောက်ကမူ တစ်ခုကို တက်ရောက်သိမ်းပိုက်လိုက်သည်။ ဤကျောက်တောင်နှင့် ကမူ ကား ရန်သူ့အမြောက်တပ်မှ ကြည့်ကင်းစခန်းများတည်း။ အမှတ် (၆၄) တပ်မဟာသည် ရန်သူ့မျက်စိနှစ်လုံးကို ထိုးဖောက်လိုက်နိုင်ပေပြီ။

ဤအချိန်တွင် မြန်မာပြည်အနောက်မြောက်ဘက်မှ လီဒိုလမ်း အတိုင်း တောင်ဘက်သို့ ချီတက်လာသော စူလတန်အုပ်ချုပ်သည့် သိန္နီ- တရုတ်တပ်မှ အမှတ် (၃၆) ဗြိတိသျှတပ်မသည် ကသာမှနေ၍ ဧရာဝတီ မြစ်ကို ဖြတ်ကူးကာ စစ်ကြောင်းနှစ်ကြောင်း ဖြန့်လျက် တောင်ဘက်သို့ ဆက်၍ ဆင်းလာသည်။ ယခုအချိန်၌ လက်ယာစစ်ကြောင်းသည် သပိတ် ကျင်းမြောက်ဘက် မိုင် (၄၀)ခန့်အကွာသို့ ရောက်နေပြီး ရွှေလီမြစ်ဝှမ်း အတိုင်း အထက်သို့ ဆန်တက်လာသော လက်ဝဲစစ်ကြောင်းက သပိတ် ကျင်း အရှေ့ဘက် မိုင်(၃၀)အကွာသို့ ရောက်နေသည်။

စူလတန်၏ အမှတ်(၅၀)တရုတ်တပ်မမှာလည်း လက်ဝဲကြောင်းချီ ဗြိတိသျှတပ်မ၏ အရှေ့ဘက်မိုင် (၃၀)ခန့်တွင် စုရုံးလျက်ရှိပြီး တတိယ မြောက်တပ်ဖွဲ့ဖြစ်သော အမှတ် (၃၀)နှင့် (၃၈)တပ်မ နှစ်ခုမှာ ဇန်နဝါရီ ဒီဇင်ဘာလအလယ်လောက်တွင် သိမ်းယူပြီးနောက် ကသာနှင့် မိုင်(၁၂၀) အကွာရှိ ဗမ်းတိန်မှ ယူနန်တရုတ်တပ်များနှင့် အဆက်အသွယ်ရရှိရန် ကြိုးစားလျက် ရှိနေသည်။

မြောက်ဘက်မှလည်းကောင်း၊ အနောက်ဘက်မှ လည်းကောင်း ကျယ်ပြန့်ရှည်လျားစွာ ချီတက်လာသော မဟာမိတ်တို့၏ ရိုးစစ်တို့ ရင်ဆိုင်နိုင်ရန်အတွက် ဂျပန်ဗိုလ်ချုပ်ကြီးကိမူရာသည် ရနိုင်သမျှသော

www.burmeseclassic.com

www.burmeseclassic.com

တပ်များကို ပြန်လည်စုစည်းထားသည်။ ကျွန်ုပ်တို့ စုဆောင်းရရှိထားသော သတင်းများအရ ဟွန်ဒါး၏ အမှတ် (၃၃) ဂျပန်တပ်မတော်မှာ ဗန်းမော်ဒေသဘက်တွင် ရှိနေပြီး လီဒို နှင့် ယူနန်တရုတ်တပ်များကို ခုခံတိုက်ခိုက်နေသည်။

ကတ်တမူရာ၏ အမှတ် (၁၅) ဂျပန်တပ်မတော်က ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင် တောင်နှင့်မြောက်တန်းလျက် အမှတ် (၁၅)၊ (၅၃)၊ (၃၁)နှင့် (၃၃)တပ်မများကို ချထားကာ အမှတ် (၅၃)တပ်မကိုမူ မန္တလေးဒေသတစ်ဝိုက်တွင် အခြေစိုက်ထားသည်။

ရန်သူ့တပ်မနှစ်ခုဖြစ်သော အမှတ် (၁၅)နှင့် (၅၃)သည် ဧရာဝတီမြစ်ကမ်းပေါ်တွင် ကျွန်ုပ်တို့၏ အမှတ် (၁၉)တပ်မ၏ ခြိမ်းခြောက်တိုက်ခိုက်မှုကို ခံနေရကာ ရန်သူ့(၃၁)တပ်မမှာ စစ်ကိုင်းတောင်ရိုးနှင့် ဧရာဝတီ စစ်မျက်နှာတွင် အနောက်ဘက်ဒေသကို ကာကွယ်နေရပြီး အမှတ် (၃၃) တပ်မက မုံရွာနှင့် ဂန့်ဂေါမြစ်ဝှမ်းကို စောင့်ကြပ်လျက် ရှိသည်။

ရခိုင်နှင့် မြန်မာပြည်တောင်ပိုင်းတွင်မူ ရန်သူ၏ အမှတ် (၅၄)နှင့် (၅၅)တပ်မများက တာဝန်ယူထားကြသည်။ အမှတ် (၂)နှင့် (၄၉)တပ်မများမှာ တပ်ဖွဲ့အချို့နှင့် အိန္ဒိယအမျိုးသားတပ်မမှ လက်ကျန်တပ်အချို့ကိုမူ ကျွန်ုပ်တို့ ထောက်လှမ်း၍ မရသော တစ်နေရာရာတွင် စစ်ကူတပ်အဖြစ် လျှိုထားလိုက်သည်။

ဧရာဝတီမြစ်ကမ်းတစ်လျှောက်လုံးတွင် တာဝန်ယူထားရသော အမှတ် (၁၅)တပ်မတော်မှ ဖျပန်စစ်ဗိုလ်ချုပ်ကတ်တမူရာသည် ငါးပွက်သလို မြစ်ကမ်းတစ်လျှောက်လုံး ပွက်နေသော စွယ်ယောင်ပြဖြတ်ကူးခြင်း၊ တိုက်ကင်းများဖြတ်ကူးခြင်းကြောင့် ကျွန်ုပ်တို့ အမှန်တကယ် မည်သည့်နေရာမှ ဖြတ်ကူးမည်ကို တော်တော်နှင့် စုံစမ်းမရနိုင်ဖြစ်နေသည်၊ စုံစမ်း၍ ရလာပြန်သောအခါ၌လည်း မြစ်ကမ်းတစ်လျှောက်တွင် ဖြန့်ကြဲ၍ ချထားရသော တပ်များကို ပြန်စုနေရသည်နှင့် အချိန်ကြန့်ကြာနေရပြန်သည်။ ရိုးစ်၏ အမှတ် (၁၉)တပ်မအတွက်မူ ရန်သူက တစ်နာရီကြာလေ ပို၍ကောင်းလေလေ ဖြစ်နေတော့၏။ တပ်မမှ လူများနှင့် ရိက္ခာများကို ရေပေါ်တွင် ပေါလောပေါ်သမျှ အရာဝတ္ထုများဖြင့် ရပ်နားခြင်းမရှိဘဲ ဖြတ်ကူးစေသည်။

ရန်သူသည် ကျွန်ုပ်တို့တပ်များ မြစ်ကို ဖြတ်ကူးနေစဉ်က ဟုတ်တိပတ်တိ မတိုက်လိုက်နိုင်သော်လည်း ကျွန်ုပ်တို့တပ်များ အရှေ့ဘက်ကမ်းသို့ ရောက်၍ လူစုံသလောက် ရှိသောအချိန်တွင်မူ အင်ကြီးအားကြီးဖြင့် ဖျတ်လတ်လျင်မြန်စွာ တိုက်လိုက်လာတော့၏။ သို့သော် ဧရာဝတီကမ်းတစ်လျှောက်တွင် တာဝန်ယူထားရသော ဗိုလ်ချုပ်ကတ်တမူရာသည် ကျွန်ုပ်တို့တပ်များ ဤသို့ဖြတ်ကူးနေခြင်းမှာ မြောက်ဘက်မှ ဆင်းကာ သပိတ်ကျင်းအနီးသို့ ချဉ်းကပ်လာသော အမှတ် (၃၆) ဗြိတိသျှတပ်မနှင့်



ပေါင်း၍ အရှေ့ဘက်ကမ်းအတိုင်း မန္တလေးမြို့သို့ ရှေ့ပြေးတပ်ဖွဲ့အဖြစ် ချီတက်ရန်သာ ဖြစ်သည်ဟု ထင်နေရှာသည်။

ထို့ပြင် ဤရှေ့ပြေးတပ်ဖွဲ့မှာလည်း အမှတ်(၁၄)တပ်မတော်ကြီး၏ ဝဲဘက်မှနေ၍ လိုက်ပါချီတက်လာသော အမှတ် (၄)တပ်မကြီးမှ စေလွှတ်လိုက်သည့် ရှေ့ပြေးတပ်ဖွဲ့ပင် ဖြစ်သည်ဟု ယုံကြည်နေသည်။ ထို့ကြောင့် ဖြန့်ကြဲ၍ချထားသော အမှတ် (၁၅)နှင့် (၅၃)တပ်မနှစ်ခုကို ပြန်၍ စုလိုက်ပြီး အမှတ် (၃၁)နှင့် (၃၃)တပ်မများမှ အမြောက်တပ်များကိုပါ (၁၅)နှင့် (၅၃)တပ်မနှစ်ခုသို့ လွှဲပေးလိုက်သည်။

ကတ်တမူရာ ကဲ့သို့ပင် အမှတ် (၄) ဗြိတိသျှတပ်မကြီး ချီတက်တိုက်ခိုက်လာပြီဟု ယုံကြည်နေသော ဗိုလ်ချုပ်ကြီးကိမူရာ ကလည်း အထူးအင်အားကောင်းသော အမြောက်တပ်ကြီးတစ်တပ်နှင့် ကြွင်းကျန်နေသော တင့်ကားတပ်မှ တင့်ကားအချို့ကို ကတ်တမူရာလက်အောက်သို့ လွှဲပြောင်းပေးလိုက်ပြီး ကျွန်ုပ်တို့တပ်များကို မီးကုန်ယမ်းကုန် တိုက်ခိုက်စေသည်။

ဧရာဝတီအရှေ့ဘက်ကမ်းသို့ ရောက်ခါစသာ ရှိသေးသော ကျွန်ုပ်တို့၏ အမှတ် (၁၉)တပ်မမှ တပ်မဟာနှစ်ခုမှာ ရန်သူ့အင်အားနှင့် နှိုင်းစာသော် လင်းတနှင့် နံ့ပြီစုတ်လို ရုပ်ရောအင်အားပါ ကွာခြားလှသည်။ သို့သော် ကျွန်ုပ်တို့အတွက် ကံကောင်းနေသည်ကား ကတ်တမူရာသည် သူ့ထံသို့ တဖွဲဖွဲရောက်လာသော တပ်များကို လူစုံတက်စုံသည်အထိ စောင့်ကာ ပိုင်ပိုင်နိုင်နိုင် စည်းစည်းလုံးလုံးနှင့် တစုတရုံးတည်း တက်ညီလက်ညီ တိုက်ခိုက်ရမည့်အစား ရောက်လာသမျှသော တပ်မှန်သမျှအား တစ်ဖွဲ့စီလီ၍ ကျွန်ုပ်တို့တပ်များကို အတိုက်ခိုင်းနေခြင်းပင် ဖြစ်တော့၏။

သို့တိုင်အောင် စစ်မျက်နှာက ကျဉ်းမြောင်းလှသဖြင့် ရန်သူက အမြောက်တပ်အင်အားကို အပြင်းထန်ဆုံးသုံး၍ တိုက်ခိုက်လာသောအခါ ကျွန်ုပ်တို့တပ်များမှာ အသက်ထွက်လုမတတ် ဘေးကျပ်နံကျပ်လိုမ့်၍ ခံရတော့သည်။ ကျွန်ုပ်တို့နည်းတူ ပြန်၍ခံရသောတပ်ကား ရန်သူ့ခြေကျင်တပ်များပင် ဖြစ်၏။ ကျဉ်းသော စစ်မျက်နှာနှင့် များပြားသော တပ်များမှာ ပုလင်းအဝနှင့် ရေခွက်လို ထည့်ချင်တိုင်း ထည့်၍မရ ဖြစ်နေသည်။ ထို့ကြောင့် ကတ်တမူရာသည် အသေခံတပ်ဖွဲ့များကို ဖွဲ့၍ ရှေ့မှ တိုက်ရိုက်တိုက်စေသည်။ ဘေးမှ ထိုးဖောက် ဝင်ရောက်တိုက်စေသည်။ သို့သော် ကျွန်ုပ်တို့ကိုကား မဖြိုနိုင်။ သူတို့သာ အလောင်းချင်းထပ်ကုန်တော့၏။

ဤကဲ့သို့ နေ့ရောညပါ ရက်သတ္တပတ် သုံးပတ်တိုင်အောင် ဒေါ ချောင်းစီးမျှ တိုက်ခိုက်ပြီးနောက် ဖေဖော်ဝါရီလဆန်းသို့ ရောက်လာသည့်အချိန်တွင် ရန်သူက နှစ်ရက်နှင့် နှစ်ညမျှ ကြာအောင် အတိုက်ရပ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤအချိန်တွင် ကျွန်ုပ်တို့၏ တင့်ကားတစ်က အရှေ့ဘက်ကမ်းသို့ ရောက်ရှိလာကာ ရန်သူကို ဖောက်ထွက်ရန် စီစဉ်ကြတော့၏။ ကျောက်မြောင်းခြေကုပ်စခန်းသို့ လှည့်လည်စစ်ဆေးရန် ကျွန်ုပ်ရောက်ရှိသွားသောအခါ ကျဉ်းမြောင်းသော စစ်မျက်နှာတွင် မြစ်ကိုကျောပေး၍ မိမိတို့ထက် အဆမတန် များပြားလှသော ရန်သူတို့အား ရက်သတ္တသုံးပတ်တိုင်တိုင် တိုက်ခိုက်ခဲ့ကြသော စစ်သည်ရဲမက်တော်တို့၏ စိတ်ဓာတ်မှာ ကြံ့ခိုင်လျက်ပင် ရှိသည်ကို တွေ့ရ၏။

ကျွန်ုပ်တို့ဘက်မှ ထိခိုက်ကျဆုံးသူများမှာ အတော်ပင် များပြားလှသည်။ (၂၀)ရက်တိုင်တိုင် အစားပျက် အအိပ်ပျက် ကြုံခဲ့ရသဖြင့် ရဲမက်တော်တို့မှာ ပိန်ချုံးနေကြ၏။ စစ်သည်ရဲမက်တိုင်းပင် ကျွန်ုပ်နှင့်တွေ့ဖက်၍ ဌာနချုပ်ဖွင့်ထားသော လေတပ်ဝိုင်းမှုပ်ဗင်ဆင့်ကို အားရပါးရ ချီးကျူးကြသည်။ ဗင်ဆင့်၏လေသူရဲများသည် ခြေကုပ်စခန်းနှင့် မိုင်အနည်းငယ်သာ ကွာသောနေရာတွင် တပ်ချ၍နေကာ ခြေကုပ်စခန်းမှ အကူအညီတောင်းလိုက်သည်နှင့် တစ်ပြိုင်နက် မိနစ်ပိုင်းအတွင်းတွင် ရောက်လာကြလေသည်။

ဤလေသူရဲများသည် ရန်သူ့အမြောက်တပ်ကြီးကိုလည်းကောင်း၊ တင့်ကားတပ်များကိုလည်းကောင်း အမဲဖျက်သလို ဖျက်ဆီးနိုင်ခဲ့ကြလေသည်။ ရန်သူသည် နှစ်ရက်နှင့် နှစ်ညကြာအောင် အတိုက်ရပ်ထားပြီးနောက် ခြေကုပ်စခန်းကို ပြန်၍ တိုက်ခိုက်ခဲ့ကြပြန်သည်။ သို့သော် ယခင်ကလောက် အင်အားမကောင်းတော့။

ရန်သူ့ဘက်မှ ဤသို့ အားပျော့၍လာရခြင်းမှာ ကျွန်ုပ်တို့တပ်ဖွဲ့အချို့က မန္တလေးဒေသ တစ်ဝိုက်တွင် ပို၍ ဖိလာသည့်အတွက် ခြေကုပ်စခန်းကို ယခင်ကလို စစ်ကူများ မပို့နိုင်ခြင်းကြောင့်ပင် ဖြစ်သည်။ ရန်သူဘက်မှ အားပျော့လာသည်ဆိုလျှင်ပင် ကျွန်ုပ်တို့သည် ကျောက်မြောင်းခြေကုပ်စခန်းတွင် လူအင်အား၊ လက်နက်အင်အား၊ တင့်ကားအင်အား ထပ်၍ဖြည့်ကာ ရန်သူအား ပြန်၍ ထိုးစစ်ဆင်တော့သည်။

ကျွန်ုပ်တို့သည် ရန်သူများတိုက်ခဲ့သလို နေ့ရောညပါထိုးစစ်ဆင်၍ တိုက်ကာ ခြေကုပ်စခန်းကို တဖြည်းဖြည်း တိုးချဲ့နိုင်ရန် လုံးပန်းကြ၏။ များမကြာမီပင် ကျောက်မြောင်းခြေကုပ်စခန်းသည် ပို၍ကျယ်လာကာ ပို၍လည်းခိုင်လုံလာလေသည်။ ဆိုစ်၏ အမှတ် (၁၉)တပ်မက ဧရာဝတီမြစ်ကမ်းပေါ်တွင် ခြေကုပ်စခန်းရအောင် တိုက်ခိုက်နေစဉ် အမှတ် (၂၀) တပ်မက မုံရွာသို့ တဖြည်းဖြည်း ချဉ်းကပ်နေသည်။

မုံရွာမှာ ကျွန်ုပ်တို့ (၁၉၄၂)ခုနှစ် ဆုတ်ခွာစဉ်က မြေလှန်ခံခဲ့ရပြီး နောက်ပိုင်းအချိန်များတွင်လည်း ဗုံးမိုးများ အရွာခံခဲ့ရသည့် မြို့ဖြစ်သည့်တိုင်အောင် ချင်းတွင်းဒေသတစ်လျှောက်တွင် ဂျပန်တို့၏ ဆိပ်ကမ်းမြို့နှင့် စစ်ရုံးများ အခြေစိုက်ရာ အချက်အချာဌာန ဖြစ်နေခဲ့၏။



ရန်သူသည် အကြီးအကျယ် အခိုင်အမာတပ်စွဲထားသော မုံရွာကို သေနတ်တစ်ချက် မဖောက်ဘဲနှင့် စွန့်လွှတ်ပစ်ခဲ့မည် မဟုတ်သည်ကား သေချာလှသည်။ အမှတ်(၂၀)တပ်မကို ဦးစီးသော ဂရေစီသည် ဇန်နဝါရီလလယ်လောက်မှစ၍ မုံရွာမြို့သို့ ဝင်ရောက်နိုင်သည့် နေရာများတွင် ချထားသော ရန်သူ့စခန်းများကို ချေမှုန်းနေခဲ့၏။

မုံရွာပတ်ဝန်းကျင်တွင် ရန်သူများ ကင်းစင်သလောက် ရှိသွားသောအခါ လေတပ်အကူအညီဖြင့် မြို့ကို လုပ်ကြံသည်။ ရန်သူ့ဘန်ကာစခန်းများမှာ အထူးခိုင်ခံ့လှသည်နှင့်အမျှ မြို့တွင်းမှ ခုခံသော အမှတ် (၃၃)ဂျပန်တပ်မမှ တပ်ဖွဲ့တစ်ခုကလည်း ရဲဝံ့လှသည်။ ကျွန်ုပ်တို့သည် ရန်သူ့ဘန်ကာတစ်ခုအတွက် အသက်ပေါင်းများစွာ ပေးကြရလေတော့သည်။

ဇန်နဝါရီလ (၂၂)ရက်နေ့တွင် ရန်သူတို့၏ နောက်ဆုံးဘန်ကာကို တိုက်ခိုက်ဖြိုဖျက်နိုင်ပြီးနောက် မုံရွာမြို့ကို ကျွန်ုပ်တို့သိမ်းပိုက်မိသည်။ ရန်သူ့မြို့စောင့်တပ်ဖွဲ့များအနက် အနည်းငယ်မျှသာ အသက်ရှင်လျက် လွတ်မြောက်သွားကြ၏။ မုံရွာကို တောင်းစွာ ထိန်းသိမ်းလာနိုင်သောအခါ ကျွန်ုပ်၏စစ်ဆင်ရေးဌာနချုပ်ကို ဗင်ဆင့်၏ အမှတ် (၂၂၁)လေတပ် ဌာနချုပ်နှင့်အတူ မုံရွာမြို့သို့ ဖေဖော်ဝါရီလ (၈)ရက်နေ့တွင် ပြောင်းရွှေ့လာခဲ့သည်။

ဇန်နဝါရီလ (၂၂)ရက်နေ့တွင်ပင် အမှတ် (၂၀)တပ်မမှ တပ်ဖွဲ့အချို့သည် ဧရာဝတီမြစ်ကမ်းပေါ်ရှိ မြင်းမူသို့ ရောက်ရှိလာပြီး မြစ်ကိုဖြတ်၍ဆုတ်ရန် ပြင်ဆင်နေသော ရန်သူများနှင့် တိုက်ပွဲဖြစ်ပွားသည်။ ကျွန်ုပ်တို့က ရန်သူအများအပြားကို ချေမှုန်းသုတ်သင်လိုက်နိုင်သည်။ ကြွင်းကျန်နေသော ရန်သူအချို့ စစ်လက်နက်ပစ္စည်းအစုံဖြင့် ရေထဲသို့ ခုန်ချသတ်သေသွားကြသည်။

ဤအချိန်၌ ဂျပန်စစ်သူကြီးကီမူရာသည် ကျွန်ုပ်တို့၏ တပ်များကို ချင်းတွင်းနှင့် ဧရာဝတီအကြားတွင် နှောင့်နှေးအောင် ဟန့်တား၍ မရနိုင်တော့ကြောင်းကို သိလာပြီ ဖြစ်သော်လည်း ဧရာဝတီမြစ် မြောက်ဘက်ကမ်းရှိ စစ်ကိုင်းတောင်ရိုးများတွင် အခိုင်အခံ့တပ်စွဲလျက်ပင် ရှိနေသည်။

အမှတ်(၁၉)တပ်မနှင့် အမှတ် (၂၀)တပ်မတို့ ခြေကုပ်စခန်း ယူခဲ့သောနေရာများ၌ ကီမူရာတပ်စွဲ၍ ထားခဲ့သော ရန်သူ့စခန်းနှစ်ခုမှာလည်း ချေမှုန်းခြင်း ခံခဲ့ရပြီဖြစ်၏။ သို့သော် ကီမူရာသည် ကျွန်ုပ်တို့တပ်များ မန္တလေးအနောက်ဘက်မှ မြစ်ကို အလုံးအရင်းနှင့် ဖြတ်ကူးကာ မြန်မာပြည်အလယ်ပိုင်းဒေသသို့ ဝင်ရောက်မလာနိုင်အောင် ဖြစ်သည့်နည်းဖြင့် ကာကွယ်ရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။ သူ့အစီအစဉ်မှာ ကြေးဇရာကောင်းလောက်အောင် ခြိမ်းခြောက်လာသော ကျွန်ုပ်တို့၏ အမှတ်(၃၃) တပ်မကြီးကို အစွမ်းကုန် တိုက်ခိုက်နှင်ထုတ်ရန် ဖြစ်၏။

www.burmeseclassic.com


ပခုက္ကူမှနေ၍ မိတ္ထီလာကို သိမ်းယူမည့် ကျွန်ုပ်တို့၏ အမှတ်(၄) တပ်မကြီးကြောင့် ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်ကိုကား သူ့ခမျာ မသိရှာချေ။ ထို့ကြောင့်လည်း ပြင်ဆင်မှုက မရှိ။

ပခုက္ကူဒေသတစ်လျှောက်တွင် လှုပ်ရှားလျက်ရှိသော ကျွန်ုပ်တို့ တပ်များအကြောင်းကို တစ်စွန်းတစ်စ ကြားသိနေရသော်လည်း ထိုလှုပ်ရှားမှုမှာ မြန်မာပြည်အလယ်ပိုင်းတွင်သာ အာရုံစူးစိုက်နေသော သူ့အား အနှောင့်အယှက်ဖြစ်ရုံ ကျွန်ုပ်တို့တပ်ဖွဲ့ကလေးများက လုပ်နေခြင်းသာ ဖြစ်သည်ဟု ယူဆထားသည်။

ထို့ကြောင့် ကျွန်ုပ်တို့၏ အမှတ် (၁၉)တပ်မအား ကျောက်မြောင်းတွင် သူ၏အမှတ် (၁၅)တပ်မဖြင့် ရင်ဆိုင်ပေးလိုက်ပြီး သူ၏ အမှတ် (၃၁)တပ်က စစ်ကိုင်းနှင့် ဧရာဝတီမြစ်တောင်ဘက်ကမ်းကို ငါန်းဇွန်အထိ ထိန်းသိမ်းကာ မြင်းမူမှနေ၍ ဧရာဝတီမြစ်ကို ဖြတ်ကျော်ရန် ကြိုးစားနေသည့် ကျွန်ုပ်တို့၏ အမှတ်(၂၀)တပ်မကို သူ၏ အမှတ်(၃၃)တပ်မ၊ အမှတ် (၄)တပ်မမှ ခေါ်ယူထားသော တပ်ဖွဲ့တစ်ဖွဲ့၊ အထူး အမြောက်တပ်ဖွဲ့နှင့် အမှတ်(၁၄)တင့်ကားတပ်ဖွဲ့မှ ရနိုင်သမျှသော တင့်ကားများဖြင့် တွေ့ရာ သချိုင်း မှားမဆိုင်း သုတ်သင်ရန် စီစဉ်ထားသည်။

ကီမူရာသည် ပခုက္ကူတွင် ရှိသော တပ်များကို မြောက်ဘက်သို့ပင် ရွှေ့ပြောင်းထားလိုက်ပြီးနောက် သူ၏ အမှတ်(၅၃)တပ်မကို အလွယ်တကူ လှည့်လည်လှုပ်ရှားနိုင်ရန်အတွက် မြို့၏တောင်ဘက်တွင် တပ်ချ၍ထား လိုက်၏။ ဤတပ်မသည် ကျွန်ုပ်တို့ဘက်မှ ဧရာဝတီကို အင်နှင့်အားနှင့် ကူးလာချိန်တွင် ဇိဝိန်ပြုတ်အောင် တိုက်ခိုက်ချေမှုန်းနိုင်ပေလိမ့်မည်ဟု ကီမူရာက တွက်ဆထားသည်။

သူသည် မိတ္ထီလာဘက်တွင် တပ်စွဲထားသော အမှတ် (၂)တပ်မမှ တပ်ဖွဲ့အချို့ကိုပင် မန္တလေးအနောက်ဘက်သို့ ရွှေ့ပြောင်းစေပြီး အားဖြည့်ထားလိုက်သည်။ ထို့ပြင် လားရှိုးဒေသတွင် စောင့်ကြပ်လျက်ရှိသော အမှတ်(၁၈)တပ်မှ တပ်အချို့ကိုလည်း မန္တလေး အနောက်ဘက်သို့ စစ်ကူ ခေါ်ယူလိုက်ပြန်သည်။

ကီမူရာသည် သူ၏ စစ်သည်ရဲမက်တော်တို့အား "ရန်သူကို ကြွကြွခံ၍ ရဲရဲဝံ့ဝံ့တိုက်ပါ။ အောင်ပွဲသည် သင်တို့အဖို့ ဖြစ်စေရမည်"ဟု ကြိုးဝါးအားပေးရင်း ဧရာဝတီမြစ်ကမ်းမှ အရှုံးအနိုင် ဆုံးဖြတ်ပေးမည့် တိုက်ပွဲကြီးကို အဘက်ဘက်မှ အသင့်ပြင်လျက် အချိန်ကို စောင့်နေတော့၏။ သို့ရာတွင် ကီမူရာအတွက်ခက်နေသည်ကား သူကာကွယ်ရမည့် ဧရာဝတီမြစ်ကမ်းတစ်လျှောက်မှာ သူ ရရှိနိုင်သောသူ့လူများထက် ကျယ်ပြန့်ရှည်လျားနေခြင်းပင်တည်း။

ကီမူရာသည် ကျွန်ုပ်တို့အား လှည့်စားရန်အတွက် ကာကွယ်ရေးစခန်းများကို သူ အစောင့်ထားနိုင်သည်ထက် ပို၍ဆောက်ကာ သူ့လူများကို တစ်စခန်းမှ တစ်စခန်းသို့ အုပ်နှင့်ချီ၍ လှည့်လည်သွားလာစေပြီး လူအင်အား များသည်ဟု ထင်စေသည်။

ကျွန်ုပ်တို့ဘက်မှ မည်သည့်နေရာမှ မြစ်ကို ဖြတ်ကူးနေသည်ကို သေချာစွာ သိလာရသောအချိန်၌ ကီမူရာသည် ပြန့်ကျဲနေသော သူ့လူများကို စု၍ ကျွန်ုပ်တို့အား တွန်းလှန်လိုက်လျှင် ရနိုင်မည်ဟု တွက်ထားခဲ့လေသည်။

မြင်းမူသို့ ရောက်နေသော ဝရေစီ၏ အမှတ် (၂၀)တပ်မသည် မြစ်ကို အလုံးအရင်းဖြင့် ဖြတ်ကူးနိုင်မည့် နေရာများကို ရှာဖွေနေစဉ် ဧရာဝတီမြစ်ကမ်းတိုက်ပွဲကြီးကို ဆင်နွှဲရန်အတွက် အမှတ်(၃၃)တပ်မကြီးကလည်း ရိက္ခာများ လက်နက်များနှင့် မြစ်ကူးကိရိယာများကို စုဆောင်းလျက် ရှိသည်။

ကျွန်ုပ်သည် အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးနိုင်မည့် မိတ္ထီလာတိုက်ပွဲကြီးအတွက် အမှတ် (၄)တပ်မကြီးအား သယ်ယူပို့ဆောင်ရေးနှင့် လေတပ်အကူအညီပေးရေးတွင် ဦးစားပေးလျက်ရှိရာ အမှတ် (၃၃)တပ်မကြီးအဖို့ လိုအပ်သော ရိက္ခာလက်နက်နှင့် မြစ်ကူးကိရိယာများ ရရှိရေးမှာ ကသီလင်တ ဖြစ်လာတော့သည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် ရက်သတ္တနှစ်ပတ်မျှသော အချိန်အတွင်း (၃၃)တပ်မကြီး၏ လိုအပ်ချက်များကို ဖြည့်စွမ်းနိုင်ခဲ့၏။ ဝရေစီ၏ အမှတ် (၂၀)တပ်မကြီးသည် ဖေဖော်ဝါရီလ (၁၅)ရက်နေ့ ညဉ့်၌ မြင်းမူ အနောက်ဘက်မှကပ်၍ လည်းကောင်း၊ မြင်းမူအောက်ဘက် (၇)မိုင် အကွာမှလည်းကောင်း နှစ်စုခွဲ၍ စတင်ဖြတ်ကူးကြ၏။

စွယ်ယောင်ပြ ဖြတ်ကူးကြသော တပ်ဖွဲ့ငယ်ကလေးများကား များပြားလှချေ၏။ မြင်းမူအနောက်ဘက်မှ ကပ်၍ကူးခဲ့သော အမှတ် (၃၃) တပ်မကြီးမှ အမှတ်(၁၀၀)တပ်မဟာသည် ကိုက် (၁၅၀၀)ခန့် ကျယ်သော ရေပြင်ကို ဖြတ်ကျော်ရသည်။ ရေတစ်ပိုင်း မြုပ်နေသော သောင်ခုံများ ကြားတွင် ရေစီးက ပို၍သန်နေသည်။ လှေအချို့ သောင်တင်ကာ ချ၍ မရဘဲ ဖြစ်နေလေသည်။

အမှတ် (၁၀၀)တပ်မဟာမှ ရှေ့ပြေးချီတပ်တစ်တပ်က တစ်ဖက် ကမ်းသို့ ရောက်လာသည့်အချိန်တွင် ရန်သူထံမှ ပစ်သံခတ်သံများ ပေါ် ထွက်လာသည်။ သို့သော် ပြင်းပြင်းထန်ထန် မဟုတ်။ ကျွန်ုပ်တို့၏ လေ တပ်က (၁၂)ရက်နေ့ နံနက်ကပင် ရန်သူ့အမြောက်စခန်းကို ပရမ်းပတာ ဖြစ်အောင်ဖြိုထားခဲ့ရာ ကျွန်ုပ်တို့တပ်များ မြစ်ကို ဖြတ်ကူးနေသည့် အချိန် တွင် ရန်သူ့အမြောက်များမှာ ပြောင်းတုန်းရွှေ့တုန်း ဖြင်တုန်းဆင်တုန်း ဖြစ်နေပေတော့မည်။ (၁၃)ရက်နေ့ နေဝင်စအချိန်သို့ ရောက်သောအခါ အမှတ် (၁၀၀) တပ်မဟာက တစ်ဖက်ကမ်းတွင် ခြေကုပ်စခန်းကလေး တစ်ခုကို တည်ဆောက်ပြီး ဖြစ်နေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

မြင်းမူအောက်ဘက်မှ ဖြတ်ကူးသော အမှတ် (၃၃)တပ်မမှ အမှတ် (၃၂)တပ်မဟာမှာ အမှတ် (၁၀၀)တပ်မဟာထက် ပို၍ အခက်အခဲနှင့် တွေ့ရသည်။

သောင်ကလည်းများ၊ ရေစီးကလည်း သန်ကာ လေကလည်း ပြောင်းပြန် ဖြစ်နေသည်။ မော်တော်ဘုတ်များမှာလည်း စက်ခဏခဏ ပျက်ကာ အသံက ဆူညံလှသည်၊ သို့သော် (၁၃)ရက်နေ့ နံနက်အရုဏ်တက်သည့်အချိန်တွင် အမှတ် (၃၂)တပ်မဟာမှ ရှေ့ပြေးချီတပ်ရင်းသည် တစ်ဖက်ကမ်းသို့ တက်ရောက်နိုင်သည်။

နေ့လယ်ဘက်တွင် မြစ်ကို ဖြတ်မကူးဘဲ နားနေကြ၏။ (၁၃)ရက်နေ့ တစ်နေ့လုံး ရန်သူက ပြင်းပြင်းထန်ထန် လာရောက်တိုက်ခိုက်ခြင်း မရှိ။ ရန်သူသည် ကျွန်ုပ်တို့ မည်သည့်နေရာမှ အလုံးအရင်းဖြင့် ဖြတ်ကူးနေသည်ကို လျင်မြန်စွာ သိရှိရန် နှောင့်နှေးနေသလို မိမိတို့တပ်များကို ပြန်စုရာတွင်လည်း ကြန့်ကြာနေလေသည်။

ထို့ကြောင့် ဖေဖော်ဝါရီလ (၁၅)ရက်နေ့သို့ ရောက်မှသာ ရန်သူ၏ ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုကို ခံရတော့သည်။ ထိုနေ့နံနက်တွင် ရန်သူ လေယာဉ်ပျံများ ရောက်ရှိလာပြီး ကျွန်ုပ်တို့တပ်များကို ဗုံးကြဲတိုက်ခိုက်သည်။ ကျွန်ုပ်တို့ဘက်မှ လေ့အချို့ ပျက်စီးကာ လူအသေအပျောက်မှာ အနည်းငယ်ရှိသော်လည်း ကျွန်ုပ်တို့ရရှိနေသည့် ခြေကုပ်စခန်းမှ ကျွန်ုပ်တို့ တပ်များအား မောင်းထုတ်ခြင်းကား မပြုနိုင်ပါ။

(၁၅)ရက်နေ့ ညတွင်ပင် ရန်သူသည် အမှတ် (၁၀၀)တပ်မဟာကို ပြင်းပြင်းထန်ထန် လာရောက်တိုက်ခိုက်သည်။ နောက်ကျောမှ လှေဖြင့် တက်လာကာ လောင်မီးလက်နက်များဖြင့်ပင် တိုက်ခိုက်သည်။ သို့သော် ကျွန်ုပ်တို့က တွန်းလှန်ပစ်လိုက်နိုင်ကာ ခြေကုပ်စခန်းကို သုံးမိုင်ကျော် ရှည်လျား၍ မိုင်ဝက်ခန့်ကျယ်ပြန့်အောင် တိုးချဲ့ထားနိုင်ပြီ ဖြစ်သည်။

သို့သော် ရန်သူ့ဘက်မှ ဖြန့်၍ချထားသော တပ်များကို စုစည်းလာနိုင်သည်နှင့်အမျှ တိုက်ပွဲများကလည်း ပို၍ ပြင်းထန်လာသည်။ ရန်သူသည် ယခင်ကကဲ့သို့ပင် ရောက်လာလေသမျှသော တပ်များကို တစ်လုံးတစ်ခဲတည်း စုစည်း၍ မတိုက်ဘဲ တစ်တပ်စီ တစ်တပ်စီ လိ၍ တိုက်ခိုင်းနေလေသည်။

ရန်သူက ဖိ၍ တိုက်နေသည့်ကြားမှပင် ကျွန်ုပ်တို့သည် ခြေကုပ်စခန်းကို ခြောက်မိုင်အထိ ရှည်၍ နှစ်မိုင်အထိ ကျယ်အောင် တိုးချဲ့လာနိုင်သည်။ ထို့ကြောင့် ဖေဖော်ဝါရီလ (၁၆)ရက်နေ့သို့ ရောက်လာသောအခါ နေ့လယ်ဘက်တွင်ပင် မြစ်ကို ဖြတ်ကူးစေသည်။

လူရော လက်နက်ရော ခံတပ်တည်ဆောက်ရေး ပစ္စည်းများကိုပါ သည်ဘက်ကမ်းသို့ ပို၍ ရောက်လာသည်နှင့်အမျှ ကျွန်ုပ်တို့၏ခြေကုပ်စခန်းမှာလည်း ပို၍ခိုင်ခံ့လာသည်။



ရန်သူသည် အမှတ် (၁၀၀)တပ်မဟာကိုသာ အဓိကထား၍ အသေခံတပ်များကိုပင် အသုံးပြုကာ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်လာ၏။ တင့်ကားအကာအကွယ်ကို ယူထားသော ရန်သူ့ခြေကျင်တပ်သားများသည် ပင်လယ်လှိုင်းတံပိုးကြီးများ ဝင်၍ဆောင့်သလို ကျွန်ုပ်တို့ခြေကုပ်စခန်းကို ဆက်၍ ဆက်၍ တိုက်စစ်ဆင်သည်။

သို့သော် ယခုအချိန်တွင် အမှတ် (၁၀၀)တပ်မဟာ ခြေကုပ်စခန်းနှင့် အမှတ် (၃၂)တပ်မဟာ ခြေကုပ်စခန်းတို့မှာ တစ်ခုနှင့်တစ်ခု ပတ္တာဆက်သလို ဆက်မိနေပြီဖြစ်သောကြောင့် ရန်သူ့တိုက်စစ်ကို ကြံ့ကြံ့ခံလာနိုင်ကြ၏။

ရန်သူ့ဘကမှ အသေအပျောက်ကား အလောင်းချင်းပုံနေအောင်များလှချေသည်။ နေ့လယ်ဘက်တွင် ကျွန်ုပ်တို့ခြေကုပ်စခန်းအား ငါးကြိမ်တိုင်တိုင် လာရောက်တိုက်ခိုက်သော ရန်သူများကို တစ်ကြိမ်တွင် လူ့သူပြန်လည်စုရုံးနေခိုက် ကျွန်ုပ်တို့လေတပ်က မိမိရရကြီး တွယ်လိုက်နိုင်သည်။ ရန်သူ့တင့်ကားများမှာ ကျွန်ုပ်တို့၏ ဟာရီကိန်း လေယာဉ်ပျံများကြောင့် ကျယ်ချင်သလောက် မကျယ်နိုင်ဘဲ ဖြစ်နေသည်။ ဖေဖော်ဝါရီလ (၂၀)နေ့တွင် ရန်သူ့အလတ်စား တင့်ကား (၁၃)စီးမှာ ကျွန်ုပ်တို့ လေယာဉ်များလက်ချက်ကြောင့် ကျွမ်းထိုးမှောက်ခုံဖြစ်ကာ သုံးမရအောင် ပျက်စီးသွားတော့သည်။

ဖေဖော်ဝါရီလ (၂၁)ရက်နှင့် (၂၆)ရက်နေ့များတွင် နှစ်ဖက်စလုံးမှ အထိအနာဆုံးသော အကြိတ်အနယ်တိုက်ပွဲကြီးများကို တိုက်ခိုက်ကြရသည်။အမှတ်(၁၀၀)တပ်မဟာ ခြေကုပ်စခန်းဘက်တွင် ရန်သူ့အလောင်းကောင်ပေါင်း (၅၀၀)နှင့် (၃၂)တပ်မဟာ ခြေကုပ်စခန်းဘက်တွင် ရန်သူ့အလောင်း (၂၀၀)ကို ဘူဒိုဇာမြေတူးစက်ကြီးဖြင့် မြှုပ်နှံပစ်လိုက်ရသည်။

အမှတ် (၃၃) ရန်သူ့တပ်မမှ ဦးစီးချုပ်ဖြစ်သူ တနကာ၏ နောင်သောအခါ ပြောပြချက်အရ ဤခြေကုပ်စခန်း တိုက်ပွဲများအတွင်း ထု (၁၂၀၀)ပါသော သူ့တပ်ရင်းနှစ်ရင်းအား ကျွန်ုပ်တို့ ခြေကုပ်စခန်းသို့ စေလွှတ်၍ တိုက်ပွဲတစ်ပွဲတိုက်စေရာ ထိုတိုက်ပွဲတစ်ခုတည်းပင် လူ (၅၅၀) ကျဆုံးခဲ့ရသည်ဟု သိရလေသည်။

ဖေဖော်ဝါရီလ (၂၇)ရက်နေ့တွင် အမှတ် (၂၀)တပ်မသည် ရန်သူတို့အား ပြင်းထန်စွာ တိုက်ခိုက်ရင်း ခြေကုပ်စခန်းကို (၈)မိုင်အထိ ရှည်၍ (၂)မိုင်ခွဲအထိ ကျယ်အောင် တိုးချဲ့နိုင်ခဲ့သည်။ ကျွန်ုပ်တို့၏ အမှတ်(၃၃)တပ်မကြီးပါဝင်သော စစ်မျက်နှာတွင် ဤကဲ့သို့ တိုက်ပွဲများပြင်းထန်နေစဉ် အမှတ်(၄)တပ်မကြီးက ပခုက္ကူသို့ တရွေ့ရွေ့ချီတက်လျက်ရှိသည်။

ဇန်နဝါရီလ (၂၈)ရက်နေ့တွင် အမှတ် (၇)တပ်မမှ အမှတ် (၈၉) တပ်မဟာက ပခုက္ကူနှင့် မိုင်လေးဆယ် အကွာတွင်ရှိသော ပေါက်မြို့ကို သိမ်းယူလိုက်သည်။ ထို့နောက် ပေါက်မြို့မှ (၁၅)မိုင်ကွာတွင် ရှိသော

www.burmeseclassic.com

www.burmeseclassic.com

ရောဝတီမြစ်ဝှမ်းကို လှမ်း၍ မြင်နိုင်သည့် တောင်ကုန်းတစ်ခုကိုလည်း ရန်သူ့လက်မှ ရရှိလိုက်သည်။

ပေါက်ကို သိမ်းယူရရှိပြီးသောအခါ အမှတ် (၇)တပ်မက အမှတ် (၄)တပ်မကြီး၏ ရွှေ့ပြောင်းတပ်တာဝန်ကို ယူလိုက်၏။ ဖေဖော်ဝါရီလ (၃)ရက်နေ့တွင် အမှတ် (၇)တပ်မမှ (၁၁၄)တပ်မဟာသည် ပခုက္ကူကို တိုက်ခိုက်ရန် ချီတက်သွားသည်။

ရန်သူသည် ပခုက္ကူသို့ ရောက်နိုင်သည့် လမ်းများကို ရောဝတီ အနောက်ဘက်ကမ်းမှ၍ ခိုင်ခိုင်လုံလုံ ပိတ်ဆို့ထားလေသည်။ အမှတ် (၂၈)အရှေ့အာဖရိက တပ်မဟာသည် ပခုက္ကူတောင်ဘက် မိုင်(၄၀) အကွာသို့ တောင်ဘက်လမ်းအတိုင်း ချီတက်သွားကာ ချောက်မြို့နှင့် မျက်နှာချင်းဆိုင်မှနေ၍ စွယ်ယောင်ပြ ဖြတ်ကူးရန် တာဝန်ပေးခြင်းခံရသည်။ နောက်သို့ ရောက်နေသော အမှတ် (၃၃)တပ်မဟာကို ပေါက်သို့ ခေါ်၍ အားဖြည့်ထားလိုက်၏။

စစ်သည်ရဲမက်တော်တို့မှာ ပေါက်သို့ ရောက်လာသည့်တိုင် နားရသည်ဟု မရှိ။ နောက်မှ အမှတ် (၄)တပ်မကြီး ချီတက်လာနိုင်ရန် အတွက် လမ်းများဖောက်ရခြင်း၊ လေယာဉ်ကွင်းများ တည်ဆောက်ရခြင်း တို့ဖြင့် အလုပ်ရှုပ်နေကြသည်။

အမှတ် (၄)တပ်မကြီး၏ ဦးစီးချုပ်ဖြစ်သူ မက်ဆာဗေးသည် ရောဝတီမြစ်ကြီးအား ညောင်ဦးအနီးတစ်ဝိုက်မှ ဖြတ်ကူးရန် ယာယီအားဖြင့် ဆုံးဖြတ်ထားသည်။ ညောင်ဦးအနီးတစ်ဝိုက်တွင် မြစ်မှာ ကျဉ်းသည်ဟု ဆိုသည့်တိုင် ကိုက် (၁၀၀၀)ခန့် ကျယ်နေသေးသည်။

မက်ဆာဗေးသည် ချောက်နှင့် မျက်နှာချင်းဆိုင်မှ စွယ်ယောင်ပြ ဖြတ်ကူးရန် အမှတ် (၂၈) အရှေ့အာဖရိက တပ်မဟာအားစေလွှတ်လိုက်ပြီးနောက် ပခုက္ကူနှင့် ပုဂံမှလည်း စွယ်ယောင်ပြ ဖြတ်ကူးရန် စီစဉ်ထားသည်။

ကျွန်ုပ်သည် မက်ဆာဗေးအား လေထီးတပ်ရင်း တစ်ရင်းနှစ်ရင်း ရှာပေးလိုက်ခြင်းဖြင့် စွယ်ယောင်ပြဖြတ်ကူးရေး အခက်အခဲကို လွယ်ကူစွာ ဖြေရှင်းပေးနိုင်မည် ဖြစ်သော်လည်း ကျွန်ုပ်၏လက်အောက်တွင် လေထီးတပ်ရင်း တစ်ရင်းမျှ မရှိသည့်အတွက် မည်သို့မျှ မကူညီနိုင်ပါ။

လမ်းပင်ရှိသော်လည်း ကြမ်းတမ်းကာ တင့်ကားများ၊ လော်ရီကားများ သွားနိုင်ရန် တိုးချဲ့ခုတ်ထွင်ပြုပြင်ခဲ့ရသဖြင့် အမှတ် (၄)တပ်မကြီးမှ စစ်သည်ရဲမက်တော်တို့၏ အစိမ်းပုပ်ရောင် ယူနီဖောင်းမှာ ဖုန်တထောင်းထောင်း တက်ပြီး နီရဲနေကာ သူတို့၏ မျက်နှာမှာလည်း ဖုန်မှုန့်ရောင် သန်းနေတော့သည်။

လမ်းတစ်ဖက်တစ်ချက်မှ သစ်ပင်များ ချုံနွယ်များပင် ရဲရဲနီနေသော ဖုန်မှုန့်များတင်ကာ နဂိုရောင်ပျောက်နေကြရတော့၏။



လေကြောင်းဓာတ်ပုံများ၊ လေကြောင်းကင်းထောက်ချက်များ၊ မြေပြင်မှ ကင်းထောက်ချက်များကို နေ့စဉ်ရရှိနေသဖြင့် အမှတ် (၄)တပ်မကြီး ပါဝင်သည့် ဤဘက်စစ်မျက်နှာတွင် ရန်သူက မည်သည့်အနေအထား မည်သည့်အခြေအနေ ရှိနေသည်ကို အတော်အတန် အရိပ်အကဲဖမ်း၍ ရသည်။

ဤဒေသတစ်ဝိုက်တွင် ကျွန်ုပ်တို့က အလုံးအရင်းဖြင့် ရောဝတီကို ဖြတ်ကူးမည်ဟု စိုးစဉ်းမျှပင် ရန်သူက ထင်မှတ်ထားခြင်း မရှိကြောင်းကား သိသာလှသည်။

ချောက်မြို့ အနောက်တောင်ဘက် မိုင် (၂၀)ခန့်အကွာ ရောဝတီ အနောက်ကမ်းပေါ်ရှိ လက်ဆည်တွင် အမှတ် (၁၅၃) ရန်သူ့တပ်ဖွဲ့ ရှိသည်။ ချောက်မှ ညောင်ဦးအထိ အမှတ် (၇၂)တပ်မဟာ တပ်ရင်းလေးရင်းနှင့် လူအင်အား (၅၀၀၀)မှ (၁၀၀၀၀)အထိရှိသော အမှတ် (၂)အိန္ဒိယ အမျိုးသား တပ်မတော်တို့က စောင့်ကြပ်ထားသည်။ ညောင်ဦးအထက် ပခုက္ကူတစ်ဝိုက်တွင် ရန်သူ့အမှတ် (၂၁၄)တပ်ဖွဲ့ ရှိနေသည်။

ပခုက္ကူမှ ချောက်အထိ မိုင် (၅၀)ရှည်လျားသော မြစ်ကမ်းတစ်လျှောက်တွင် ဤမျှ သာ အင်အားရှိသော တပ်များချထားခြင်းမှာ များလှသည်ဟု မဆိုနိုင်။ ထို့ကြောင့်လည်း ဤဒေသတစ်ဝိုက်မှ ကျွန်ုပ်တို့တပ်များ အလုံးအရင်းဖြင့် ဖြတ်ကူးမည်ဟု ရန်သူတို့က စိုးစဉ်းမျှ ထင်မှတ်ခြင်း မရှိဟု ကျွန်ုပ် ဆိုခဲ့ရခြင်း ဖြစ်သည်။

တပ်ကို ခပ်ပါးပါးချထားသော ဤဒေသတစ်ဝိုက်မှ ရန်သူများတို့ ကျွန်ုပ်တို့ ဖြတ်ကူးမည့် နေရာများမှ ဥပါယ်တံမျဉ်ဖြင့် အလှမ်းကွာသည့် အရပ်သို့ ဆွဲဆောင်ထုတ်ယူသွားနိုင်က ကျွန်ုပ်တို့သည် တစ်ဖက်ကမ်းသို့ ရောက်ပြီးနောက် ခိုင်ခိုင်မာမာ ခြေကုပ်ယူနိုင်သည်အထိ အချိန်ရလိမ့်မည်ဟု မျှော်လင့်ရသည်။

မက်ဆာဗေးက ဂျပန်တစ်နှစ်တပ် ဆုံရာအရပ်မှ ဖြတ်ကူးရန် စီစဉ်ထားခြင်းမှာလည်း ကျွန်ုပ်တို့အတွက် ကံကောင်းခြင်းပင် ဖြစ်၏။

ပခုက္ကူတွင် ရှိနေသော အမှတ် (၂၁၄)တပ်ဖွဲ့မှာ ဂျပန်အမှတ် (၁၅) တပ်မတော်၏ လက်ဝဲအစွန်ဆုံးသို့ ရောက်နေလျက် အမှတ် (၇၂) သီးသန့်တပ်မဟာမှာ ဂျပန်အမှတ် (၂၈)တပ်မတော်၏ လက်ယာအစွန်ဆုံးသို့ ရောက်နေသည်။ လက်ဝဲအစွန်တွင် ရှိနေသော (၂၁၄)တပ်ဖွဲ့နှင့် လက်ယာအစွန်ဆုံးသို့ ရောက်နေသည့် အမှတ် (၇၂)သီးသန့် တပ်မဟာတို့ ဆုံသည့် နေရာကား ညောင်ဦးတည်း။ တပ်ချင်းဆုံသည့်နေရာသည် သူ့တပ်မှာ တာဝန်ရှိသလိုလို၊ ကိုယ့်တပ်မှာ တာဝန်ရှိသလိုလိုနှင့် ကြား ညှောင်၍ နေတတ်သည်သာ ဖြစ်သည်။

အမှတ် (၇)တပ်မမှ ပခုက္ကူသို့ ချီတက်သွားသော ကျွန်ုပ်တို့၏ အမှတ် (၁၁၄)တပ်မဟာသည် မြို့အနောက်ဘက် (၈)မိုင်ကွာတွင် အခိုင်

www.burmeseclassic.com

အမာတပ်စွဲထားသော ရန်သူများနှင့် ရင်ဆိုင်ရတော့၏။ ရန်သူသည် ထံလှလမ်းဆုံရှိ တောင်ကုန်းတစ်ခုပေါ်တွင် ကျင်းနက်နက်တူး၍ နေရာယူထားသဖြင့် ကျွန်ုပ်တို့အမှတ် (၁၁၄)တပ်မဟာသည် ပထမတိုက်ပွဲတွင် အရေးနိမ့်ခဲ့ရသည်။ ဖေဖော်ဝါရီလ (၁၀)ရက်နေ့တွင် တင့်ကားတပ်အကူအညီဖြင့် ရှုပ်ရှုပ်ချွံချွံ တိုက်သောအခါ ရန်သူသည် မခံနိုင်တော့ဘဲ တောင်ကုန်းကို လက်လွှတ်လိုက်ရတော့၏။

တပ်မဟာသည် ဧရာဝတီအနောက်ဘက်ကမ်းရှိ ရန်သူ အကြွင်းအကျန်များကို ရှင်းလင်းရင်း ဖြတ်ကူးလာမည့် ကျွန်ုပ်တို့တပ်မကြီးကို အကာအကွယ်ပေးနေသည်။ ပုဂံနှင့် မျက်နှာချင်းဆိုင်ရှိ အနောက်ဘက်ကမ်းသို့ ရောက်သွားသော ကျွန်ုပ်တို့၏ အမှတ် (၈၉)တပ်မဟာမှ တိုက်ကင်းအဖွဲ့တစ်ခုသည် ညဘက်တွင် ပုဂံမြို့သို့ ဖြတ်ကူးသွားပြီး ပုဂံမြို့အနောက်ဘက်တွင် ရန်သူများ တပ်စွဲထားခြင်းမရှိကြောင်း ကြိုးမဲ့ကြေးနန်းဖြင့် သတင်းပို့သည်။

၎င်းတိုက်ကင်းအဖွဲ့သည် ပုဂံတွင်ပင် ဆက်လက်ပုန်းအောင်းနေတာ ရန်သူ့လှုပ်ရှားမှုသတင်းများကို ပေးပို့နေ၏။ ပုဂံအနီးတွင် မြန်မာလှေသားများပါသော လှေကြီးသုံးလေးစင်းကို ဖမ်းမိသည်က တစ်ကြောင်း၊ ပုဂံရှိ တိုက်ကင်းအဖွဲ့ထံမှ ရန်သူ့လှုပ်ရှားမှု သတင်းများကို ကြိုတင်သိရှိနေ၍တစ်ကြောင်း ပုဂံတွင် စွယ်ယောင်ပြ မကူးတော့ဘဲ တကယ်ပင် တပ်ရင်းတစ်ရင်းအား ဖြတ်ကူးစေသည်။

ဆိတ်ဖြူသို့ ချီတက်ရောက်ရှိသွားသော အမှတ် (၂၈)အရှေ့အာဖရိက တပ်မဟာကလည်း မြစ်ကို ဖြတ်ကူးရန် ပြင်ဆင်လျက် ရှိသည်။ ညောင်ဦးမှဖြတ်ကူးမည့် အမှတ် (၃၃)တပ်မဟာသည် မြစ်ခြေကို သိမ်းယူပြီးနောက် လှေနှင့် ဖောင်များကို စုဆောင်းနေသည်။

ဖေဖော်ဝါရီလသို့ ရောက်သောအခါ မြစ်ရေမှာ ပို၍ နည်းလာသည့်အလျောက် မြစ်ကြောင်းလည်း ပြောင်းလာသည်။ သဲခုံသောင်ခုံများလည် ပို၍ များပြားလာကာ ကမ်းတစ်ဖက်နှင့်တစ်ဖက် တိုက်ရိုက်တည့်တည့် ဖြတ်ကူး၍ မရနိုင်အောင် ဖြစ်လာ၏။ တစ်ဖက်နှင့်တစ်ဖက် ကိုက် (၂၀၀၀)လောက် ကွေ့၍ပတ်၍ ကူးနေရသည်။ ကျွန်ုပ်တို့တပ်များ ဖြတ်ကူးသော နေရာတွင် ကိုက် (၂၀၀၀)ကျော်ပင် ကွာနေသည်။ *ဒုတိယကမ္ဘာစစ်ကြီးအတွင်း စစ်တပ်များရင်ဆိုင်ရသည့် သဘာဝ အတားအဆီးများအနက် ဧရာဝတီမြစ်သည် အကြီးကျယ်ဆုံးသော အတားအဆီးကြီး ဖြစ်နေလေတော့သည်။*

အနောက်ဘက်ကမ်းမှာ ပြေပြေတလေး ရှိသော်လည်း အရှေ့ဘက်ကမ်းတွင် ပေတစ်ရာလောက်မြင့်သည့် ကျောက်တောင်နှင့်ချိုင့်ဝှမ်းများပြည့်နေသည်။ ၎င်းကျောက်တောင်များပေါ်တွင် ခိုင်ခံ့စွာတည်ဆောက်ထားသော ရန်သူ့စခန်းများကို တွေ့နေရ၏။



ကျွန်ုပ်တို့တပ်များ စွယ်ယောင်ပြ ဖြတ်ကူးသည့် မျက်နှာချင်းဆိုင်ကမ်းဘက်တွင် ရန်သူက ကတုတ်ကျင်းများ ပို၍ တူးလာသည်ကို တွေ့ရသော်လည်း ကျောက်တောင်များ၌မူ ရန်သူအင်အား တိုးလာသည်ကို မတွေ့ရ။

ကျွန်ုပ်သည် လေတပ်၊ အမြောက်တပ်နှင့် တင့်ကားတပ်များ၏ အကာအကွယ်ဖြင့် ဧရာဝတီမြစ်ကြီးအား နေ့လယ်နေ့ခင်းတွင်ပင် အလုံးအရင်းဖြင့် ပြောင်ပြောင်တင်းတင်း ဖြတ်ကူးရန် ကြံစည်ခဲ့သည်။ သို့သော် လေကြောင်း သယ်ယူပို့ဆောင်ရေးနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး အခက်အခဲကြောင့် မြစ်ကူးရာတွင် လိုမည့် ခဲယမ်းများကို အချိန်မီရရှိနိုင်မည် မဟုတ်သည့်အတွက် အောက်ပါအတိုင်း လေးကဏ္ဍခွဲ၍ ကူးရန် စီစဉ်ရတော့သည်။

(၁) ပထမဆုံး ဖြတ်ကူးမည့် အဖွဲ့သည် ညောင်ဦးအထက်ဘက် သုံးမိုင်ကွာမှနေ၍ ညအချိန်တွင်ဖြတ်ကူးရန်၊ အဖွဲ့သားများစတင်ထွက်ခွာမည့်နေရာကို အနောက်ဘက်ကမ်းတွင် သတ်မှတ်ပေးမည်။ ၎င်းအဖွဲ့သည် အရှေ့ဘက်ကမ်းတွင် မော်တော်နှင့် လှေများ ဆိုက်ကပ်နိုင်မည့် နေရာလေးခုကို သိမ်းယူ၍ ကျောက်တောင်ကိုလည်း အကာအကွယ်ယူထားရန်၊

(၂) အမှတ် (၃၃)တပ်မဟာမှ တပ်ရင်းသုံးရင်းက တင့်ကားအချို့နှင့်အတူ နေထွက်လာသည့်အချိန်တွင် ကူးရန်။ ရရှိနိုင်သမျှသော လေတပ်နှင့် အမြောက်တပ်က တတ်နိုင်သမျှ အကာအကွယ်ပေးရန်၊ ၎င်းအဖွဲ့သည် အရှေ့ဘက်ကမ်းသို့ ရောက်ပြီးနောက် မြစ်ကူးခြေကုပ်စခန်းကို တည်ဆောက်ရန်၊

(၃) ခြေကုပ်စခန်းတွင် ရှိနေသူများက ညောင်ဦးသို့ အလျင်အမြန်ချီတက်သိမ်းယူရန် မြစ်အကျဉ်းဆုံးဖြစ်သော ညောင်ဦးအရှေ့ဘက်အစွန်ကို အုပ်ထိန်းထားရန်၊

(၄) ညောင်ဦးနှင့် မျက်နှာချင်းဆိုင်မှ ကူးလာမည့် အမှတ် (၁၇)တပ်မအား ကာကွယ်ပေးနိုင်ရန်အတွက် ခြေကုပ်စခန်းကို ညောင်ဦးအရှေ့ဘက်အစွန်အထိ တိုးချဲ့ရန်။

မြစ်ကူးရာ၌ ကျွန်ုပ် စိုးရိမ်မိသော အချက်တစ်ချက်မှာ အမှတ် (၃၃) တပ်မဟာ၊ တပ်ရင်း သုံးရင်းက ညောင်ဦး၌ ခြေကုပ်စခန်း ဖြစ်လုပ်ပြီးသည့်အချိန်တွင် အမှတ် (၁၇)တပ်မက မြစ်ကူးရန် အဆင်သင့်ရောက်ရှိရန် ဖြစ်သည်။ ကျွန်ုပ်သည် တပ်မဦးစီးချုပ်ဘဝတွင်ပင် ရှိနေသေးသော ကိုဝင်နှင့် သူ့တပ်မှူးများကို ခေါ်၍ သူတို့တပ်မ ပါဝင်ရမည့် အခန်းကို အသေးစိတ်ပြောပြသည်။ ကိုဝင်၏ အမှတ် (၁၇)တပ်မမှာ အင်ဖာတွင်ပင်ရှိနေသေးရာ ပေါက်သို့ ဖေဖော်ဝါရီလ (၁၃)ရက်နေ့ မတိုင်မီ ရောက်နေရန် လိုနေ၏။

www.burmeseclassic.com

ကျွန်ုပ်သည် ဧရာဝတီမြစ်ကြီးအား ဖေဖော်ဝါရီလ (၁၃)ရက်နေ့ ညမှစ၍ ဖြတ်ကူးရန် အချိန်ကိုက်ထားရာ ကိုဝင်၏တပ်မမှ တပ်မဟာ တစ်ခုကို ပုလဲသို့ လေယာဉ်ဖြင့် ပို့ပေးရန် စီစဉ်ထားသည်။ ကျန်တပ်များ မှာမူ အင်ဖာမှ ပေါက်သို့ ရောက်နိုင်မည့်နည်းဖြင့် အချိန်မီ တက်လာရန် ဖြစ်သည်။ ဤအချိန်တွင် လေယာဉ်များနှင့် မော်တော်လော်ရီများမှာ ကျွန်ုပ်တို့လိုသလောက် မရနိုင်ဘဲ ဖြစ်နေသည်။ ထို့ကြောင့်လည်း အမှတ် (၁၇)တပ်အချိန်ကိုက်၍ ရောက်လာနိုင်ပါ့မည်လားဟု စိုးရိမ်နေရခြင်း ဖြစ်၏။

အခြားစိုးရိမ်မိသော အချက်တစ်ချက်မှာ ကျွန်ုပ်တို့က ဧရာဝတီကို ဖြတ်ကူးနေစဉ် ရန်သူများ မှင်တက်မိကာ ခြေမကိုင်လက်မကိုင်မိ ဖြစ်သွား စေရန်အတွက် မိတ္ထီလာကို အငိုက်တွင် ဝင်စီးလိုက်နိုင်ရေးပင် ဖြစ်သည်။ ဖေဖော်ဝါရီလ (၁၃)ရက်နေ့ အရုဏ်တက်သည့်အချိန်တွင် ပထမဆုံး ဖြတ်ကူးမည့်လူများနှင့် မော်တော်ဘုတ်များကို အနောက်ဘက်ကမ်းတွင် သူ့နေရာနှင့်သူ ဝှက်၍ထားသည်။

မြစ်အောက်ဘက် (၆)မိုင်ကွာတွင်လည်း အမှတ် (၈၉)တပ်မဟာမှ ဆစ်လူမျိုး ရဲဘော်များက မြစ်ကိုဖြတ်ကူးရန် အသင့်ပြင်နေကြ၏။ ဤ နေရာထက် အောက်ဘက်ကျသောနေရာတွင်မှ စွယ်ယောင်ပြဖြတ်ကူး မည့် အမှတ်(၂၈)အရှေ့အာဖရိက တပ်မဟာရဲဘော်များက ပြောင်ပြောင် တင်းတင်းပင် မြစ်ဖြတ်ကူးရန် ပြင်ဆင်နေကြ၏။

မိုးစုန်းစုန်းချုပ်သွားသည်နှင့် တစ်ပြိုင်နက် ကမ်းပေါ်တွင် ဝှက် ထားသော မော်တော်ဘုတ်များ၊ လှေဖောင်များနှင့် လက်နက်ပစ္စည်းကိရိ ယာများကို ရေစပ်သို့ ချကြရသည်။ အသံမမြည်အောင် လှုပ်ရှားရသဖြင့် စစ်သည်ရဲမက်အများမှာ ပို၍ ပင်ပန်းကြတော့၏။

ဤအချိန်တွင် အထူးတာဝန်ပေးထားသော မော်တော်တပ်စိပ်က အရှေ့ဘက်ကမ်းသို့ နောက်ဆုံးကင်းထောက်ရန် ထွက်ခွာသွားသည်။ အရေးကောင်း ဒီန်းဖေါင်းဖျက်ဆိုသကဲ့သို့ ကင်းထောက်တပ်စိပ်သည် အရှေ့ဘက်ကမ်းတွင် ရေချိုးနေသော ဂျပန်စစ်သားနှစ်ယောက်နှင့် သွား ၍ တိုးနေကာ လွတ်သွားမည်စိုးသည့်အတွက် ပစ်၍သတ်လိုက်ရ၏။

သေနတ်သံက ရန်သူကို သတိပေးသလို ဖြစ်နေပေတော့မည်။ လ, မသာသော ရက်ဖြစ်၍ ညက မှောင်နှင့်မည်းမည်းဖြစ်နေကာ လေက လည်း ထန်နေသည်။ မြစ်ပြင်တစ်ခုလုံးတွင် လှိုင်းသံက သောသောည နေ၏။ နံနက် (၄)နာရီထိုးရန် (၁၅)မိနစ်အလိုတွင် ရှေ့ပြေးတပ်ဖွဲ့မှတပ်ခွဲ တစ်ခွဲသည် ကိုက်(၂၀၀၀)ကျော်သော ရေပြင်ကို စတင်ဖြတ်ကူးကာ အရှေ့ဘက်ကမ်းသို့ ထွက်ခွာသွားသည်။ ဤတပ်ခွဲသည် တစ်ဖက်ကမ်းသို့ ချောမောစွာ ရောက်ရှိသွားပြီးနောက် ကျောက်တောင်ထိပ်တွင် နေရာ ယူကာ နောက်ထပ်ကူးလာမည့်တပ်များကို အကာအကွယ်ပေးနေသည်။

ဖေဖော်ဝါရီလ (၁၄)ရက်နေ့ အရုဏ်တက်လာသ... ရှေ့ပြေးချီတပ်ဖွဲ့မှ ကြွင်းကျန်သော တပ်များက ပေးထားသော အ... အတိုင်း ထွက်ခွာကြသည်။

သို့သော် မော်တော်ဘုတ် တော်တော်များများမှာ စက်နှိုး၍မရဘဲ ဖြစ်နေတော့သည်။ စက်နှိုး၍ ရသော မော်တော်ဘုတ်များအနက် တချို့ မှာ စုပ်ထုတ်၍ မနိုင်အောင် ရေများဖလဟော ဝင်နေပြန်သည်။

ထို့ကြောင့် အုပ်ချုပ်သူအရာရှိသည် မူလအစီအစဉ်အတိုင်း လိုက်နာမနေနိုင်တော့ဘဲ အသင့်ဖြစ်နေ... မော်တော်များကို ထွက်ခိုင်း ရတော့၏။

မူလက နောက်ရန်တပ်အဖြစ် လိုက်ပါရမည့်တပ်ခွဲမှာ အရှေ့ ဆုံးမှ ရောက်နေသည်ကို သိလာသော တပ်ခွဲမှူးသည် ရေလယ်ကောင် အရောက်တွင်မှ မော်တော်ကို နောက်သို့ ပြန်အလှည့်ခိုင်းသည်။ ဤသို့ ပြန်အလှည့်တွင် ရေစီးကသန်ကာ လေက ထန်နေသောကြောင့် မော်တော် သည် ရေစီးနှင့် မျောပါနေတော့သည်။

ရှေ့ဆုံးမှ မော်တော် ရေလယ်ကောင်ရောက်မှ ပြန်လှည့်သည်ကို တွေ့ရသော နောက်မော်တော်များလည်း ဘုမသိ ဘမသိ နောက်သို့ ပြန် လှည့်ကြပြန်သည်။ ဤအချိန်တွင် ကျောက်တောင်များပေါ်တွင် နေရာ ယူထားကြသော ရန်သူများက အရှေ့ဘက်ကမ်း ရေစပ်သို့ ဆင်း၍ မိုင် ဖယ်များ၊ စက်သေနတ်များဖြင့် ပစ်ခတ်လာတော့၏။

အနောက်ဘက်ကမ်းစပ်တွင် ဖြတ်ကူးရန် အသင့်ချထားသော ကျွန်ုပ်တို့၏အမြောက်များနှင့် အချို့သော တင့်ကားများက ကသုတ်တ ရက်နှင့် ရုတ်တရက် ပြန်၍ ပစ်ခတ်ကြရသည်။ အချိန်အနည်းငယ် အတွင်းတွင်ပင် ကျွန်ုပ်တို့၏ လေယာဉ်များ ရောက်လာသည်။ ကျွန်ုပ်တို့ မော်တော်ဘုတ်များသည် လေတပ်နှင့် အမြောက်တပ်၏ အကာအကွယ် ဖြင့် အနောက်ဘက်ကမ်းသို့ ပြန်၍ ကပ်လာနိုင်ကြသည်။

သို့သော် ဤ မြစ်ကူးတိုက်ပွဲတွင်ကား ကျွန်ုပ်တို့ အရှုံးနှင့် ရင်ဆိုင်ခဲ့ ရပေပြီ။ မြစ်အောက်ဘက် (၆)မိုင်ကွာမှ ဖြတ်ကူးသော အမှတ် (၈၉) တပ်မဟာမှ တပ်ခွဲမှူးများလည်း မြန်မာလှေသမားများထံမှ ဖမ်းမိသော လှေကြီးများဖြင့် ဖြတ်ကူးရာတွင် အင်အားဖြည့်ထားသော ပုဂံဘက်ကမ်းမှ နေ၍ ပြင်းပြင်းထန်ထန်ပင် ပစ်ခတ်ခြင်းခံနေရသဖြင့် အနောက်ဘက် ကမ်းသို့ ပြန်လှည့်ခဲ့ရသည်။

အရုဏ်ကျင်း၍ အလင်းသို့ လုစအချိန်တွင် ဧရာဝတီမြစ်ပြင်ကြီး ပေါ်မှ ကျော်၍ ပုဂံရှုခင်းကို မျှော်ကြည့်ရသည်မှာ ကြည့်၍ မဝနိုင်အောင် ရှိလှပါသည်။

ကျွန်ုပ်တို့အင်္ဂလန်ပြည်အား နော်မန်လူမျိုးတို့ ဝင်ရောက်သိမ်းပိုက် ခဲ့သည့် အချိန်လောက်ကပင် စည်ထိးခရိုင်နိုင်ငံနှင့်တကွ ကြက်ပျံမကျ

www.burmeseclassic.com

www.burmeseclassic.com

စည်ကားခဲ့သော ရှေးဟောင်းမြို့တော် ပုဂံမှာ ယခုအချိန်တွင် ပျက်စီးယိုယွင်း အိုမင်းလျက် မင်းမဲ့တိုင်းပြည်ကြီး ဖြစ်နေစေကာမူ ကြည့်ရှု၍မဝနိုင်အောင် ကျက်သရေဖြိုးဝေနေဆဲပင် ရှိနေသေးသည်။

အမှတ်(၈၉)တပ်မဟာမှ အရာရှိများသည် အရှက်ကျင်း၍ အလင်းသို့ လုစအချိန်၌ မိမိတို့၏ဆုံးရှုံးမှုကို ခေတ္တမျှမေ့လျော့ကာ ပုဂံ၏ ရှုခင်းတွင် ငေးမောနေခိုက် လူနှစ်ယောက်ပါသော လှေကလေးတစ်စင်းတွင် အလံဖြူတစ်ခုလွှင့်ထူကာ ပုဂံဘက်ကမ်းမှ မိမိတို့ရှိရာ အနောက်ဘက်ကမ်းသို့ လှော်ခတ်လာ[redacted]သည်ကို ရုတ်တရက် တွေ့လိုက်ကြရ၏။

ဤလူနှစ်ယောက်ကား အိန္ဒိယအမျိုးသား တပ်မတော်မှ ရဲဘော်များတည်း။ သူတို့နှစ်ယောက်က ပုဂံမှ ဂျပန်မြို့စောင့်တပ်သည် အထက်ဘက်သို့ ချီတက်သွားကြောင်း၊ ယခု ပုဂံတွင် တာဝန်ကျနေသူများမှာ အိန္ဒိယအမျိုးသားတပ်မတော်မှ ရဲဘော်များသာ ဖြစ်ကြောင်း၊ သူတို့သည် အင်္ဂလိပ်စစ်တပ်ထံ လက်နက်ချလိုပါကြောင်းဖြင့် သတင်းပို့သည်။

ဖေဖော်ဝါရီလ (၁၄)ရက်နေ့ ညနေဘက်တွင် အမှတ် (၈၉)တပ်မဟာမှ တပ်ရင်းတစ်ရင်းသည် ပုဂံမြို့အစွန်တွင် နေရာယူပြီး ဖြစ်နေပေပြီ။ ပုဂံတွင် ဤသို့ဖြစ်ပျက်နေစဉ် ညောင်ဦးအထက် (၃)မိုင်ကွာခန့်မှ ဖြတ်ကူးရန် စီစဉ်ထားသော တပ်များမှာ ရန်သူ့လက်ချက်ကြောင့် ပျက်စီးသွားသော မော်တော်ဘုတ်များကို ပြင်ဆင်လျက် ရှိသည်။ အရှေ့ဘက်ကမ်းပေါ်သို့ ချောမောစွာ ရောက်ရှိနေသော ရှေ့ပြေးချီတပ်ခွဲက သူတို့သည် ယခုအချိန်၌ အခိုင်အခံ့ နေရာယူထားပြီးဖြစ်ကြောင်း၊ ရန်သူက လာရောက်တိုက်ခိုက်ခြင်း မရှိသေးကြောင်း သတင်းပို့သည်။

ထို့ကြောင့် ဤတပ်ခွဲထံ လက်နက်နှင့် လူသူများ တင်ပို့ရန် စီစဉ်ရသည်။ နံနက် (၉)နာရီ (၄၅)မိနစ်အချိန်တွင် ပန်ချာပီ တပ်ခွဲတစ်ခွဲအား လေတပ်နှင့်အမြောက်တပ်တို့မှ ကာပစ် ပစ်ပေးရင်း မြစ်ကိုဖြတ်ကူးစေသည်။ စောစောက ပစ်ခတ်ခဲ့ကြသော ရန်သူများသည် ယခုအချိန်၌ တစ်နေရာရာသို့ ထွက်ခွာသွားကြဟန် တူသည်။

အရှေ့ဘက်ကမ်းမှ သေနတ်သံတစ်ချက်ပင် ထွက်မလာ။

ဤသို့ဖြင့် (၁၄)ရက်နေ့ မိုးချုပ်သည့်အချိန်တွင် ကျွန်ုပ်တို့ဘက်မှ တပ်ရင်းသုံးရင်းမှာ တင့်ကားများနှင့်အတူ ဧရာဝတီမြစ်ကြီးကို ဖြတ်ကူးပြီးနေပေပြီ။ ရန်သူသည် ညဘက်တွင် လာရောက်တိုက်ခိုက်လိမ့်မည်ဟု မျှော်လင့်ထားရာ ပုဂံရှိ တပ်ကိုသာ အနည်းငယ် ပစ်ခတ်သွားသည်ဟု သိရသဖြင့် အံ့သြမိတော့၏။

(၁၄)ရက်နေ့ ညဘက်တွင် အကူးရပ်ထားခဲ့သော ကျွန်ုပ်တို့သည် (၁၅)ရက်နေ့ နံနက်လင်းလာသည်နှင့် တစ်ပြိုင်နက် အလုံးအရင်းဖြင့် ဖြတ်ကူးကြသည်။ မြစ်ပြင်တစ်ခုလုံး လူများ၊ လားများ၊ တင့်ကားများ၊ အမြောက်များ၊ ရိက္ခာများဖြင့် ဖွေးဖွေးလှုပ်နေတော့သည်။



သို့တိုင်အောင် ရန်သူတစ်ယောက်မျှ မတွေ့။

ညဘက်တွင် အင်အား အတော်အတန် စုမိဟန်တူသော ရန်သူတပ်တစ်တပ်က ကျွန်ုပ်တို့ကို လာရောက်တိုက်ခိုက်သည်။ ကျွန်ုပ်တို့က သုတ်သင်ပစ်လိုက်နိုင်သည်။ ဖေဖော်ဝါရီလ (၁၆)ရက်နေ့တွင် ညောင်ဦးကို သိမ်းယူလိုက်ပြီးနောက် မြစ်ကူး ခြေကုပ်စခန်းတည်ဆောက်ကာ ပုဂံရှိ အမှတ် (၈၉)တပ်မဟာနှင့် ဆက်သွယ်လိုက်သည်။

သဘာဝအတားအဆီးကြီးကို ကျွန်ုပ်တို့ ကျော်နင်းလွန်မြောက်ခဲ့လေပြီ။ ဧရာဝတီမြစ်ကြီးအား အဆီးအတား[illegible]ခုအခံ မရှိဘဲ ဖြတ်ကျော်နိုင်ခဲ့[illegible]မှာ မက်ဆာဗေး၏နည်းပရိယာယ်ကြောင့်ပင် ဖြစ်တော့သည်။

ရန်သူသည် ပခုက္ကူတောင်ဘက် တစ်လျှောက်တွင် လှုပ်လှုပ်ရွရွ ဖြစ်နေခြင်းမှာ တကယ်ဖြတ်ကူးရန် မဟုတ်ဘဲ ဟန်ရေးပြနေခြင်းသာ ဖြစ်သည်။ အမှတ် (၃၃)တပ်မကြီး ဖြတ်ကူးလျှင် မြောက်ဘက်မှသာ ဖြတ်ကူးမည်ဟု ယူဆခဲ့သည်။

ချောက် မျက်နှာချင်းဆိုင်မှနေ၍ စွယ်ယောင်ပြနေခဲ့သော အမှတ် (၂၈)အရှေ့အာဖရိက တပ်မဟာကိုလည်း တကယ်ပင် ဖြတ်ကူးမည့်အဖွဲ့ဟု ရန်သူက ထင်မှတ်ခဲ့သည်။ ထို့ကြောင့် ရန်သူသည် ညောင်ဦးဒေသတွင် ချထားသော တပ်များကို ပခုက္ကူနှင့် ချောက်သို့ အလျင်အမြန် ပို့ပေးခဲ့သည်။

ဤအချိန်တွင်ပင် ကျွန်ုပ်တို့က ညောင်ဦးတစ်ဝိုက်မှ ဖြတ်ကူးလာနိုင်ခဲ့သည်။ ကျွန်ုပ်တို့၏ အမှတ် (၇)တပ်သည် ဧရာဝတီမြစ်ကြီးအား ဆက်၍ ဖြတ်ကျော်နေလေသည်။ ရန်သူသည် ကျွန်ုပ်တို့အား ဖေဖော်ဝါရီလ (၁၇)ရက်နေ့သို့ ရောက်မှသာ လာရောက်တိုက်ခိုက်နိုင်သည်။ ရန်သူ့လေယာဉ်များက ကျွန်ုပ်တို့ ဖြတ်ကူးနေသည့် နေရာများကို လာရောက်ဗုံးကြဲတိုက်ခိုက်သည်။

ပခုက္ကူမှ မောင်းထုတ်ခြင်းခံရသော ရန်သူ့တပ်တစ်တပ်မှာ မြစ်ကိုကျော်၍ ကျွန်ုပ်တို့ အမှတ် (၃၃)တပ်မဟာ၏ လက်ဝဲတောင်ပံ ဖြစ်သော ညောင်ဦးကို တိုက်သည်။ ကျွန်ုပ်တို့ တပ်မဟာက ရန်သူအား ရက်ရက်စက်စက် သုတ်သင်လိုက်နိုင်သည်။

ချောက်မြို့တစ်ဖက်ကမ်းမှနေ၍ စွယ်ယောင်ပြနေခဲ့သော အမှတ် (၂၈)အရှေ့အာဖရိက တပ်မဟာသည် ဖေဖော်ဝါရီလ (၁၉)ရက်နေ့တွင် ရန်သူ့ (၇၂)သီးသန့်တပ်မဟာမှ တပ်များနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားသည်။ မက်ဆာဗေး၏အကြံမှာ ညောင်ဦးခြေကုပ်စခန်းအား တိုဝင်၏ အမှတ် (၁၇)တပ်မရောက်လာမီ တပ်မနှစ်တပ်စာ နေနိုင်လောက်အောင် တိုးချဲ့သွားရန် ဖြစ်သည်။

သို့သော် မိတ္ထီလာကို တိုက်ခိုက်ရန် အရေးတလည်း ကြာမြင့်နေမည်ကို စိုးရသေးရာ ခြေကုပ်စခန်းအားတိုးချဲ့မနေတော့ဘဲ အမှတ်(၁၇)

www.burmeseclassic.com

တပ်မကို စခန်းအပြင်ဘက်တွင်ပင် နေရာချထားရန် စီစဉ်ရသည်။ ဖေဖော်ဝါရီလ (၁၆)ရက်နှင့် (၁၇)ရက်နေ့များတွင် တိုဝင်၏ အမှတ် (၁၇)တပ်မသည် ပုလဲတွင် ထားရစ်ခဲ့ရသော တပ်မဟာတစ်ခု မပါဘဲ အနောက်ဘက်ကမ်းရှိ မြစ်ကူးစခန်းများသို့ ချဉ်းကပ်လာနိုင်ခဲ့သည်။ (၁၈)ရက်နှင့် (၂၁)နေ့များအတွင်း တပ်မတစ်ခုလုံး အရှေ့ဘက်ကမ်းသို့ ကူးလာနိုင်သည်။

မန္တလေးအနောက်ဘက်မှ ဖြတ်ကူးနေသော အမှတ် (၃၁)တပ်မကြီးမှ အမှတ် (၂၀)တပ်မမှာ ရန်သူတို့၏ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခြင်းကို ခံနေရသည်။ အမှတ် (၂၀)တပ်မထက် မန္တလေးနှင့် ပို၍ နီးနီး ကူးမည့် အမှတ် (၂)တပ်မမှာလည်း ကျွန်ုပ်တို့ထံမှ မော်တော်ဘုတ်များ ရောက်မလာသေးသဖြင့် ဖြတ်မကူးနိုင်။

ကျွန်ုပ် မျှော်လင့်ထားသည့်အတိုင်းပင် ဂျပန်စစ်သူကြီး ကိမူရာသည် ပုဝံနှင့် ညောင်ဦးထက် မန္တလေးဘက်သို့သာ အာရုံစူးစိုက်နေသည်ကိုသာ တွေ့ရ၏။ ရန်သူသည် အမှတ် (၂၀)တပ်မ၏ ခြေကုပ်စခန်းကို တိုက်ခိုက်ရန်နှင့် စစ်ကိုင်းတောင်ရိုးအား ထိန်းထားရန်အတွက် လူသူအင်အားမှာ အများအပြား လိုလျက်ရှိရာ စစ်ကိုင်းအနောက်ဘက်မှ (၅)မိုင်ရှည်သော ရောဝတီမြစ်ကမ်း တစ်လျှောက်ကို ဟုတ်တိပတ်တိ စောင့်ရှောက်နိုင်ခြင်း မရှိဘဲ ဖြစ်နေလေသည်။

အမှတ် (၂)တပ်မမှ ဗိုလ်ချုပ်စတော့ဖို့သည် အမှတ် (၂၆၈)တပ်မဟာအား စစ်ကိုင်းရှိ ဂျပန်မြို့စောင့်တပ်ကို တိုက်ခိုက်ရန် ဖေဖော်ဝါရီလ(၂၁)ရက်နေ့တွင် စေလွှတ်လိုက်ပြီး (၂၄)ရက်နေ့ ညတွင် ငါန်းဇွန်မှနေ၍ ရောဝတီကို စတင်ဖြတ်ကူးသည်။ ရန်သူ့ဘက်မှ ပစ်အားကောင်းလှချေ၏။

ကျွန်ုပ်တို့ဘက်တွင် အသေအပျောက် မများလှသော်လည်း မော်တော်များမှာ ရန်သူ့မော်တာ ဗုံးများလက်ချက်ကြောင့် အပေါက်ပေါက်အပြဲပြဲဖြစ်ကာ ခရီးမဆက်နိုင် ဖြစ်ရတော့သည်။

ပထမဖြတ်ကူးသည့် တပ်ရင်းတစ်ရင်းအနက် အချို့မှာ ရေလယ်ရှိကျွန်းတွင် ကျင်းတူး၍ တစ်ညလုံး နေကြရ၏။ ဒုတိယအသုတ် ဖြတ်ကူးသည့်တပ်ရင်းမှာလည်း ရန်သူ့ဘက်မှ ပစ်အားကောင်းလှသဖြင့် မြောက်ဘက်ကမ်းသို့ ပြန်ခဲ့ရသည်။ တတိယအသုတ် ဖြတ်ကူးသော တပ်ရင်းမှာ ရေစီးနှင့် အောက်ဘက်သို့ မျောပါသွားပြီးမှ တောင်ဘက်ကမ်းသို့ တက်ရောက်နိုင်သည်။

ဖေဖော်ဝါရီလ (၂၅)ရက်နေ့တွင် အမှတ် (၃၃)တပ်မကြီးမှ ရနိုင်သမျှသော အမြောက်များကို အကာအကွယ်ယူ၍ ဖြတ်ကူးပြန်သည်။ ဤအကြိမ်တွင် မြစ်လယ်ရှိ ကျွန်းပေါ်မှ စစ်သည်ရဲမက်များကိုပါ တောင်ဘက်ကမ်းသို့ ပို့ဆောင်နိုင်သည်။

(၂၆)ရက်နေ့တွင် အမှတ် (၅)နှင့် (၆)တပ်မဟာ နှစ်ခုနှင့်အတူ တင့်ကားအချို့ပါ တစ်ဖက်ကမ်းသို့ ရောက်လာတော့၏။

ရန်သူသည် ခြေကုပ်စခန်း တည်ဆောက်နေသော ကျွန်ုပ်တို့၏ တပ်များအား အနည်းငယ်သာ ပြန်လည်တိုက်ခိုက်သည်ကို တွေ့ရသဖြင့် အံ့သြမိတော့သည်။

ဂျပန်စစ်သူကြီးကိမူရာသည် ဧရာဝတီမြစ်တမ်းတစ်လျှောက် တိုက်ပွဲကြီး အတွက် လက်နက်နှင့်လူများ ပြန်၍စုနေလေသည်လား။

***

www.burmeseclassic.com


## အခန်း (၁၄)

(၁၉၄၄) ခုနှစ် ဖေဖော်ဝါရီလ ကုန်ခါနီးတွင် ဂျပန်စစ်သူကြီး **တီမူရာ**သည် မြန်မာပြည်စစ်အခြေအနေကို ပြန်၍ သုံးသပ်နေမည်ဟု ထင်ရ၏။

အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးမည့် တိုက်ပွဲကြီးဖြစ်ပေါ်လာမည့် မြန်မာပြည်အလယ်ပိုင်း စစ်မျက်နှာတွင် ကျွန်ုပ်၏အမှတ် (၁၄)တပ်မတော်မှ တပ်မကြီးနှစ်ခုသည် ချင်းတွင်းနှင့် ဧရာဝတီအကြား၌ ကားရားကြီးမှောက်၍ ရောက်လာရချေပြီဟု တီမူရာ မြင်နေသည်။

မန္တလေးမြောက်ဘက် (၄၅)မိုင်ကွာတွင် မြစ်ကူးခြေကုပ်စခန်း ယူထားသော အမှတ် (၄) တပ်မကြီးသည် အမှတ် (၁၄)တပ်မတော်၏ ဝဲဘက်တွင် နေရာယူထားကာ မန္တလေးရွှေမြို့တော်၏ အနောက်ဘက် (၃၅)မိုင်အကွာတွင် အမှတ် (၃၃)တပ်မကြီးက မြစ်ကူးခြေကုပ်စခန်း တည်ဆောက်ထားသည်။

၎င်းခြေကုပ်စခန်း နှစ်ခုစလုံးပင် တီမူရာ၏ အမြင်အရ ခိုင်ခိုင်ခံ့ခံ့ ဖြစ်လာအောင် အချိန်အတန်ယူရဦးမည်။ ကျွန်ုပ်တို့၏တတိယအင်အားစု ဖြစ်သော တပ်မတစ်ခုက မန္တလေးနှင့် ပို၍ နီးကပ်လာသည့်နေရာမှ မြစ်ကို ဖြတ်ကူးနေလင့်ကစား ၎င်းတပ်မကိုလည်း အချိန်အတန်ကြာအောင် ဟန့်တားထားနိုင်မည်။ မြောက်ဘက်မှ တောင်ဘက်သို့ ဆင်းလာခဲ့သော အမှတ် (၃၆) ဗြိတိသျှတပ်မသည် အမှတ် (၄)တပ်မကြီးနှင့် မြန်မာပြည် အလယ်ပိုင်းတွင် လာရောက်ပေါင်းဆုံလိမ့်မည်ဟု တွက်ထားခဲ့သော်လည်း တပ်မသည် တောင်ဘက်သို့ ဆင်းလာပြီးမှ အရှေ့စူးစူးသို့ လှည့်၍ ချီတက်သွားပြီး ရွှေလီမြစ်ကမ်းပေါ်ရှိ မြစ်ဆုံတွင် ခြေကုပ်စခန်း ယူထားသည်။ ၎င်းတပ်မသည် အမေရိကန်-တရုတ်တို့၏ လားရှိုးသိမ်းယူရေး အစီအစဉ်တွင် ပါဝင်ရမည်သာ ဖြစ်သည်။

တီမူရာအဖို့ မြန်မာပြည်အရှေ့မြောက်ဘက် စစ်မျက်နှာမှာလည်း စိတ်မချနိုင်စရာ ဖြစ်နေတော့သည်။ လီဒိုလမ်းအတိုင်း တောင်ဘက်ကို ဆင်းလာသော စူလတန် အုပ်ချုပ်သည့် လီဒိုတရုတ်တပ်သည် ယခုအချိန်၌ ယူနန်တရုတ်များနှင့် ဝမ်တိန်အနီးတွင် တပ်ချင်းဆက်မိရုံမျှမတ ဝမ်တိန်-လားရှိုးလမ်းကိုလည်း လားရှိုးမြောက်ဘက် မိုင် (၅၀)ခန့်မှနေ၍ ဖြတ်တောက်ထားပြီး ဖြစ်နေသည်။

မည်သို့ပင်ဖြစ်စေ မြန်မာပြည်အလယ်ပိုင်း စစ်မျက်နှာတွင် အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးမည့် တိုက်ပွဲကြီးကို တိုက်နေစဉ် ၎င်းမဟာမိတ်တပ်များအား တောင်ဘက်သို့ ထိုးဆင်း၍ မလာနိုင်အောင် အမှတ်(၅၆) ဂျပန်တပ်မနှင့် အခြားတပ်များက ဟန့်တားထားနိုင်လိမ့်မည်ဟု တီမူရာက ယူဆထားသည်။

ရခိုင်စစ်မျက်နှာသို့ လှမ်းကြည့်လိုက်ပြန်သောအခါလည်း ဂျပန်တို့၏ အမှတ် (၅၄)တပ်မမှာ ကျွန်ုပ်တို့၏ အမှတ် (၁၅)တပ်မကြီး၏ အကြမ်းပတမ်း နှိမ်နင်းမှုကို ခံနေရသည်။ သို့သော် ရခိုင်ပြည်နယ်မှာ အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးနိုင်မည့် တိုက်ပွဲမဟုတ်။ မြန်မာပြည် တောင်ပိုင်းအား ကျွန်ုပ်တို့က ရေကြောင်းမှ လာရောက်တိုက်ခိုက်မည့် အရေးမှာလည်း လတ်တလော ဖြစ်လာနိုင်သော အရေးမဟုတ်။

ပုဂံတွင် ဗြိတိသျှတပ်များ ဖြတ်ကျော်ရောက်ရှိနေသည်ဟု ကြားရသည်။ သို့သော် အင်အားမှာ ရန်သူတပ်မတစ်ခုထက် ကျော်ရုံလောက်မျှသာ ရှိမည်။ ထိုအင်အားအနက် ထက်ဝက်ကျော်ကျော်မှာ ဧရာဝတီ အနောက်ဘက်ကမ်းတွင်ပင် ရှိနေပြီး ဂျပန်တပ်များ၏ လိုက်လံသုတ်သင်ခြင်းကို ခံနေရသည်။ ပုဂံတစ်ဝိုက်တွင် ကျွန်ုပ်တို့၏တပ်များ လှုပ်ရှားနေခြင်းမှာ မြန်မာပြည်အလယ်ပိုင်းရှိ မန္တလေးနှင့် ရေနံမြေကို သိမ်းယူမည့် ကျွန်ုပ်တို့၏တပ်မကြီးနှစ်ခုထံမှ အာရုံပြတ်သွားစေရန် ဟန်ဆောင်၍ လှုပ်ရှားနေခြင်း ဖြစ်သည်။ ပခုက္ကူနှင့် ချောက်မြို့တွင် ရှိနေသော ဂျပန်တပ်များက ပုဂံမှ ဗြိတိသျှတပ်များကို အခိုက်အတန့်အားဖြင့် ထိန်းထားနိုင်မည်။

***မန္တလေးသည်သာ အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးမည့် တိုက်ပွဲကြီး၏ ဗဟိုချက်သန် ဖြစ်သည်။*** ထို့ကြောင့် ရနိုင်သမျှသော တပ်များကို စုစည်း၍ ဧရာဝတီအနောက်ဘက်ကမ်းတွင် ခြေတစ်ဖက်၊ အရှေ့ဘက်ကမ်းတွင် ခြေတစ်ဖက် ချထားသော အမှတ် (၁၄)တပ်မတော်ကြီးကို မြစ်ထဲသို့ မောင်းချရမည်။ ဧရာဝတီမြစ်ကမ်းတိုက်ပွဲကြီးတွင် အနိုင်ကြီး ပိုင်းနိုင်ရမည်။ မြန်မာပြည်စစ်မျက်နှာ အရပ်ရပ်တွင် ရှိသော တပ်များမှ အင်အားအများစုကို မန္တလေးသို့ ခေါ်ယူရမည်။ ၎င်းအင်အားဖြင့် အမှတ် (၁၄)တပ်မတော်ကို ချေမှုန်းရမည်။ ၎င်းကား ဂျပန်စစ်သူကြီး တီမူရာ၏ အမြင်တည်း။ တီမူရာသည် သူ သုံးသပ်ထင်မြင်ထားသည့် အတိုင်း နောက်မှလိုက်၍ လုပ်သည်၊ စစ်သားဆန်လှပါပေ၏။

သူသည် လီဒိုတရုတ်တပ်များအား ခုခံ၍တိုက်ခိုက်နေရသည့် အမှတ်(၃၃)တပ်မတော်မှ အမှတ် (၁၈)တပ်မတစ်ခုလုံးနှင့် (၅၆)တပ်မတော်မှ တပ်ဖွဲ့တစ်ခုကို မန္တလေးသို့ ခေါ်ယူလိုက်သည်။

www.burmeseclassic.com

စူလတန့်၏ လီဗိုတရုတ်တပ်များမှာ တပ်မသုံးခုစာမျှ အင်အားရှိရာ ထိုတပ်များကို တိုက်ရန်အတွက် ရန်သူ့ဘက်တွင် အမှတ် (၅၆) တပ်မတစ်ခုတည်းသာ ကျန်တော့၏။ ဤရန်သူ့တပ်မသည် ယူနန်တရုတ်တပ်များကိုလည်း တိုက်ရန် တာဝန်ပေးခြင်း ခံရပြန်သည်။ ရွှေလီမြစ်ဆုံ ခြေတုပ်စခန်းသို့ ချီတက်နေသော အမှတ် (၃၆) ဗြိတိသျှတပ်မကိုလည်း ရန်သူ့အမှတ်(၁၈)တပ်မမှ တပ်ဖွဲ့တစ်ခုက ခုခံတိုက်ခိုက်နေသည်။

တီမူရာသည် ရခိုင်ပြည်နယ်တွင် ရှိနေသော အမှတ် (၅၄) တပ်မကိုလည်း တောင်ကုတ်နှင့် အမ်းတောင်ကြားလမ်း၌စောင့်ရှောက်ရန် တပ်အချို့ကို ချန်ထားရစ်ခဲ့ပြီး ရေနံချောင်းမြောက်ဘက်သို့ အမြန်ဆုံး ချီတက်ရန် အမိန့်ပေးထားသည်။

မြန်မာပြည်တောင်ပိုင်းတွင် ရှိနေသော အမှတ် (၄၉)တပ်မမှ လက်ကျန်တပ်များနှင့်အမှတ်(၅၅)တပ်မမှ တပ်ဖွဲ့တစ်ခုကိုလည်း မန္တလေးမြို့သို့ အပြင်းချီလာစေသည်။ ယိုးဒယားသို့သွားရန် ပြင်ဆင်နေသော အမှတ်(၂)တပ်မမှ တပ်ဖွဲ့တစ်ခုကိုလည်း ပဲခူးမြို့မှနေ၍ မြန်မာပြည်အလယ်ပိုင်းသို့ ပြန်ခေါ်လိုက်သည်။

မြန်မာပြည်စစ်မျက်နှာအရပ်ရပ်မှ ရောက်လာမည့် တပ်များနှင့်ယခု မြန်မာပြည်အလယ်ပိုင်းတွင် ရှိနေသော တပ်မငါးခုနီးပါးကို ပေါင်းလိုက်လျှင် အမှတ် (၁၄) ဗြိတိသျှတပ်မတော်ကို ရင်ဆိုင်ရန်အတွက် တီမူရာလက်ထဲတွင် ဂျပန်တပ်မပေါင်း ရှစ်ခုနှင့် အိန္ဒိယအမျိုးသားတပ်မတော်မှ တပ်မတစ်ခုကျော်ကျော် ရှိနေပေတော့မည်။

သို့ရာတွင် အချို့သော ဂျပန်တပ်များမှာ အထိနာကာ လူအင်အား လျော့နည်းလျက် ရှိနေပြီ။ အိန္ဒိယအမျိုးသားတပ်မကလည်း တိုက်ရည်ခိုက်ရည် ကောင်းလှသည်ဟု မဆိုနိုင်။ မည်သို့ပင်ဖြစ်စေ ဧရာဝတီမြစ်ကမ်းနှစ်ဖက်အပေါ်၌ ကားရားကြီးခွလျက်ရှိသော ခန့်မှန်းခြေတပ်မငါးခုလောက်သော ဗြိတိသျှတပ်များကို သူ့လက်ထဲတွင် ရှိနေသော တပ်မကိုးခုက နိုင်အောင် တိုက်နိုင်လိမ့်မည်ဟု တီမူရာက ယုံကြည်နေသည်။ ဧရာဝတီမြစ်ကမ်းတိုက်ပွဲကြီးတွင် သူ၏တပ်များက အနိုင်နှင့် ပိုင်းနိုင်တော့မည်။ တီမူရာသည် မြန်မာပြည်အရပ်ရပ်မှတပ်များအား မြန်မာပြည်အလယ်ပိုင်းတွင် အုံကြွဖွယ်ကောင်းလောက်အောင် လျင်မြန်စွာ စုစည်းနိုင်ခဲ့၏။ ရန်သူသည် ကျွန်ုပ် တွက်ချက်ထားသည်ထက်ပင် ပို၍ ခုက္ခပေးလာတော့မည်ကို ကျွန်ုပ် မြင်လာသည်။

ကျွန်ုပ်သည် မူလအစီအစဉ်ကို ရေးဆွဲစဉ်က . . .

(၁) ရန်သူသည် ကျွန်ုပ်တို့အား မန္တလေးမြောက်ဘက်ရှိ ရွှေဘိုလွင်ပြင်တွင် ရင်ဆိုင်လိမ့်မည်။

(၂) ကျွန်ုပ်အား ပေးထားသော လေတပ်အင်အားကို လျှော့ချခြင်း ခံရလိမ့်မည် မဟုတ်။



(၃) မြန်မာပြည်အရပ်ရပ်ရှိ စစ်မျက်နှာများတွင် ကျွန်ုပ်တို့ မဟာမိတ်တပ်များက ဖိ၍ တိုက်နေခြင်းနှင့် မြန်မာပြည်တောင်ပိုင်းအား ရေကြောင်းမှ ဝင်တိုက်ရန် ခြိမ်းခြောက်နေခြင်းတို့က ကျွန်ုပ်၏ အမှတ် (၁၄)တပ်မတော်ကို တိုက်ခိုက်ရန်အတွက် ရန်သူသည် မြန်မာပြည်အရပ်ရပ်မှ စစ်ကူရနိုင်မည် မဟုတ်ဟု တွက်ထားခဲ့သည်။

သို့သော် မူလအစီအစဉ်မှ အမှတ် (၁)အချက်မှာ လွဲသွားသည်။ ထို့နောက် ကျွန်ုပ်တို့ထံမှ လေယာဉ် (၇၅)စင်းကို တရုတ်ပြည်သို့ သယ်ယူသွားကြသောကြောင့် အမှတ် (၂)အချက်လည်း လွဲနေပေပြီ။ တိုက်ပွဲဆိုသည်ကား ဤနှယ်တည်း။ မည်သို့ပင်ဖြစ်စေ တတ်နိုင်သမျှ လုံးပန်းရပေတော့မည်။

ကျွန်ုပ်သည် မြန်မာပြည်အရပ်ရပ် စစ်မျက်နှာမှ ကျွန်ုပ်တို့မဟာမိတ်တပ်များအား ပို၍ ဖိတိုက်ရန် အပြင်းအထန် ဆော်ဩပေးပြီး ရခိုင်ပြည်နယ်မှ ကျွန်ုပ်တို့၏ အမှတ် (၁၅)တပ်မကြီးအား တောင်ကုတ်မှ ပြည်မြို့အထိ သွန်၍တိုက်ခိုင်းသည်။ ရွှေလီမြစ်ဆုံမှ အမှတ် (၃၆)ဗြိတိသျှတပ်မအား ကျွန်ုပ်ထံသို့ စစ်ကူပို့ပေးရန် ဗိုလ်ချုပ်ကြီးမောင့်ဘတ်ထန်ထံ မေတ္တာရပ်ခံသည်။ သို့သော် အခြေအနေအရ မပေးနိုင်။ အိန္ဒိယပြည် ဧော်ဟတ်တွင် ရှိနေသော ကျွန်ုပ်၏ နောက်ဆုံးတပ်ဖြစ်သော အမှတ်(၅) အိန္ဒိယတပ်မကို ပို့ပေးရန် မေတ္တာရပ်ခံရပြန်သည်။ ဤတပ်နှင့် ပေါင်းလိုက်လျှင် ကျွန်ုပ်လက်အောက်တွင် စုစုပေါင်းတပ်မ (၆)ခု ရှိနေမည်ဖြစ်၍ ရန်သူ့ တပ်မ (၉)ခုနှင့်စာသော် တော်ပေသေးသည်ဟု စိတ်ဖြေရတော့သည်။

သို့သော် တပ်မတစ်ခုအား အိန္ဒိယပြည် ဧော်ဟတ်မှ မြန်မာပြည် မန္တလေးသို့ ရွှေ့ပြောင်းပို့အရေးမှာ တစ်လလောက် ကြာ၍ အကြောင်းကြားထားသည့်တိုင် တော်တော်နှင့်ရောက်လာနိုင်သော ကိစ္စမဟုတ်။ သယ်ယူပို့ဆောင်ရေး၊ ရိက္ခာထောက်ရေး တာဝန်ရှင်းယားက စကားအများကြီး ပြောနေရသည်။ ကျွန်ုပ်လက်အောက်ရှိ တပ်မ (၅)ခုနှင့် မြန်မာပြည်အရပ်ရပ် စစ်မျက်နှာတွင်ရှိ မဟာမိတ်တပ်များကို ရိက္ခာ၊ ခဲယမ်းနှင့် ဆေးဝါးများ ထောက်ပံ့နေရသည်ကပင်လျှင် အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် လေတပ်အမှုထမ်းများအတွက် ဖတ်ဖတ်မောနေသော ကိစ္စကြီး ဖြစ်နေသည်။

*တိုက်ပွဲတစ်ပွဲတွင် လူအင်အားနည်း၍ ရှုံးရသည်ထက်သော . . . အကြောင်းပြချက်ကို လက်ခံမည်လား။ အစတွင်၌ ရှုံးရသည်ထက်သော အကြောင်းပြချက်ကို လက်ခံမည်လား။* ကျွန်ုပ်သည် ဒုတိယအကြောင်းပြချက်ကို ရွေးချယ်လိုက်၏။ ကျွန်ုပ်၏အုပ်ချုပ်ရေးပိုင်းသည် ကျွန်ုပ်တို့၏ အသက်ကို အသက်မမှတ်ဘဲ ရှေ့တန်းမှ တိုက်ခိုက်နေစဉ် ကျွန်ုပ်တို့အတွက် တစ်နည်းအားဖြင့် ရိက္ခာပို့ပေးနိုင်မည်ဟူသော တွေးရတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ဖေဖော်ဝါရီလ (၁၈)ရက်နှင့် (၂၁)ရက်နေ့တွင် ကိုဝင်၏ အမှတ် (၁၇)တပ်မနှင့် အမှတ် (၂၂၅)တင့်ကား တပ်မဟာတို့သည် ရောဝတီမြစ်ထမ်းကို ဖြတ်ကူးပြီးနောက် အမှတ် (၇)တပ်မ ခြေကုပ်ယူထားသော နေရာတွင် စခန်းကို ထပ်မံတိုးချဲ့လိုက်သည်။

ဖေဖော်ဝါရီလ (၂၁)ရက်နေ့တွင် မိတ္ထီလာသို့ စတင်ချီတက်သည်။ အမှတ် (၄၈)တပ်မဟာက အရှေ့ဘက်လမ်းမအတိုင်း ချီတက်စဉ် ပခုက္ကူ ထိုးစစ်တွဲအတွက် တင့်ကားတပ်ဖွဲ့တစ်ခုကို အနောက်ဘက်ကမ်းတွင် ချန်ထားခဲ့သော (၂၅၅)တင့်ကား တပ်မဟာက (၄၈)တပ်မဟာနှင့် မျဉ်းပြိုင်လျက် တောင်ဘက်သို့ ချီတက်လာသည်။ မကြာမီပင် လမ်းတစ်ဖက်တစ်ချက်တွင် တပ်စွဲထားသော ရန်သူများက စတင် တိုက်ခိုက်ကြတော့၏။ အမှတ် (၄၈)တပ်မဟာ၏ တောင်ပံအဖြစ်လိုက်ပါလာသော ကျွန်ုပ်တို့၏ တင့်ကားတပ်က ရန်သူများကို လွယ်ကူစွာပင် တွန်းဖယ်ပစ်လိုက်နိုင်သည်။

နေ့လယ်ဘက်တွင် အရှေ့ဘက်ကမ်းမှ (၁၅)မိုင်ကွာသော လမ်းသုံးခွဆုံသို့ ရောက်လာသည်။ အရှေ့ဘက်သို့ တိုက်ရိုက်ကြီးသွားသော လမ်းမှာ ဝဲလောင်သို့ရောက်ပြီး မြောက်ဘက်လမ်းခွဲက ကမ်းနီသို့လည်းကောင်း၊ တောင်ဘက်လမ်းခွဲက ဆိတ်ထိန်းသို့ လည်းကောင်း ဖြာထွက်လျက် ရှိသည်။ ဝဲလောင်သို့ သွားသည့်လမ်းမှာ မော်တော်ကားများသွား၍ မရနိုင်လောက်အောင် ကြမ်းတမ်းကျဉ်းမြောင်းလှသောကြောင့် ချီတက်လာသော တပ်ဖွဲ့များကို အစုနှစ်စု ခွဲလိုက်ပြီး အမှတ် (၆၃)တပ်မဟာ ပါဝင်သော အစုက ဆိတ်ထိန်းသို့ လည်းကောင်း၊ အခြားအစုတစ်စုက ကမ်းနီလမ်းတစ်လျှောက် (၉)မိုင် အကွာရှိ တောင်ကုန်းများကို သိမ်းယူရန် လည်းကောင်း နောက်တစ်နေ့ နံနက်တွင် ထွက်ခွာသွားကြ၏။

ဖေဖော်ဝါရီလ (၂၃)ရက်နေ့တွင် မြောက်ဘက်သို့ လှည့်၍တက်လာခဲ့သော (၆၃)တပ်မဟာသည် တောင်သာသို့ ပြေးလျက်ရှိသော လမ်းပေါ်သို့ ရောက်လာကာ ဝဲလောင်နှင့်လည်း (၂)မိုင်သာ ကွာသောခရီးသို့ ပေါက်လာသည်။ ရန်သူစစ်ကူတပ်များ ဝဲလောင်တွင် ထပ်၍ရောက်နေကြောင်း သိရ၏။

ဤအချိန်တွင် အခြားအစုတစ်စုသည် ကမ်းနီကို သိမ်းယူလိုက်၏။ ရန်သူလေယာဉ်များ လာရောက်တိုက်ခိုက်သောကြောင့် ကျွန်ုပ်တို့ဘက်မှ မော်တော်ကားအချို့ ပျက်စီးသွားသည်။ ဖေဖော်ဝါရီလ (၂၃)ရက်နေ့ ညတွင်ပင် ကင်းကို ဖြန့်၍ချထားလိုက်ပြီးနောက် တောင်သာအနောက်ဘက်ရှိ မိုင်ဝက်ခန့်ကျယ်သော သဲချောင်းကို မော်တော်ကားများနှင့် တင့်ကားများ သွားနိုင်အောင် သစ်တုံးများခင်း၍ သံကွန်ရက်များကို အပေါ်မှ ထပ်လိုက်သည်။ (၂၄)ရက်နေ့ အရုဏ်တက်သည့်အချိန်တွင် လမ်းမှာ အသင့်ဖြစ်နေပေပြီ။



အမှတ် (၁၇)တပ်မမှ စစ်ကြောင်းနှစ်ကြောင်းသည် တောင်သာသို့ ချီတက်သည်။

တင့်ကားများပါသော (၄၈)တပ်မဟာသည် အနောက်တောင်ဘက်မှ ရန်သူကို အလွယ်တကူပင် ချေမှုန်းကာ မြို့ထဲသို့ ဝင်ရောက်နိုင်သည်။ (၆၃)တပ်မဟာမှာမူ တောင်ဘက်မှ ပြင်းပြင်းထန်ထန် ခုခံနေသော ရန်သူများကို တွေ့နေရ၏။ တောင်သာကို သိမ်းယူရရှိပြီးနောက် အမှတ် (၁၇)တပ်မသည် မိတ္ထီလာသို့ ရောက်နိုင်သော ရထားလမ်းနှင့် ကားလမ်းရှိရာ တောင်သာအရှေ့ဘက်မှ တပ်ဖြန့်၍ တက်လာခဲ့၏။

တပ်မသည် ထိုနေ့ညအဖို့ တပ်ချရန် ပြင်ဆင်နေစဉ် ဝဲလောင်နှင့် မိတ္ထီလာလမ်းဆုံမှနေ၍ ရန်သူအသေခံတပ်များက လာရောက်တိုက်ခိုက်သည်။ ရန်သူလက်ဖြောင့်တပ်သား (၁၀၀)ကျော်ခန့်ကိုလည်း သုတ်သင်ပစ်လိုက်နိုင်သည်။ (၂၅)ရက်နေ့ နံနက်သို့ ကူးလာသောအခါ မြောက်ဘက်မှ ဆင်းလာသော ဂျပန်တပ်များကို ခုခံတိုက်ခိုက်ရန်အတွက် အမှတ် (၄၈)တပ်မဟာအား နောက်တွင် ချန်ထားခဲ့ပြီးနောက် ခြေလျင်နှင့် တင့်ကားတပ်များက ရှေ့သို့ (၁၅)မိုင်အထိ ဆက်လက်ချီတက်ကာ မလှိုင်ကို သိမ်းယူလိုက်၏။ လက်ကောက်ဝတ်နှင့်တူသော မိတ္ထီလာသို့ ရောက်ရန် မိုင် (၂၀)သာ လိုတော့သည်။

(၂၆)ရက်နေ့တွင် နောက်မှ ရိက္ခာထောက်ရန် ကျန်နေသော တပ်များ မလှိုင်သို့ ရောက်လာကြသဖြင့် တင့်ကားတပ်မဟာက ရှေ့သို့ဆက်လက်ချီတက်ကာ မိတ္ထီလာနှင့် (၁၀)မိုင်သာ ကွာတော့သော သဘွတ်ကုန်း လေယာဉ်ကွင်းကို သိမ်းယူလိုက်သည်။ ကျွန်ုပ်တို့ တပ်များက လေယာဉ်ကွင်းကို ရယူပြီးသည်နှင့် တစ်ပြိုင်နက် ရန်သူများ ဖျက်ဆီးသွားသော လေယာဉ်ပြေးလမ်းကို တစ်ညလုံး ပြင်ဆင်ကြရသည်။ ဖေဖော်ဝါရီလ (၂၇)ရက်နေ့တွင် အမှတ် (၁၇)တပ်မမှ အမှတ် (၉၉)တပ်မဟာသည် သဘွတ်ကုန်းလေယာဉ်ပြေး လမ်းကြောင်းပေါ်သို့ စတင် ဆင်းသက်၍ လာကြတော့သည်။

အမှတ် (၂၅၅) တင့်ကားတပ်မဟာက ဓာတ်ဆီဖြည့်ရန်နှင့် အပျက်အစီးများကို ပြင်ဆင်ရန် သဘွတ်ကုန်းတွင် ရပ်နားနေစဉ် အမှတ် (၆၃) ခြေလျင်တပ်မဟာက ဆက်လက်ချီတက်သွားသည်။ မိတ္ထီလာသို့ ရောက်ရန် ရှစ်မိုင်ခွဲမျှအလိုတွင် လမ်းတစ်ဖက်တစ်ချက်၌ ကျင်းနက်များတူး၍ အခိုင်အခံ့ နေရာယူထားသော ရန်သူများနှင့် တွေ့ရတော့၏။

ရန်သူသည် အမြောက်များ၊ စက်ကြီး စက်တပ်သေနတ်များကို ထိုင်လှိုင်သုံး၍ ခုခံတိုက်ခိုက်သည်သာမက ပင်မခံတပ် ရှေ့ဘက်ရှိ ... တံတားကို ချိုးဖျက်ထားကာ ရေထဲတွင်လည်း မိုင်းဗုံးများ ဖြန့်ချထားပြီး ကျွန်ုပ်တို့၏ ချီတက်မှုကို သဲသဲမဲမဲကြီး တားဆီးနေလေသည်။ အမှတ် (၆၃)တပ်မဟာသည် ရန်သူ့ခံတပ်စခန်းကြီးကို မြောက်ဘက်မှ

www.burmeseclassic.com

www.burmeseclassic.com

ပန်း၍ ချီတက်ကာ ရန်သူစခန်း နောက်ကျောဆီသို့ ဦးတည်လာသည်။ ဤအချိန်တွင်ပင် ခတ်ဆိထည့်ပြီး ပြင်ဆင်ပြီးဖြစ်သော တင့်ကားတပ်အချို့က ရန်သူ့ခံတပ်စခန်းရှေ့မှ ရင်ဆိုင်တိုက်ခိုက်လာသည်။

ရန်သူသည် တောထဲတောင်ထဲတွင်သာ အများအားဖြင့် တိုက်ခိုက်နေခဲ့ရာ ကျွန်ုပ်တို့က ယခုအချိန်၌ စစ်မျက်နှာကို ကျယ်ကျယ်ပြန့်ပြန့်ဖြန့်၍ တင့်ကားတပ်များဖြင့် ထိုးစစ်ပြုလာသောအခါ ဗယောင်ဗောင်ဖြစ်နေသည်ကို တွေ့ရ၏။ ရှေ့နှင့် နောက်မှ နှစ်ဖက်ညှပ်၍ အတိုက်ခံရသော ရန်သူ့ခံတပ်စခန်းကြီးသည် မကြာမီပင် ပြိုပျက်သွားပြီး ခံတပ်ထဲမှ ဂျပန်စစ်သားများတို့ အပြင်သို့ ထွက်လာကြသည်။ ကျွန်ုပ်တို့သည် ရန်သူ အတော်များများကို သုတ်သင်ပစ်နိုင်ကြသည်။

အမှတ် (၆၃) တပ်မဟာသည် မိတ္ထီလာနှင့် ငါးမိုင်ကွာသို့ ဆက်လက်ချီတက်သွားပြီးနောက် ညအိပ်စခန်းချလိုက်ကြ၏။ ထိုနေ့ညတွင် ထင်းထောက်သွားသော ထောက်လှမ်းရေးအဖွဲ့များက မိတ္ထီလာမြို့၏ အနောက်ဘက်မျက်နှာတွင် ရန်သူများ အလုံးအရင်းနှင့် ရှိနေကြောင်း၊ တိုက်သူရန် အခက်ခဲဆုံးနေရာဖြစ်ကြောင်း သတင်းပို့ကြ၏။ ထိုနေ့ညတစ်ညလုံး မိတ္ထီလာပတ်ဝန်းကျင်တစ်ဝိုက်မှ ပေါက်ကွဲသံကြီးများနှင့် မီးတောက်မီးလျှံကြီးများ ကြောက်ခမန်းလိလိ ပေါ်ထွက်နေသည်။

ရန်သူသည် ရိက္ခာဂိုဒေါင်များ၊ လက်နက်ခဲယမ်းမီးတိုက်များကို ခြေလှန်၍ ဖျက်ဆီးပစ်နေပေပြီ။ ယခုအချိန်၌ ကျွန်ုပ်တို့သည် မိတ္ထီလာမြို့ ရှေ့တည့်တည့်သို့ ရောက်နေကြပြီ ဖြစ်၏။ မြို့ကို သိမ်းယူရန်သာ ကျန်တော့သည်။ မိတ္ထီလာနယ်မြေကို အုပ်ချုပ်နေရသော ဂျပန်စစ်ဗိုလ်ချုပ်တဆုယသည် ကျွန်ုပ်တို့၏တပ်ကြီး ချီတက်လာသည့် သတင်းကို ရလျှင်ရချင်း မိတ္ထီလာမြို့ပတ်ဝန်းကျင်ရှိ တပ်များကို စုစည်းထားလိုက်သည်။ စုစုပေါင်း လူအင်အား (၁၂၀၀၀) ရှိချေ၏။

သို့သော် ဤလူများ၊ ရိက္ခာများ၊ ခဲယမ်းများကို လေယာဉ်ကွင်းများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများကို စောင့်ကြပ်ထားရန် အဖွဲ့ကလေးများခွဲ၍စေလွှတ်ထားရပြန်သည်။ တဆုယတွင် တစ်အမျိုးမျိုးမှ ရောနှောထားသော လူ (၁၅၀၀၀)လည်း မြို့စောင့် အခြေခံတပ်အဖြစ် ရှိနေသေးသည်။ ထို့ပြင် ဆေးရုံမှ နာလန်ထခါစ စစ်သားများ ပါဝင်သော အရေးပေါ်တပ်လည်း ဖွဲ့ထားသေးသည်။

တဆုယသည် မိတ္ထီလာကို ကာကွယ်ရန်အတွက် ပြင်ဆင်ရန် အချိန်အနည်းငယ်သာ ရသော်လည်း နောက်ဆုံးတစ်ယောက်ကျန်သည် အထိ ခုခံမည်သာ ဖြစ်သည်။ မိတ္ထီလာ အနေအထား မည်မျှ အရေးကြီးသည်ကို သူ သိပြီးဖြစ်လေသည်။

သူသည် ရမိသမျှသော တပ်တို့ကို စုစည်းကာ ကျင်းနက်နက်တူးစေပြီး တပ်ဖွဲ့အလိုက် တာဝန်များ ခွဲဝေပေးထားသည်။



ကျိုင်းနှစ်ဖက်ကို ထောက်၍ မတ်တပ်ရပ်နိုင်သော လူနာများကိုပင် ဆေးရုံမှ ဆွဲချလာကာ ကတုတ်ကျင်းထဲသို့ သွင်း၍ တတ်နိုင်သမျှ တိုက်စေသည်။ လက်နက် ခဲယမ်းတိုက်များကို ဖွင့်၍ လူတိုင်းလူတိုင်းကို မောင်းပြန်သေနတ်နှင့် ခဲယမ်း အမြောက်အမြား ပေးထားသည်။ ကျွန်ုပ်တို့ လက်သို့ လွယ်လွယ်နှင့် ရောက်လာနိုင်မည့် လေယာဉ်ကွင်း နှစ်ကွင်းမှ တပ်ရင်းနှစ်ရင်းနှင့် လေယာဉ်ပစ်အမြောက်များကို မြို့တွင်းဘက်ဆီသို့ ရွှေ့ပြောင်းကာ တင့်ကားပစ် အမြောက်များအဖြစ် ဆင်စေသည်။

တဆုယအတွက် ကံကလေးတစ်ချက် ကောင်းနေသည်မှာတား ဗိုလ်ချုပ်ကြီးကိမူရာ၏ အမိန့်အရ မြန်မာပြည်အလယ်ပိုင်းသို့ အပြင်း ချီတက်လာသော အမှတ် (၄၉)တပ်မမှ တပ်ဖွဲ့တစ်ဖွဲ့သည် မိတ္ထီလာသို့ ရုတ်တရက် ဆိုက်ရောက်လာကာ ထိုတပ်ဖွဲ့အား မိတ္ထီလာတိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ရန် တဆုယက ဆွဲထားလိုက်နိုင်ခြင်းပင် ဖြစ်၏။

နောက်နောင်တွင် သိရှိရသော စာရင်းများအရ မိတ္ထီလာမြို့စောင့်တပ်တွင် ရှိနေသော ရန်သူအင်အားချည်း (၃၂၀၀)ရှိပြီး အမြောက်လက်နက်များ အများအပြား ရှိသည်။ အိမ်များအောက်တွင် လည်းကောင်း၊ မိတ္ထီလာကန်ဘောင်ရိုးတွင်လည်းကောင်း၊ အရေးကြီးသော လမ်းထောင့်များတွင်လည်းကောင်း၊ ဆန်အိတ်ပုံများအကြားတွင် လည်းကောင်း၊ လက်နက်တိုက်များနှင့် ခပ်လှမ်းလှမ်းတွင်လည်းကောင်း ကျင်းနက်နက်တူး၍ အခိုင်အခံ့နေရာယူထားကြပုံမှာ မိတ္ထီလာတစ်မြို့လုံးလိုလို နေ့ချင်းညချင်း ခံတပ်ကြီးတစ်ခုအဖြစ်သို့ ရောက်သွားသလို ဖြစ်နေတော့သည်။

မြစ်ကြီးနားနှင့် ဗန်းမော်မြို့လို မြို့စောင့်တပ်ငယ်ငယ်ရှိသော မြို့များကိုပင် ကြာရှည်လေးမြင့်စွာ သိမ်းယူခဲ့ကြရလျှင် မိတ္ထီလာလို မြို့စောင့်တပ်ကြီးရှိသော မြို့ကို ပို၍ ခက်ခဲကြာရှည်စွာ တိုက်ယူရမည့်ဟန်သို့ ဖြစ်နေသည်။

မိတ္ထီလာသည် ခံစစ်ပြုရန်အတွက် အနေအထားကလည်း ပို၍ ကောင်းနေ၏။ မြို့အနောက်ဘက်နှင့် တောင်ဘက်တွင် ကျယ်ပြန့်သော ကန်များ ရှိသည်။ ထို့ကြောင့် မြို့ထဲသို့ ဝင်သည့်လမ်းများမှာ တာရိုးကို ဖို့၍ ဆောက်လုပ်ထားရသည့် လမ်းများသာ ဖြစ်ရာ တက်လာသော ရန်သူကို အမြောက်နှင့်ဖြိုခွင်းရန် လမ်းခင်း၍ထားသည်နှင့် တူနေတော့၏။

တစ်ဖန် ဤကန်များမှနေ၍ မိတ္ထီလာပတ်ဝန်းကျင်ရှိ ကျေးရွာများဆီသို့ ရေပေးတူးမြောင်းများ ဆက်သွယ်လျက်ရှိပြန်ရာ တင့်ကားတပ်များအတွက် ကျယ်ကျယ်ပြန့်ပြန့် စစ်မျက်နှာဖွင့်၍ တိုက်ခိုက်ရန် ခဲယဉ်းနေလေသည်။

ယခုအချိန်၌ ကျွန်ုပ်တို့သည် ဂျပန်တပ်မတော်ကြီးအား အပြီးသတ်ချေမှုန်းရေးတိုက်ပွဲကြီးကို ဆင်နွှဲရမည့်အချိန်သို့ ရောက်လာပေပြီ။

www.burmeseclassic.com

www.burmeseclassic.com

**ဗုဝန်စစ်သူကြီးကိုမူရာက** ကျွန်ုပ်တို့၏ အမှတ် (၃၃)တပ်မကြီး သည်ပင်လျှင် ကျွန်ုပ်၏အမှတ် (၁၄)တပ်မတော် ဖြစ်သည်ဟု ယုံကြည် တာ ကျွန်ုပ်၏တပ်မတော်အား အစွမ်းကုန် ချေမှုန်းရန် အစီအစဉ်သည် လည်း စနေပေပြီ။

ယခုအချိန်တွင် မြန်မာပြည်အရပ်ရပ် စစ်မျက်နှာမှ စစ်ကူတပ် များသည် မန္တလေးဒေသသို့ ဝင်လာနေပေပြီ။ ကျွန်ုပ်တို့က မိတ္ထီလာကို အလျင်အမြန် သိမ်းယူလိုက်ရန်သာ လိုတော့၏။ ကျွန်ုပ်တို့၏ မိတ္ထီလာ မြို့သိမ်းတိုက်ပွဲကို ဂျပန်စစ်သူကြီးကိုမူရာသည် လက်ပိုက်ကြည့်နေနိုင် လိမ့်မည် မဟုတ်။ မိတ္ထီလာ၏ အရေးပါပုံကို သူ သိပြီးဖြစ်သည်။

**ကိုမူရာက** မန္တလေးမြို့ဒေသမှ မိတ္ထီလာမြို့ဆီသို့ ခေါင်းလှည့်၍ **အကြည့်တွင်** ကျွန်ုပ်တို့၏ အမှတ် (၃၃)တပ်မကြီးက ဧရာဝတီမြစ်ကူး ခြေကုပ်စခန်းများမှနေ၍ မီးကုန်ယမ်းကုန် ထိုးစစ်ဆင်ပေတော့မည်။ ယခု အချိန်၌ ကျွန်ုပ်၏ အမှတ် (၁၄)တပ်မတော်မှ တပ်မမှန်သမျှ ရန်သူနှင့် ပြတ်ပြတ်သားသား ရင်ဆိုင်နေလေပြီ၊ အမှတ် (၅)တပ်မမှ တစ်ခုသာလျှင် အိန္ဒိယမှ ရောက်လာရန် ကျန်တော့သည်။

ကျွန်ုပ်၏ အမှတ် (၁၄)တပ်မတော်က ချီတက်သိမ်းပိုက်ခဲ့သည့် နယ်အကျယ်အဝန်း များပြားလာသလို တိုက်ပွဲအရှိန်ကလည်း မြင့်တက် လာကြသဖြင့် ကျွန်ုပ်တို့အား ရိက္ခာနှင့် ခဲယမ်းပို့ဆောင်ရေးလမ်းကြောင်း မှာ ပို၍ ရှည်လျားကျယ်ပြန့်လာလေသည်။ ကျွန်ုပ်တို့ထံမှ အုပ်ချုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဌာနချုပ်သို့ အပူတပြင်းတောင်းခံလိုက်သော ပစ္စည်း ပစ္စယများကလည်း မလွဲမရှောင်သာဘဲ ဆတက်ထမ်းပိုး ကဲ၍လာရတော့ သည်။

ရိက္ခာ၊ ခဲယမ်းနှင့် ဓာတ်ဆီများ အချိန်မီ ရောက်ရှိလာရေးကို နေ့စဉ်နှင့်အမျှ စိတ်ပူနေရစဉ် လုံးမ မမျှော်လင့်သော လက်သီးပုန်းတစ်ခု က ကျွန်ုပ်၏အရှိက်ကို လာ၍ ထိလာတော့သည်။ ကိုဝင်၏ အမှတ်(၁၇) တပ်မက မိတ္ထီလာသို့ အောင်မြင်စွာ ချဉ်းကပ်နေပြီး အမှတ် (၂) တပ်မက ဧရာဝတီမြစ်ကြီးအား စတင်ဖြတ်ကျော်ရန် ပြင်ဆင်နေစဉ်ဝယ်, **တရုတ် စစ်သူကြီးချန်ကေရှိတ်က** လီဗိုတရုတ်တပ်တွင် ပါဝင်သမျှ တပ်များအား တရုတ်ပြည်တွင် ဆင်နွှဲမည့် ထိုးစစ်တစ်ခုအတွက် အလျင်အမြန်ပို့ပေး ပါဟု တောင်းဆိုလာသည်။

***ဖေဖော်ဝါရီလ (၂၃)ရက်နေ့တည်း။***

လီဗိုတရုတ်တပ်များအား သူ့ထံသို့ ပြန်မပို့နိုင်မီ အတွင်းတွင်လည်း ***လားရှိုး-သီပေါ-ကျောက်မဲ*** မျဉ်းကြောင်းမှ လွန်၍ တောင်ဘက်သို့ဆင်းပြီး မတိုက်ခိုက်ရန် စည်းကမ်းချက် လုပ်ထားသည်။ ဤအချိန်တွင် မဟာမိတ် တပ်များက တရုတ်-မြန်မာ လမ်းမကြီးကို ရန်သူ့လက်ထဲမှ ပြန်လည် ရရှိပြီးခါစပင် ရှိသေးသည်။



လီဗိုတရုတ်တပ်များအား ချန်ကေရှိတ်သို့ ပြန်ပေးလိုက်ခြင်း အားဖြင့် မြန်မာပြည် အနောက်ဘက်တွင် ကျန်ရှိနေသော ဂျပန်တပ် များအား မြန်မာပြည် အလယ်ပိုင်းသို့ လွတ်လွတ်လပ်လပ်ကြီး စစ်ကူလာ နိုင်ရန် တံခါးဖွင့်ပေးလိုက်ရုံမျှမက **တရုတ်မြန်မာလမ်းမကြီးကိုလည်း** ကျွန်ုပ်၏တပ်မတော်က စောင့်ကြပ်ရန် တာဝန်ပိုလာဦးမည် **ဖြစ်၏။**

**မိတ္ထီလာကို** သဲသဲမဲမဲ တိုက်ခိုက်နေစဉ် ဤသတင်းကို ရရှိလိုက် သော ကျွန်ုပ်အဖို့ မမျှော်လင့်သော လက်သီးပုန်းတစ်လုံးက အရှိက်ကို လာ၍ အထိုးခံလိုက်ရသလို ဖြစ်သွားတော့သည်။ **လီဗိုတရုတ်တပ်များ အား** မြန်မာပြည်အနောက်မြောက်ပိုင်းမှ ခေါ်ထုတ်သွားခြင်းသည်ပင်လျှင် ကျွန်ုပ်အတွက် အရှိက်ကို အထိုးခံလိုက်ရသလို ဖြစ်နေရာ၊ ခေါ်ထုတ်သွား မည့်တပ်များနှင့် ကျွန်ုပ်တို့၏ တပ်အချို့သို့ ရိက္ခာပို့ဆောင်နေသည့် **လေ ယာဉ်များကိုပါ** တစ်ပါတည်း ခေါ်ယူသွားခြင်းမှာ လည်မျိုကို **တက်၍နင်း** သကဲ့သို့ ဖြစ်နေလေတော့သည်။

အာရှအရှေ့တောင်ပိုင်း စစ်ဒေသဆိုင်ရာ **ရေတပ်ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်ကိုယ်တိုင်ပင်** ချုံကင်းသို့သွားရောက်၍ **တရုတ်စစ်သူကြီး ချန်ကေရှိတ်အား** လေယာဉ်တပ်များကိုပါ ခေါ်ထုတ်မသွားရန် **မေတ္တာ** ရပ်ခံသည်။ **ချန်ကေရှိတ်က** မေတ္တာရပ်ခံချက်ကို ခေါင်းမာစွာပင်ငြင်းဆယ် လိုက်သည်။ ထိုမျှမက ကျွန်ုပ်၏ အမှတ် (၁၄)တပ်မတော်**အား မန္တလေး** ကို သိမ်းယူပြီးနောက် တောင်ဘက်သို့ ဆက်၍ မတိုက်ခိုက်ရန် **အကြံပေး** နေချေသေးသည်။

ကျွန်ုပ်သည် **မောင့်ဘက်တန်**နှင့် ချန်ကေရှိတ်တို့ **ဆွေးနွေးပွဲမှ** ပေါ်ထွက်လာမည့်အခြေကို ရင်တထိတ်ထိတ်ဖြင့် **စောင့်မျှော်ရင်း မိတ္ထီလာ** တိုက်ပွဲကြီးကို စီမံကွပ်ကဲနေရတော့၏။ **ဗိုလ်ချုပ်ကြီးမောင့်ဘတ်တန်** သည် ချုံကင်းမှနေ၍ ဗြိတိသျှ စစ်အာဏာပိုင်များနှင့် **အမေရိကန်စစ်** အာဏာပိုင်များထံ ဖြစ်ပေါ်နေသော အခြေအနေကို **အစီရင်ခံ၍ အကူ** အညီတောင်းသည်။ **တရုတ်စစ်သူကြီးချန်ကေရှိတ်** သည် **မဟာမိတ်စစ်** အာဏာပိုင်အဖွဲ့နှစ်ခုတို့၏ တိုက်တွန်းချက်ဖြင့် သယ်ယူပို့**ဆောင်ရေးတွင်** လေယာဉ်အမြောက်အမြားကို ကျွန်ုပ်တို့က ရန်ကုန်ကို **သိမ်းပြီးသည့်အထိ** ဖြစ်စေ၊ ဇွန်လတစ်ရက်နေ့သို့ ရောက်သည့်အထိဖြစ်စေ **ဆက်လက်** အသုံးပြုရန် သဘောတူလိုက်သည်။

ကျွန်ုပ်ခေါင်းပေါ်မှ အပူလုံးကြီးတစ်ခု ယခုမှ **ကျသွားခြင်းဖြစ်တော့** သည်။ သို့သော် အခြားစိုးရိမ်စရာ အချက်တစ်ချက် **ပေါ်လာပြန်သည်။**

**"ဇွန်လတစ်ရက်နေ့တွင် ကျွန်ုပ်တို့ထစ်မတော်က ရန်ကုန်ကို မသိမ်းပိုက်နိုင်ခဲ့သော် . . ."**

ကျွန်ုပ်တို့က ရန်ကုန်မြို့ကို သိမ်းမိလျှင် **ရေကြောင်းမှ ထိုသို့** ရိက္ခာနှင့် ခဲယမ်းများ ရောက်လာမည်မှာ မုချ။ **ရန်ကုန်မြို့ကို မသိမ်းနိုင်ဘဲ**

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့ အနီးအနားသို့သာလျှင် ချဉ်းကပ်နိုင်ပြီး ဇွန်လ (၁)ရက်နေ့သို့ ရောက်လာလျှင် ကျွန်ုပ်တို့တွင်ရှိ အမေရိကန် သယ်ယူပို့ဆောင်ရေး လေယာဉ်များ လက်မဲ့ဖြစ်ကာ ကျွန်ုပ်တပ်များအတွက် ရိက္ခာထောက်ပံ့ရေးမှာ များစွာ ဆိုးရိမ်စရာကောင်းသော အခြေအနေသို့ ရောက်လာရပေတော့မည်။

စစ်မရောက်မီ မြားမကုန်လိုသော ကျွန်ုပ်သည် ဤအချက်ကို ဖြေရှင်းရန် နည်းလမ်းကို ရှာရင်း မိတ္ထီလာ တိုက်ပွဲကိုသာ အားခဲ၍ တိုက်နေရလေသည်။ ထောက်လှမ်းချက်များအရ ရန်သူသည် ကျွန်ုပ်တို့ မျှော်လင့်ထားသည်ထက်ပင် မိတ္ထီလာကို အခိုင်အလုံ ပြုထားသည်ဟု သိရသည်။ မိတ္ထီလာမြို့တွင်း ခံတပ်နှင့် မြို့ပြင်ခံတပ်နှစ်ခု စလုံးကိုပင် ထိုးဖောက်ရန် ခက်ခဲလှသည်။

ရန်သူသည် မိတ္ထီလာမြို့ပြင်တွင် ဘဲဥပုံသဏ္ဌာန် ခံတပ်ချထားသည်။ လေးမိုင်ခွဲခန့် ရှည်လျား၍ သုံးမိုင်ခန့်ကျယ်သော ဘဲဥပုံသဏ္ဌာန်ခံတပ်က မြို့ပတ်ပတ်လည်တွင် ရှိနေသည်။ ရေကန်ကြီးနှစ်ကန် ရှိနေသော အနောက်နှင့်တောင်ဘက်မျက်နှာများမှာ ထိုးဖောက်ဝင်ရောက်နိုင်ရန် အခက်ဆုံး ဖြစ်သည်။

ရှမန်စစ်သူကြီးတို့ရောက မိတ္ထီလာရှိ တဆုယထံ စစ်ကူတပ်ကြီးများကို မပေးပို့နိုင်မီ ကျွန်ုပ်တို့က မိတ္ထီလာနှင့် မြို့အရှေ့ဘက်ရှိ လေယာဉ်ကွင်းကို သိမ်းပိုက်ရန် အရေးကြီးနေပေပြီ။ အမှတ် (၁၇)တပ်မ၏ ဦးစီးချုပ်ဖြစ်သူ ကိုဝင်သည် မိတ္ထီလာ အဝင်လမ်းမကြီးအား ခပ်လှမ်းလှမ်းမှနေ၍ ပိတ်ဆို့ထားပြီးနောက် ခြေကျင်တပ်နှင့် တင့်ကားတပ်များအား လေတပ်အကူအညီဖြင့် မြို့မြောက်ဘက်နှင့် အရှေ့ဘက်မှ မီးကုန်ယမ်းကုန် ဝင်ရောက်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်၏။

ကိုဝင်၏ လှုပ်ရှားချီတက်ပုံမှာ ရဲရင့်လှသည်နှင့်အမျှ ပရိယာယ်ထလည်း ကြွယ်လှသည်။ ဖေဖော်ဝါရီလ (၂၈)ရက်နေ့ နံနက်တွင် အထွက်ကုန်း၌ တပ်ဖွဲ့တစ်ခုကို အစောင့်အနေ ချန်ထားခဲ့ပြီး တပ်မတစ်ခုလုံး မိတ္ထီလာသို့ ချီတက်သည်။ အမှတ် (၆၃)တပ်မဟာက လမ်းတွင် တွေ့ရသော ရန်သူများကို ဖယ်ရှားသုတ်သင်ရင်း မိတ္ထီလာ အနောက်မြောက်ဘက် နှစ်မိုင်ကွာသို့ ချီတက်သည်။

ထို့နောက် ရွှေ့ပြောင်းချီတပ်ဖွဲ့အား မြို့အနောက်ဘက် မျက်နှာစာဘက်ရှိ ရန်သူများကို တိုက်ခိုက်စေသည်။ ဤအချိန်တွင်ပင် မြောက်မှ မိတ္ထီလာသို့ လာသည့် လမ်းကြောင်းကို ပိတ်ဆို့ထားလိုက်၏။

တစ်ချိန်တည်းတွင်ပင် တပ်မှ အမြောက်တပ်ကလည်း ခြေကျင်တပ်ရင်းတစ်ရင်း၏ အကာအကွယ်ဖြင့် (၆၃)တပ်မဟာ ဌာနချုပ် အနောက်ဘက် နှစ်မိုင်ခန့်အကွာတွင် နေရာယူကာ ခြေကျင်တပ်များကို အကူအညီပေးနေသည်။



အမှတ် (၄၈)တပ်မဟာက မြို့၏တောင်ဘက် မျက်နှာစာမှ တိုက်သည်။

မြို့ဖွန်ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းမှနေ၍ ခုခံနေသော ရန်သူများမှာ ပစ်အားကောင်းလှသည်။ အမှတ် (၂၅၅) တင့်ကားတပ်မဟာသည် ခြေကျင်တပ်ရင်းနှစ်ရင်းနှင့်အတူ (၂၅)ပေါင်ဒါ အမြောက်တပ်ခွဲ့တို့ပါ ခေါ်ယူ၍ မိတ္ထီလာမြို့ မြောက်ဘက်၊ အရှေ့မြောက်ဘက်နှင့် အရှေ့မျက်နှာများတွင် လျင်မြန်စွာ လှုပ်ရှားတိုက်ခိုက်သည်။ တစ်ချိန်တည်းတွင်ပင် သာစည်နှင့် ပျော်ဘွယ်သို့သွားသည့် လမ်းများကိုလည်း ပိတ်ဆို့ထားလိုက်သည်။

တင့်ကားတပ်မဟာသည် မြို့မျက်နှာစာ သုံးဖက်တွင် ရက်ရက်စက်စက်ကြီး ချေမှုန်းတိုက်ခိုက်ပြီးနောက် ခြေကျင်တပ်နှင့်အတူ မြို့အရှေ့ဘက်တွင် ပြန်၍ စုမိသည်။ ကိုဝင်သည် တင့်ကား တပ်မဟာမှူးအား အမြောက်တပ်နှင့် လေတပ်ကို ကြိုက်သလိုသုံးရန် လွှဲပေးပြီးနောက် တင့်ကားတပ်၊ လေတပ်၊ အမြောက်တပ်၊ ခြေကျင်တပ်တို့အား အတွဲညီစေရန် စောင်းကြိုးညှိသလို ညှိပေးသည်။ ထို့နောက် မိတ္ထီလာကို ဝင်စီးရန် အမိန့်ပေးလိုက်သည်။

ကျွန်ုပ်တို့၏တပ်များသည် မုန်တိုင်းအတူတွင် ဝင်လာလှိုင်းကြီးကြွလာသလို အရှေ့ဘက်မှနေ၍ [illegible]နက် ထိုးဖောက်ကြသည်။ ရန်သူသည် တစ်ခုနှင့်တစ်ခု အကူအညီ ပေးနိုင်သော ဘန်ကာများမှ နေ၍ တင့်ကားပစ်အမြောက်များ၊ လေယာဉ်ပစ်အမြောက်များ စက်သေနတ်ကြီးများဖြင့် ကျွန်ုပ်တို့ကို ဆီးကြိုတိုက်ခိုက်သည်။ အိမ်များနှင့် ထိုတ်ပြိုတိုက်ပျက်များတွင် ပုန်းအောင်းနေသော ရန်သူလက်ပြောင့်တပ်များကလည်း လမ်းထဲသို့ အတင်းထိုးဝင်လာသော ကျွန်ုပ်တို့၏ ခြေကျင်တပ်သားများကို ငှက်ပစ်သလို ပစ်နေတော့သည်။

သို့သော် ကျွန်ုပ်တို့ တပ်များသည် မိတ္ထီလာ ဘူတာရှိရာသို့ ရောက်သည်အထိ ထိုးဖောက်ဝင်ရောက်နိုင်ကြသည်။ ရန်သူအမြောက်[illegible]ကို သုတ်သင်၍ အမြောက်အချို့ကို ဖျက်ဆီးပစ်လိုက်နိုင်သည်။ [illegible] ခုခံမှုကား သရဲမင်းရဲ စီးနေသလားတဲ့ပင် ထင်ရတော့၏။ [illegible] တင့်ကားတပ်များ ကျော်နင်းလာခဲ့သည့်နေရာများတွင် [illegible] ကြွင်းကျန်နေသော ရန်သူအစုကလေးများကပင် [illegible] တဖက်ဖက် ပစ်ခတ်နေသည်ကို တွေ့ရ၏။

ဖေဖော်ဝါရီလ (၂၈)ရက်နေ့ ညနေပိုင်းသို့ ရောက်[illegible] တွင် မြို့တွင်းရှိ ရန်သူများအား ရှင်းလင်းသုတ်သင်[illegible] များအား ပြန်လည်စုစည်းရေးမှာ နေမဝင်မီ ပြီးနိုင်မည် [illegible] ခန့်မှန်း၍ ရလာသည်။ ထို့ကြောင့် ကိုဝင်သည် တင့်[illegible] ထိုတ်ခိုက်ရေးတပ်များအား မြို့ပြင်ဘက် နှစ်မိုင်ခန့်အကွာသို့ [illegible]

www.burmeseclassic.com

www.burmeseclassic.com

ချနေရန် အမိန့်ပေးပြီး ကျွန်ုပ်တို့ သိမ်းပိုက်ရရှိသည့် နယ်မြေတွင် ကင်း ထူထူချထားလိုက်၏။

ညဘက်တွင် ရန်သူသည် အချို့နေရာများသို့ ထိုးဖောက်ဝင် ရောက်လာပြန်သဖြင့် တစ်ညလုံး အနီးကပ်တိုက်ပွဲ ဖြစ်နေတော့သည်။ မိတ္ထီလာကို တိုဝင်၏ အမှတ် (၁၇)တပ်မက ဝင်စီးသည့်နေ့တွင် ကျွန်ုပ်သည် မန္တလေးစစ်မျက်နှာသို့ ရောက်နေကာ အမှတ် (၁၉)တပ်မ ရှေ့ဆောင်သော (၃၃)တပ်မကြီးက ရောဝတီ မြေကုပ်စခန်းများမှနေ၍ ဝိုင်းထားသော ရန်သူများအား ထိုးဖောက်သည်ကို လေ့လာရင်း မိတ္ထီလာမှ ဆိုင်းသံနှင့် မန္တလေးမှ ဗုံသံမှာ တိုက်ထားသည့်အတိုင်း ကိုက်မှ ကိုက်ပါ့မလားဟု စိုးရိမ်နေမိသည်။

မိုးချုပ်စအချိန်တွင် ကျွန်ုပ်တို့ ဌာနချုပ်ရှိရာ မုံရွာသို့ ပြန်ရောက်ပြီးနောက် မိတ္ထီလာမှ လာသော သတင်းများကို လေ့လာလိုက်သောအခါ ကျွန်ုပ်တို့၏ထိုးစစ်မှာ ရန်သူကြောင့် ရပ်တန့်နေရသည့် လက္ခဏာကို တွေ့ရသည်။ နောက်တစ်နေ့ နံနက်တွင် ကျွန်ုပ်ကိုယ်တိုင် သွားမှဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ မိတ္ထီလာတိုက်ပွဲအား မြစ်ကြီးနားတိုက်ပွဲတွဲသို့ ရေရှည်တိုက်ပွဲကြီး ဖြစ်လာမည်ကို ကျွန်ုပ် လက်မခံနိုင်။

မတ်လ (၁)ရက်နေ့ နံနက်တွင် ကျွန်ုပ်သည် ပုဂံနှင့် မျက်နှာချင်းဆိုင် ရောဝတီ အနောက်ဘက်ကမ်းရှိ အမှတ် (၄)တပ်မကြီး ဌာနချုပ်သို့ ရောက်သွားကာ ဦးစီးချုပ်ဖြစ်သူ မက်ဆာဗေးနှင့် တွေ့ဆုံလျက် သူ့ကိုပါ အပါခေါ်ပြီး သံအွတ်တုန်းသို့ လာခဲ့၏။ ထိုမှတစ်ဖန် ကိုဝင်၏ ရှေ့တန်းစစ်မျက်နှာ ဌာနချုပ်သို့ ဂျစ်ကားဖြင့် ခရီးဆက်ခဲ့ကြသည်။

တိုဝင်သည် သူ့ဌာနချုပ်ကို မိတ္ထီလာမြို့စွန်တွင်ပင် ဖွင့်ထားသည်ကို တွေ့ရသည်။ ကြားနေရသော အသံများ၊ မြင်နေရသော မီးခိုးများနှင့် ပျံတက်တိုက်ခိုက်နေသော လေယာဉ်များကြောင့် မိတ္ထီလာတိုက်ပွဲမှာ တိုက်ပွဲ မည်ကာမတ္တ မဟုတ်ကြောင်း ထင်ရှားလှသည်။

*ကျွန်ုပ်တို့ ရှေ့တန်းစစ်မျက်နှာသို့ ရောက်ရှိနေသည့် မတ်လ(၁)ရက်နေ့အား မိတ္ထီလာတွင် တိုက်ပွဲအပြင်းထန်ဆုံး တိုက်ခိုက်နေသည့်နေ့ဖြစ် ဖြစ်တော့သည်။*

ဂျပန်၏ စစ်သည်တော်များက မည်မျှပင် ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်နေစေကာမူ ကျွန်ုပ်တို့ စစ်သည်ရဲမက်တော်များက တစိမ့်စိမ့် ထိုးဖောက်နေကြ၏။ မိတ္ထီလာ အနောက်ဘက် စစ်မျက်နှာမှ တိုက်ခိုက်နေသော အမှတ် (၆၃)တပ်မဟာသည် နယ်မြေအနေအထား ခက်ခဲကျဉ်းမြောင်းနေသည့် ကြားကပင် မြို့စွန်အထိ ချီတက်လာနိုင်တော့သည်။

တင့်ကားတပ်အချို့ဖြင့် မြောက်ဘက်မှ ထပ်၍ တိုက်နေသော အမှတ် (၄၈)တပ်မဟာသည် ရန်သူများ အပြင်းထန်ဆုံး ခုခံနေသည့်ကိုပင် ဂရုမစိုက်ဘဲ မိတ္ထီလာအရှေ့ပိုင်းသို့ ဝင်ရောက်ထိုးဖောက်လာသည်။



အမှတ် (၂၅၅)တင့်ကား တပ်မဟာနှင့် ခြေကျင်တပ်ရင်းနှစ်ရင်းက မိတ္ထီလာအရှေ့တောင်ထောင့်တွင်ရှိသည့် တောင်ကုန်းကို တက်ရောက်သိမ်းယူလိုက်နိုင်သည်။

တောင်ကုန်းသည် ပေ (၅၀၀)ခန့်သာ မြင့်သော်လည်း မတ်စောက်လှသည်။ တောင်ကုန်းပေါ်တွင် တပ်စွဲထားသော ရန်သူကလည်း ထူထပ်လှချေသည်။

ဤတောင်ကုန်းပေါ်မှနေ၍ ကြည့်လျှင် မိတ္ထီလာတစ်မြို့လုံးကိုပင် မြင်နိုင်လေရာ အလွန်ကောင်းသောကြောင့် ကင်းစခန်းဖြစ်နေသည်။ ထို့ကြောင့်လည်း ရန်သူများက ဤတောင်ကုန်းကို ကျွန်ုပ်တို့လက်ထဲမှ ပြန်လည်ရရှိရန် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသည်။

ဤတောင်ကုန်းတစ်ဝိုက်တွင် တိုက်ပွဲပြင်းထန်နေစဉ် တင့်ကားတပ်များနှင့် ခြေကျင်တပ်များက ကြက်ကို စွန်ကုပ်သကဲ့သို့ ကုပ်၍ မြို့တွင်းသို့ ထိုးဖောက်ဝင်ရောက်ကြ၏။ မိတ္ထီလာလို တိုက်ပွဲကြီးတစ်ပွဲကို ဦးစီး၍ ရဲရဲရင့်ရင့် ပြတ်ပြတ်သားသားဖြင့် ကြိုးကိုင်အမိန့်ပေးနေသော ကိုဝင်မှာ ရက်ပေါင်းအတန်ကြာအောင် အိပ်ပျက်နေသော်လည်း ဖျတ်ဖျတ်လတ်လတ် လှုပ်ရှားလျက် ရှိသည်။

သူသည် မိတ္ထီလာတိုက်ပွဲကြီးကိုသာ ကြိုးကိုင်နေရသည် မဟုတ်ဘဲ မိတ္ထီလာပတ်ဝန်းကျင်မှ ဂျပန်စစ်ဖွဲ့များ၏ လှုပ်ရှားမှုများတို့သည်အာရုံစိုက်နေရကာ အရေးပေါ် လေယာဉ်ပြေးလမ်းကြောင်းပေါ်တွင် ရောက်ရှိလာမည့် ရိက္ခာ၊ ခဲယမ်းနှင့် ဓာတ်ဆီတင် လေယာဉ်များ၏ လုံခြုံရေးကိုလည်း သတိပြုရသေးသည်။

*အတွေ့အကြုံများသော၊ ရဲရင့်သော၊ ပြတ်သားသော၊ နည်းပရိယာယ်ကြွယ်သော တပ်မှူးတစ်ဦးက မိတ္ထီလာလို တိုက်ပွဲကြီးတစ်ပွဲကို ကြိုးကိုင်လှုပ်ရှားနေသည်ကို ကြည့်ရသည်မှာ လူတစ်ယောက်က ကာယဗုဒ္ဓ၊ စိတ္တဗုဒ္ဓကို ဝိဝရိမည်မျှ မြင့်တက်လာသည်အထိ ခံနိုင်ကျော်လွှား နိုင်သည်ကိုသာ ကြည့်နေရခြင်းမဟုတ်ဘဲ အနုပညာကျော်တစ်ဦးက အကောင်းဆုံးသော လက်ရာတစ်ခုကို ရေးဆွဲနေသည်ကို ကြည့်နေရသည်နှင့် တူနေတော့၏။*

မိတ္ထီလာအရှေ့ပိုင်းတွင် တိုက်ခိုက်နေသော အမှတ် (၄၈)တပ်မဟာသည် မတ်လ (၂)ရက်နေ့တွင် အမြောက်တပ်၊ တင့်ကားတပ်နှင့် လေတပ်အကူအညီဖြင့် တစ်အိမ်ချင်း တစ်အိမ်ချင်း လိုက်လံရှင်းလင်းရင်း မြို့တောင်ဘက်သို့ ရောက်လာသည်။ အမှတ် (၆၃)တပ်မဟာက နယ်မြေတိုင်တိုင် မီးကုန်ယမ်းကုန် တိုက်ခိုက်ပြီး မိတ္ထီလာအနောက်ပိုင်းကို ရှင်းလင်းလိုက်နိုင်သည်။ ရန်သူဘက်မှ အတုံးအရုံး ကျဆုံးအောင်လည်း သုတ်သင်လိုက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဖေဖော်ဝါရီလ (၃)ရက်နေ့သို့ ရောက်သောအခါ အမှတ်(၄၈) တပ်မဟာက မိတ္ထီလာအရှေ့ပိုင်းတစ်ခုလုံးကို တိုက်စစ်အဆင့်ဆင့် ဆင်နွှဲပြီးနောက် ရှင်းလင်းသိမ်းပိုက်ထားနိုင်ပြီး ကျွန်ုပ်တို့၏ တင့်ကားတပ်များနှင့် ခြေကျင်တပ်များအား အနားတော့၍ ဖြုတ်လေ့ရှိသော ရန်သူ (၇၅) မီလီမီတာ အမြောက်များကို တစ်ခုချင်း ဖမ်းဆီးရမိသည်။ ကြွင်းကျန်နေသော ဂျပန်စစ်သား (၅၀)ခန့်မှာလည်း ကန်ထဲသို့ ခုန်ချ၍ သတ်သေသွားကြ၏။

တစ်မြို့လုံးတွင် တစ်ဖက်နှင့်တစ်ဖက် ရက်ရက်စက်စက် သုတ်သင်ပွဲများမှာလည်း များပြားလှချေသည်။ ကိုက် (၂၀၀)ရှည်၍ (၁၀၀)ခန့်ကျယ်သော နေရာတစ်ခုတွင်ပင် ဂျပန်အလောင်း (၈၇၆)လောင်း တွေ့ရှိရသည်။ မိတ္ထီလာတစ်မြို့လုံးမှာလည်း အပျက်အစီးနှင့် ပြာပုံအတိသာ ဖြစ်နေတော့သည်။

ဖေဖော်ဝါရီလ (၃)ရက်နေ့ ညနေတွင် ကျွန်ုပ်တို့တပ်များက မိတ္ထီလာတစ်မြို့လုံးကို ပိုက်စိပ်တိုက်၍ တိုက်ခိုက်သိမ်းယူနေစဉ် တင့်ကားနှင့် ခြေကျင်တပ်များက မိတ္ထီလာမြို့အရှေ့ဘက်ရှိ ရွာများမှ ရန်သူများကို ရှင်းလင်းချေမှုန်းလျက် ရှိသည်။

ဖေဖော်ဝါရီလ (၄)ရက်၊ (၅)ရက်နေ့များတွင် လေတပ်၏ အနီးကပ်ဆုံးသော အကူအညီဖြင့် မြို့ပတ်ဝန်းကျင်ရှိ ရွာများမှ ရန်သူအုပ်စုကလေးများကို လိုက်လံသုတ်သင်သည်။ မိတ္ထီလာမှ အကြီးဆုံးသော လေယာဉ်ပျံကွင်းကိုလည်း ကျွန်ုပ်တို့က ထိန်းသိမ်းထားနိုင်ပေပြီ။

မိတ္ထီလာကဲ့သို့သော တပ်မြို့တစ်မြို့အား. . . လေးရက်တည်းနှင့် သိမ်းယူလိုက်နိုင်ကာ ဂျပန်များကိုယ်တိုင် ဝန်ခံထားသည့်အတိုင်းမြို့စောင့်တပ်မှ တစ်ယောက်မျှ မလွတ်အောင် ကျွန်ုပ်တို့က သုတ်သင်သည်မှာ တိုက်ပွဲရာဇဝင်တွင် စာတင်လောက်သည်သာမက မြန်မာပြည်ရှိ ဂျပန်တပ်များ၏ ကံကြမ္မာကိုလည်း မဟန်သာအောင် နှောင်ကြိုးတဲ၍ ပေးခဲ့ပေပြီ။

ဧရာဝတီမြစ်တမ်း တိုက်ပွဲကြီးတွင် ကျွန်ုပ်တို့အား အနိုင်နှင့် ပိုင်းမည်ဟု ကြံစည်ကြိုးစားခဲ့သော ဂျပန်စစ်သူကြီးကိမူရာ၏ မျှော်လင့်ချက်ဗိမာန်ကြီးသည်လည်း မိတ္ထီလာတိုက်ပွဲနှင့်အတူ ပြိုကွဲခဲ့လေပြီ။ ကိမူရာသည် ကျွန်ုပ်တို့က ဖြတ်ပစ်ခဲ့သော မိတ္ထီလာလက်ကောက်ဝတ်ကို ပြန်၍ ဆက်နိုင်ရန် ကြိုးစားပါသေးသည်။

သူ့လက်အောက်မှ ဗိုလ်ချုပ်ဟွန်းဒါးအား အမှတ် (၃၃) ဌာနချုပ်နှင့်အတူ မန္တလေးစစ်မျက်နှာမှ တပ်အများအပြားကို ပို့၍ မိတ္ထီလာကို ပြန်လည်သိမ်းယူခိုင်းသည်။

ဤအချိန်တွင်ပင် ကျွန်ုပ်တို့၏ အမှတ် (၅) တပ်မက အိန္ဒိယမှ ရောက်ရှိလာသည်။



မန္တလေးစစ်မျက်နှာမှ ကိမူရာ၏တပ်များက မိတ္ထီလာသို့ အပြင်းချီစဉ် ဧရာဝတီအရှေ့ဘက်ကမ်း၌ ခြေကုပ်ယူထားသော ကျွန်ုပ်တို့၏ အမှတ် (၃၃)တပ်မကြီးသည် ရေကာတာကြီး ကျိုးပေါက်၍ ထွက်လာသလို မန္တလေးသို့ ချီတက်လာသည်။ မတ်လ (၃)ရက်နေ့တွင် (၃၃) တပ်မကြီး၏ ရှေ့ပြေးချီတပ်ဖြစ်သော အမှတ် (၁၉) တပ်မသည် တင့်ကားတပ်များဖြင့် စစ်မျက်နှာဖြန့်၍ တက်နိုင်သောဒေသသို့ ရောက်လာသည်။ လေးရက်နေ့တွင် တပ်မ၏ ဦးစီးချုပ်ဖြစ်သူ နဗိုလီယံအငယ်စား ပီတာရီးစ်က အင်ဖာတိုက်ပွဲတွင် အထိနာခဲ့ကာ ဧရာဝတီခြေကုပ်စခန်းတိုက်ပွဲ၌ မျက်ဖြူလန်ခဲ့သော ရန်သူတို့၏ အမှတ် (၁၅)တပ်မဟာသည် မန္တလေးတိုက်ပွဲကို စည်းစည်းလုံးလုံး ရင်ဆိုင်နိုင်ရန် အင်အားမရှိတော့ကြောင်းဖြင့် တပ်မကြီးဌာနချုပ်သို့ သတင်းပို့ခဲ့လေသည်။

ပီတာရီးစ်သည် သူ၏တပ်မဟာများအား ကြိမ်တို့ပေးရင်းဖြင့် မန္တလေး မြောက်ဘက် (၁၉)မိုင်ကွာတွင်ရှိသော ချောင်းမကြီးကို မတ်လ (၅)ရက်နေ့၌ ဖြတ်ကျော်နိုင်ခဲ့၏။ ချောင်းမကြီးကား မန္တလေးရွှေမြို့တော်ဆီသို့ ရောက်ရန် နောက်ဆုံးသဘာဝ အတားအဆီးတည်း။

ရန်သူသည် ချောင်းမကြီးတောင်ဘက်၌ ကပ်နေသောမတ္တရာ၌ ကျွန်ုပ်တို့အား ပြင်းပြင်းထန်ထန် ခုခံရန် ကတုတ်ကျင်းများ တူး၍ အသင့်ပြင်ထားခဲ့သည်။ သို့သော် ရန်သူ့တပ်သားများက ကတုတ်ကျင်းများထဲသို့ မရောက်မီပင် ရီးစ်၏တင့်ကားတပ်များပါသော တပ်မဟာများသည် ထိုကတုတ်ကျင်းများကို လွန်လာကာ မြို့ထဲသို့ ရောက်လာခဲ့ကြ၏။

မတ္တရာမြို့ထဲတွင် လမ်းမတိုက်ပွဲများ ဖြစ်နေစဉ် အချို့တပ်မဟာများက မန္တလေးသို့ ဆက်လက်ချီတက်လာခဲ့သည်။ မန္တလေးနှင့် နီးလာလေ ရန်သူ့ခုခံမှုမှာ ပြင်းထန်လေ ဖြစ်လာသည်။ သို့သော် တက်ညီလတ်ညီနှင့် စနစ်တကျ ခုခံမှုမျိုး မဟုတ်။ မတ်လ (၈)ရက်နေ့ အရုဏ်တက်အချိန်တွင် ရီးစ်၏တပ်မမှ အမှတ် (၆၄)တပ်မဟာသည် မန္တလေးတောင်တိုင်မင် အရှေ့ဘက် နှစ်မိုင်ကွာသို့ ရောက်နေပြီး အမှတ် (၉၈)တပ်မဟာတမန္တလေးမြောက်ဘက်စွန်သို့ပင် ရောက်နေပေပြီ။

မန္တလေးမြို့ပြင်တစ်ပိုက်တွင် အခြေစိုက်ထားသော ရန်သူ့အင်အားမှာ လျော့နည်းလျက် ရှိသည်။ သို့သော် မန္တလေးတောင်နှင့် နန်းမြို့တော်အတွင်းတွင်ကား ရန်သူသည် အကြီးအကျယ် ခုခံတိုက်ခိုက်ရန် ပြင်ဆင်ထားသည်ကို တွေ့ရလေသည်။

ဂေါ်ရခါးတပ်ရင်းတစ်ရင်းက မတ်လ (၉)ရက်နေ့တွင် မန္တလေးတောင်ကို နေ့ရောညပါ ပြင်းပြင်းထန်ထန် တိုက်သည်။ မန္တလေးတောင်မှာ ပေ (၈၀၀)ခန့်မြင့်ပြီး မတ်စောက်သော တောင်စောင်းများတွင် ဘုရားကျောင်းဂူများရှိနေရာ ရန်သူအတွက် အလွန်ခိုင်ခံ့သော ခံတပ်ကြီးသဖွယ် ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မတ်လ (၁၀)ရက်နေ့တွင် ဗြိတိသျှတပ်ခွဲနှစ်ခွဲ ထပ်၍ ရောက်လာကာ ဂေါ်ရခါးတပ်များနှင့်အတူ ဆက်၍တိုက်သည်။

မန္တလေးတောင်တစ်ခုလုံး သွေးဖြင့် ဖုံးလွှမ်းနေလေသည်။

ရန်သူသည် နောက်ဆုံးတစ်ယောက် ကျန်သည်အထိ ဆက်လက်တိုက်ခိုက်နေရာ ကျွန်ုပ်တို့တပ်သည် တောင်ပေါ်မှဓာတ်ဆီပီပါကြီးများကို လှိမ့်ချကာ မီးရှို့၍ သုတ်သင်ခဲ့ကြရသည်။

ကျွန်ုပ်တို့သည် **မန္တလေးတောင်**ကို မတ်လ (၁၀)ရက်နေ့တွင် သိမ်းယူနိုင်ခဲ့ပြီး **နန်းတော်**ကို ရက်အတန်ကြာအောင် တိုက်ခိုက်နေခဲ့ရကာ **မတ်လ (၂၀)ရက်နေ့** နံနက်တွင်မှ သိမ်းယူရရှိသည်။ ယခုအချိန်၌ ကျွန်ုပ်တို့သည် မန္တလေးမှ ချောက်မြို့အထိရောက်သော ဧရာဝတီမြစ်ကမ်းနှစ်ဖက်လုံးကို သိမ်းကျုံးအုပ်ထိန်းထားနိုင်ကာ မန္တလေး-ရန်ကုန် မီးရထားလမ်းနှင့် ကားလမ်းကိုလည်း ဝမ်းတွင်းရောက်သည်အထိ ထိန်းသိမ်းထားနိုင်ပြီး **မိတ္ထီလာ-မြင်းခြံလမ်း**ကိုပင် ပြန်၍ ဖွင့်ပေးနိုင်ခဲ့ပေပြီ။

**ဧရာဝတီ မြစ်တမ်းတိုက်ပွဲကြီး၌** ကျွန်ုပ်တို့အား အနိုင်နှင့်ပိုင်းမည့် **ဗျူဟာစစ်သူကြီးကီမူရာကို** ကျွန်ုပ်တို့က အောက်ခြေယိုင်အောင် ထိုးနိုင်ခဲ့ပေပြီ။ **ကီမူရာကို သူ့အောက်ခြေနှစ်ဖက်ကို** ကြမ်းပြင်ပေါ်တွင် ပြန်၍ ဟန်ဆောင်မချနိုင်မီ **ကျွန်ုပ်တို့က** သူ့အား ထပ်မံ၍ အလဲထိုးရန်သာ ကျန်တော့သည်။

ကျွန်ုပ်တို့သည် **ဧပြီလ** (၁)ရက်နေ့တွင် ပျော်ဘွယ်၊ (၂၂)ရက်နေ့တွင် တောင်ငူ၊ မေလ (၁)ရက်နေ့တွင် ပဲခူး၊ (၃)ရက်နေ့တွင် ရန်ကုန်စသည်တို့ကို တိုက်ခိုက်သိမ်းယူလိုက်နိုင်ခြင်းဖြင့် **ကီမူရာကို** အလဲထိုးနိုင်ခဲ့ပေပြီ။

***

(နောက်ဆက်တွဲ)

## ကျွန်ုပ်နှင့် ဆောင်ဆန်း

ကျွန်ုပ်တို့သည် မြန်မာပြည်ထိုးစစ်ကြီးကို မိုးဖြိုင်ဖြိုင်မကျမီ **အပြီး**အပြတ်အောင်နိုင်ရန် **အရေးကြီး**နေသကဲ့သို့ မြန်မာပြည်ထဲတွင်ကျွန်ုပ်တို့အလျင်အမြန် **ဖြေရှင်းမှ** အရေးလှမည့် ပြဿနာများလည်း ရှိနေသည်။

မိုးဖြိုင်ဖြိုင်ကျလာသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့၏ကုန်းကြောင်းနှင့်ရေကြောင်းသယ်ယူပို့ဆောင်ရေးအခက်အခဲမှာ ပို၍ကြီးထွားလာတော့မည်ဖြစ်သည်။ ယခုပင်လျှင် အမေရိကန်သယ်ယူပို့ဆောင်ရေး လေယာဉ်များကို **ကျွန်ုပ်တို့ထံမှ** တစ်စတစ်စ ပြန်၍ယူသွားကြသဖြင့် ကျွန်ုပ်တို့၏ဘုရင့်လေတပ်မတော်မှ သယ်ယူပို့ဆောင်ရေး လေယာဉ်များကိုသာ အားထားနေရတော့သည်။

၎င်းလေယာဉ်များမှာလည်း ကောင်းစွာအနားပေး ပြုပြင်ခြင်းမရှိဘဲ နေ့ရောညပါပျံသန်းနေခဲ့ကြရသဖြင့် အနားပေး၍ ပြုပြင်ရန်လိုအပ်နေပေပြီ။ ၎င်းသို့ အနားပေး ပြုပြင်ခြင်း မရှိဘဲ မြန်မာပြည် မိုးရာသီတွင် ဆက်လက်အသုံးပြုမည်ဆိုပါက မုချဧကန်ပင် ဘေးအန္တရာယ်များတကျွန်ုပ်တို့၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို အကြီးအကျယ် ဒုက္ခပေးလာပေတော့မည်။ မလေးရှားအား တိုက်ခိုက်မည့် ကျွန်ုပ်တို့၏ **အစီအစဉ်**ကိုလည်း များစွာထိခိုက်စေတော့မည်။

ထို့ကြောင့် သယ်ယူပို့ဆောင်ရေး ကိစ္စတစ်ခုတည်းနှင့်ပင် ရန်ကုန်ဆိပ်ကမ်းအား ပြန်လည်ဖွင့်လှစ်ရန် **အရေးကြီး**နေပေပြီ။ ကျွန်ုပ်တို့သည် မဟာမိတ်လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် အကြီးအကျယ် ပျက်စီးနေသော ရန်ကုန်ဆိပ်ကမ်းကို ရနိုင်သမျှသော အင်ဂျင်နီယာများ၊ အလုပ်သမားများဖြင့် အပူတပြင်း ပြန်လည်တည်ဆောက်လုပ်ရတော့သည်။

မေလ (၈)ရက်နေ့တွင် ရန်ကုန်မြစ်အတွင်းမှ **ရေမြှုပ်ဗုံးများကို** ရှင်းလင်းပြီးနောက် ဘောတံတားများရှိသော ဆိပ်ခံသုံးခုတွင် **ကျွန်ုပ်တို့**သင်္ဘောများ ကုန်တင်ကုန်ချ ပြုလုပ်သည်။ ပင်မဆိပ်ကမ်းတို့ **ခေ**[illegible]ဆိပ်ကမ်းကြီး ဖြစ်လာစေရန် ကုန်လှောင်ရုံများ၊ ကုန်လှောင်ရုံနှင့် [illegible]နေသည့် မီးရထားသံလမ်းများ၊ လျှပ်စစ်ဓာတ်အားပေးရုံများ၊ ဝင်[illegible]ကြီးများ တပ်ဆင်ရသည့်အလုပ်မှာလည်း လွယ်ကူလှသည် [illegible]ပါချေ။

www.burmeseclassic.com

www.burmeseclassic.com

ရက်သတ္တ ခြောက်ပတ်အတွင်းတွင် ကျွန်ုပ်တို့သည် အနည်းငယ်မျှသာ ပျက်စီးသော ဆိပ်ခံများကို ပြန်လည်ပြုပြင်ခြင်းဖြင့် တစ်နေ့လျှင် ရိုက္ခာပစ္စည်း တန်ချိန် သုံးထောင်ကျော် ရရှိလာရာ သယ်ယူပို့ဆောင်ရေးပြဿနာအတွက် ခေါင်အေး၍လာခဲ့သည်။ သို့သော် ကျွန်ုပ်တို့အတွက် ဒုတိယနှင့် တတိယပြဿနာများက ဖြေရှင်းရန် ကျန်နေသေးသည်။

*ဒုတိယပြဿနာမှာ မြန်မာပြည် မြို့ပြအုပ်ချုပ်ရေးဖြစ်၍၊ တတိယပြဿနာမှာ ဂျပန်တို့အား ပြန်လည်၍ တိုက်ခိုက်နေသော မြန်မာ့အမျိုးသားတပ်မတော်အား မည်တဲ့သို့ သဘောထား၍ မည်တဲ့သို့ ဆက်ဆံရမည်ဆိုသော ပြဿနာပင် ဖြစ်၏။*

၎င်းတပ်မတော်သည် ကျွန်ုပ်တို့၏ရန်သူအား ဒုက္ခပေးနိုင်လိမ့်မည်ဟု ကျွန်ုပ်သည် မြန်မာပြည်တိုက်ပွဲ အစကပင် ယုံကြည်နေခဲ့၏။ သို့သော် ၎င်းတပ်မတော်၏ လှုပ်ရှားမှု မှန်သမျှကို ကျွန်ုပ်တို့၏ လှုပ်ရှားမှုနှင့်ပူးတွဲ၍ မထားခဲ့ပါမူ ၎င်းတပ်မတော်သည် ဂျပန်တို့အား ဒုက္ခပေးခဲ့သလိုပင် ကျွန်ုပ်တို့အားလည်း ပြန်၍ ဒုက္ခပေးနိုင်သည်ကို ကျွန်ုပ် သိပြီးဖြစ်သည်။

ထို့ကြောင့် ၎င်းမြန်မာ့အမျိုးသားတပ်မတော်တွင် ပါဝင်သော စစ်သည်တော်တို့အား နှစ်ဦးနှစ်ဖက် နှစ်သက်ကျေနပ်စွာ ချုပ်ကိုင်ထားနိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာကား သူတို့၏ ဗိုလ်ချုပ်ဖြစ်သော အောင်ဆန်းအား ကျွန်ုပ်၏ အမိန့်များကို လိုက်နာအောင် ပြုလုပ်ရေးပင်ဖြစ်၏။

အောင်ဆန်းအကြောင်းကို ကျွန်ုပ် သိထားသမျှနှင့် မြန်မာ့မျိုးချစ်များအကြောင်းကို ကျွန်ုပ် နားလည်ထားသမျှ အကြောင်းအချက်များအရ၊ အောင်ဆန်းကား ကျွန်ုပ်၏အမိန့်ကို နာခံရန်ပြုလုပ်ရေးမှာ လွယ်တူမည်မဟုတ်ကြောင်း ကျွန်ုပ် သဘောပေါက်ထားသည်။

သို့သော် တတ်နိုင်သမျှကြိုးစားကြည့်မည်ဟု ဆုံးဖြတ်ထားသည်။

အောင်ဆန်းသည် ဖြစ်ပေါ်လာသော အခြေအနေကို လက်တွေ့သုံးသပ်၍ လုပ်ဆောင်တတ်သူ ဖြစ်သည်။ (၁၉၃၀)ခုနှစ်က ရန်ကုန်တက္ကသိုလ်တွင် ကျောင်းသားဘဝနှင့် ရှိနေစဉ် သူသည် များစွာသော အာရှကျောင်းသားများနည်းတူ နိုင်ငံရေးတွင် တက်တက်ကြွကြွ ပါဝင်ခဲ့သည်။ အခါပေါင်းများစွာပင် ပြင်းထန်သော နိုင်ငံရေးလုပ်ငန်းများ၌ ပါဝင်ခဲ့သည်။

(၁၉၃၉)ခုနှစ်သို့ ရောက်သောအခါ သူသည်အယူသီးနိုင်ငံရေးအဖွဲ့အစည်းတစ်ခုတွင် အတွင်းရေးမှူး ဖြစ်လာပြီးနောက် သူ၏ နိုင်ငံရေးလှုပ်ရှားမှုကြောင့် ထောင်(၁၇)ရက် ကျခံခဲ့ရသည်။

၎င်းအချိန်လောက်တွင်ပင် စိတ်ဓာတ်တက်ကြွသလောက် ထွန်းထွန်းပေါက်ပေါက်လုပ်နိုင်သော လူငယ်နိုင်ငံရေးမျိုးချစ်ဖြစ်သူ အောင်ဆန်းအား ဂျပန်ကိုယ်စားလှယ်များက သူတို့လုပ်ငန်းတွင် လက်ကိုင်တုတ်အဖြစ်



တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်မည်ဟု ယူဆကာ အောင်ဆန်းနှင့် ဆက်သွယ်မှုယူတော့သည်။

(၁၉၄၀) ခုနှစ်တွင် အောင်ဆန်းပါဝင်သော အစည်းအရုံးမှာ မတရားအသင်းအဖြစ် ကြေညာခြင်းခံရပြီး အောင်ဆန်းနှင့်တကွ ရဲဘော်သုံးကျိပ်သည် ရဲများကို လှည့်စားကာ ဂျပန်သို့အရောက် ကိုယ်ယောင်ဖျောက်နိုင်ခဲ့ကြ၏။ ဂျပန်တွင် အောင်ဆန်းနှင့် သူ၏ရဲဘော်များကို စစ်သင်တန်းတက်စေပြီးနောက် ဂျပန်သည် မကြာမီပင် မြန်မာ့မြေကြီးပေါ်မှ အင်္ဂလိပ်များကို မောင်းထုတ်ကာ မြန်မာလူမျိုးများအား လွတ်လပ်ရေးပေးတော့မည်ဟု အယုံသွင်းလိုက်တော့သည်။

ဂျပန်က မြန်မာပြည်ကို တိုက်ခိုက်သောအခါ အောင်ဆန်းနှင့် သူ့ရဲဘော်များလည်း တစ်ပါတည်း ပါလာကြတော့သည်။ သူတို့အဖွဲ့သည် တိုက်ပွဲဖြစ်ပွားရာ ဒေသတစ်လျှောက်၌ မြန်မာပြောက်ကျားတပ်ဖွဲ့များ ဖွဲ့ရန်နှင့် ပဉ္စမံတပ်များဖွဲ့ရန်အတွက် အမြုတေအဖွဲ့ ဖြစ်လာတော့၏။ ၎င်းပြောက်ကျားတပ်ဖွဲ့နှင့် ပဉ္စမံတပ်ဖွဲ့များမှာ သူတို့၏ အရှင်သခင်များ ဖြစ်သော ဂျပန်အတွက် များစွာ အထောက်အပံ့ဖြစ်သည်ကို ယုံမှားဖွယ်မရှိ။

(၁၉၄၂)ခုနှစ် ကျွန်ုပ်တို့ မြန်မာပြည်မှ ဆုတ်ခွာရစဉ်က ၎င်းလက်နက်ကိုင်အဖွဲ့သည် ကျွန်ုပ်တို့အား တစ်ခါနှစ်ခါမျှ ရဲဝံ့စွာ လာရောက်တိုက်ခိုက်သည်ကို တွေ့ရသည်။

ဉာဏ်စွမ်းနှင့် ရဲစွမ်းကြောင့် ရှေ့တန်းခေါင်းဆောင် ဖြစ်လာသော အောင်ဆန်းသည် မြန်မာအစိုးရဖွဲ့ရန် များစွာလိုလားလျက်ရှိသော်လည်း အောင်ဆန်းမှာမူ သူတို့ကြိုးဆွဲသည့်အတိုင်း က,မည့် ရုပ်သေး မဟုတ်ကြောင်းကို အနံ့ခံမိလာသော ဂျပန်အာဏာပိုင်တို့က အောင်ဆန်းအား မြန်မာအစိုးရအဖွဲ့ ခေါင်းဆောင်အဖြစ် မတင်မြှောက်လိုဘဲ ရှိနေကြသည်။

ဂျပန်အာဏာပိုင်တို့သည် သူ ကြိုးဆွဲရာ က,မည့် အခြားသူအား နိုင်ငံအဓိပတိအဖြစ် တင်မြှောက်လိုက်ပြီးနောက် အောင်ဆန်းအား မြန်မာ့ကာကွယ်ရေးတပ်မတော်ဟု အမည်ပြောင်းလိုက်သော မြန်မာ့အမျိုးသားတပ်မတော်၏သေနာပတိအဖြစ် ခန့်ထားလိုက်တော့သည်။

သို့သော် အောင်ဆန်းအဖို့ ဂျပန်က ပေးသော လွတ်လပ်ရေးဆိုသည်မှာ မည်ကဲ့သို့သော အဓိပ္ပာယ်ဆောင်သည် ဆိုသည်ကို သိရန် အချိန်များစွာ မလိုပါချေ။ ကျားကြောက်၍ ရှင်ကြီးကိုး ရှင်ကြီးကျားထေ ဆိုသည်ကို အောင်ဆန်းသိလာတော့သည်။ အောင်ဆန်း၏ ထင်ရှားသော နောက်လိုက်တစ်ဦးက ကျွန်ုပ်အား တစ်ခါက ပြောခဲ့ဖူးသောစကားမှာ *"အင်္ဂလိပ်တွေက ကျွန်တော်တို့ သွေးကို စုပ်တယ်ဆိုရင် ဂျပန်တွေက ကျွန်တော်တို့ ခြင်ဆီတွေကိုပါ စုပ်တယ်"* ဟူ၍ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အောင်ဆန်းသည် ဂျပန်တို့နှင့် ပို၍ အပေါက်အလမ်း မတည့်ဖြစ်လာသည်။ (၁၉၄၃)ခုနှစ် စောစောပိုင်းတွင်ပင် အောင်ဆန်းက ဂျပန်အပေါ်တွင် ထားရှိသော သဘောထားများမှာ ပြောင်းလဲနေကြောင်းဖြင့် တောင်ပေါ်ကရင်အမျိုးသားများအကြားတွင် စွန့်စား၍ ကျန်ရစ်ခဲ့သော ဆီးဂရင်းမ်ထံမှ သိရှိရသည်။

(၁၉၄၄)ခု ဩဂုတ်လ (၁)ရက်နေ့တွင် ကျင်းပသော လူထုအစည်းအဝေးပွဲတစ်ခု၌ အောင်ဆန်းသည် ဂျပန်တို့က ပေးသော လွတ်လပ်ရေးဆိုသည်မှာ မည်ကဲ့သို့ ဆိုသည်ကိုပင် ပြောင်ပြောင်တင်းတင်း ပြောဆိုလာတော့၏။ ဤအချက်ဖြင့်ပင် အောင်ဆန်းသည် ဂျပန်တို့၏ သုတ်သင်ရှင်းလင်းခြင်းကို မခံရခဲ့လျှင် ကျွန်ုပ်တို့အတွက် အသုံးဝင်မည့် လူတစ်ယောက် ဖြစ်လာတော့မည်မှာ သေချာလှသည်။

ကျွန်ုပ်တို့၏ အမှတ် (၁၃၆)ထောက်လှမ်းစုံစမ်းရေး အဖွဲ့သည် အထောက်တော်များမှတစ်ဆင့် အောင်ဆန်းနှင့် အဆက်အသွယ် ရှိခဲ့ပြီဖြစ်ရာ မြန်မာ့အမျိုးသားတပ်မတော်က ဂျပန်အား ထ၍ တော်လှန်ပုန်ကန်လိုက်သည့်အခါ၊ အောင်ဆန်းသည် ပြောသည့်အတိုင်းပင် ပြတ်ပြတ်သားသား လုပ်ကိုင်လာပြီကို တွေ့ရှိရသည့်အတိုင်း သူနှင့်တိုက်ရိုက်ဆက်သွယ်ရန် အချိန်သို့ ရောက်လာခဲ့တော့သည်။

ထို့ကြောင့် အာရှအရှေ့တောင်ပိုင်းဆိုင်ရာ စစ်ဌာနချုပ်၏ သေနာပတိကြီးဖြစ်သူ ရေကြောင်းဗိုလ်ချုပ်ကြီးမောင့်ဘတ်တန်၏ သဘောတူခွင့်ပြုချက်အရ အမှတ် (၁၃၆)တပ်ဖွဲ့က အောင်ဆန်းအား ကျွန်ုပ်ထံသို့ မေပြီ (၂၁)ရက်နေ့တွင် လာရောက် တွေ့ဆုံဆွေးနွေးရန် စီစဉ်ပေးသည်။ အောင်ဆန်းနှင့် ကျွန်ုပ်တို့ တွေ့ဆုံဆွေးနွေးရာ၌ နှစ်ဦးနှစ်ဖက် သဘောတူညီမှုရသည်ဖြစ်စေ, မရသည်ဖြစ်စေ. . . ကျွန်ုပ်က အောင်ဆန်းအား ဘေးမသီ ရန်မခစေဘဲ သူ့လူများထံ ပြန်၍ လွှတ်ပါမည်ဟု ကတိပေးသည်။

အောင်ဆန်းသည် မေလ(၁၄)ရက်နေ့အထိ ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံခြင်း မရှိဘဲ မေလ (၁၅)ရက်နေ့သို့ ရောက်လာသောအခါမှ သူနှင့်သူ၏အမှုဆောင်အရာရှိတစ်ဦးသည် ဧရာဝတီမြစ်ကို အောင်လံမှနေ၍ ဖြတ်ကူးလာပြီး ကျွန်ုပ်နှင့် တွေ့ဆုံခွင့်ပေးပါဟု တောင်းဆိုလာကြောင်း ဆိုင်ရာမှသတင်းပို့လာသည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ဌာနချုပ်ရှိရာ မိတ္ထီလာမှ လေယာဉ်တစ်စင်း စေလွှတ်၍ အောင်ဆန်းနှင့် သူ၏အမှုဆောင်အရာရှိအား နောက်တစ်နေ့တွင် အခေါ်လွှတ်လိုက်၏။

ဂျပန်ယူနီဖောင်းနှင့် ကောင်းကောင်းကြီးတူသော မေဂျာဂျင်နရယ် (ဗိုလ်ချုပ်ကလေး) စစ်ဝတ်စုံကို ဗတ်ကာ ခါးတွင် ဓားရှည်ချိတ်ထားသော အောင်ဆန်းကို ရုတ်တရက် တွေ့လိုက်ကြရသော ကျွန်ုပ်၏ ဌာနချုပ်မှ



အဖွဲ့သားတစ်ဦးနှစ်ဦးမှာ ပထမတွင် အတော်ပင် ထိတ်လန့်တုန်လှုပ်သွားကြ၏။ မည်သို့ပင်ဖြစ်စေ အောင်ဆန်းသည် အယဉ်ကျေးဆုံး ပြုမူဆက်ဆံသည်။ ကျွန်ုပ်ကလည်း သူ့လိုပင် ယဉ်ကျေးစွာ ဆက်ဆံသည်။

လူလတ်ပိုင်း အရွယ်လောက်ရှိသော အောင်ဆန်းသည် ကိုယ်ခန္ဓာတောင့်တောင့်တင်းတင်းနှင့် စစ်သားဥပမိရုပ်ကို ဆောင်သူဖြစ်သည်။ မျက်နှာအသွင်အပြင်မှာ ရိုးရိုးမြန်မာတစ်ယောက်၏ အသွင်အပြင်ပင်ဖြစ်သော်လည်း လေးဆေးတည်ငြိမ်သည့် အမူအရာ၊ သို့မဟုတ် ဟာသဉာဏ်နှင့် ဇဝနဉာဏ်တို့ ရှင်သန်ပေါင်းစပ်ထားသည့် အမူအရာရှိသည်ဟု ဆိုနိုင်သည်။ သူသည် အင်္ဂလိပ်စကားကို ကောင်းစွာ ပြောနိုင်ကြောင်း တွေ့ရ၏။ သူနှင့်အတူပါလာသော အမှုဆောင်အရာရှိမှာလည်း အင်္ဂလိပ်စကားကို ရေလည်စွာ ပြောနိုင်သည်။ ဤအမှုဆောင်အရာရှိဖြစ်သူ၏ ဖခင်မှာ ဗြိတိသျှအမျိုးသား အထက်တန်းအရာရှိကြီး တစ်ဦးဖြစ်လျက် မြန်မာ့အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ခဲ့သည်ဟု ကျွန်ုပ် ကြားသိရသည်။ ဟုတ်,မဟုတ်ကား မပြောတတ်ပေ။ အောင်ဆန်းနှင့်ကျွန်ုပ် ပထမအကြိမ် တွေ့ဆုံပွဲ၌ . . .

အောင်ဆန်းက . . .

*သူသည် ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီးမှတစ်ဆင့် မြန်မာပြည်လူထုက ဖွဲ့စည်းထားသော မြန်မာပြည်ယာယီအစိုးရအဖွဲ့၏ကိုယ်စားလှယ်တော်ဖြစ်ကြောင်း၊ သူနှင့်တကွ မြန်မာ့အမျိုးသားတပ်မတော်သည် ဤအစိုးရအဖွဲ့၏အမိန့်ကို နာခံဆောင်ရွက်ရကြောင်း၊ သူသည် မဟာမိတ် စစ်သေနာပတိတစ်ဦး ဖြစ်သည့်အလျောက် ကျွန်ုပ်နှင့်ပူးတွဲဆောင်ရွက်လိုသော ဆန္ဒရှိကြောင်း၊ ကျွန်ုပ်၏လက်အောက်ခံစစ်ဗိုလ်ချုပ်အဖြစ် ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း . . .*

တင်ပြ ပြောဆိုသည်။

ကျွန်ုပ်က သူပြောပြသော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ဆိုသည်ကို နားမလည်ကြောင်း၊ ထို့ကြောင့် ထိုအဖွဲ့ချုပ်၏ကိုယ်စားလှယ်ဆိုသည်ကို သဘောမပေါက်ကြောင်း၊ ကျွန်ုပ်နှင့်တကွ တစ်ကမ္ဘာလုံးက နားလည်သိရှိနေသည်မှာ မြန်မာပြည်အစိုးရဆိုသည်မှာ တစ်ပြိုင်နက် ဘုရင့်အစိုးရကိုသာ ဆိုလိုသည်ကို နားလည်ကြောင်း၊ ယခုအချိန်၌ ဘုရင့်အစိုးရသည် အာရှအရှေ့တောင်ပိုင်းဆိုင်ရာ စစ်သေနာပတိချုပ်မှတစ်ဆင့် မြန်မာပြည်ဆိုင်ရာ ကိစ္စအရပ်ရပ်ကို ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် မြန်မာပြည်အစိုးရ၏ ကိုယ်စားလှယ်ဆိုသည်မှာ မရှိတော့ကြောင်း . . . အောင်ဆန်းအား ပြောပြပါသည်။

သူသည် ကျွန်ုပ်ထံမှ ကြားရသောစကားကြောင့် စိတ်ပျက်သွားဟန်ရှိရသော်လည်း သူ့အား မဟာမိတ် စစ်ဗိုလ်ချုပ်တစ်ဦးအဖြစ် အသိအမှတ်ပြုရန် ထပ်မံ၍ တင်ပြတောင်းဆိုပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် အောင်ဆန်း၏ ရဲဝံ့ပုံကို စိတ်ထဲမှ အံ့ဩလိုက်မိပြီး နှုတ်မှလည်း ဤအတိုင်း ပြောပြလိုက်ပြီး . . .

"ဗြိတိသျှ အစိုးရရဲ့လက်အောက်ခံ တိုင်းရင်းသားဖြစ်တဲ့ ခင်ဗျား တာ ဗြိတိသျှအစိုးရကို ပြန်ပြီး ပုန်ကန်တိုက်ခိုက်တဲ့ ကိစ္စကို ဘေးဖယ် ထားလိုက်ဦး၊ ခင်ဗျားကို လူသတ်မှုနဲ့ အရေးယူဖို့ ပြောနေတဲ့ လူတွေ ကျုပ်ဌာနချုပ်ထဲမှာ ရှိနေတယ်။ သက်သေတွေရော သက်သေခံပစ္စည်း တွေရော အားလုံးအသင့်ပဲ။ ခင်ဗျားကို ကျုပ်ဌာနချုပ်က ပြန်လွှတ်ဖို့ ဆိုတာ ကြားလူတစ်ယောက်က ပြောခဲ့တဲ့စကားပဲ ဖြစ်တယ်၊ ခင်ဗျားဆီမှာ ဘာမှ တန်ပြေနဲ့ ဝန်ခံထားတာ မရှိဘူး မဟုတ်လား၊ ဒီတော့ ဒီကို လာပြီး ဒီလိုတောင်းဆိုချက်တွေ လုပ်နေတာဟာ ခင်ဗျားအန္တရာယ်ကို ခင်ဗျား ရှာနေတာနဲ့ တူမနေဘူးလား"ဟု . . .

မေးလိုက်၏။

"မတူပါဘူး"

အောင်ဆန်းက တိုတိုတုတ်တုတ်ပင် အဖြေပေးလေသည်။

"ဘာဖြစ်လို့ . . ."

"ဘာဖြစ်လို့လဲ ဆိုတော့ . . . ခင်ဗျားဟာ ဗြိတိသျှစစ်ဗိုလ်ချုပ် တစ်ယောက် ဖြစ်နေလို့ပါပဲ"

အောင်ဆန်းသည် ဤစကားတစ်ခွန်းဖြင့် ကျွန်ုပ်အပေါ်တွင် အနိုင်ကြီးနိုင်သွားတော့သည်၊

ကျွန်ုပ်သည် အောင်ဆန်း ပြန်၍ ဖြေလိုက်ပုံကို သဘောကျကာ ဟက်ဟက်ပက်ပက် ရယ်လိုက်မိပြီး . . .

"ဗြိတိသျှတွေကို ဒါလောက် အထင်ကြီးနေရင်လည်း ဘာဖြစ်လို့ ဗြိတိသျှတွေကို မောင်းထုတ်ဖို့ ဒါလောက် ကြိုးပမ်းနေရတာလဲ"ဟု

မေးလိုက်၏။

အောင်ဆန်းက သူသည် ဗြိတိသျှများကို မုန်း၍ ဤကဲ့သို့ တိုက် ထုတ်ရန် ကြိုးစားနေခြင်း မဟုတ်ကြောင်း၊ သူ့တိုင်းပြည်ကို ဗြိတိသျှသော် လည်းကောင်း၊ ဂျပန်သော်လည်းကောင်း၊ မည်သည့်နိုင်ငံမဆိုသော်လည်း ကောင်း လာ၍အုပ်စိုးနေခြင်းကို မလိုလား၍သာဖြစ်ကြောင်းပြောပြသည်၊

ကျွန်ုပ်က သူ့သဘောထားကို နားလည်သော်လည်း ကျွန်ုပ်မှာ စစ်သားတစ်ယောက်မျှသာ ဖြစ်၍ မြန်မာပြည်၏ အနာဂတ်အစိုးရ အကြောင်းကို ဆွေးနွေးခွင့် မရှိကြောင်း၊ ဗြိတိသျှအစိုးရသည် မြန်မာပြည် အား ဗြိတိသျှဓနသဟာယအတွင်းတွင် ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့်ရှိသော နိုင်ငံအဖြစ် ထူထောင်ပေးရန် ဆန္ဒရှိကြောင်းကို ထုတ်ဖော်ပြောဆိုထား ပြီးဖြစ်ရာ၊ ကျွန်ုပ်တို့အတွက် ဆွေးနွေးစရာအချက်မှာ မြန်မာပြည်အတွင်း ရှိ ဂျပန်များအား မည်သည့်နည်းဖြင့် မောင်းထုတ်ခြင်းသည် အကောင်း ဆုံးဆိုသည်ကို ဆွေးနွေးရန်ပင် ဖြစ်ကြောင်းဖြင့် ပြောဆိုသည်။





ကျွန်ုပ်နှင့်အောင်ဆန်းသည် စိတ်ထားနှလုံးထားကောင်းကောင်း ဖြင့် ဆက်၍ ဆွေးနွေးကြသည်။ ကျွန်ုပ်က သူဦးစီးခဲ့သော မြန်မာ့အမျိုးသား တပ်မတော်၏လူအင်အားနှင့် ယခုအချိန်တွင် သူ၏တပ်ဖွဲ့များ စခန်းချ ထားသော ဌာနများ၏စာရင်းကို ပေးရန် တောင်းဆိုသည်။ သူသည် ဤစာရင်းကို မပေးလိုဟူ၍ လည်းကောင်း၊ မပေးနိုင်ဟူ၍လည်းကောင်း ကျွန်ုပ်ယူဆထားသည့်အနက် အကြောင်းနှစ်ရပ်စလုံးပင် အနည်းငယ်စီ အကျုံးဝင်လိမ့်မည်ဟု ထင်ရ၏။

ကျွန်ုပ်တို့သည် ဤစာရင်းကို ရရှိရန်အတွက် အတော်ပင် ဖိ၍ ပြောသည်။ သို့သော် အောင်ဆန်းထံမှ အဖြေဟူ၍ တိတိကျကျ မရ။ သူသည် သူ့တပ်မတော်၏ အင်အား ယခုအချိန်၌ မည်ရွေ့မည်မျှ ရှိသည် ကိုလည်းကောင်း၊ တပ်မတော်မှ တပ်ဖွဲ့များ မည်သည့်ဒေသသို့ ရောက်ရှိ နေသည်ကိုလည်းကောင်း၊ သို့မဟုတ် အချို့သော တပ်ဖွဲ့များ မည်သို့ပြု လုပ်နေသည်ကိုလည်းကောင်း ဂဃနဏ သိရှိထားခြင်း မရှိဟု ကျွန်ုပ်က ထင်မြင်ယူဆမိလေသည်။

ကျွန်ုပ်က သူ၏ မြန်မာ့အမျိုးသားတပ်မတော်ဟူသော အမည်ကို ခံယူလျက် လက်နက်ကိုင်ဆွဲကာ မြန်မာ မြန်မာချင်း လုယက်တိုက်ခိုက် နေသော အဖွဲ့များ ရှိနေသည်ဟု သတင်းရကြောင်း၊ ထိုအဖွဲ့များသည် ဓားပြများထက် မသာကြောင်းကို ပြောပြလိုက်သောအခါ အောင်ဆန်းက သူနှင့်ကျွန်ုပ်တို့သည် ထိုကဲ့သို့သော အဖွဲ့များကို ပြင်းပြင်းထန်ထန်နှိပ်ကွပ် ရမည်ဖြစ်ကြောင်းဖြင့် ချက်ချင်းပင် ဝန်ခံလိုက်သည့်အတွက် ထိုကဲ့သို့ အလွယ်တကူ ဝန်ခံပုံကို ကျွန်ုပ် အံ့ဩရပြန်တော့သည်။

သူသည် လက်နက်ကိုင်အဖွဲ့အစည်းများအကြောင်းနှင့်ဆက်နွယ် ရင်း ဂျပန်က တကယ့်လွတ်လပ်ရေး အစစ်အမှန်ကို ပေးမည်ဟု မျှော်လင့် ခဲ့ကြကြောင်း၊ သို့သော် ဂျပန်က တကယ့်အစစ်အမှန် လွတ်လပ်ရေးကို ပေးမည့်အစား ပိုမိုနှိပ်ကွပ်လာသည်ကို တွေ့လာရသောအခါ ကျွန်ုပ်တို့ ဗြိတိသျှတို့က ပေးသောကတိကို ယုံကြည်၍ ကျွန်ုပ်တို့နှင့် ပူးပေါင်းရန် ဆန္ဒရှိလာကြောင်းဖြင့် ပြောပြနေသည်၊

ကျွန်ုပ်တို့က သူ့စကားကို ဖြတ်ကာ "ဒါဖြင့် ခင်ဗျားက ကျုပ်တို့ အနိုင်ရတာ တွေ့နေတော့မှ ကျုပ်တို့ဆီ လာတာပေါ့ ဟုတ်လား"ဟု မေးလိုက်ပါသည်။

ဤတွင် အောင်ဆန်းက . . .

"ခင်ဗျားတို့ ရှုံးနေတုန်း ခင်ဗျားတို့ဆီ ကျုပ်တို့ လာလို့ အလကား လုပ်ပြီး အကျိုးရှိမှာလဲ ခင်ဗျာ"ဟု ရိုးရိုးပင် အဖြေပေးလိုက်ပါသည်။

သူပေးလိုက်သော အဖြေမှာ သွေးထွက်အောင် မှန်ပြန်သည်။ သည်တစ်ချီတွင်လည်း အောင်ဆန်းသည် ကျွန်ုပ်အပေါ်တွင် အနိုင်ရသွား ခဲ့ပြန်လေပြီ။ ကျွန်ုပ်သည် သူ၏ရိုးသားမှုကို သဘောကျနေမိသည်၊

www.burmeseclassic.com

www.burmeseclassic.com


***အမှန်တော့ ကျွန်ုပ်သည် အောင်ဆန်းကို သဘောကျနေမိပြီ ဖြစ်၏။***

ကျွန်ုပ်က စစ်ကြီး ပြီးသွားသည့် အချိန်တွင် ယခင်က ရှိနေခဲ့သော ဗြိတိသျှအရာရှိများ ဦးစီးသည့် မြန်မာ့တပ်မတော်ကို ယခုရှိဆဲ မြန်မာ့လက်နက်ကိုင်တပ်ရင်းများ ဖွဲ့စည်းသည့်မူအတိုင်း ပြန်လည်ဖွဲ့စည်းသင့်ကြောင်း၊ ထိုအချိန်တွင် အောင်ဆန်း၏ မြန်မာ့အမျိုးသား တပ်မတော်အတွက် နေရာရှိလိမ့်မည် မဟုတ်တော့ကြောင်း ရှင်းလင်းပြောပြလိုက်သောအခါ အောင်ဆန်းက **သူ၏တပ်များကို အသစ်ဖွဲ့စည်းမည့် တပ်မတော်တွင် အဖွဲ့လိုက်ထည့်သွင်းပေးရမည်ဟု ချက်ချင်းပင် တောင်းဆိုလာတော့သည်။**

ဤတောင်းဆိုချက်မှာ **ဗိုလ်ချုပ်တစ်ယောက်က မိမိ၏ ရဲဘော်ရဲဘက်များ အလုပ်လက်မဲ့ မဖြစ်စေရန် တောင်းဆိုမှုမျိုး မဟုတ်ဘဲ နိုင်ငံရေးအရ တောင်းဆိုချက် ဖြစ်သည်မှာ** ထင်ရှားလှပါသည်။

မြန်မာ့အမျိုးသား တပ်မတော်မှ တပ်များအား မြန်မာပြည်အစိုးရက အဖွဲ့လိုက် လက်ခံမည်မဟုတ်သည်မှာ သေချာလှကြောင်း၊ တစ်ယောက်ချင်းအနေဖြင့် ရှေ့က ကိုယ်ရေးကိုယ်တာရာဇဝင်များကို စစ်ဆေး၍လက်ခံစရာရှိကြောင်း ပြောကြားလိုက်သောအခါ . . . အောင်ဆန်းက **သူ့တပ်များကို အဖွဲ့လိုက်လက်ခံရန်သာ ထပ်၍ တောင်းဆိုနေပါသည်။**

သို့သော် သူ့တောင်းဆိုချက်မှာ မည်သည့်နည်းနှင့်မျှ ဖြစ်လာနိုင်စရာ မရှိသည်ကို ကျွန်ုပ် သိပြီး ဖြစ်ပါသည်။

ထို့နောက် အောင်ဆန်းက **စစ်မြေပြင်တွင် ဂျပန်များ[illegible]အား တိုက်ခိုက်လျက်ရှိသော တပ်ဖွဲ့များကို ရိက္ခာထောက်ပံ့ပါမည်လား၊ လစာပေးပါမည်လားဟု** မေးမြန်းသည်။ ကျွန်ုပ်က အောင်ဆန်းနှင့်တကွ အောင်ဆန်း၏တပ်ဖွဲ့ဝင်များ ကျွန်ုပ်လက်အောက်သို့ လာရောက် အမှုမထမ်းမချင်း လစာနှင့် ရိက္ခာထောက်ပံ့ရေးပြဿနာကို စဉ်းစားနိုင်မည် မဟုတ်ဟု အဖြေပေးလိုက်သည်။

အောင်ဆန်းနှင့် ကျွန်ုပ်တို့၏ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးပွဲ နောက်ပိုင်းတွင် အောင်ဆန်းသည် သူ့တပ်မတော်၊သူ့အဖွဲ့ချုပ်၏ တကယ့်အခြေအနေမှန်ကို ပို၍ မြင်လာဟန်တူသည်။

သို့သော် သူသည် သူ့ **အစိုးရအဖွဲ့နှင့် တိုင်ပင်ပါဦးမည်၊ တစ်ပတ်အတွင်း ကျွန်ုပ်နှင့် ထပ်မံတွေ့ဆုံပါဦးမည်ဟု** မယုတ်မလွန် ပြောသဖြင့် သူနှင့် သူ့အမှုဆောင်အရာရှိများအား လေယာဉ်ဖြင့်ပင် ပြန်လည်ပို့ပေးလိုက်သည်။

ကျွန်ုပ်သည် အောင်ဆန်းအား တစ်ဖက်စောင်းနင်း တောင်းဆိုတတ်သော၊ စေ့စပ်ညှိနှိုင်း၍ မရသော ပြောက်ကျားခေါင်းဆောင်တစ်ဦးမျှသာ ဖြစ်လိမ့်မည်ဟု မျှော်လင့်ထားခဲ့ရာ သူနှင့် ပထမအကြိမ် တွေ့ဆုံရသည်နှင့် သူသည် ကျွန်ုပ်မျှော်လင့်ထားသလို ခေါင်းဆောင်မျိုးမဟုတ်ဘဲ နိုင်းနိုင်းချိန်ချိန်ဆောင်ရွက်တတ်သူဖြစ်ကြောင်းတွေ့လာရပြီး အောင်ဆန်းအပေါ်တွင် များစွာ အထင်ကြီး၍ သွားမိတော့၏။

သူသည် အမျိုးကို အချစ်ကြီးချစ်သူ ဖြစ်သော်လည်း မိမိ၏မြန်မာလူမျိုးများသာ ကောင်းသည်ဟုထင်နေသော မြန်မာစစ်ဝါဒသမားမဟုတ်၊ လူမျိုးပေါင်းစုံကို ရိုသေလေးစားသော လူမျိုးပေါင်းစုံဝါဒကို ထားရှိသူသာ ဖြစ်သည်။ ထို့ကြောင့်လည်း သူ၏လက်တွေ့ဆောင်ရွက်ချက်များသည် တစ်ဖက်စောင်းနင်း မဖြစ်ဘဲ တရားမျှတမှု ရှိခဲ့သည်။

***အောင်ဆန်း၏စရိုက်မျိုးကား ရှားပါးတော်။***

အောင်ဆန်းအပေါ်တွင် . . . ကျွန်ုပ်အထင်ကြီးမိသော အဓိကအချက်မှာ သူ၏ ရိုးသားပွင့်လင်းမှုပင် ဖြစ်၏။ သူသည် ကျွန်ုပ်နှင့် ပထမအကြိမ်တွေ့ဆုံခဲ့စဉ်က ကျွန်ုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်ရေးကို အလွယ်တကူ လက်ခံခဲ့ခြင်း မရှိသော်လည်း သူသည် ကတိတစ်လုံးပေးပြီးနောက် ထိုကတိကို ဖျက်မည့်လူစားမျိုးကား မဟုတ်ပါချေ။

***ကျွန်ုပ်သည် အောင်ဆန်းနှင့် တွဲ၍ အလုပ်လုပ်နိုင်ပေတော့မည်။***

ထိုအချိန်၌ ကျွန်ုပ်တို့သည် နေရာအနှံ့အပြား၌ ဂျပန်နှင့် တိုက်ပွဲဖြစ်လျက်ရှိသည်။ ကျွန်ုပ်၏တပ်များနှင့် အောင်ဆန်း၏တပ်များ ပဋိပက္ခမဖြစ်ပွားမီ အောင်ဆန်းတပ်များ၏အခန်းကို ပြတ်ပြတ်သားသား ဖြစ်ထားဖို့လိုသည်။

ကျွန်ုပ်သည် အောင်ဆန်းနှင့် ဆွေးနွေးပွဲအကြောင်းကိုလည်းကောင်း၊အောင်ဆန်းအပေါ်တွင် ကျွန်ုပ်ကယုံကြည်စိတ်ချသည့် အကြောင်းကိုလည်းကောင်း သက်ဆိုင်ရာအရာရှိထံသို့ အစီရင်ခံလိုက်ပြီးနောက် အောင်ဆန်းအလာကို မစောင့်တော့ဘဲ တိကျပြတ်သားသော အဆိုပြုချက်များပါသည့် စာတစ်စောင်ကို သူ့ထံသို့ ပေးပို့လိုက်၏။

ကျွန်ုပ်၏ အဆိုပြုချက်တွင် ဂျပန်ကို ယခုတိုက်ခိုက်လျက်ရှိသော မြန်မာ့အမျိုးသားတပ်မတော်မှ တပ်ဖွဲ့တိုင်းသို့ လစာနှင့်ရိက္ခာများ ထုတ်ပေးမည်။ တပ်ဖွဲ့တိုင်းသည် နီးစပ်ရာ ဗြိတိသျှတပ်မှူးများထံသို့ သွား၍ သတင်းပို့ပြီးနောက် ထို ဗြိတိသျှတပ်မှူးများ၏ အမိန့်ကို နာခံ၍ မိမိတို့တာဝန်ဝတ္တရားများကို ဆက်လက်ဆောင်ရွက်ရမည်။

မြန်မာ့အမျိုးသားတပ်မတော်မှ သင့်လျော်သော ပုဂ္ဂိုလ်များအား နောင်ဖွဲ့စည်းမည့် မြန်မာ့ကာကွယ်ရေးတပ်ဖွဲ့များတွင် ပါဝင်နိုင်အောင် ကျွန်ုပ်က ထောက်ခံမည်။

ကျွန်ုပ်၏ အဆိုပြုချက်များကို အောင်ဆန်းက များစွာ [illegible] မနေဘဲ လွယ်လွယ်ကူကူပင် လက်ခံသည်။ **အမြဲတမ်းတပ်မတော်ဖွဲ့စည်းရာ၌** မြန်မာ့အမျိုးသားတပ်မတော်မှ ပုဂ္ဂိုလ်များကို လက်ခံ[illegible]တွင် **အရေးကြီးသော** ကိစ္စများ၌ သူ့ကိုတိုင်ပင်ပြီးမှ ဆုံးဖြတ်ပါ ဟု တောင်းဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

မေလ (၃၀)ရက်နေ့တွင် ကျွန်ုပ်၏ မြို့ပြရေးရာလက်ထောက်အရာရှိကြီးက . . . ကျွန်ုပ်နှင့် အောင်ဆန်းတို့၏သဘောတူညီချက်ကို စစ်သေနာပတိချုပ်ထံ တင်ပြထားကြောင်း၊ ထိုသဘောတူညီချက်ကို အကောင်အထည်ဖော်နေကြောင်း အောင်ဆန်းအား ပြောပြလိုက်သည်။

ရက်အနည်းငယ် အတွင်းတွင်ပင် ကျွန်ုပ်တို့၏တပ်မှူးများထံသို့ ဂျပန်ယူနီဖောင်း ဝတ်ဆင်ထားသော မြန်မာအမျိုးသားတပ်မတော်မှ တပ်ဖွဲ့များက တာဝန်အတွက် လာရောက်သတင်းပို့သည်ကို အံ့ဩစွာ တွေ့နေကြတော့၏။

သူတို့သည် *အောင်ဆန်းကတိပေးထားသည့်အတိုင်း* ဗြိတိသျှအရာရှိများ၏အမိန့်ကို ကောင်းစွာလိုက်နာသည်ကို တွေ့ရ၏။

*မြန်မာ့အမျိုးသားတပ်မတော်မှ တပ်ဖွဲ့များသည်*
*ရန်သူသတင်းကို ထောက်လှမ်းရာ၌ လည်းကောင်း၊*
*ရန်သူ့အုပ်စုတလေးများကို ချေမှုန်းရာ၌ လည်းကောင်း၊*
*များစွာ လက်သံပြောင်လှသည်။*

ကျွန်ုပ် အင်္ဂလန်သို့ ခွင့်နှင့်ပြန်နေစဉ် . . .

မြန်မာ့မျိုးချစ်တပ်မတော်မှ" လူ (၄၀၀)ခန့်စီ အင်အားရှိသော တပ်ရင်း(၅)ရင်းသည် ကျွန်ုပ်တို့၏အမှတ်(၄)တပ်မကြီးနှင့် လက်တွဲလျက် ပဲခူးရိုးမမှ ဖြတ်ကျော်ဆုတ်ပြေးမည့် ရန်သူများကို တိုက်ခိုက်နေလေသည်။

**အောင်ဆန်းတား ပေးခဲ့သော ကတိတည်ခဲ့လေသည်။**

**တက္ကသိုလ်နန္ဒမိတ်**

www.burmeseclassic.com